
www.burmeseclassic.com

# မှတ်စ်ပါး အခြားမရှိ နှင့်

## အမျိုးသားရေးဆောင်းပါးများ



ဒေါက်တာအရှင်ဓမ္မပိယ (ITBMU)

www.burmeseclassic.com

www.burmeseclassic.com

# မှတ်စပါးအကြားမရှိ နှင့်

အမျိုးသားရေးဆောင်းပါးများ

ဒေါက်တာအရှင်ဓမ္မပိယ (ITBMU)



မြကြာပုံစာအုပ်တိုက်
အမှတ် (၅၄)၊ ...
ဗဟန်းမြို့နယ်၊ ရန်ကုန်
ဖုန်း - ၀၁ - ...

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသည့်အကြိမ် ❑ ပထမအကြိမ်၊ ၂၀၁၅။

စီစဉ်သူ ❑ ဒေါ်နှင်းငွေရှည်

ထုတ်ဝေသူ ❑ ဦးညဏ်အောင်
(အလင်းသစ်စာအုပ်တိုက်)
အမှတ် (၁၇)၊ အခန်း (၆၀၁)၊
၅၂ လမ်း (အောက်)၊
ဗိုလ်တထောင်။

ပုံနှိပ်သူ ❑ ဦးဇော်မြင့်ဝင်း
ကာလာခုံပုံနှိပ်တိုက်(၀၀၁၄၂)
၁၈၄၊၃၁လမ်းအထက်၊ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့

ဖြန့်ချိရေး ❑ မြကြာငှံစာအုပ်တိုက်
အမှတ် (၅၄)၊ အုတ်လမ်း၊
ရွှေတိဂုံဘုရား အရှေ့ဇက်မှစ်ဦး၊
ရန်ကုန်မြို့။

စာအုပ်ချုပ် ❑ အလင်းအိမ်
အုပ်ရေ ❑ ၁၀၀၀
တန်ဖိုး ❑ ၁၅၀၀ ကျပ်

[illegible]ကိုတာအရှင် ၂၉၅.၃
[illegible]စ်ပါး အခြားမရှိနှင့် အမျိုးသားရေးဆောင်းပါး[illegible]
/ ဒေါက်တာအရှင်ဓမ္မပီယ – ရန်ကုန်။
[illegible]လင်းသစ်စာပေ၊ ၂၀၁၅။
စာ – ၃၁၈၊ ၁၀.၄၁ x ၁၇.၁၅ စင်တီ။
(၁) မှတစ်ပါး အခြားမရှိနှင့် အမျိုးသားရေးဆောင်းပါးများ



## မာတိကာ

၁။ နိဒါန်းစကားဦး ၇
၂။ ဗိုလ်ချုပ်ပြောတဲ့ အမျိုးသားရေးဝါဒ ၁၁
၃။ မည်သူကို ရည်ညွှန်း၍ ဗိုလ်ချုပ်ပြောခဲ့သနည်း ၁၈
၄။ ဗိုလ်ချုပ်ပြောခဲ့တဲ့ တစ်နပ်စားနိုင်ငံရေး ၂၅
၅။ မှတစ်ပါး အခြားမရှိ ၃၆
၆။ တစ်လင်တစ်မယားစနစ် မြန်မာပြည်မှာ ရှိသင့် မရှိသင့်
ဘာသာရေးရှုထောင့်မှ လေ့လာသုံးသပ်ခြင်း ၄၅
၇။ တိုင်းပြည်ရဲ့အနာဂတ်ကို ငြိမ်းချမ်းစွာဖြင့်
ဖြတ်ကျော်ခြင်း ၅၇
၈။ မြန်မာ့နိုင်ငံရေးကို အမျိုးသားရေးရှုဒေါင့်မှ
လေ့လာသုံးသပ်ခြင်း ၆၅
၉။ ပြောင်းချင်ပေမဲ့ ပြောင်းဖို့ခက်နေတဲ့ မြန်မာ့နိုင်ငံရေး ၇၉
၁၀။ မြန်မာနိုင်ငံနှင့် လူများစု လူနည်းစု ပြဿနာ ၈၆
၁၁။ တိုင်းပြည်တည်ငြိမ်ဖို့ မည်သူတွေမှာ တာဝန်ရှိသလဲ ၉၆

www.burmeseclassic.com

www.burmeseclassic.com

၁၂။ မြန်မာ့နိုင်ငံရေးကို မည်သူတွေက စိန်ခေါ်နေသနည်း ၁၀၄
၁၃။ မြန်မာနိုင်ငံရဲ့အနာဂတ်အရေးကို
မည်သို့ ဆွေးနွေးကြမည်နည်း ၁၁၃
၁၄။ မြန်မာ့နိုင်ငံရေးကို ပြည်သူ့သဘောထားအမြင်ဖြင့်
လေ့လာသုံးသပ်ခြင်း ၁၂၁
၁၅။ ဆန်စဉ်ရာ ကျည်ပွေ့လိုက်နေတဲ့
မြန်မာ့နိုင်ငံရေးကို လေ့လာသုံးသပ်ခြင်း ၁၂၈
၁၆။ ဒီမိုကရေစီစနစ်ကြောင့် အမှန်တရားများ
ဆိတ်သုဉ်းရတော့မည်လော ၁၄၀
၁၇။ အစွန်းရောက်နေသော လူ့အခွင့်ရေးသီအိုရီ ၁၄၈
၁၈။ ကြီးနိုင်ငယ်ညှင်းဖြစ်နေတဲ့ ကမ္ဘာ့နိုင်ငံရေးလောက ၁၅၇
၁၉။ သူတို့ပြောတဲ့စကား သူတို့ရေးတဲ့စာ ၁၆၇
၂၀။ နိုင်ငံကြီးသား မပီသနိုင်သေးတဲ့ နိုင်ငံကြီးသားများ ၁၇၄
၂၁။ စည်းစောင့်သူနှင့် စည်းဖေါက်သူ
မည်သူ့ကို ကြိုဆိုမည်နည်း ၁၈၁
၂၂။ မြန်မာနိုင်ငံနှင့် ဆင်းရဲသားပြဿနာ ၁၈၉
၂၃။ ဟင်းလင်းဖွင့်ထားတဲ့ မိုးကောင်းကင်ကြီးကို
စုံမှိတ်ထားသော မျက်လုံးများဖြင့် ရှုကြည့်ခြင်း ၁၉၈
၂၄။ မြန်မာ့သမိုင်း စာမျက်နှာအချို့ကို
ဗိုင်းရပ်စ်ပိုး အကိုက်ခံရခြင်း ၂၀၅
၂၅။ ပြင်ချင်ပေမဲ့ ပြင်မရနိုင်သေးတဲ့ မြန်မာနိုင်ငံပညာရေး ၂၁၂
၂၆။ ပညာရေးပေါ်လစီ ပြောင်းလဲဖို့ ဘာတွေ [illegible]
အဟန့်အတားဖြစ်နေသနည်း ၂၂၀
၂၇။ ကောက်ကြောင်းပြန်လိုက်ထားသော
မြန်မာနိုင်ငံပညာရေးစနစ် ၂၂၇
၂၈။ လမ်းစပျောက်နေတဲ့ ပညာရေး ၂၃၆
၂၉။ အရှက်ပေါ် အရိုးဖုံးထားတဲ့ မြန်မာနိုင်ငံရဲ့
အမျိုးသားပညာရေး ၂၄၇
၃၀။ အခမဲ့ပညာရေးစနစ်နှင့် လူထုအော်သံ ၂၅၇
၃၁။ ကျားသေကို အသက်သွင်းနေတဲ့
မြန်မာနိုင်ငံပညာရေးစနစ် ၂၆၆
၃၂။ ပညာရေးနှင့် စာကြည့်တိုက်များ၏ အခန်းကဏ္ဍ ၂၇၇
၃၃။ ပညာရေးနှင့်ဆိုင်တဲ့ သမိုင်းစာမျက်နှာများကို
ပြန်လှန်၍သုံးသပ်ခြင်း ၂၈၅
၃၄။ အနာဂတ်မြန်မာနိုင်ငံ ပညာရေးကို
လေ့လာသုံးသပ်ခြင်း ၂၉၆
၃၅။ မပြောင်းလဲနိုင်သေးတဲ ပညာရေးမူဝါဒများ ၃၀၄

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်းစကားဦး

အပတ်စဉ်ထုတ် သမဂ္ဂဂျာနယ်တွင် စာရေးသူ ရေးသားခဲ့သော ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေခဲ့တာ ဤစာအုပ်အပါအဝင် ငါးအုပ်မြောက်ရှိသွားပြီဖြစ်၏။ စာအုပ်နာမည်ကို **"မှတစ်ပါး အခြားမရှိနှင့် အမျိုးသားရေးဆိုင်ရာဆောင်းပါးများ"** ဟု ရိုးရိုးရှင်းရှင်းပဲ နာမည်ပေးပြီး ထုတ်ဝေလိုက်တယ်။

ငယ်စဉ်က ရိုးရှင်းတဲ့ဘဝမျိုးနှင့် ကြီးပြင်းလာခဲ့ရ၍လားမသိ ရိုးရှင်းတာကို စာရေးသူ သဘောကျမိတယ်။ စာရေးသူငယ်စဉ်က စကားကို ပြေပြေပြစ်ပြစ် မပြောတတ်၍ ခပ်အေးအေး၊ ခပ်ဆိတ်ဆိတ် နေရင်း ဘဝကို ကြီးပြင်းခဲ့ရတယ်။ ငယ်စဉ်က အများရှေ့မှာ စကားပြောရတာ ရှက်တတ်တာကတစ်ကြောင်း၊ စနေသားပီပီ စိတ်ကလည်း ကြီးတာကတစ်ကြောင်းကြောင့် အပေါင်းအသင်း များများစားစား မရှိပဲ ငယ်ဘဝများကို ကျော်ဖြတ်ခဲ့ရတယ်။ သို့သော် ဘဝက ပေးလာသော သင်ခန်းစာများကို ဖွဲ့လုံ့လနှင့် သင်ယူခဲ့၍ ဘဝရဲ့ အချိုးအကွေ့များဟာ ကောင်းမွန်လာတယ်လို့ ဆိုနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းထောက်မစွာဖြင့် သာမဏေဘဝထဲ၊ ရဟန်းဘဝထဲသို့ ရောက်ရှိလာခဲ့တယ်။ သာမဏေဘဝ၊ ရဟန်းဘဝ များဆိုတာ စာသင်ခြင်း၊ စာအံခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ တရားဟောခြင်း၊ တရားပြခြင်း၊ တရားထိုင်ခြင်းတို့ကို နေစဉ်ပြုလုပ်ရလျက် အချိန်တွေကို ကုန်လွန်စေခဲ့ကြရတယ်။ စာရေးတာကို ဝါသနာပါသူဆိုတော့ (အတိအကျ ပြောရရင် ကိုယ့်သိထားတဲ့ အထိုက်အလျောက် ဘဝအတွေ့အကြုံတွေကို သူများအား ဖြန့်ဝေပေးချင်တဲ့ စိတ်က ရှိနေလေတော့) ရရှိထားတဲ့ အချိန်တွေထဲမှ အချိန်တစ်ခုကို ဖဲ့ခွဲယူရင်း ဘဝအတွေ့အကြုံနှင့် ဘဝအတွေးအမြင်များကို ပေါင်းစပ်ပြီး ဆောင်းပါးများကို ဆက်တိုက်ဆိုသလို ရေးနေခဲ့တယ်။ ရေးပြီး 'ဆောင်းပါးများကို ပြည်တွင်းရှိ စာဖတ်ပရိသတ်များအတွက် အပတ်စဉ်ထုတ် သမဂ္ဂဂျာနယ်သို့ လည်းကောင်း၊ ပြည်ပရောက် စာဖတ်ပရိသတ်များ အတွက် မှ mettananda.usa@gmail.com နှင့် burmeseclassic.com ဝက်ဘ်ဆိုက်များသို့လည်းကောင်း ပေးပို့ပြီး အပတ်စဉ် ရေးသားနေခဲ့တယ်။

ထိုဆောင်းပါးများကို ရိုးရှင်းသော စေတနာနှင့် ရေးခဲ့သော်လည်း ရိုးရှင်းသောအတွေးများသည် အချို့သော စာဖတ်သူများအတွက် ရှုပ်ထွေးကောင်း ရှုပ်ထွေးနေနိုင်တယ်။ အဘယ့်ကြောင့်ဆိုသော် ယနေ့မျက်မှောက်ခေတ် မိမိတို့နေထိုင်ရာ လူ့ပတ်ဝန်းကျင်သည် တိုင်းရေး၊ ပြည်ရေး၊ ဘာသာရေး၊ အမျိုးသားရေးတွေနှင့် ရှုပ်ထွေးနေသော အချိန်အခါဖြစ်၍ ရှုပ်ထွေးနေသောစိတ်များဖြင့် ဤစာအုပ်ကို ဖတ်ရှုခဲ့မည်ဆိုလျှင် စာဖတ်သူ၏စိတ်တွေသည် ရှုပ်ထွေးနေသော ပတ်ဝန်းကျင်နှင့်အတူ ရှုပ်ထွေးသွားနိုင်ခြင်းပါ။ အမှန်ဆိုလျှင် အမျိုးသားရေး



စိတ်ရှိသူများအတွက် စေတနာထားပြီး တိုင်းပြည်နှင့် လူမျိုးအတွက် အလုပ်လုပ်ခဲ့လျှင် ထိုပုဂ္ဂိုလ်မျိုးအတွက် ပေးဆပ်ရတဲ့အခြေအနေများသည် ရလဒ်နှင့် မကာမိအောင် တစ်ခါတစ်ရံမှာ ဖြစ်နေတတ်ပါတယ်။ ဇာတ်တော်တွေကို လေ့လာကြည့်ရင် သိနိုင်ပါတယ်။

ဤစာအုပ်မှာလည်း စာရေးသူရဲ့ အတွေးအမြင်များကို စာဖတ်သူများအား အတူမျှဝေ ခံစားနိုင်ရန်နှင့် ဖြစ်စဉ်နှင့်ဖြစ်ရပ်များကို သဲကွဲစွာ နားလည်သဘောပေါက်နိုင်ရန် ရည်ရွယ်၍ ဆောင်းပါးများကို စုစည်းထုတ်ဝေခြင်းဖြစ်တယ်။ အကယ်၍များ စာဖတ်သူများအတွက် စာရေးသူ၏ အယူအဆများ၊ အတွေးအမြင်များနှင့် တိုက်ဆိုင်မှု မရှိခဲ့သော် စာရေးသူအား နားလည်ပေးနိုင်ကြဖို့ပါ။

ဤစာအုပ်၌ ဖော်ပြထားသော အမျိုးသားရေးနှင့် ပညာရေးဆိုင်ရာ ဆောင်းပါးများသည် တိုင်းပြည်နှင့် လူမျိုးဂုဏ်ကို တစ်စုံတစ်ခုသော ပယောဂကြောင့် မညှိုးနွမ်းစေချင်၍ အခါအားလျော်စွာ ရေးသားခဲ့သော ဆောင်းပါးများဖြစ်တယ်။ ထို့ကြောင့် ဤဆောင်းပါးများသည် လူတိုင်းအတွက် အံဝင်ဂွင်ကျ ဖြစ်ချင်မှဖြစ်မယ်။ ဒီအတွက်လည်း နားလည်ပေးနိုင်ကြဖို့ပါ။

လောက၌ ဖြစ်တတ်သည်မှာ ပစ္စည်းဥစ္စာရှိသောသူသည် ပစ္စည်းဥစ္စာများ သူ၏လက်ဝယ်၌ ရှိနေခိုက် ထိုပစ္စည်းဥစ္စာ၏တန်ဖိုးကို မသိနိုင်သော်လည်း ထိုပစ္စည်းဥစ္စာများ ဆုံးပါးသွားသောအခါ၌မှ နောင်တ အကြီးအကျယ် ရတတ်ကြတယ်။ ဆုံးရှုံးသွားသော ပစ္စည်းဥစ္စာများကိုလည်း လွမ်းတသသ ရှိနေတတ်ကြတယ်။ ထိုနည်းတူစွာပင် တိုင်းပြည်၏ ဘာသာ သာသနာ ယဉ်ကျေးမှုအမွေနှစ်များ ရှိနေခိုက် ထိုယဉ်ကျေးမှုအမွေနှစ်များ၏ တန်ဖိုးကို နားမလည်နိုင်ကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထို ယဉ်ကျေးမှုအမွေအနှစ်များ ဆုံးရှုံးသွားသောအခါမျိုးမှာ ထို ယဉ်ကျေးမှုအမွေအနှစ်များကို လွမ်းတသသ ရှိနေတတ်ကြတယ်။

ထိုထိုသို့သော အကြောင်းများကြောင့် ဤစာအုပ်ကိုဖတ်၍ တစ်စုံတစ်ရာသော အကျိုးအမြတ်ကို မရရှိသည့်တိုင်အောင် တိုင်းပြည်နှင့်လူမျိုး၊ ဘာသာနှင့်သာသနာ၊ အမျိုးသားရေးနှင့် လူမျိုးရေး၏ ဂုဏ်သိက္ခာများကို ထိန်းသိမ်းစောင့်ရှောက်လိုသော စိတ်လေးတစ်စိတ် စာဖတ်သူအား ဖြစ်ပွားသွားခဲ့မည်ဆိုလျှင် ဤစာအုပ်ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်သည် အတိုင်းအတာတစ်ခုဆီသို့ ရောက်ခဲ့ပြီဟု ဆိုရမည် ဖြစ်တယ်။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

ဒေါက်တာအရှင်ဓမ္မပိယ (ITBMU)
ငါးကျမ်းပြန်ရိပ်သာ၊ သယ်ဉ်းကျွန်း၊ ရန်ကုန်။

## မိုလ်ချုပ်ပြောတဲ့ အမျိုးသားရေးဝါဒ

အမျိုးသားရေးဝါဒနှင့်စပ်တဲ့ စကားတွေ အခုတလော တော်တော်ကြားနေရတယ်။ အမျိုးသားရေးဝါဒီတို့ရေးတဲ့ စာတွေလည်း မကြာ မကြာဖတ်နေရတယ်။ ဘာကြောင့် အမျိုးသားရေးဝါဒနှင့်စပ်တဲ့ စကားတွေ ထိုသူတွေ များများပြောနေကြပါလိမ့်။ စဉ်းစားမိတယ်။

သူတို့ပြောတဲ့စကားတွေ ခြုံငုံကြည့်တော့ အမျိုးသားရေးဝါဒ ဆိုတာ နိုင်ငံတော်၌ဖြစ်ပေါ်နေသော အမျိုးသားရေးအန္တရာယ်များကို သွေးအေးမနေပဲ နိုင်ငံရဲ့အရေးကို ကိုယ့်အရေးလိုသဘောထားပြီး ဟောပြောခြင်း၊ စည်းရုံးခြင်း၊ ဆောင်ရွက်ခြင်း၊ တိုက်ပွဲဝင်ခြင်းစတဲ့ ဖြစ်စဉ်တွေပါဝင်တဲ့ တိုင်းချစ်၊ ပြည်ချစ် အာဇာနည်တို့ရဲ့ ရဲရဲတောက်တောက် မိန့်ခွန်းများကို “အမျိုးသားရေးဝါဒ”လို့ ရည်ညွှန်း ပြောဆိုနေတယ်လို့ နားလည်မိတယ်။ အဖြောင့်ပြောတော့ “နိုင်ငံချစ်စိတ်ဓာတ်၊ သူ့ကျွန်မခံလိုတဲ့စိတ်ဓာတ်၊ အမျိုးသား လွတ်လပ်ရေးစိတ်ဓာတ်”လို့ ပြောလိုရင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းချစ်၊ ပြည်ချစ် အာဇာနည်တို့ရဲ့ မိန့်ခွန်းများ သို့မဟုတ် သြဝါဒများကို လေးစားလိုက်နာ၍ တိုင်းကျိုး၊ ပြည်ကျိုးအတွက် မမြင်နိုင်တဲ့ အန္တရာယ်တွင်းထဲသို့ မကျရောက်ရအောင် ကိုယ်ကျိုးကို ရှေ့တန်းမတင်ပဲ ဆောင်ရွက်နေသူများကို (အမျိုးသား၊ အမျိုးသမီးများကို) "အမျိုးသားရေးဝါဒီ"များလို့ ဒီလိုပဲ နားလည်ထားခြင်းပါ။ အဖြောင့်ပြောတော့ "အမျိုးသားရေးစိတ်ဓာတ်ရှိသူ"လို့ ပြောလိုရင်း ဖြစ်တယ်။

သို့သော် အမျိုးသားရေးဝါဒကို လက်ကိုင်ဆွဲလျက် နိုင်ငံနှင့် လူမျိုးကို ကာကွယ်လို၍ စကားကို ကြမ်းကြမ်းထမ်းထမ်း ပြောဆိုရန်မသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံနှင့်လူမျိုးအတွက်ဆိုရင် ဘာဖြစ်ဖြစ် ပြောရမှာပဲလို့ အထင်လွဲပြီး စကားကို လက်လွတ်၊ ခြေလွတ်ပြောခဲ့မယ်ဆိုရင် ကိုယ့်စကားကြောင့် ပြဿနာတွေ ပိုမိုဖြစ်သွားနိုင်ခြင်းပါ။ ပညာရှိတို့၏အမျက် အပြင်မထွက်အောင် ကြိုးစားနိုင်ခြင်းဟာ ဒီနေ့ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေ ရှိနိုင်ခြင်းပါ။

ဒီမိုကရေစီစနစ်မှာ စကားကိုထင်ရာဖိုင်း ပြောလို့ မသင့်တော်ပါ။ စကားကို အကွက်ဝင်အောင် စနစ်တကျ မပြောတတ်ခဲ့ရင် တခါတရံမှာ ကိုယ့်လူသည်ပင် သူ့လူဖြစ်သွားနိုင်ခြင်းပါ။ ကိုယ့်အဖွဲ့အစည်းသည်ပင် သူ့အဖွဲ့အစည်း ဖြစ်သွားနိုင်ခြင်းပါ။ သမိုင်းခြေရာများကို ပြည်လည်ကောက်ကြောင်းပြန်ကြည့်ရင် ပျားတစက်ကြောင့် ပြည်ပျက်ခဲ့တဲ့ သာဓကများလို သာဓကများစွာကို တွေ့ရှိနိုင်ခြင်းပါ။

တခါတရံမှာ အမျိုးသားရေးစိတ်ဓာတ်ကြောင့် အမျိုးသားဝါဒီတို့ ပြောဆိုခဲ့သောစကားများဟာ ပုဂ္ဂိုလ်နှစ်ဦးအကြား၊ သို့မဟုတ်



နှစ်နိုင်ငံအကြား စစ်မက်ဖြစ်ပွားနိုင်သည်အထိ ကြုံတွေ့သွားနိုင်ခြင်းပါ။ ဘုရားလက်ထက်က သာဓကတစ်ခုပါ။ တောင်သူလယ်သမားအချင်းချင်း ရောဟိနီမြစ်ရေ မျှဝေသုံးစွဲဖို့ အဝေမတဲ့ ဖြစ်ကြရာမှ အမျိုးသားရေးဝါဒကို ထိခိုက်စေနိုင်တဲ့ စကားများကို အလွန်အကျွံ ပြောဆိုမိခဲ့ကြတယ်။ တစ်ဖက်နိုင်ငံက လယ်သမားများက အမျိုးချင်း ထိမ်းမြားလက်ထပ်သော ကပိလဝတ္ထုနိုင်ငံရဲ့ အရှင်သခင်တွေဖြစ်တဲ့ သာကီဝင်မင်းသား၊ မင်းသမီးများကို ရည်ညွှန်းပြောဆိုလျက် "နင်တို့အမျိုးက ခွေးမျိုးတွေ၊ ဆွေမျိုးချင်း အိမ်ထောင်ပြုကြတာ၊ စသည်ဖြင့် စွပ်စွဲပြောဆိုခဲ့ကြသလို၊ တစ်ဖက်နိုင်ငံက လယ်သမားများကလည်း -ကုဋ္ဌနူနာများ ပေါက်ကင်းပြီးနောက် ကောလိယနိုင်ငံတည်ထောင်နိုင်ခဲ့ကြတဲ့ ကောလိယတိုင်းနိုင်ငံရဲ့ အရှင်သခင် မင်းသား၊ မင်းသမီးများကို ရည်ညွှန်းပြောဆိုလျက် "နင်တို့ဘာပဲပြောပြော နင်တို့အမျိုးလိုတော့ အနူတွေ မဟုတ်ဘူး" စသည်ဖြင့် စွပ်စွဲပြောဆိုခဲ့ကြတယ်။ ဒီနည်းဖြင့် အောက်ခြေလူတန်းစား လယ်သမားများက စတင်လာတဲ့ ပြဿနာဟာ အမိကရုဏ်းအသွင် ကူးပြောင်းလာပြီး ထိုအမိကရုဏ်းမှာ နှစ်နိုင်ငံ အရာရှိများ၊ ဝန်ကြီးများအပြင် နောက်ဆုံး ရှင်ဘုရင်များပါ ပါဝင်ပတ်သက်လာခဲ့ရတော့တယ်။ နောက်ဆုံး နှစ်ပြည်ထောင် စစ်ခင်းဖို့အထိ ကျရောက်သွားခဲ့တယ်။ နှစ်ပြည်ထောင် သာကီဝင်မင်းများရဲ့ သွေးများ ရေနှင့်အတူ သွေးချောင်းစီးရတော့မည့်အဖြစ်ကို ကြိုတင်မြင်တော်မူတဲ့ မြတ်စွာဘုရားဟာ နှစ်ပြည်ထောင်မင်းတို့ရဲ့ အလယ်ကောင်းကင်ထက်မှာ ရပ်တည်ပြီး ငြိမ်းချမ်းရေးတရားကို ဟောခဲ့လို့ သာကီဝင်မင်းမျိုးတွေဟာလည်း သေကံမရောက် သက်မပျောက်ခဲ့ကြပဲ

www.burmeseclassic.com

www.burmeseclassic.com



ရောယှက်မှုဖြစ်ရေဟာလည်း ဒီနေ့အထိ ကြည်ကြည်လင်လင်နှင့် တသွင်
သွင် စီးစင်းနေဆဲဖြစ်တယ်။

မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကျင့်သုံးစ နိုင်ငံဖြစ်လေတော့
ဒီမိုကရေစီစနစ်ဆိုတာ ဘာမှန်းညာမှန်း သဲသဲကွဲကွဲ မသိရှာသေးတဲ့
ရဟန်းရှင်လူ ပြည်သူတွေရယ်၊ ဒီမိုကရေစီစနစ်ဖေါ်ထွန်းစမှာ ရသင့်
ရထိုက်တာတွေကို ပါးပါးနပ်နပ်နှင့် အရယူမယ်လို့ အားခဲထားကြတဲ့
လူတစ်စုရယ်၊ ဒီနှစ်စုအကြား ညှိနှိုင်းလို့မရနိုင်သေးတဲ့ကိစ္စက အပြော
မရပ်ခြင်း၊ အပြောမတတ်ခြင်း၊ အပြောမချိုခြင်းနှင့် အပြောအဆို
မငြင်သာခြင်းတို့ဟာလည်း ပြဿနာများကို ကြီးထွားစေတဲ့အကြောင်း
ရင်းတွေ ဖြစ်လာတယ်လို့ ယုံကြည်ထားမိတယ်။ ဥပမာ၊ OIC
အဖွဲ့ဝင်များ မြန်မာနိုင်ငံအတွင်း OIC ရုံးတည်ဆောက်နိုင်ရေးအတွက်
လာရောက်စဉ်အခါက ပို့စတာထောင်၍ ဆန္ဒကို အေးချမ်းစွာ ထုတ်
ဖေါ်နိုင်ခဲ့ကြတယ်။ ဒီအတွက် ဂုဏ်ယူမိခြင်းပါ။ ဆန္ဒကို ထုတ်ဖေါ်
ပြောလိုရင်းက မြန်မာပြည်မှာ OIC ရုံးမစိုက်ဖို့ဖြစ်တယ်။ အဓိက
ကြောင်းရင်းက ဒါပါပဲ။

"အပြောမတတ်တော့ ခဲသလို" ဆိုတဲ့ မြန်မာစကားပုံလေး
ကို အမှတ်ရနိုင်ကြဖို့ပါ။ ဆန္ဒကို ရဲရဲရင့်ရင့် ထုတ်ဖေါ်နိုင်တာဟာ
အင်မတန်ကောင်းမြတ်တဲ့ လုပ်ဆောင်ချက်ပါ။ သို့သော် "ပြောတိုင်း
မကောင်းဘူး" ဆိုတာလေးကိုတော့ အမှတ်ရကြဖို့ပါ။ အထူးသဖြင့်
ညစ်ညမ်းတဲ့စကားမျိုးတွေကို မသုံးမိကြဖို့ပါ။ အမျိုးသားဝါဒီများအား
အသံကြောင့် ဖားသေရတဲ့အဖြစ်မျိုးကို မရောက်စေချင်လို့ပါ။ ဥပမာ၊
"သားဖေါက်နှုန်းမြန် အစ္စလာမ်၊ တိရစ္ဆာန်ဝါဒ ဆန့်ကျင်ကြ" ဆိုတဲ့
အသုံးအနှုန်းမျိုးပါ။ မမှန်ဘူးလားဆိုတော့ ငြင်းစရာမရှိပါ။ သို့သော်



ဒီပို့စတာကို ကိုင်ဆောင်ထားသူများရဲ့ နောက်မှာ ကပ်လျက်ရှိနေတာ
က ရဟန်းတော်များပါ ပါဝင်နေလေတော့ ယဉ်ကျေးတဲ့လူမျိုးအတွက်
မယဉ်မကျေးသလို ဖြစ်နေတယ်လို့ ခံစားမိသူများလည်း ရှိနေလို့
ပြောရခြင်းပါ။ အထူးသဖြင့် ဒီအတွက် မခံမရပ်နိုင်အောင် ဖြစ်သွား
ကြသူများကတော့ မလေးရှားနိုင်ငံရောက် အစ္စလာမ်ဘာသာဝင်များ
ဖြစ်ကြတယ်။ မြန်မာပြည်မှာ ဖြစ်ပျက်သွားခဲ့တဲ့ ထိုစာပါ ပို့စတာနှင့်
စီတန်းလှည့်လည် ဆန္ဒပြသော ရဟန်းတော်များပါဝင်သော ထို
မြင်ကွင်းကို ဗီနိုင်းပို့စတာကြီးများဖြင့် ပြန်လည်ကူးယူပြီး မလေးရှား
နိုင်ငံရဲ့ ကွာလာလမ်ပူမြို့တော်မှာ လူနှစ်ရာကျော် စီတန်းလှည့်လည်ခဲ့
ကြတာကို သတင်းများမှာ တွေ့လိုက်ရတယ်။ ဘာသာရေးနှင့်စပ်တဲ့
ဆန္ဒထုတ်ဖေါ်ပြတာမျိုးကို အမြဲတန်းလိုလို အားမပေးလိုတဲ့ မလေး
အစိုးရဟာ ဒါမျိုးကြတော့ သိတယ်မဟုတ်လား။ မျက်စိမှတ်ပြီး
နှုတ်ပိတ်နေခဲ့တာကို တွေ့ရပြန်တယ်။ အမျိုးသားဝါဒီများ သတိပြုနိုင်
ကြဖို့ပါ။

ဆန္ဒထုတ်ဖေါ်ခြင်းများကို ဘယ်တော့မှမပြုသင့်ဘူးလို့တော့
မပြောလိုပါ။ သံဃာတော်များအတွက် လမ်းပေါ်မတက်ပဲ ကိစ္စပြီး
မြောက်မယ်ဆိုရင် (ဥပမာ လက်မှတ်ထိုးကန့်ကွက်တာမျိုး၊ သက်ဆိုင်ရာ
သို့ တိုင်ကြားလွှာပို့၍ ကန့်ကွက်တာမျိုးကို ဆိုလိုသည်။) လမ်းပေါ်
မထွက်ကြဖို့ပါ။ သို့သော် ပြောသင့်တဲ့အချိန်မှာ ပြောသင့်တဲ့စကားကို
ပြောကိုပြောရတော့မယ်ဆိုရင် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်
အောင်ဆန်းလို သတ္တိရှိရှိ ပါးပါးနပ်နပ်နဲ့ ပြောနိုင်ဖို့ပါ။ ဥပမာ၊ စကား
ကို ဘွင်းဘွင်းပြောတတ်တဲ့ ဗိုလ်ချုပ်က အမျိုးသားရေးနှင့်စပ်ပြီး
မိန့်ခွန်းပြောခဲ့သည်မှာ - "ရှင်းရှင်းပြောရမယ်ဆိုရင် ကုလားစတဲ့

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသားတို့ဟာ ကျွန်တော်တို့ တိုင်းရင်းသားများရဲ့ မိတ်ဆွေအဖြစ်နဲ့ နေထိုင်မလား၊ ဒါမှမဟုတ် ရန်သူများအဖြစ်နဲ့ နေထိုင်ကြမလားဆိုတာ ဆုံးဖြတ်ရန် လိုပါတယ်။ တစ်ချိန်တည်းမှာ "ရန်သူနဲ့ မိတ်ဆွေ နှစ်မျိုးမဖြစ်နိုင်ပါဘူး"လို့ ပွင့်ပွင့်လင်းလင်း သတ္တိရှိရှိနှင့် (၂၀၊ ၀၁၊ ၁၉၄၆-ခုနှစ်) ဖဆပလ အဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံမှာ ပြောသွားခဲ့တယ်။

အမျိုးသားရေးဝါဒဆိုတာ နွားကျောင်းသားလက်ထဲက လေးခွလို လှုပ်လှုပ်မြင်ရာကို အရမ်းပစ်နေလို့ မဖြစ်ပါဘူး။ ပစ်သင့်တဲ့အချိန်မှာ ပစ်မှတ်ကို တည့်တည့်မှန်အောင် ပစ်တတ်ဖို့ပါ။ ပစ်နည်းမကျွမ်းကျင်သေးရင်လည်း ကျွမ်းကျင်အောင် လေ့ကျင့်ယူနိုင်ဖို့ပါ။ ဒီနေရာမှာ အတုယူစရာကောင်းတဲ့ စကားတစ်ခွန်းကို ထုတ်ပြလိုခြင်းပါ။ စကားပြောရာမှာ ကျွမ်းကျင်တော်မူလှတဲ့ သီတဂူဆရာတော်ကြီးက အမျိုးသားရေးဝါဒနှင့်စပ်ပြီး ရဲရဲတောက် မိန့်ကြားထားသည်မှာ - "လူ့အခွင့်ရေးဆိုတာ ဥပဒေမဟုတ်ပါဘူး၊ ဘယ်နိုင်ငံကိုမှ ချုပ်ကိုင်လို့ မရဘူး၊ သူတို့မကြိုက်ရင်တော့ လူ့အခွင့်ရေး ချိုးဖေါက်တယ်ဆိုပြီး အော်မှာပဲ။ ကြိုက်သလောက် အော်ပါစေ။ ငါတို့ကတော့ မြန်မာတိုင်းရင်းသားအားလုံးရဲ့ အကျိုးစီးပွားကိုပဲ ကြည့်ရမယ်။ ဒါကြောင့် အမျိုးသားရေးဝါဒဆိုတာ အကုသိုလ်တစ်ခုမှ မပါဘူး၊ လုပ်ကို လုပ်ရမယ်"တဲ့။ ရဲရဲတောက်သြဝါဒ ဖြစ်တယ်။ အမျိုးသားဝါဒီများအတွက် အတုယူစရာပါ။

အမျိုးသားရေးဝါဒကို အဓိပ္ပါယ်ပြန်ဆိုရာမှာ လူ့အခွင့်ရေးကို ဖောင်းပေးပြီး အဓိပ္ပါယ်ပြန်ဆိုမယ်ဆိုရင် နိုင်ငံသားအခွင့်အရေးများကို ထိခိုက်နစ်နာ ဆုံးရှုံးသွားစေနိုင်ခြင်းပါ။ လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးကို Equal ထားပြီး (တန်းတူထားပြီး) အဓိပ္ပါယ်ပြန်ဆိုမယ်ဆိုရင်လည်း နိုင်ငံသားအခွင့်အရေးများ ထိခိုက်နစ်နာ ဆုံးရှုံးသွားစေနိုင်ခြင်းပါ။ ထို့ကြောင့် အမေရိကန်၌ အခြားနိုင်ငံများတွင် မွေးဖွားလာခဲ့သော အမျိုးသား၊ အမျိုးသမီးစီတီဇင်များ (သို့မဟုတ်) နိုင်ငံသားခံယူထားသူများကို အမေရိကန်ရဲ့ သမ္မတရွေးကောက်ပွဲများ၌ လုံးဝပါဝင်ယှဉ်ပြိုင်နိုင်ခွင့်မရှိကြောင်း ကြားသိရခြင်းပါ။ အမျိုးသားရေးဝါဒသည် နိုင်ငံတစ်ခု၌ မည်မျှအရေးပါကြောင်း အမျိုးသားဝါဒီများ၊ နိုင်ငံသားများ သတိမူနိုင်ကြဖို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com

## မည်သူ့ကို ရည်ညွှန်း၍ ဗိုလ်ချုပ်ပြောခဲ့သနည်း

လွန်ခဲ့တဲ့ (၁၉-၇-၁၉၄၇) ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ဇူလိုင်လ (၁၉) ရက်နေ့မှာ လုပ်ကြံခံခဲ့ကြရတယ်။ ဒီနေ့ကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် တိုင်းရင်းသားများ အပါအဝင် မြန်မာတစ်မျိုးသားလုံးက ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးပြီး "(၁၉) ဇူလိုင် မမေ့နိုင်" ရယ်လို့ သမိုင်းမော်ကွန်း ထိုးခဲ့ကြတယ်။

အာဇာနည်နေ့မတိုင်မီ ရက်များဆီက အာဇာနည်နေ့ကြီးနီးလာပြီဆိုတဲ့အသိနှင့် ဗိုလ်ချုပ်နှင့်ဆက်စပ်တဲ့ အကြောင်းအရာတွေကို ပိုမိုသိရှိနိုင်ရန် ဗိုလ်ချုပ်အကြောင်းရေးထားတဲ့ စာရွက်စာတမ်းများ၊ စာအုပ် စာပေများကို လှန်လှောကြည့်မိတယ်။ ဗိုလ်ချုပ်အောင်ဆန်း၏ "မမေ့နိုင်သောမိန့်ခွန်းများ", "ဗိုလ်ချုပ်အောင်ဆန်း အဆိုအမိန့် ၁၀၀ ပုံရိပ် ၁၀၀"နှင့် "ယနေ့လူငယ်များအတွက် စံပြဗိုလ်ချုပ်" ဆိုတဲ့ စာအုပ်သုံးအုပ်ကိုလည်း ဖတ်ဖြစ်ခဲ့တယ်။



အမှတ်မထင် ဗိုလ်ချုပ်သဘောထားကို ထင်ဟပ်စေတဲ့ ၁၉၄၄-ခု၊ ဩဂုတ်လ၊ အလယ်ပစ္စယံ ညီလာခံမှာ ဗိုလ်ချုပ်ပြောသွားတဲ့ မိန့်ခွန်းများကို ပြန်လည်ဖတ်ရှုခွင့်ရတယ်။ ငယ်ငယ်က မိမိကြားဖူးထားတာက ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီမိုကရေစီစနစ်ကို လိုလားသူမဟုတ် ဆိုရှယ်လစ်စနစ်ကိုသာ လိုလားသူ၊ ဘာသာ သာသနာကို မယ်မယ်ရရ လေးစားလိုက်နာသူမဟုတ်၊ နိုင်ငံတော်တိုးတက်ရေးကိုသာ ဇွတ်တရွတ် ဆောင်ရွက်လုပ်ကိုင်နေသူစသည်ဖြင့် ကြားခဲ့ရဖူးတယ်။ အဲဒီအချိန်က စာရေးသူဟာ ငယ်ရွယ်သူလည်းဖြစ်၊ ဗိုလ်ချုပ်အကြောင်း ဖတ်စရာစာအုပ်ကလည်း မိမိတို့ပတ်ဝန်းကျင်မှာ ရှာဖတ်လို့မရနိုင်တဲ့အနေအထားမျိုးဆိုတော့ ဒို့ဗိုလ်ချုပ်က ဒီလိုကြီးလားလို့ အကြားစကားကို အခြေခံပြီး ဗိုလ်ချုပ်အပေါ်မှာ အတွေးတွေ၊ အမြင်တွေ မှားခဲ့တယ်။

စာဖတ်ရင်း ဗိုလ်ချုပ်ပြောခဲ့တဲ့ မိန့်ခွန်းမှာ သံဃာတော်များအပေါ်မှာ ဗိုလ်ချုပ်သဘောထားကို သိခွင့်ရခဲ့တယ်။ သံဃာတော်တို့ရဲ့ ကျေးဇူးကို တိုင်းပြည်သိအောင် ၁၉၄၄-ခုနှစ်၊ ဩဂုတ်လမှာ ကျင်းပသွားတဲ့ အလယ်ပစ္စယံညီလာခံမှာ ပြောသွားတဲ့မိန့်ခွန်းဟာ စာဖတ်သူရဲ့ နှလုံးဘဝင်ကို အနက်ရှိုင်းဆုံး အသိအမြင်ကို မွေးဖွားပေးနိုင်ခဲ့တယ်။

ထိုညီလာခံမှာ ဗိုလ်ချုပ်ပြောသွားခဲ့တဲ့ မိန့်ခွန်းများကို ဖတ်ရှုနေရင်း မဆီမဆိုင် ဂျဝါဟာလာ နေရူး (Jawaharlal Nehru) ရေးတဲ့ "ချစ်သမီးသို့ ပေးစာ" (Letters from a Father to His Daughter) ဆိုတဲ့ စာအုပ်လေးကို ပြေးပြီးသတိရမိတယ်။ ဆယ်နှစ်အရွယ်သာ ရှိသေးတဲ့ သမီးငယ်လေး အင်ဒရာ ဂန္ဒီ (Indira Gandi)ကို နိုင်ငံရဲ့သမိုင်းကြောင်းနှင့် ယဉ်ကျေးသော နိုင်ငံကြီးသား

www.burmeseclassic.com

www.burmeseclassic.com



တို့၏အကြောင်းများကို သမီးငယ်လေး သိရအောင် ထောင်ထဲကနေ ရေးလိုက်တဲ့စာတွေဖြစ်တယ်။ ပေးစာပေါင်း သုံးဆယ်ပါဝင်ပြီး၊ မူလက အင်္ဂလိပ်လို ရေးသားခဲ့သော်လည်း နာမည်ကျော်စာရေးဆရာ မန်ရှီ ပရီချန္ဒ် (Munshi Premhcand) က အင်္ဂလိပ်ဘာသာမှ ဟန္ဒီလို ဘာသာပြန်ခဲ့တယ်လို့ သိရတယ်။

လောကအကြောင်း၊ လူတွေအကြောင်း၊ လူမျိုးတွေ ကိုးကွယ်နေတဲ့ ဘာသာသာသနာအကြောင်း ဒီလိုအကြောင်းအရာတွေ ပါဝင်နေတာမို့ အသက်အရွယ် နုနယ်နေသေးတဲ့ သမီးငယ်လေးကို နားလည်နိုင်အောင် စိတ်ရှည်လက်ရှည်နှင့် ဖခင်တစ်ယောက်က ရေးထားတဲ့စာတွေပါ။ ဖခင်ဖြစ်သူဟာ ဗဟုသုတကလည်းကြွယ်၊ စာပေကလည်းတတ်၊ နိုင်ငံရေးသဘောတရားများကလည်း ကျွမ်းကျင်ဆိုတော့ သမီးလေးထံပေးတဲ့ ပေးစာကို ဖတ်ရသူတိုင်း သဘောကျနှစ်ခြိုက်ခဲ့ကြတယ်။

ဗိုလ်ချုပ်မိန့်ခွန်းနှင့် မြန်မာနိုင်ငံရဲ့အခြေအနေကို ဆက်စပ်တွေးကြည့်တဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့ ၁၉၄၂-ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှာ လက်ထပ်ခဲ့ကြတယ်ဆိုတာ သမိုင်း မှတ်တမ်းများအရ သိထားပြီးဖြစ်တယ်။ သို့သော် ၁၉၄၄-ခုနှစ်၊ ဩဂုတ်လ အလယ်ပတ္တယံမှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းဖြစ်နေတော့ ဒီမိန့်ခွန်းဟာ ဘယ်သူကို အထူးရည်ရွယ်ပြီး ပြောတယ်ဆိုတယ် သဲကွဲစွာ မသိရပါ။ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်မှာ သားနှစ်ယောက် ထွန်းကားနေပြီဖြစ်လို့ သားနှစ်ယောက်အတွက် (အသိတရားရှိလာမဲ့ အရွယ်မှာ သံဃာတော်များရဲ့ ဂုဏ်ကျေးဇူးများကို သားသမီးများ သဲသဲကွဲကွဲ သိနိုင်အောင် ကြိုတင်ရည်ရွယ်၍) မိန့်ခွန်းပြောခဲ့ခြင်းမျိုးလား၊



သို့မဟုတ် မြန်မာနိုင်ငံတော်သူ၊ နိုင်ငံတော်သား တိုင်းရင်းသားညီအကိုတွေကို မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းနှင့် မြန်မာနိုင်ငံရဲ့ အနေအထားကို လေ့လာသုံးသပ်ရာမှာ သံဃာတော်များရဲ့ အခန်းကဏ္ဍဟာ တိုင်းပြည်အတွက် မည်၍မည်မျှ အရေးပါတဲ့ နေရာမျိုးမှာ ရှိနေကြောင်းကို သိစေလို၍လား သဲကွဲစွာ မသိရပါ။ သို့သော် ဗိုလ်ချုပ်ကိုယ်တိုင်က သံဃာတော်များရဲ့ ဂုဏ်ကျေးဇူးများကို မိန့်ဟသွားတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိခြင်းပါ။ ဗိုလ်ချုပ်ပြောတဲ့ စကားဟာ လေးနက်နေတဲ့ စကားမျိုး ဖြစ်လို့ ဒီဆောင်းပါးမှာ အထူးကိုးကားပြီး တင်ပြထားခြင်းဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်း ထိုမိန့်ခွန်းကို ပြောဆိုနေခဲ့တဲ့အချိန်မှာ ဗိုလ်ချုပ်ရဲ့ သမီးလေးကို အမေက မွေးဖွားပေးခြင်း မရှိခဲ့သေး၍ သမီးငယ်ကို ဗိုလ်ချုပ်ရည်ရွယ်သည်၊ မရည်ရွယ်သည်ကိုမူ အတိအကျ မသိနိုင်ပါ။ သို့သော် အဖေကို ချစ်တဲ့သမီးဖြစ်လို့ အဖေပြောတဲ့စကား၊ အဖေချွေခဲ့တဲ့မိန့်ခွန်းတွေဟာ သမီးတစ်ယောက်အနေနှင့် သူမဖြတ်သန်းနေရတဲ့ ဘဝခရီးတစ်လျှောက်လုံးအတွက် အင်အားတွေဖြစ်ရှိနိုင်ပြီး၊ တန်ဖိုးမဖြတ်နိုင်တဲ့ မိန့်ခွန်းတွေ ဖြစ်နေမယ်ဆိုတာ ဉာဏ်ကြီးတဲ့သမီးအတွက် အထူးပြု၍ ပြောနေရန် လိုမည်မထင်ပါ။

၁၉၄၄-ခု၊ အလယ်ပတ္တယံမှာ ဗိုလ်ချုပ်ပြောခဲ့တဲ့ မိန့်ခွန်းက ဒီလိုပါ။

"ဘာသာတရားသည် ကျွန်ုပ်တို့ လူမှုကို ရှုပ်ထွေးစေသည် မဟုတ်။ ဘာသာတရားကို မှီ၍ အသက်မွေးကြကုန်သော သူတို့သာလျှင် ရှုပ်ထွေးစေကြ၏။ ဘာသာတရားကို ကြည့်ပြန်မူ ဤကဲ့သို့သောသူမျိုးကို အားပေးခြင်း မရှိသည်ကို တွေ့မြင်ကြရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့တိုင်းပြည်တွင် သံဃာတော်အရှင်သူမြတ်များသည် ရာဇဝင်တစ်လျှောက်လုံး ကျွန်ုပ်တို့ လူမျိုး၏ရှေ့က မားမားမတ်မတ် ရပ်လျက် မြင့်မြတ်သောအမှုမျိုးကိုသာ ပြုခဲ့ကြပေ၏။ ရှေးခေတ်များ၌ သံဃာတော် အရှင်မြတ်များသည် ကျွန်ုပ်တို့ တစ်မျိုးလုံးကို ပညာသင်ပေးရန် တာဝန်ကို ထမ်းဆောင်ခဲ့ကြပေသည်။ ယခုခေတ်၌ပင် တောရွာများတွင် သံဃာတော်အရှင်သူမြတ်များ ပညာသင်ကြားပေးလျက် ရှိသောကြောင့် မြောက်မြားစွာသော အမျိုးသားတို့သည် စာပေတတ်မြောက်ကြပေ၏။

အချုပ်မှာ သံဃာတော် အရှင်သူမြတ်များ၏ စေတနာ၊ လုံ့လကြောင့် ကျွန်ုပ်တို့၏စိတ်ဓာတ် မြင့်မြတ်မှု အသွင်အပြင် ယဉ်ကျေးမှုတို့သည် အထူးသဖြင့် တိုးတက်ခဲ့လေသည်။ ထိုအကြောင်းများကြောင့် ကျွန်ုပ်တို့ သံဃာတော် အရှင်မြတ်များသည် ကျွန်ုပ်တို့၏ ထူးကဲသော ကျေးဇူးဥပကာရများကို ခံတော်မူထိုက်ကြပါပေ၏။

ကျွန်ုပ်တို့ နိုင်ငံတွင် များသောအားဖြင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသည် ဖြစ်သောကြောင့် အခြားဘာသာတရားများကို မထိခိုက်စေဘဲ ပြောလိုသည်မှာ နှစ်ပေါင်း ၂၅၀၀ အတွင်း လိမ်းကပ်၍ လာခဲ့သော ချေးညှော်တို့ကို ကျွန်ုပ်တို့ ပွတ်တိုက်နိုင်ခဲ့ပါလျှင် ဗုဒ္ဓဘာသာ သာသနာရောင်သည် ကမ္ဘာပေါ်တွင် အထွန်းပြောင်ဆုံး ဖြစ်လာပါလိမ့်မည်ဟူ၍ ယူဆရပေမည်။

သို့ဖြစ်သောကြောင့် ယခု သံဃာတော်အရှင်မြတ်များအား သီးခြား၍ လျှောက်ထားလိုပါသည်ဘုရား၊ အရှင်သူမြတ်များဘုရား၊ အရှင်ဘုရားတို့သည် အလွန်ထူးကဲသော ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းမြတ်များ ဖြစ်တော်မူကြပါသည်။ အရှင်ဘုရားတို့က သာသနာ



တော်ရောင် ထွန်းပြောင်အောင် အားထုတ်တော်မူကြပါ။ ကမ္ဘာလောကကြီးကို သာသနာရောင် အလင်းပေးတော်မူကြပါ။ သို့မှသာလျှင် ကမ္ဘာသူ ကမ္ဘာသားတို့ မေတ္တာတရားများပွားများ၍ သမစိတ္တနှင့် ညီရင်းအကို၊ မောင်ရင်းနှမကဲ့သို့ နေနိုင်ကြပါလိမ့်မည်။

အရှင်မြတ်များကို ဘုရားတပည့်တော်တို့ ကိုးကွယ်ဆည်းကပ်ပါသည်။ တစ်ကမ္ဘာလုံး ကိုးကွယ်ဆည်းကပ်သည်တို့ကိုလည်း မြင်ချင်ပါသည်။ တပည့်တော်တို့ နိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးမှာပင် မေတ္တာတရား၊ သမစိတ္တသဘောထားတို့ကို ပြုပြင်နိုင်သော စွမ်းပကားကိုသုံးရာ၌ အောင်မြင်တော်မူပါလျှင် မနုဿလူတစ်မျိုးလုံး အစဉ်အဆက် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ရှိခိုးပူဇော်ကြပါလိမ့်မည်။

ဤသို့သော ဆောင်ရွက်မှုသည် သာသနာဘက်ကကြည့်၍ မြင့်မြတ်သည်မဟုတ်ပါ။ တပည့်တော်တို့ နိုင်ငံနှင့်လူမျိုးအတွက် အမြင့်မြတ်ဆုံးသော နိုင်ငံရေးကို ဆောင်ရွက်ရာလည်း ရောက်ပါသည်ဘုရား။ တပည်တော်တို့ နိုင်ငံအရပ်ရပ်သို့ ကြွရောက်တော်မူပြီးလျှင် မေတ္တာတရား ညီညွတ်ရေး တရားများကို ဟောတော်မူကြပါ။ မြင့်မြတ်သော လွတ်လပ်ရေးဆိုရာ မလွတ်လပ်စွာ ဘာသာတရားကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ကာလဒေသမရွေး ဟောပြောနိုင်မှု၊ ကြောက်ရွံ့စိုးရိမ်ပူပန်ခြင်းမှ ကင်းလွတ်မှု၊ လူအ လူနှ ဘဝမှ လွတ်မြောက်မှု စသည်တို့ဖြစ်ပါသည်။

အရှင်မြတ်တို့သည် သုံးလူ့ထွဋ်ထား မြတ်စွာဘုရား ဩဝါဒပေးတော်မူခဲ့သည့်အတိုင်း အပ္ပမာဒေန သမ္ပါဒေထ မမေ့မလျော့ဘဲ အစဉ်ထာဝရ အားထုတ်ကြဘို့ တပည့်တော်တို့ ဗမာလူမျိုးတစ်မျိုးလုံးကို ဆုံးမတော်မူပါဘုရား” တဲ့။ ထူးခြားတဲ့ မိန့်ခွန်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ပင်ကိုယ်ကပင် ရှင်းရှင်းပြောတတ်တဲ့ ဗိုလ်ချုပ်ဖြစ်တဲ့အတွက် ဗိုလ်ချုပ်ပြောသွားတဲ့ မိန့်ခွန်းစကား၌ တိုင်းပြည်နှင့်လူမျိုးအတွက် အထူးအထွေ ထည့်ပေါင်းပြောဆိုစရာ မရှိပါ။ သို့သော် ဗိုလ်ချုပ်စကားသည် တိုင်းပြည်နှင့် လူမျိုးအတွက် လေးလေးနက်နက် ပြောဆိုထားခြင်းဖြစ်၍ "လေးနက်တဲ့စကားကို ပေါ့ပေါ့ဆဆ နေတတ်သော မြန်မာလူမျိုးများ ဘာကို ဗိုလ်ချုပ်ပြောချင်သည်ဆိုတာကို သိများမှ သိကြပါလေစ။ ဘာကို ဗိုလ်ချုပ်ဆိုလိုချင်တယ်ဆိုတာကို ဉာဏ်ဖြင့် သုံးသပ်မှုများ ပြုများမှ ပြုနိုင်ကြပါလေစ"ရယ်လို့ ဒီမိန့်ခွန်းကို ဖတ်ပြီး စိုးရိမ်ပူပန်မှုတွေ ဖြစ်မိခြင်းပါ။ ဘာပဲဖြစ်ဖြစ် ဖခင်နှင့်တူတဲ့ ဗိုလ်ချုပ်ကို တကယ်ချစ်တယ်၊ သူ့စကားများကို တကယ်ယုံကြည်ကြတယ်ဆိုရင်တော့ သားသမီးနှင့်တူတဲ့ တိုင်းသူ ပြည်သားများဟာ ဗိုလ်ချုပ်ပြောတဲ့ လမ်းစဉ်ကို အကောင်းဆုံး လိုက်နာနိုင်အောင်၊ ခိုင်ခိုင်မြဲမြဲ အကောင်အထည်ဖော်နိုင်အောင် ကြိုးစားကြရမှာ ဖြစ်တယ်။ "ပြောသူရှိရင် လိုက်နာသူလည်း ရှိရမှာပါ" ဆိုတဲ့ အဆိုအမိန့်လေးကိုလည်း သတိရနေမိခြင်းပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## ဗိုလ်ချုပ်ပြောခဲ့တဲ့ တစ်နပ်စားနိုင်ငံရေး

ယနေ့မြန်မာနိုင်ငံရဲ့ နိုင်ငံရေးလောကမှာ မရှင်းမလင်း ဖြစ်နေတဲ့ အစ်ရှူးတစ်ခု။ သို့မဟုတ် မူတစ်ခု။ ထိုမူက လွတ်လပ်စွာ ပြောဆိုခွင့်ဆိုတဲ့မူဖြစ်တယ်။ ထိုမူနှင့် ပြည်သူတွေကြားမှာ ထိုမူနှင့် စပ်လျဉ်း၍ သဲသဲကွဲကွဲ သိမထားကြလေတော့ ပြဿနာအနေအထားများက ရှုပ်ထွေးလာတယ်။ သူ့ဖက်၊ ကိုယ့်ဖက်၊ သူ့အုပ်စု၊ ကိုယ့်အုပ်စု ဖြစ်လာကာ အငြင်းအခုံဖြစ်စရာတွေက များလာတယ်။ ထို့ကြောင့် ထိုပြဿနာများ နည်းပါးသည်ထက် နည်းပါးနိုင်စေရန် ဘုံသဘောတူညီမှုတစ်ခုကို ရရှိဖို့ လိုအပ်လာတယ်။ ထိုဘုံသဘောတူညီမှုကို ရရှိနိုင်ဖို့အတွက် နှစ်ဖက်စလုံးက သို့မဟုတ် ပြည်သူအားလုံးက ကြိုးစားသင့်တယ်။

ကိုယ်ကိုယ်တိုင်က ငြိမ်းချမ်းရေးကို တကယ်လိုလားတယ် ဆိုရင် ဘယ်အရာမျိုးကိုမဆို၊ ဘယ်လို ပြောင်းလဲမှုဖြစ်စဉ်မျိုးမဆို ဘောင်ထဲစည်းထဲကသာ စကားပြောဆိုသင့်တယ်။ ကိုယ်ပြောတာ

www.burmeseclassic.com



သည်သာ၊ သို့မဟုတ် ကိုယ်လုပ်တာသည်သာ အမှန်တရားလို့ထင်ပြီး ပြည်တွင်း၊ ပြည်ပ မီဒီယာအားကိုယူ၍ ဘက်မျှတဲ့ စိတ်ထားမျိုးမရှိဘဲ တစ်ဖက်သတ်ကြီး ဟိုလိုက်လုပ်နေကြမည်ဆိုလျှင်၊ ကိုယ်ထင်ရာ မြင်ရာကိုသာ အမှန်တရားလို့ထင်ပြီး ဖွတ်အတင်းကြီး ပြောဆိုနေကြမည်ဆိုလျှင် ထိုသူမျိုးသည် ဗိုလ်ချုပ်ပြောသော နိုင်ငံရေးသမားမျိုး ဖြစ်သွားနိုင်ခြင်းပါ။ အသွင်းကူးပြောင်းရေးမှာ တိုင်းပြည်ငြိမ်းချမ်းရေး အတွက် နှစ်ဖက်စလုံးက လျစ်လျူရှုထားခဲ့ကြမည်ဆိုလျှင် ထိုင်းနိုင်ငံမှာလို ရှပ်နီ၊ ရှပ်ဝါပြဿနာမျိုး ဖြစ်လာနိုင်၍ ထိုသို့မဖြစ်ကြရလေအောင် ဆင်ဆင်ခြင်ခြင်ဖြင့် ပြောကြ၊ ဆိုကြ၊ ရေးသားနိုင်ကြဖို့ပါ။ အမှန်းတရားကို ပွားစေနိုင်တဲ့ စကားမျိုးတွေကို နှစ်ဖက်စလုံးက မပြောမဆိုကြဖို့ပါ။

နိုင်ငံရေး သီအိုရီများကို ပြန်လည်စိစစ်ကြည့်တဲ့အခါ လွတ်လပ်စွာ ပြောဆိုခွင့်မှုကို ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်၊ ဘယ်နိုင်ငံမျိုးကမှ ပိုင်ဆိုင်ထားခြင်းမရှိပါ။ ပြည်သူတွေအားလုံး ပိုင်ဆိုင်ထားတဲ့ မူဝါဒတစ်ခုသာ ဖြစ်တယ်။ ကိုယ်ဖက်မှာ လွတ်လပ်စွာ ပြောဆိုခွင့်ရှိသလို၊ သူ့ဖက်မှာလည်း လွတ်လပ်စွာ ပြောဆိုခွင့်ရှိရမယ်။ ကိုယ်တစ်ယောက်တည်း၊ သို့မဟုတ် ကိုယ်တစ်ဖွဲ့တည်း လွတ်လပ်စွာ ပြောဆိုခွင့်မှုကို ပိုင်ဆိုင်ထားခြင်း မဟုတ်၍ ကိုယ်တစ်ယောက်တည်း၊ သို့မဟုတ် ကိုယ်တစ်ဖွဲ့ကသည်း ပိုင်ဆိုင်ထားတဲ့ အနေအထားမျိုးနဲ့ နွားကျောင်းသားလေးခွလို ထင်ရာမြင်ရာ၊ လှုပ်လှုပ်မြင်ရာကို လျှောက်ပစ်နေမယ်ဆိုရင် တိုင်းပြည်ရဲ့တည်ငြိမ် အေးချမ်းရေးဆိုတာ ပြည်သူတို့ရဲ့လက်ထဲကို အလိုအလျှောက် ရောက်ရှိလာမည်မဟုတ်ပါ။



လွတ်လပ်စွာ ပြောဆိုခွင့်မှုဆိုတာ လူတိုင်းပိုင်ဆိုင်ထားတဲ့မူ ဖြစ်၍ အခုချိန်မှာ တိုင်းပြည်တည်ငြိမ်ရေးအတွက် နှစ်ဖက်စလုံးက နားလည်မှုရှိပြီး၊ အပြုသဘောဆောင်တဲ့ ငြိမ်းချမ်းရေးစကားတွေကို များများပြောကြရမည့် အချိန်အခါမျိုးဖြစ်တယ်။

သို့သော် လွတ်လပ်စွာ ပြောဆိုခွင့်ရှိတယ်ဆိုတိုင်း မိမိပြောလိုသည့်ဆန္ဒကို ထုတ်ဖော်ပြောဆိုရာမှာ သူများရဲ့ အခွင့်ရေး(right)ကို နှစ်ဖက်စလုံးက မထိပါးဖို့တော့လိုတယ်။ မပုတ်ခတ်ဖို့တော့လိုတယ်။ အထင်အမြင်နဲ့ မစွပ်စွဲဖို့တော့လိုတယ်။ ဆိုလိုတာက မလွဲသာ၍ ပြောရမည်ဆိုလျှင် စည်းလွတ်ဝါးလွတ်မဖြစ်စေဘဲ ခိုင်လုံတဲ့ အကိုးအကားများနှင့် ပြောဖို့လိုတယ်။ သူတစ်ပါး၏ ငယ်ကျိုး၊ ငယ်နာများကို မပြောဆိုကြဘဲ နိုင်ငံကြီးသားပီပီ ရှောင်ရှားသင့်တယ်။

လူတိုင်း လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်ဟူသော ဒီမိုကရေစီမူအရ ကိုယ်ကတော့ ဟိုပါတီကို ထောက်ပြ၊ ဒီပါတီကို ထောက်ပြ၊ ဟိုလူကို ထောက်ပြ၊ ဒီလူကို ထောက်ပြ၊ ဒီလုပ်ပြုလုပ်နေတာမျိုးကိုသာ ဒီမိုကရေစီလို့ အထင်ရှိနေပြီး၊ တစ်ဖက်ကလည်း လူတိုင်း လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်ဟူသောမူအရ အစွန်းမရောက်သော၊ အတင်းအဖျင်းပြောတာမျိုး မပါသော၊ ငယ်ကျိုးငယ်နာကို ဖော်ပြတာမျိုး မပါသော၊ အမုန်းမချေနိုင်တဲ့ စကားမျိုးမပါသော စကားမျိုးကို လွတ်လပ်စွာ ပြောဆိုခွင့်၊ ဝေဖန်ခွင့်ရှိတာကို ကိုယ်တိုင်က ခွင့်မပြုနိုင်ဘဲ ပိတ်ပင်တာဆီးနေတဲ့ စကားမျိုးတွေကို ပြောဆိုနေခဲ့မည်ဆိုလျှင် လက်နက်ရှိ၍ တစ်ဖက်သတ် အနိုင်ကျင့်နေသူကို စစ်အာဏာရှင်လို့ အခေါ်ခံရသလို၊ မီဒီယာလက်နက်ရှိ၍ ထိုမီဒီယာလက်နက်ဖြင့် တစ်ဖက်သတ်ရေး၊ တစ်ဖက်သတ်ပြော၍ တစ်ဖက်သတ် အနိုင်ကျင့်

www.burmeseclassic.com

www.burmeseclassic.com



နေသူများကိုလည်း ပါတီအာဏာရှင်လို့ ခေါ်ဝေါ် သုံးစွဲလာနိုင်ခြင်းပါ။ ပြောလိုတာက အစွန်းရောက်တယ်ဆိုတာ ဘယ်လိုနည်းနဲ့ အစွန်းရောက် ငြိမ်းချမ်းရေးကို ပျက်ပြားစေနိုင်တယ်ဆိုတဲ့အချက်ပါ။

ဗိုလ်ချုပ်ကပြောတယ် - "ဘာသာတရားသည် ကျွန်ုပ်တို့လူမှုကို ရှုပ်ထွေးစေသည်မဟုတ် ဘာသာတရားကို မှီ၍ အသက်မွေးကြကုန်သော သူတို့သည်သာလျှင် ရှုပ်ထွေးစေကြ၏။ ဘာသာတရားကို ကြည့်ပြန်မူ ဤကဲ့သို့သော သူမျိုးကို အားပေးခြင်း မရှိသည်ကို တွေ့မြင်ကြရပေလိမ့်မည်" ဟု ဒီစကားကို ပြောခဲ့တယ်။ (ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပေါင်းချုပ်။ နှာ ၁၅၇) တိုင်းပြည်နှင့် လူမျိုးအတွက် လေးလေးနက်နက် စဉ်းစားရမည့် မိန့်ခွန်းတစ်ခုဖြစ်တယ်။

လွတ်လပ်စွာ ပြောဆိုခွင့်ရှိသောမူဝါဒကို လက်ကိုင်ပြုလျက် အချို့လူများသည် ကြောင်းကျိုးကင်းသော စကားမျိုးကို ပြောဆိုတတ်ကြတယ်။ ဥပမာ၊ သံဃာတော်များသည် လူမှုရေးကိစ္စဖြစ်သော ကိစ္စမျိုးတွေ၌ မပါဝင်သင့်ကြောင်း ထုပ်တာလဲလဲ ပြောဆိုနေကြတာကို ကြားသိရတယ်။ မည်သို့ပင် သူတို့ပြောဆိုနေစေကာမူ လူမှု ရေးနှင့် ဘာသာရေးဆိုင်ရာ ဆက်စပ်သီအိုရီနှင့်စပ်လျဉ်း၍ သဘောထားရိုးရှင်းသော ဗိုလ်ချုပ်က သူ့သဘောထားကို အတိအလင်း ထုတ်ဖော်ပြောဆိုခဲ့တယ်။ "လုပ်ငန်းသဘောမှာ လူမှုတိုးတက်ရေးနှင့် ဘာသာရေးတို့သည် အခြေခံသဘောအားဖြင့် ဆန့်ကျင်စရာ အကြောင်းမရှိပါဟု ယူဆမိသည်။ ဘာသာတရားက သစ္စာ၊ မေတ္တာနှင့် သမ္မာအာဇီဝ၊ သမ္မာကမ္မန္တ စသည်တို့ကို ဓမ္မအနေနှင့် ဟောကြားခဲ့ရာ လူမှုရေးရာတွင်လည်း ဤဓမ္မတို့ကို လေးစားကြပေသည်။" ဟု အဆိုပြုထားတယ်။ ဆိုလိုတာက သံဃာနှင့် လူမှုရေးကဏ္ဍတို့သည် တိုင်းပြည်နှင့်



လူမျိုးအတွက် တသီးတခြားဆီ ခွဲခြား၍ မရနိုင်ကြောင်းကို သိစေခြင်းဖြစ်တယ်။

တိုင်းပြည်တွင်းမှာ အချိန်အခါအလိုက် ဖြစ်ပေါ်လာသော ပဋိပက္ခများကို စဉ်းစဉ်းစားစား နိုင်းနိုင်းချိန်ချိန် မပြောဘဲ နိုင်ငံရေးမှာ အသာစီးရနိုင်ဖို့နှင့် ဘာသာရေးကို အထင်အမြင်လွဲမှားအောင် ပြောနေသူ၊ ရေးသားနေသူတို့ကို ဗိုလ်ချုပ်က ဘွင်းဘွင်းပဲ ပြောခဲ့ပြန်တယ်။ "နိုင်ငံရေးကို ဘာသာတရား ဖြစ်သကဲ့သို့ ပြောဆိုကြသောသူများမှာ ယုတ်မာညစ်ထေးသော နိုင်ငံရေးသမားများပင်လျှင် ဖြစ်ပေ၏။ ထိုသူတို့၏ ရည်ရွယ်ချက်မှာ ဤကဲ့သို့ ကြီးကြီးကျယ်ကျယ် လည်ဆည့်၍ ပြောခြင်းအားဖြင့် ပြည်သူတို့၏စိတ်ကို ရှုပ်ထွေးစေ၍ အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ခြင်းငှာ မစွမ်းနိုင်အောင် လုပ်ခြင်းမျှသာ ဖြစ်ပေ၏။ အမှန်မှာ ထိုသူတို့ ပြုလုပ်မှုသည် နိုင်ငံရေးမဟုတ်။ မိမိတို့ အကောက်ဉာဏ်ကိုသုံး၍ မိမိတို့ကြီးပွားရေး တနပ်စားနိုင်ငံရေးပင် ဖြစ်ပေ၏။" ဟု နိုင်ငံရေးကို ဗန်းပြ၍ ဘာသာရေးကို ပုတ်ခတ်ပြောဆိုနေသူတို့အား ဗိုလ်ချုပ်က မီးမောင်းထိုးပြနိုင်ခဲ့တယ်။ (ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပေါင်းချုပ်။ နှာ ၁၅၆)

ယခုတလော တိုင်းပြည်တွင်း၌ ဖြစ်ပျက်နေသော ပြဿနာများသည် အမည်စုံလှတယ်။ လူနည်းစု၊ လူများစု ပြဿနာ၊ လူမျိုးစု ပြဿနာ၊ လက်နက်ကိုင်များနှင့် လက်မှတ်ရေးထိုးနိုင်ရေး ပြဿနာ၊ ဘာသာရေးဆန်သော လူမျိုးရေးပြဿနာ၊ ဘာသာရေးဆန်သော နိုင်ငံရေးပြဿနာ၊ ရွေးကောက်ပွဲဆိုင်ရာပြဿနာ စသည် များပြင်း ပြဿနာတွေက စုံနေတယ်။ သို့သော် အချို့လူများသည် ပြဿနာပေါင်းစုံပါဝင်နေသော နိုင်ငံရေး ပဋိပက္ခများကို ဆိတ်ဆိတ်နေလိုသော

www.burmeseclassic.com

www.burmeseclassic.com



သံဃာ့အဖွဲ့အစည်းတစ်ခုပေါ်မှာ အမည်တပ်၍ ဟိုက်လိုက်လုပ်ပြီး အပြစ်ဖို့လိုကြတယ်။ ထိုမျှနှင့် မကျေနပ်နိုင်ကြဘဲ အမုန်းတရားနှင့် စပ်သော ကောလဟလ သတင်းတွေကို နိုင်ငံတကာအသိုင်းအဝိုင်းထဲသို့ ရောက်သွားအောင် သူတို့ကပဲ ဖြန့်ချိနေကြတယ်။ တစ်ဖက်မှာလည်း ပြည်သူလူထုတွေကို အထင်အမြင်လွဲအောင် အားထုတ်ခဲ့ကြပြန်တယ်။ တိုင်းပြည်ငြိမ်းချမ်းရေးကို ပျက်ပြားအောင် သူတို့လုပ်ရက်နိုင်တာကို စိုးရိမ်မိတယ်။

အမုန်ကို ပြောဆိုရမည်ဆိုလျှင် အဘိဓမ္မာသီအိုရီအရ အကျိုးတရားတစ်ခု ဖြစ်ပေါ်လာပြီဆိုလျှင် အကြောင်းတရားတစ်ခုတည်းကြောင့် ဖြစ်ပေါ်လာခြင်းမျိုးမဟုတ်ဘဲ။ အကြောင်းတရားများ ပေါင်းဆုံပါမှ အကျိုးတရားဆိုတာ ပေါ်ပေါက်လာကြောင်းကို ရှင်းပြထားတယ်။ နောက်တစ်ခုက သည်းခံနေသူကို အပြစ်ပြုလျှင် ထိုအပြစ်သည် ထိုပြုသူထံသို့ ပြန်ရောက်လာတတ်တယ်။ ဒါက အဘိဓမ္မာတရားတော်မှာ ပြဆိုထားတဲ့ သီအိုရီများပါ။ ထိုသီအိုရီများကို သဘောကျမိတယ်။

ဒီအပတ်တွင်းမှာ ထူးထူးခြားခြား နိုင်ငံခြားသတင်းထောက်ခပ်များများနှင့် တွေ့ဆုံခွင့်ရခဲ့တယ်။ သူတို့ မေးသော မေးခွန်းတွေက မဆန်းလှသော်လည်း အံ့အားသင့်မိတယ်။ ဥပမာ၊ မဘသ သံဃာ့အဖွဲ့အစည်းကြီးကို လူအများစုက မကြိုက်နိုင်အောင် ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုရင် တစ်လင်တစ်မယာစနစ် (monogamy) ကျင့်သုံးခြင်းဆိုင်ရာဥပဒေ စတဲ့ ဥပဒေ ၄ -မျိုးကို ရေးဆွဲပြဋ္ဌာန်းပေးမှုကြောင့် ဖြစ်တယ်လို့ ဆိုတယ်။ အဲဒီ ဥပဒေ ၄-ခုကို စနစ်တကျ လေ့လာပြီးပြီလားလို့ မေးတဲ့အခါ ကောင်းစွာ မလေ့လာရသေးကြောင်း



ဖြေတယ်။ ဒီလိုဆို ပြည်သူတွေက မကြိုက်ဖူးဆိုတာ ဘယ်လိုလုပ်သိလဲဆိုတော့ သူများပြောလို့ သိရတာပါလို့ ဖြေတယ်။ တစ်လင်တစ်မယာစနစ်ကို အမေရိကတိုက်၊ ဥရောပတိုက်၊ ဩစတြေးလီးယားတိုက်ကြီးတွေမှာ ကျင့်သုံးနေတာဖြစ်လို့ ဒီဥပဒေက လူ့အခွင့်အရေးနှင့် ဘာငြိစွန်းနေသလဲလို့ မေးပြန်တော့ ငြိစွန်းမှုတော့ မရှိပါဘူးတဲ့။ ဒါပေမဲ့ မဘသ သံဃာ့အဖွဲ့အစည်းကြီးက ပြဋ္ဌာန်းပေးတဲ့ဥပဒေဖြစ်လို့ ပြည်သူတွေက မဘသကို မကြိုက်နိုင်တာလို့ သူက ဖြေပြန်တယ်။

အဲဒီမှာ သူတင်တဲ့ ပြဿနာက သူကိုပြန်ပြီး ရစ်ပတ်စေတယ်။ ဥပဒေဆိုတာ နိုင်ငံတော်ကသာ ပြဋ္ဌာန်းပေးနိုင်ကြောင်း၊ နိုင်ငံတော်ပါလီမန်မှာ ဥပဒေပညာရှင်များဆိုတာ ပါဝင်နေကြောင်း၊ ဥပဒေတစ်ခု ပြဋ္ဌာန်းပေးနိုင်ဖို့ အားသာချက်၊ အားနည်းချက်များကို အကြိတ်အနယ် ဆွေးနွေးပြီးမှ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးနိုင်တာဖြစ်ကြောင်း စသည်တို့ကို ရှင်းပြတော့ ဒါတွေကို သူမသိကြောင်း၊ အများအပြောအရ သူသိရသည်မှာ ဒီဥပဒေကို မဘသ သံဃာ့အဖွဲ့အစည်းကြီးက ပြဋ္ဌာန်းပေးတယ်လို့ သူသိရကြောင်း ပြောကြားခဲ့တယ်။

ဒီအခြေအနေတွေ ရှိနေခဲ့တာကြောင့် တစ်ခါက ဝါရင့်နိုင်ငံခြား သတင်းထောက်ကြီးတစ်ဦးက ပြောသွားခဲ့ဖူးတာကို အမှတ်ရမိတယ်။ မရင့်ကျက်သေးတဲ့ သက်နုသတင်းထောက်တွေကို မြန်မာနိုင်ငံတွင်းသို့ ပြည်ဝင်ခွင့်ဗီဇာကို လွယ်လွယ်နဲ့ မပေးသင့်ဘူး။ ဘာကြောင့်လဲဆိုရင် စနစ်တကျ သတင်းလုပ်ငန်းများကို နားမလည်ဘဲ လာရောက်ကြတာမျိုးဖြစ်လို့ ထိုတိုင်းပြည်နှင့်လူမျိုးအတွက် အရှုပ်အထွေးတွေကို ပိုမိုဖြစ်စေနိုင်တယ်လို့ အကြံပြုခဲ့တယ်။ အဲဒီတုံးက

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ဆိုတော့ သူပြောလိုတဲ့ စကားရဲ့အဓိပ္ပါယ်ကို သဘောမပေါက်ခဲ့ဘူး။ အခုမှ သူဘာကို ဆိုလိုချင်တယ်ဆိုတာကို သဘောပေါက်လာတယ်။

နိုင်ငံခြားသား သတင်းထောက်အချို့က ဒီဥပဒေ ၄-ရပ်ဟာ ဘာသာခြားများကို တမင်တကာ နှိပ်ကွပ်ဖို့အတွက် ရည်ရွယ်ပြီး ရေးဆွဲထားတာလို့ ပြောဆိုထားတယ်။ အဲဒါဟုတ်ပါသလားလို့ မေးပြန်တယ်။ ထို့ကြောင့် သူသဘောပေါက်အောင် ဖြေရပြန်တယ်။ တစ်လင်တစ်မယားစနစ်ဟာ နိုင်ငံတွင်းမှာ နေသူအားလုံးနှင့် သက်ဆိုင်တဲ့ ဥပဒေဖြစ်တယ်။ ပြောလိုတာက မြန်မာနိုင်ငံတွင်းမှာနေတဲ့ ပြည်သူအားလုံး၊ မြန်မာဗုဒ္ဓဘာသာဝင်တွေ အပါအဝင် ဒီဥပဒေမှာ အကျုံးဝင်တယ်။ တိုင်းရင်းသားတွေလည်း အကျုံးဝင်တယ်။ ဘာသာခြားတွေလည်း အကျုံးဝင်တယ်လို့ သူ့ကို ရှင်းပြတော့ ဒီလိုဆို ဒီဥပဒေမျိုးက ပြည်သူတွေအတွက် ဖြစ်သင့်တာပဲလို့ သူက ကောက်ချက်ချသွားခဲ့တယ်။

မြန်မာနိုင်ငံတွင်းမှာနေတဲ့ ပြည်သူများသည် ယဉ်ကျေးမှုအရေး၊ အမျိုးသားရေးအရေး၊ ဘာသာတရားအရေး ဥပဒေလေးရပ်နှင့် ပတ်သက်ပြီး အမြင်ကြည်လင်သူတွေလည်း များစွာရှိသလို၊ အမြင်မကြည်လင်သူတွေလည်း များစွာရှိတယ်။ ပါတီနိုင်ငံရေးသဘောအရ ကိုယ့်ပါတီအောင်နိုင်ရေးအတွက် အမြင်များ ရှုပ်ထွေးနေခြင်းကြောင့်သာ ဒီဥပဒေ ၄ ရပ်ဟာ မြန်မာနိုင်ငံတွင်းမှာ နေသူအားလုံးရဲ့ ငြိမ်းချမ်းရေးနှင့် လူမှုပြဿနာများအတွက် အထောက်အကူဖြစ်စေနိုင်တာကို သဘောမပေါက်နိုင်အောင် ဖြစ်နေကြခြင်းဖြစ်တယ်။



အမှန်တကယ်ဆိုလျှင် မဘသဆိုတဲ့ သံဃာ့အဖွဲ့အစည်းဟာ သံဃာမဟာနာယက (မဟန) အဖွဲ့အစည်းအောက်မှာ တည်ရှိနေတဲ့ သံဃာ့အဖွဲ့အစည်းကြီးတစ်ခုဖြင်တယ်။ ဒီမဘသသံဃာ့အဖွဲ့အစည်းမှာ ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြတဲ့ ပြည်ခိုင်ဖြိုးပါတီဝင်တွေ၊ NLD ပါတီဝင်တွေ၊ မွန်ပါတီသစ်ပါတီဝင်တွေ၊ ရခိုင် အမျိုးသားပါတီဝင်တွေ၊ ကျားဖြူစတဲ့ ပါတီဝင်တွေအပြင် တစ်သီးပုဂ္ဂလပါတီဝင်များပါ ပါဝင်နေတာကို တွေ့ရတယ်။ ထို့ကြောင့် အမြင်မကြည်လင်သူများ ထင်ထားသလို မဘသ သံဃာ့အဖွဲ့အစည်းကြီးသည် ပြည်ခိုင်ဖြိုးပါတီကို ထောက်ကန်ပေးနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေဟာ အမှန်တရားနှင့် မနီးစပ်တာကို တွေ့ရတယ်။

သံဃာ့အဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီတို့ရဲ့ အနေအထားများကို သဲကွဲစွာ သိမထားကြလေတော့ ရေးအခါက ကျောင်းသားနှစ်ယောက်ရဲ့ မြှောက်ပင့်လှုံ့ဆော်ပေးမှုကြောင့် ဘုန်းကြီးနှစ်ပါး အပြေးပြိုင်ရတဲ့အထိ ဖြစ်ခဲ့တဲ့ လူထုဦးလှရေးတဲ့ ကျောင်းကန်အနီးမှ ပုံပြင်များ စာအုပ်မှာပါတဲ့ ပုံပြင်လေးကို သတိရမိတယ်။ ဘုန်းတော်ကြီးတွေ အချင်းချင်း အထင်အမြင်တွေလွဲမှားအောင် ယုတ်မာတဲ့စိတ်နှင့် ပြုလုပ်ကြမည်ဆိုလျှင် ကိုယ်ပြုသည့်ကံပြုသူထံသို့ ပြန်လာတတ်ကြောင်းကို ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်အတွက် အမှတ်ရနိုင်ကြဖို့ပါ။

နိုင်ငံရေးသဘောအရ ကိုယ့်ပါတီနိုင်လိုတဲ့စိတ်တွေကြောင့် ကောလာဟလ သတင်းစကားတွေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ (သို့မဟုတ်) လူနည်းစု၏ ပုဂ္ဂိုလ်ရေးရာ နယ်ကျုံ့တဲ့ စကားတွေကြောင့် သံဃာ့အဖွဲ့အစည်းများသည် နိုင်ငံရေးနှင့် ဘာသာရေး ဤအရေး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရေးကြားမှာ ပြည်သူတွေ အမြင်မသဲကွဲမှုကြောင့် ပြည်သူအချို့ရဲ့ အထင်လွဲမှုကို ခံခဲ့ရတယ်။

ထိုကြောင့် သံဃာ့အဖွဲ့စည်းများသည် အစွန်းရောက်သော နိုင်ငံရေးဝါဒီတို့ရဲ့ လှုံ့ဆော်မှုတွေကြောင့် သင်္ကြန်သုခအရေးမှာ မဟာန သံဃာ့အဖွဲ့စည်းကြီးသည် ပြည်သူအချို့ရဲ့ အမြင်မကြည်လင်မှုကို ကြုံခဲ့ရသလို၊ မဘသသံဃာ့အဖွဲ့စည်းကြီးသည်လည်း ဥပဒေ ၄-ရပ် ပြဋ္ဌာန်းနိုင်ရန် အားထုတ်ခဲ့မှုကြောင့် ပြည်သူအချို့ရဲ့ အမြင်မကြည်လင်မှုများကို ကြုံခဲ့ရပြန်တယ်။ သို့သော် ပြည်သူများ ထင်ထားသလို သံဃာ့အဖွဲ့အစည်းများသည် ထိုရဲ့အကျိုးဆက်ကြောင့် ယခုအချိန်အထိ ဂိုဏ်းကွဲခြင်း၊ အုပ်စုများကွဲပြားများ စသည့် သံဃာ့ညီညွတ်ရေးကို ပျက်ပြားစေနိုင်သော အနေအထားမျိုး မရှိသည်ကိုတော့ ထုတ်ဖော်ပြောကြားလိုခြင်းဖြစ်တယ်။

မည်သို့ပင် ထင်ကြပါစေ။ စေတနာနှင့် သာသနာတော်အရေး၊ ဘာသာရေးနှင့် အမျိုးသားရေးများကို စေတနာသန့်သန့်နှင့် ဆောင်ရွက်တော်မူခဲ့ကြသော သံဃာတော်များ၏ ကြိုးပမ်းအားထုတ်မှုများသည် သမိုင်းစာမျက်နှာများပေါ်၌ ထင်ကျန်နေခဲ့ပြီဖြစ်တယ်။ အကယ်၍များ နိုင်ငံရေးအစွန်းရောက်သူတို့ရဲ့ ကြောင်းကျိုးလွန်ပြောဆိုသောစကားများကြောင့် စေတနာနှင့် ဆောင်ရွက်ခဲ့သော လုပ်ရပ်များအတွက် ဝေဒနာများ ဖြစ်ပွားခဲ့ပါလျှင် သံဃာတော်များသည် သည်းခံခွင့်လွှတ်၍ တိုင်းပြည်နှင့်လူမျိုးအတွက် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ရှေးရှုလျက် ရဟန်းနှင့်ပြည်သူ အတူလက်တွဲ၍ ဆက်လက်ဆောင်ကြပါရန် တိုက်တွန်းလိုခြင်းပါ။ ညီညွတ်ခြင်းသည် မေတ္တာတရားမှ ပေါက်ဖွားလာပြီး၊ ငြိမ်းချမ်းခြင်းသည် အကြင်နာ



တရားနှင့် သစ္စာတရားများမှ ပေါက်ဖွားလာခြင်းဖြစ်တယ်လို့ အားလုံးယုံကြည်လာတဲ့ တစ်နေ့မှာ…။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## မှတစ်ပါး အခြားမရှိ

နိုဝင်ဘာလ (၈)ရက်နေ့မှာ ကျင်းပမည့် ရွေးကောက်ပွဲကြီး အတော်ကို နီးလာပြီဆိုတော့ ရွေးကောက်ပွဲဝင်မည့် ပါတီတွေဟာ သူ့ပါတီ၊ ကိုယ့် ပါတီ အောင်နိုင်ရေးအတွက် မဲဆွယ်လှုပ်ရှားမှုတွေနှင့် အလုပ်များလို့ နေကြတယ်။ ကိုယ့်ပါတီ အောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးကြရင်း လွန်သွားတဲ့စကားတွေ၊ အစွန်းရောက်သွားတဲ့ စကားတွေကြောင့် ပါတီတစ်ခုနှင့် ပါတီတစ်ခုအကြား ငြိမ်းငြိမ်းချမ်းချမ်းဖြင့် မဲဆွယ်စည်း ကြရမည့်အစား အစွန်းထွက်လာတဲ့ စကားတွေကြောင့် သူ့ဖက် ကိုယ့်ဖက် အားပြိုင်လာကြရင်း ရွေးကောက်ပွဲကြီး မငြိမ်မသက်ဖြစ် လာမှာကို စိုးရိမ်ပူပန်သူများပင် ရှိလာတယ်။

ဒီမိုကရေစီစိတ်ဓာတ်၊ ဒီမိုကရေစီအတွေ့အကြုံများက မရင့်ကျက်နိုင်ကြသေးတော့ ကိုယ့်ပါတီသာ နိုင်စေချင်တာ၊ ကိုယ့် ပါတီကိုသာ မဲပေးစေချင်တာ ဒါတွေက အစွန်းထွက်လာတယ်။



ဒါတွေကို အခြေခံပြီး အပြောအဆိုများလည်း မဆင်ခြင်၊ အရေးအသားများလည်း မဆင်မခြင် ရေးသားလာကြလေတော့ သူ့ဖက်၊ ကိုယ့်ဖက်ဆိုသလို ဖြစ်လာပြီး တိုင်းပြည်အရေးထက် ပါတီအရေး တွေကို ရှေ့တန်းတင်လာကြတယ်။ ထို့ကြောင့် တိုင်းပြည်ကို တည်ငြိမ် အောင် ဘယ်လိုဝိုင်းထိန်းကြမလဲဆိုတာ မစဉ်းစားနိုင်ကြတော့ဘဲ ရဟန်းရှင်လူ ပြည်သူ၊ ပြည်သားတွေဟာ တိုင်းပြည်နှင့်လူမျိုး သွေးစည်းညီညွတ်ပြီး ငြိမ်းချမ်းရေးကို ဖေါ်ဆောင်ဖို့ထက် ကိုယ့်ပါတီ အောင်နိုင်ရေးဟာ အဓိကအရေးကြီးသော အရေးကြီးတစ်ခု ဖြစ်လာ တယ်။

ဒီမိုကရေစီစနစ်အတွက် မဲပေးကြရာမှာ လူတိုင်းလူတိုင်းဟာ ကိုယ့်သဘောဆန္ဒအတိုင်း မဲပေးပိုင်ခွင့် ရှိရမယ်။ ကိုယ်အားပေးတဲ့ ပါတီကို မဲမပေးလို့ ဆဲရေးတိုင်းထွာတာတို့၊ ကိုယ့်ပါတီကို မဲမပေး နိုင်တဲ့သူတွေအပေါ်မှာ ငြိုငြင်တာတို့၊ အပုတ်ချစကားတွေ ပြောဆိုလာ တာတွေဟာ ဒီမိုကရေစီလမ်းစဉ်နှင့် ဖီလာကန့်လန့်တွေ ဖြစ်နေတယ်။ ထို့ကြောင့် ပါတီစုံမှ ကိုယ်စားလှယ်လောင်းတွေ တရားသဖြင့် ယှဉ်ပြိုင်နိုင်ပြီး၊ မဲပေးသူတွေကိုလည်း လွတ်လပ်စွာ မဲပေးခွင့်ကို ရွေးကောက်ပွဲကော်မရှင်က မျှတစွာ ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်နေမိတယ်။

မြန်မာနိုင်ငံမှာ မဲပေးနိုင်ခွင့်မရှိသူ စာရင်းမှာ သံဃာတော် များဟာ ပါဝင်နေတာကို အနောက်တိုင်း သံတမန်များ၊ ပြည်တွင်း မီဒီယာများ မသိကြ၍လားမသိ၊ သံဃာတော်များဟာ နိုင်ငံရေးနှင့် ဘာသာရေး ရောထွေးအသုံးချနေတယ်ဆိုတဲ့ အရေးအသားတွေ ထွက် ပေါ်နေတာကကို တွေ့ရတယ်။ အကြမ်းမဖက်တတ်တဲ့ သံဃာတော်

www.burmeseclassic.com

www.burmeseclassic.com



များကို သံဃာတော်များထဲမှ တစ်ဦးတစ်ယောက်ကို သို့မဟုတ် တစ်ပါး၊ နှစ်ပါးစကို မကြိုက်နိုင်၍ မြန်မာပြည်တွင်းရှိ သံဃာတော်အားလုံးကို ဝါးလုံးနှင့် သိမ်ကျုံး၍ ရိုက်တာမျိုးလို အစွန်းရောက်သံဃာတော်တွေလို့ အထင်ရောက်သွားအောင် ပြုလုပ်တာမျိုးကို မလုပ်သင့်ဘူးလို့ ထင်မြင်ယူဆမိတယ်။ သံဃာတော်များကြောင့် လူတွေ ဒုက္ခမရောက်နိုင်ပါ။ သို့သော် လူတွေကြောင့် သံဃာတော်များ ဒုက္ခရောက်မှာကိုတော့ စိုးရိမ်မိတယ်။ သံဃာတော်များဟာ လူမဟုတ်၍ လူအခွင့်အရေးကို မရထိုက်ဖူးလို့ သူတို့ အထင်ရောက်နေကြလေသလားမသိ၊ သံဃာတော်များ အမျိုးသားနိုင်ငံရေးစကား ပြောလာရင် မကြိုက်နိုင်သူတွေက တစ်ပုံတစ်ပင်ဖြစ်နေတယ်။ သံဃာတော်များနှင့် ပြည်သူတွေအကြားမှာ တစ်ခုခုတော့ မှားနေပြီလားလို့ပင် ထင်မြင်ယူဆလာမိတော့တယ်။

ပြည်သူများ ဒီမိုကရေစီစနစ်နှင့်စပ်လျဉ်း၍ အသိတရား ရှိထားသင့်သည်မှာ - ဘယ်ပါတီရဲ့ ကိုယ်စားလှယ်လောင်းမျိုးမဆို မဲရွေးခံပြီဆိုမှတော့ နိုင်ခြင်း၊ ရှုံးခြင်းဆိုတဲ့ အဖြေဟာ မလွဲမသွေ ထွက်လာမှာ ဖြစ်တယ်။ ကမ္ဘာ့အရပ်ရပ်က ရွေးကောက်ပွဲကို လာရောက်စောင့်ကြည့်မည်ဖြစ်သောကြောင့် ဒီရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်များ၏ အနိုင်၊ အရှုံးနှင့်ပတ်သက်၍ အချင်းချင်း အမုန်းတရားတွေ ပွားနေစရာ အကြောင်းမရှိပါ။ ငြိမ်းငြိမ်းချမ်းချမ်း သဘောထားကြီးကြီးနဲ့ ကိုယ်ပေးလိုသော ပါတီကို လွတ်လပ်စွာ မဲပေးနိုင်ကြဖို့ပါ။ သို့သော် ရွေးကောက်ပွဲမှာ အောင်နိုင်ရင် ကိုယ်စွမ်းလို့၊ ရှုံးနိမ့်ရင် သံဃာတွေကြောင့်ဆိုတဲ့ အထင်အမြင်မျိုး လုံးဝ



မထားသင့်တဲ့အကြောင်းကို တင်ကြို၍ သတိပေးလိုခြင်းပါ။

နိုင်ခြင်းဆိုတာ ပြိုင်ခြင်း၏ ရလဒ်ဖြစ်သလို၊ ရှုံးခြင်းဆိုတာဟာလည်း ပြိုင်ခြင်းရဲ့ ရလဒ်ပင်ဖြစ်တယ်။ အရှုံးကို မရင်ဆိုင်ရဲရင် မပြိုင်ပဲနေမှရမယ်။ နိုင်ခြင်း၊ ရှုံးခြင်းဆိုတာ လောကဓံတရားရဲ့ နိယာမဖြစ်တယ်။ အကယ်၍သာ မိမိကို ဘယ်သူကမှ နိုင်တာမျိုးကို မကြည့်လိုဘူးဆိုလျှင် ဘယ်သူနှင့်မှလည်း မပြိုင်ဘဲ ကိုယ်ဖာသာ ငြိမ်းငြိမ်းချမ်းချမ်းနှင့် နေနိုင်ဖို့ပါ။ နိုင်ခြင်း၊ ရှုံးခြင်းနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းလိုသူတို့အတွက် ဒီစကားပုံလေးက မှတ်သားစရာကောင်းလှတယ်။ "တစ်လောကလုံးက လူတွေ ကျွန်ုပ်ကို ဘယ်သူမှ မနိုင်နိုင်ဘူး၊ ဘာကြောင့်လဲဆိုရင် ကျွန်ုပ်က ဘယ်သူကိုမှ မပြိုင်လို့ပါ" တဲ့။ လေးနက်လွန်း၍ လေးလေးနက်နက် စဉ်းစားနိုင်ကြဖို့ပါ။

ယနေ့ မြန်မာနိုင်ငံရဲ့အနေအထားဟာ ရှုပ်ထွေးနေတယ်။ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလူမျိုးစုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အကြိမ်ကြိမ် ပြုလုပ်နေကြသော်လည်း ငြိမ်းချမ်းရေးလက်မှတ်မထိုးနိုင်သေးပါ။ ရွေးကောက်ပွဲဝင် အမတ်လောင်းများကလည်း ကိုယ့်ပါတီအောင်နိုင်ရေးအတွက် ကြိုးစားနေချိန်မှာ ပါတီထောက်ခံသူများကလည်း ကိုယ်ပါတီအောင်နိုင်ရေးအတွက် သူ့ဖက်၊ ကိုယ့်ဖက် အပြစ်ရှာ၍ ပြောဆိုရေးသားနေကြတာတွေကို ဖေ့စ်ဘုတ်စာမျက်နှာများပေါ်မှာ များစွာတွေ့နေရတယ်။ ပြည်သူတို့လိုချင်သော ငြိမ်းချမ်းရေးဆိုတာ ဘာကိုရည်ညွှန်းနေကြပါလိမ့်မလဲလို့ စဉ်းစားနေမိတယ်။

ငြိမ်းချမ်းရေးသဘောကို ကျမ်းဂန်စာပေများမှာ ဖော်ပြထားတာကတော့ - ငြိမ်းချမ်းရေးဆိုတာ အနှောင့်အယှက်မရှိ၍ ငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ငြင်းခုံခြင်းမရှိ၍ ငြိမ်းချမ်းခြင်း၊ ပဋိပက္ခမရှိ၍ ငြိမ်းချမ်းခြင်း၊ စစ်မက်မရှိ၍ ငြိမ်းချမ်းခြင်း၊ သဟဇာတ်ဖြစ်၍ ငြိမ်းချမ်းခြင်း၊ လောဘ ဒေါသ မောဟမရှိ၍ ငြိမ်းချမ်းခြင်းစသည်ဖြင့် ငြိမ်းချမ်းရေးရဲ့ သဘော သဘာဝများကို ရှင်းလင်းဖေါ်ပြထားတယ်။ ပြည်သူတွေ လိုချင်နေသော ငြိမ်းချမ်းရေးဟာ ဘယ်လိုငြိမ်းချမ်းရေးလဲ။

ငြိမ်းချမ်းရေးလမ်းစဉ်ဆိုတာ ကိုယ်ဖြစ်ချင်တာတွေကို ဖြစ်နိုင်ဖို့ ကြိုးစားအားထုတ်ရခြင်းမျိုးထက် တိုင်းပြည်နဲ့လူမျိုးအတွက် ဘယ်လိုနည်းနှင့် ငြိမ်းချမ်းရေးကို ဖေါ်ဆောင်ပေးနိုင်မလဲဆိုတာ စဉ်းစားပေးဖို့လဲ လိုအပ်တယ်။ ဒီမိုကရေစီစနစ်မှာ ကိုယ့်ဆန္ဒကို လွတ်လပ်စွာ ဖေါ်ထုတ်ခွင့်ရှိတယ်။ သို့သော် သူတစ်ပါးကို ထိခိုက်နစ်နာစေတဲ့ အပြုအမူ၊ အပြောအဆို၊ အကြံအစည်များကို အထူးရှောင်ရှားဖို့ လိုအပ်တယ်။ ကိုယ့်ဆန္ဒကို ထုတ်ဖေါ်ခြင်းမျိုးကိုတော့ ရိုက် (လူ့အခွင့်ရေး)လို့ထင်ပြီး သူများရဲ့ဆန္ဒကို ထုတ်ဖေါ်လာခြင်းမျိုးကိုတော့ လက်မခံနိုင်ဘူးဆိုလျှင် ထိုသူရဲ့ နှလုံးသားမှာ အတ္တလွှမ်းကဲတဲ့ ဒဏ်ရာများရှိနေပြီလို့ ပြောဆိုနိုင်ခြင်းပါ။ ထို့ကြောင့် လူ့ဘောင်၊ လူ့စည်းထဲမှာနေပြီး ဒီမိုကရေစီလမ်းစဉ်ကို ငြိမ်းချမ်းစွာ ဖေါ်ဆောင်နိုင်ခဲ့မည်ဆိုလျှင် ညီညွတ်သောလူမျိုးနှင့် တည်ငြိမ်အေးချမ်းသော တိုင်းပြည်သည် ရေနွေးကြာ ပဏ္ဍာတင့်သလို လူမျိုးနှင့် တိုင်းပြည်သည်လည်း ကမ္ဘာ့အလယ်မှာ သဘာတင့်နေမည်မှာ သေချာသလောက်ရှိနေခြင်းပါ။

ထို့ကြောင့် တိုင်းပြည်ငြိမ်းချမ်းဖို့နှင့် လူမျိုးတွေ စည်းလုံးညီညွတ်နိုင်ဖို့အတွက် အရေးကြီးသော အချက်တစ်ခုမှာ ကိုယ့်ဆန္ဒကို ထုတ်ဖေါ်ပြောဆိုကြရာမှာ သို့မဟုတ် ရေးသားကြရမှာ ကိုယ်ထင်ရာ



မြင်ရာကို မဆင်မခြင် မပြောဘဲ၊ သို့မဟုတ် မရေးသားဘဲ **သူများကို** မထိခိုက်သော သို့မဟုတ် ကိုယ့်စကားကို တာဝန်ယူနိုင်သော **စကား** မျိုး၊ အရေးသားမျိုးတွေကိုသာ များများပြောကြဖို့၊ များများ**ရေးကြဖို့** တိုက်တွန်းလိုခြင်းပါ။

ညီညွတ်စည်းလုံးခြင်းရဲ့တန်ဖိုးဆိုတာ ညီညွတ်**နေခိုက်၊** စည်းလုံးနေခိုက်မှာ ညီညွတ်စည်းလုံးခြင်းရဲ့ တန်းဖိုးဟာ မသိသာလှသော်လည်း ညီညွတ်မှုတွေ၊ စည်းလုံးမှုတွေ ပျက်ပြယ်သွားတဲ့**အခါ** မျိုးမှာ လွှမ်းဆွတ်နေမိတတ်ခြင်းပါ။ ဥပမာ၊ ဘုရားလက်**ထက်တော်** အခါက ဝေသာလီကာရပုဏ္ဏားဟာ ညီညွတ်နေတဲ့ လိစ္ဆဝီမင်း**သားတွေ** ကို မာဂဓတိုင်းကြီးရဲ့ကိုယ်စား ဖျက်ဆီးနိုင်ရန် နိုင်ငံရေ**းသမား** တစ်ယောက် အယောင် ဟန်ဆောင်၍ ဝဇ္ဇီနိုင်ငံအတွင်းသို့ အကြံ**နှင့်** ဝင်ရောက်လာခဲ့တယ်။ စကားနည်းပရိယာယ်ကို ကျွမ်းကျင်စွာ ကျင့်သုံး၍ လိစ္ဆဝီမင်းတို့၏ ညီညွတ်ခြင်းကို ဖျက်ဆီးနိုင်ခဲ့**တယ်။** လိစ္ဆဝီမင်းသားတို့ မညီမညွတ် ဖြစ်နေတဲ့ အချိန်မှာ မာဂဓတိုင်း**ကြီး** ဘုရင် အဇာတသတ်မင်းကြီးဟာ ဝဇ္ဇီနိုင်ငံကို သွေးတစ်စက် **မကျစေ** ဘဲ အသာတကြည်နဲ့ သိမ်းယူနိုင်ခဲ့တယ်။ ထို့ကြောင့် စကား**ဆိုတာ** တိုင်းပြည်ပျက်စီးဖို့အတွက် အရာမရောက်နိုင်ဘူးလို့ အထင်ရှိ**နိုင်ပေမဲ့** **စကား**တစ်ခွန်းကြောင့် ဘဝပျက်ခဲ့ရသော သာဓကများ၊ တိုင်းပြည် ပျက်ခဲ့ရသော သာဓကများ များစွာရှိနေကြောင်းကို ရဟန်းရှင်လူ ပြည်သူအများကို သိစေချင်လှန်းလှတယ်။ သတိတရား ထားနိုင်ကြဖို့ပါ။

နောက်ပြီး နိုင်ငံရေးနှင့်ပတ်သက်၍ ကိုယ်ထုတ်ဖေါ်**ပြော** **ဆိုလိုသော** ဆန္ဒကို လူတိုင်း လက်ခံရမယ်၊ လူတိုင်း လိုက်နာရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း သဘောတူရမယ်ဆိုတဲ့ စိတ်ထားမျိုးနှင့် အများရဲ့အပေါ်မှာ တစ်ဖက်စီးနင်း မပြုလုပ်မိကြဖို့ လိုအပ်လာခြင်းပါ။ သဘောထားကွဲလွဲခွင့်မှုကို လူတိုင်းပိုင်ဆိုင်တယ်။ လွတ်လပ်စွာ ပြောဆိုခွင့်မှုဟာ လူတိုင်းအတွက် ဖြစ်ရမယ်။ ဒါကို လက်ခံတယ်။ သို့သော် ဒီမိုကရေစီရဲ့ အနှစ်သာရကို သတိမမူနိုင်၍ "ငါ့စကား နွားရ" ဆိုတဲ့ သဘောမျိုးနဲ့ ပြောချင်ရာပြော၊ "ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်" ဆိုတဲ့ သဘောမျိုးနှင့် စကားကို ထင်တိုင်းပြောနေကြမည်ဆိုလျှင် မမှားသင့်သောအမှားများကြောင့် မကျရောက်သင့်သော အန္တရာယ်များ ကျရောက်လာနိုင်၍ သတိတရားများလည်း ထားတော်မူနိုင်ကြဖို့ပါ။

ငြိမ်းချမ်းရေးကို တကယ်လိုချင်တဲ့သူဆိုတာ စကားပြောဆိုတဲ့ နေရာမှာ အထူးသတိထား၍ ပြောဆိုရသလို၊ အရာရာတိုင်းမှာ ကိုယ့်ဖက်ကချည်း အသားစီးက ရနေတာမျိုးကိုချည်း မျှော်လင့်မထားဖို့ပါ။ ကာလဒေသလိုက်၍ ကိုယ့်ဘက်က အလျှော့ပေးသင့်တဲ့အခါမျိုးမှာ အလျှော့ပေးလို့၊ တင်းသင့်တဲ့အခါမျိုးမှာလည်း ဒေါသ မာန်မာနမပါသော အနေအထားမျိုးနှင့် တင်းတင့်ရှင်းရင်း ဆောင်ရွက်နိုင်ဖို့ လိုအပ်လာခြင်းပါ။

ဥပမာ၊ ပါတီနိုင်ငံရေးလုပ်ပြီဆိုလျှင် ဘယ်လိုပါတီမျိုးမဆို ကိုယ့်ပါတီအောင်နိုင်ရေးအတွက် ကြိုးစား အားထုတ်မှုပြုကြရတာဟာ ပါတီဝင်တိုင်းရဲ့ တာဝန်ပါ။ သို့သော် ကိုယ့်ပါတီအောင်နိုင်ရေးအတွက် နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များဖြစ်ကြတဲ့ အခြားပါတီရဲ့ ပါတီဝင်များအပေါ် ဂုဏ်သိက္ခာကျဆင်းအောင် မီဒီယာလက်နက်ကို အင်အားအဖြစ်သုံး၍ တိုက်ခိုက်ခြင်း၊ ကျူးကျော်ရန်စခြင်း၊ ငြိမ်းချမ်းရေးကို ပျက်ပြား



စေနိုင်သော အပြောအဆို အရေးအသားများဖြင့် တမင်လုပ်ကြံ၍ တိုက်ခိုက်ခြင်း စသည်များကို အထူးရှောင်ရှားရမှာဖြစ်တယ်။ အရာရာတိုင်းမှာ ကိုယ်ကချည်းအသာစီးက နေတာမျိုးမဖြစ်စေဘဲ ကိုယ်နိုင်ရင်လဲပြုံးပြုံး၊ သူနိုင်ရင်လဲ ပြုံးပြုံးနှင့် နေနိုင်ကြဖို့ပါ။ ဒါဟာ နိုင်ငံကြီးသားတို့ရဲ့ကျင့်ထုံးလို့ ဆိုနိုင်ခြင်းပါ။

နောက်ပြီး တိုင်းပြည်ကို တကယ် တည်ငြိမ်အေးချမ်း စေချင်တယ်ဆိုတဲ့သူဟာ ငြိမ်းချမ်းရေး စကားတွေကို များများပြောပြောဖို့ လိုအပ်တယ်။ စာရေးတတ်သူများဖြစ်လျှင် ငြိမ်းချမ်းစေနိုင်သော စာများကို များများရေးဖို့ လိုအပ်တယ်။ ဆွေးနွေးပွဲများကို ပြုလုပ်ပေးနိုင်သူများအတွက်ဆိုလျှင်လည်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို များများပြုလုပ်ပေးဖို့ လိုအပ်တယ်။ အခြားတစ်စုံတစ်ယောက်က တိုင်းပြည်နှင့်လူမျိုးအတွက် ပဋိပက္ခဖြစ်စေနိုင်သော အမုန်းစကားမျိုးကို ပြောဆိုလာလျှင်လည်း "မီးလောင်ရာ လေပင့်" အလုပ်မျိုးကို မလုပ်ဘဲ ထိန်းထိန်းသိမ်းသိမ်းနဲ့ ငြိမ်းချမ်းရေးစကားများကို အထူးသတိထား၍ ပြောဆိုပေးရမှာဖြစ်တယ်။

လောကနိယာမသဘောမှာ အနိုင်ကို လိုချင်လျှင် အရှုံးကိုလည်း ရင်ဆိုင်ကြရမှာဖြစ်တယ်။ ဘာကြောင့်လဲဆိုလျှင် လောကဓမ္မတာသဘောအရ လောကဦ ဘယ်နေရာမဆို အနိုင်ချည်း ရနေသူဆိုတာ မရှိနိုင်သလို၊ အရှုံးချည်း ရင်ဆိုင်နေရသူဆိုတာမျိုးဟာလည်း ဒီလောကဦ မရှိနိုင်ပါ။ နိုင်ခြင်း၊ ရှုံးခြင်းဆိုတာ လောကနိယာမဖြစ်သလို၊ သဘောထားကွဲလွဲခြင်းဟာလည်း လောကနိယာမသဘောတစ်ခုပါ။ အကယ်၍သာ သင်သည် ဘယ်သူကိုမှ အရှုံးပေးလိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်မျိုး အမြဲတမ်းဖြစ်ချင်နေတယ်ဆိုလျှင် ဘယ်သူကိုမှ မပြိုင်မိအောင် ကြိုးစားပါ။ အမြဲတမ်း မရှုံးလိုသူအတွက် သို့မဟုတ် ငြိမ်းချမ်းစွာနေလိုသူအတွက် ဒီနည်းမှတစ်ပါး အခြားမရှိပါ။

လူတိုင်းနီးနီးပြောနေသော တိုင်းပြည်ငြိမ်းချမ်းရေးဆိုတာ စစ်မက်များမဖြစ်ပွားခြင်း၊ ပဋိပက္ခများမရှိခြင်း၊ ငြင်းခုံမှုများ မရှိခြင်းများကို ရည်ညွှန်းပြောဆိုတယ်ဆိုလျှင် မြန်မာနိုင်ငံကြီး ငြိမ်းချမ်းနိုင်ဖို့ ငြိမ်းချမ်းရေး လုပ်ငန်းများကို များစွာပြုလုပ်ကြရမှာဖြစ်တယ်။ ထိုလုပ်ငန်းစဉ်များကို နိုင်ငံသားကောင်းတစ်ယောက်အနေနှင့် အတူပူးပေါင်းဆောင်ရွက်လိုတယ်ဆိုလျှင် အချင်းချင်း အပြန်အလှန် နားလည်ပေးနိုင်ခြင်း၊ အချင်းချင်း လေးစားချစ်ခင်ခြင်းနှင့် ငြိမ်းချမ်းရေးပါသော စကားများကို များများပြောဆိုခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပါ။ ငြိမ်းချမ်းနေတဲ့နိုင်ငံကို ငြိမ်းချမ်းသောစိတ်ဖြင့် ငြိမ်းချမ်းစွာ ကူညီနိုင်ကြမည်ဆိုလျှင် "လူမိုက်နဲ့ဝေး အတူမနေနိုင်" သကဲ့သို့ ငြိမ်းချမ်းခြင်းနှင့် အကြမ်းဖက်ခြင်းများသည်လည်း အတူရှိနေနိုင်သည် မဟုတ်ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## တစ်လင်တစ်မယားစနစ် မြန်မာပြည်မှာ ရှိသင့် မရှိသင့် ဘာသာရေးရှုထောင့်မှ လေ့လာသုံးသပ်ခြင်း

ယခု ရက်ပိုင်းအတွင်း ပြည်သူတွေအကြား ဆူညံသံတွေကြားနေရ၍ သတင်းများကိုဖတ်၍ အခြေအနေကို လေ့လာကြည့်မိတယ်။ အကျယ်လောင်ဆုံးဖွိုက်စ်က လွှမ်းခဲ့သော နှစ်နှစ်ကျော်ခန့်က သံဃာတော်များနှင့် အမျိုးသားရေးစိတ်ရှိကြသော ဒကာ၊ ဒကာမများ အတူပူးပေါင်းလျက် တိုင်းပြည်နှင့်လူမျိုးအတွက် မရှိမဖြစ်လိုအပ်သော မျိုးစောင့်ဥပဒေ ၄-ခုကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ကြတယ်။ ထိုမျိုးစောင့်ဥပဒေ ၄ မျိုးထဲက နောက်ဆုံးတစ်ခုဖြစ်တဲ့ "တစ်လင် တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ"ကို ဩဂုတ် ၃၁ ရက်မှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လက်မှတ်ရေးထိုး၍ အပြီးသတ် ထုတ်ပြန်ခဲ့တဲ့အတွက်ကြောင့် ထိုဖြစ်ရပ်အပေါ်မှာ ကျေနပ်သံတွေရော၊ မကျေနပ်သံတွေပါ ပွဲတင်ထပ်လို့ ညံနေတော့တယ်။ ဒီဥပဒေကို ထုတ်ပြန်မှုနှင့် ပတ်သက်၍ ပြည်တွင်း၊ ပြည်ပရှိ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူမျိုးများရဲ့ အသံတွေကလည်း ပိုပြီးကျယ်လောင်လာ ပြန်တယ်။ အမျိုးသားရေးစိတ်ကြောင့်လား၊ အမျိုးသမီးရေးစိတ်ကြောင့်လား ဝေခွဲမရနိုင်အောင်ဖြစ်မိတယ်။

လွန်ခဲ့သောတစ်နှစ်ခန့်က "နိုင်ငံတော်မှ ထုတ်ပြန်ထားသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကို လေ့လာသုံးသပ်ခြင်း" ဆိုတဲ့ ခေါင်းစဉ်နှင့် ဆောင်းပါးတစ်ပုဒ်ကို သမဂ္ဂစာစောင်မှာပင် ရေးသားခဲ့ဖူးတယ်။ ယခုလည်း ဒီဥပဒေနှင့်ပင် ပတ်သက်၍ ပြည့်သူ့အသံတွေ ကျယ်လောင်လာတာကြောင့် "တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ" ပြဋ္ဌာန်းပေးမှုကို ဘာသာရေး ရှုထောင့်မှနေ၍ လေ့လာသုံးသပ်တင်ပြချင်တယ်။

ပြည်တွင်း၊ ပြည်ပမှာရှိနေကြတဲ့ ပြည်သူ၊ ပြည်သားအချို့ဟာ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ရဟန်းသံဃာတော်များအပေါ်မှာ အတော်ကြီးကို အထင်အမြင်တွေ လွဲမှားနေတာကို တွေ့ရတယ်။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေမျိုးဆိုတာ အိမ်ထောင်သားမွေးမှုနှင့် ပတ်သက်သော ဥပဒေမျိုးဖြစ်၍ ရဟန်းသံဃာတွေနှင့် ဘာဆိုင်လို့လဲလို့ အထင်ရှိပြီး အမြင်လွဲမှားစွာဖြင့် အပြစ်တင်လိုကြတယ်။ ဆောင်းပါးတစ်ပုဒ်မှာ ရေးသားထားချက်ကို ဖော်ပြရလျှင် - "မြန်မာဗုဒ္ဓဘာသာဝင်တွေရဲ့ လက်ထပ်ထိမ်းမြားခြင်းမှာ သံဃာတွေ ဝင်စွက်ဖက်လို့ မရပါဘူး။ သံဃာတွေဟာ လက်ထပ်ပေးခွင့် မရှိသလို၊ ကွာရှင်းပြတ်စဲ ပေးခွင့်လဲ မရှိပါဘူး" တဲ့။ သူပြောတဲ့အနေအထားက သူ့အတွက်တော့ မှန်ကောင်းမှန်နိုင်တယ်လို့ ဆိုနိုင်ပေမဲ့ "ကြွက်မနိုင် ကျည်မီးနဲ့ရှို့၊ နေတဲ့ သဘောမျိုးတော့ သက်ရောက်နေတယ်။



မိမိဘဝတစ်လျှောက်လုံးမှာ ရှာနိဂုံး မင်းနေပြည်တော်နှင့် ကမ္ဘာ့နိုင်ငံအတော်များများကို ရောက်ခဲ့ဘူးပါတယ်။ ဖြတ်သန်းခဲ့ဘူးတဲ့ မြို့ရွာတစ်လျှောက်၊ မြန်မာနိုင်ငံတစ်လျှောက်၊ ကမ္ဘာနိုင်ငံများတစ်လျှောက် သံဃာတော်များကိုယ်တိုင် လက်ထပ်ထိမ်းမြားပေးတဲ့ပွဲမျိုးကို တစ်ခါမှ မတွေ့ဘူးခဲ့သလို၊ ကွာရှင်းပြတ်စဲခြင်းပွဲမျိုးကိုလည်း တစ်ခါမှ မတွေ့ခဲ့ဘူးသေးပါ။ အမေရိကန်မှာနေစဉ်၊ မလေးရှားမှာနေစဉ် ဘာသာရေး ထုံးစံအရ ဘာသာ သာသနာကို သက်ဝင်ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင်များသည် လောကီကိစ္စဆိုင်ရာ လက်ထပ် ထိမ်းမြားခြင်း မင်္ဂလာကို အကြောင်းပြု၍ အိမ်မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ၊ မင်္ဂလာဆွမ်းများ ဆက်ကပ်လှူဒါန်းမှုကို အကြိမ်ကြိမ်အဖန်ဖန် လက်ခံ၍ မင်္ဂလာဆွမ်းများကို ဘုဉ်းပေးခဲ့ရဖူးပါတယ်။ သို့သော် မင်္ဂလာအခမ်းအနားနှင့်ပတ်သက်၍ ပြည်သူအများစု သိထားပြီးဖြစ်တဲ့အတိုင်း ရဟန်းသံဃာတော်များ၏ အခန်းကဏ္ဍသည် သံဃာတော်များကိုယ်တိုင်က လက်ထပ်ထိမ်းမြားပေးခြင်းမျိုးမဟုတ်ဘဲ ကြင်ဦးစဇနီးမောင်နှံတို့အား မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားစကားများကို ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုးစီးပွားများကို ရရှိနိုင်စေဖို့အတွက် မေတ္တာဖြင့် ဟောပြောပေးကြတယ်။

ထိုသို့ဟောပြောပေးကြရာမှာလည်း လက်ထပ်ထိမ်းမြားခြင်းကို သံဃာတော်များက ဝင်ရောက် စွက်ဖက်တာမျိုးမဟုတ်ပဲ ကြင်ဦးစဇနီးမောင်နှံတို့အား သူတို့လျှောက်လှမ်းရမည်ဖြစ်သော အနာဂတ်ဘဝများကို အိမ်ထောင်မှုချမ်းသာသုခများနှင့် ပြည့်စုံနိုင်စေရန်နှင့် တစ်ဦးနှင့်တစ်ဦး မထေမဲ့မြင် မပြုမိအောင် (အိမ်ထောင်သည်ဘာသာမျိုးနှင့် ကိုယ်ထင်ရာ ကိုယ်မစိုင်းရအောင်) တရားစကား ပြောကြားပေးကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ နောက်ပြီး အကြင်လင်မယားဘဝ မရောက်ခင်က တစ်ဦးကိုတစ်ဦး ပေးထားတဲ့ကတိကဝတ်နှင့် ကတိသစ္စာများကို မဖေါက်ဖျက်ကြဘဲနဲ့ ငါးပါးသီလ၊ သို့မဟုတ် ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းကြလျက် ပြဿနာစိုးရိမ်ပူပန်မှုကင်းသော သံယောဇဉ် အချစ်မျိုးနှင့် နေထိုင်သွားကြဖို့ ဆုံးမစကားကို ပြောကြားပေးကြခြင်းဖြစ်တယ်။ "ဝမ်းဘဲဟသာ်ချောင်းကို ပြစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့" ဆိုတဲ့ ကာမသုခလွှိက အကျင့်သဘောမျိုးသို့ သက်ရောက်မသွားရအောင်လည်း သတိတရားထားကြဖို့ ဟောရပြောရပြန်တယ်။ ဒီလိုပြုလုပ်ပေးခြင်းဟာ သံဃာတော်များက ကြင်ဦးစ ဇနီးမောင်နှံတို့၏ အကျိုးစီးပွားကို ဖျက်ဆီးနေခြင်းမဟုတ်ဘဲ တရားနှင့်အညီ ကူညီစောင့်ရှောက်ပေးနေခြင်းသာ ဖြစ်တယ်။ သို့သော် သဒ္ဓါတတ်ခံ အားနည်းသူများအတွက်တော့ သံဃာတော်များရဲ့ မေတ္တာ စေတနာများကို နားလည်သဘောပေါက်နိုင်ကြမည် မဟုတ်ပါ။

သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို လိုလားတော်မူသော သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သတ္တဝါတွေကို တွေ့တဲ့အခါတိုင်း၊ ဝေနေယျတွေကို တရားဟောတဲ့အခါတိုင်း သံသရာမှ ထွက်မြောက်ကြောင်း ဖြစ်သော နိဗ္ဗာန်စကားကိုချည်း အမြဲတမ်း ဟောနေသည် မဟုတ်ပါ။ ရဟန်းသံဃာတော်တို့အားလည်း အလားတူပင် နိဗ္ဗာန်စကားကိုချည်း ဟောပြောပေးဖို့ တိုက်တွန်းခဲ့ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် "လူမိုက်တိရစ္ဆာန်၊ နိဗ္ဗာန်စကား၊ အလွန်ခါး၏" ဆိုသော လောကနိယာမသဘောကို မြတ်စွာဘုရားရှင် မသိဘဲ ရှိမည် မဟုတ်ပါ။ ထိုကြောင့် အချို့သော နေရာများ၌ လောကတ္ထစရိယ (လောကအတွက် အကျိုးများရာ များကြောင်း)၊ ဉာတတ္ထစရိယ



(အမျိုးသားရေးဖြစ်တဲ့ အမျိုးသား၊ အမျိုးသမီးများအတွက် အကျိုးများရာ များကြောင်း) တရားများကိုလည်း အလျဉ်းသင့်တဲ့အခါ၊ သင့်တင့်လျှောက်ပတ်တဲ့အခါမျိုးတွေမှာ ဟောကြားပေးကြဖို့ နည်းပေးလမ်းညွှန်ပြုထားခဲ့ပါတယ်။

ဥပမာ၊ အိမ်ထောင်သည်ဘဝများ၏ ဘဝပြဿနာများနှင့် ဆိုင်သော စန္ဒကိန္နရီဇာတ်၊ ဆဒ္ဒန်ဆင်မင်း ဇာတ်၊ မုဒုလက္ခဏဇာတ်၊ အဿကဇာတ်စတဲ့ ဇာတ်တော်များသည် ချစ်ကြိုးသွယ်တန်းထားကြသော အိမ်ထောင်သည်တို့၏ ချစ်ခြင်းမေတ္တာကို ဖေါ်ကျူးထားသည့် ဇာတ်တော်များဖြစ်ကြတယ်။ ဇာတ်တော်များကို ကောက်ချက်ချကြမည်ဆိုလျှင် ၅၅၀ ဇာတ်တော်များထဲမှ သုံးချိုးတစ်ချိုးသော ဇာတ်တော်များသည် အကြင် လင်မယား (တိရစ္ဆာန် ဖိုမများအပါအဝင်) တို့နှင့် ဆက်စပ်သော တရားတော်များဖြစ်ကြပြီး၊ ကာမဂုဏ် ခံစားမှုမျိုး၌ အစွန်းရောက်သွားမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆင်းရဲမှုများ၊ စိုးရိမ်ပူပန်မှုများမှ သက်သာရာ ရရှိနိုင်စေရန် ဟောကြားတော်မူခဲ့သော တရားတော်များဖြစ်တယ်။

သုတ္တန်တရားတော်တွေထဲမှာလည်း သိင်္ဂါလောဝါဒသုတ်၊ မင်္ဂလသုတ်၊ နကုလသုတ်စသော သုတ္တန်များသည်လည်း အိမ်ထောင်မှုဆိုင်ရာ တရားတော်များကို ထည့်သွင်းဟောကြားထားတာကို တွေ့ရတယ်။ ဇနီးမောင်နှံများ လိုက်နာသင့်သော လင်ကျင့်ဝတ် ၅-ပါး၊ မယားကျင့်ဝတ် ၅-ပါး စသော တရားမျိုးတွေကိုလည်း ဟောကြားထားခဲ့တယ်။ လင်ကျင့်ဝတ်ငါးပါးမှာ - "မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား (မိမိမယားမှလွဲ၍ အခြားမိန်းမများနှင့် မဖေါက်ပြားရန်)၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါအင်လင်ကျင့်ရာ" လို့ အတိအလင်း

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော် ဟောပြထားခဲ့တာကြောင့် အိမ်ထောင်မှုဆိုင်ရာများအတွက် ဓမ္မပိနယနှင့်အညီ ရဟန်းသံဃာတော်များက ဓမ္မစက်ဖြင့်တည်အောင် ဒကာ၊ ဒကာမများအား ဟောကြားပေးရပါတယ်။ ဓမ္မစက်ဖြင့် အကျိုးမသက်ရောက်နိုင်သော အချို့သော ကိစ္စမျိုး၊ အချို့သော ပုဂ္ဂိုလ်များတွေအတွက် အာဏာစက်ဖြင့် ဟန့်တားနိုင်အောင် ဒကာ၊ ဒကာများ၏ အကျိုးစီးပွားကို စောင့်ရှောက်ပေးသောအားဖြင့် မျိုးစောင့်ဥပဒေ ၄-ရပ်ကို ပြဋ္ဌာန်းပေးနိုင်အောင် ပြည်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်တယ်လို့ စာရေးသူအနေနှင့် ဒီလိုပဲ ထင်မြင် ယူဆမိတယ်။

သံယောဇဉ်လို့ ခေါ်နိုင်တဲ့ နှောင်ကြိုးတမျှင်ကြောင့် နှစ်ကိုယ်ကြား မခွဲနိုင်၊ မခွါနိုင်အောင် ချစ်ခဲ့ကြသော နကုလပိတာဒကာကြီးနှင့် နကုလမာတာဒကာမကြီးတို့ နှစ်ယောက်ကို ဘုရားရှင်ဟောကြားခဲ့သော တရားဓမ္မနှင့်ပတ်သက်၍ တရားတော်၌ သဒ္ဓါတရား မသက်ရောက်နိုင်သော ပုဂ္ဂိုလ်မျိုးတွေအတွက်ဆိုလျှင် နားလည်မှုများပင် လွဲသွားနိုင်တယ်။ နကုလပိတာ ဒကာကြီးက ဘုရားရှင်ကို လျှောက်ထားခဲ့သည်မှာ -

"ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရား… တပည့်တော်သည် နကုမာတာကို ထိမ်းမြား လက်ထပ်ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့တဲ့အချိန်မှစ၍ သူ့အပေါ်မှာ သစ္စာစောင့်စည်းလျက် ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်လာလျှင် အမဲစက်တစ်စက်မျှပင် မထင်ရအောင် နေထိုင်ပြီး ပေါင်းသင်းလာခဲ့ပါတယ်ဘုရား။ တပည့်တော်သည် အခြားမိန်းမတစ်ယောက်ကို ကိုယ်ထိလက်ရောက် ပြစ်မှားကျူးလွန်ဖို့ နေနေသာသာ စိတ်ထဲကပင် မပြစ်မှားခဲ့မိပါဘုရား။



တပည့်တော်သည် နကုလမာတာကို ဒီဘဝမှာလည်း သေတပန်သက်တစ်ဆုံး ရိုးမြေကျ ပေါင်းသင်းချင်ပါတယ်။ နောက်ဘဝသံသရာအဆက်ဆက်မှာလည်း နိဗ္ဗာန်ရသည့်တိုင်အောင် သူနှင့် ပြန်လည်ရေစက်ဆုံချင်ပါတယ်။ ထို့ကြောင့် တပည့်တော်သည် သူနှင့်အတူ ဒီဘဝ၊ နောင်ဘဝများပါမက နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် တစ်လင်တစ်မယားအဖြစ်မျိုးနှင့် ရေစက်ဆုံနိုင်ကြောင်း တရားများကို ဟောကြားတော်မူပါဘုရား" လို့ လျှောက်ထားတယ်။ နကုလမာတာဒကာမကြီးကလည်း အလားတူပင် ဘုရားရှင်ကို လျှောက်ထားပြန်တယ်။

ဒီလို အိမ်ထောင်ရေးကိစ္စတွေကို ပွင့်ပွင့်လင်းလင်း လျှောက်ထားလာတော့ မြတ်စွာဘုရားက - ဒကာကြီး၊ ဒကာမကြီးတို့ နှစ်ယောက် ဒီဘဝမှာလည်း ရာသက်ပန် ရိုးမြေကျ ပေါင်းနိုင်ဖို့၊ နောင်ဘဝ သံသရာ အဆက်ဆက်မှာလည်း နိဗ္ဗာန်ရသည့်တိုင်အောင် တစ်လင်တစ်မယားအဖြစ်မျိုးနဲ့ ပေါင်းသင်းလိုကြတယ်ဆိုရင် - နံပါတ် (၁) သဒ္ဓါတရား တူညီရမယ်၊ (ဆိုလိုတာက ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးနှင့် ကံ၊ ကံရဲ့ အကျိုးတရားများအပေါ်မှာ သက်ဝင်ယုံကြည်မှုခြင်း တူရမယ်။ နံပါတ် (၂) သီလလုံခြုံရမယ်၊ (ဆိုလိုတာက ကိုယ်ကျင့်သိက္ခာ (ကံငါးပါး) နှင့်စပ်လျဉ်းပြီး ဖောက်လွှဲဖောက်ပြန်ပြုမှုတွေကို မပြုလုပ်မိကြဖို့ တိုက်တွန်းလိုခြင်းဖြစ်တယ်)။ နံပါတ် (၃) ပေးကမ်းချင်စိတ် ရှိတာခြင်း တူရမယ်၊ (အိမ်ထောင်သည်ဘဝဆိုတာ စိတ်ဝင်စားမှုတွေက တစ်ယောက်နှင့်တစ်ယောက် တစ်ပေပိတည်း နေရာတိုင်းမှာ မတူညီနိုင်ကြလေတော့ ပေးမှု၊ ကမ်းမှု၊ လှူမှု၊ ဒါန်းမှုတွေအပေါ်မှာ နှစ်ဦးသဘော တူညီမှုကို ဦးစွာရယူပြီးမှ ပေးလှူ

www.burmeseclassic.com

www.burmeseclassic.com



တာမျိုးကို ပြုလုပ်ဖို့လိုတယ်လို့ ဆိုလိုရင်း ဖြစ်တယ်)။ နံပါတ် (၄) အသိဉာဏ်ခြင်းကလည်း ကုသိုလ်ဖြစ်ရေး၊ အပြစ်ကင်းစင်ရေးကိစ္စတို့၌ နားလည်းမှုများ တူညီရမယ်၊ (ဆိုလိုတာက အိမ်ထောင်ရေးမှာ ဘယ်လိုကိစ္စမျိုးမဆို နားလည်မှုလွဲရင် တစ်ပြစ်တောက်တောက်နှင့် ချမ်းသာသုခကို မရနိုင်တော့တာမို့ မီးနီမပြမီ ဉာဏ်နှင့်ယှဉ်နိုင်ဖို့ လိုတယ်လို့ ဟောလိုရင်း ဖြစ်တယ်)။ ဒီတရားလေးပါးနှင့် ပြည့်စုံအောင် ဒကာကြီး၊ ဒကာမကြီးတို့ ကြိုးစားကြပါ။ ဤကဲ့သို့ ကြိုးစားနေထိုင်ခြင်းဖြင့် ဒကာကြီး၊ ဒကာမကြီးတို့ ဆန္ဒတွေ ပြည့်ဝပါလိမ့်မည်လို့ ဘုရားက ဟောခဲ့တာပါ။

သို့သော် တိုင်းသူ၊ ပြည်သားများ အကျိုးရှိမဲ့အလုပ်ကို ညွှန်ကြားတော်မူတဲ့၊ ဘုရားဟော တရားတော်များကို မဆန့်ကျင်ဘဲ မျိုးစောင့်ဥပဒေ ၄ မျိုးကို ဆောင်ရွက်ပေးခဲ့ကြတဲ့ ရဟန်းသံဃာတော်များကို ပြည်သူလူထု အချို့က အထင်အမြင် လွဲမှားမှုတွေ ဖြစ်နေကြတာဟာ အမျိုးသားရေးအတွက် အန္တရာယ်တွေ ဖြစ်လာနိုင်တယ်။ သတိတရားများ ထားနိုင်ကြဖို့ပါ။

ပြည်သူတွေမှာ သတိလက်လွတ် ဖြစ်သွားရခြင်း၏ အကြောင်းတရားတွေ များစွာရှိနေနိုင်ခြင်းပါ။ အဲဒီအကြောင်းတွေထဲက အများဆုံးဖြစ်နိုင်စရာ အကြောင်းတွေက - နံပါတ် (၁) မမှန်ကန်တဲ့ သတင်းမှားများကို သတင်းမီဒီယာများက ကျယ်ကျယ်လောင်လောင် ပြုလုပ်နိုင်ကြတဲ့ အတွက်ကြောင့် ပြည်သူတွေ နားရောင်သွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ နံပါတ် (၂) ဒီမိုကရေစီကို ကိုယ်စားပြုနိုင်တဲ့ အက်သစ်ခ် (Ethics) စွမ်းရည်များ အားနည်းခြင်းကြောင့်လည်း (ပြည်သူ့နီတိကို လေ့လာမှု၌ အားနည်းမှုများ ရှိနေခြင်းကြောင့်လည်း)



ဖြစ်နိုင်တယ်။ နံပါတ် (၃) နိုင်ငံအတွက် အသက်တမျှ အရေးကြီးသော နိုင်ငံရေး၊ အမျိုးသားရေး၊ ဘာသာရေး ဤသုံးပွင့်ဆိုင် အရေးသုံးပါး၌ ပြည်သူများက သမိုင်းဘာသာရပ်ဆိုင်ရာ အသိတရားများ ဝေဝါးရှုပ်ထွေးနေခြင်း ကြောင့်လည်း ဖြစ်နိုင်တယ်။ နံပါတ် (၄) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်၌ သို့မဟုတ် နိုင်ငံရေးတစ်သင်း တစ်ဖွဲ့အပေါ်၌ အမြင်မကြည်လင်မှုများ တစ်နေ့တစ်ခြား များပြားလာတာကြောင့် ထိုအမြင်မကြည်လင်မှုကို အကြောင်းပြု၍ ပါးနပ်သူတို့၏ လှည့်ကွက်ဖြင့် သံဃာတော်များအပေါ်၌ အပြစ်များကို စုပုံပစ်တင်ပြီး စွပ်စွဲပြောဆိုနေမှုတွေကြောင်းလည်း ဖြစ်နိုင်တယ်။ နံပါတ် (၅) သံဃာတော်များ၏ အမျိုးသားရေး ဆောင်ရွက်ချက်များကို သိနိုင်ရန် သမိုင်းမှတ်တမ်းများကို ပြန်လည်သုံးသပ်မှုများ မပြုနိုင်ကြခြင်း၊ လေ့လာအားထုတ်မှုပိုင်း၌လည်း အားနည်းနေနိုင်ခြင်းနှင့် နိုင်ငံနှင့် လူမျိုးအပေါ်၌ စောင့်ထိန်းရမည်၊ စောင့်ရှောက်ရမည်ဖြစ်သော အမျိုးသားရေးဆိုင်ရာ သင်ပုန်းကြီးကို မကျေညက်ခဲ့ခြင်း စသော အကြောင်းများကြောင့်လည်း ဖြစ်နိုင်ပါတယ်။ နံပါတ် (၆) မိမိအတွက် ငွေကြေးနေများရမည်ဆိုလျှင် ဘယ်အရာမျိုးမဆို လုပ်ရဲတဲ့ မြန်မာအချို့ရဲ့ စိတ်ဓာတ်များ ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဤသို့စသည်ဖြင့် ကောလဟလသတင်းတွေနှင့် ထင်ရာ၊ မြင်ရာအကြောင်းတွေကို အထောက်အထားမပါဘဲ ပြောနေကြတာမျိုးတွေက များလွန်းနေတာကြောင့် အပြစ်တင်နေသူတို့ကိုလည်း အပြစ်မတင်ရက်ပါ။

အဘယ်ကြောင့်ဆိုသော် တစ်လင်တစ်မယားစနစ်ကို မကြိုက်နိုင်သောသူများက အကြောင်းအကျိုးကို ဆီလျော်အောင် မစဉ်းစားနိုင်ကြတော့ပဲ တစ်လင်တစ်မယားစနစ် မရှိခြင်းကို သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျူးနေသူများ ဖြစ်နေသောကြောင့် ဖြစ်တယ်။ ဥပမာ၊ မိန်းကလေးများသည် အဝတ်အစားကို ပေါ့ပေါ့ပါးပါး ဝတ်လိုတဲ့အခါ ဖရီးစတိုင်ဆိုပြီး ခေတ်အမြင်ရှိမှုကို ဗန်းပြ၍ ဝတ်ချင်သလို ဝတ်နေကြတာမျိုးလည်း ရှိနေတတ်သောကြောင့်ပါ။ သို့သော် ထိုဖရီးစတိုင်ကြောင့် အကြမ်းဖက်မှုတွေ၊ မုဒိန်းမှုတွေ အလွန်အကြူး များလာပြီဆိုလျှင်တော့ နိုင်ငံတိုင်းမှာ အန္တရာယ်ကို တားဆီးတဲ့ ဥပဒေမျိုးဆိုတာ ပြည်သူများ၏ဆန္ဒအရ နိုင်ငံတော်မှ ပြဋ္ဌာန်းပေးရစမြဲဖြစ်တယ်။ အိမ်နီးနားချင်းဖြစ်တဲ့ မလေးရှားနိုင်ငံကို လေ့လာသုံးသပ်နိုင်တယ်။

ယခုလည်း တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးလိုက်ရခြင်းဟာ လင်ပြိုင်ထားမှုကို ခွင့်မပြုနိုင်ဘဲ၊ မယားပြိုင်ထားမှုကိုသာ ခွင့်ပြုလိုကြတဲ့ မဟာပုရိသ အမျိုးသားဝါဒီတို့ရဲ့ ကြီးစိုးမှုများ အစွန်းရောက်လာတာကြောင့် ပြည်သူများရဲ့ဆန္ဒအရ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးလိုက်ရခြင်းဖြစ်တယ်။

ဒီဥပဒေမျိုးကို မြန်မာနိုင်ငံ၌သာ ထူးထူးခြားခြား ပြဋ္ဌာန်းပေးထားသော ဥပဒေမျိုးမဟုတ်ပါ။ ဒီဥပဒေကို ကျား၊ မ တန်းတူအခွင့်အရေးကို အထူးလေးစားသော နိုင်ငံတိုင်း၌ (ဥပမာ၊ အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ စသောနိုင်ငံများ၌) ကျင့်သုံးသော ဥပဒေမျိုးဖြစ်တယ်။ ထိုအချက်ကို အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးနှင့် ကျား၊ မ တန်းတူ ညီမျှရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ကြီး၏ လေ့လာသုံးသပ်မှုစာတမ်းမှာ ဖော်ပြထားခြင်း ဖြစ်တယ်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ လေ့လာတွေ့ရှိချက်မှာ - မိန်းမ တစ်ဦးထက်ပို၍ တရားဝင် လက်ထပ်ယူခွင့်ပြုထားသော နိုင်ငံများမှာ အာဖရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်း



နှင့် အရှေ့တောင်အာရှရှိ အစ္စလာမ်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့တွင်သာ ခွင့်ပြုထားကြောင်း လေ့လာသိရှိရတယ်ဟု ထုတ်ဖော်ပြဆိုထားတယ်။ ဒီအတွက် များစွာအံ့သြမိတယ်။

မြန်မာနိုင်ငံသည် တစ်လင်တစ်မယားစနစ်ကို မကျင့်သုံးသော နိုင်ငံများနှင့် ဘယ်ပုံ၊ ဘယ်နည်းဖြင့် ဆက်စပ်မှုများ ရှိနေပါလိမ့်မလဲလို့ စဉ်းစားမရနိုင်အောင် ဖြစ်မိတယ်။ အနည်းစပ်ဆုံး ကောက်ချက်ချကြည့်မိတော့ ဖြစ်နိုင်ချေရှိသည်မှာ - မြန်မာနိုင်ငံ၌ သက်ဦးဆံပိုင် ရှင်ဘုရင်များ အုပ်ချုပ်ခဲ့ခြင်း၊ စစ်အာဏာရှင်များ အုပ်ချုပ်ခဲ့ခြင်းနှင့် ကမ္ဘာ့အဆင့်ရှိသော တစ်လင်တစ်မယားစနစ် ကျင့်သုံးသော ဥပဒေမျိုးကို ပြဋ္ဌာန်းပေးရန် တိုက်တွန်းပေးနိုင်သူများ မရှိခဲ့ခြင်းကြောင့် ဒီဥပဒေကို ပြဋ္ဌာန်းမပေးခဲ့နိုင်တာမျိုး ဖြစ်ကောင်းဖြစ်နိုင်တယ်။

ယခုအခါ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကို နိုင်ငံတော်မှ ပြဋ္ဌာန်းပေးနိုင်ခဲ့သည် ဖြစ်၍ စစ်အာဏာရှင် လက်ကျန်များ၊ ဘာသာရေး အစွန်းရောက်သူများနှင့် ကာမသုခလ္လိကအကျင့်ကို ချမ်းသာသုခဟု အထင်ရောက်နေသူများအတွက် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးမှုအတွက် မကျေမနပ် ဖြစ်နေနိုင်ခြင်းကို နားလည်ပေးကြဖို့ ပြည်သူများအား တိုက်တွန်းလိုခြင်းပါ။

နောက်ပြီး တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကို တရားဝင်ဖြစ်အောင် စိတ်ရှည်ဖွဲ့သန် သည်းငြီးခံ၍ ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းပေးခဲ့သော မဘသလို့ အမည်တွင်တဲ့ ငြိမ်းချမ်းရေး အဖွဲ့ကြီးကိုလည်းကောင်း၊ ဥပဒေများကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သော နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု

www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်အမတ်များကိုလည်းကောင်း၊ မျိုးစောင့် ဥပဒေ ၄-မျိုးကို အတည်ပြု ပြဋ္ဌာန်းပေးနိုင်ရန် ထောက်ခံမဲ ပေးခဲ့ကြသော တစ်တိုင်းပြည်လုံးရှိ ပြည်သူ၊ ပြည်သားများကိုလည်းကောင်း ကျေးဇူးတင်မိပါကြောင်း ပြောကြားလိုခြင်းပါ။ ပြည်သူ၊ ပြည်သားများကလည်း တစ်မြေတည်းနေ၊ တစ်ရေတည်းစီးပြီး မြန်မာနိုင်ငံရဲ့ အနာဂတ်ခရီးမှာ ခရီးသွားဖော်များဖြစ်ကြသော (မျိုးစောင့် ဥပဒေ ၄ မျိုးကို ပြဋ္ဌာန်းပေးနိုင်ရန်) ထောက်ခံမဲ ပေးသူ၊ မပေးသူ အားလုံးကို တန်းတူထား၍ ကျေးဇူးတင်နိုင်ကြဖို့ပါ။ အဘယ့်ကြောင့်ဆိုသော်...။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## တိုင်းပြည်ရဲ့အနာဂတ်ကို ငြိမ်းချမ်းစွာဖြင့် ဖြတ်ကျော်ခြင်း

ယနေ့ မြန်မာနိုင်ငံရဲ့အနာဂတ်အရေးသည် အရေးပေါင်းစုံနှင့် ရင်ဆိုင်နေရတယ်။ မြန်မာ့နိုင်ငံရေးနှင့် အနာဂတ်။ လူမျိုးရေးနှင့် အနာဂတ်။ ပညာရေးနှင့် အနာဂတ်။ တိုင်းပြည်စီးပွားရေးနှင့် အနာဂတ်။ ပြည်သူ့ ကျန်းမာရေးနှင့် အနာဂတ်။ သာသနာရေးနှင့် အနာဂတ်။ အနာဂတ်များစွာကို ကျော်ဖြတ်နိုင်ဖို့ မြန်မာနိုင်ငံကို ဉာဏ်ရှိသမျှ လေ့လာသုံးသပ်မိတယ်။

အနာဂတ်ဆိုတာ မဖြစ်သေးတဲ့ သဘောတရားတွေကို ရည်ညွှန်းပြောဆိုတာဖြစ်ပြီး၊ ဖြစ်ပေါ်လာမည့် အကျိုးရလာဒ်ကို မှန်းဆပြောဆိုရသော အနေအထားမျိုးဖြစ်၍ ဖြစ်နိုင်၊ မဖြစ်နိုင် အတတ်ပြောနိုင်ဖို့ ခက်ခဲလှတယ်။ "အတိတ်နှင့်ကွာခြားသည်မှာ အတိတ်ဆိုတာ ဖြစ်ခဲ့ပြီးသော ဖြစ်ရပ်များလို ကောက်ကြောင်းလိုက်၍ ပြောဆိုရခြင်းမျိုး ဖြစ်လို့ အနာဂတ်နှင့်နှိုင်းစာလျှင် ပြောဖို့လွယ်ကူတယ်။ နောက်ပြီး အတိတ်က ဖြစ်ရပ်များကို ကိုးကားပြောဆိုနိုင်ဖို့ သမိုင်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်။ သို့သော် အနာဂတ်ဆိုသည့်အရာသည် သမိုင်းမရှိ၊ အနာဂတ်မြင်နိုင်တဲ့ အဘိညာဏ်တံခိုးလည်း မရနိုင်သေးတာကြောင့် ဖြစ်ပေါ်လာမည့် ဖြစ်စဉ်များကို မည်သူကမျှ သေချာရေရာစွာ ပြောနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် မြန်မာနိုင်ငံတော်ကြီးသည် အနာဂတ်များစွာကို ငြိမ်းချမ်းစွာဖြင့် ကျော်ဖြတ်နိုင်ဖို့ နိုင်ငံတွင်းနေ ပြည်သူ၊ ပြည်သားများသည် ဘာတွေလုပ်ကြမည်နည်း။

ပြုပြင်ပြောင်းလဲရေးကို ပြုလုပ်ရာတွင် အကောင်းဖက်ကို ရောက်အောင် ပြည်သူ၊ ပြည်သားတွေကပင် ပြုလုပ်နိုင်သလို အဆိုးဖက်သို့ ရောက်အောင်လည်း ပြည်သူ၊ ပြည်သားများကပင် ပြုလုပ်နိုင်တယ်။ ထိုသို့ဖြစ်နေ၍ ပြည်သူ၊ ပြည်သားတွေရဲ့ အနာဂတ်ဘဝများ ကောင်းစားရေးနှင့် လုံခြုံရေးသည် ပစ္စုပ္ပန်လုပ်ရပ်နှင့် များစွာသက်ဆိုင်နေကြောင်း သိရှိနိုင်ခြင်းပါ။

အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးဆိုတာ ဆက်စပ်နေသော သဘာဝတရားများဖြစ်တယ်။ အကောင်းကို ပြောလိုလျှင် အဆိုးနှင့်စံထား၍ ပြောနိုင်သလို၊ အဆိုးကို ပြောလိုလျှင် အကောင်းနှင့် စံထား၍ ပြောဆိုရတယ်။ စံနှုန်းတစ်ခုကို ရွေးချယ်ပြောဆိုနိုင်ဖို့ သတ်မှတ် စံနှုန်းတစ်ခုတော့လိုတယ်။ ဥပမာ၊ ဘာသာရေး သီအိုရီကို စံထား၍ ပြောဆိုမည်ဆိုလျှင် ဘာသာရေးသီအိုရီက အမှန်တရားဖြစ်ဖို့လိုတယ်။ အကောဒင်းတူ (According to) (ကျမ်းကိုး)နှင့်အညီ ဆိုပြီး ကိုယ်ပြောချင်တဲ့စကားကို ပြောဆိုတာမျိုးလည်း ရှိနေတတ်တာမို့ အကောဒင်းတူဆိုတိုင်းလည်း မှန်ချင်မှ မှန်မယ်။ ထိုကိုးကားဖြစ်စဉ်ကိုပင် နိုင်ငံရေးသီအိုရီ ရှုဒေါင့်က ကြည့်မယ်ဆိုရင်လည်း မှန်ချင်မှ မှန်မယ်။



ထို့ကြောင့် သီအိုရီနှစ်ခုကို ရောထွေးမှုပြုပြီး အသုံးပြုပြောဆိုကြမည်ဆိုလျှင် ဖြစ်လာနိုင်သော အခြေ အနေများသည် တခါတရံမှာ ဆန့်ကျင်ဖက်များ ဖြစ်နေတတ်သည်ကို တွေ့မြင်ရခြင်းပါ။ ဥပမာ၊ ရှေးပညာရှိများ ပြောလေ့ပြောထရှိသည်မှာ - "ရဟန်းက မင်းလို မကျင့်ရာ၊ မင်းက ရဟန်းလို မကျင့်ရာ၊ ရဟန်းက မင်းလို ကျင့်လျှင် ရဟန်းသီလများ ပျက်စီးနိုင်တယ်။ မင်းက ရဟန်းလိုကျင့်လျှင် တိုင်းပြည်ကြီး ပျက်စီးနိုင်တယ်" ဆိုတဲ့ သီအိုရီမျိုးပါ။

နိုင်ငံရေးသီအိုရီနှင့် ဘာသာရေးသီအိုရီများဟာ အခြေခံအားဖြင့် လူသားများရဲ့ ဘဝတန်ဖိုးကို ပြောင်းလဲ မြှင့်တင်နိုင်တယ်။ သို့သော် ထိုသီအိုရီများရဲ့ မှန်ကန်တဲ့အဓိပ္ပါယ်ကို မှန်မှန်ကန်ကန် သိထားနိုင်ဖို့ဆိုတာ အဖြေညှိဖို့ခက်တဲ့ ပဟေဠိပုစ္ဆာတစ်ပုဒ်မျိုး ဖြစ်တယ်။ ဥပမာ၊ တစ်ခါက ဈာန်အဘိညာဏ်ရှိတဲ့ ရဟန်းငယ်သုံးပါး ဟာ အလံတိုင်တစ်တိုင်ရဲ့ရှေ့မှာ ထိုင်နေခဲ့ကြတယ်။ ထိုအခါမှာ အလံတိုင်ထိပ်မှာ တဖျပ်ဖျပ်လှုပ်နေတဲ့ အလံလေးကို ကြည့်ပြီး ရဟန်းတစ်ပါးက အလံလှုပ်နေတာကို လက်ညှိုးညွှန်ပြီး ရုတ်တရက် ပြောဆို လိုက်တယ်။ "ဟော့ အရှင်ဘုရားတို့ ဟိုမှာကြည့်၊ အလံလေး လှုပ်နေတယ်" တဲ့။ ဒီတော့ ဒုတိယရဟန်းက လက်ညှိုးညွှန်ရာသို့ အသေအချာကြည့်ပြီး - "အရှင်ဘုရားကလည်း အဲဒါ အလံက လှုပ်တာမဟုတ်ပါဘူး၊ လေကလှုပ်တာပါ" တဲ့။ နောက် တတိယရဟန်းက ပြောပြန်တယ်။ "အရှင်ဘုရားတို့ကလည်း အဲဒါ အလံက လှုပ်တာလည်း မဟုတ်ဘူး၊ လေကလှုပ်တာလည်း မဟုတ်ဘူး၊ စိတ်က လှုပ်တာပါ" တဲ့။ ဒီလိုပဟေဠိဆန်တဲ့ အခြေအနေမျိုးတွေဟာ နိုင်ငံရေးလောကမှာ အများကြီးရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပြောလိုသည်မှာ - "ဘာသာရေးမပါတဲ့ နိုင်ငံရေးဟာ အစွန်းရောက်နေတဲ့ ကွန်မြူနစ်စ် (Communism) အတွေးအခေါ်များဆီသို့ရောက်အောင် တွန်းပို့ပေးနိုင်သလို၊ နိုင်ငံရေးမပါတဲ့ ဘာသာရေး သီအိုရီများဟာလည်း လူတွေကို အစွန်းတစ်ဖက်ဆီသို့ ရောက်သွားတတ်ပြီး ဖိတ်တယ်လ် လစ်ဇင်း (Fatalism) ဖြစ်သမျှ အကြောင်းဟာ ကံကြောင့်ချည်းဖြစ်ရတာပဲလို့ ယူဆသွားတတ်ကြပြန်တယ်။ ဘယ်လိုနည်းနဲ့ပဲ အစွန်းရောက်ရောက်၊ အစွန်းရောက်တဲ့အရာတိုင်းဟာ မကောင်းတာများလို့ ဖြစ်နိုင်ရင် ပြုလုပ်သည့် သို့မဟုတ် ပြောဆိုသည့် အရာရာတိုင်းမှာ မဇ္ဈိမပဋိပဒါ ဖြစ်ဖို့တော့ လိုတယ်။

ယနေ့ မြန်မာနိုင်ငံရဲ့ အခြေအနေတွေကို လေ့လာသုံးသပ်ရလျှင် ၂၀၁၅-ခုဟာ များစွာရှုပ်ထွေးနိုင်တဲ့ နှစ်တစ်နှစ်ဖြစ်တယ်လို့ အနာဂတ်ကို မှန်းဆပြောဆိုကြတယ်။ ထို့ကြောင့် ပြည်သူတွေဟာ တိုင်းပြည်ကို တကယ်ချစ်တယ်ဆိုရင် ဘာပဲလုပ်လုပ်၊ ဘာပဲပြုပြု၊ အသိစိတ်က ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဗဟိုမဏ္ဍိုင်ပြုထားဖို့လိုတယ်။ ဒီလိုစိတ်မျိုးရှိမှသာ တိုင်းပြည်ကြီးအတွက် ၂၀၁၅-ခုနှစ်မှာ အကောင်းများဖို့ ဖြစ်လာနိုင်တယ်။ သို့သော် "ပါ့ကားး နွားရ၊ ကျားကျားမီယပ်" ဆိုတဲ့ သီအိုရီမျိုးကို ဆုပ်ကိုင်ထားကြမည်ဆိုလျှင် ငြိမ်းချမ်းရေးဆိုတာ ဖြစ်လာနိုင်စရာ အကြောင်းမရှိပါ။ အကျိုးတရားအနေနှင့် တစ်မိမ်းသူတွေ ဝမ်းသာနိုင်စရာ အကြောင်းတွေ ဖြစ်သွားနိုင်တယ်ဆိုတာ သတိပြုနိုင်ကြဖို့ပါ။

၇-၁-၂၀၁၅-ခု ဗုဒ္ဓဟူးနေ့က မြန်မာနိုင်ငံကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Ms. Yanghee Lee ရောက်လာတယ်။ မြန်မာနိုင်ငံရဲ့ ဘာသာရေး၊



နိုင်ငံရေး၊ ငြိမ်းချမ်းရေးတွေနှင့်စပ်ပြီး ဆွေးနွေးမယ်ဆိုတဲ့ စတိတ်မင့်ကို ထုတ်ပြန်ထားတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ပြဿနာ၊ ဘာသာရေး ပြဿနာ၊ လူမျိုးစုပြဿနာများဟာ အခြားနိုင်ငံတွေနည်းတူ ပြဿနာတွေနှင့် ရှုပ်ထွေးနေတယ်လို့ ဆိုနိုင်တယ်။ သို့သော် ထိုပြဿနာများကို နိုင်ငံတော်မှ ကိုင်တွယ်ဖြေရှင်းရာမှာ အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် (ဘာသာတရားရှိ၍) များစွာ ပျော့ပြောင်းနေတာကို တွေ့ရတယ်။ အကယ်၍သာ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စစ် လီး ဟာ မူလအခြေခံအကြောင်းတရားများ ဖြစ်တဲ့ နိုင်ငံရဲ့မူလသမိုင်း၊ လူမျိုးရဲ့မူလသမိုင်း၊ လူမျိုးရဲ့ မူလယဉ်ကျေးမှု ဖြစ်စဉ်တို့ကို ထဲထဲဝင်ဝင် မလေ့လာဘဲ နိုင်ငံရေးဖြစ်စဉ်တစ်ခုတည်းကိုသာ ကြည့်ပြီး တစ်ဖိုက်မတ်မတ် ပြောဆိုနေခဲ့မည်ဆိုလျှင် သူမရဲ့ လုပ်ဆောင်ချက်သည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို သူကိုယ်တိုင်ကပင် ဖျက်ဆီးနေသူ ဖြစ်သွားနိုင်ခြင်းပါ။

အချို့ကိစ္စများ၌ ပြဿနာတွေက သိပ်ကြီးထွားနေလို့၊ လူတွေ အသေအပျောက်တွေ သိပ်များနေလို့ အဆောတလျင် ပြုလုပ်ရတဲ့ ကိစ္စမျိုးတွေလည်း ရှိတတ်ပါတယ်။ ဒီပြဿနာမျိုးကိုတော့ အဆောတလျင် ပြုလုပ်ရတာဟာ သဘာဝကျပါတယ်။ ဥပမာ၊ အီရတ်နိုင်ငံနှင့် ဝန်းကျင်နိုင်ငံများ၌ ဖြစ်ပွားနေသော လူမျိုးရေး ပြဿနာများ၊ ဘာသာရေးအစွန်းရောက်မှုကြောင့် ဖြစ်ပွားနေသောစစ်ပွဲများ၊ နိုင်ငံရေး အစွန်းရောက်နေမှုကြောင့် ကိုင်တွယ်ဖြေရှင်းနေရသော ကိုးရီးယားကျွန်းဆွယ်လို ပြဿနာမျိုးတွေဖြစ်တယ်။ သို့သော် ဘာသာရေး အစွန်းရောက်နေမှုကြောင့် လူပေါင်း ထောင်ချည်၊ သောင်းချည် သေနေကြရသော အီရတ်စသော နိုင်ငံများ၌ ဖြစ်ပွားနေသော အခြေအနေများကို

www.burmeseclassic.com

www.burmeseclassic.com



လျစ်လျူရှုလျက်၊ မြန်မာနိုင်ငံတွင်း၌ ဖြစ်ပျက်နေသော သေးငယ်သော အစ်ရှူးများကို (ထိုနိုင်ငံများနှင့် နှိုင်းစာလျှင်) ရေးကြီးခွင်ကျယ်လုပ်၍ ဘာသာရေး အကြမ်းဖက်မှုများ ရှိနေဆဲဆိုတဲ့ စကားမျိုးကို ထပ်တလဲလဲသုံး၍ ပြောဆိုနေခြင်းဟာ တရားမျှတမှုမရှိဟု ဆိုနိုင်ခြင်းပါ။ သူမ တကယ်လုပ်ပေးသင့်တာက လူမျိုးများရဲ့ ငြိမ်းချမ်းရေးပါ။ ထိုအရေးတွေက အကိုင်အတွယ်မတတ်လျှင် မီးလောင်ရာ လေပင့်သလို လူများစွာကို သေကျေပျက်စီးနိုင်ခြင်းပါ။

"ရေများ ရေနိုင်၊ မီးများ မီးနိုင်" ဆိုတဲ့ သီအိုရီဟာ မြန်မာစကားပုံတစ်ခုဖြစ်တယ်။ စစ်နှင့် အချစ်မှာ နိုင်သူဖက်က တရားမျှတမှုရှိတယ်လို့ ဆိုနိုင်ပေမဲ့ ရှုံးသူဖက်ကတော့ အချို့အရာများ၌ တရားမျှတမှု မရှိနိုင်ကြောင်းကို ငြင်းဆိုနိုင်ခြင်းပါ။

မီဒီယာအားသာ၍ အမှန်တရားလို့ ထင်ရသောအရာများမှာ မှားယွင်းနေသော အကြောင်းအရာများ များစွာပါဝင်နေတတ်ခြင်းပါ။ ဥပမာ၊ မြန်မာပြည်တွင် ၂၀၁၂-ခုနှစ်၊ ဇွန်လ၌ ဖြစ်ပျက်သွားခဲ့တဲ့ မောင်တောဒေသ ဖြစ်စဉ်ကို ပြန်လည်သုံးသပ်သင့်ခြင်းပါ။ မူလ ပဋိပက္ခဖြစ်ရာ ဒေသဖြစ်တဲ့ မောင်တောဒေသ၌ ဖြစ်ပျက်သွား ခဲ့သော ဘာသာရေးဆန်တဲ့ လူမျိုးရေးပဋိပက္ခ၌ သုံးရာခိုင်နှုန်းခန့်သာရှိတဲ့ ရခိုင်ဗုဒ္ဓဘာသာဝင်များကို ကိုးဆယ့်ခြောက်ရာနှုန်းရှိတဲ့ ဘင်္ဂါလီများက မြို့သိမ်းတိုက်ပွဲဆန်သော နိုင်ငံရေးပဋိပက္ခဖြစ်တယ်။ ကမ္ဘာ့သတင်းများမှာ ထပ်တလဲလဲ ဖေါ်ပြနေကြတာက လူများစုက လူနည်းစုကို ဂျင်နိုဆိုက်စ် (Genocide) လူမျိုးတုန်း သတ်ဖြတ်နေတယ်ဆိုတဲ့ မဟုတ်မမှန်သတင်းများကို လွှင့်ထုတ်ခဲ့ကြတယ်။ မီဒီယာအားသာ၍ တကယ်ဖြစ်ရပ်မှန်ဟာ ဇောက်ထိုးခွက်လှန် ဖြစ်သွားခဲ့ရတယ်။ ကမ္ဘာ့



လူထုက အများစုကို ရခိုင်ဗုဒ္ဓဘာသာဝင်များဟု အထင်မှားခဲ့ပြီး၊ အနည်းစုကို ဘင်္ဂါများလို့ အထင်ရောက်သွားခဲ့ရကြခြင်းပါ။ မူလဖြစ်ရပ်နှင့် ဖြစ်စဉ်ကို သဲကွဲစွာ မသိကြလေတော့ မြန်မာရဟန်းတော်များဟာ ဒီအရေး၌ ဦးဆောင်ပါဝင်သူတွေအနေနှင့် ဘီးလူးခေါင်းအစွပ်ခံလိုက်ရတယ်။ ဝမ်းနည်းစရာပါ။

မြန်မာစကားပုံမှာ ကိစ္စတစ်ခုကို ပြုတဲ့အခါဖြစ်စေ၊ ပြောတဲ့အခါဖြစ်စေ၊ ကြံစည်တဲ့အခါမျိုးမှာဖြစ်စေ၊ ကိုယ်စိတ်နှင့်နှိုင်းရင် မရိုင်းဘူး"လို့ နေ့စဉ်ဘဝတွေမှာ ပြောဆိုလေ့ရှိကြတယ်။ ပြောလိုတာက အမုန်းတရား (Hate speech)တွေကိုချည်း ပြောဟောနေသူတစ်ယောက်ဟာ သူများကိုလည်း သူလိုထင်ပြီး ဘာပဲပြောပြော၊ ဘာပဲဟောဟော အမုန်းတရားတွေကိုချည်း ဟောနေတာလို့ ထင်မြင်ယူဆနေခြင်းပါ။ ဟောသူ၊ ပြောသူများ ရှိနေခဲ့မည်ဆိုလျှင်လည်း တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ရပ်တန်းက ရပ်ပေးကြပါလို့ ပြောကြားလိုခြင်းပါ။

"ငါ့စကား နွားရ၊ ကိုယ်ကချည်း နိုင်ငံရေးမှာ အသာစီးရလို၍ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထပ်တလဲလဲ ပြောဆိုနေတာမျိုး ဖြစ်နေခဲ့မည်ဆိုလျှင်လည်း တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ရပ်တန်းက ရပ်တန့်နိုင်ကြဖို့ပါ။ ပြဿနာကို ရှာနေသူများရှိနေခြင်းကြောင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေမှာ အဟန့်အတားတွေ များစွာဖြစ်နေခြင်းပါ။ တကယ်တော့ ဖြစ်ရပ်နှင့် ဖြစ်စဉ်ဟာ နေရာတိုင်းမှာ တစ်ထပ်တည်း ကြမည်မဟုတ်သလို၊ ဆိုးမယောင်ယောင်နှင့် ကောင်းနေတာတွေ၊ ကောင်းမလိုလိုနှင့် ဆိုးနေတာတွေ၊ ဆိုးမယောင်ယောင်နှင့် ကောင်းနေတဲ့သူတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမလိုလိုနှင့် ဆိုးနေတဲ့သူတွေ ဤလောကမှာ များစွာရှိနေခြင်းပါ။

ယုတ်မာသူတိုင်းလည်း နေရာတိုင်းမှာ မယုတ်မာသလို၊ သူတော်ကောင်းဆိုသူတိုင်းလည်း နေရာတိုင်းမှာ မကောင်းနိုင်ပါ။ စရိုက်ဆိုး၊ အကျင့်ဆိုး၊ အမူအယာဆိုး၊ ဓလေ့ဆိုး၊ ညင်ဆိုးများ ရှိနေသူများကို ထိုအကျင့်ဆိုးများ၊ ညင်ဆိုးများ ရှိနေခိုက်မှာ ထိုလူကို လူဆိုးလို့ ခေါ်နိုင်ပေမဲ့ ထိုအကျင့်ဆိုးများ၊ ညင်ဆိုးများကို ဖယ်ရှားနိုင်တဲ့ အခါမျိုးမှာတော့ ထိုလူကို လူဆိုးလို့ ခေါ်ဆိုလို့ မရနိုင်တော့ပါ။ သတ်မှတ်၍ မရနိုင်တော့ပါ။

မြန်မာနိုင်ငံကို ကုလသမဂ္ဂ ကိုယ်စားလှယ်များမှ နိုင်ငံရေးရှုဒေါင့်ကသာ ကြည့်ပြီး၊ သမိုင်းအမွေနှစ်နှင့် ယဉ်ကျေးမှုအမွေနှစ် ရှုဒေါင့်များကို လျစ်လျူရှုထားခဲ့ကြမည်ဆိုလျှင် အဆိုးဘက်ကို ဦးတည်သွားနေတယ်လို့ ပြောကောင်းပြောနိုင်ခြင်းပါ။ မြင်ကောင်းမြင်နိုင်ခြင်းပါ။ သို့သော် သမိုင်းအမွေနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ဘာသာရေးအမွေနှစ်များကို ကြည့်ရှု၍ လေ့လာသုံးသပ်မည်ဆိုလျှင် တကယ့်ကို စံထားလောက်တဲ့နိုင်ငံပါ။ ထေရဝါဒ အမွေအနှစ်များ နိုင်မြဲစွာ ထွန်းကားနေတဲ့ နိုင်ငံပါ။ ရန်လိုကျွဲကြောင့် ခုံကာကွယ်နေသူများကို အပြစ်ရယ်လို့ ဆက်လက်မြင်နေကြဦးမည်ဆိုလျှင်လည်း တိုင်းပြည်ရဲ့ ကံကြမ္မာ၊ လူမျိုးရဲ့ကံကြမ္မာပဲလို့သာ ဆိုရတော့မှာပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## မြန်မာ့နိုင်ငံရေးကို အမျိုးသားရေးရှုဒေါင့်မှ လေ့လာသုံးသပ်ခြင်း

ယနေ့ မြန်မာနိုင်ငံ၌ ဖြစ်ပျက်နေသော နိုင်ငံရေးပဋိပက္ခများနှင့် ပတ်သက်၍ ပြောစရာတွေက များလှတယ်။ ပြောစရာတွေ များလွန်းနေတာကြောင့် လူတွေက မြန်မာ့နိုင်ငံရေးအကြောင်းကို ပြောကြတဲ့အခါမှာ - တချို့လူတွေက ဒီမိုကရေစီနိုင်ငံရေးကို အခြေခံ၍ ပြောနေကြသူများရှိသလို၊ အမျိုးသားနိုင်ငံရေးကို အခြေခံ၍ ပြောနေကြသူများလည်းရှိတယ်။ မြန်မာ့နိုင်ငံရေးရဲ့ ပြောင်းလဲဖြစ်စဉ်ကို အားမရနိုင်၍ ဝေဖန်ပြောဆိုနေသူများ ရှိသလို၊ ကမ္ဘာ့နိုင်ငံရေးကို စံထား၍ မြန်မာနိုင်ငံရဲ့ ပြောင်းလဲဖြစ်စဉ်တွေကို ဝေဖန်ပြောဆိုနေကြသူတွေကလည်း ဒုနှင့်ဒေးပါ။

ဝေဖန်ပြောဆိုမှုအတွက် ကြိုဆိုမိခြင်းပါ။ သို့သော် ထိုဝေဖန်ပြောဆိုသူများထဲတွင် အများစုသည် နိုင်ငံရေးအတွေ့အကြုံများနှင့် နိုင်ငံရေးသိက္ခာ၊ ပညာရေးအတွေ့အကြုံများနှင့် ပညာရေးသိက္ခာများ ရှိ၊ မရှိ စိစစ်ဖို့တော့ လိုအပ်လာတယ်။ နိုင်ငံရေးသိပ္ပံ (Political

www.burmeseclassic.com

www.burmeseclassic.com



Science) သဘောတရားများကို စနစ်တကျ မည်၍မည်မျှ သင်ကြားလေ့လာထားဖူးခြင်း ရှိ၊ မရှိ စိစစ်ဖို့ပါ လိုအပ်လာတယ်။ ဒီမိုကရေစီပညာရေးစနစ်ကို အမြန်ဆုံး ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် နိုင်ငံရေးပယောဂမပါတဲ့၊ သို့မဟုတ် ပုဂ္ဂိုလ်ရေးရာ အငြိုးအတေးမပါတဲ့ စစ်မှန်တဲ့စေတနာနှင့် တိုင်းပြည်အတွက် အလုပ်လုပ်ကြမယ်ဆိုလျှင် ဖြူစင်တဲ့စေတနာမျိုးဟာ ဖြူစင်တဲ့ အရောင်ကို တန်ပြန် လင်းလက်စေနိုင်ပါတယ်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ ပြည်သူတွေရဲ့အသံကို နားထောင်ခြင်းဟာ ဒီမိုကရေစီစနစ်ရဲ့ ကျင့်ထုံးလို့ နိုင်ငံရေးသိပ္ပံပညာရှင်များက ဆိုကြတယ်။ ဆန္ဒထုတ်ဖော်သည့်အနေအားဖြင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ သတင်းမီဒီယာလွတ်လပ်ခွင့်ရှိခြင်း၊ အကြောက်တရားကင်းမဲ့စွာဖြင့် သွားလာလှုပ်ရှားနိုင်ခြင်း၊ ရောင်းဝယ်ဖေါက်ကားနိုင်ခြင်း စသည်ဖြင့် ဒီမိုကရေစနစ်ကို စံပြု၍ တိုင်းပြည်ကို အုပ်ချုပ်ကြတယ်။ တစ်ခါတစ်ရံ ဖြစ်တတ်သည်မှာ အုပ်ချုပ်သူ အစိုးရက မလိုအပ်ဘဲ မလိုအပ်တဲ့နေရာတွေမှာ ပြည်သူလူထုကို ဖိနှိပ်အုပ်ချုပ်နေမှုကို ပယ်ရှားနိုင်ရန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြတာဖြစ်တယ်။ ချုံးချက်အနေအားဖြင့် ပြည်သူများဘဝတွေ ဖရိုဖရဲဖြစ်သွားနိုင်ပြီး၊ လူနည်းစုကောင်းစားဖို့၊ သို့မဟုတ် တစ်ပါတီကောင်းစားဖို့ တိုင်းပြည်နှင့် ပြည်သူလူထုကို (ရဟန်းသံဃာတော်များလည်း ပါဝင်) အသုံးချပြီး ဆူပူမှုမျိုးဖြစ်အောင် လှုံ့ဆော်တာမျိုး၊ စည်းရုံးခဲ့တာမျိုးတွေ ဖြစ်နေခဲ့မည်ဆိုလျှင် ထိုဆူပူမှုမျိုးတွေသည် အဓိကရုဏ်းအသွင်သို့ ကူးပြောင်းသွားနိုင်၍ အစိုးရမှာ တာဝန်ယူရမည့်အပိုင်းမျိုးတွေ ဖြစ်လာတယ်။ ထို့ကြောင့် အကြမ်း



မဖက်တဲ့နည်းနှင့် စနစ်တကျ နှိမ်နင်းတာမျိုးကို ပြည်သူ၊ ပြည်သားများဖက်မှ နားလည်ပေးနိုင်ဖို့ပါ။

နိုင်ငံတော်အစိုးရမှ မလိုအပ်ဘဲ ဖိနှိပ်ချုပ်ချယ်ချင်တဲ့ အရိုးစွဲအယူဝါဒမျိုးနှင့် အုပ်ချုပ်ခဲ့လျှင် ထိုအုပ်ချုပ်မှုသီအိုရီကို ဖယ်ရှားနိုင်ဖို့ရယ်၊ အကြောက်တရားရှိနေသော (ပြည်သူ၊ ပြည်သားများရဲ့အတိတ်က အိမ်မက်ဆိုးများကြောင့် ဆက်လက်ကြောက်ရွံ့နေသော) ထိုအကြောက်တရားမှ ကင်းဝေးနိုင်ဖို့ရယ် အစိုးရနှင့် ပြည်သူ အတူပူးပေါင်း၍ အုပ်ချုပ်နိုင်ရန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြတာဖြစ်တယ်။ တိုင်းပြည်တစ်ခု တည်ငြိမ်အေးချမ်းနိုင်ဖို့ဆိုတာ အစိုးရချည်းသက်သက် ပြုလုပ်၍မရနိုင်သလို၊ ပြည်သူသက်သက်ချည်းလည်း ပြုလုပ်၍ မရနိုင်ပါ။

အစိုးရကလည်း တရားစီရင်ရေးမဏ္ဍိုင်ကို မယိမ်းမယိုင်အောင် အစိုးရဂုဏ်သိက္ခာကို စောင့်ထိန်းပြီး၊ တရားဥပဒေစိုးမိုးရေးကို ကိုယ်တိုင်ကလည်း ကျင့်သုံး၊ ပြည်သူ၊ ပြည်သားများအားလည်း ကျောသား၊ ရင်သား မခွဲခြားဘဲ မေတ္တာနှင့်ယှဉ်သော ဓာရဏာတရားကို ဗဟိုမဏ္ဍိုင်ပြုလျက် ကျင့်သုံးစေခြင်းဖြင့် ပြည်သူတွေရဲ့ အကျိုးစီးပွားနှင့် တိုင်းပြည်ရဲ့တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်မှာဖြစ်တယ်။ ပြည်သူ၊ ပြည်သားများကလည်း စည်းနှင့် ကမ်းနှင့်နေပြီး၊ တိုင်းပြည်ရဲ့ တည်ငြိမ်အေးချမ်းရေးကို ဥပဒေဘောင်းတွင်းမှာနေ၍ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရမှာဖြစ်တယ်။ ဒီလိုပြုလုပ်ပေးတာကို မြင်ကြရမည်ဆိုလျှင် အမျိုးသားရေးဝါဒီများနှင့် ငြိမ်းချမ်းရေးဝါဒီများသည် တိုင်းပြည်နှင့်လူမျိုးအတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမှာ ပြည်သူတွေ အထိတ်တလန့်ဖြစ်အောင် ပြည်သူ၊ ပြည်သားများကပင် ပြုလုပ်နေတာမျိုးတွေကို တွေ့ရခြင်းပါ။ ထိုအထိတ်တလန့်ရှိနေကြသော ပြည်သူ၊ ပြည်သားများကို ထို အကြောက်တရားမျိုးတွေမှ ကင်းဝေးနိုင်အောင်၊ ပြည်သူတွေရဲ့ဘဝတွေ လုံခြုံမှုများရရှိနိုင်အောင် အစိုးရက မလွဲမသွေ ဆောင်ရွက်ပေးရမှာ ဖြစ်တယ်။ သို့သော် အစိုးရကိုယ်တိုင်က မလိုအပ်ဘဲ ပြည်သူတွေ အပေါ်မှာ ဖိနှိပ်ချုပ်ချယ်နေခဲ့မည်ဆိုလျှင်တော့ ပြည်သူတွေကို ထို အကြောက်တရားမှ လွန်မြောက်နိုင်ရန် ပြည်သူတွေက ပြည်သူတွေ ဖက်မှ ရပ်တည်ပြီး ဆောင်ရွက်ပေးရမှာဖြစ်တယ်။

သို့သော် ပြည်သူတွေမှာ လက်နက် မရှိပါ။ ဖိနှိပ်ချုပ်ချယ်နေသူများကို ဘယ်လိုတော်လှန်မှာလဲလို့ မေးစရာမေးခွန်းဖြစ်လာတယ်။ ထိုအမေးအတွက် အမေရိကန်နိုင်ငံမှာ ပြည်သူတွေကို အစိုးရများမှ မလိုအပ်ဘဲ ဖိနှိပ်အုပ်ချုပ်နေမှုမျိုးတွေ ဖြစ်လာနိုင်၍ နိုင်ငံရေးသီအိုရီ အရ တရားဥပဒေနှင့်အညီ လက်နက်ကိုင်ဆောင်ခွင့်ကို ရီဂျစ်စတာ ပြုလုပ်၍ ခွင့်ပြုထားတာကို တွေ့ရတယ်။ သို့ရာတွင် နိုင်ငံရေးသီအိုရီ ဆိုသည်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျင့်သုံးပုံခြင်း မတူညီနိုင်တာ ကိုလည်း တွေ့ရတယ်။ ဥပမာ၊ အင်္ဂလန်နိုင်ငံစသော ဥရောပနိုင်ငံ များနှင့် စင်္ကာပူနိုင်ငံစသော အာရှနိုင်ငံများ၌ ပြည်သူများလက်နက် ကိုင်ဆောင်ခွင့်ကို လုံးဝတားဖြစ်ထားခြင်းပါ။

သို့ရာတွင် ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဖြစ်တဲ့ ညှိနှိုင်းဆွေး နွေးခြင်း၊ ငြိမ်းချမ်းစွာဖြင့် ဆန္ဒကို ထုတ်ဖော်ခြင်း၊ လက်မှတ်ကောက်ခံ ၍ ဆန္ဒကို ထုတ်ဖော်ခြင်း စသည်များသည် ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီစနစ်ရဲ့ ငြိမ်းချမ်းရေးအမြုတေဖြစ်တယ်။ ဒီလိုပြုမူ



ဆောင်ရွက်ခြင်းမျိုးဟာ ဒီမိုကရေစီစနစ်အောက်မှာ အစိုးရနှင့် ပြည်သူ အတူလက်တွဲပြီး တိုင်းပြည်နှင့်လူမျိုးကို အပြန်အလှန် စောင့်ရှောက် နေကြခြင်းဖြစ်လို့ နိုင်ငံရေးသီအိုရအရ အညမညသဘောတရားလို့ ဖော်ညွှန်းပြောဆိုတတ်ကြတယ်။

အညမညသဘောတရားကို နားလည်ထားပြီဆိုလျှင် ရပ်ကွက်ထဲမှာ ပြည်သူများ စည်းမဲ့ကမ်းမဲ့ဖြစ်နေခြင်း၊ စီးပွားရေး ကြပ်တည်းနေခြင်း စသောအကြောင်းများကြောင့် အသံဗလံများ ဆူညံလာခြင်းကအစ အရက်သောက်၊ ဖဲရိုက်ခြင်းစတဲ့ လူမှုရေး ပြဿနာတွေအားလုံးကို ဒီမိုကရေစီစနစ်အရ အစိုးရပေါ်လစီ ညံ့ဖျင်း လို့ ဖြစ်ရတာပါလို့ အစိုးရကိုချည်းပဲ လက်ညှိုးထိုး၍ ပြောလို့မရနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ပြည်သူတွေဖက်ကလည်း မလိုအပ်တဲ့နေရာ တွေမှာ အသုံးအဖြုန်းများကို လျှော့ချခြင်း၊ အလုပ်ကို ကြိုးစားလုပ်ကိုင် ၍ ဝင်ငွေထွက်ငွေ မျှတအောင် သုံးစွဲတတ်ခြင်း၊ ရသမျှကို ဝင်ငွေကို စုဆောင်းတတ်ခြင်းစသော ပြည်သူတို့သိသင့်၊ သိထိုက်တဲ့ အခြေခံ စီးပွားရေးသီအိုရီကို နားလည်ထားနိုင်ကြဖို့ပါ။ အစိုးရဖက်ကလည်း ပြည်သူတွေ (မိသားစုအတွက်၊ တိုင်းပြည်အတွက်) အလုပ်လုပ်ချင်စိတ် များ ရှိလာအောင် ပညာပေးခြင်း၊ အလုပ်လုပ်လိုသူများအတွက် ကျော့ပ် ခရီးရေးရှင်း (job creation) လို့ခေါ်တဲ့ အလုပ်အကိုင် အခွင့်အလမ်း များကို ဖန်တီးပေးခြင်း၊ သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းများကို စီးပွားရေး သီအိုရီအရ ဥပဒေနှင့်အညီ အားပေးအားမြှောက် ပြုခြင်းစသော အစိုးရရဲ့တာဝန်များကို ဆောင်ရွက်ပြုလုပ်ပေးရမှာဖြစ်တယ်။

ဒီမိုကရေစီစနစ် ကျင့်သုံးရာမှာ ပွင့်လင်းခြင်းဟာ နိုင်ငံအတွက် ကောင်းပါတယ်။ သို့သော် ပွင့်လင်းတိုင်း မကောင်းပါ။ ဥပမာ၊

www.burmeseclassic.com

www.burmeseclassic.com



မိမိပြောသောစကားသည် တိုင်းပြည်၊ သို့မဟုတ် လူမျိုး၊ သို့မဟုတ် အမျိုးသားရေးကို အကျိုးပြု၊ မပြု စိစစ်နိုင်ဖို့တော့ လိုတယ်။ ပြောချင်တိုင်း ပြောနိုင်တယ်လို့ ဆိုပေမဲ့ ပြောသင့်မှ ပြောတာ ကောင်းတယ်။ မြတ်ဗုဒ္ဓရဲ့ တရားဒေသနာမှာတော့ မိမိအပေါ်မှာ မကျရောက်တဲ့တာဝန်ကို (မိမိနှင့် မဆိုင်တဲ့တာဝန်ကို) မထမ်းရွက်ဘဲ၊ ကျလာတဲ့တာဝန်ကို (ဆောင်ရွက်ရမည့်တာဝန်ကို) ကျေပွန်စွာ ဆောင်ရွက်သူကို ပဏ္ဍိတ (လူမှုအကျိုး စီးပွားတို့၌ ကျွမ်းကျင်သူ) လို့ ဖော်ပြထားတာကို တွေ့ရတယ်။

မည်သူမဆို ဒီမိုကရေစီစကားကို ပြည်သူအား ပြောတော့မည်ဆိုလျှင် ယခုလက်ရှိ အနေအထားအရ တိုင်းပြည်ကို ဘာစနစ်နှင့် အုပ်ချုပ်ထားသလဲ။ အရင်က ဘာစနစ်တွေနှင့် အုပ်ချုပ်ခဲ့သလဲ။ အရင့်အရင်က ဘာစနစ်တွေနှင့် တိုင်းပြည်ကို ကိုယ်စားပြု အုပ်ချုပ်ခဲ့သလဲဆိုတာကို လေ့လာထားသင့်တယ်။ တိုင်းပြည်ကို ခေါင်းဆောင်လုပ်လိုသူများသည် လူငယ်ပဲဖြစ်ဖြစ်၊ လူလတ်ပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် အမျိုးသားနိုင်ငံရေး သဘောတရားသီအိုရီကို လေ့လာထားဖို့ လိုတယ်။

အမျိုးသားနိုင်ငံရေးဆိုတာ တိုင်းပြည်ရဲ့ နှလုံးသားနှင့်တူတယ်။ တိုင်းပြည်ရဲ့ နှလုံးသားကို ထိုးဖောက်ခဲ့မည်ဆိုလျှင် ထိုသူပြစ်မှားခဲ့သောအမှုသည် ထိုသူ့အတွက် ပြစ်ဒဏ်ခတ်ခြင်းကို မလွဲမသွေခံယူရမှာဖြစ်တယ်။ စေတနာဆိုတာ မိမိပြုထားတဲ့ကံကို တန်ပြန်အကျိုးသက်ရောက်စေတဲ့ တရားသဘောဖြစ်တယ်။

နိုင်ငံရေးလုပ်ချင်တဲ့လူဆိုတာ တိုင်းပြည်ရဲ့သမိုင်းကြောင်း၊ လူမျိုးရဲ့သမိုင်းကြောင်းများကို လေ့လာထားသင့်တယ်။ တိုင်းပြည်



တွင်းမှာ နေထိုင်သူမပြောနှင့် တာဝန်အရ ရောက်ရှိလာသော နိုင်ငံခြားသားများသည်ပင် ထိုတိုင်းပြည်နှင့်ထိုလူမျိုး၏ အကျိုးစီးပွားကို အပြုသဘောဆောင်တဲ့အနေနှင့် ဝေဖန်သုံးသပ်မည်ဆိုလျှင် ထိုနိုင်ငံနှင့် ထိုလူမျိုးရဲ့သမိုင်းကို ကြိုတင်လေ့လာထားသင့်ခြင်းပါ။ ဥပမာ၊ တာဝန်သက်တန်းရှိနေစဉ်အခိုက် တိုင်းပြည်တစ်ပြည်အတွင်းသို့ ရောက်လာကြသော သံတမန်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးများ၊ ကုလသမဂ္ဂဆိုင်ရာအကြီး အကဲများအားလုံးကို ရည်ညွှန်းပြောဆိုခြင်းပါ။ အကယ်၍သာ ထိုအရာရှိများ၊ ထိုတာဝန်ရှိသူများသည် တိုင်းပြည်တစ်ပြည်ရဲ့သမိုင်းကြောင်းများကို လေ့လာထားခြင်းမရှိဘဲ တိုင်းပြည်တွင်းမှာ လတ်တလော ဖြစ်ပျက်နေတဲ့ ပြဿနာတစ်ခုကိုသာ မျက်စိတစ်မြင်လေးမျှကြည့်ပြီး ထင်ရာမြင်ရာကို ဝေဖန်ပြောဆိုနေခဲ့ကြမည်ဆိုလျှင် ထိုသူတို့၏ပြောဆိုမှုသည် တရားမျှတမှု မရှိနိုင်တဲ့အပြင် တိုင်းပြည်ရဲ့ပြဿနာများကို ဆွပေးလိုက်သလို ဖြစ်သွားနိုင်ခြင်းပါ။ ငြိမ်းချမ်းရေးအတွက် ဆန့်ကျင်တဲ့ဘက်မှာ ရပ်တည်သွားသလို ဖြစ်သွားနိုင်ခြင်းပါ။

အလားတူစွာပင် တိုင်းပြည်တွင်းမှာ နေထိုင်ကြတဲ့ နိုင်ငံရေးသမားများ၊ အမျိုးသားရေးဝါဒီများ၊ ဘာသာရေးဝါဒီများဟာ သမိုင်းကို မလေ့လာဘဲ၊ တိုင်းပြည်တွင်းမှာရှိနေတဲ့ လူမျိုးရဲ့အနေအထားကို မလေ့လာဘဲ၊ ဘာသာတရားများရဲ့ တန်ဖိုးကို မလေ့လာဘဲ မိမိထင်ရာမြင်ရာများကိုသာ ပြောဆိုနေကြမည်ဆိုလျှင် (ရေးသားနေကြမည်ဆိုလျှင်) ထိုသူတို့၏ အတွေးအမြင် အယူအဆများသည် တိုင်းပြည်တို့ ကိုယ်စားမပြုနိုင်တဲ့အပြင် အမျိုးသားရေးကိုပါ ထိခိုက်စေနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်နိုင်ငံများမှာ နိုင်ငံရေးကို ဦးဆောင်ဦးရွက်ပြုလိုသော ပုဂ္ဂိုလ်များသည် နိုင်ငံရေးသိပ္ပံ (Political Science) ဘာသာရပ်များကို တက္ကသိုလ်ကျောင်းများမှာ တက်ရောက်စဉ်အချိန်အခါတည်းက သင်ယူခဲ့ကြတာကို တွေ့ရှိရတယ်။ ထို့ကြောင့် အမေရိကန်နိုင်ငံ သမ္မတအများစုဟာ နိုင်ငံရေးသိပ္ပံကျောင်းဆင်းများဖြစ်ကြပြီး၊ ဥပဒေဘွဲ့ကို ရရှိထားကြသူများဖြစ်ကြတယ်။ အထက်လွှတ်တော်၊ အောက်လွှတ်တော် အမတ်များသည်လည်း အများစုဟာ ဥပဒေပညာရှင်များ၊ သို့မဟုတ် ဥပဒေပညာရပ်ကို အထူးပြု လေ့လာထားကြသူများဖြစ်တယ်။ နိုင်ငံရေးကို အထူးပြုလေ့လာထားကြသူများဖြစ်၍ တိုင်းပြည်အတွက် ဆွေးနွေးကြရာမှာ အမျိုးသားရေးစိတ်ရှိခြင်း၊ လူ့အခွင့်ရေးများကို ဘောင်စည်းအတွင်းကနေ လေးစားလိုက်နာခြင်းစတဲ့ နိုင်ငံနှင့်လူမျိုးအတွက် ရှိသင့်ရှိထိုက်တဲ့ အရည်အသွေးများ သူတို့တတွေမှာ ရှိနေတာကို တွေ့ရတယ်။

သူတို့လေ့လာတဲ့ နိုင်ငံရေးသိပ္ပံ (Political Science) ဆိုတာ ဘာလဲ။ နိုင်ငံရေးသိပ္ပံ ဘာသာရပ်ဆိုတာ ဘာလဲ။ နိုင်ငံအတွက် သိဖို့လိုလာတယ်။ နိုင်ငံရေးသိပ္ပံဆိုတာ အစိုးရပေါ်လစီကိုရော နိုင်ငံရေးလုပ်ရှားမှုများနှင့် နိုင်ငံရေးအပြုအမူများကိုပါ လေ့လာဆန်းစစ်သော လူမှုရေးသိပ္ပံ လို့ခေါ်တဲ့ ဆိုရှယ်သိပ္ပံ (Social Science) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့လာထားသော ပညာရပ်ဖြစ်တယ်။ နိုင်ငံရေးသိပ္ပံ ဘာသာရပ်ဆိုတာ တိုင်းနှင့် ပြည်နယ်များမှာ အခြေခံမှုအားဖြင့် ကျင့်သုံးနေတဲ့ အစိုးရပေါ်လစီများ၊ လူမှုစီးပွားရေး ပေါ်လစီများနှင့် ဆက်နွယ်နေသော လူမှုရေးသိပ္ပံ (Social Science) ကို အထူးပြုလေလာတဲ့ ဘာသာရပ်တစ်ခုဖြစ်တယ်။



လူမှုရေးသိပ္ပံ ဘာသာရပ်မှာ စီးပွားရေး(Economics), ဥပဒေ(Law), လူမှုဆက်ဆံရေး (sociology), သမိုင်း (history), မနုဿဗေဒ (anthropology), ပြည်သူ့ရေးရာများကို စီမံအုပ်ချုပ်သောဘာသာရပ် (public administration), ပြည်သူ့ရေးရာမူဝါဒများနှင့်ဆိုင်သော ဘာသာရပ် (public policy), ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့်ဆိုင်သော ဘာသာရပ် (national politics & international relations), ဆိုက်ကိုလိုဂျီ (psychology), နိုင်ငံရေးအဖွဲ့အစည်း၊ နိုင်ငံရေးသီအိုရီများနှင့် ဆက်နွယ်နေသော ဘာသာရပ် စသည်များ ပါဝင်နေတာကို တွေ့ရတယ်။ ထို့ကြောင့် တစ်စုံတစ်ယောက်သောသူသည် နိုင်ငံရေးသိပ္ပံဆိုင်ရာ ဘာသာရပ်များကို စနစ်တကျ ပြောဆိုလိုလျှင် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာ (၂၅၀၀ years ago) ကျော်က ပလေတိုးနှင့် အရစ်စတိုတယ်လ်တို့ရေးသားခဲ့သော နိုင်ငံရေးသီအိုရီများကို အခြေခံ၍ ပြောကြ၊ ဆိုကြရခြင်းဖြစ်တယ်။

နိုင်ငံရေးမှာ ထိုကဲ့သို့သော များပြောင်လှသောဘာသာရပ်များ ပါဝင်နေ၍ ရှုပ်ထွေးခြင်း၊ ပွေလီခြင်း၊ ပြဿနာပေါင်းစုံရှိနေခြင်းစသောအကြောင်းများကြောင့် နိုင်ငံ့အကျိုးကို ဦးစီးဦးဆောင်ဘဝမျိုးနှင့် ဆောင်ရွက်လိုကြသောသူများသည် ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းနိုင်ခြင်း၊ အမျိုးသားရေးစိတ်ဓာတ်ရှိခြင်း၊ ငွေကြေးမနေကြောင့်ဖြစ်စေ၊ ရာထူးကြောင့်ဖြစ်စေ၊ အခွင့်အလမ်း တစ်ခုခုကြောင့်ဖြစ်စေ မိမိရဲ့ ဂုဏ်သိက္ခာကို လွှမ်းမိုးမခံရအောင် သတ္တိ၊ ဗျတ္တိနှင့် ပြည့်စုံသော နိုင်ငံသားကောင်း၊ သမီးကောင်းများကို နိုင်ငံတော်မှာ များစွာ လိုအပ်နေခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးဆိုတာ သီအိုရီတစ်ခုဖြစ်တယ်။ ထိုသီအိုရီတစ်ခုမှာပင် သီအိုရီပေါင်း များစွာပါဝင်နေတာကို တွေ့ရတယ်။ ထိုသီအိုရီတွေထဲက သီအိုရီတစ်ခုကို နမူနာအဖြစ် ထုတ်ပြရမည်ဆိုလျှင် - အိုက်စ်ဘာ့ဂ် သီအိုရီ (Iceberg Theory) ရေခဲတုံးသီအိုရီကို ထုတ်ပြရမှာဖြစ်တယ်။ ပင်လယ်ထဲမှာ ပေါလောမျောနေတဲ့ ရေခဲတုံးကြီးကို ဉာဏ်နှင့်လှေ့လာကြည့်လျှင် ရေပေါ်မှာ ပေါ်နေတဲ့အစိတ်အပိုင်းဟာ ရေအောက်မှာ မြုပ်နေတဲ့ အစိတ်အပိုင်းနှင့်နှိုင်းစာလျှင် သေးငယ်သော အစိတ်အပိုင်းလေးတစ်ခုသာဖြစ်သလို၊ နိုင်ငံရေးပြဿနာ၊ နိုင်ငံရေး အရှုပ်အထွေးများမှာလည်း ထင်သာမြင်သာရှိနေသည့် ပြဿနာများသည် ကြီးမားရှုပ်ထွေးသည့်ပြဿနာများနှင့် နှိုင်းယှဉ်လျှင် ထိုထင်သာမြင်သာရှိသော ပြဿနာများသည် အလွန်သေးငယ်သော အစိတ်အပိုင်းမျှသာဖြစ်ကြောင်း ထိုသီအိုရီက ဖော်ညွှန်းပြခြင်းဖြစ်တယ်။

ဥပမာ၊ မြန်မာနိုင်ငံ၌ မကြာခင်က ဖြစ်ပျက်သွားခဲ့သော ဒီမိုကရေစီ ပညာရေးစနစ် တောင်းဆိုရန် ဆန္ဒပြကြတဲ့ ကျောင်းသားအရေးအခင်းမျိုးပါ။ နိုင်ငံရေးပြဿနာများနှင့်ပတ်သက်လာလျှင် ဘယ်အရာမျိုးမဆို ပရိုစ် အင်ဒ် ကွန်းစ် (the pros and cons) အားသာချက်၊ အားနည်းချက်မျိုးဆိုတာ ရှိနေခြင်းပါ။ ဘာပဲလုပ်လုပ် ဒို့လုပ်တာသာ အမှန်တရားဖြစ်တယ်ဆိုရင်တော့ ပို၍မှားသွားဖို့ပင် ရှိနိုင်ခြင်းပါ။

ကျောင်းသားအရေးအခင်းမှာ ကျောင်းသားများ လမ်းလျှောက်ချီတက် ဆန္ဒပြမှုနှင့်ပတ်သက်၍ သမ္မတ အိုဘားမားက ကျောင်းသားများကို ချီးကျူးစကား ပြောကြားခဲ့တယ်။ "မြန်မာနိုင်ငံက လူငယ်တွေဟာ စစ်တပ် အုပ်ချုပ်ရေးကို လက်မြှောက် အရှုံးပေးမယ့်အစား



အကျဉ်းထောင်တွေထဲ သွားခဲ့ကြတယ်။ (လွန်ခဲ့တဲ့ အနှစ် ၅၀ က အမေရိကန်နိုင်ငံမှာ) John Lewis လုပ်ခဲ့တာကို သူတို့မြင်ခဲ့ကြတာပါ။" လို့ ချီးကျူး စကားပြောသွားခဲ့တယ်။

အခြားတစ်ဖက်မှာလည်း ဟစ်အော်ဆန္ဒပြနေသူတွေကလည်း ရှိနေပြန်တယ်။ ဒီမိုကရေစီ ပညာရေးစနစ်ကို တောင်းဆိုနေတဲ့ ဆန္ဒပြကျောင်းသားတွေကို အကြမ်းမဖက်ဖို့ ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့မှာ ဆန္ဒထုတ်ဖော်နေသူတွေကို ရဲနှင့် အရပ်ဝတ်တွေက အင်အားသုံး၍ ဖြိုခွဲခဲ့မှုနှင့်ပတ်သက်၍ ကျောင်းသားအချို့နှင့် ပြည်သူအချို့က - ရဲတပ်ဖွဲ့ကို သင်တန်းပေးနေတဲ့ EU ဥရောပသမဂ္ဂရုံးရှေ့မှာ ဆန္ဒပြ၍ EU ဥရောပသမဂ္ဂကို ပြစ်တင်ဝေဖန်ခဲ့ကြတယ်။ ထိုနောက် ထိုကျောင်းသားတွေက ရဲတပ်ဖွဲ့ကို သင်တန်းပေးနေတဲ့ EU ဥရောပသမဂ္ဂကို ကန့်ကွက်ဆန္ဒပြခဲ့ကြတယ်။

ထိုကန့်ကွက်ဆန္ဒပြမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ်ကြီး ရိုလင့်ဒ် ကိုဘီးယား (Roland Kobia)က "ထိုကျောင်းသားများ ကန့်ကွက်ဆန္ဒပြမှုအပေါ် တုံ့ပြန်စကား ပြောဆိုလာတယ်။ ကျောင်းသားတချို့က EU အပေါ် အပြစ်တင်လိုပုံရှိကြောင်း၊ အကြမ်းဖက် ဖြိုခွဲမှုတွေကို အရပ်ဝတ် အင်အားစုတွေက လုပ်ခဲ့တာဖြစ်ပြီး ဒီအတွက် EU ကို တာဝန်ခံခိုင်းလို့ မရနိုင်ကြောင်း၊ EU အနေနဲ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို (အစိုးရနှင့် NLD အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်တို့ရဲ့ ပန်ကြားမှုကြောင့်) ၂၀၁၃ ခုနှစ်မှစပြီး လေ့ကျင့် သင်ကြားပေးခဲ့တယ်။ ဒီသင်တန်းတွေရဲ့ ရည်ရွယ်ချက်က လူ့အခွင့်အရေးများ လေးစားလိုက်နာမှုကို မြှင့်တင်ပြီး အရေးပါတဲ့ ညှိနှိုင်းဆွေးနွေးမှုတွေကို လုပ်နိုင်ဖို့၊ မလွဲသာ၍ လူစုလူဝေးကို ဖြိုခွဲမှု

www.burmeseclassic.com

www.burmeseclassic.com



ပြုကြရတော့မည်ဆိုလျှင် ထိုဖြိုခွဲမှုကို နောက်ဆုံးအဆင့်မှာထားပြီး လုပ်ဆောင်ကြဖို့ ရည်ရွယ်ပြီး ရဲတပ်ဖွဲ့ကို သင်ကြားပေးခဲ့တာ ဖြစ်တယ်''လို့ တုန့်ပြန်ပြောဆိုထားတယ်။ နိုင်ငံရေးဆိုတာ ဒီလိုပါပဲ။ ပြဿနာတစ်ခုကို သူ့ဘက် ကိုယ်ဘက် အမြင်နဲ့ ပြောကြခြင်းဖြစ်တယ်။ အရေးကြီးတာက ပြဿနာကို ငြိမ်းအေးစွာဖြင့် ဖြေရှင်းနိုင်ကြဖို့ပါ။

နိုင်ငံရေးနှင့် နိုင်ငံရေးအရှုပ်အထွေး၊ နိုင်ငံရေးပြဿနာနှင့် လူ့အခွင့်ရေးပြဿနာ၊ ဘယ်ပုံစံနှင့်ပဲနေနေ၊ ဘယ်အနေအထားနှင့်ပဲထားထား၊ ပြဿနာကတော့ ပြဿနာပါပဲ။ သို့သော် တချို့ပြဿနာများဟာ ပြည်သူ၊ ပြည်သားတွေ အမျှော်အမြင်ရှိရင် ပြဿနာဟု မဆိုသာပါ။ ဖြေရှင်းလို့ရနိုင်တဲ့ အနေအထားမျိုးမှာ ရှိနေခြင်းပါ။

ထိုကြောင့် နိုင်ငံရေးသဘောတရားအရ နိုင်ငံရေးအရှုပ်ထွေးတွေဆိုတာ နိုင်ငံသားတွေ ရှိနေသမျှ ကာလပတ်လုံး ပြဿနာဆိုတာ ရှိနေမှာဖြစ်တယ်။ စားပွဲဝိုင်းမှာ အတူထိုင်၍ ပြဿနာများကို ဆွေးနွေးခြင်း၊ ဆွေးနွေးတဲ့အခါ အမျိုးသားရေးနှင့် နိုင်ငံရေးသစ္စာကို စောင့်စည်းလိုသော စိတ်များကို မွေးမြူထားခြင်း၊ တိုင်းပြည်အကျိုးစီးပွားအတွက် မိမိရဲ့အကျိုးစီးပွားကို ရှေ့တန်းတင်မထားခြင်း၊ တိုင်းပြည်သမိုင်းကောင်းဖို့အတွက် မိမိတို့ဖက်မှ ပေးဆပ်ရဲတဲ့ စိတဓာတ်မျိုးရှိခြင်းစတဲ့ နိုင်ငံသားကောင်းတစ်ယောက်မှာ ရှိသင့်ရှိထိုက်သော အရည်အသွေးများ ရှိထားကြမည်ဆိုလျှင် - တိုင်းပြည်အတွက် ဆွေးနွေးခဲ့ကြသော ဆွေးနွေးပွဲကြောင့်လည်း တိုင်းပြည်ကြီး မဆုညံနိုင်သလို၊ ဆွေးနွေးပွဲရလဒ်ကြောင့်လည်း ကျောင်းသား၊ ကျောင်းသူများ ဆူညံကြမည် မဟုတ်ပါ။ မျိုးချစ်စိတ်ရှိသူဆိုတာ တိုင်းပြည်ကောင်းစားရေးအတွက်



ဆိုလျှင် သွေးနှင့်ရေးတဲ့ မော်ကွန်းမျိုးကို နှလုံးသားမှာ ထိုးရဲကြသူများ ဖြစ်ကြလိမ့်မည်ဟု တွေးဆမျှော်မြင်မိခြင်းပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## ပြောင်းချင်ပေမဲ့ ပြောင်းဖို့ခက်နေတဲ့ မြန်မာ့နိုင်ငံရေး

မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ်နှင့် အသွင်ကူးပြောင်းနိုင်ဖို့အတွက် အစည်းအဝေးတွေလည်း အကြိမ်ကြိမ် ပြုခဲ့ကြပြီ။ လူထုတွေလည်း အကြိမ်ကြိမ် လမ်းပေါ်တက်၍ ဆန္ဒတွေလည်း ပြခဲ့ကြပြီ။ သို့သော် အရေးကြီးတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကတော့ ဖြစ်မလာသေးပါ။

ပြုပြင်ပြောင်းလဲရေးပြုလုပ်ရာမှာ အစိုးရနှင့်ပြည်သူ ဆန္ဒတွေတူညီနေခဲ့လျှင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေကို အကောင်အထည်ဖော်ရာမှာ ပိုမို၍ လျင်မြန်စွာ ဆောင်ရွက်နိုင်မှာဖြစ်တယ်။ သို့သော် အစိုးရ ဘာလုပ်လုပ် ပြည်သူတွေက မထောက်ခံခဲ့လျှင်၊ ပြည်သူတွေ ဘာလုပ်လုပ် အစိုးရက အတည်ပြုပေးနိုင်ရန် ညှိနှိုင်းမှုများ ပြုလုပ်မပေးနိုင်ခဲ့လျှင် နိုင်ငံတော်ကို ဒီမိုကရေစီစနစ်နှင့် စနစ်တကျ တည်ဆောက်နိုင်ဖို့ဆိုတာ အဝေးကြီးမှာ ရှိနေဦးမှာဖြစ်တယ်။

သို့သော် ပြုပြင်ပြောင်းလဲရေးကာလမှာ ပြည်သူတွေ အထူးညီညွတ်ဖို့ လိုအပ်နေတယ်၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ



အတွက် ပြည်သူတွေ သိသင့်သိထိုက်သည့်အရာများကိုလည်း ကွဲပြားခြားနားစွာ သိထားဖို့ လိုအပ်တယ်။ ဥပမာ၊ ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေး။ နိုင်ငံတော်အတွက် စိတ်ခံစားမှုနှင့် အသိတရားရှိမှု။ ပြည်တွင်းပယောဂနှင့် ပြည်ပပယောဂ စတဲ့ ကိစ္စအဝဝကို ပြောမှသိနိုင်တာမျိုးမဟုတ်ဘဲ၊ မပြောဘဲနှင့်လဲ စာမှတစ်ဆင့်၊ ပေမှတစ်ဆင့် စသည်ဖြင့် သိနိုင်အောင် ကြိုးစားထားကြရမှာဖြစ်တယ်။ ပြည်သူတွေ အလိမ်အညာမခံရအောင် စာများများ ဖတ်ဖို့လိုတယ်။ ကောလာဟလကို သံယောင်လိုက် နေသူအများစုဟာ စာဖတ်နည်းနေသူများဖြစ်နေတာကို လေ့လာသတိပြုမိတယ်။

အချို့အချို့သော ပြဿနာများဟာ အကြောင်းရင်းတွေက အသွင်တူနေတတ်၍ သဲကွဲစွာသိနိုင်ရန် အသိခက်နေတတ်ခြင်းပါ။ လက်ပံပွင့်နှင့်ပေါက်ပွင့်တူသလို တူနေတတ်ခြင်းပါ။ ဥပမာ၊ လက်ပံပွင့်နှင့် ပေါက်ပွင့်တို့ဟာ ပွင့်ချိန်ချင်းကလည်း တူနေတယ်။ ပွင့်ပုံချင်းကလည်း ဆင်နေတယ်။ ရဲတဲ့အရောင်ချင်းကလည်း တူနေလေတော့ ဒီအပင်နှစ်မျိုးရဲ့ သဘောသဘာဝကို သဲကွဲစွာ သိမထားကြဘူးဆိုရင် "ရဲရဲမြင်တိုင်း ပေါက်ပွင့်မထင်နဲ့" ဆိုတဲ့ စကားပုံတစ်ခု မြန်မာစာပေမှာ ထွက်ပေါ်လာနိုင်စရာ အကြောင်းမရှိပါ။

လောကမှာ အဖြူအမဲ မသဲကွဲတဲ့ အရာတိုင်းမှာ ရှုပ်ထွေးခြင်းဆိုတဲ့ အကျိုးတရားတွေဟာ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်နေတတ်ခြင်းပါ။ အကျိုးတရားတိုင်းမှာလည်း အကြောင်းတရားက အခြေခံထားတယ်ဆိုတဲ့ သီအိုရီကိုလည်း လက်ခံမထားဘူးဆိုရင် ပြဿနာရဲ့ အကြောင်းရင်းကို ရှာဖို့ဖွေဖို့ ခက်ခဲနေတတ်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



လူတွေပြောပြောနေတဲ့ ပြဿနာဆိုတာကြီးဟာ အကြောင်းတရားကြောင့်ဖြစ်တာလား၊ အကျိုးတရားကြောင့်ဖြစ်တာလားဆိုတာကို စိစစ်ကြည့်တဲ့အခါ လောကကြီးထဲမှာ ရှုပ်ထွေးစရာအကြောင်းတွေက များစွာရှိနေတာကို တွေ့ရခြင်းပါ။ အမှန်တရားရဲ့တန်ဖိုးဟာ အမှားပြောသူကြောင့် ပျက်စီးသွားနိုင်သလို၊ သူများပိုင်နက်ထဲကို ကျူးကျော်ဝင်ရောက်လာသူက လူ့အခွင့်ရေးစကားကို ဦးအောင်ပြောခြင်းဖြင့် ပြဿနာက ကြီးထွားလာနိုင်ခြင်းပါ။ ထိုကြောင့်ပေလားမသိ အမေရိကန်နိုင်ငံတို့လို နိုင်ငံမျိုးတွေမှာ လူစိမ်းတွေ အိမ်ရှင်ကို ခွင့်မယန်ပဲ အိမ်ကွင်းထဲကို ကျူးကျော်ဝင်ရောက်လာခဲ့ရင် ကိုယ်ကိုယ်ကို ကာကွယ်နိုင်ဖို့ အခွင့်အရေးကို အိမ်ရှင်အတွက် ပြဋ္ဌာန်းထားပေးထားတာကို တွေ့ရတယ်။ ဒါလဲ အဓိပ္ပါယ်ရှိတယ်လို့ ဆိုနိုင်တယ်။

နိုင်ငံရေးဆိုတာ တစ်ခါမနိုင်၊ နောက်တစ်ခါ ကြိုးစားနိုင်ခွင့်တော့ ရှိစမြဲပါ။ သို့သော် ရှုပ်ထွေးကျပ်တည်းလှတဲ့ နိုင်ငံရဲ့ရေးပြဿနာတွေထဲမှာ ပြည်သူတွေဟာ ဘောလုံးစည်းမျဉ်းစည်းကမ်းကို နားမလည်ဘဲနဲ့ ဘောလုံးပွဲကို ကြည့်နေရသလို ဖြစ်နေတတ်ခြင်းပါ။

နိုင်ငံ့ခေါင်းဆောင်များနှင့် အတိုက်အခံခေါင်းဆောင်များဟာ နိုင်ငံတော်အတွက် စီမံကိန်းများကို ချမှတ်ကြရတဲ့အခါမှာ - ကိုယ်က နိုင်ငံတော်အတွက် ပြုလုပ်နေကြတာလား။ ကိုယ့်အတွက် နိုင်ငံတော်ကို ဝေခြမ်းခွဲဝေနေကြတာလား။ ပြည်သူတွေအကြားမှာ မေးစရာမေးခွန်းတွေ ဖြစ်လာနေခြင်းပါ။

အစိုးရနှင့်အတိုက်အခံတို့ဟာ လက်ပံပင်နှင့် ပေါက်ပင်တို့လို လူတွေအတွက် အနေအထားတစ်ခုကို ကိုယ်စားပြုနိုင်တာကို တွေ့မြင်နေရတယ်။ ဥပမာ၊ လက်ပံကို ကိုယ်စားပြုထားတဲ့ "လက်ပံ"



ဇာတ်ကားအမည်နှင့် ရုပ်ရှင်လောကမှာ အကယ်ဒမီများပင် ရရှိသွားခဲ့သလို၊ ပေါက်ပင်ဆိုတဲ့အမည်ကို ကိုယ်စားပြုထားတဲ့ "ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်" ဆိုတဲ့ ကဗျာလေးကလဲ ကဗျာလောကမှာ ထင်ပေါ်ကျော်ကြားနေခဲ့တယ်။

လက်ပံပန်းနှင့် ပေါက်ပန်းတို့ဟာ ကိုယ်ပိုင်အသွင်၊ ကိုယ်ပိုင်အလှ၊ ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ပိုင် အဆင်းတွေနှင့် လောကကို အလှဆင်ပေးခဲ့ကြသော်လည်း သူတို့ရဲ့အလှကို မခံစားတတ်ကြသူများနှင့် သူတို့ရဲ့ဘဝတွေကို စာနာမှုများ မထားနိုင်ကြသူတွေကတော့ "လက်ပံဖူးချိန် ခွေးရူးချိန်" "လက်ပံပွင့်ချိန် ခွေးလွင့်ချိန်" ဆိုတဲ့ အနေအထားမျိုးနှင့်ရော၊ "ပေါက်ပွင့် ခွေးမျှော်" ဆိုတဲ့ အနေအထားမျိုးတွေနှင့်ပါ လက်ပံပန်းနှင့် ပေါက်ပန်းတို့ရဲ့ သဘာဝအလှကို အကြည်းတန်တဲ့ စကားမျိုးတွေကို သုံးနှုန်းခဲ့ကြတယ်။

အကယ်၍သာ ပေါက်ပင်ရဲ့အလှကို စာဖတ်သူက သဲကွဲစွာ သိမထားဘူးဆိုလျှင် သဘာဝအတိုင်း ကိုင်းနေတဲ့ ပေါက်ပင်ကို ဖိုင်းနားလို့ ကိုင်းရတာပါဆိုတဲ့ ကဗျာဆရာရဲ့ အဖွဲ့အနွဲ့ကို နားလည်ပေးနိုင်မေလိမ့်မယ်။ ဘဝထဲမှာ နေကြရတဲ့သူတွေဟာ သဘောတရားနှင့် ဖြစ်စဉ်၊ စာရေးသူများရဲ့ ပြောလိုသောဆန္ဒနှင့် စာဖတ်သူများ တွေးထင်သော အသိအမြင်တို့ဟာ တစ်ခါတစ်ရံမှာ တူညီနေတတ်ပေမဲ့၊ တစ်ခါတစ်ရံမှာလဲ မတူညီဘဲ ရှိနေတတ်ပြန်တယ်။

သဘောထားကွဲလွဲတာကို အကြမ်းဖျင်းအားဖြင့် ပြဿနာလို့ အထင်ရှိနေကြပေမဲ့၊ ထိုသဘောထား ကွဲလွဲတာကို ဟာမိုနီ (harmony) ဖြစ်အောင်၊ ဆိုလိုတာက သွေးစည်းညီညွတ်မှု ဖြစ်အောင် လုပ်နိုင်ကြဖူးဆိုရင်တော့ ပြဿနာဟာ ပိုမိုကြီးထွားလာနိုင်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာ "ငါနှင့်မတူ ငါ့ရန်သူ" ဆိုတဲ့ ထိုးနှက်ချက်တွေနှင့်၊ "အသွင်မတူ အိမ်သူမဖြစ်" ဆိုတဲ့ စကားမျိုးတွေနှင့် ပြဿနာကို မီးမွှေးပေးတတ်ကြပြန်တယ်။ အကယ်၍သာ အရာရာတိုင်းမှာ "အသွင်တူမှ အိမ်သူဖြစ်" ကြရမည်ဆိုလျှင် ဒီလောကမှာ လူသား မျိုးနွယ်တွေ ဆိတ်သုဉ်းသွားနိုင်တာဟာ ဒိုင်နိုဆောတွေ ဒီကမ္ဘာမြေမှာ ပျောက်ကွယ်သွားတဲ့အချိန်တွေနဲ့ သိပ်ကွာခြားလှမည်မဟုတ်ပါ။

"ငါနှင့်မတူ ငါ့ရန်သူ"လို့ ရွှေမြန်မာတို့ မကြာခဏ ပြောလေ့ပြောထရှိနေတဲ့ စကားမှာ အဓိပ္ပါယ်အမျိုးမျိုး ပါဝင်နေတာကို တွေ့ရတယ်။ သဘောထားကွဲလွဲမှုဟာ ပြဿနာကို ဖြစ်ပေါ်စေနိုင်သလို၊ သဘောထား ကွဲလွဲမှုကို အခြေခံပြီး သွေးစည်းညီညွတ်မှုကို ဖြစ်အောင်လည်း ပြုလုပ်နိုင်တယ်လို့လဲ အဓိပ္ပါယ်ရနေခြင်းပါ။ အရာရာတိုင်းမှာ သဘောထားကွဲလွဲနေတာကို ပြဿနာလို့ မဆိုနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် သဘောထား ကွဲလွဲခွင့်မှုဟာ လူသားတို့ရဲ့ မွေးရာပါအခွင့်ရေးလို့ ဆိုနိုင်ခြင်းကြောင့်ဖြစ်တယ်။

ဥပမာ၊ သားသမီးလေးတွေ မမွေးဖွားခင်မှာ အဖေ့ဆန္ဒက သမီးမိန်းကလေးကို လိုချင်တယ်။ အမေ့ဆန္ဒက သားယောကျ်ားလေးကို လိုချင်တယ်။ ဒါဟာ တကယ်တော့ သဘောထားကွဲလွဲနေခြင်းပါ။ သို့သော် ဒီအစ်ရှူးဟာ ပြဿနာမဟုတ်ပါ။ သဘောထား ကွဲလွဲခွင့်ရှိလို့သာ သဘောထားကွဲလွဲနေခြင်း ဖြစ်တယ်။ ဒီအတွက် အဖေနှင့် အမေ ရန်ဖြစ်နေစရာမလိုပါ။ ဘုံသဘောတူညီမှုကို ညှိနှိုင်းယူနိုင်ပြီး ဘာလေးပဲမွေးမွေး ငါတို့ရဲ့ကလေးဟာ ငါတို့ကလေးပါဘဲလို့ ညှိနှိုင်းနိုင်ခဲ့ကြမည်ဆိုလျှင် သဘောထားကွဲလွဲနေသော်လည်း ဟာမိုနီဖြစ်နေနိုင်ခြင်းပါ။ သဘောထားကြီးတယ်ဆိုတာ သဘောထားကြီးသူတို့ပြုမူတဲ့ အလေ့အထတစ်ခုလို့ သိထားခြင်းပါ။



မကြာခင်က မြန်မာနိုင်ငံမှာ ညီလာခံကြီးနှစ်ခု ပြီးသွားခဲ့တယ်။ တစ်ခုက ပညာရေးညီလာခံ။ နောက်တစ်ခုက မဘသညီလာခံတို့ဖြစ်တယ်။ နောက်ပြီး ဥပဒေအချို့ ပြင်ဆင်နိုင်ဖို့ ဥပဒေမူကြမ်း ၇-ခုကို ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးကြမှာလည်း ဖြစ်တယ်။ ထိုဆွေးနွေးမည့် ဥပဒေမူကြမ်း ၇-ခု ထဲမှာ ဥပဒေပုဒ်မ ၄၃၆ နှင့် ဥပဒေပုဒ်မ (၅၉) (စ) တို့ ပါဝင်နေကြတာကြောင့် စိတ်ဝင်စားမိတယ်။

ထိုဆွေးနွေးမှုမှာ ရလာဒ်တစ်မျိုးမျိုးတော့ ထွက်လာနိုင်လိမ့်မယ်လို့ မျှော်လင့်နေမိတယ်။ ၂၀၁၅-ခု ရွေးကောက်ပွဲအတွက် ပြည်တွင်း၊ ပြည်ပမှာ ရှိနေတဲ့ ပြည်သူတွေ စိတ်လှုပ်ရှားနေတဲ့ သဘောတွေကို တွေ့မြင်နေရတယ်။ တိုင်းပြည်ကို တကယ်ချစ်ကြသူများဟာ ထွက်ပေါ်လာသော အကျိုးရလာဘ်ပေါ်မှာ စိတ်ခံစားမှုကို အခြေခံ၍ စိတ်ထင်တိုင်း ပြဿနာကို ကြီးထွားစေနိုင်တဲ့ စကားမျိုးကို မပြောကြဘဲ တိုင်းပြည်အတွက်၊ လူမျိုးအတွက်၊ ဘာသာ သာသနာများအတွက် ဟာမိုနီဖြစ်စေနိုင်တဲ့ ညီညွတ်ရေးပါတဲ့ စကားမျိုးကို ပြောကြ၊ ဆိုကြ၊ ရေးသားကြဖို့ကိုလည်း တိုက်တွန်းလိုခြင်းပါ။

ဥပဒေများကို ပြင်ဆင်နိုင်ရန် လွှတ်တော်မှာ မဲပေး၍ ဆုံးဖြတ်ကြရာ ဥပဒေ ၅၉(ဃ) ကလွဲရင် ကျန် ပြင်ဆင်ရန် ရည်ရွယ်ထားသော ဥပဒေများကို ပြင်ဆင်နိုင်ရန် မဲအလုံအလောက်မရရှိဘူးလို့ သတင်းတွေ ထွက်ရှိလာတယ်။ စိတ်မကောင်းဖြစ်မိပါ၏။

၂၀၁၅-ခု ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဘသအဖွဲ့ကြီးကလည်း သတင်းတစ်ပုဒ် ထုတ်ပြန်ထားတာကို တွေ့ရတယ်။ ၂၀၁၅-ခု ရွေးကောက်ပွဲကြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အောင်အောင်မြင်မြင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီးစီးသွားနိုင်ဖို့ ဆန္ဒရှိကြောင်း၊ မဘသအဖွဲ့အနေနဲ့ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်ကို မဲပေးဖို့နှင့် ဝေဖန်အကြံပြုတာမျိုးကို လုပ်မှာမဟုတ်တဲ့အကြောင်း၊ ဒါပေမဲ့ ပြည်သူတွေ ခေါင်းဆောင်အရွေးမှားမှာကိုတော့ မလိုလားကြောင်းနှင့်၊ အင်တာနက်စာမျက်နှာတွေပေါ်မှာ အမျိုးသားရေးနဲ့ ဘာသာယဉ်ကျေးမှုများကို ထိခိုက်စေနိုင်တဲ့ မဖွယ်မရာ ညစ်ညမ်းစာတွေ၊ ရုပ်ပုံတွေ အသုံးပြုပြီး သံဃာတော်တွေနဲ့ လူပုဂ္ဂိုလ်တွေကို စော်ကားတာမျိုးတွေ မလုပ်ကြဖို့ကိုလည်း တိုက်တွန်းထားတာကို တွေ့ရတယ်။

ဂျပန်နိုင်ငံ တိုကျိုမြို့၊ United Nations တက္ကသိုလ်မှာ နွေနှန်လ ၂၀ ရက်နေ့က ကျင်းပခဲ့တဲ့ အာရှတိုက် ငြိမ်းချမ်းရေး တည်ဆောက်မှု၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်လာတဲ့ အရှေ့တီမော သမ္မတဟောင်း ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဟိုဆေးရာမို့စ်ဟွန်တာက ချန်နယ်လ် နယူးစ် အေရှ (Channel News Asia) သတင်းဌာနက မေးမြန်းရာမှာ ပြောဆိုသွားခဲ့တာက - နိုင်ငံတကာ အသိုင်းအဝန်းအနေနဲ့ မြန်မာနိုင်ငံအပေါ်မှာ အလွန်အမင်း ဖိအားမပေးသင့်ကြောင်း၊ မြန်မာအစိုးရဟာ အလွန်ခက်ခဲရှုပ်ထွေးတဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရတယ်လို့ ပြောဆိုသွားတာကိုလည်း ဖတ်ရှုလိုက်ရတယ်။

တိုင်းပြည်ကို ပြဿနာတွင်းထဲသို့ မကျရောက်စေလိုလျှင် အမေရိကန်သမ္မတ ဂျွန်ကနေဒီပြောတဲ့ စကားတစ်ခွန်းကို အမှတ်ရနိုင်ကြဖို့ပါ။ သမ္မတဂျွန်ကနေဒီက - "ကိုယ့်တိုင်းပြည်၊ ကိုယ်လူမျိုးကို တကယ် ချစ်တဲ့လူဆိုတာ တိုင်းပြည်က ငါ့အတွက် ဘာလုပ်ပြီးပြီလဲလို့ မမေးပါနဲ့၊ ငါက တိုင်းပြည်အတွက် ဘာလုပ် ပြီးပြီလဲ မေးပါ"တဲ့။



သူ့လိုစိတ်ဓာတ်မျိုးနှင့် ကိုယ့်ကိုယ်ကို ပြန်မေးနိုင်ကြမည်ဆိုလျှင် ဒီတိုင်းပြည်ကြီး ပြုပြင်နိုင်ဖို့ ဒီလောက်ခက်နေမည် မဟုတ်ပါ၊ ဒီတိုင်းပြည်ကြီး တိုးတက်နိုင်ဖို့ ဒီလောက်ကြာနေမည်မဟုတ်ပါ။

အကယ်၍သာ မြန်မာပြည်ဖွား ပြည်သူ၊ ပြည်သားအားလုံးတို့သည် တိုင်းပြည်အတွက်၊ လူမျိုးအတွက် ဘာလုပ်ပြီးပြီလဲလို့ ကိုယ့်ကိုယ်ကို မေးမြန်းပြီး၊ တိုင်းပြည်ရဲ့ လိုအပ်ချက်နှင့် တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးကို အကြမ်းမဖက်တဲ့နည်းနှင့် ပါဝင်ကူညီဆောင်ရွက်ပေးကြမည်ဆိုလျှင် လူမျိုးလည်းတင့် ပညာဆိုတာဟာလည်း မြင့်တက်လာနိုင်မှာဖြစ်တယ်။ ပညာရေးများ ကောင်းမွန်လာမည်ဆိုလျှင် ပညာက လူမျိုးကိုစောင့်လို့၊ လူမျိုးက တိုင်းပြည်ကို ပြန်လည်စောင့်ထိန်းနိုင်မှာဖြစ်တယ်။ တဖန် တိုင်းပြည်ကလည်း ပြည်သူကို ပြန်လည် စောင့်ရှောက်လာနိုင်မှာဖြစ်တယ်။ တိုင်းပြည်ကြီးကို အမှန်တကယ် ဒီမိုကရေစီစနစ်ဆီသို့ အမှန်တကယ် ပြောင်းချင်ကြတယ်ဆိုလျှင် ကျရာတာဝန်များကို မညီးမညူ အတူတကွ ထမ်းရွက်ကြပြီး တိုင်းပြည်ကို စနစ်ကောင်းတစ်ခုဆီသို့ အလျှင်အမြန် စုပေါင်းအားဖြင့် ပြုပြင်ပြောင်းလဲပေးနိုင်ကြဖို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံနှင့် လူများစု လူနည်းစု ပြဿနာ

ရွေးကောက်ပွဲကြီး နီးလာပြီဆိုတော့…။ မြန်မာနိုင်ငံ၌ ပြဿနာတွေက ပိုမို၍ ရှုပ်ထွေးလာတယ်။ လူမျိုးစုပြဿနာ၊ ပညာရေးနှင့် ဆက်နွယ်နေတဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာပြဿနာ၊ နယ်မြေလုံခြုံရေးနှင့် ဆက်နွယ်နေတဲ့ ငြိမ်းချမ်းရေးပြဿနာများအပြင် နိုင်ငံရေးသီအိုရီတစ်ခုဖြစ်တဲ့ လူများစု၊ လူနည်းစုနှင့်ဆက်နွယ်နေတဲ့ ပြဿနာများပါ ပါဝင်နေ၍ များစွာအံ့အားသင့်မိတယ်။

ယနေ့ နိုင်ငံတကာရဲ့ နိုင်ငံရေးအခြေအနေများကို လေ့လာသုံးသပ်ကြည့်လျှင် ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို နိုင်ငံကို ကိုယ်စားပြုတဲ့ လူမျိုးဆိုတာရှိတယ်။ ထိုလူမျိုးဟာ ထိုနိုင်ငံမှာ အများစုဖြစ်တဲ့ လူမျိုးလို့ ယေဘုယျသဘောအားဖြင့် ပြောလို့ရတယ်။ ဥပမာ၊ အင်္ဂလန်နိုင်ငံမှာ အင်္ဂလိပ်လူမျိုးက နိုင်ငံရဲ့ကိုယ်စားပြု လူမျိုးဖြစ်သလို၊ မလေးရှားနိုင်ငံမှာလည်း မလေးလူမျိုးက နိုင်ငံရဲ့ကိုယ်စားပြု လူမျိုးဖြစ်တယ်။ သို့သော် ထိုနိုင်ငံများမှာ အခြားလူမျိုးများလည်း ရှိနေခြင်းပါ။



ထိုနိုင်ငံများမှာ အများစုဖြစ်တဲ့လူမျိုးက နိုင်ငံရဲ့ကိုယ်စားမပြုခဲ့လျှင် ထိုနိုင်ငံရဲ့ အမည်ဆိုတာလည်း ထင်ရှားရှိလာနိုင်စရာအကြောင်းမရှိပါ။ ဥပမာ၊ မလေးရှားနိုင်ငံမှာ မလေးလူမျိုးက နိုင်ငံကို အဓိကအားဖြင့် ကိုယ်စားပြုမထားဘူးဆိုလျှင် မလေးရှားနိုင်ငံဆိုတာ ရှိချင်မှရှိမှာပါ။ သို့မဟုတ် တခြားလူမျိုးများရဲ့ အမည်ကို ကိုယ်စားပြု၍ နိုင်ငံအမည်လည်း ပြောင်းလဲသွားနိုင်ခြင်းပါ။ ထို့ကြောင့် မလေးရှားနိုင်ငံကို မလေးလူမျိုးများက ကိုယ်စားပြုထားသောကြောင့် မလေးလူမျိုးများကို ဘူမိပုတြ (ဘူမိပုတ္တ) နိုင်ငံရဲ့သားရင်း၊ နိုင်ငံသားစစ်စစ် ဖြစ်ကြသောကြောင့် နိုင်ငံသားအခွင့်ရေးကို အများထက်ပို၍ ပေးထားခြင်းကို လေ့လာသိရှိရတယ်။ ဥပမာ၊ အိမ်ဝယ်လျှင် ဘူမိပုတြလူမျိုးဖြစ်၍ အိမ်ရဲ့တန်ဖိုးကို ၁၀% မှ ၁၅% ရာခိုင်နှုန်းထိ လျှော့ပေး၍ ရောင်းချရကြောင်း လေ့လာသိရှိရတယ်။ ဘဏ်များမှာ စီးပွားရေးလုပ်လို၍ ငွေချေးလျှင်လည်း ထိုဘူမိပုတြများကို အထူးအခွင့်ရေးပေး၍ နိုင်ငံတော်အစိုးရမှ ချေးငွေများကို ထုတ်ချေးပေးတယ်။ ဒါဟာ သူတို့နိုင်ငံက ပြဋ္ဌာန်းပေးထားတဲ့ နိုင်ငံသားအခွင့်ရေးပါ။

မြန်မာနိုင်ငံမှာလည်း နိုင်ငံကို ကိုယ်စားပြုသော မြန်မာလူမျိုးဆိုတာ အများစုအားဖြင့် ဟိုရှေး ပဝေသဏီခေတ်များဆီက အစပြု၍ ရှိလာခဲ့တာကြောင့် ဒီမြေ၊ ဒီရေ၊ ဒီတော၊ ဒီတောင်တွေကို နယ်နိမိတ်သတ်မှတ်ပြီး၊ နိုင်ငံတစ်နိုင်ငံကို ထူထောင်ခဲ့ကြတယ်။ ထိုသို့ထူထောင်ရာတွင် ဒီနိုင်ငံကို လူမျိုးကိုယ်စားပြု အမည်တပ်ပြတဲ့ခေါ် မြန်မာနိုင်ငံဆိုတာ ဖြစ်ပေါ်လာခြင်းဖြစ်တယ်။ သို့သော် ဤနိုင်ငံတွင်းမှာ ဘာသာစကားမတူ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများမတူသော

www.burmeseclassic.com

www.burmeseclassic.com



လူများလည်း ပါဝင်နေခြင်းပါ။ ထိုလူများကို ဘာသာစကား မတူမှု၊ ယဉ်ကျေးမှုဓလေ့ထုံးစံများမတူညီမှုကို အကြောင်းပြု၍ လူမျိုးစုဆိုတာလည်း ဖြစ်ပေါ်လာခြင်းပါ။

အကယ်၍သာ လူနည်းစုဖြစ်သော လူများသည် လူသူမရှိသေးသော နေရာတစ်ခုသို့ (ဥပမာ၊ လကမ္ဘာပေါ်မှာဖြစ်စေ၊ သောကြာဂြိုဟ်ပေါ်မှာဖြစ်စေ လက်ဦးမှုယူ၍ ထိုနေရာသို့) ဦးစွာပထမ သွားရောက်၍ မြို့ရွာနိုင်ငံကို တည်ထောင်ကြမည်ဆိုလျှင် ထိုနိုင်ငံသည် ထိုလူမျိုး၏ နိုင်ငံဖြစ်လာနိုင်ခြင်းပါ။ ဒါက လူမျိုးနှင့်နိုင်ငံတို့ရဲ့ ဆက်စပ်နေခြင်း အခြေခံသဘောတရားကို တင်ပြခြင်းပါ။

သို့သော် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးမှာ လူများစု၊ လူနည်းစုဆိုတဲ့ နိုင်ငံရေးသီအိုရီ သဘောတရားအရ လူမှုရေးပြဿနာများသည် နိုင်ငံတိုင်းမှာ ရှိနေခြင်းပါ။ နိုင်ငံတစ်နိုင်ငံရဲ့ ပြဿနာဆိုတာ နိုင်ငံတွင်းမှာ နေသူများရဲ့ အတွေးအခေါ် အမြော်အမြင်ရှိမှု၊ မရှိမှုကို မူတည်၍ ဖြစ်ပေါ်လာခြင်းပါ။ ဥပမာ၊ ကိုယ်ဖြစ်ချင်တာ မဖြစ်ခြင်းကိုလည်း ပြဿနာလို့ ခေါ်နိုင်သလို၊ ကိုယ်ရချင်တာ မရခြင်းကိုလည်း ပြဿနာလို့ ထင်မှတ်နေကြခြင်းပါ။ ထိုပြဿနာများကို နည်းနိုင်သမျှ နည်းသွားနိုင်အောင် ဒိုင်ခံ၍ ဖြေရှင်းပေးနေရသူများက နိုင်ငံခေါင်းဆောင်များ၊ သို့မဟုတ် ရွေးကောက်ခံ အမတ်များ ဖြစ်နေကြခြင်းပါ။

ထိုသို့ဖြေရှင်းပေးရာမှာ တရားမျှတမှု၊ ရှိ မရှိကို ပြည်သူ၊ ပြည်သားများ သိရှိနိုင်အောင် ပြည်သူ ပြည်သားများအား တင်ပြပေးနေသူများက သတင်းမီဒီယာသမားဖြစ်ကြတယ်။ သတင်းမီဒီယာသမားများရဲ့ တိုင်းပြည်နှင့်လူမျိုးအပေါ်မှာ ထားရမဲ့ တာဝန်ဝတ္တရားဟာ



သတင်းတစ်ခုအပေါ်မှာ ဘက်လိုက်မှုမရှိဘဲ တင်ပြနိုင်ရန်ဖြစ်တယ်။ ထိုသို့ပြုလုပ်နိုင်ခြင်းဟာ မီဒီယာသမားကောင်းတို့ရဲ့ ကျင့်ဝတ်ဖြစ်တယ်။ တိုင်းပြည်ဆူပူအောင်၊ လူမျိုးဆူပူအောင် ပြုလိုသောစိတ်ထားမျိုးနှင့် သတင်းကို တစ်ဖက်သက်ဇောင်းပေးတင်ပြတာမျိုး၊ အနည်းစုနှင့် အများစုများအကြား နားလည်းမှုများ လွဲမှားသွားအောင် ရေးသားခြင်းမျိုးသည် တိုင်းပြည်နှင့်လူမျိုးအတွက် ပြဿနာများကို ပိုမိုရှုပ်ထွေးစေနိုင်တယ်။

နိုင်ငံရေးဝေါဟာရမှာ လူများစု၊ လူနည်းစုဆိုတာ ဝေါဟာရတစ်ခုဖြစ်တယ်။ ဆိုလိုတာက နိုင်ငံတွင်းမှာ အတူနေထိုင်ပြီး၊ တိုင်းပြည်တိုးတက်အောင် အခွန်ဘဏ္ဍာများကို အတူပေးဆောင်ခြင်း၊ တိုင်းကျိုးပြည်ကျိုးအတွက် တိုင်းပြည်တာဝန်များကို အတူထမ်းဆောင်ခြင်း၊ တိုင်းပြည်နှင့် လူမျိုးအပေါ်မှာ ကျရောက်နေသော သို့မဟုတ် ကျရောက်လာသော ပြည်တွင်းပြည်ပ အန္တရာယ်များကို တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေး၍ ကာကွယ်ခြင်းစသော တာဝန်များကို ထမ်းရွက်နေသူများကို ပြည်သူ့သားကောင်းရတနာများလို့ ဂုဏ်ပြုခေါ်ဆိုကြတယ်။ တစ်ခါတစ်ရံဖြစ်တတ်သည်မှာ တိုင်းပြည်အတွင်း၌ အတူနေထိုင်ကြပါလျက်နှင့်၊ တိုင်းပြည်ရဲ့ တာဝန်များကို အတူ ထမ်းဆောင်ကြပါလျက်နှင့် တိုင်းပြည်မှ ပေးအပ်ထားသော ခံစားခွင့်များတို့မှ လူအများစုက လက်ဝါးကြီးအုပ်ပြီး လူနည်းစုအား အချိုးကြမှုဝေမပေးတဲ့အခါမျိုးတွေမှာ လူနည်းစုရဲ့ အသံများဟာ ထွက်ပေါ်လာတတ်ခြင်းပါ။

ဒီလူများစု၊ လူနည်းစု သီအိုရီဖြစ်စဉ်တွေကို နားလည်အောင် နိုင်ငံရဲ့သမိုင်းများကို တိုင်းပြည်တွင်းမှာ နေသူအားလုံး လေ့လာသင်ယူ

www.burmeseclassic.com

www.burmeseclassic.com



ထားကြရမှာဖြစ်တယ်။ အမေရိကန်နိုင်ငံတို့လို၊ အင်္ဂလန်နိုင်ငံတို့လို တိုးတက်ပြီး နိုင်ငံကြီးတွေမှာ တိုင်းပြည်တွင်းမှာ နေသူအားလုံး သင်ယူနိုင်အောင် အခြေခံပညာရေးကျောင်းမှစတင်၍ ကျောင်းသား၊ ကျောင်းသူအားလုံး နိုင်ငံသမိုင်းကို စာသင်ကျောင်းများမှာ သင်ကြားပေးကြတယ်။ အမေရိကန်နိုင်ငံကို အသက်ကြီးမှ နိုင်ငံတွင်းသို့ ဝင်ရောက်လာသူများကို ESL (English for Second Langue) လို့ခေါ်တဲ့ အင်္ဂလိပ်စာ စာသင်ခန်းများမှာ အမေရိကန်နိုင်ငံသမိုင်း အကျဉ်းကို ထည့်သွင်းသင်ကြားပေးကြတယ်။

ထိုအခါမှာ မဂျော်ရီတီ ရူးလ် (Majority rule) အရေအတွက်ပိုလျှင် အာဏာပိုမိုကျင့်သုံးသည်ဟူသော မူဝါဒနှင့် မဂျော်ရီတရိုက်တ် (Majority Right) (မူလနိုင်ငံသား အခွင့်အရေး) များကို နားလည်သွားကြသလို၊ မိုင်နောရီတီ ရူးလ် (Minority rule) နိုင်ငံရေးတွင် လူနည်းစုအတွက် မူဝါဒနှင့် မိုင်နောရီတီ ရူးလ် (.Minority rule) (လူနည်းစု အခွင့်အရေး) များကို နားလည်သွားကြတယ်။ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်ရေးနှင့် တိုင်းပြည်တိုးတက်ရေး တို့အတွက် အတူပူးပေါင်းပါဝင်လာပြီး တိုင်းပြည်တာဝန်များကို ကျရာအခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်လာကြတယ်။

ထိုအခါမျိုးမှာ ဖြစ်ပေါ်လာတတ်တာက တိုင်းပြည်တာဝန်များကို ကျရာတာဝန်များကို အတူပါဝင်ထမ်းဆောင်ပါလျက်နှင့် အချိုးကျ ရပိုင်ခွင့်များကို အများစု၊ အနည်းစုအချိုးကျအတိုင်း ရမလာတဲ့ အခါမျိုးမှာ ပြဿနာအသံတွေဆိုတာ ဖြစ်ပေါ်လာတယ်။ သားသမီးများ ပညာသင်ကြားရေး၌ တန်းတူအခွင့်ရေး ရနိုင်ရေး၊ ဆေးကုသခံယူမှု တန်းတူအခွင့်အရေး ရနိုင်ရေး၊ ဘွဲ့ရသူချင်းလည်းတူ၊ အရည်အချင်း



ပြည့်မီသူချင်း တူပါလျက်နှင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ရာ၌ သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းများ၌ ခွဲခြားဆက်ဆံခံရမှုများ၊ သို့မဟုတ် အနိုင်ကျင့်ခံနေရမှုများ ရှိနေလျှင် ရသင့်ရထိုက်သော လူ့အခွင့်အရေး များအတွက် တရားဝင်တောင်းဆိုနိုင်တဲ့ နိုင်ငံရေးမူဝါဒတစ်ခု ပေါ်ပေါက်လာတတ်ခြင်းမျိုးပါ။

သို့သော် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးလှသော၊ သို့မဟုတ် နိုင်ငံတော်ရဲ့အာဏာနှင့် အချုပ်အခြာများကို ထိပါး နှောင့်ယှက်နိုင်သော အလုပ်အကိုင်မျိုးတွေ၊ သို့မဟုတ် ရာထူးဌာနနေရာ မျိုးတွေမှာ မိုင်နောရီတီ (Minority) လို့ခေါ်တဲ့ လူနည်းစု မိသားစုမှ ပေါက်ဖွားလာသော သို့မဟုတ် နိုင်ငံသားမစစ်သော (နိုင်ငံနှင့်လူမျိုး အတွက် အန္တရာယ်ရှိနိုင်သည်ဟု ယူဆရသော) နိုင်ငံသားမှ ပေါက်ဖွား လာသော နိုင်ငံသားကို တိုင်းပြည်အတွက် အရေးကြီးလှသော အလုပ် မျိုး၌ ထည့်သွင်းခြင်း မပြုနိုင်သည်ကို လေ့လာသိရှိရခြင်းပါ။ ဥပမာ၊ မောင်အောင်သူဝင်း (ကာလီဖိုးနီးယား) ခေါ်သော ဘွဲ့ရကျောင်းသား တစ်ယောက်သည် အမေရိကန်နိုင်ငံ၌ အရေးပါလှသော နျူးကလီးယား လုပ်ငန်းခွင်အတွက် ဝင်ရောက်လျှောက်ထားရာ နိုင်ငံသားစစ်စစ် ဖြစ် ခြင်း၊ ထိုနိုင်ငံ၌ နျူးကလီးယားနှင့် စပ်သောဘွဲ့ရရှိထားခြင်း၊ ထို လုပ်ငန်းခွင်အတွက် အရည်အချင်း ပြည့်မီခြင်း၊ ဆေးစစ်ဆေးမှု၌လည်း အောင်မြင်ထားခြင်း၊ အင်တာဗျူးလည်း အောင်မြင်ထားခြင်းစသော အရည်အချင်းများရှိနေပါလျက် နောက်ဆုံးအလုပ်ခန့်ရန် ဖိုင်နယ်အဆင့် ရောက်မှ အလုပ်ခန့်ဖို့အတွက် အငြင်းပယ်ခံလိုက်ရတဲ့ အဖြစ်အပျက် များကို လေ့လာသုံးသပ်နိုင်ကြဖို့ပါ။ သူတို့ရဲ့အကြောင်းပြချက်က သူဟာ နိုင်ငံသား (စစ်စစ်) တစ်ယောက်ဖြစ်သော်လည်း သူ၏မိဘများ

www.burmeseclassic.com

www.burmeseclassic.com



သည် ဤနိုင်ငံ၌ မွေးဖွားသူများမဟုတ်ကြ၍ နိုင်ငံသားစစ်စစ်မဟုတ်သောကြောင့် ငြင်းပယ်ရခြင်းဖြစ်တယ်လို့ အကြောင်းပြချက် ထွက်ပေါ်လာတယ်။ အမေရိကန်လို နိုင်ငံမျိုးသည်ပင် တိုင်းပြည်နှင့်လူမျိုးအတွက် ဤကဲ့သို့သောအရာများ၌ ခွဲခြားဆက်ဆံမှုမျိုးကို ပြုလုပ်နေရဆဲ ဖြစ်တယ်။ ဒါမျိုးဟာ လူ့အခွင့်အရေးထက် နိုင်ငံသားအခွင့်ရေးကို တန်ဖိုးထားကြောင်း လေ့လာသိရှိရတယ်။

ယခု ရက်ပိုင်းများအတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပျက်နေသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)ပါ ပြင်ဆင်ဖြည့်စွက်ချက်များသည် တိုင်းပြည်နှင့်လူမျိုး၊ နိုင်ငံနှင့်လူမျိုးရဲ့ အချုပ်အခြာ အာဏာများကို ထိပါးပုတ်ခတ်လာတဲ့အထိ ဖြစ်ပေါ်လာနေတယ်။ ကမ္ဘာပေါ်မှာ ရှိရှိသမျှသော တိုင်းပြည်တိုင်းတွင် တိုင်းပြည်မှ ဥပဒေပြု၍ ပြဋ္ဌာန်းထားသော ရုံးသုံးဘာသာစကားကို ထိုတိုင်းပြည်တွင်း၌ နေသူတိုင်း မသင်မနေရ ဘာသာစကားအဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားကြခြင်း ဖြစ်တယ်။ ဒါဟာ လူ့အခွင့်အရေးပဲဆိုဆို၊ နိုင်ငံသားအခွင့်အရေးပဲပြောပြော ပြောချင်ပါက ပြောချင်သလို ပြောနိုင်ခြင်းပါ။

သို့သော် မြန်မာနိုင်ငံတွင်းမှာ ပညာရေးမူဝါဒများနှင့် စပ်လျဉ်း၍ ခိုင်မာသော ဘောင်စည်းများမရှိသေးတာကတစ်ကြောင်း၊ အချို့ရှိထားပြီးဖြစ်သော်လည်း ဥပဒေကို မလေ့လာခြင်း၊ သမိုင်းကို မလေ့လာခြင်းစသော အကြောင်းများကြောင့် အရေးမဟုတ်သည့်အရာများ၌ အရေးလုပ်၍ ဖြေရှင်းနေရခြင်းများကို တွေ့နေရခြင်းပါ။ ဥပမာ၊ အခန်း (၇) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်းစံသတ်မှတ်ခြင်း



ပိုဒ်ရေ (၂၄) ပုဒ်ခွဲ ၄၃ (က) တွင် အမျိုးသားပညာရေး ဥပဒေက ပြဆိုထားသည်မှာ -

၄၃။ (က) သင်ကြားရေးတွင် မြန်မာဘာသာ (ရုံးသုံးဘာသာ) သို့မဟုတ် အင်္ဂလိပ်ဘာသာ (အင်တာနေရှင်နယ်သုံးဘာသာ)ဖြင့် ဖြစ်စေ၊ သို့မဟုတ် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာ တွဲ၍ ဖြစ်စေ သင်ကြားနိုင်သည်။

၄၃။ (ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှုဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။ ဟုဖော်ပြထားသည်ကို တွေ့ရသည်။

သို့သော် အမျိုးအားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၌ ဖော်ပြထားသည်မှာ -

၄၃။ (က) ပယ်ဖျက်မည်။

၄၃။ (ခ) ပယ်ဖျက်မည်။ ဟု ဖော်ပြ၍ ပြင်ဆင်ထားသည်ကို တွေ့ရသည်။

အံ့ဩမိပါသည်။ နိုင်ငံတကာရဲ့ စံနှုန်းကိုလည်း အလေးမထား၊ နိုင်ငံရဲ့ဥပဒေကိုလည်း အလေးမပြု၊ နိုင်ငံနှင့်လူမျိုးရဲ့ ဂုဏ်သိက္ခာကိုလည်း မထောက်ထား မှောက်မှားချင်တိုင်း မှောက်မှားနေတာကို လူ့အခွင့်အရေးလို့ ထင်နေကြမည်ဆိုလျှင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၌ ထောက်ပြစရာအချက်များစွာ ရှိနေသော်လည်း ပြောလည်းပြီးမှာမဟုတ်တာက တစ်ကြောင်း၊ ကြောင်းကျိုးပြ၍ ရေးနေသော်လည်း အကျိုးလည်းမပြီး၊

www.burmeseclassic.com

www.burmeseclassic.com



အရာလည်း မထင်နိုင်တာကတစ်ကြောင်း ဤမျှလောက်ဖြင့်သာ ရေးသားခြင်းကို ရပ်တန့်လိုပါသည်။ များများရေးလေလေ ပို၍ အဓိပ္ပါယ်မရှိ ဖြစ်လာလေလေဖြစ်မည်ဟု ထင်မြင်ယူဆမိခြင်းပါ။

သို့သော် အခွင့်သင့်၍ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ ရဲ့အကြောင်း သမိုင်းတစ်စွန်းတစ်စကို ပြောပြလိုပါသေးတယ်။ ပညာရေးသည် တိုင်းပြည်နှင့်လူမျိုးအတွက် မည်မျှအရေးကြီးကြောင်း ထင်ဟပ်စေချင်လို့ပါ။ မြန်မာနိုင်ငံရဲ့ ပညာရေးကို ပုဂံခေတ်မှအစပြု၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် အခြေပျိုးခဲ့ခြင်းပါ။ ရှင်ဘုရင်ကလည်း ဗုဒ္ဓဘာသာဝင်၊ ယဉ်ကျေးမှုကလည်း ဗုဒ္ဓ ယဉ်ကျေးမှုကို အခြေပြု ထားသည့် ယဉ်ကျေးမှု၊ ပညာရေးကလည်း ဗုဒ္ဓဘာသာဝင် ရဟန်းတော်များက ဦးဆောင်သင်ကြားပေးခဲ့တဲ့ ပညာရေးဖြစ်လို့ မြန်မာလူမျိုး အများစုနေထိုင်တဲ့ နိုင်ငံကို မြန်မာနိုင်ငံလို့ အမည်တွင်ခဲ့တာဖြစ်တယ်။

အကယ်၍သာ တိုင်းရင်းသားလူမျိုးများသည်လည်း အရည်အချင်းရှိရှိဖြင့် ပညာများကို ကြိုးကြိုးစားစား သင်ကြားသွားကြမည်ဆိုလျှင် တိုင်းပြည်ကို အုပ်ချုပ်နိုင်သော ခေါင်းဆောင်ခေါင်းများ ဖြစ်လာနိုင်ခြင်းပါ။ သို့သော် ဒီတိုင်းပြည်တွင်းမှာနေပြီး၊ တိုင်းပြည်ရဲ့ ရုံးသုံးဘာသာစကားဖြစ်တဲ့ မြန်မာဘာသာစကားကို တတ်မြောက်အောင် သင်ယူမထားကြဘူးဆိုလျှင် ထိုသူသည် ဒီနိုင်ငံအတွင်း၌နေလျှင် ဘယ်သောအခါမှ တိုင်းပြည်ခေါင်းဆောင်များ ဖြစ်လာနိုင်မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် တိုင်းပြည်ရဲ့ ရုံးသုံးစကားကို ထိုသူကိုယ်တိုင် တတ်မြောက်မထားခြင်းကြောင့်ဖြစ်တယ်။ ဒါဟာ လူများစု၊ လူနည်းစု နိုင်ငံရေးမူဝါဒကြောင့် ဖြစ်ရခြင်းမဟုတ်ဘဲ မိမိရဲ့



တစ်ကိုယ်ရေ အရည်အချင်းများ ညံ့ဖျင်းမှုကြောင့်သာ ဖြစ်ရခြင်း ဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်နိုင်ကြဖို့ပါ။ ဒီအဖြစ်မျိုးတွေဟာ ဒီနိုင်ငံတွင်းမှာသာ ဖြစ်နေခြင်းမဟုတ်၊ နိုင်ငံတိုင်းမှာ ဖြစ်နေခြင်းပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## တိုင်းပြည်တည်ငြိမ်ဖို့ မည်သူတွေမှာ တာဝန်ရှိသလဲ

တိုင်းပြည်တစ်ပြည်ရဲ့ အသွင်ကူးပြောင်းရေးကာလမှာ ဘည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသော အရေးတစ်ရေးဖြစ်တယ်။ ဘည်ငြိမ်အေးချမ်းခြင်းရဲ့ ဆန့်ကျင်ဘက်တရားဟာ ဆူပူလှုပ်ရှားခြင်းဖြစ်တယ်။ ဖြစ်စဉ်နှင့်ဖြစ်ရပ်များကို နားလည်နိုင်ရန် သမိုင်းစာအုပ်များကို လှန်လှောကြည့်မိတယ်။ သမိုင်းကပြောသော အဆိုအရ ဘယ်နိုင်ငံရေး စနစ်မျိုးမဆို အားနည်းချက်များ၊ အားသာချက်များ ပါဝင်နေတတ်တာကြောင့် ပါဖက် (Perfect)ဖြစ်တဲ့စနစ်မျိုးဆိုတာ (အရာခပ်သိမ်း အကောင်းတွေချည်း ပါဝင်နေတဲ့စနစ်မျိုးဆိုတာ) ပုထုဇဉ်တို့ရဲ့ ကမ္ဘာမှာ မရှိနိုင်ဘူးလို့ ဆိုတယ်။

စနစ်တစ်ခုမှ တစ်ခုဆီသို့ ပြောင်းလဲကြရခြင်းမှာ အကြောင်းမဲ့ ဖြစ်ရပ်မျိုးတော့ မဟုတ်ပါ။ ဖီလိုဆိုဖီရှု ထောင့်ကနေကြည့်လျှင် အဓိက အကြောင်းရင်းမှာ လူသားတွေဟာ စနစ်တစ်ခုအောက်မှာ အချိန်ကြာမြင့်စွာ နေလာကြရတဲ့အခါ စိတ်ပိုင်းဆိုင်ရာ မွန်းကြပ်မှုတွေ၊



ဖိစီးမှုတွေ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လိုအပ်ချက်တွေ၊ အာဏာပိုင်းဆိုင်ရာ အစွန်းရောက်မှုတွေ၊ အာဏာကို အလွန်အကျွံ အသုံးချနေမှုတွေ၊ မလိုအပ်ဘဲ အနိုင်အထက် ညှင်းပမ်းမှုတွေ၊ နှိပ်စက်မှုတွေ၊ သတ်ဖြတ်မှုတွေကြောင့် စနစ်တစ်ခုမှ စနစ်တစ်ခုဆီသို့ ပြောင်းလဲနိုင်ရန် ပြည်သူတွေက တောင်းဆိုလာကြခြင်းဖြစ်တယ်။

ဥပမာ၊ မိုနာခီ (Monarchy) သက်ဦးဆံပိုင်စနစ်အောက်မှာ နေခဲ့ကြရတဲ့ ပြည်သူတွေဟာ ထိုစနစ်ရဲ့ ဆိုးဝါးယုတ်မာမှုဒဏ်တွေကို ခါးစည်းလျက် ဆက်လက်ပြီး သည်းမခံနိုင်ကြတော့တဲ့အဆုံးမှာ စနစ်တစ်ခုဆီသို့ ပြောင်းလဲရန် ဆန္ဒတွေဖြစ်ခဲ့ကြရတယ်။ ထိုစနစ်ကို အိုလီဂါခီ (Oligarcy) လို့ခေါ်တယ်။ ထိုစနစ်ရဲ့အနှစ်သာရက လူအနည်းစုက အုပ်ချုပ်တဲ့စနစ်ဖြစ်တယ်။ ထိုစနစ်မှာ အုပ်ချုပ်ရေးစနစ်ကို လူနည်းစုက ချုပ်ကိုင်ထားပြီး တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြတယ်။ အချိန်ကြာလာတဲ့အခါမှာ ထိုလူနည်းစုအုပ်ချုပ်သော အုပ်ချုပ်ရေးစနစ်ဟာ လျော့ရဲရဲဖြစ်လာပြီး တိုင်းပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ကို ပီပီပြင်ပြင် မအုပ်ချုပ်နိုင် ဖြစ်လာတယ်။

နောက်ဆုံးမှာတော့ နောက်စနစ်တစ်ခုဆီသို့ ပြောင်းရန် ဆန္ဒတွေ ဖြစ်လာကြပြန်တယ်။ ထိုစနစ်ဟာ တိုင်ရန်နီ (Tyranny) လို့ခေါ်တဲ့ အာဏာရှင်များက အရာအားလုံးကို ချုပ်ကိုင်ထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်တယ်။ အာဏာရှင်စနစ်အောက်မှာ လူအချင်းချင်း အနိုင်ကျင့်မှုတွေ၊ အဏာကို အလွဲသုံးစား ပြုနေမှုတွေ၊ လာဘ်ပေး၊ လာဘ်ယူမှုတွေပြု၍ ပြည်သူများအား နှိပ်စက်နေမှုတွေကြောင့် စိတ်ဒဏ်ရာတွေကို ရစေတဲ့အပြင် သတ်မှုတွေ၊ ခိုးယူမှုတွေ (အာဏာသုံး၍ ခိုးယူခြင်း၊ အနိုင်ထက်ပြု၍ လုယူခြင်း၊ လာဘ်ပေး၊ လာဘ်ယူပြု၍

www.burmeseclassic.com

www.burmeseclassic.com



လိမ်လည်လှည့်ဖြား ခိုယူခြင်းစသည်များပါဝင်သည်)၊ မုဒိန်းမှုတွေ၊ လက်လွန် ခြေလွန်ဖြစ်သွားတဲ့အထိ နှိပ်စက်နေမှုတွေကြောင့် သည်းမခံနိုင်တော့တဲ့ ပြည်သူတွေဟာ စနစ်တစ်ခုစီသို့ ကူးပြောင်းရန် တောင်းဆိုလာကြပြန်တယ်။ ထိုစနစ်ကတော့ ပြည်သူတွေ ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူထဲက ပြည်သူတွေက အုပ်ချုပ်ရေးကို ကိုင်တွယ်ရတဲ့ ဒီမိုကရေစီစနစ် (Democracy) ဖြစ်တယ်။

ယခုအခါ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီလို့ ဆိုနိုင်တယ်။ ပိုမိုတိကျတဲ့ စကားအသုံးအနှုန်းနဲ့ ဖလှယ်၍ ပြောရမယ်ဆိုရင်တော့ ထိုစနစ်ဆီသို့ ရောက်လုနီးပါး ဖြစ်နေတဲ့အချိန်လို့ ဆိုနိုင်တယ်။ သို့သော် ထိုစနစ်အောက်မှာ နေသူတွေဟာ စနစ်တစ်ခုရဲ့ အားနည်းချက်၊ အားသာချက်၊ ဆိုးကျိုး၊ ကောင်းကျိုးများကို စနစ်တကျ သိဖို့တော့ လိုတယ်။ ဒီမိုကရေစီစနစ်အောက်မှာ နေသူများဟာ စနစ်တစ်ခုရဲ့ အနှစ်သာရကို သိမထားဘူးဆိုရင် ပြည်သူတွေမြူတဲ့ အပြုအမူများဟာ ဆိုးကျိုးတွေဆီသို့လည်း သက်ရောက်သွားနိုင်တယ်။ ဥပမာ၊ ထိုင်းနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ပြည်သူအများစုဟာ ပီပီပြင်ပြင် သိမထားလေတော့ ရှပ်နီနှင့် ရှပ်ဝါအရေးဟာ နိုင်ငံကို ဆိုးကျိုးဖက်သို့ သက်ရောက်သွားစေခဲ့တယ်။

ထို့ကြောင့် ကိုယ့်မကြိုက်လို့ ဝေဖန်တာ၊ ဆန္ဒပြတာမျိုးကို တရားဥပဒေနှင့်အညီ လုပ်နိုင်တယ်။ သို့သော် တစ်ဖက်သူအား (အာဏာရှိသူများ၊ ပါတီခေါင်းဆောင်များ၊ ရဟန်းသံဃာတော်များအား) ဆဲရေးတာ၊ တိုင်းထွာတာ၊ အပုပ်ချတာ၊ ဂုဏ်သိက္ခာများ ကျဆင်းအောင် ဥပဒေမဲ့ ရေးသားပြောဆိုတာ စသည်မျိုးတွေဟာ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရတွေ မဟုတ်ပါ။ နိုင်ငံကြီးသား ပီသတဲ့လူတွေ



ပြုမူတဲ့ အပြုအမူမျိုးတွေမဟုတ်ပါ။ (ရွှေမြန်မာတွေရဲ့ အပြုအမူတွေကို ဖေ့စဘုတ်ခ် စာမျက်နှာပေါ်မှာ တက်ကြည့်မယ်ဆိုရင် လူမျိုးရဲ့ အဆင့်အတန်းကို ဖော်ပြနေသလို ဖြစ်နေတာကြောင့် မျိုးချစ်စိတ်နဲ့ ဝမ်းနည်းမိပါရဲ့)

တချို့ကြတော့လည်း ဒီမိုကရေစီရရင် အကုန်လုံးလုပ်နိုင်တယ်လို့ အထင်ရှိနေကြတယ်။ လုပ်ချင်ရာကို လုပ်နိုင်တာဟာ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရတွေလို့ ထင်နေကြတယ်။ ဒီမိုကရေစီစနစ်အောက်မှာ ငါကြိုက်တာ လုပ်နိုင်တယ်လို့ တချို့က အထင်ရောက်နေတတ်ကြတယ်၊ "ကိုယ့်ပါးစပ်နဲ့ကိုယ်ပြောတာ၊ ဘယ်သူကိုမှ ဂရုစိုက်စရာ မလိုဘူး၊ သူများပါးစပ်ကို ငှါးပြောနေတာ မဟုတ်ဘူး၊ ကိုယ်ပြောချင်တာ ပြောနိုင်တယ်" ဆိုတဲ့ ငါတကောဆန်တဲ့ အပြုအမူများဟာ "အသံကြောင့် ဖားသေ" ရတဲ့အဖြစ်မျိုးသို့ ရောက်သွားနိုင်ခြင်းပါ။ ဒီမိုကရေစီစနစ်အောက်မှာ လူတွေရဲ့ အပြုအမူတွေဟာ သိပ်တို အစွန်းထွက်လာပြီဆိုရင်တော့ ဒီစနစ်ကိုလည်း ပြည်သူတွေ စိတ်ပျက်လာကြမှာကို စိုးရိမ်ရပြန်တယ်။

ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံရေး ခေါင်းဆောင်ကမှ ဒီမိုကရေစီစနစ်ကို ပါဖက်ဖြစ်တဲ့စနစ်လို့ ပြောဆိုတာ ရေးသားတာကို မတွေ့မိသေးပါ။ သို့သော် ဒီမိုကရေစီစနစ်နှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဂျဝါဟာလာ နေရူး (Jawaharlal Nehru) ကတော့ - "ကျုပ်ကတော့ အုပ်ချုပ်ရေးစနစ်တွေထဲမှာ ဒီမိုကရေစီစနစ်ကို အကြိုက်ဆုံးဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် ဒီစနစ်က အကောင်းဆုံး တယ်"တဲ့။ (Democracy is good. I say this because other systems are worse.) အုပ်ချုပ်ရေးစနစ်များနှင့်ပတ်သက်၍ ဆင်ခြင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြဖို့၊ စဉ်းစားနိုင်ကြဖို့ပါ။ အကြောင်းအမျိုးမျိုးကြောင့် စနစ်တစ်ခုထဲမှာ ပြည်သူတွေ သိပ်ကို အစွန်းရောက်လာရင်၊ သို့မဟုတ် စနစ်တစ်ခုဟာ သိပ်ကို လျှော့လျဲသွားရင် ပြည်သူတွေဟာ အပြောင်းအလဲဆိုတာ တောင့်တလာတတ်ကြစမြဲပါ။

လွန်ခဲ့တဲ့လက ဒီမိုကရေစီစနစ်အောက်မှာ ပွင့်လင်းမြင်သာမှုရှိပြီး မွန်းကျပ်နေတဲ့ စိတ်ဆန္ဒများကို ဖြေလျှော့ချစေနိုင်ရန် ရိုက်လို့ခေါ်တဲ့ (လူ့အခွင့်ရေး) တစ်ခုကို အမေရိကန်ပြည်သူတွေ တောင်းဆိုခဲ့ကြတယ်။ အဖြစ်က စိတ်တော့စိတ်ဝင်စားစရာ သို့သော်…။

အမေရိကန် ပြည်သူတွေ တောင်းဆိုတဲ့ လူ့အခွင့်အရေးကဂေးရိုက်တ် (Gay right) လို့ခေါ်တဲ့ ယောက်ျားအချင်းချင်း လက်ထပ်ခွင့်ပြုတဲ့ဥပဒေပါ။ စတိတ် (ပြည်နယ်နှစ်ခု) (၂)ခုက စတင်ခဲ့တဲ့ဂေး မဲရစ်ချ် (Gay Mirrage) လို့ခေါ်တဲ့ လိင်တူချင်း လက်ထပ်ခွင့်ကို ၂၀၀၈-ခုနှစ်မှာ အရှေ့ပိုင်းစတိတ် (၂)ခုမှာသာ ဥပဒေပြဋ္ဌာန်းပေးနိုင်ခဲ့သော်လည်း ၂၀၁၅-ခုမှာ စတိတ် (၅၀)လုံးကိုလက်ထပ်ခွင့်ဥပဒေကို ပြဋ္ဌာန်းပေးလိုက်တယ်။ ဒီလို ပြဋ္ဌာန်းပေးလိုက်နိုင်တာကို သမ္မတ အိုဘားမားက - "ဒီဥပဒေကို ပြဋ္ဌာန်းပေးလိုက်နိုင်ခြင်းဟာ အမေရိကရဲ့ အောင်မြင်မှုတစ်ခုလို့ ဆိုရမယ်။ ဒီဆုံးဖြတ်ချက်ဟာ သန်းပေါင်းများစွာသော အမေရိကန်ပြည်သူတွေရဲ့ နှလုံးသားမှာ ယုံကြည်ထားတာကို ခိုင်မြဲအောင် ပြုလုပ်ပေးလိုက်ခြင်းဖြစ်တယ်။ အမေရိကန်ပြည်သူများရဲ့ ဆန္ဒကို တန်းတူညီမျှဖြစ်အောင် ပြုလုပ်ပေးလိုက်ခြင်းဖြင့် ကျွန်ုပ်တို့အားလုံး လွတ်လပ်ခွင့်ကို ပိုမိုရရှိကြမှာဖြစ်တယ်" လို့ ပြောသွားတာကို တွေ့ရတယ်။ (This ruling is a victory for America. the president said. This decision affirms what millions of Americans already believe in their hearts: when all Americans are treated as equal, we are all more free.)



ယခုအခါ တစ်နိုင်ငံလုံးမှာ လိင်တူချင်း လက်ထပ်နိုင်တဲ့ဥပဒေကို ပြဋ္ဌာန်းပေးလိုက်တဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူအများစုဟာ ထိုဥပဒေကို ကြိုဆိုတဲ့အနေအားဖြင့် ဂေးအလံမှာပါတဲ့အရောင်(၈)ရောင်ကို ကိုယ်စားပြုတဲ့အနေနှင့် တချို့နေရာတွေမှာ အပြာရောင် အစိမ်းရောင် အဝါရောင် လိမ္မော်ရောင် အနီရောင်စတဲ့ မီးရောင်တွေကို ထွန်းညှိထားတာကို တွေ့ခဲ့ရတယ်။ ဥပမာ၊ အမေရိကန်နိုင်ငံရှိ သမ္မတအိမ်ဖြူတော်၊ လေဆိပ်အချို့နှင့် အချို့သော အဆောက်အဦးများမှာ ရောင်စုံမီးများ ထွန်းညှိထားတာကို သတိပြုမိခဲ့တယ်။ ဒီမိုကရေစီစနစ်အောက်မှာ ပြည်သူတွေဟာ မိမိတို့ရဲ့ဆန္ဒတွေ ရရှိနိုင်ဖို့ လူ့အခွင့်ရေးမူဝါဒကို လက်ဆုပ်လက်ကိုင်ပြုလျက် မိမိတို့အခွင့်အရေးအတွက် စိတ်ဆန္ဒရှိသလောက် အလွန်အကျွံ တောင်းဆိုနေခဲ့ကြမည်ဆိုလျှင် လူ့အခွင့်ရေး သီအိုရီများသည် တဖြေးဖြေး အစွန်းရောက်လာမှာကို စိုးရိမ်မိတယ်။

ယောက်ျားအချင်းချင်း လက်ထပ်ခွင့်တောင်းလာလို့ ဥပဒေပြဋ္ဌာန်း ပြဋ္ဌာန်းပေးလိုက်ရပြီ။ သို့သော် လူတွေဟာ ဆန္ဒတွေကို ထုတ်ဖော်တောင်းဆိုကြရင်း သဘာဝလွန် အနေအထားမျိုးတွေထိ ဖြစ်ပေါ်လာနေတာမျိုးတွေကိုလည်း တွေ့လာရတယ်။ ဥပမာ၊ အင်္ဂလန်နိုင်ငံစတဲ့ အချို့နိုင်ငံများမှာ လူနှင့်တိရစ္ဆာန် လက်ထပ်ခွင့်ကို တောင်းဆိုလာတဲ့အထိ ဖြစ်လာတယ်။ ထိုအတွက် ဥပဒေပြဋ္ဌာန်း ပြဋ္ဌာန်းပေးရန်ခက်ခဲနေသေးသော်လည်း ဥပဒေအရ ခွင့်ပြုမှုကိုတော့ ပြုခဲ့ရပြီ ဖြစ်ဘယ်။ (Human-animal marriage is not recognized in

www.burmeseclassic.com

www.burmeseclassic.com



law by any countryç although attempts to marry animals have been recorded.)

ဒီမိုကရေစီစနစ်နှင့် ပြည်သူ့ဆန္ဒ၊ ပြည်သူ့ဆန္ဒနှင့် ဒီမိုကရေစီ အချိုးအစားများ ညီအောင်ညှိနိုင်ရင်ညှိ။ အချိုးအစားများ ညီအောင်မညှိနိုင်ခဲ့ရင်တော့ ဖြစ်လာနိုင်တဲ့ ပြဿနာတွေ၊ ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်တွေဟာ တိုင်းပြည်နှင့်လူမျိုးအတွက် စိုးရိမ်စရာတွေ ဖြစ်လာနိုင်တယ်။ ပြည်သူ့ဆန္ဒကို အတတ်နိုင်ဆုံး ဖြေရှင်းပေးတာဟာ ပြည်သူတွေအတွက် ကောင်းပါတယ်။ ဒီမိုကရေစီစနစ်အရလည်း ကောင်းပါတယ်။

သို့သော် မြတ်ဗုဒ္ဓရဲ့ ဒေသနာမှာတော့ လူတွေရဲ့ဆန္ဒတွေဟာ ပြည့်ဝတယ်လို့ ဘယ်တော့မှ မရှိနိုင်ပါ။ တစ်ခုရလာပြီဆိုရင် နောက်တစ်ခု လိုလာပြန်တယ်။ နောက်တစ်ခု ထပ်ရရင် နောက်ထပ်တစ်ခု ထပ်လိုလာပြန်တယ်။ နောက်ဆုံး ကုန်ကုန်ပြောရမယ်ဆိုလျှင် လူတွေဟာ သေချိန်ကြလို့ သေသွားကြရသည့်တိုင်အောင် ဆန္ဒပြည့်ဝသွားတဲ့သူဆိုတာ မရှိနိုင်ဘူးလို့ ဟောကြားထားခဲ့တယ်။

ထို့ကြောင့် ဒီမိုကရေစီစနစ်နှင့်မြန်မာပြည်၊ မြန်မာပြည်နှင့် ဒီမိုကရေစီစနစ်။ သက်တန်းက နုနယ်နေသေးလေတော့ ကွဲလွယ်ရှလွယ်တဲ့ အနေအထားမှာ ရှိနေသေးတဲ့ ဒီအခြေအနေတွေကို တိုင်းပြည်ကို ချစ်တဲ့ ပြည်သူတွေ သိများမှသိကြပါလေစ။ ကောင်းတာတွေ အားလုံး၊ ဖြစ်ချင်နေတာ အားလုံးကို ဖြစ်စေချင်တာက ပြည်သူတွေရဲ့ ဆန္ဒပါ။ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေ ယခုအချိန်အထိ ဖြစ်မလာနိုင်သေးတာက တိုင်းပြည်ရဲ့ ကံကြမ္မာလို့ ဆိုရမှာပါ။ သွေးမစည်းတဲ့ လက်တွေဟာ ဘယ်အရာကိုမှ ခိုင်မြဲအောင် ဆုပ်ထားနိုင်မည်



မဟုတ်ပါ။ တိုင်းပြည်ပြုပြင်ရေးမှာ ပညာရေးကို အလေးထားပြီး ပြုပြင်မပေးနိုင်သေးသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ရဲ့ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်သည် နှေးကွေးမြဲနှေးကွေးနေလိမ့်မည်ဟု ယူဆမိခြင်းပါ။ ပညာရေး မူဝါဒများကို စနစ်တကျ ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် အခြေခံမူလတန်းမှစ၍ သင်ကြားနည်း စနစ်များကို ပြောင်းလဲပေးရမှာဖြစ်တယ်။ သို့သော် ယခုအချိန်အထိ ဘာမှဖြစ်မလာသေး။ ရဟန်းတော်များ မျှော်လင့်နေတဲ့ ရဟန်းတော်များရဲ့ ပရိယတ္တိပညာရေးအတွက် ပြုပြင်ပြောင်းလဲရေးမှာလည်း ထူးမခြားနားသေးပဲဖြစ်နေတယ်။ အလားတူပင် တိုင်းပြည်အတွက် အခြားအရေးတကြီး ပြုပြင်ပြောင်းလဲပေးစရာတွေကလဲ များစွာရှိနေခြင်းပါ။

ဒီမိုကရေစီစနစ်နှင့် မြန်မာပြည်၊ မြန်မာပြည်နှင့် ဒီမိုကရေစီစနစ်။ ဖြစ်စဉ်နှင့်ဖြစ်ရပ် အချိုးအစား ညီမျှအောင်ပြုနိုင်ရင်ပြု။ မပြုနိုင်ရင်တော့ တိုင်းပြည်အတွက် ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာတွေက များမှများလို့ ဆိုရလေမလားမသိ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံရေးကို မည်သူတွေက စိန်ခေါ်နေသနည်း

နိုင်ငံနှင့် နိုင်ငံသား။ လူမျိုးနှင့် ဂုဏ်သိက္ခာ။ တာဝန်နှင့် ဝတ္တရား။

ဒီအချိုးအစားတွေ မညီမျှ ဖြစ်နေခဲ့မည်ဆိုလျှင် မြန်မာနိုင်ငံတွင်းမှာ ဖြစ်လာနိုင်တဲ့ပြဿနာတွေက ထောင်သောင်းကုဋေ……။

ဆိုလိုတာက နိုင်ငံနှင့် နိုင်ငံသား။ လူမျိုးနှင့် ဂုဏ်သိက္ခာ။ တာဝန်နှင့်ဝတ္တရား။ ဒီအချိုးအစားတွေ ညီမျှနေပါမှ နိုင်ငံကြီးဟာ တိုးတက်ကြီးပွားလာမှာဖြစ်တယ်။ လတ်တလောအနေအထားက လူတန်းစားအချိုးအစားမှာ အနိမ့်အမြင့်တွေက မညီမျှဖြစ်နေတယ်။ လူတွေရဲ့ ခံယူချက်တွေက ကပေါက်တိကပေါက်ချာ၊ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အမူအကျင့်က ကိုးလိုးကန့်လန့်၊ တာဝန်နှင့်ဝတ္တရားကို လိုက်နာကျင့်သုံးမှုအပိုင်းမှာ ကိုယ့်မင်း ကိုယ့်ချင်း၊ ဒီလိုစိတ်ဓာတ်မျိုးတွေ ပြည်သူတွေမှာရော၊ အုပ်ချုပ်သူလူတန်းစားတွေမှာရော ဆက်လက်တည်ရှိနေဦးမည်ဆိုလျှင် မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးမှာ စိန်ခေါ်မှုတွေက အမြဲတမ်းလိုလို ရှိနေမှာကတော့ သေချာတယ်။



ယနေ့ မြန်မာနိုင်ငံရဲ့အနေအထားဟာ တည်ငြိမ်နေတယ်လို့ ထင်ရသော်လည်း စိန်ခေါ်မှုတွေနှင့် ရင်ဆိုင်နေရတဲ့ အချိန်အခါမျိုး ဖြစ်တယ်။ တိုင်းပြည်နှင့်လူမျိုးအပေါ်မှာ အမြင်စောင်းအောင် မီဒီများ၊ မီဒီယာစပွန်စာများကြောင့် ကမ္ဘာကို အမြင်စောင်းစေခဲ့တဲ့ အချို့သော သတင်းမီဒီယာများရဲ့ မှားယွင်းတဲ့ ရေးသားချက်တွေနှင့် သတင်းမှန်များကို ထိန်ချန်ခဲ့ပြီး၊ လိုချင်တဲ့ပုံုင့်ကိုသာ ဆွဲရေးသွားတဲ့ သတင်းမီဒီယာတွေကြောင့် မြန်မာပြည်ကို ဘာသာရေးအစွန်းရောက်တဲ့ ဗုဒ္ဓဘာသာဝင်များနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်မျိုးသို့ ကမ္ဘာက အမြင်စောင်းခဲ့တယ်။ အမှတ်မှားနေကြတဲ့ ကမ္ဘာပြည်သူ၊ ပြည်သားတွေဟာ (အချို့နိုင်ငံများ၌) ယုံမှားမှုတွေ၊ မုန်းတီးမှုတွေနှင့် မြန်မာနိုင်ငံတော်ကြီးကို ချောက်ထဲရောက်သွားအောင် နိုင်ငံရေးသဘောအရ နိုင်ငံရေးဖိအားတွေ ပေးနေမှုကို ဆက်လက်ဆောင်ရွက်နေကြဆဲဖြစ်တယ်။ ဒါတွေဟာ တစ်ချိန်ချိန်မှာ နိုင်ငံနှင့်လူမျိုးအတွက် အန္တရာယ်တွေ ဖြစ်လာနိုင်တယ်။

အမျိုးသားယဉ်ကျေးမှု၊ ဘာသာသာသနာယဉ်ကျေးမှုများနှင့် မြေပေါ်မြေအောက် သယံဇာတတွေ ပေါကြွယ်လှတဲ့ မြန်မာနိုင်ငံကြီးကို စိတ်ဝင်စားကြသူတွေများတယ်။ ထိုလူတွေထဲမှာ အချို့သော ပုဂ္ဂိုလ်များဟာ ဒီမြေပေါ်မှာ မွေးဖွားလာသူများ မဟုတ်ကြသော်လည်း ဒီမြေပေါ်မှာ မွေးဖွားသူများနှင့်အတူ လူ့အခွင့်ရေး သီအိုရီကို အကြောင်းပြလျက် (အသုံးချလျက်) နိုင်ငံသားအခွင့်ရေးကို တန်းတူရည်တူ ရယူနိုင်အောင် ကြိုးစားနေကြတယ်။ ကမ္ဘာကို မြန်မာ့အရေးနှင့် ပတ်သက်၍ အမြင်စောင်းအောင် ကြိုးစားဆောင်ရွက်နိုင်ကြပြီး၊ ပြည်တွင်းမှာ ခြေကုပ်ယူနိုင်အောင် တစ်စိုက်မတ်မတ် ကြိုးစားနေကြ

www.burmeseclassic.com



တယ်။ အိမ်ရှင်နှင့်တူတဲ့ (မြန်မာတိုင်းရင်းသားများနှင့် အခြားအခြားသော တိုင်းရင်းသူ၊ တိုင်းရင်းသား)တို့၏ ယဉ်ကျေးမှုနှင့် တိုင်းပြည်မှ ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေများကို ဆန့်ကျင်ဘက်ပြုရန် ကြိုးစားအားထုတ်လာသူတွေလည်း ထိုသူတွေထဲမှာ ပါလာတယ်။ ဒီလိုအခြေအနေများကို တွေ့နေရ၊ မြင်နေရ၍ နိုင်ငံနှင့် လူမျိုးအတွက် စိန်ခေါ်မှုတွေက များလွန်းနေတယ်လို့ ခံစားမိတယ်။

ဒီကြားထဲမှာ အယူးသီးပြီး၊ အယူသန်လှတဲ့ ဘာသာရေးအစွန်းရောက်သမားတွေ ပါလာပြန်တော့ သူတို့ရဲ့စိန်ခေါ်မှုတွေကလည်း ကြောက်ခမန်းလိလိ ဖြစ်ရပြန်တယ်။ ဂျီဟဒ် (Jihad - မူစလင်ဘာသာရေးစစ်ပွဲ) ကို ဆင်နွှဲမယ်လို့ ကမ္ဘာကို သတင်းထုတ်ပြန်ပြီး ခြိမ်းခြောက်လာပြန်တယ်။ ကံအားလျော်စွာ အစွန်းရောက်သမားများက အမေရိကန်လူမျိုး သတင်းထောက်တစ်ယောက်ကို ထိုရက်ပိုင်းအတွင်းမှာ ခေါင်းဖြတ်သတ်လိုက်တာကြောင့် အစွန်းရောက်သမားများကို အမြစ်ပါမကျန် ခြေမှုန်းတိုက်ခိုက်ရန် အမေရိကန်နိုင်ငံက (လူ့အခွင့်ရေးစကားကို တွင်တွင်ပြောနေတဲ့ လူမျိုးက) ဦးစီးတဲ့ ဥရောပနိုင်ငံတွေ၊ တစ်ချို့ အာရပ်နိုင်ငံတွေပါ ပူးပေါင်း သန္နိဋ္ဌာန်ချခဲ့ကြတယ်။ ထို့နောက် မကြာမတင်မှာပဲ စစ်ဆင်ရေးတွေ စနိုင်ခဲ့ကြတယ်။ ဒီအချက်က မြန်မာနိုင်ငံကို ကံကောင်းစေတဲ့ အချက်တစ်ခုဖြစ်ခဲ့တယ်။ သို့သော် အစွန်းရောက်သမားတို့ရဲ့ အန္တရာယ်တွေက လုံးဝ ကင်းသွားပြီလို့တော့ မဆိုနိုင်သေးပါ။

အခြားအခြားသော အန္တရာယ်များကလည်း ရံခါရံခါ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေဆဲဖြစ်တယ်။ အရှိန်ကြီးမားလှတဲ့ သတင်းမီဒီယာများ၏ သတင်းဖြန့်ချိမှုကြောင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံမှာ ဘာသာရေးပဋိပက္ခတွေ ထပ်ဖြစ်လာမှာကို စိုးရိမ်တယ်ဆိုတဲ့သတင်းမျိုးတွေ၊ (ပြည်တွင်းမှာလည်း) "တောင်ကြီးမြို့မှာ ဗုံးပေါက်ကွဲ"ဆိုတဲ့ သတင်းမျိုးတွေ၊ "RSO လက်နက်ကိုင် ၃ ဦးကို မောင်တောနယ်စပ်မှာ ဖမ်းဆီးရမိခြင်း" ဆိုတဲ့ သတင်းမျိုးတွေ၊ "မြဝတီမြို့ ရေလည်ကျွန်းတွင် လက်နက်ခဲယမ်းများနှင့် လူ ၃ဦးကို ဖမ်းဆီးရမိခြင်း"ဆိုတဲ့ သတင်းမျိုးတွေ၊ "QPP/QAနှင့် မြန်မာ့တပ်မတော် အပြင်းအထန် တိုက်ခိုက်"ဆိုတဲ့ သတင်းမျိုးတွေ၊ ဒီလိုသတင်းမျိုးတွေကလည်း မြန်မာ့နိုင်ငံရေးကို ခြိမ်းခြောက်နေဆဲဖြစ်တယ်။

တိုင်းပြည်နှင့်လူမျိုးအတွက် အကြပ်အတည်းတွေ တွေ့လာတဲ့အခါမျိုးတွေမှာ မြန်မာ့ရာဇဝင်သမိုင်းထဲက သူရဲကောင်းကြီးတွေကို ပြေးလို့သတိရမိတယ်။ ဘုရားသာသနာတော်ရဲ့ ဓမ္မလမ်းညွှန်ဖြစ်တဲ့ ကျင့်စဉ်များရဲ့ ဂိုက်လိုင်းလို့လဲ ခေါ်ဆိုနိုင်တဲ့ ပိဋကတ်တော်များကို ထိန်းဆောင်နိုင်ရေးအတွက် စစ်မတိုက်ချင်ဘဲ စစ်တိုက်ခဲ့ရသော အနော်ရထာမင်းကြီးလို ရှင်ဘုရင်မျိုးတွေ၊ စစ်ကို ရွံမုန်းသော်လည်း သာသနာတော်ရဲ့ အမွေအနှစ်များတည်ရှိနေတဲ့ မြန်မာနိုင်ငံတော်ကြီး သမိုင်းစာမျက်နှာများပေါ်မှာ ပျောက်ကွယ်သွားမည့်အရေးကို စိုးရိမ်တော်မူတဲ့ အလောင်းမင်းတရားကြီးသည် "ငါသည် သာသနာတော်ကို ထွန်းကားပြုနိုင်သော သာသနာပြု မင်းမျိုးဖြစ်နိုင်မည်ဆိုလျှင် ယခု ဆင်နွှဲနေသော စစ်သည် ကောန်မုချ အောင်နိုင်ပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုလျက် (ရန်သူလက်ထဲ မကျရောက်သေးဘဲ ကျန်ရှိနေသေးတဲ့) ရွာဆယ်ရွာရှိ စစ်သည်အင်အားကို အလျဉ်အမြန် စုရုံး၍ စစ်တိုက်ခဲ့ရသော ဦးအောင်ဇေယျလို ရှင်ဘုရင်မျိုးတွေ မြန်မာ့သမိုင်းမှာ များစွာ

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့တယ်။ အမျိုးသားရေးစိတ် ရှိသူများအတွက် ထိုကဲ့သို့သော ရှင်ဘုရင်များ၊ တိုင်းပြည်ခေါင်းဆောင်များအား ကျေးဇူး အထူးတင်ထိုက်ခြင်းပါ။

ယနေ့ မြန်မာနိုင်ငံရဲ့အခြေအနေသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စစ်တိုက်ဖို့ထက် သွေးစည်းညီညွတ်ရေး၊ အပြန်အလှန် နားလည်နိုင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်လာနိုင်ရေးအတွက် ပြင်ဆင်ရမည့် အချိန်အခါမျိုးဖြစ်တယ်။ အဘယ့်ကြောင့်ဆိုသော် ဘာသာရေးအစွန်းရောက်များ၏ အနှောင့်အယှက်များကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကာကွယ်နိုင်ရန် အရေးကလည်း ရှိနေသေးတယ်။ အစိုးရနှင့် တိုင်းရင်းသားတွေကြားမှာ အပစ်အခတ်ရပ်စဲရေး။ ဒီအရေးတွေကလည်း မပြီးပြတ်သေး။ နိုင်ငံတော်အတွက် လုံခြုံရေးကလည်း အရေးကြီးသော ကာလဖြစ်၍ အမြဲတစေ သတိနှင့်စောင့်ကြည့်ရမည့် အချိန်အခါလည်း ဖြစ်တယ်။ ၂၀၁၅-ခု ရွေးကောက်ပွဲကလည်း တဖြေးဖြေး နီးကပ်လာနေတယ်။ ပြည်သူ၊ ပြည်သားတွေထဲမှာလည်း ဆင်းရဲသားဦးရေက များလွန်းနေသေးတာကြောင့် ဆင်းရဲသားများရဲ့ စိတ်ဓာတ်ကို ဖျက်ဆီးနေတဲ့ အခြားအခြားသော ဆွဲဆောင်မှုများနောက်သို့ ဆင်းရဲသားများ လိုက်ပါမသွားရအောင် အမျိုးသားရေး စိတ်ဓာတ်ကို (အမျိုးသမီးများလဲပါဝင်သည်) အထူးကြောင့်ကြစိုက်၍ မြှင့်တင်ပေးသင့်တဲ့ အခါမျိုးဖြစ်၍ တိုင်းပြည်အတွင်း၌ အကြပ်အတည်းတွေ၊ အခက်အခဲတွေက စိန်ခေါ်နေသလိုဖြစ်နေတယ်။

ဤသို့သောအခြေအနေများကြောင့် တာဝန်နှင့် ဝတ္တရား။ ဤစကားနှစ်ခု၏ အဓိပ္ပါယ်ကို သဲကွဲအောင် နားလည်ထားဖို့တော့



လိုမည်ထင်တယ်။ ဥာဏ်မီသမျှ ရှင်းပြရမည်ဆိုလျှင် နိုင်ငံတော်မှ ဥပဒေပြု၍ နိုင်ငံသူ၊ နိုင်ငံသားများလိုက်နာရန် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာကျင့်သုံးရခြင်းကို တာဝန် ထမ်းသည်၊ တာဝန်ယူသည်၊ တာဝန်ကျေသည်ဟု ဆိုနိုင်ခြင်းပါ။ ဥပမာ၊ တိုင်းပြည်ဝန်ထမ်းများ၊ သာသနာ့ ဝန်ထမ်းများ စသည်တို့ဖြစ်တယ်။ ထိုသူများထမ်းရွက်နေသော တာဝန်က ထိုသူအား တစ်နည်းမဟုတ်တစ်နည်းနည်းဖြင့် စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးတို့ကို တာဝန်ယူပေးထား၍ ထိုသူက ထိုသူတာဝန် ယူထားသော တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်ခဲ့လျှင် ပြစ်ဒဏ်များ ချမှတ်နိုင်တဲ့ အနေအထားမျိုးသို့ ရောက်နိုင်အထိ ဖြစ်သွားနိုင်တယ်။ ဒါဟာ တာဝန်နှင့်ပတ်သက်၍ သိနိုင်တဲ့အချက်ပါ။

နောက်တစ်ခုက ထိုအစိုးရရုံးများ၊ သို့မဟုတ် အစိုးရဌာနများ၌ တိုက်ရိုက်ဝန်ထမ်းအလုပ်ကို မလုပ်ကိုင်သော်လည်း တိုင်းပြည်တွင်းမှာနေပြီး ကိုယ်ပိုင်စီးပွားရေးအလုပ်၊ သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းအလုပ်၊ သို့မဟုတ် တောင်ယာစိုက်ပျိုးလုပ်ကိုင်ခြင်း အလုပ်မျိုး၌ လုပ်ကိုင်နေစကာမူ နိုင်ငံတော်မှ ချမှတ်သော အခွန် ဘဏ္ဍာများကိုပေးဆောင်ခြင်းသည် တိုင်းပြည်အတွက် တာဝန်ကျေပွန်သူဟု ပြောဆိုနိုင်တယ်။ ဥပမာ၊ ကုမ္ပဏီတစ်ခု၏ အမြတ်တော်ခွန်သည် တစ်နှစ်ဆိုလျှင် မည်၍မည်မျှရှိသည်၊ သို့မဟုတ် ဝန်ထမ်းတစ်ယောက်၏ လစာသည်၊ တစ်နှစ်ဆိုလျှင် မည်၍မည်မျှရှိသည်၊ ထိုထက်ကျော်လွန်လျှင် အခွန်ပေးဆောင်ရမည်။ သို့မဟုတ်၊ လယ်သမားများ၏ ရေနှုန်းမြေခွန်သည် တစ်နှစ်ဆိုလျှင် မည်၍မည်မျှရှိသည်ဟု နိုင်ငံတော်မှ အခွန်ဘဏ္ဍာနှင့်စပ်လျဉ်း၍ ဥပဒေပြု ပြဋ္ဌာန်းသတ်မှတ်ပေးထားသော

www.burmeseclassic.com

www.burmeseclassic.com



အခွန်ဘဏ္ဍာကို ပေးဆောင်ခြင်းသည် တိုင်းပြည်၏ တာဝန်ကို ထမ်းနိုင်သမျှ ဆောင်ရွက်နေသူများဟု ဆိုနိုင်တယ်။

အခွန်ဘဏ္ဍာပေးဆောင်မှုနှင့်စပ်လျဉ်း၍ စိတ်ဝင်စားဖွယ် တစ်ခုမှာ အမေရိကန်လို နိုင်ငံမျိုး၌ အခွန်နှင့် ပတ်သက်လာလျှင် အထူးစည်းကျပ်ထားသည်ကို တွေ့ရတယ်။ ဥပမာ၊ ရွေးကောက်ပွဲသို့ ဝင်လိုသော အမတ်လောင်းများ၊ သို့မဟုတ် သမ္မတလောင်းများသည် အခွန်ကို တစ်ချိန်တစ်ခါဖြစ်စေ၊ အကြိမ်များစွာဖြစ်စေ၊ မပေးဆောင်ပဲ ရှောင်လွဲနေခဲ့တာမျိုး ရှိနေခဲ့လျှင် ထိုအမတ်လောင်းများ၊ ထိုသမ္မတလောင်းများကို ရွေးကောက်ပွဲဝင်ရန် ဖျက်သိမ်းခြင်းကို ခံရခြင်းဖြစ်တယ်။ ထို့ကြောင့် သူတို့ နိုင်ငံသူ၊ နိုင်ငံသားများသည် အခွန်ပေးဆောင်မှုနှင့်စပ်လျဉ်း၍ အထူးသတိပြုလျက် အခွန်ဘဏ္ဍာများကို နှစ်စဉ်နှစ်တိုင်း ပေးဆောင်နေကြသည်ကို တွေ့ရှိရတယ်။

တာဝန်ဆိုတဲ့စကားနှင့် အနည်းငယ် အဓိပ္ပါယ်ကွဲလဲနေသော ဝတ္တရားဆိုတဲ့စကားကိုလည်း သိဖို့ လိုအပ်တယ်။ ဝတ္တရားဆိုတာ ဥပဒေပြု၍ ပြဋ္ဌာန်းပေးထားတဲ့ စည်းမျဉ်းစည်းကမ်းမျိုးမဟုတ်ဘဲ မိသားစုကိစ္စမျိုးတွေမှာပဲဖြစ်ဖြစ်၊ လူမှုရေးကိစ္စမျိုးတွေမှာပဲဖြစ်ဖြစ်၊ ဘာသာရေး၊ သာသနာရေး၊ လူမျိုးရေးကိစ္စတွေမှာပဲ ဖြစ်ဖြစ် ပြုသင့်၊ ပြုထိုက်သည်များကို မိမိရဲ့ စေတနာအလျောက် ပြုလုပ်၊ ဆောင်ရွက်ပေးတဲ့ ကိစ္စမျိုးတွေမှာ အကျုံးဝင်တဲ့ စကားမျိုးဖြစ်တယ်။ ကူညီဆောင်ရွက်နိုင်လျှင် မိမိသူတစ်ပါးအတွက် အကျိုးဖြစ်ထွန်းနိုင်ပြီး၊ မကူညီမဆောင်ရွက်နိုင်လျှင်လည်း ဥပဒေတရားကြောင်းအရ အရေးယူမှုမျိုးကို မပြုလုပ်နိုင်တဲ့ ကိစ္စမျိုးတွေ ဖြစ်တယ်။ ဥပမာ၊ မိဘဝတ္တရားငါးပါး၊ သားသမီးဝတ္တရားငါးပါးစတဲ့ ဝတ္တများသည် ပြုနိုင်လျှင်



နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနိုင်ပြီး၊ ဝတ္တရားများကို မဆောင်ရွက်ဘဲ ပျက်ကွက်နေခဲ့လျှင်လည်း ဥပဒေကြောင်းအရ တရားစွဲဆိုရန် မဖြစ်နိုင်တဲ့ အရာမျိုးတွေဖြစ်တယ်။ ထိုထိုကိစ္စမျိုးတွေမှာ ဝတ္တရားဆိုတဲ့ စကားကို သုံးနှုန်းပြောဆိုလေ့ ရှိကြတယ်။

နိုင်ငံသားများရဲ့ တာဝန်ဖြစ်တဲ့ နိုင်ငံ့အမှုထမ်းခြင်း၊ တရားသဖြင့် လုပ်ကိုင်စားသောက်ခြင်း၊ အခွန်ပေးဆောင်ခြင်း စသည်များကို ပြည်သူများက အသိစိတ်ဖြင့် ဆောင်ရွက်ကြမည်ဆိုလျှင် တိုင်းပြည်ကြီးသည် မကြာခင်မှာ တိုးတက်လာမှာဖြစ်တယ်။ တိုင်းပြည်တွင်း၌ ပြုလုပ်သင့်၊ ပြုလုပ်ထိုက်သည့် နိုင်ငံ့ဝတ္တရား၊ လူမှုဝတ္တရား၊ အမျိုးဘာသာ သာသနာနှင့်စပ်သော ဝတ္တရားများကို ဖြူစင်သော စိတ်စေတနာ၊ ကြည်လင်သော မေတ္တာဖြင့် မတွန့်မတို၊ မခိုမကပ် ဆောင်ရွက်နိုင်ကြမည်ဆိုလျှင် တိုင်းပြည်ကြီးသည် မကြာခင်မှာပင် တည်ငြိမ်အေးချမ်း၍ သာယာဝပြောလာမှာဖြစ်တယ်။ ထို့ကြောင့် မြန်မာနိုင်ငံတော်သူ၊ နိုင်ငံတော်သားများသည် တာဝန်နှင့် ဝတ္တရားများ၏ သဘောသဘာဝများကို နားလည်သဘောပေါက်လျက် ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်လူမျိုးများ ကြီးပွားချမ်းသာအောင် အတူပူးပေါင်း၍ ဆောင်ရွက်နိုင်ကြဖို့ပါ။

နိုင်ငံနှင့် နိုင်ငံသား။ လူမျိုးနှင့် ဂုဏ်သိက္ခာ။ တာဝန်နှင့် ဝတ္တရား။

ဒီအချိုးအစားတွေ ညီမျှလာအောင် အတူပူးပေါင်း၍ ကြိုးစားဆောင်ရွက်နိုင်ကြမည်ဆိုလျှင် မြန်မာဆိုတဲ့ နိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာတွေနှင့် ထည်ဝါနေမည်ဖြစ်ပြီး၊ မြန်မာဆိုတဲ့ လူမျိုးတို့ရဲ့ ဘာသာ၊ သာသနာယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများသည်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့လူထုရဲ့ နှလုံးသားထဲမှာ အမြဲထာဝရ တည်ရှိနေမည်သာဖြစ်၏။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## မြန်မာနိုင်ငံရဲ့အနာဂတ်အရေးကို မည်သို့ ဆွေးနွေးကြမည်နည်း

ယနေ့မြန်မာနိုင်ငံရဲ့အခြေအနေသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးကအစ ဝေဝါးနေဆဲဖြစ်၏။ ဘယ်အရေးတွေက တိုင်းပြည်အတွက် ပစ္စုပ္ပန်ကာလမှာ အရေးကြီးနေ၍၊ ဘယ်အရေးတွေက တိုင်းပြည်အတွက် အနာဂတ်ကာလမှာ အရေးပါနေသည်ဆိုတာကို ပြည်သူအများစု ဂဃနဏ သဘောသက်ရောက်ဟန်မရှိပါ။ ပြည်သူအများစုဟာ စာဖတ်ကလည်းအားနည်း၊ စာပေဆိုင်ရာ သုတေသနပြုမှုလုပ်ငန်းများ၌လည်း အားနည်းလွန်းလှ၍ လမ်းမပေါ်တက်၍ ဟစ်အော်တတ်လျှင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီလို့ အထင်ရောက်သူတွေကလည်း များမှ၊ များနေခြင်းပါ။ တိုင်းပြည်နှင့် လူမျိုးအတွက် ဝမ်းနည်းမိပါ။၏။

အမေရိကန်နိုင်ငံမှာ ရောက်နေတုန်းအခိုက် ဒီမိုကရေစီစနစ်ရဲ့ ကျင့်ထုံးနှင့် ဒီမိုကရေစီစနစ်အောက်မှာ သွားလာလှုပ်ရှားနေတဲ့ ပြည်သူ

www.burmeseclassic.com

www.burmeseclassic.com



များရဲ့ဘဝကို တစ်စေ့တစ်စောင်း လေ့လာကြည့်မိတယ်။ အမေရိကန်ပြည်သူများဟာ ဒီမိုကရေစီစကားကို များများမပြောပဲ၊ ဒီမိုကရေစီစနစ်အောက်မှာ ကိုယ့်အခွင့်အရေးများ (လူ့အခွင့်အရေးများ၊ နိုင်ငံသားအခွင့်အရေးများ) မဆုံးရှုံးရအောင် နေတတ်၊ ထိုင်တတ်၊ သွားတတ်၊ လာတတ်၊ လုပ်တတ်၊ ကိုင်တတ်သောသဘောတရားများနှင့် နေ့စဉ်ဘဝများကို ဖြတ်သန်းနေကြတယ်။

ဥပမာ၊ အမေရိကန်နိုင်ငံအတွက် သတင်းအထွဋ်အထိပ်လို့ဆိုနိုင်တဲ့ အီရတ်အရေး၊ သို့မဟုတ် အီရတ်အရေးနှင့် စပ်လျဉ်းတဲ့ ထိုနိုင်ငံရောက် အမေရိကန်သတင်းထောက်နှစ်ဦးကို ခေါင်းဖြတ်သတ်ခံရတဲ့အရေး။ ထိုခရိုက်စစ်စ် (Crisis) အတွက် ပြည်သူများဖက်က လမ်းပေါ်ထွက်၍ အော်တာမျိုးကို မပြုလုပ်ပဲ ပညာရှင်များ ဖက်ကသာ အကျိုးအကြောင်းနှင့် အကျိုးအပြစ်တို့ကို ပြည်သူများ ခွဲခြားစိစစ်နိုင်ရန် ခန်းမကြီးများထဲ၌ ပြည်သူများကို ဖိတ်၍ ဒိဘိတ် (Debate) လုပ်ကြတယ်။ ထိုဒိဘိတ်အစီအစဉ်များကို ‌တီဗီချန်နယ်များ၊ အင်တာနက်ဝက်ဘ်ဆိုက်များမှတဆင့် ပြည်သူများအား ဒါရိုက်ရှိုး(Direct show) ဖြင့် လွှင့်ထုတ်ပြသကြတယ်။ ကမ္ဘာ့ပြည်သူများအားလည်း အင်တာနက်ဝက်ဘ်ဆိုက်များမှတဆင့် ကြည့်ရှုခွင့်ကိုပေးထားတယ်။ ဒါဟာ ပြဿနာတစ်ခုကို ဖြေရှင်းရာ၌ သို့မဟုတ် ပြဿနာပေါင်းစုံကို ဖြေရှင်းရာ၌ ပြည်သူနှင့်အစိုးရ ပူးပေါင်း ဆောင်ရွက်တဲ့နည်းမျိုးလို့ ဆိုနိုင်တယ်။ ထိုရှိုးမျိုးမှာ လိုအပ်လာရင် အစိုးရလုပ်ရပ်ကိုလည်း ဝေဖန်တယ်။ ပြည်သူတို့ရဲ့ လုပ်ရပ်ကိုလည်း ဝေဖန်ပြတတ်ကြတယ်။

ပြည်သူများရဲ့အသံ၊ သို့မဟုတ် ပြည်သူများရဲ့အရေးကိစ္စ၌ သုတေသနပြုခြင်း၊ ကောင်းစွာလေ့လာထားခြင်း စသည်များကို ပြည်သူများကပြုလုပ်၍ ထိုပြည်သူများရဲ့အသံကို အစိုးရက စနစ်တကျလေ့လာပြီး ဘာလုပ်သင့်တယ်၊ ပြည်သူအများစုရဲ့ဆန္ဒက ဘယ်လိုရှိနေတယ်ဆိုတာကို အစိုးရက နားထောင်တယ်။ ဥပမာ၊ ရာထောင်ချည်၍ရှိနေပြီဖြစ်သော ပြည်သူများ ပြုလုပ်ထားသောဒိဘိတ်များကို လေ့လာသုံးသပ်တယ်။ ထို့နောက် နိုင်ငံတော်မှ ခိုင်မာသော စတိတ်မင့်များကို ထုတ်ပြန်၍ ပြည်သူများအား အသိပေး ကြေညာတယ်။ ဒါဟာ သူတို့နိုင်ငံရဲ့ လုပ်ထုံး၊ လုပ်နည်းလို့ လေ့လာသုံးသပ်မိတယ်။

ထိုအခါမျိုးမှာ ပြည်သူများက နိုင်ငံတော်သမ္မတက ဘာတွေပြောမလဲ၊ ဘာဆုံးဖြတ်ချက်တွေကို ချပြမှာလဲဆိုတာ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ပြည်သူများက စိတ်ဝင်တစား နားထောင်ကြတယ်။ နားထောင်ပြီးတဲ့ အခါမှာ သူတို့နိုင်ငံခေါင်းဆောင် သမ္မတရဲ့မိန့်ခွန်း သို့မဟုတ် လွှတ်တော်ရဲ့ဆုံးဖြတ်ချက်ကို လက်ခံနိုင်သူရှိသလို၊ လက်မခံနိုင်သူတွေလည်း ရှိနေခြင်းပါ။ သို့သော် ထိုသမ္မတရဲ့မိန့်ခွန်းအတွက် ပြည်သူတွေ လမ်းပေါ်ကိုတက်၍ ဆန္ဒမပြခဲ့ကြပါ။ လမ်းပေါ်ကိုတက်အောင် လှုံ့ဆော်သူများလည်း မရှိပါ။ သူတို့ပြည်သူတွေက သူတို့ရွေးချယ် တင်မြှောက်ထားတဲ့ သူတို့နိုင်ငံရဲ့သမ္မတကို ဆုံးဖြတ်ပိုင်ခွင့်၊ ပြုလုပ်နိုင်ခွင့်များကို ရွေးကောက်ပွဲမှာ သူတို့ ကိုယ်တိုင် အပ်နှင်းထားခြင်းဖြစ်လို့ အပြင်းအထန် ဝေဖန်မှုများ များစွာမရှိခဲ့ပါ။ (၂၀၁၅-ခုနှစ် ရွေးကောက်ပွဲအတွက် သတိပြုစရာ အချက်တစ်ခုပါ။)

နောက်တစ်ခုက ပြည်သူတွေရဲ့နှလုံးသားထဲမှာ နိုင်ငံတော်သမ္မတများရဲ့ စတိတ်မင့်များကို လက်ခံယုံကြည်ပြီး၊ လိုက်နာကျင့်သုံးမှု အပိုင်း၌ အကျိုးသက်ရောက်မှုများ ရှိနေခြင်းပါ။ သူတို့နိုင်ငံရဲ့သမ္မတတစ်ယောက် ဖြစ်ခဲ့ဖူးတဲ့ ဂျွန်ကနေဒီရဲ့စကားကို အမေရိကန်ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com



အများနှစ်မြို့က်ခဲ့ကြတယ်။ ဂျွန်ကနေဒီက - “တိုင်းပြည်ကို တကယ် ချစ်တယ်ဆိုရင် တိုင်းပြည်က ငါ့အတွက် ဘာလုပ်ပြီးပြီလဲ မမေးနဲ့၊ ငါက တိုင်းပြည်အတွက် ဘာလုပ် ပြီးပြီလဲလို့ မေးပါ” တဲ့။ မှတ်သားဖွယ်ကောင်းတဲ့ မိန့်ခွန်းပါ။ တိုင်းပြည်အသွင် ကူးပြောင်းနေချိန်မှာ၊ သို့မဟုတ် တိုင်းပြည်ကြီး ဆင်းရဲကြပ်တည်းနေချိန်မှာ တိုင်းပြည်အတွက် မိမိကိုယ်တိုင်က ဘာတွေလုပ်ပြီးပြီလဲဆိုတာ မေးကြည့်နိုင်ကြဖို့ပါ။

ယနေ့ တိုင်းပြည်အတွင်း၌ ပြည်သူများ ထုတ်ဖော်တောင်းဆိုနေသော ဆန္ဒအများစုသည် အတိတ်က အကြောင်းအရာတွေကို ပြန်လည်တောင်းဆိုနေကြ၏။ ဥပမာ၊ နဝတခေတ်က လယ်ယာမြေသိမ်းကိစ္စ၊ လူ့အခွင့်ရေးများကို ချိုးဖေါက်ခဲ့တဲ့ကိစ္စ၊ (၈၈) အရေးအခင်းကာလ၊ ရွှေဝါရောင်တော်လှန်ရေးနှင့် အတိတ်သမိုင်းမှာ ထင်ကျန်နေခဲ့တဲ့ အရေးကိစ္စတွေကို ဦးစားပေး၍ ပြောဆိုနေကြဆဲဖြစ်တယ်။ ရေးသားတတ်သူတို့ကလည်း ဇောင်းပေး၍ ရေးနေကြဆဲဖြစ်တယ်။ နိုင်ငံရဲ့ လက်ရှိအနေအထားဖြစ်တဲ့ ပြုပြင် ပြောင်းလဲဆောင်ရွက်မှုများ ရှိ၊ မရှိ၊ စိစစ်ဝေဖန်နိုင်တဲ့ အရေးအသားမျိုးတွေ၊ ဆွေးနွေးမှုမျိုးတွေကို ရေးသူ၊ ပြောသူကတော့ ရှားလှတယ်။ (ရှိတော့ရှိပါ၏) သို့သော်…။

ရေးသားဖေါ်ပြကြရာ၌လည်း ဖက်က်စ် (Fact) အမှန်တရားကို အခြေမခံဘဲ နာကျည်းစိတ်ဖြင့်၊ မုန်းတီးစိတ်ဖြင့်၊ တစ်ဖက်သက် ရေးသားမှုမျိုးတွေ၊ ဝေဖန်မှုမျိုးတွေက များလွန်းနေတာကို တွေ့ရတယ်။ ဥပမာ၊ တစ်ယောက်သောသူကို ကြည်ညို၍၊ တစ်ယောက်သောသူအား တိုက်ခိုက်ရေးသားခြင်းမျိုး၊ တိုင်းပြည်တွင်းမှာ ဖြစ်ပျက်သွားတယ်ဆိုတဲ့ ဂျင်နိုဆိုက်ဒ် (Genocide) (လူမျိုးတုန်းသတ်ဖြတ်ခြင်းလို့



ခွင့်ပြုခဲ့ပြောဆိုထားတဲ့) ပြဿနာမျိုးကို ကမ္ဘာ့လူထုက အမှန်တရားလို့ ထင်မြင်သွားအောင် ရေးသားထားခြင်းမျိုး၊ အကျိုးဆက်အနေနှင့် တုန့်ပြန်ဂလဲ့စားချေနိုင်ဖို့အထိ ဖြစ်ပေါ်လာတဲ့ မြန်မာပြည်နှင့် ဂျီဟာဒ်စစ်ပွဲ (Jihad) (မွတ်ဆလင် ဘာသာရေးစစ်ပွဲ) စတဲ့ ဖြစ်ရပ်မျိုးတွေမှာ အမှန်တရားကို အခြေခံ၍ ရေးသားထားခြင်းမျိုး ကင်းမဲ့ခဲ့တာကြောင့် ကိုယ့်တိုင်း ကိုယ့်ပြည်တွင်းမှာ ငြိမ်းချမ်းစွာနေလိုတဲ့ ပြည်သူ၊ ပြည်သားများအတွက် အခက်အခဲများနှင့် ကြုံတွေ့နေကြရခြင်းပါ။ အထိတ်တလန့်တွေ ဖြစ်ခဲ့ရခြင်းပါ။

အကယ်၍သာ ပြည်သူ၊ ပြည်သားများသည် အမျိုးသားရေးတာဝန်ကို မျက်ကွယ်ပြုခဲ့ကြမည်ဆိုလျှင် မြန်မာဆိုတဲ့ အိုင်ဒင်တီတီ (Identity) (မည်သူမည်ဝါဖြစ်ကြောင်း ကိုယ်ပိုင်လက္ခဏာ)များ မကြာမီ ပျောက်ကွယ်သွားမည်ဖြစ်ပြီး၊ မြန်မာဆိုတာ ဘာလူမျိုးလဲ ဆိုတာကို သိလိုလျှင် ဝက်ဘ်ဆိုက်များမှာ၊ သို့မဟုတ် စာကြည့်တိုက်များရှိ စာအုပ်စာမျက်နှာများပေါ်တွင်သာ တွေ့နိုင်တော့မည်ဖြစ်ကြောင်း မဝေးလှသော အနာဂတ်ကို ကြိုတင်၍ ဟောကိန်းထုတ်လိုခြင်းပါ။

ယခုအချိန်မှာ မြန်မာပြည်သူ၊ ပြည်သားများသည် မယောင်ရာမှာ ဆီလူးမနေကြပဲ ယနေ့ မြန်မာနိုင်ငံရဲ့ အနေအထားကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ဖို့ လိုအပ်လာခြင်းပါ။ ယနေ့ မြန်မာနိုင်ငံရဲ့ အနေအထားသည် ၂၀၁၅-ခုနှစ် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရမည့်အချိန်အခါမျိုးဖြစ်တယ်။ ပြည်သူ၊ ပြည်သူတွေအား တိုင်းပြည်အတွက် မည်သို့သော ခေါင်းဆောင်များကို ရွေးချယ်နိုင်ရန်၊ သို့မဟုတ် ခေါင်းဆောင်ကောင်းကို ရွေးချယ်တတ်အောင် ပညာပေးရမည့် အချိန်အခါမျိုးဖြစ်တယ်။ တိုင်းပြည်နှင့်ခေါင်းဆောင်၊ ခေါင်းဆောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



**အမျိုးသားရေးကဏ္ဍ**၊ အမျိုးသားရေးကဏ္ဍနှင့် လူထုဆန္ဒ၊ လူထုဆန္ဒနှင့် အမျိုးသားရေးတာဝန် ကျေပွန်အောင် မည်သူကဆောင်ရွက်မည်နည်း၊ သို့မဟုတ် မည်သူတွေက ဆောင်ရွက်နိုင်ကြမည်နည်း။ မေးစရာမေးခွန်းတွေက များစွာရှိနေခြင်းပါ။

တည်ငြိမ်တဲ့ တိုင်းပြည်တစ်ပြည်ဖြစ်ဖို့ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနှင့်လည်း မဖြစ်နိုင်သလို၊ တစ်ယောက်ကောင်း၊ တစ်သင်းကောင်းနှင့်လည်း တိုင်းပြည်ကို တိုးတက်အောင်၊ တည်ငြိမ်အောင် ပြုနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် တိုင်းပြည်အတွက် အတူပါဝင်နိုင်တဲ့ အုပ်ချုပ်ရေးအတွေ့အကြုံရှိသူများလည်း လိုအပ်နေခြင်းပါ။ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးအတွေ့ အကြုံရှိသူများလည်း လိုအပ်နေခြင်းပါ။ တိုင်းပြည် ပြုပြင်ရေးအတွက် အထောက်အကူများပေးနိုင်တဲ့ သတင်းမီဒီယာသမားများလည်း များစွာလိုအပ်နေခြင်းပါ။ နိုင်ငံတာဝန်ဆိုတာ တစ်ဦးတစ်ယောက်အား သတ်မှတ်ပြဋ္ဌာန်းပေးထားတဲ့ မွေးရာပါအခွင့်အရေးမျိုး မဟုတ်ပါ။ တစ်မျိုးသားလုံးအတွက် သွေးစည်းမှုရှိပြီး အေးအတူ ပူအမျှ အတူတကွ ထမ်းရွက်ရမည့် တာဝန်မျိုးသာဖြစ်တယ်။

ဤသို့ဆိုလျှင် ပစ္စုပ္ပန် အတိတ် အနာဂတ်ဆိုတဲ့ ကာလသုံးပါးမှာ ဘယ်ကာလက အရေးအကြီးဆုံးလဲ။ ဒီဘိတ် လုပ်မယ်ဆိုရင်လည်း လုပ်နိုင်တဲ့ ဘာသာရပ်မျိုးပါ။ ကာလသုံးပါးဆိုတာ အကြောင်းအကျိုး ဆက်နွယ်နေတယ်လို့ လောကပညတ္တိသဘောအရ ဆိုနိုင်တယ်။ ဥပမာ၊ ပစ္စုပ္ပန်ကာလမှာ လူသားတွေနေတယ်။ အတိတ်ကာလမှာလည်း လူသားတွေ နေခဲ့တယ်။ အနာဂတ်ကာလတွေမှာလည်း လူသားတွေ ဆက်လက်နေကြလိမ့်မယ်။ ပစ္စုပ္ပန်လူသားတို့



အတွက် အတိတ်ကလူသားတွေ ဘယ်ပုံဘယ်နည်းဖြင့် နေခဲ့ကြတယ်ဆိုတာကို သိချင်ရင် အတိတ်က စာမျက်နှာများကို ပြန်လှန်ကြည့်ရှုကြရတယ်။ ထိုအခါမှာ အတိတ် လူသားများရဲ့ လုပ်ဆောင်ချက်များ၏ အားနည်းချက်၊ အားသာချက်များကို တွေ့ကြရမှာဖြစ်တယ်။ ဆိုးတာတွေ့ရင် သခ်ိန်းစာယူ၊ ကောင်းတာတွေ့ရင် အတုယူတတ်ကြဖို့ပါ။

ပစ္စုပ္ပန်လူသားတွေက ဘာတွေကို မျှော်လင့်သလဲ။ ငြိမ်းချမ်းရေးလား၊ ညီညွတ်ရေးလား၊ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာရေးလား၊ တရားဥပဒေ စိုးမိုးရေးလား စသည်စသည်ဖြင့် အရေးတွေက စုံလှတယ်။ တိုင်းပြည်တွင်းမှာရှိတဲ့ ပြည်သူများအားလုံးရဲ့ တူညီတဲ့ လိုအပ်ချက်ဟာ ဘာလဲဆိုတာ မည်သူမျှ တိတိကျကျ ပြောနိုင်မည် မဟုတ်ပါ။ ဘာကြောင့်လဲဆိုရင် တချို့ဘာသာရေးအစွန်းရောက်များက ဂျိဟာဒ်ဟာ သူတို့ရဲ့ လိုအ်ပ်ချက် ဖြစ်ကောင်းဖြစ်နိုင်ပေမဲ့၊ ဘာသာရေးအစွန်းမရောက်သူများကတော့ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးဟာ သူတို့ရဲ့ လိုအပ်ချက်များ ဖြစ်နေနိုင်တယ်။

ဆင်းရဲတဲ့သူက ချမ်းသာခြင်းဟာ သူတို့ရဲ့ လိုအပ်ချက်များဖြစ်နိုင်ပေမဲ့၊ ချမ်းသာတဲ့ သူများကတော့ ဘဝလုံခြုံရေးဟာ သူတို့ရဲ့ လိုအပ်ချက်များ ဖြစ်ကောင်းဖြစ်နေပေလိမ့်မယ်။ သဘောထားကွဲလွဲမှုတွေက ရှိမြဲရှိနေမှာပါ။ တူညီသောဆန္ဒကို မရလို့ လမ်းပေါ်တက်၍ အော်နေကြမည်ဆိုလျှင် အနာဂတ်လူသားများအတွက် အတုယူလိုက်နာဖွယ်ရာတွေ ဖြစ်နေပေလိမ့်မယ်။ ဆိုလိုတာက ဒီအတိုင်းသာ ဆက်သွားနေကြမည်ဆိုလျှင် ၂၀၁၅-ခု ရွေးကောက်ပွဲကြီး ပြီးသွားလည်းပြည်သူ့ဆန္ဒထုတ်ဖော်မှုတွေက ပြီးဆုံးနိုင်ဦးမည် မဟုတ်ကြောင်း ပြောကြားလိုခြင်းဖြစ်တယ်။ ဤသို့သာ ဆက်တိုက်ဖြစ်နေမည်ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံကို လာရောက်ပြီး ရင်းနှီးမြှုပ်နှံလိုသူတို့အတွက် စိတ်ဝင်စားစရာဖြစ်တဲ့ နိုင်ငံမျိုး ဖြစ်လာနိုင်မည်မဟုတ်ပါ။

တိုင်းပြည်ရဲ့ လိုအပ်ချက်များအတွက် ပြည်သူ့ဆန္ဒတွေဟာ အရေးပါလှသော်လည်း ကိုယ်ပိုင်လိုအပ်ချက်အတွက် ဆန္ဒတွေကို ထုတ်ဖော်နေခြင်းဟာ တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်နေတတ်ခြင်းပါ။ တိုင်းပြည်ရဲ့လိုအပ်ချက်ကို ပြည်သူတွေက ကူ၍၊ ပြည်သူတွေရဲ့ လိုအပ်ချက်ကို တိုင်းပြည်က ကူညီပေးနိုင်ဖို့ တိုင်းပြည်မှာ ဘာတွေလိုအပ်နေတယ်ဆိုတာ ပြည်သူများက သိထားပါမှ တိုင်းပြည်ရဲ့ ပဋ္ဋပွန်ခရီးသည် သာယာဖြောင့်ဖြူးနိုင်မည်ဖြစ်ပြီး၊ တိုင်းပြည်ရဲ့ အနာဂတ်သည်လည်း ချမ်းသာကြွယ်ဝလာနိုင်မည်ဟု မျှော်လင့်မိခြင်းပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## မြန်မာ့နိုင်ငံရေးကို ပြည်သူ့သဘောထားအမြင်ဖြင့် လေ့လာသုံးသပ်ခြင်း

ယနေ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေများကို ပြည်သူ့သဘောထားအမြင်ဖြင့် လေ့လာသုံးသပ်ကြည့်ဖို့ လိုအပ်နေတဲ့အချိန်အခါမျိုး ဖြစ်တယ်။ ပညာရေး၊ စီးပွားရေးကအစ နိုင်ငံရေးအထိ အစစအရာရာ ရှုပ်ထွေးနေတဲ့အနေအထားမျိုးမှာ ရှိနေ၍ ပြည်သူတွေ မင်းလောင်းမျှော်မည်ဆိုလျှင်လည်း မျှော်သင့်တဲ့အချိန်အခါမျိုးဖြစ်နေတယ်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး၊ ဒီမိုကရေစီအစိုးရက တိုင်းပြည်ကို အုပ်ချုပ်နေခဲ့သည်မှာ ငါးနှစ်တင်းတင်း ပြည့်တော့မည်။ ငါးနှစ်တစ်ကြိမ်သာ ကျင်းပတဲ့ ရွေးကောက်ပွဲရဲ့ သက်တမ်းနှစ်ကြိမ်မြောက်မှာ သမ္မတအရွေးခံမဲ့ မင်းလောင်းဟာ သူဖြစ်မလား၊ သူမဖြစ်မလားဆိုတာ မည်သူမျှ တိကျတဲ့အဖြေကို မပေးနိုင်သေးပါ။ ပြည်သူတွေ စိတ်ဝင်တစား နားစွင့်၍ စောင့်ကြည့်နေကြတဲ့အချိန်အခါဖြစ်တယ်။ ဘယ်သူနိုင်မလဲ။ ဘယ်သူသမ္မတဖြစ်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



မင်းလောင်းရွေးချယ်မှုနှင့်ပတ်သက်၍ ရှေးအခါက ကျင့်သုံးခဲ့တဲ့ စနစ်တစ်ခုကတော့ တိုင်းပြည်တစ်ပြည်မှာ အုပ်ချုပ်သူမင်းမရှိ၍ ပြည်သူတွေကတိုင်းပြည်အတွက် မင်းလောင်းကို ရှာဖွေလိုကြတဲ့အခါ ဖုတ်သွင်းရထားကိုစေလွှတ်၍ တိုင်းပြည်အတွက် မင်းလောင်းကို ရှာဖွေခဲ့ကြတယ်။ ထိုစနစ်သည် ထိုခေတ်၊ ထိုအခါက လူတွေအတွက် အသုံးကျကောင်းကျနိုင်သော်လည်း ဒီခေတ်၊ ဒီအခါမှာ ဒီတိုင်းပြည်ကို အုပ်ချုပ်လိုသူ မင်းလောင်းတွေက (သ ့တလောင်းတွေက) ပေါများလွန်းနေ၍ ဖုတ်သွင်းရထားလွှတ်ခရာမလိုတဲ့ အချိန်အခါမျိုး ဖြစ်နေတယ်။ သို့သော်…။

စစ်မှန်သော ဒီမိုကရေစီစနစ်မှာ အပြောကောင်းသူများ၊ စည်ရုံးနိုင်သူများက ရွေးကောက်ပွဲမှာ အားသာခြင်းသဘောမှာ ရှိနေတတ်၍ နိုင်ငံအတွက် မင်းလောင်းရှာဖို့ ဖုတ်သွင်းရထားကို လွှတ်စရာမလိုတော့တာမို့ မင်းလောင်းရဖို့အတွက် ဒီမိုကရေစီစနစ်ရဲ့ အစီအမံဖြင့် ကံသွင်းမဲကို စေလွှတ်ကြရတယ်။ ဆိုလိုတာက ကံကောင်းတဲ့သမ္မတလောင်းဟာ ရွေးကောက်ပွဲမှာ နိုင်စေသတည်းပေါ့။

ကံဆိုတဲ့အရာဟာ လူတွေကိုယ်တိုင် ပြုလုပ်ထားသော စွမ်းရည်သတ္တိတစ်မျိုးဖြစ်၍ ထိုစွမ်းရည်သတ္တိလို့ ခေါ်တဲ့ ကံသတ္တိမျိုးကို တိုင်းပြည်အတွက်ပေးဆပ်နိုင်တဲ့ တိုင်းပြည်ပေါ်မှာ စေတနာထားသူ၊ တိုင်းပြည်အတွက် စေတနာထား၍ အလုပ်လုပ်သူကိုသာ ပြည်သူတွေက မင်းလောင်းနှင့်တူတဲ့ သမ္မတလောင်းမျိုးကို မျှော်လင့်နေကြတာကို တွေ့ရတယ်။ သို့သော် ပြည်သူများသည် အပြောကောင်းပြီး၊ တိုင်းပြည်အပေါ်မှာ စေတနာမထားနိုင်တဲ့ သမ္မတလောင်းလျာမျိုးကို မလိုချင်သလို၊ စေတနာကောင်းသော်လည်း ပျော့ပြောင်းလွန်းနေသော သမ္မတမျိုး၊ စကားပြောရာ၌ မောက်မောက်မာမာ ပြောဆိုတတ်တဲ့ သမ္မတမျိုးကိုလည်း မလိုချင်ကြပေ။ ထို့ကြောင့် ၂၀၁၅-ခု ရွေးကောက်ပွဲမျိုးဟာ ဗေဒင်ဆရာများပင် အဟောခက်တဲ့ ရွေးကောက်ပွဲမျိုး ဖြစ်နေခြင်းဖြစ်တယ်။



ရွေးကောက်ပွဲ မသမာခြင်းဆိုတာမျိုးကို အဓိပ္ပါယ်အမျိုးမျိုးနှင့် ဖွင့်ဆိုနိုင်တယ်။ စေတနာဆိုးဖြင့် တိုင်းပြည်ရဲ့အာဏာကို ရယူနိုင်အောင် မော်တိုက်ခြင်း၊ နှုတ်တိုက်ခြင်းနှင့်တူသော မီဒီယာများ၊ သတင်းစာများ၊ ဂျာနယ်များ၊ ဖေ့စ်ဘုတ်စာမျက်နှာများကို အသုံးပြုလျက် ကိုယ့်ပါတီအောင်နိုင်ရေးကို ပါးနပ်စွာ အသုံးချခြင်း၊ (ဥပမာ၊ အင်တာနက်လိုင်းများမှတစ်ဆင့်ဖြင့် ပေါ်ပြူလာဘုတ် (ပေါ်ပြူလာမဲ) ကောက်ခံခြင်းမျိုးဖြစ်တယ်။) ကိုယ့်ပါတီအနိုင်ရအောင် တစ်ခြားပါတီရဲ့ ဂုဏ်သိက္ခာကျဆင်းအောင် ရှုတ်ချလိုသော စကားအသုံးအနှုန်းများဖြင့် ကိုယ့်ပါတီအနိုင်ရအောင် ပြည်သူများအား ဆက်တိုက်ဆိုသလို ပြောကြားတိုက်ခိုက်ခြင်း၊ အားမာန်ပါသော ထိုးနှက်ချက်များနှင့် ကိုယ့်ပါတီအနိုင်ရအောင်၊ ဆူပူထကြွမှုများဖြစ်အောင် လှုံ့ဆော်ခြင်း၊ မဲဆွယ်ခြင်းမျိုး စသည်များသည်လည်း ရွေးကောက်ပွဲမသမာခြင်းလို့ ဆိုနိုင်ခြင်းပါ။

ထို့ကြောင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်သူတွေရဲ့ဆန္ဒကို တစေ့တစောင်းလေ့လာကြည့်တဲ့အခါ နိုင်ငံရေးဖြစ်စဉ်နှင့် ရွေးကောက်ပွဲကျင့်စဉ်မှာပြည်သူတွေဟာဝေးဝါးနေဆဲဖြစ်တယ်။ နိုင်ငံရေးနှင့် အမျိုးသားရေး၊ သီအိုရီနှင့် ဒီမိုကရေစီ၊ ခေါင်းဆောင်းကောင်းနှင့် ရှေ့တိုက်ကောင်း၊ ပြိုင်ဖက်နှင့် အတိုက်ခံ၊ သူရှိခြင်းနှင့်သူမရှိခြင်း၊ နိုင်ငံကို အလေးထားခြင်းနှင့် ပြည်သူကိုအလေးထားခြင်း၊ နိုင်ငံသားအခွင့်ရေး

www.burmeseclassic.com

www.burmeseclassic.com



နှင့် လူ့အခွင့်ရေး၊ ဒီမိုကရေစီစနစ်နှင့် မူဝါဒ၊ မူဝါဒနှင့် ဒီမိုကရေစီစနစ်ဒါတွေကို သဲကွဲအောင် အများကြီး ရှင်းလင်းပြရဦးမှာဖြစ်တယ်။

မဲပေးမဲ့ပြည်သူတွေထဲမှာနိုင်ငံတကာအမြင်ရှိတဲ့ ပြည်သူအချို့ကတော့ မြန်မာနိုင်ငံကြီး ကြီးပွား တိုးတက်နိုင်ဖို့ဆိုတာ နိုင်ငံတကာနှင့် ပြေပြေပြစ်ပြစ် ဆက်ဆံနိုင်တဲ့ သမ္မတမျိုးက တိုင်းပြည်ကို အုပ်ချုပ်နိုင်မှာမှ တိုင်းပြည်ကြီး ကြီးပွားတိုးတက်လာနိုင်မှာဖြစ်တယ်လို့ ယူဆနေကြတယ်။ တိုင်းပြည်ကို အလျှင်အမြန် တိုးတက်စေချင်ရင်တော့ နိုင်ငံတကာက လေးစားတဲ့ပုဂ္ဂိုလ်မျိုးကို သမ္မတတင်မြှောက်ရမယ် စသည် စသည်ဖြင့် တိုင်းပြည်တိုးတက်ရေး ပြောင်းလဲခြင်းသီအိုရီကို စံပြုကို တစ်စိုက်မတ်မတ် ပြောဆိုနေကြတယ်။ သူတို့တွေးသော ထိုအတွေးသည် မှန်သင့်သလောက်မှန်တယ်လို့ ဆိုနိုင်တယ်။ သို့သော်..ယ။

ပြည်သူအချို့ကြတော့ နိုင်ငံရေးနှင့် အမျိုးသားရေးဆိုတာ နှစ်မြွှာ အသဲလိုပဲ ခွဲခြား၍ မရနိုင်တဲ့အရာ ဖြစ်တယ်။ အမျိုးသာရေး ဂုဏ်သိက္ခာထက် တိုင်းပြည်တိုးတက်တဲ့ ဂုဏ်သိက္ခာတစ်ခုတည်းကို ကြည့်ပြီး သမ္မတလောင်းကို ရွေးချယ်မဲပေးကြမည်ဆိုလျှင် လူမျိုးနှင့် တိုင်းပြည် ခေါင်းတစ်ခြား၊ ကိုယ်တစ်ခြား ဖြစ်သွားနိုင်၍ သမ္မတလောင်းကို ရွေးချယ်ရာမှာ အမျိုးချစ်တဲ့ပြည်သူ၊ ပြည်သူချစ်တဲ့ အမျိုးကိုသာ သမ္မတလောင်းအဖြစ် ရွေးချယ်တင်မြှောက်သင့်တယ်လို့ အဆိုပြုနေသူတွေကလည်း များစွာရှိနေပြန်တယ်။ သို့သော်...။

အမြင်ဆိုတာ တစ်ဦးနှင့်တစ်ဦးမတူနိုင်သလို၊ တစ်ယောက်နှင့်တစ်ယောက်လည်း နားလည်ပုံခြင်း မတူညီနိုင်ပါ။ နိုင်ငံတကာကနေ မြန်မာနိုင်ငံကို လှမ်းမြင်နေတဲ့အမြင်နှင့် ပြည်တွင်းမှာနေ၍



နိုင်ငံတကာကို လှမ်းမြင်တဲ့အမြင်ဟာလည်း မတူညီနိုင်ပါ။ တစ်ချို့နေရာမျိုးတွေမှာ အဝေးကနေ၍ မြင်ရတဲ့ အမြင်မျိုးသည် ပို၍ အမြင်ရှင်းသလို၊ တစ်ချို့ နေရာမျိုးတွေမှာတော့ အမြင်ပို၍ ရှုပ်ထွေးနေတတ်မျိုးတာတွေကိုလည်း တွေ့နေရခြင်းပါ။

ထို့ကြောင့် မြန်မာနိုင်ငံရေး၊ အမျိုးသားရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားသားများသည် မြန်မာနိုင်ငံအပေါ်၌ နားလည်ပေးနိုင်တဲ့အရာမျိုး တွေရှိနိုင်သလို၊ နားလည်မပေးနိုင်တဲ့အရာမျိုးတွေလည်း ရှိနေနိုင်ခြင်းပါ။ ထိုနည်းတူစွာပင် မြန်မာနိုင်ငံသားများကလည်း နိုင်ငံခြားသားများ အပေါ်မှာ နားလည်ပေးနိုင်တဲ့အရာမျိုးတွေ ရှိနိုင်သလို၊ နားလည်မပေးနိုင်တဲ့အရာမျိုးတွေလည်း ရှိနေနိုင်ခြင်းပါ။

ဥပမာ၊ မြန်မာနိုင်ငံသားများကဂေးလ် မဲရစ်ချ် (Gay Marige) လို့ခေါ်တဲ့ လိင်တူဆက်ဆံမှုကို နားလည်မှုခက်နေတာမျိုးတွေ၊ နိုင်ငံခြားသားများကလည်း မြန်မာနိုင်ငံမှာဆင်းရဲ၊ ချမ်းသာကွာဟလွန်းနေတာမျိုးတွေ၊ အမျိုးသား၊ အမျိုးသမီးကြားမှာ အမျိုးသမီးအခွင့်ရေးများနည်းပါးနေသလို ဖြစ်နေတာမျိုးတွေ စသောအခြေအနေများကို ကွဲပြားစွာမမြင်နိုင်ကြတဲ့ အရာမျိုးတွေပါ။

လူ့အခွင့်ရေးသီအိုရီဆိုတာ လူသားများရလိုသော ဆန္ဒကို ဆုတ်ဖေါ်တောင်းဆိုသော အရာမျိုးဖြစ်၍ လူသားတွေ တောင်းဆိုနေသော အရာရာတိုင်းကို မှန်ကန်သည်ဟု မယူဆနိုင်ပါ။ ဥပမာ၊ အချို့အရာများသည် သူ့နိုင်ငံ၊ သူ့ဓလေ့၊ သူ့ယဉ်ကျေးမှုအရ မှန်ကန်သည်ဟု ဆိုကောင်းဆိုနိုင်ကောင်းသော်လည်း တစ်ခြားနိုင်ငံ၊ တစ်ခြားဓလေ့၊ တစ်ခြားယဉ်ကျေးမှုအတွက် မှန်ကန်သည်ဟု ယူဆလို့ မရနိုင်တဲ့ အချက်မျိုးတွေပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံထားပြီးသူ နိုင်ငံခြားသားများကတော့ နောက်တက်လာမည့်အစိုးရ၏ သဘောထားသည် မည်သို့ မည်ပုံရှိလာနိုင်သည်ကို မသိနိုင်ကြ၍ လက်ရှိအစိုးရပေါ်လစီမှ အသွင်ကူးပြောင်းသွားမှာကို မကြိုက်နိုင်ကြသော်လည်း၊ စီးပွားရေးအတွက် အသစ်အရင်းအနှီးများကို မြှုပ်နှံလိုကြတဲ့ နိုင်ငံခြားသားများကတော့ အစိုးရသစ်ပြောင်းလဲနိုင်ရေးကို မျှော်လင့်နေကြပြန်တယ်။ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံရေးကို စိတ်ဝင်စားသူတွေကတော့ များစွာရှိနေတယ်။

ဘာပဲပြောပြော ၂၀၁၅-ခု ရွေးကောက်ပွဲကြီးကတော့ နီးလာပြီ။ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်သူတွေ သိသင့်သောအချက်နှစ်ချက်ရှိတယ်။ နံပါတ် (၁)အချက်ကတော့ ရွေးကောက်ပွဲ၌ မဲမပေးခဲ့လျှင် ကိုယ်နိုင်စေချင်သောပါတီအတွက် တစ်မဲနစ်နာသွားစေနိုင်ပြီး၊ ကိုယ်ရှုံးစေချင်သောပါတီအတွက် တစ်မဲပေးလိုက်သလိုဖြစ်သွားနိုင်ခြင်း၊ နံပါတ် (၂) မေးဗေးရာ၌ အမျိုးသားရေးစိတ်ရှိပြီး၊ ကိုယ့်ဒေသအတွက် ကျေးဇူးပြုပေးနိုင်တဲ့ အမတ်လောင်းမျိုးကို ရွေးချယ်ခြင်း ဤနှစ်ချက်ကို ပြည်သူများသိထားရမည်ဖြစ်တယ်။

မြန်မာနိုင်ငံအရေးမှာ ပြောစရာတွေကတော့ များလှတယ်။ သို့သော် ပြည်သူတစ်ယောက်မို့ ပြည်သူ အမြင်ကို ထင်ဟပ်နိုင်ရုံသာ တင်ပြလိုက်ခြင်းဖြစ်တယ်။ အကယ်၍သာ တိုင်းသူပြည်သားတွေ အချင်းချင်း ညီညွတ်ကြမယ်ဆိုရင်၊ လက်နက်ကိုင် အဖွဲ့အစည်းတွေ အချင်းချင်းလည်း ညီညွတ်ကြမယ်ဆိုရင်၊ ရွေးကောက်ပွဲဝင် ပါတီတွေ အချင်းချင်းလည်း နားလည်မှုများ ပေးနိုင်ကြမယ်ဆိုရင်၊ ရွေးကောက်ပွဲကြောင့် တိုင်းပြည်ကြီး ဆူပူမှုများ ဖြစ်မလာဘူးဆိုရင် မြန်မာနိုင်ငံကြီးဟာ ရှေ့ဆက်ပြီး တိုးတက်နိုင်တဲ့ အလားအလာတွေ များစွာ ရှိနေတယ်ဆိုတဲ့အချက်ကို မေ့မထားကြဖို့ပါ။ ချမ်းသာစွာအိပ်စက်နိုင်ကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com

## ဆန်စဉ်ရာ ကျည်ပွေ့လိုက်နေတဲ့ မြန်မာ့နိုင်ငံရေးကို လေ့လာသုံးသပ်ခြင်း

ယနေ့မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ အတော်ကို ရှုပ်ထွေးနေတယ်။ နိုင်ငံတကာက ပြစ်တင်ဝေဖန်မှုတွေ၊ အင်အားကြီးနိုင်ငံများရဲ့ တစ်ဖက်စောင်းနင်း စွပ်စွဲပြောဆိုနေမှုတွေ၊ အမှန်တရားဖက်ကို တည့်မတ်စွာ မရပ်တည်နိုင်ဘဲ ဆန်စဉ်ရာကျည်ပွေ့လိုက်နေတဲ့ ပြည်တွင်း၊ ပြည်ပနိုင်ငံရေးသမားတွေရဲ့ ပြောဆိုသံတွေ၊ မန္တလေးမြို့မှာ လူနှစ်ယောက်သေးဆုံးမှုကို ဘာသာရေး အစ်ရှုးလုပ်ပြီး၊ ကမ္ဘာလူသားတွေ အမြင်မှားအောင် ပုံကြီးချဲ့၍ သတင်းဖြန့်ဝေမှုတွေ၊ ဒီမိုကရေစီနိုင်ငံသစ်ကို ဦးတည်သွားနေချိန်မှာ USA လို နိုင်ငံမျိုးက အောက်လွှတ်တော် အမတ်တွေ (စုစုပေါင်း ၇၀ ကျော်)က ဘာသာရေးလူနည်းစုများ၊ မြန်မာ့အမျိုးသမီးများကို နှိပ်ကွပ်လို၍ ဥပဒေမူကြမ်းကို ပြင်ဆင်ရန် ကြိုးစားနေခြင်းဖြင့် အဆိုးဖက်ကို ဦးလှည့်နေတယ်ဆိုတဲ့ စွပ်စွဲပြောဆိုနေမှုတွေ စတဲ့ပြဿနာတွေနှင့် ရှုပ်ထွေးနေတယ်။



ထိုရှုပ်ထွေးနေတဲ့ ပြဿနာတွေကို နိုင်ငံတကာက နိုင်ငံခေါင်းဆောင်တွေအမြင်နှင့် ဆွေးနွေးတင်ပြလိုပါတယ်။ နိုင်ငံခေါင်းဆောင်တွေဆိုရာမှာ နိုင်ငံရေးခေါင်းဆောင်တွေ၊ မြန်မာ့အရေးကို အထူးလေ့လာနေတဲ့ ပညာရှင်တွေ၊ နိုင်ငံရေးသိပ္ပံပညာရှင်တွေကို ရည်ညွှန်းပြောဆိုခြင်းပါ။ သူတို့အတွေး၊ သူတို့အမြင်တွေကို အခြေခံပြီး မြန်မာ့နိုင်ငံရဲ့အရေးကို သုံးသပ်ဝေဖန် ဆွေးနွေးတင်ပြမှာဖြစ်တယ်။ အတွေးအမြင်နှင့်ပတ်သက်၍ သူပြောတာမှားတယ်၊ ငါပြောတာမှန်တယ် စသည်ဖြင့် မှားခြင်း၊ မှန်ခြင်းကို ဆုံးဖြတ်ပေးရန် ဤဆောင်းပါးက မရည်ရွယ်ပါ။ ကိုယ်ပိုင်အသိနှင့် စဉ်းစားနိုင်ရန် တင်ပြခြင်းသာဖြစ်တယ်။

မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ ပြောစရာတွေ များစွာရှိနေခြင်းပါ။ ပြောသူတွေလည်း များစွာရှိနေခြင်းပါ။ အဲဒီအထဲက မြန်မာနိုင်ငံရဲ့ အနေအထား ဘယ်သို့ရှိနေသည်ဆိုတာကို ဦးစွာပထမ တင်ပြလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းဆဲကာလမှာ မိန်ခေါ်မှုတွေ၊ အဟန့်အတားတွေ၊ အနှောင့်အယှက်တွေ၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး မတည်ငြိမ်မှုတွေ၊ ဒီအတွက် ပြောဆိုသံတွေ၊ ဝေဖန်သံတွေကို ပြည်သူတွေ နားမဆန့်အောင် ကြားနေရခြင်းပါ။ ယခုလက်ရှိမြန်မာနိုင်ငံရဲ့ တိုးတက်မှုအနေအထားများသည် နောက်ပြန်ဆုတ်သွားနိုင်တယ်လို့ ဖြစ်နိုင်ခြေကို မှန်းဆပြီး ရေးသားတဲ့ သတင်းတွေကလည်း ထွက်ပေါ်နေခြင်းပါ။ ဒီအချက်တွေကို သတိမူမိတဲ့ VOA သတင်းဌာနမှ ဦးကျော်ဇံသာက မြန်မာ့အရေးကျွမ်းကျင်သူ ပါမောက္ခ ဒေဗစ် စတိုင်းဘာ့ဂ် (Prof. David Steinberg - Georgetown University) ကို မေးမြန်းခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးက - လွန်ခဲ့တဲ့ (၂) နှစ်ကျော်လောက်က မြန်မာနိုင်ငံအပေါ်မှာ မျှော်လင့်ထားခဲ့တဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးမှာ လူတွေ စိတ်တိုင်းမကျ ဖြစ်နေခြင်း၊ တိုင်းရင်းသားတွေနဲ့ ပြုလုပ်နေတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေလည်း မအောင်မမြင် တိုးလိုးတန်းလန်း ဖြစ်နေခြင်း၊ စာနယ်ဇင်းတွေကို ပိုဖိနှိပ်လာတယ်လို့ ထင်မြင်နေကြခြင်း၊ အရာရာမှာ ဆုတ်ယုတ်မှုတွေက ပိုများလာတယ်လို့ ကြားနေရခြင်း စတဲ့ အကြောင်းအချက်တွေကို ဆရာကြီးရဲ့အမြင် ဘယ်လိုရှိတယ် ဆိုတာကို (ဦးကျော်ဇံသာက) မေးမြန်းခဲ့တယ်။

ဒီအမေးအတွက် ပရောဖက်ဆာကြီး ဒေဗစ် စတိုင်းဘာ့ဂ်က သူ့အမြင်ကို ပွင့်လင်းစွာပဲ ဆွေးနွေးတင်ပြခဲ့တယ်။ "အမေရိကန်တွေက အောင်မြင်မှုကို ချက်ချင်းလက်ငင်း လိုချင်နေကြတယ်လို့ ကျနော် ထင်တယ်။ အပြောင်းအလဲတွေကို ရုတ်တရက် လုပ်ချင်နေကြတယ်။ မြန်မာနိုင်ငံမှာ အပြောင်းအလဲဆိုတာ ချက်ချင်းမဖြစ်နိုင်ပါဘူး။ နှစ်ပေါင်း (၅၀) စစ်အုပ်ချုပ်ရေးအောက်မှာ နေလာခဲ့ရတာပါ။ ဖွဲ့စည်းပုံ ဥပဒေကလည်း စစ်တပ်က သူတို့အာဏာချုပ်ကိုင်နိုင်ရေးကို ဦးတည် ရေးဆွဲထားတာဖြစ်တယ်။ တဖြည်းဖြည်းချင်းသာ ပြောင်းလဲလာမယ်လို့ ကျနော်ယုံကြည်ပါတယ်။ မီဒီယာလွတ်လပ်ခွင့်အပေါ် စိုးရိမ်စိတ်၊ တခြားလွတ်လပ်ခွင့်အပေါ် ကြောက်စိတ်စတဲ့ သဘောထားဟောင်းတွေ ကြီးစိုးနေဆဲပါ။ ခြေလှမ်းတိုင်းမှာ၊ နေရာတိုင်းမှာ ရှေ့ကိုကြီးပဲ တိုးနေမှာ မဟုတ်ပါဘူး။ တချို့နေရာတွေမှာ ရှေ့တိုးနေပေမယ့် တနေ့ရာရာမှာ နောက်ကို နည်းနည်းပြန်ရွေ့မှာပဲ ဆိုတာမျိုးကိုလည်း နားလည်းထားရပါမယ်။ တဖြည်းဖြည်းချင်း တိုးတက်မှုရှိလာတယ် ဆိုတဲ့ အထောက်အထားတော့ တွေ့ရပါတယ်။ ဒါကြောင့် စိုးရိမ်စိတ်



တွေ ဖြစ်ရတာဟာ တစိတ်တပိုင်းအားဖြင့် အလွန်အကျွံ မျှော်လင့်ထားမှုကြောင့် ဖြစ်တယ်လို့ ဆိုချင်ပါတယ်" လို့ သူကဖြေတယ်။ မြန်မာနိုင်ငံရဲ့ ပြောင်းလဲဖြစ်စဉ်ကို သဘာဝကျကျ မြင်နိုင်တာကို စာရေးသူ လေးစားမိတယ်။

"အယူအဆချင်း မတူကွဲပြားချက်နဲ့ ပြုပြင်ပြောင်းလဲရေးကို မလိုလားတဲ့ အစိတ်အပိုင်းတွေ လူ့အဖွဲ့အစည်းကြားမှာ ရှိနေတာဖြစ်လို့ အစိုးရအနေနဲ့ ရထားရှေ့တိုးအောင်လုပ်ဖို့ ခက်နေပါတယ်။ သိပ်မြန်မြန် တိုးရင် မလိုလားတဲ့ အစိတ်အပိုင်းတွေက နောက်ပြန်တွန်းကြမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ရှေ့ကို ရွေ့နေတယ်ဆိုတာကိုတော့ ပြည်တွင်းတရော၊ ပြည်ပကပါ တွေ့မြင်နေတယ်၊ အရာအားလုံးဟာ အဆင်ပြေပြေနဲ့ ရှေ့ကိုပဲ တိုးတက်နေမယ်ဆိုတာက စင်လုံးချောရှိနေတဲ့ လူ့အဖွဲ့အစည်းပါ။ ဘယ်နိုင်ငံ ဘယ်လူ့အဖွဲ့အစည်းမှ အဲဒီလို စင်လုံးချော၊ ချောက်ပြစ်ကင်း မဟုတ်ပါဘူး" လို့ ပါမောက္ခ စတိုင်းဘာ့ဂ်က သူ့ရဲ့သဘောထားအမြင်ကို ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးတင်ပြခဲ့ပြန်တယ်။ သူ့အတွေး သူ့အမြင်က ယထာဘူတကျတယ်လို့ သုံးသပ်မိတယ်။

သူ့ရဲ့ ဆွေးနွေးတင်ပြမှုတွေဟာ အကြောင်းခိုင်လုံတယ်လို့ ဆိုနိုင်တယ်။ ဘာကြောင့်လဲဆိုရင် သူပြောတဲ့အချက်က ငြင်းမရအောင် ရှိနေတယ်။ အင်တိုင် သို့မဟုတ် အင်တီ ဂတ်ဗာမင့်တ် (Iti-government) အတိုက်ခံ နိုင်ငံရေးသမားများကိုလည်း သူ့ဘက် ကိုယ့်ဘက် သဘောသက်ရောက်နိုင်အောင် သတိမူနိုင်ဖို့ ထောက်ပြထားတာကို တွေ့ရပြန်တယ်။ သူထောက်ပြထားတာက - "ဒီလို ဝေဖန်ပြောဆိုသားမှုတွေဟာ တခြားအစိတ်အပိုင်း တစ်ရပ်ကို အခြေခံပြီး လုပ်

www.burmeseclassic.com



နေကြတာပါ။ အခု အစိုးရတက်လာတာကို မလိုလားကြပဲ။ NLD အာဏာရတာကိုပဲ မြင်လိုတွေ့လိုတဲ့ အစိတ်အပိုင်းတွေ မြန်မာနိုင်ငံ ပြင်ပနေရာအနှံ့မှာ အများအပြားရှိနေပါတယ်။ ဒီအစိုးရ တက်လာတာကို သူတို့ စိတ်ပျက်နေကြပါတယ်။ သူတို့ဟာ အစိုးရဲ့ အမှားကိုပဲ လိုက်ရှာတယ်။ အစိုးရကလည်း မှားတယ်။ လူ့အဖွဲ့အစည်းအတွင်းက ဘာအမှားရှိသလဲရှာတယ်။ အမှားလည်းရှိတယ်။ ဒီအမှားတွေကိုပဲ မလိုလားသူတွေက အသုံးချနေကြပါတယ်။ ဒီလိုလုပ်နေတာကို သာမန်အကဲခတ်သူတွေက မသိပါဘူး။ မြန်မာပြည်မှာ ပြဿနာတက်နေပြီ၊ အခြေအနေတွေ ဆိုးသထက် ဆိုးလာနေတယ်လို့ပဲ ထင်ကြမှာပါ။ ဒါပေမဲ့ ကျနော် ကြည့်ရသလောက်တော့ မြန်မာနိုင်ငံရဲ့ လွန်ခဲ့တဲ့ (၃) နှစ် အခြေအနေအားလုံး လွှမ်းခြုံကြည့်ရင် ရာစုဝက်အတွင်း အများကြီး တိုးတက်လာတယ်လို့ ထင်ပါတယ်'' တဲ့။ ဒီတော့ ဒီနေရာမှာ စာရေးသူတိုက်တွန်းချင်တာက မှားခြင်း၊ မှန်ခြင်းကို လက်သီးဆုပ်၍ ပြောဆိုငြင်းခုံနေခြင်းမျိုးထက် ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ဉာဏ်နှင့် ဝေဖန်သုံးသပ်နိုင်ခြင်းဖြင့် တိုင်းပြည်ကို အင်အားဖြစ်စေနိုင်တဲ့ အတွေးမျိုးတွေကို မွေးမြူနိုင်ကြဖို့ပါ။

ယခုအခါ မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးမတည်ငြိမ်မှုတွေကြောင့် အကျဉ်းအကျပ်ထဲမှာ ရှိနေတယ်လို့ ဆိုနိုင်ခြင်းပါ။ ဒီအချက်ကို ဦးကျော်ဇံသာ (VOA) ကလည်း ပရော်ဖက်ဆာကြီး စတိုင်းဘာ့ဂ်ကို မေးမြန်းထားခြင်းပါ။ သူမေးထားတာက - ''ကျနော် လက်တွေ့ကြုံနေရတဲ့ အခက်အခဲ၊ လက်တွေ့ဖြစ်နေတဲ့ ပြဿနာတခုကို ကျနော်ပြောပါ့မယ်။ ဥပမာဆိုကြပါစို့ တိုင်းရင်းသားတွေနဲ့ ငြိမ်းချမ်းရေး ရဖို့အတွက် ဆွေးနွေးညှိနှိုင်းတဲ့



ကိစ္စ။ ဒီကိစ္စ အောင်မြင်သွားရင်၊ ဒီကိစ္စကို ကမကထ လုပ်နေတဲ့ သမ္မတ ဦးသိန်းစိန်တို့ အုပ်စုက နိုင်ငံရေးအရ အရေးသာသွားမယ်။ ၂၀၁၅ မှာပဲ ဒီလူတွေပဲ ပြန်နိုင်မယ်။ အဲဒါကို မလိုလားတဲ့လူတွေက တိုင်းရင်းသားတွေ ပြုလုပ်နေတဲ့ ငြိမ်းချမ်းရေးကိုတောင်မှ မအောင်မြင်အောင် အဖျက်အမှောက် လုပ်နေတယ်ဆိုတာ ကျနော်တို့ သတင်းသမားတွေဆီက ပြန်ကြားရပါတယ်။ ဒါက လက်တွေ့ အခက်အခဲပါပဲ'' လို့ အခြေအနေကို ပြဿနာတစ်ရပ်အနေနှင့် ထောက်ပြပြီး ပါမောက္ခကြီးကို မေးမြန်းတဲ့အခါ…။

ပါမောက္ခကြီးက - ''ဒါက တကယ့် ပြဿနာတစ်ရပ်ပါ။ အဲဒီလူတွေကို ကျနော် မသိပါဘူး။ ဒါကြောင့် သူတို့အင်အား ဘယ်လိုရှိတယ်ဆိုတာကို မဝေဖန်နိုင်ပါဘူး။ ဒါပေမဲ့ ဒါက ဖြစ်နိုင်တဲ့ အခြေအနေတစ်ရပ်ပါ။ ၂၀၁၅ ရွေးကောက်ပွဲကို ဆိုကြပါစို့ လွတ်လပ်ပြီး တရား မျှတမှု ရှိတယ်ဆိုရင် NLD အခြေအနေကောင်းမှာပါ။ ဘယ်သူဘယ်ဝါ သမ္မတ၊ ဒု-သမ္မတ ဖြစ်လာမယ်ဆိုတာတော့ ကျနော် မသိပါဘူး။ ဒါပေမဲ့ Pluralism လို့ခေါ်တဲ့ မတူကွဲပြားမှု လက်ခံရေးဝါဒ ပိုပြီးတော့ ထွန်းကားလာမယ်လို့ ထင်ပါတယ်။ ဒီမိုကရေစီအကြောင်းတွေးရင် ဖြစ်စဉ်တစ်ခုလို တွေးကြရမှာပါ။ ချက်ချင်း လက်ငင်း မျှော်လင့်လို့ မရနိုင်ပါဘူး။ ရနိုင်တာက ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းစဉ်ကတည်းက ရှိလာတဲ့ ဗဟိုချုပ်ကိုင်မှုကနေ အာဏာစုစည်းမှု ကွဲပြားသွားတာပဲ တွေ့ရမှာပါ။ အခုအခါမှာ လွှတ်တော်ဟာ အုပ်ချုပ်ရေးကဏ္ဍနဲ့အပြိုင် ရှိလာပါတယ်။ ဒေသန္တရ အစိုးရတွေ၊ ပြည်နယ်အစိုးရတွေ ရှိလာပါတယ်။ အရာရာကို ဝေဖန်တဲ့ မီဒီယာတွေ ရှိလာပါတယ်။ ဒါတွေအားလုံးဟာ ဒီမိုကရေစီ ဖြစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



တွေပါ'' လို့ ထောက်ပြသွားတာကို တွေ့ရပြန်တယ်။ သူ့အတွေး၊ သူ့အမြင်တွေက ဒီမိုကရေစီ သဘောထားကို ခေါင်းဆောင်များနှင့် ပြည်သူများအား စိတ်ဓာတ်ခွန်အားများကို ရင့်ကျက်စေခြင်းပါ။

မြန်မာနိုင်ငံအရေးက အထက်မှာ ဖေါ်ပြခဲ့တဲ့ အရေးတွေ လောက်တင်မကပဲ အခြားခြားသော အရေးတွေကလည်း များမှများလို့ ဆိုနိုင်ခြင်းပါ။ အရေးတွေက များလွန်းတော့ ခေါင်းဆောင်တွေ၊ အတိုက်အခံတွေဟာ အရေးကိစ္စတစ်ခုကို ပြီးပြတ်အောင်မလုပ်နိုင်ကြပဲ ဒီအရေးမပြီးပြတ်ပဲ ဟိုအရေးကူးပြောင်း၊ ဟိုအရေး မပြီးပြတ်ပဲ နောက်တစ်ရေးကူးပြောင်းဆိုတာမျိုးလိုဖြစ်နေတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အခြေအနေဟာ ''ဆန်စဉ်ရာ ကျည်ပွေ့လိုက်နေရသည်''နှင့် တူနေခြင်းပါ။ ဥပမာ၊ ၅၉ (စ) ပြင်ဆင်နိုင်ရေးဆိုတဲ့ အရေးကိစ္စ မပြီးပြတ်ပဲ ၄၃၆ ဥပဒေ ပြင်ဆင်နိုင်ရေးကို ဗျူဟာပြောင်းပြီး တိုက်ပွဲဝင်ကြတယ်။ တဖန် ၄၃၆ ဥပဒေ ပြင်ဆင်ရေးကိစ္စ မပြီးပြတ်သေးမီ PR အရေးက ပေါ်ပေါက်လာပြန်တယ်။ PR အရေးကလည်း တော်တော်နှင့် မပြီးပြတ်နိုင်တာမို့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ဒီအရေးတွေ၊ ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ ဆိုတာက ''တွေ့ဆုံဆွေးနွေးရေးနဲ့သာ အဖြေရှာနိုင်မယ်'' လို့ အတိုက်အခံခေါင်းဆောင်က ထုတ်ဖေါ်ပြောဆို လာပြန်တယ်။ ဒီတော့ ကြီးလေးကြီးနှင့် ဆွေးနွေးနိုင်ဖို့ အရေးက နောက်ထပ် အစ်ရှုပ်တစ်ခုအနေနှင့် ရှေ့တန်း တက်လာပြန်တယ်။ ဒီလိုဒီလို အရေးတွေးနှင့် ရှုပ်ထွေးနေတာမို့ ပြည်သူတွေ ဒီလိုအရှုပ်ထွေးတွေကြားမှ လွတ်မြောက်အောင် မည်သူတွေက ဆောင်ရွက်ပေးမှာလဲ။ မေးလာနိုင်တဲ့ မေးခွန်းပါ။



မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို ကူးပြောင်းဆဲ ကာလဖြစ်တယ်။ ဒီတော့ ပြည်သူတွေက အခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အပါအဝင် နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ရန် ကြီးလေးကြီးဖြစ်တဲ့ သမ္မတကြီးရယ်၊ လွှတ်တော်ဥက္ကဋ္ဌကြီးရယ်၊ ကာကွယ်ရေး ဦးစီးချုပ်ကြီးရယ်၊ မြန်မာ့အတိုက်အခံခေါင်းဆောင်ကြီးရယ်၊ ထိုကြီးလေးကြီးတို့ လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးဖို့ ဆန္ဒတွေ ရှိနေကြတယ်။

တိုင်းကျိုးပြည်ကျိုးအတွက် တွေ့ဆုံစေချင်ကြတယ်ဆိုရင် ဘက်မျှစွာ ပြောဆိုကြရမယ်။ ပြောတဲ့အခါမှာ ဒီပလိုမေစီ (diplomacy) စကားပြောတတ်ဖို့လိုတယ်။ ခေါင်းဆောင်ပဲဖြစ်ဖြစ်၊ အတိုက်အခံပဲဖြစ်ဖြစ်၊ နောက်လိုက်ပဲဖြစ်ဖြစ် မြန်မာ့ယဉ်ကျေးမှုမှာ အထူးဖေါ်ပြထားတဲ့အတိုင်း အချင်းချင်းအပေါ်မှာ ချစ်ကြည် ရိုသေမှုရှိပြီး လေးစားမြတ်နိုးတဲ့ စိတ်ထားမျိုးကို မွေးမြူကြလျက် မေတ္တာစိတ်နှင့် ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြဖို့ လိုအပ်တယ်။ ထိုသို့ပြုလုပ်နိုင်[illegible]မည်ဆိုလျှင် အေးမြခြင်း၊ ငြိမ်းချမ်းခြင်း၊ အောင်မြင်ခြင်းဆိုတဲ့ မေတ္တာရဲ့ အသီးအပွင့်များဟာ မလွဲမသွေ ဖြစ်ထွန်းလာမှာဖြစ်တယ်။

ပြောလိုသည်မှာ တိုင်းပြည်ရဲ့အကျိုးစီးပွားကို တကယ် ဆောင်ရွက်လိုသူများဖြစ်ကြပါလျှင် ကိုယ်ဖက်က မာနအစွန်းထွက်နေတဲ့ လေသံမျိုးတွေ၊ သို့မဟုတ် ဟိရီးဆန်တဲ့ အပြောအဆိုမျိုးတွေကို ရှောင်ရှားကြရမှာဖြစ်တယ်။ တိုင်းပြည်အတွက် ပေးဆပ်နိုင်တဲ့ နှလုံးသားမျိုးနှင့် ကိုယ့်အတ္တကို အစွန်းမထွက်အောင် ပေးဆပ်ရဲတဲ့ စိတ်ဓာတ်မျိုး ရှိသင့်ပါတယ်။ ဗြဟ္မစိုရ်တရားနှင့် ကြီးပြင်းလာခဲ့တဲ့ လူ့ဝန်းကျင်မှာ ခေါင်းဆောင်များဟာ မာနတွေ၊ အတ္တတွေကို ဖက်တွယ်မထားကြဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် မြန်မာနိုင်ငံဟာ ကောင်းမြတ်တဲ့ ယန္တရားတစ်ခုစီကို ရောက်ရှိနိုင်တယ်ဆိုတာ မျှော်လင့်ထားစရာပင် လိုမည်မထင်ပါ။

အကယ်၍သာ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးတို့အတွက် ပြည်သူ၊ ပြည်သားများဖက်ကလည်း တစ်စုံတစ်ခုကို ပေးဆပ်ဖို့ အချိန်ကျရောက်နေပြီဆိုတဲ့ အသိတရားများ ရှိနေကြပြီဆိုလျှင် တိုင်းပြည်အတွက် ဘယ်အရာကို အရင်ဦးဆုံး ဦးစားပေးအနေနှင့် ပြုလုပ်ပေးကြမှလဲ။ ကိုယ့်အတ္တများကို အရင်လျှော့ကြမှာလား။ သို့မဟုတ် ကြီးလေးကြီးနှင့် တွေ့ဆုံရေးကိစ္စကို ပထမဦးစားပေးအနေနှင့် ဆောင်ရွက်ပေးကြမှာလား။ သို့မဟုတ် အခြေခံဥပဒေပြင်ဆင်ရေးကို မဖြစ်မနေဖြစ်လာအောင် ကြိုးစားပေကြမှာလား။ မေးလိုခြင်းပါ။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲက မြန်မာနိုင်ငံအတွက် ကြီးမားတဲ့ စိန်ခေါ်မှုကြီးတစ်ခု ဖြစ်နေတယ်ဆိုတာ လူတိုင်းနီးနီး သိပြီးဖြစ်မှာပါ။ ဘာကြောင့်လဲဆိုရင် စွန့်စားရမဲ့အခြေအနေတွေကလည်း မြင့်မားတယ်။ အတားအဆီး အပိတ်အပင်တွေကလည်း များတယ်။ စိတ်ခံစားမှုတွေကလည်း ပြည်သူတွေကြားမှာ တစ်နေ့တခြား ပြင်းထန်လာတဲ့သဘောမှာ ရှိနေတယ်။ ဒီအခြေအနေတွေ ဒီယှဉ်ပြိုင်မှုတွေကြောင့် မြန်မာနိုင်ငံရဲ့ အခြေအနေက ပဋိပက္ခအသွင်သို့ အချိန်မရွေး ရောက်သွားနိုင်တယ်။ သို့မဟုတ် အချိန်မရွေး နောက်ပြန်လှည့်သွားနိုင်တယ်။ ဒါကိုတော့ လူတိုင်းလေးလေးနက်နက် စဉ်းစားကြဖို့ပါ။

ဘာကြောင့်လဲဆိုလျှင် မြန်မာနိုင်ငံမှာ ယခုလက်ရှိအနေအထားက အချင်းချင်း ယုံကြည်မှုတွေ ကင်းမဲ့နေတာကို တွေမြင်နေရခြင်း၊ အမုန်းတရားတွေ၊ လူမှုရေးတင်းမာမှုတွေဟာ မြန်မာပြည်တစ်နံတစ်လျားမှာ ရှိနေခြင်း၊ ပဋိပက္ခတွေကို ဖြစ်ပေါ်အောင် လှုံ့ဆော်မှု



တွေက လူ့အသိုက်အဝန်းအကြား၊ မီဒီယာများအကြား၊ အာဏာရှိသူများအကြား၊ ထုတ်ဖော်ပြောဆိုရန် ခက်ခဲတဲ့အသွင်မျိုးနှင့် တည်ရှိနေခြင်း စသည်တို့ကြောင့် ဖြစ်တယ်။

ဒီအခြေအနေနှင့်ပတ်သက်ပြီး ချက်နိုင်ငံသား အီကေါ်ဘလာစီဗစ်လို့ခေါ်တဲ့ နိုင်ငံရေးသိပ္ပံရှင်ကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေကို အခုလို ဆွေးနွေးတင်ပြထားတာကို တွေ့ရတယ်။ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ သူပြောထားတာက - "၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မည်သူ အနိုင်ရသည်ဖြစ်စေ အလွန်ခက်ခဲသော တာဝန်ကို ယူရမည်ဖြစ်သည်။ ပြည်သူလူထုကလည်း အလျှင်အမြန် ပြောင်းလဲရေး၊ သက်သာချောင်ချိမှုနှင့် တိုးတက်ကောင်းမွန်လာရေးအတွက် ဖိအားကြီးစွာ ပေးလာ(နိုင်)ခြင်းကြောင့် အနိုင်ရရှိသူသည် အမွေ ဆက်ခံရမည့် နက်နဲသော ပြဿနာများကြားတွင် ညပ်သွားလိမ့်မည်။ ကမ္ဘာပေါ်တွင် အကောင်းဆုံးအစိုးရ အာဏာရခဲ့လျှင် ပြဿနာအများစုက ဖြေရှင်းဖို့ မလွယ်ကူပါ။ စစ်အုပ်ချုပ်ရေးအောက်တွင် ဆယ်စုနှစ်များစွာ ရှိနေခဲ့ရပြီးနောက် မည်သည့် ရွေးကောက်ခံ အစိုးရဖြစ်စေ အခွန်များကို မှန်ကန်စွာ ကောက်ယူနိုင်ခြင်းမရှိသော သို့မဟုတ် သဘာဝအရင်း အမြစ်မှ ရရှိသည့် ဝင်ငွေများကို ထိန်းချုပ်နိုင်ခြင်း မရှိသော၊ ပြည်တွင်းဘဏ်များတွင်လည်း ရင်နှီးငွေနည်းပါးနေသော၊ လမ်း ရထားလမ်းများ ယိုယွင်းနေသော၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်များ ပျက်စီးနေသော အဖက်ဖက်က ကျဆင်းနေသည့် နိုင်ငံတစ်ခုကို ဦးဆောင်နိုင်ဖို့ အချိန်တိုအတွင်း ဖြေရှင်းနိုင်သည့် ပြဿနာများ မဟုတ်ပါ။ သို့သော် ပြည်သူများက ...ည်းခံ ...ည်မဟုတ်ပေ။ ထို့ကြောင့် မည်သည့် အစိုးရဖြစ်စေ ကြီးမားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဖိအားနှင့် ရင်ဆိုင်မည်ဖြစ်သည်။ အကယ်၍ အစိုးရသည် နိုင်ငံရေးပြိုင်ဖက်များနှင့်ပါ ဆက်လက်ယှဉ်ပြိုင်နေရလျှင် ပြဿနာ ဖြေရှင်းရေးကို အလုံးစုံ အာရုံ စိုက်နိုင်မည်မဟုတ်ပါ" တဲ့။ မှတ်သားစရာကောင်းပြီး မြန်မာပြည်သူ၊ ပြည်သားတို့အတွက် အချိန်မီ စဉ်းစားနိုင်အောင် တင်ပြထားခြင်းဖြစ်တယ်။ စဉ်းစားပါ၊ ဆွေးနွေးပါ။ တိုင်းပြည်နှင့် ပြည်သူ၊ ပြည်သားများကို ငဲ့ညှာထောက်ထားကြပါလို့ တိုက်တွန်းပြောကြားလိုခြင်းပါ။

အထက်ဖော်ပြပါ အချက်အလက်များကို ဆန်းစစ်လေ့လာကြည့်တဲ့အခါ မြန်မာနိုင်ငံရဲ့ ပြည်သူလူထုသည် နိုင်ငံသူ၊ နိုင်ငံသားများကို သာယာဝပြောစေပြီး၊ မြန်မာနိုင်ငံကို တည်ငြိမ်အေးချမ်းသောနိုင်ငံတစ်နိုင်ငံအဖြစ် မြင်လိုကြတယ်။ တိုင်းပြည်ကြီးကတော့ တိုးတက်ချမ်းသာတယ်။ သို့သော် မူရင်းနိုင်ငံသူ၊ နိုင်ငံသားများမှာ ဆင်းရဲမွဲဆင်းရဲနေကြမည်ဆိုလျှင် ထိုတိုင်းပြည်ကို သာယာဝပြောတဲ့တိုင်းပြည်ဟု ဆိုနိုင်မည်မဟုတ်ပါ။

ထို့ကြောင့် ထိုအခြေအနေများကို နိုင်ငံတော်အစိုးရသည် လေးလေးနက်နက် စဉ်းစားလျက် သာယာဝပြောသော အခြေအနေများသို့ ရောက်ရှိနိုင်စေရန် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးသင့်ခြင်းပါ။ ထိုသို့ ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲမတိုင်မီ ကြီးလေးကြီး အလျှင်အမြန် တွေ့ဆုံနိုင်အောင် ဆောင်ရွက်ပေးခြင်း။ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမျိုးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပေးခြင်းနှင့် အကယ်၍သာ ရွေးကောက်ပွဲ၌ ဘယ်ပါတီကမှ (အစိုးရဖွဲ့နိုင်သည်အထိ) အနိုင်မရခဲ့ဘဲ ရှိနေခဲ့မည်ဆိုလျှင် တိုင်းပြည်ခေါင်းဆောင်များသည် သဘောထားကြီးကြီးနှင့် မြန်မာနိုင်ငံ



တော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် တိုးတက်သာယာရေးတို့အတွက် လာမည့်(၅)နှစ်သက်တမ်းကို ညွန့်ပေါင်းအစိုးရဖွဲ့၍ ငြိမ်းချမ်းစွာဖြင့် တိုင်းပြည်ကို အုပ်ချုပ်ကြရန် တိုင်းပြည်ခေါင်းဆောင်များအား အထူးတိုက်တွန်းလိုခြင်းပါ။ အထူးပြောကြားလိုသည်မှာ ဤအကြံပြုချက်များသည် စာရေးသူ၏ သဘောထားအမြင်ကို ရိုးသားစွာဖြင့် ဆွေးနွေးတင်ပြခြင်းပါ။ မှားခြင်း၊ မှန်ခြင်းဆိုတဲ့ အဖြေကိုမူ စာဖတ်သူတို့၏ သဘောဆန္ဒအတိုင်းသာ ဖြစ်ပါစေ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## ဒီမိုကရေစီစနစ်ကြောင့် အမှန်တရားများ ဆိတ်သုဉ်းရတော့မည်လော

စနစ်တစ်ခုကို ကျင့်သုံးရာ၌ ဘယ်စနစ်မျိုးကိုမှ အကောင်းချည်းဟု ပြောဆို၍ မရနိုင်သလို၊ ဘယ်စနစ်မျိုးကိုမှ အဆိုးချည်းဟု ပြောဆို၍မရနိုင်ပါ။ ကောင်းခြင်းနှင့် ဆိုးခြင်းဆိုသည်မှာ ဒွန်တွဲနေသော အရာများသာ ဖြစ်တယ်။

ဥပမာ၊ သစ္စာစကားနှင့် မုသားစကား။

ဒီဆန့်ဘက်စကားနှစ်ခုမှာ သစ္စာစကားမှာ အားသာချက်များရှိနိုင်သလို၊ မုသားစကားမှာလည်း အားသာချက်များရှိနိုင်တယ်။ ဒီနေရာမှာ အားသာချက်ဆိုတာ ကောင်းခြင်းတစ်ခုကိုသာ ရည်ညွှန်းပြောလိုတာ မဟုတ်ဘဲ၊ လုပ်ရဲခြင်း၊ ပြုရဲခြင်းစသော အချက်များလည်း ပါဝင်နေခြင်းပါ။

မြတ်ဗုဒ္ဓ၏အဆုံးအမ၌ ""မုသားစကား ပြောရဲတဲ့သူဟာ မလုပ်ရဲတဲ့ အကုသိုလ် ဒုစရိုက်မှုမျိုးဆိုတာ မရှိဘူး"" လို့ အတိအလင်း



ဟောပြထားခြင်းပါ။ ဒီဟောကြားချက်ကို ဆန်းစစ်ကြည့်လျှင် မုသားစကား ပြောရဲတဲ့သူဟာ အကုသိုလ်ဒုစရိုက်များကို ပိုမို၍ လုပ်ရဲခြင်းဆိုတဲ့ အားသားချက်ကို ဖော်ပြထားခြင်းဖြစ်တယ်။ –

မုသားစကားကို ဘယ်လိုလူတွေက ပို၍ ပြောတတ်ကြသနည်း။ သိချင်သူတွေလည်း ရှိနေခြင်းပါ။

ပညာရှင်များ သုတေသနပြုနေကြဆဲပါ။ ဘယ်လိုလူတွေက မုသားစကား ပိုပြောတတ်ကြတယ်ဆိုတဲ့ အချက်ကိုမူ ကွန်ဖန်း (Confirm) လုပ်ရန် အချိန်စောလွန်းနေသေးတယ်လို့ ပြောရမှာပါ။ သို့သော် အပြောများများ ပြောတဲ့ပုဂ္ဂိုလ်များဟာ အမှားများများ ပါဝင်နေတတ်တယ်ဆိုတဲ့အချက်ကိုတော့ သတိပြုမိခြင်းပါ။

ဒီမိုကရေစီစနစ်မှာ ပြည်သူတွေ စကားများများ ပြောလာတတ်ကြပြီမို့ သို့မဟုတ် ပြောရဲလာကြပြီမို့ ဝမ်းသာမိခြင်းပါ။ သို့သော် များယွင်းစွာပြောဆိုနေတဲ့ စကားတွေကို အမှန်တရားတွေပါလို့ ထင်နေသူတွေလည်း များစွာရှိနေခြင်းပါ။ ဒီမိုကရေစီစနစ်မှာ ပြည်သူတွေ သူတို့၏သဘောဆန္ဒ၊ သူတို့၏သဘောထားများကို ထုတ်ဖော်ပြောကြားနိုင်ရန် အခွင့်အာဏာများ ရှိလာပြီဖြစ်တဲ့အတွက်ကြောင့် ပြည်သူများ ပါဝါရှိသော စနစ်မျိုးဖြစ်လာ၍ ကြိုဆိုမိခြင်းပါ။

သို့သော် စကားဆိုတာ ပြောတိုင်း ကောင်း၊ မကောင်း စီစစ်ရန် လိုအပ်လာခြင်းပါ။ နောက်ပြီး စကားဆိုတာ ပြောတိုင်း မကောင်းနိုင်သလို၊ ဆိတ်ဆိတ်နေတိုင်းလည်း မကောင်းနိုင်ပါ။ စကားပြောခြင်း အတတ်ပညာဟာ အနုပညာသဘောမှာ ပါဝင်နေသောကြောင့် ပညာရှင်များ အခါအားလျော်စွာ ပြောဆို သုံးမခဲ့သောစကားများကို အသုံးပြုရာ၌ အချိန်အခါကို ကြည့်၍ ပြောဆိုသုံးနှုန်းတတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်လာခြင်းပါ။ ထိုသို့ပြောဆိုပါမှ လောက ဓမ္မ နှစ်ဌာနတို့၌ အံဝင်ခွင်ကျ ရှိလာနိုင်မှာဖြစ်တယ်။ ယနေ့ မြန်မာပြည်ရဲ့ အနေအထား ဟာ စကားကို မဆင်မခြင်ပြောလို့ မရနိုင်တော့ကြောင်း သတိပြုမိခြင်း ပါ။ နိုင်ငံရေးမှာ စိန်ခေါ်မှုများ ရှိလာသလို၊ အကြမ်းဖက်သမားတို့ရဲ့ စိတ်ခေါ်မှုရန်ကလည်း မသေးလှပါ။

ထိုကြောင့် စကားကို ချိန်ချိန်ဆဆ ပြောတဲ့အလေ့အကျင့်များ ပြုလုပ်ထားသင့်တဲ့ အချိန်အခါမျိုး ဖြစ်နေခြင်းပါ။ "နှိုင်းနှိုင်းချိန်ချိန် သုခမိန်" ဆိုတဲ့အတိုင်း ဘယ်စကားမျိုးကိုပြောပြော လက်ခံနိုင်သူ ရှိနိုင်သလို၊ လက်မခံနိုင်သူတွေကလည်း ရှိနေခြင်းပါ။ ဥပမာ၊ "ဆိတ် ဆိတ်နေခြင်းသည် မြင့်မြတ်၏" ဆိုတဲ့ ပညာရှိတို့၏ အဆိုအမိန့်မှာ ဆိတ်ဆိတ်နေခြင်းသည် မြင့်မြတ်တယ်လို့ အဆိုပြုထားပေမဲ့ ဆိတ် ဆိတ်နေတိုင်း မြင့်မြတ်တယ်ဆိုတဲ့အဆိုကို လက်မခံနိုင်တဲ့ သူတွေက လည်း ဒုနှင့်ဒေးပါ။ သို့သော် လက်ခံနိုင်သူ၊ လက်မခံနိုင်သူတို့အကြား သတိမူသင့်သည်မှာ လူတိုင်းမှာ သဘောထားကွဲလွဲခွင့်ရှိတယ်ဆိုတဲ့ ဒီမိုကရေစီ သဘောထားကိုတော့ အမှတ်ရသင့်ခြင်းပါ။

လက်ခံနိုင်သူနှင့် လက်မခံနိုင်သူအကြား ဆန့်ကျင်ဘက် မဖြစ်ရလေအောင် "ဆိတ်ဆိတ်နေခြင်းသည် မြင့်မြတ်၏" ဆိုတဲ့ စကားကို ဘယ်နေရာမှာသုံးရင် အဆင်ပြေနိုင်မလဲ။ စဉ်းစားနိုင်ကြဖို့ ပါ။ အကယ်၍သာ ထိုစကားကို တရားရိပ်သာများမှာ အသုံးပြုခဲ့မယ် ဆိုလျှင် နှစ်ဦးနှစ်ဖက် လက်ခံနိုင်တဲ့ အနေအထားမျိုးမှာ ရှိနေပြီး၊ အဓိပ္ပါယ်လည်း ပိုမိုရှိလာနိုင်ခြင်းပါ။ ဥပမာ၊ နိုဘယ်လ် ဆိုင်းလင့်စ် (Noble Silence) - "ယောဂီများ တရားအားထုတ်နေသည်။



ဆိတ်ဆိတ်နေခြင်းဖြင့် ကူညီပါ" ဆိုတဲ့ အသုံးမျိုးပါ။ ဒီလိုအသုံးမျိုး ကြတော့ အားလုံးအတွက် အဓိပ္ပါယ်ရှိနေခြင်းပါ။

နောက်တစ်မျိုးက "ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံရာရောက် တယ်" ဆိုတဲ့အဆိုပါ။ ဘာသာရေးနယ်ပယ်မှာ ဆိတ်ဆိတ်နေခြင်းဟာ သဘောတူတယ်၊ ဝန်ခံတယ်ဆိုတဲ့ သဘောမျိုးရှိ၍ ဆိတ်ဆိတ်နေခြင်း ဟာ ပြဿနာများကို ငြိမ်းအေးအောင် ဆောင်ရွက်ရသည့်ကိစ္စမျိုး၌ အကျိုးများလှ၍ ကြိုဆိုမိခြင်းပါ။ သို့သော် နိုင်ငံရေးနယ်ပယ်မှာ ဆိတ်ဆိတ်နေခြင်းဖြင့် မိမိပြောလိုသော၊ သို့မဟုတ် မိမိအကြံပြုလို သော၊ သို့မဟုတ် မိမိငြင်းပယ်လိုသော ကိစ္စမျိုး၌ မိမိရဲ့အခွင့်ရေးများ ဆုံးရှုံးနစ်နာနိုင်၍ ဆိတ်ဆိတ်နေတဲ့အလေ့အကျင့်ကို အားမပေးသင့်ခြင်း ပါ။

သို့သော် မြန်မာတို့ရဲ့ ဓလေ့၊ သို့မဟုတ် အစဉ်အလာက တစ်စုံတစ်ယောက်ကို မိမိမကြိုက်သော်လည်း၊ သို့မဟုတ် တစ်စုံတစ်ခု ကို မိမိလက်မခံလိုသော်လည်း ဆိတ်ဆိတ်နေတတ်သော အလေ့အကျင့် များကို ဆက်လက်ကျင့်သုံးနေကြ၍ နိုင်ငံရေးနယ်ပယ်မှာဖြစ်ဖြစ်၊ လူ့အခွင့်ရေးနယ်ပယ်မျိုးမှာပဲဖြစ်ဖြစ်၊ ဆုံးရှုံးနစ်နာမှုများနှင့် ကြုံတွေ့ နေကြရခြင်းပါ။ ဆိတ်ဆိတ်နေတတ်သော အလေ့အကျင့်များကို ဖျောက်လွှားနိုင်အောင်၊ သို့မဟုတ် မိမိတို့၏သဘောဆန္ဒများကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောဆိုနိုင်အောင် စာများများဖတ်ခြင်း၊ ဆွေးနွေးပွဲများ၊ ဆီမီနာများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ များများတက်ရောက်၍ အတွေ့အကြုံများကို များများရယူသင့်ခြင်းပါ။

နောက်တစ်ခုက "ပြည်သူတွေ ဆိတ်ဆိတ်နေခြင်းသည် ဆိုယ်တိုင်က ဒီမိုကရေစီစနစ်ကို ခြိမ်းချောက်နေသူတွေ ဖြစ်နေတတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်'' (Citizen's silence threatens Democracy) ဆိုတဲ့ အဆိုအမိန့်ပါ။ ရချင်တာက ဒီမိုကရေစီ၊ အမှုအယာက ထုံအအ။ ဒီလိုလူမျိုးတွေအတွက် စနစ်တစ်ခု အလျှင်အမြန် အောင်မြင်ဖို့ဆိုတာ တခါတရံမှာ ကိုယ်တိုင်က အဟန့်အတားတွေ ဖြစ်နေတတ်ခြင်းပါ။ ထို့ကြောင့် မိမိဆန္ဒကို ထုတ်ဖော်ရာမှာ ဒီမိုကရေစီ ဘောင်ထဲ၊ စည်းထဲကနေ ရဲရဲဝံ့ဝံ့ ထုတ်ဖော်နိုင်ကြဖို့ပါ။ ဆန္ဒကို ထုတ်ဖော်ပြောဆိုရာမှာလည်း အကြောက်တရားတွေ ကင်းရှင်းပြီး ဆန္ဒကို ထုတ်ဖော်နိုင်ကြဖို့ပါ။

သို့သော် ဒီမိုကရေစီစနစ်အရ ပြည်သူ့ဆန္ဒကို ထုတ်ဖော်ပြောဆိုရာ၌ ပြည်သူများဖြစ်ချင်သော၊ သို့မဟုတ် ပြည်သူများ တောင်းဆိုသော အရာတိုင်းသည် ဖြစ်လာနိုင်မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဒီမိုကရေစီစနစ်သည် အမှန်တရားနှင့် သစ္စာတရားကို ဦးစားပေးနိုင်သော စနစ်မျိုးမဟုတ်ဘဲ၊ အများစု၏ သဘောဆန္ဒကို အလေးပေးရသော စနစ်မျိုးဖြစ်၍ ကိစ္စခြင်းရာများအတွက် မှန်ခြင်း၊ မှားခြင်းကို အလေးမမူနိုင်ဘဲ၊ အများစု၏ဆန္ဒနှင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ပေးသောစနစ်ဖြစ်၍ ဒီမိုကရေစီစနစ် အောက်မှာ လူ့အခွင့်အရေးများ ဆုံးရှုံးသွားရသူများလည်း များစွာရှိနိုင်ခြင်းပါ။

ထိုသူများထဲတွက် နာမည်ကျော် ဂရိ ဖီလိုဆိုဖာကြီး ဆိုကရတီးတစ်ယောက်လည်း ပါဝင်နေခြင်းပါ။ ဒီမိုကရေစီစနစ်၌ အမှန်တရားထက် ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားများသည် ပိုမို၍ ဦးစားပေးထားကြောင်း တွေ့ရှိရခြင်းပါ။

ဂရိ ဖီလိုဆိုဖာကြီး ဆိုကရတီးစ်သည် လူငယ်၊ လူရွယ်များကို ပညာတတ်စေချင်၍ ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားပေးရာ၌ အခကြေးငွေမယူဘဲ ပညာများကို တတ်မြောက်အောင် ကူညီပေးခဲ့တယ်။ ဆိုကရတီးစ်၏ပညာရေးစနစ်သည် ဆရာက ကျောင်းသား၊ ကျောင်းသူများအား အရာရာတိုင်းကို သင်ကြားပေးသော စနစ်မျိုးကို အသုံးမပြုဘဲ၊ ကျောင်းသားများ၌ရှိနေသော ဉာဏ်ရည် ဉာဏ်သွေးများကို စနစ်တကျ အသုံးချတတ်အောင် ကူညီထောက်ပံ့ပေးသော ပညာရေးစနစ်ဖြစ်တယ်။ ဥပမာ၊ ယောက်သွားထဲ၌ ရှိနှင့်ပြီးဖြစ်နေသော ပုလဲကို ထုတ်ယူသောနည်းမျိုးဖြစ်တယ်။ စနစ်ကောင်းလှ၍ သူ၏ ကျောင်းသား၊ ကျောင်းသူများသည် တစ်နေ့တစ်ခြား ပို၍ပို၍ များပြားလာခဲ့တယ်။



သို့သော် ပညာသင်ကြားပေးရာ၌ အခကြေးငွေယူ၍ ပညာသင်ကြားပေးကြသော ဆိုခေတ်ထိုအခါက ဆရာအများစုက မကျေမနပ်ဖြစ်ကာ ဆိုကရတီးစ်အပေါ်၌ ရန်ငြိုးဖွဲ့ခဲ့တယ်။ အမှုဆင်၍ တရားရုံးတော်၌ တရားစွဲဆိုခဲ့ကြတယ်။ သူတို့တရားစွဲဆိုခဲ့သော တရားမမှု အမှုနှစ်ခုမှာ - (၁) ကျောင်းသားများအား ပြည်သူများ ကိုးကွယ်နေသော ဘုရားသခင်အား အကြည်ညိုပျက်အောင် ဆောင်ရွက်မှု (၂) လူငယ်များ စာရိတ္တပျက်ပြားအောင် ဆောင်ရွက်မှု၊ ဤနှစ်မှုကို ခေါင်းစဉ်တပ်၍ ရုံးတော်သို့ တင်ခဲ့ကြတယ်။

သူ့အပေါ်၌ တင်ထားသော ပြစ်မှုများသည် အမှန်တရား မဟုတ်သော်လည်း ဒီမိုကရေစီစနစ်အရ အများစု၏သဘောဆန္ဒအတိုင်း ရုံးတော်မှ ထိုအမှုအတွက် ပြစ်ဒဏ်နှစ်ခုကိုချမှတ်ခဲ့တယ်။ ထိုပြစ်ဒဏ်ကား - ဆိုကရတီးစ်သည် သူကျူးလွန်ထားခြင်းမရှိသော ပြစ်မှုအတွက် တိုင်းပြည်အတွင်းမှ အမြန်ထွက်ခွါသွားရန်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မပြုလုပ်နိုင်ပါက တိုင်းပြည်တွင်းမှာပင် အဆိပ်သောက်၍ ကိုယ်တိုင် အဆုံးစီရင်ရန် ဖြစ်တယ်။

ဆိုကရတီးစ်သည် အကောက်ကြံ၍ အမှုဆင်ထားသော ထိုပြစ်မှုအတွက် သူမမှားကြောင်း သိထားပြီး ဖြစ်သော်လည်း ပြည်သူများ၏သဘောဆန္ဒအရ ထိုအမှုအတွက် သူပြစ်မှုတစ်ခုခုကို ခံရမည်ဆိုတာကို သိခဲ့တယ်။ သို့သော် ဆိုကရတီးစ် စဉ်းစားသည်မှာ သူတို့စီရင်ချက်ကြောင့် သူတိုင်းပြည်အတွင်းမှ ထွက်ခွါသွားခဲ့မည်ဆိုလျှင် သူသည် အမှားပြုလုပ်ထားသူဖြစ်၍ တိုင်းပြည်မှ ထွက်ခွါသွားရသည်ဟု အများအထင် မှားစရာ ဖြစ်သွားနိုင်တယ်။ နောင်အနာဂတ်မှာ (ပြည်သူများ အမှန်တရားကို သိလာသောတစ်နေ့မှာ) သူ့မေတ္တာ၊ သူ့စေတနာတို့ကို ပြည်သူများနားလည်လာနိုင်လိမ့်မည်ဟု ယုံကြည်ထားခဲ့တယ်။ ထိုကြောင့် တပည့်အများက အဆိပ်ကို မသောက်ရန် အတန်တန် တားမြစ်နေသည့်ကြားမှ အမှန်တရားများ အစဉ်ထာဝရ မဆိတ်သုဉ်းနိုင်ရေးအတွက် အဆိပ်ရည်ကို သောက်၍ သူ့ဘဝကို အဆုံးစီရင်သွားခဲ့တယ်။

ဂရိ ဖီလိုဆိုဖာကြီး ဆိုကရတီးစ်သည် အမှန်တရားကို မျက်ကွယ်ပြုထားသော ထိုခေတ်၊ ထိုအခါက ဒီမိုကရေစနစ်အောက်မှာ သူ့ဘဝတစ်ခုလုံးကို ပေးဆပ်သွားခဲ့တယ်။ သူတွေးထင်ထားခဲ့သည့်အတိုင်း သူ့အမှု၌ အမှန်တရားကို ပြည်သူများ ဖေါ်ထုတ်လာနိုင်ခဲ့ကြပြီ။ ပြည်သူများသည် ဖီလိုဆိုဖာကြီး ဆိုကရတီးစ်၏ ဂုဏ်ကျေးဇူးများကို ချီးကျူး၍ မဆုံးနိုင်အောင် ရှိခဲ့ကြပြီ။ အမှန်တရားဘက်၌ အသက်ပေး၍ ရပ်တည်သွားခဲ့သူဖြစ်ကြောင်း သမိုင်း၌ သက်သေထူ



နိုင်ခဲ့ပြီ။ သို့သော် ဂရိ ဖီလိုဆိုဖာကြီး ဆိုကရတီးစ်၏ ဘဝကား နေဝင်ချိန်သို့ ရောက်ခဲ့ရပြီမဟုတ်ပါလား။

သတိပြုရမည်မှာ ဒီမိုကရေစီစနစ်၌ အမှန်တရားကို မျက်ကွယ်ပြုနိုင်ခြင်း၏ အကြောင်းများစွာ ရှိနေခြင်းပါ။ စပွန်စာပေးထားခြင်းကြောင့်၊ အကြောက်တရားကြောင့်၊ ယုံကြည်ချက်ကြောင့်၊ အတိုက်အခံ စိတ်ရှိနေခြင်းကြောင့် စသည့်စသည့် အကြောင်းများစွာ ပါဝင်နိုင်ခြင်းပါ။ ဆိုကရတီးစ်သည် ဘာကြောင့် အသေဆိုးနှင့် သေရသနည်း။ လူ့အခွင့်ရေးစကား တွင်တွင်ချည်းပြောဆိုနေကြသော်လည်း လူသားအချင်းချင်း အနိုင်အထက်ပြု၍ သတ်ဖြတ်နေကြသော ဒုစရိုက်မှုများအတွက် အမှန်တရားကို မျက်ကွယ်ပြုလိုသောသူများကလည်း များစွာရှိတယ်။ အမှန်တရားကို တန်ဖိုးထားတဲ့ ဆိုကရတီးစ်လို ကမ္ဘာကျော်ပုဂ္ဂိုလ်များနှင့် ကမ္ဘာမကျော်သောပုဂ္ဂိုလ်များရဲ့ လူ့အခွင့်ရေးများ ဆုံးရှုံးနေရတဲ့ အမှုပေါင်း ဤကမ္ဘာလောက၌ မည်၍မည်မျှရှိနေပြီဖြစ်ကြောင်း မည်သူမျှ သိနိုင်မည်မဟုတ်ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## အစွန်းရောက်နေသော လူ့အခွင့်ရေးသီအိုရီ

မြန်မာနိုင်ငံနှင့် ဒီမိုကရေစီစနစ်။ အံဝင်ခွင်ကျ မရှိလှသေးပါ။ မလိုအပ်တဲ့နေရာတွေမှာ မလိုအပ်ဘဲ လူ့အခွင့်ရေးသီအိုရီကို အသုံးပြုနေကြ၍ လူ့အခွင့်ရေးသမားတွေ အစွန်းရောက်နေကြပြီဟု ပြောဆိုတဲ့အသံတွေလည်း ထွက်ပေါ်လာတယ်။ ပြောသူတွေကလည်းပြည်သူ၊ ပြောသူတို့ရဲ့ဆန္ဒကလည်း ပြည်သူ့ဆန္ဒပင် ဖြစ်နေတာကြောင့် အစွန်းရောက်ခြင်းဆိုတဲ့သီအိုရီကို တစေ့တစောင်း လေ့လာကြည့်မိတယ်။

ဒီမိုကရေစီစနစ်ကျင့်သုံးရာ၌ လူ့အခွင့်ရေးသမားများသည် ပြောသင့်သည်ကို ပြောနေသည့်အတွက်ကိုမူ လွန်သည်ဟုမဆိုသာပါ။ သို့သော် နေရာတိုင်းမှာ ပါဝင်ပတ်သက်နေခြင်းကိုမူ သတိပြုရမည်ဖြစ်သည်။ ဥပမာ၊ နေရာတိုင်းကို လူ့အခွင့်ရေးရှုဒေါင့်ကကြည့်ပြီး တိုင်းပြည်တွင်းမှာ ဖြစ်နေတဲ့အရာတွေကို ပြည်သူတွေ သိအောင်၊ သို့မဟုတ် အစိုးရသိအောင် ပြည်သူ့ဆန္ဒကို ထုတ်ဖော်နေတဲ့အနေနဲ့ ဟစ်အော်နေတဲ့အသံတွေ၊ တစ်စုံတစ်ခုသောပါတီကို သို့မဟုတ် တစ်စုံ



တစ်ယောက်သောသူကို မကျေနပ်၍ ရင်တွင်းခံစားချက်ကို ရှေ့တန်းတင်ပြီး ဟစ်အော်နေတဲ့အသံတွေ၊ မိမိလုပ်နေတဲ့ လုပ်ရပ်တွေအပေါ်မှာ မှန်ခြင်း၊ မှားခြင်းဆိုတဲ့ သီအိုရီကို လျစ်လျူရှုထားပြီး ကိုယ်ဘက်က မှန်တယ်ထင်တိုင်း တစ်ဖက်သတ် ဖွတ်တရွတ်အော်နေတဲ့ အသံတွေ၊ ဒီအသံတွေက ဆူညံလွန်းနေတာကြောင့် ပြည်သူထဲက ပြည်သူအချို့က နားငြီးလာပြီလို့ ပြောဆိုသံတွေ ထွက်ပေါ်တယ်။

အမှန်တကယ်မှာမူ ဒီမိုကရေစီဖြစ်စဉ်သည် လက်တွေ့ဖြစ်ရပ်တွေနှင့် အံဝင်ခွင်ကျ မရှိသရွေ့ ဒီတိုင်းပြည်နှင့် ဒီလိုမျိုး ရှေးဆက်ရမည့်ခရီးက နီးမလိုလိုနှင့် အဝေးကြီးမှာ ရှိနေဆဲဖြစ်တယ်။ ဒီအတွက် ပြည်သူတွေ ဘယ်လိုစဉ်းစားကြမလဲ။ ဘာတွေဆက်လုပ်ကြမလဲ။

ဖြစ်ရပ်နှင့်ဖြစ်စဉ်ကို လေ့လာသုံးသပ်နိုင်အောင် ဒီမိုကရေစီစနစ်နှင့် လူ့အခွင့်ရေးသီအိုရီကို လေ့လာကြည့်စေချင်တယ်။ သီအိုရီဆိုတာ ဘာလဲ။ သိသင့်တဲ့ အရာတစ်ခုဖြစ်တယ်။ သီအိုရီဆိုတာ အိုင်ဒီယာတစ်ခု သို့မဟုတ် အယူအဆတစ်ခုပါ။ သို့သော် သီအိုရီဆိုတဲ့ စကားတစ်လုံးဟာ အဓိပ္ပါယ်များစွာကို ဖေါ်ဆောင်ထားတဲ့အတွက် သူ့နေရာနှင့်သူ အသုံးချတတ်ဖို့တော့ လိုအပ်တယ်။

ဆိုကြပါစို့။ အချို့ဘာသာရပ်တွေမှာ မိမိရှာဖွေတွေ့ရှိထားတဲ့ အကြောင်းအချက်အလက်များကို ရှင်းလင်းတင်ပြရန် ထုတ်ဖေါ်ပြောဆိုထားတဲ့ အယူအဆမျိုးကို သီအိုရီလို့ ခေါ်ထားတယ်။ ဥပမာ၊ အီဗိုလူးရှင်းသီအိုရီ (theory of evolution) မျိုးပါ။ နောက်တစ်မျိုးက အခြေခံသဘောတရားကို စံထားပြီး ထုတ်ဖေါ်ပြောဆိုထားတဲ့ အယူအဆမျိုးကိုလည်း သီအိုရီလို့ ခေါ်ဆိုနိုင်ခြင်းပါ။ ဥပမာ၊ ဆိုက်ကိုလိုဂျီပညာရပ်မှာ များစွာလွှမ်းမိုးထားတဲ့ ဖရွိုက်ဒီယမ် သီအိုရီ (Freudian

www.burmeseclassic.com

www.burmeseclassic.com



Theory) လို သီအိုရီမျိုးပါ။ သိပ္ပံပညာရပ်ဆိုင်ရာ သီအိုရီများ၊ သင်္ချာပညာရပ်ဆိုင်ရာ သီအိုရီများနှင့် နောက်ဆုံး ဖြစ်နိုင်ခြေကို အခြေခံပြီး ထုတ်ဖော်ပြောဆိုထားတဲ့ ဖြစ်နိုင်ခြေ သဘောတရားသီအိုရီ (probability theory) အထိ ပါဝင်နေခြင်းပါ။

ထိုကြောင့် သီအိုရီဆိုတိုင်း အမှန်တရားတွေချည်းဟု ယူဆ၍ မရနိုင်သလို အမှန်တရားမဟုတ်ဘူးလို့လည်း ငြင်းဆို၍ မရနိုင်တဲ့အရာမျိုးပါ။ နိုင်ငံရေးသီအိုရီမှာအကျုံးဝင်နေတဲ့ ဒီမိုကရေစီဆိုတာ သီအိုရီတစ်ခုပါ။ ထိုဒီမိုကရေစီသီအိုရီတွေထဲမှာ လူ့အခွင့်ရေးဆိုတာဟာလည်း သီအိုရီတစ်ခုပါ။ ထိုသီအိုရီတွေကို နေရာတိုင်းမှာ အသုံးပြုနေရင် မလိုအပ်တဲ့အခိပ္ပါယ်များ ထွက်ပေါ်လာနိုင်သလို တစ်ခါတစ်ရံမှာ အစွန်းတစ်ဖက်သို့လည်း ကျရောက်သွားနိုင်ခြင်းပါ။

ဗုဒ္ဓဘာသာတရားမှာ ကမ္မဝါဒ (Theory of Kamma) ဆိုတဲ့ သီအိုရီမျိုးကို အတိုင်းအတာတစ်ခုအထိ အသုံးပြုလျှင် ထိုကမ္မဝါဒ သီအိုရီသည် အသိရှင်းပြီး၊ ဉာဏ်အလင်းကိုပါ ဖြစ်စေနိုင်တာကို တွေ့ရှိရတယ်။ ဥပမာ၊ ဒီကလေး ကံမကောင်းရှာဘူး။ သူ့အမေက အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးပါးသွားတယ်။ သူ့အဖေက သူ့အမေသေပြီး မကြာခင်မှာပဲ နောက်မိန်းမထပ်ယူသွားတယ်။ သူခမျာ အဖိုးနှင့်ပဲ ဘဝကို ခက်ခက်ခဲခဲ ကြီးပျင်းခဲ့ရတယ် စသည်မျိုးမှာ ကမ္မဝါဒကို ဉာဏ်ဖြင့် ထင်ဟပ်စေတဲ့ ဖြစ်ရပ်မျိုးဖြစ်တယ်။ အဖြောင့်ပြောတော့ ကံရဲ့သဘောသဘာဝကို ဉာဏ်ဖြင့် သက်ဝင်နိုင်ခြင်းသဘောပါ။

သို့သော် ထိုကမ္မဝါဒ သီအိုရီကို မလိုအပ်ဘဲ နေရာတိုင်းမှာ အသုံးပြုနေမည်ဆိုလျှင် ထိုသီအိုရီရဲ့ အခိပ္ပါယ်များဟာ ပိုမို ရှုပ်ထွေး



သွားနိုင်တယ်။ ဥပမာ၊ ငါ ဒီနေ့ ကံမကောင်းဘူး။ နေ့လည်စာလည်း လွတ်သွားတယ်။ ကံက ဆိုးချင်တော့ (နေ့လည်စာ မစားရလို့) ဗိုက်ကနာလာတယ်။ ကံကဆိုးချင်တော့ (မုန့်ဝယ်စားဖို့) ပိုက်ဆံက ပါမလာဘူး။ ဒီကြားထဲ ကံဆိုးချင်တော့ ဒေါ်သက ထွက်လာပြန်တယ် စသည်ဖြင့် မလိုအပ်ဘဲ ကံလို့ခေါ်တဲ့ သီအိုရီကို ထပ်ခါထပ်ခါ အသုံးပြုပြီး ပြောဆိုနေတော့ လေးနက်တဲ့ ကမ္မဝါဒရဲ့ အခိပ္ပါယ်ဟာ ဘာကိုဆိုလိုမှန်း မသိရလောက်အောင် ဖြစ်သွားတော့တယ်။ ကံဆိုတာ ဘာကြီးပါလိမ့်။

ဒီလိုပါပဲ ဒီမိုကရေစီစနစ်အောက်မှာ လူ့အခွင့်ရေးဆိုတဲ့ သီအိုရီကို နေရာတိုင်းမှာ အသုံးပြုနေကြတာကို တွေ့ရတယ်။ ဥပမာ၊ အိမ်ထောင်ပြုချင်တဲ့သူကလည်း ဒါလူ့အခွင့်ရေး၊ အိမ်ထောင် မပြုချင်တဲ့သူကလည်း ဒါလူ့ အခွင့်ရေး၊ တစ်လင်တစ်မယားစနစ်ကို တန်ဖိုးထားတဲ့သူကလည်း ဒါလူ့အခွင့်ရေး၊ တစ်လင်တစ်မယားကို တန်ဖိုးမထားနိုင်လို့၊ သို့မဟုတ် တစ်ယောက်သူအပေါ်မှာ သစ္စာမထားနိုင်လို့ မယားများများ ယူချင်တဲ့သူကလည်း ဒါလူ့အခွင့်ရေး၊ သားသမီးများများ ယူထားသူကလည်း ဒါလူ့အခွင့်ရေး၊ သားသမီးများများ မလိုချင်တဲ့သူကလည်း ဒါလူ့အခွင့်ရေး စသည်ဖြင့် လူ့အခွင့်အရေးသီအိုရီကို နေရာတိုင်းမှာ အသုံးပြုပြော ဆိုနေတတ်ကြတယ်။ သုံးပါများလာတော့ လူ့အခွင့်ရေး သီအိုရီဆိုတာ အစွန်းရောက်သွားနိုင်ပြီး မူလအဓိပ္ပါယ်များ ပျောက်ကွယ်သွားနိုင်တာကို တွေ့ရတယ်။ လူ့အခွင့်ရေးဆိုတာ ဘာကြီးပါလိမ့်။

ထင်ရှားတဲ့ဥပမာတစ်ခုကို ထုတ်ပြချင်တယ်။ လူ့အခွင့်ရေးတို့ အထူးအလေးပေးကြတဲ့ အနောက်နိုင်ငံများ၊ အနောက်အုပ်စုများ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘာသာတရားကိုးကွယ်မှုနှင့်ပတ်သက်ပြီး တစ်ချိန်က အင်္ဂလန်နိုင်ငံမှာ လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို မရရှိကြ၍ အနှိမ်ခံ ပရိုတက်စတင့် (Protestant) စသော ခရစ်ယာန် ဘာသာဝင်များဟာ မြောက်အမေရိကတိုက် (ယခု အမေရိကန်နိုင်ငံ) သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရတယ်။ ဒီဖြစ်စဉ်ကို သင်ခန်းစာယူပြီး ဘာသာတရားကို ကိုးကွယ်ယုံကြည်ရာမှာ လူတိုင်းဟာ အဟန့်အတား အဆီးအတားတွေ မရှိသင့်ဘူး။ ထို့ကြောင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်မှုကို လူ့အခွင့်အရေးသီအိုရီအောက်မှာ ကျေကျေနပ်နပ်ကြီး ထည့်သွင်းဖော်ပြလာကြပြီး လွတ်လပ်စွာ ကိုးကွယ်ခွင့်ဆိုတဲ့ လူ့အခွင့်ရေးကို တစ်စိုက်မတ်မတ်ထုတ်ဖော် ပြောဆိုလာကြတယ်။ ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်ခွင့်ကို လူ့အခွင့်ရေးသီအိုရီ အောက်မှာထားပြီး လေးလေးနက်နက် ဆောင်ရွက်ခဲ့ကြတယ်။

အကျိုးတရားအနေနှင့် ဘာသာတရားများဟာ ကမ္ဘာကို လွတ်လပ်စွာ ပြန့်ပွားနိုင်ခဲ့တယ်။ ဘာသာတရားကြောင့် ကမ္ဘာ့ပြည်သူတွေဟာ အချိန်ကာလတစ်ခုအထိ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ခဲ့ကြတယ်။ သို့သော် လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို အခွင့်ကောင်းယူကာ ဘာသာရေးအစွန်းရောက်သူတို့သည် လွတ်လပ်စွာ ကိုးကွယ်ခွင့်မှုကို လူ့အခွင့်ရေးသီအိုရီနှင့် ရောနှောကာ အကြမ်းဖက်တဲ့နည်းနှင့် ဘာသာရေး နယ်ချဲ့လုပ်ငန်းများ၊ ဘာသာဝင်တိုးပွားရေး နယ်ချဲ့လုပ်ငန်းများ၊ ဘာသာကိုခေါင်းစဉ်တပ်ပြီး အကြမ်းဖက်တိုက်ခိုက်မှုလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ဆောင်လာကြတဲ့အထိ အစွန်းတွေ ရောက်ခဲ့ကြတယ်။ လွတ်လပ်စွာ ကိုးကွယ်ခွင့်သီအိုရီနှင့် လူ့အခွင့်ရေးသီအိုရီတို့ကို ရောသမအမွှေခံလိုက်ရတဲ့အတွက်ကြောင့်



နောက်ဆုံးမှာ သည်းမခံနိုင်တော့ဘဲ ဒေါသတွေ ပေါက်ကွဲသွားတဲ့ အနေအထားတစ်ခုအထိ ရောက်ရှိသွားပြီး စစ်ပွဲကြီးတွေ ဆင်နွှဲရတဲ့အထိ ဖြစ်ခဲ့တယ်။

ဒီမိုကရေစီဘောင်စည်းကို ကျော်လွန်ပြီး ဘာသာရေးလွတ်လပ်ခွင့် သီအိုရီကို လူ့အခွင့်ရေးနှင့် ရောထွေးကာ တွင်တွင်ကြီးပြုလုပ်လာခဲ့ကြ၍ ယနေ့မျက်မှောက်ခေတ် နိုင်ငံအတော်များများဟာ ခါးသီးတဲ့ အတွေ့အကြုံတွေကို ရင်ဆိုင်ဖြေရှင်းရတဲ့အထိ ဖြစ်လာတယ်။ ဘာသာရေးအစွန်းရောက်များဟာ စာသင်ကျောင်းများ အတွင်းသို့ ဝင်ရောက်၍ အပြစ်မဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဝင်ရောက်တိုက်ခိုက် သတ်ဖြတ်ခဲ့ကြ၍ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ (၁၅၀)ကျော် သေဆုံးသွားခဲ့ရတဲ့ဖြစ်ရပ်တွေ။ ချာ့ခ်ျကျောင်းများအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ဘုရားဝတ်ပြုသူများ ရာချီ၍ သေဆုံးခဲ့ရတဲ့ ဖြစ်ရပ်တွေကြောင့် နောက်ဆုံးမှာတော့ သည်းမခံနိုင်တော့တဲ့ အနေအထားသို့ ရောက်ရှိသွားပြီး ဘာသာရေးအတွက် မဟုတ်သော်လည်း ဘာသာရေးအစွန်းရောက်တို့ကို မျိုးဖြုတ်ချေမှုန်းရန်ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး နိုင်ငံပေါင်း သုံးဆယ်ကျော် ပူးပေါင်းပြီး ငြိမ်းချမ်းရေးအတွက် စစ်ပွဲကြီးတွေကို နိုင်ငံတကာ ကြည်းတပ်၊ လေတပ်၊ ရေတပ်တွေနှင့် ပူးပေါင်းပြီး တိုက်ပွဲတွေ ဆင်နွှဲကြရတော့တယ်။ ထိုစစ်ပွဲတွေကြောင့် လူသား မျိုးနွယ်တွေ သေသူသေ၊ ကျိုးသူကျိုး၊ ကန်းသူကန်းနှင့် လူသားမျိုးနွယ်တွေအတွက် စိတ်မကောင်းဖြစ်ခဲ့ရတယ်။ ပြဿနာရဲ့အစက အစွန်းရောက် ဘာသာရေးလွတ်လပ်ခွင့် သီအိုရီနှင့် လူ့အခွင့်ရေးသီအိုရီတို့ကို အခြေခံတယ်လို့ ဆိုရမှာဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အမေရိကန်နိုင်ငံဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ လူ့အခွင့်ရေးနှင့် လွတ်လပ်ခွင့်ဆိုတဲ့ သီအိုရီဟာ လူမျိုးတိုင်းနှင့် မထိုက်တန်ကြောင်း၊ ဘာသာရေးအစွန်းရောက်များက လူ့အခွင့်ရေး သီအိုရီရဲ့ သဘောသဘာဝကို ကျော်လွန်၍ ကျင့်သုံးလာခဲ့ကြကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးအတွက် စစ်တစ်လင်းကို ဖြန့်ခင်းကြရတဲ့ အခြေအနေမျိုးသို့ ရောက်ရှိသွားတော့တယ်။ ဒီအခြေနေမျိုးရောက်လာပြီဆိုတော့ အမေရိကန်ဦးစီးတဲ့ အနောက်အုပ်စုဟာ လူ့အခွင့်ရေး၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ နိုင်ငံသားအခွင့်အရေးဆိုတဲ့ သီအိုရီတို့ကို သတိမရနိုင်တော့ဘဲ လူသားတို့ လိုက်နာကျင့်သုံးသင့်တဲ့ ဘောင်စည်းတွေကို ကျော်လွန်လာတဲ့ ဘာသာရေး အစွန်းရောက်ဝါဒီတွေနှင့် ပြည်သူတွေ ငြိမ်းချမ်းစွာ နေနိုင်ရေးအတွက် စစ်တိုက်ကြရတော့တယ်။ အမှန်တကယ်မှာမူ မလွှဲသာလို့ ငြိမ်းချမ်းရေးအတွက် စစ်တိုက်ကြရတယ်ဆိုပေမဲ့ စစ်တိုက်ရပြီဆိုကတည်းက ပြည်သူတွေရဲ့ဘဝတွေဟာ ဘယ်မှာငြိမ်းချမ်းနိုင်တော့မှာလဲ။

ဒီဖြစ်စဉ်တွေကို ကောက်ချက်ချကြည့်တော့ ဒီမိုကရေစီဆိုတဲ့ သီအိုရီ၊ လူ့အခွင့်ရေးဆိုတဲ့ သီအိုရီတွေကို အနောက်တိုင်းသားဖြစ်တဲ့ သူတို့ကပဲ သင်ပေးခဲ့တယ်။ သူတို့ကပဲ အားပေးအားမြှောက်ပြုခဲ့တယ်။ သို့သော် သူတို့ကပဲ ဒီလူတွေကို ချေမှုန်းကြရပြန်တယ်။ သင်ခန်းစာယူဖို့၊ သံဝေဂရဖို့တော့ အလွန်ကောင်းတယ်။

မြတ်ဗုဒ္ဓရဲ့ ဓမ္မသီအိုရီမှာတော့ အစွန်းရောက်နေရင် ဘယ်အစွန်းမှ မကောင်းဘူး။ စားလွန်းရင်လဲ မကောင်းဘူး။ အိပ်လွန်းရင်လဲ မကောင်းဘူး။ ပြောလွန်းရင်လဲမကောင်းဘူး။ ဒါကြောင့် အစွန်းကို ရှောင်ပြီး အလယ်လမ်းစဉ်ကို လိုက်ရတာဟာ မြတ်ဗုဒ္ဓရဲ့ မဂ္ဂင်ကျင့်စဉ် ဖြစ်တယ်။



မြန်မာပြည်ကို လေ့လာနေတဲ့ နိုင်ငံခြားသား သံတမန်အရာရှိကြီးတစ်ယောက်က ပြောဖူးတယ်။ မြန်မာပြည်သူတွေဟာ ဘယ်တုန်းကမှ ကောင်းမွန်စွာ မရဘူးတဲ့ ဒီမိုကရေစီနှင့် လူ့အခွင့်ရေး၊ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ကိုးကွယ်ခွင့်တို့ကို လွယ်လွယ်ကူကူ ရနေကြတော့ လူ့အခွင့်ရေးကို နေရာတိုင်းမှာ အသုံးချနေကြတယ်။ ဒီလိုသာ ပြုမူနေကြရင်တော့ မကြာခင်မှာပဲ လူ့အခွင့်ရေးသီအိုရီဟာ အစွန်းရောက်သွားနိုင်တယ်တဲ့။

သူပြောတာ မှန်သင့်သလောက်မှန်တယ်လို့ ပြောလို့ရတယ်။ ဘာကြောင့်လဲဆိုရင် လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်မှုကို လူ့အခွင့်ရေးဆိုတဲ့သီအိုရီနှင့် စံပြုပြီး စိတ်မထင်ရင် မထင်သလို ရိုင်းမယ်။ မပြောဆိုသင့်တဲ့စကားမျိုးတွေနှင့် စိတ်မထင်ရင် မထင်သလို ပြောမယ်၊ မပြုမူသင့်တဲ့ အပြုအမူ တွေကို စိတ်မထင်ရင် မထင်သလို ပြုမူမယ်ဆိုရင် ဒါဟာ အစွန်းထွက်လာပြီလို့ ဆိုရမယ်။ မကြာခင်မှာပဲ ထိုသူအတွက် ထိုသူဆိုတဲ့ ကျိန်စာတို့ဟာ ထိုသူအပေါ်မှာပဲ တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ပြန်လည် ကျရောက်လာနိုင်ခြင်းပါ။ အကုသိုလ်ဆိုတာ အကျိုးပေးချိန်မတန်သေးရင် အကျိုးသက်ရောက်မှု မရှိဘူးလို့ ထင်ရပေမဲ့ အကျိုးပေးချိန်တန်လာရင် ကောင်းကင်မှာ ရောက်နေလည်း မလွတ်ဘူး။ ရေထဲမှာ ရောက်နေလည်း မလွတ်ဘူး။ လိုဏ်ဂူထဲမှာ ရောက်နေလည်း မလွတ်ဘူး။ ဒါဟာ ကံရဲ့နိယာမပဲ။

တိုင်းပြည်နှင့်လူမျိုး၊ ဘာသာနှင့်သာသနာအကျိုးကို စိတ်စေတနာမှန်မှန်နှင့် ဆောင်ရွက်နေကြတဲ့ (အစိုးရအဖွဲ့အစည်းနှင့် အဖွဲ့အသီးသီးပါဝင်တဲ့) ပြည်သူတွေဟာ "စေတနာမှန်လျှင် တန်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးရ'' ဆိုတဲ့ ကမ္မဝါဒ သီအိုရီအတိုင်း ကောင်းကျိုးချမ်းသာများ မလွဲမသွေ ရရှိနိုင်ကြမှာဖြစ်တယ်။ ''အစွန်းကိုပယ် အလယ်လမ်းကိုလိုက်'' ဆိုတဲ့ သီအိုရီအတိုင်း အစွန်းရောက်တဲ့အတွေး၊ အစွန်းရောက်တဲ့ အပြောအဆို၊ အစွန်းရောက်တဲ့ ကိုယ်အပြုအမူတို့ကို ရှောင်ရှားနိုင်ခြင်းဖြင့် ငြိမ်းချမ်းသောတိုင်းပြည်ကြီးကို ကျွန်ုပ်တို့ ကိုယ်တိုင် တည်ဆောက်နိုင်အောင် အတူပူပေါင်း ကြိုးစားနိုင်ကြဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်။ ငါသိ ငါတတ်ဆိုတဲ့ အမူအကျင့်မျိုးဆိုတာ တခါတရံမှာ ကိုယ့်ကိုယ်ကို ဒုက္ခပြန်ပေးတတ်ခြင်းပါ။ ထို့ကြောင့် သင်စွမ်းသလောက် ကျွန်ုပ်မစွမ်းသော်လည်း၊ ကျွန်ုပ်စွမ်းသလောက် သင်မစွမ်းနိုင်တဲ့အရာတွေလည်း များစွာရှိနေသေးတယ် ဆိုတဲ့ သီအိုရီလေးကို အမှတ်ရနိုင်ကြဖို့ပါ။ ချမ်းသားစွာ အိပ်စက်နိုင်ကြပါစေ။

## ကြီးနိုင်ငယ်ညှင်း ဖြစ်နေတဲ့ ကမ္ဘာ့နိုင်ငံရေးလောက

အသက်အရွယ်လေး ရလာပြီဆိုတော့ စာပေရေးသားလိုစိတ်များ နည်းပါးလာတာကို သတိပြုမိတယ်။ သို့သော် စာရေးသူအတွက် စာရေးစရာအကြောင်းတွေက မဆုံးနိုင်အောင်ရှိနေလေတော့ မနားနိုင်သေးဘဲ ဆက်လက်ရေးသားနေဆဲဖြစ်တယ်။ ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းအချက်အလက်တွေဟာ စာရေးဖို့အကြောင်းတွေ ဖြစ်နေတယ်။

သတင်းများထုတ်ပြန်ရာမှာ အားရှိ၊ အားမဲ့ကို ခြေကုတ်ယူ၍ တစ်ဖက်သတ်ကြီး ဖြစ်နေတာတွေ၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး၊ အမျိုးသားရေးနှင့်စပ်လျဉ်းသော ဖြစ်စဉ်များ၌ ကြီးနိုင်ငယ်ညှင်းသဘောမျိုး ဖြစ်နေတာတွေ၊ ဒါတွေကို တွေ့မြင်နေရ၍ နိုင်ငံတော်တည်ငြိမ်ရေး၊ တိုင်းရင်းသားညီညွတ်ရေးနှင့် နိုင်ငံတကာရဲ့ ဖိအားပေးမှုကြောင့် နိုင်ငံသားများရဲ့အခွင့်ရေးများ ဆုံးရှုံးသွားနိုင်တဲ့အရေးတွေကြောင့် စိုးရိမ်စိတ်များ ဖြစ်ပေါ်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကမ္ဘာကြီးဟာ နေရာတိုင်းမှာ စိုးရိမ်စရာဖြစ်ရပ်တွေနှင့် ကြုံနေရတယ်။ ဥရောပနိုင်ငံများ၊ အမေရိကန်နိုင်ငံနှင့် မဟာမိတ်နိုင်ငံများ၌ နေရာအသီးသီး၊ မြို့ရွာအသီးသီးမှာ (ဥပမာ လေဆိပ်တို့လို၊ ပြည်သူလူထု အသွားအလာများတဲ့ နေရာမျိုးတွေလို နေရာမျိုးတွေမှာ) အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်တွေဟာ အချိန်မရွေးကျရောက်လာနိုင်တာကြောင့် ကမ္ဘာ့ခေါင်းဆောင်တွေဟာ စိုးရိမ်တကြီး လုံခြုံရေးတွေကို တိုးမြှင့်ချထားရတဲ့ အချိန်အခါမျိုး ဖြစ်နေတယ်။

ယခုလတ်တလော ပြင်သစ်နိုင်ငံမှာ ဖြစ်သွားတဲ့ အစ္စလာမ်အစွန်းရောက်တွေက လူ ၁၇ ဦးသေဆုံးခဲ့ရတဲ့အထိ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်ကြောင့် ကမ္ဘာ့ခေါင်းဆောင်တွေ ထိတ်လန့်တုန်လှုပ်သွားခဲ့ကြတယ်။ ထို့ကြောင့် အကြမ်းဖက်တွေကို ကန့်ကွက်ဆန့်ကျင်တဲ့ ပဲရစ်မြို့ ချီတက်ပွဲမှာ လူပေါင်း တစ်သန်းနီးပါး ချီတက်ဆန္ဒပြခဲ့ကြတယ်။ ထိုချီတက်ဆန္ဒပြပွဲမှာ ကမ္ဘာ့ ခေါင်းဆောင်အများအပြား ပူးပေါင်းပါဝင်ခဲ့ကြတာကို တွေ့ရတယ်။

ဂျာမဏီနိုင်ငံမြောက်ပိုင်း ဟန်းဘာ့ခ်မြို့က မောဂန်ပို့စ်တ်သတင်းစာကနေ ပြင်သစ်သရော်စာ ချာလီအဲဘ်ဒို မဂ္ဂဇင်းရဲ့ အစ္စလာမ်ကို သရော်တဲ့ကာတွန်းတွေကို ပြန်လည်ဖော်ပြခဲ့တဲ့အတွက် ထိုသတင်းစာတိုက်ကို မီးလောင်စေတဲ့ပစ္စည်းတွေနှင့် ပစ်ခတ်တိုက်ခိုက်မှုတွေ ပြုခဲ့ကြပြန်တယ်။ ထို့ကြောင့် ထိုမီးရှို့တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သူများလို့ သံသယရှိထားသူ အမျိုးသား ၂ ဦးကို ရဲက ဖမ်းဆီးခဲ့တယ်။ ဒီဖမ်းဆီးမှုကို ဥရောပနိုင်ငံများမှာ လူ့အခွင့်အရေး ချိုးဖောက်ခြင်းလို့ ဖော်ပြခြင်းမရှိဘဲ အမျိုးသားလုံခြုံရေးအတွက် ဖမ်းဆီးရခြင်းဆိုတာ နိုင်ငံတကာက နားလည်ထားကြတယ်။



သို့သော် ထိုကဲ့သို့ ကမ္ဘာ့အနှံ့အပြား ဖြစ်ပျက်နေတဲ့ အကြမ်းဖက်မှုတွေကို လျှစ်လျူရှုထားပြီး မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ (EU) ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲကတော့ မျိုးစောင့်ဥပဒေမူကြမ်းလေးရပ်လုံးဟာ နိုင်ငံတကာရဲ့ လူ့အခွင့်အရေး ပဋိညာဉ်စာချုပ်တွေကို ချိုးဖောက်နေတယ်လို့ တနင်္လာနေ့က ပြောဆိုလိုက်တဲ့ သတင်းထွက်ပေါ်လာတာကြောင့် အံ့သြမိတယ်။

ထိုမျိုးစောင့်ဥပဒေလေးရပ်မှာပါတဲ့ အကြောင်းအချက်အလက်များရဲ့ အားနည်းချက်၊ အားသာချက်များကို စနစ်တကျထောက်ပြတာမျိုးမဟုတ်ဘဲ အားလုံးသိမ်းကြုံးပြီး မျိုးစောင့်ဥပဒေမူကြမ်းလေးရပ်လုံးဟာ နိုင်ငံတကာရဲ့ လူ့အခွင့်အရေး ပဋိညာဉ်စာချုပ်တွေကို ချိုးဖောက်နေတယ်လို့ စွပ်စွဲပြောဆိုလိုက်ခြင်းဟာ နိုင်ငံကြီးသားပီသပါတယ်ဆိုတဲ့ ဥရောပသမဂ္ဂ (EU) ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ တစ်ယောက်အတွက် ဒီလို မဆင်မခြင် စကားမျိုးကို မပြောသင့်ဘူးလို့ ထင်မြင်မိတယ်။

အဘယ့်ကြောင့်ဆိုသော် နိုင်ငံတကာရဲ့စံနှုန်းဖြစ်နေတဲ့ တစ်လင်တစ်မယားစနစ်ကို ဥရောပ နိုင်ငံတွေမှာလည်း ကျင့်သုံးတယ်။ တောင်အမေရိကတိုက်၊ မြောက်အမေရိကတိုက် နိုင်ငံတွေမှာလည်း ကျင့်သုံးနေတယ်။ သြစတေးလျတိုက်မှာ ပါဝင်နေတဲ့ နိုင်ငံတွေမှာလည်း ကျင့်သုံးနေတယ်။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဟာ ယူနီဗာဆယ် (Universal) ဖြစ်နေပြီလို့ ဆိုနိုင်တယ်။ ဒါကို မျက်ကွယ်ပြုပြီး အမြင်ကတတ်တဲ့ ပုဒ်မတပ်၍ "ငါ့စကား နွားရ အနေအထားမျိုးနှင့် တစ်လင် တစ်မယားစနစ်ကျင့်သုံးဖို့ တင်ပြထားတဲ့ ဥပဒေကို နိုင်ငံတကာရဲ့ လူ့အခွင့်အရေး ပဋိညာဉ်စာချုပ်တွေကို

www.burmeseclassic.com



ချိုးဖေါက်နေတယ်လို့ မဆင်မခြင် စွပ်စွဲပြောဆိုလိုက်ခြင်းဟာ လူ့အခွင့်ရေးကို လူ့အခွင့်ရေး ခေါင်းဆောင်များကိုယ်တိုင်က နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်ချိုးဖေါက်နေသလို ဖြစ်နေခြင်းပါ။

နောက်ပြီး မျိုးစောင့်ဥပဒေ မူကြမ်းလေးရပ်လုံးဟာ မြန်မာနိုင်ငံက သဘောတူ လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတကာ လူ့အခွင့်အရေး ပဋိညာဉ်စာချုပ်တွေကို ချိုးဖေါက်နေတယ်လို့ စွပ်စွဲပြောဆိုလိုက်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြသော ပြည်သူအချင်းချင်းရဲ့ သွေးစည်းညီညွတ်မှုကို ပျက်ပြားအောင် အားထုတ်ပေးလိုက်သလိုလဲ ဖြစ်သွားနိုင်ခြင်းပါ။

ဇန်နဝါရီလ ၁၃ ရက်နေ့က ထုတ်ဝေတဲ့ သမဂ္ဂဂျာနယ်မှာ - "မြန်မာအခြေအနေနှင့် ပတ်သက်၍ ဗြိတိန်အစိုးရမှ ကြေညာချက်နှစ်စောင်ထုတ်ပြန်" ဆိုတဲ့ သတင်းကို ဖတ်လိုက်ရတယ်။ ထိုကြေညာချက် နှစ်စောင်ထဲက တစ်စောင်မှာ ဖေါ်ပြထားတာက မြန်မာနိုင်ငံအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ တိုးပွားလာသည့်ကိစ္စအား ဖေါ်ပြထားတာကို တွေ့ရတယ်။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဥပဒေကို နိုင်ငံတော်မှ ပြဋ္ဌာန်းမပေးနိုင်ခဲ့လျှင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ ယခုလက်ရှိအခြေအနေထက် ပိုများလာဖို့ပဲ ရှိတယ်။ ဒါကို အမျိုးသမီးအခွင့်ရေးကို ကာကွယ်စောင့်ရှောက်သူများအနေနှင့် လေးလေးနက်နက် စဉ်းစားနိုင်ကြဖို့ပါ။

အမေရိကန်နိုင်ငံမှာဖြစ်စေ၊ ဥရောပနိုင်ငံများမှာဖြစ်စေ နေထိုင်ကြသော အမျိုးသမီးများရဲ့ ဘဝများဟာ မြန်မာပြည်မှာထက် ပို၍ လုံခြုံနေတာကို တွေ့ရတယ်။ အဘယ့်ကြောင့်ဆိုသော် တစ်လင်



တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကို နိုင်ငံတော်မှ ဥပဒေပြုပြဋ္ဌာန်းပေးထားသောကြောင့် ဖြစ်တယ်။ ယောကျ်ားများ နောက်အိမ်ထောင်ပြုလိုလျှင် လက်ရှိမယားကို တရားဝင် ပြတ်စဲပြီးမှ သို့မဟုတ် တရားဝင် ဒိုက်ဗော့စ် (divorce)လုပ်ပြီးမှ သို့မဟုတ် နစ်နာကြေးများကို ပေးသင့်ပေးထိုက်သည်များကို ပေးလျော်ပြီးမှ နောက်အိမ်ထောင်ပြုနိုင်တယ်။ ဒီဥပဒေကို အမေရိကန်နိုင်ငံမှာ နေသူ အားလုံး၊ ဥရောပနိုင်ငံများမှာ နေသူအားလုံး သိပြီးဖြစ်တယ်။ မြန်မာပြည်မှာတော့ ယောကျ်ားတစ်ယောက်ဟာ "ယောကျ်ားကောင်းတော့ မောင်းမတစ်ထောင်" သီအိုရီကို လက်ကိုင်ကျင့်သုံးပြီး "သဘောရှိကရောဟီ" ဖြစ်နေတာကို တွေ့ရတယ်။ သို့သော် ဥရောပသမဂ္ဂ (EU) ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲတစ်ယောက်က တစ်လင်တစ်မယားစနစ်ကို လူ့အခွင့်အရေး စံချိန်စံနှုန်းနှင့် မညီသလို ပြောလိုက်ခြင်းဟာ နိုင်ငံတကာရဲ့ဥပဒေကို သတိမမူနိုင်ပဲ မေ့လျော့သွား၍လား၊ သို့မဟုတ် ဘယ်လို ရည်ရွယ်ချက်မျိုးနှင့် ပြောဆိုနေသလဲဆိုတာ သံသယစိတ်များ ဝင်လာခြင်းမိပါ။

စာရေးသူ နားလည်ထားတဲ့ လူ့အခွင့်အရေးနှင့် လူ့အခွင့်ရေးပြဿနာများကို ကြားဝင်၍ ဖြန်ဖြေပေးသူဆိုတာ စဉ်းစဉ်းစားစားဆင်ဆင်ခြင်ခြင် ရှိဖို့လိုတယ်။ လက်ရှိမျက်မြင်လေးတစ်ခုကို ကြည့်ပြီး သို့မဟုတ် မိမိအနားမှာ ရှိနေသူများရဲ့ စကားကို အလွယ်တကူလက်ခံ၊ အလွယ်တကူ အမှန်တရားလို့ အတည်ပြုပြီး ဒါက မှားတယ်၊ ဒါက မှန်တယ်လို့ ချက်ခြင်းဆုံးဖြတ်ချက်ချထားမျိုးဟာ အမှန်တရား မဖြစ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ ဖြေလျှော့၍ ကိုင်တွယ်ဖြေရှင်းရတဲ့အခါမျိုးတွေ ရှိနိုင်သလို၊ တင်းတင်းမာမာဖြင့် ကိုင်တွယ်ဖြေရှင်းရတဲ့ အခါမျိုးဆိုတာလည်း ရှိနေနိုင်ခြင်းပါ။ ဥပမာ၊ ယခုလက်ရှိကမ္ဘာမှာ ဖြစ်ပွားနေတဲ့ အီရပ်နှင့် ဆီးရီးယားနိုင်ငံများမှာ ဖြစ်ပွားနေတဲ့စစ်မီးဟာ ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်နိုင်ငံပေါင်း ၃၀ ကျော်က ဘာသာရေး အစွန်း ရောက်များကို တင်းတင်းမာမာဖြင့် ဖြေရှင်းပေးနေတဲ့ စစ်ပွဲမျိုးပါ။ စစ်အရှိန်များဘယ်လောက်မြင့်တင်ထားသလဲဆိုလျှင် တိုက်လေယဉ်များမှ ကျဲချခဲ့သော ဗုံးအလုံးပေါင်း ၅ ထောင်ကျော် ရှိနေပြီဆိုတာကို ကြည့်ခြင်းအားဖြင့် သိနိုင်ခြင်းပါ။

ဒါကို လူ့အခွင့်အရေးသမားတွေက လူ့အခွင့်ရေးသီအိုရီအရ နိုင်ငံတကာ လူ့အခွင့်အရေး ပဋိညာဉ်စာချုပ်တွေကို ချိုးဖေါက်နေတယ်လို့ စွပ်စွဲပြောဆိုမှုကို ယခုအချိန်အထိ မကြားမိသေးပါ။ မဖတ်မိသေးပါ။ ဒီကာကွယ်ရေးဖြစ်စဉ်အတွက် လူ့အခွင့်အရေးသမားများကဘယ်လိုများ ဝေဖန်သုံးသပ်ကြမလဲဆိုတာ သိချင်စမ်းလှတယ်။ မြန်မာနိုင်ငံမှာ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေဟာ အမျိုးသမီးများအတွက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တစ်ဝက်မက လျော့နည်းသွားနိုင်ခြင်းပါ။

နိုင်ငံတကာရဲ့ ခေါင်းဆောင်များဟာ မြန်မာပြည်နှင့် မြန်မာနိုင်ငံသားတို့ရဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်ကို တကယ်လိုလား၍ မြန်မာ့အရေးကို ထဲထဲဝင်ဝင် ပါဝင်ဆွေးနွေးပေးချင်တယ်ဆိုလျှင် မြန်မာနိုင်ငံရဲ့အခြေအနေနှင့် ဖြစ်ရပ်နှင့် ဖြစ်စဉ်ကို စနစ်တကျ လေ့လာထားသင့်တယ်။ နေရာတိုင်းမှာ လူ့အခွင့်ရေးသီအိုရီကို ဆုပ်ကိုင်ပြီး နေရာတိုင်း၌



နိုင်ငံနှင့်လူမျိုးကို လူ့အခွင့်ရေးသီအိုရီများနှင့် မခြိမ်းခြောက်သင့်ပါ။ စနစ်တကျ မလေ့လာခဲ့၍ တစ်ချိန်က ကိုလံဘတ်စ်ကြီးကို နိုင်ငံသစ်ရှာဖွေနိုင်တဲ့ ဟီးရိုးကြီးရယ်လို့ အထင်မှားခဲ့ပြီး လူကောင်းအရာ၊ သူကောင်းအရာ ချီးမြှောက်၍ အစိုးရရုံးပိတ်ရက်များ ပြုလုပ်ပေးခဲ့တဲ့အထိ မှားခဲ့ကြတယ်။ နောင်အခါမှာ ဖြစ်ရပ်နှင့်ဖြစ်စဉ်ကို စနစ်တကျလေ့လာ နိုင်ခဲ့ကြ၍ ကိုလံဘတ်စ်ဆိုတဲ့ ဟီရိုးကြီးဟာ လူ့အခွင့်ရေးများကို ချိုးဖေါက်သူ၊ သူများနိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သူ အင်ဗေ့ဒါကြီး (invader)တစ်ယောက်အဖြစ် သမိုင်းသုတေသီများက ထောက်ပြနိုင်ခဲ့ကြတယ်။

ကမ္ဘာ့ခေါင်းဆောင်များ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်ကြသလို စာရေးသူအနေနှင့်လည်း စိုးရိမ်မကင်း ဖြစ်နေမိတယ်။ သို့သော် စိုးရိမ်းမကင်းဖြစ်ရပုံချင်း တူချင်မှတူမှာပါ။ စေတနာအရင်းခံနှင့် ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြပြီး၊ ကောင်းသောအကြံဉာဏ်များကို တကယ်ပင် မျှဝေပေးကြမည်ဆိုလျှင် မြန်မာနိုင်ငံရဲ့အနာဂတ်အရေးသည် ငြိမ်းအေးလာမည်ဖြစ်ပြီး၊ ငြိမ်းချမ်းသောနိုင်ငံကြီးတစ်နိုင်ငံ ဖြစ်လာနိုင်မည်ဆိုတာ စာရေးသူ ယုံကြည်ထားမိခြင်းပါ။ အကယ်၍သာ ဒီအတိုင်းပဲ ဆက်သွားကြမည်ဆိုလျှင်။

မလိုတစ်မျိုး၊ လိုတစ်မျိုးလုပ်ပြီး လူ့အခွင့်ရေးမှုကို လက်ကိုင်ပြုလျက် အရာရာတိုင်းကို အားပေးအားမြှောက် မပြုသင့်ပါ။ တစ်ချိန်က ဥရောပနိုင်ငံသားများဟာ လူ့အခွင့်ရေးသီအိုရီကို လက်ကိုင်ပြုပြီး အရာရာတိုင်းကို အားပေးအားမြှောက် ပြုခဲ့ကြ၍ ယနေ့ ဥရောပတိုက်ကြီးတစ်ခုလုံးရဲ့ အခြေအနေသည် စက်ပစ္စည်းများဖြင့် ရှာဖွေ၍မတွေ့နိုင်တဲ့ ဗုံးများပေါ်၌ ဖင်ခုထိုင်ထားရသလို ဖြစ်နေရပြီလို့ ပြောဆိုသူများ

www.burmeseclassic.com

www.burmeseclassic.com



ပင် ရှိလာခြင်းပါ။ အန္တရာယ်တွေဟာ အချိန်မရွေး နေရာတိုင်းမှာ ဖြစ်ပေါ်လာနိုင်တယ်ဆိုတဲ့ အနေအထားကို ရည်ညွှန်းပြောဆိုခြင်းပါ။ ဖြစ်နိုင်၊ မဖြစ်နိုင် အင်တာနက်စာမျက်နှာများကို နေ့စဉ်ရှုကြည့်၍ အဖြေတစ်ခုကို ရှာဖွေနိုင်ကြဖို့ပါ။

ဖြစ်ရပ်နှင့် ဖြစ်စဉ်ကို မှန်မှန်ကန်ကန် သိနိုင်၊ မြင်နိုင်ဖို့ဆိုတာ သမိုင်းဖြစ်ရပ်နှင့် ပစ္စုပ္ပန်ဖြစ်စဉ်များကို ဘက်မလိုက်သော နည်းလမ်းဖြင့် လူ့အခွင့်ရေးစံနှုန်းကို ဗဟိုမဏ္ဍိုင်ပြုလျက် မှန်မှန်ကန်ကန် လေ့လာကြည့်ရှု သုံးသပ်နိုင်ကြဖို့လိုတယ်။ ထိုသို့ပြုလုပ်ပေးနိုင်ပါမှ လူ့အခွင့်ရေးနှင့် နိုင်ငံသားအခွင့်ရေး ဖြစ်စဉ်နှစ်ခုဟာ ကွဲပြားခြားနားစွာ သိလာနိုင်မှာဖြစ်တယ်။

လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်ရေးကို ခွဲခြားပြထားရာတွင် အမေရိကန်နိုင်ငံမှာ ကျင့်သုံးတဲ့ ကျင့်ထုံးကို စံနမူနာအဖြစ် ထုတ်နှုတ်ပြချင်တယ်။ အမေရိကန်နိုင်ငံတွင် ဘယ်လူမျိုးမဆို ထိုနိုင်ငံအတွင်းမှာ မွေးဖွားသူမဟုတ်ခဲ့လျှင် ထိုသူသည် အမေရိကန်နိုင်ငံ၌ ဘယ်သောအခါမှ သမ္မတဖြစ်ခွင့် မရှိပါ။ ဒါဟာ နိုင်ငံသားအခွင့်အရေးကို လူ့အခွင့်ရေးနှင့် ခွဲခြားပြထားခြင်းဖြစ်တယ်။ အာဆီနိုင်ငံများ၌လည်း နိုင်ငံတွင်းမှာ ဖြစ်ပေါ်နေသော လူမျိုးရေးပြဿနာများ၊ ဘာသာရေး ပြဿနာများကို အာဆီယံ နိုင်ငံအချင်းချင်း ဝင်ရောက်ဖက်စွက်ချင်းမပြုဖို့ ကတိကဝတ်တွေ ပြုထားကြတယ်။ ဒါဟာလည်း အဆီနိုင်ငံများရဲ့ ပဋိညာဉ်ပါတဲ့ လူ့အခွင့်အရေးဖြစ်စဉ်လို့ သိထားကြရမှာဖြစ်တယ်။

လူ့အခွင့်ရေးကို အဓိပ္ပါယ်ပြန်ဆိုရာမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူချင်မှတူမယ်။ ဥပမာ၊ စင်္ကာပူ ဝန်ကြီးချုပ် လီကွမ်ယုက အမေရိကန်



သမ္မတ အိုဘာမားကို ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းရှိတယ်။ ကျုပ်လဲ လူ့အခွင့်ရေးကို လေးစားပါတယ်။ ဒါပေမဲ့ အမေရိကန်နိုင်ငံလို လက်နက်တွေကို လမ်းပေါ်ချ ရောင်းတဲ့ အဆင့်အထိတော့ ကျုပ်နိုင်ငံမှာ အဖြစ်မခံနိုင်ဘူးလို့ ပြောဆိုခဲ့ဖူးတယ်။ သူ့စကားဟာ ရဲရင့်တယ်။ ပြတ်သားတယ်။ လူ့အခွင့်ရေးသီအိုရီနှင့်စပ်ပြီး မှတ်သားဖွယ်ကောင်းတဲ့ စကားတစ်ခွန်း ဖြစ်တယ်။

နိုင်ငံရေးဖြစ်စဉ်၌ အရှေ့နိုင်ငံများနှင့် အနောက်နိုင်ငံများကို တစ်မူတည်းထားပြီး အနောက်နိုင်ငံများမှာ ပြုမူနိုင်တိုင်း အရှေ့နိုင်ငံများ၌ ပြုမူ၍ မရနိုင်ကြောင်းကို သိစေခြင်းပါ။ အချို့ကိစ္စများ၌ အနောက်နိုင်ငံအချို့တွင် ပြုမူနိုင်သော အရာများသည် အရှေ့တိုင်းနိုင်ငံများ၌ ပြောရုံမျှပင် မသင့်လျော်သောအရာများလည်း ရှိနေနိုင်ကြောင်း ကမ္ဘာ့ခေါင်းဆောင်များ သိနားလည်ထားကြဖို့ပါ။

ထို့ကြောင့် နိုင်ငံအတွင်းမှာ ဖြစ်ပျက်နေတဲ့ ဖြစ်ရပ်နှင့် ဖြစ်စဉ်များ အချိုးအစား မညီမျှသရွေ့ ပြဿနာဆိုတာ ဆက်လက်ဖြစ်ပေါ်နေမှာဖြစ်တယ်။ သို့သော် ပြဿနာတိုင်းမှာ သမိုင်းကြောင်းဆိုတာ ရှိနေတတ်၍ ပညာရှင်များပီပီ သမိုင်းကြောင်းများကို မလေ့လာဘဲ လက်ရှိဖြစ်စဉ်လေးတစ်ခုကို ကွက်ကြည့်ပြီး အင်အားကြီးနိုင်ငံသားဆိုတဲ့ စိတ်ထားမျိုးနှင့် စိတ်ထင်တိုင်း (စကားတတ်တိုင်း) ပြောဆိုနေကြမည်ဆိုလျှင် တရားမျှတခြင်း၊ လူသားချင်း စာနာခြင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဦးတည်၍ ပြောဆိုနေခြင်းဆိုတဲ့ လူ့အခွင့်ရေးသီအိုရီတွေဟာ အဓိပ္ပါယ်မရှိ ဖြစ်သွားနိုင်တယ်။

အမေရိကန်ဦးဆောင်တဲ့ ဥရောပနိုင်ငံများဟာ အိန္ဒိယနိုင်ငံနှင့် ဆီးရီးယားနိုင်ငံများရှိ ဘာသာရေးအစွန်းရောက်များကို နေ့စဉ် ဆက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုသလို အင်အားပြင်း လက်နက်များကို သုံး၍ တိုက်ခိုက်နေခြင်း၊ ခေတ်မှီစနစ်ဖြင့် တည်ထွင်ထားသော ဗုံးများကို ကျဲချ၍ အစွန်းရောက်များကို တိုက်ခိုက်နေခြင်းများသည် ရန်လို၍မဟုတ်ပါ။ လူ့အခွင့်အရေးသီအိုရီနှင့်အညီ တိုက်ခိုက်နေခြင်းပါလို့ ပြောဆိုရန်လည်း မသင့်တော်ပါ။ ဒါဆို ဘာလဲလို့ မေးနိုင်ခြင်းပါ။ အဖြေကား- လူသားချင်း စာနာစိတ်နှင့် လုပ်သင့်လုပ်ထိုက်တာကို လုပ်နေခြင်းဖြစ်တယ်လို့ ဆိုရမှာဖြစ်တယ်။ ဥပဒေမူကြမ်းလေးခုနှင့် စပ်လျဉ်း၍ စဉ်းစားနိုင်ကြဖို့ပါ။

လူ့အခွင့်ရေးကို ချိုးဖေါက်ခြင်းဆိုတာ ဘာလဲ။ ကိုယ့်လုပ်ချင်တာကို မလုပ်ရတာကို လူ့အခွင့်အရေးများ ချိုးဖေါက်ခံရခြင်းလို့ ပြောရမလား။ သို့မဟုတ် အကျိုးအမြတ်ကို မျှော်ကိုး၍ တစ်စုံတစ်ခုကို တစ်စုံတစ်ယောက်သောသူအတွက် (သို့မဟုတ်) လူတစ်စုအတွက် အင်အားစိုက်ထုတ်၍ ပြုလုပ်ပေးနေခြင်းကို လူ့အခွင့်ရေးကို ကာကွယ်စောင့်ရှောက်ပေးခြင်းလို့ ပြောရမလား။ လူ့အခွင့်အရေး သီအိုရီနှင့် စပ်လျဉ်း၍ သံသယစိတ်တွေဟာ ဆောင်းရာသီမှာဝေတဲ့ နှင်းတွေလို ဝန်းကျင်တစ်ခုလုံးကို ဝေဝါးထွေပြား[illegible]တော့တယ်။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## သူတို့ပြောတဲ့စကား သူတို့ရေးတဲ့စာ

ယနေ့ မြန်မာနိုင်ငံရဲ့အခြေအနေ။ အင်တာနက်စာမျက်နှာတွေ၊ ဖေ့စ်ဘုတ်ခ်စာမျက်နှာတွေပေါ်မှာ တက်ကြည့်မယ်ဆိုရင် ရှုပ်ထွေးနေတဲ့ ပြဿနာမျိုးစုံကို တွေ့ရလိမ့်မယ်။ ပါတီနိုင်ငံရေး၊ အမျိုးသားနိုင်ငံရေး၊ နိမ့်ကျနေသောပညာရေး၊ ညှိနှိုင်းရန်ခက်ခဲနေသော တိုင်းရင်းသားလူမျိုးစုများအရေး၊ ဆင်းရဲမွဲတေမှု ပပျောက်ရေးမှအစ ဘာသာရေးဆိုင်ရာကိစ္စရပ်များအထိ ပါဝင်နေခြင်းပါ။ ဒီလိုဖြစ်နေရခြင်းဟာ အထိုင်မကျသေးတဲ့ ဒီမိုကရေစီစနစ်ရဲ့အကျိုးဆက်လား၊ သို့မဟုတ် ဖြေရှင်းရန်ခက်ခဲနေတဲ့ ပြဿနာများရဲ့ အကျိုးဆက်လားဆိုတာ ခွဲခြားနိုင်ကြဖို့ပါ။

ပြဿနာဆိုတာ လူနှစ်ဦးနှစ်ယောက်အကြား သို့မဟုတ် လူ အများစုရဲ့အကြား သို့မဟုတ် အုပ်စုများအကြား ဖြေရှင်းရန် ခက်ခဲနေတဲ့ အခက်အခဲမျိုးကို ရည်ညွှန်းပြောဆိုထားခြင်းဖြစ်တယ်။ ဆိုလူးရှင်း (solution) လုပ်နိုင်တဲ့ အခက်အခဲများကို သဘောတူ

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းနိုင်ကြပြီဆိုလျှင် ပြဿနာဆိုတာ ပျောက်ပျယ်သွားနိုင်တဲ့ အရာဆိုတာကိုလည်း သိမြင်နိုင်ကြဖို့ပါ။

ဥပမာ၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်အလုပ်မှ အနားယူတော့မည့် ကုလသမဂ္ဂ အထူး ကိုယ်စားလှယ် သောမတ်စ် အိုဂျေး ကင်တားနား ပြောသွားတဲ့ မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ စိုးရိမ် ပူပန်စရာတွေနှင့် ရောထွေးနေတယ်ဆိုတဲ့ကိစ္စ၊ NLD ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဦးညာဏ်ဝင်းပြောသွားတဲ့ ရွေးကောက်ပွဲ ကော်မရှင် တွင် ခန့်ထားသူများနှင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ဥပဒေများ ကို မပြင်ဆင်ပါက လာမည့် ၂၀၁၅ ရွေးကောက်ပွဲသည် လွတ်လပ်နိုင် သော်လည်း တရားမျှတမှု မရှိနိုင်ကြောင်း ပြောသွားတဲ့ကိစ္စ၊ မရှင်း မလင်းဖြစ်နေတဲ့ သန်းကောင်စာရင်းကိစ္စ၊ တိုင်းပြည်ကို ငြိမ်းချမ်းစွာ တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားတွေ ပူးပေါင်းဆောင်ရွက် နိုင်ရေးကိစ္စ၊ ကွဲပြားခြားနားမှုရှိနေတဲ့ ဒီမိုကရေစီစနစ်အောက်က ပြည်သူ့များ သဘောထားနှင့် ပြည်သူ့များဆန္ဒ စတဲ့ အရေးတွေဟာ ပြဿနာအနေနှင့် ရှုမြင်သုံးသပ်လို့ရတယ်။

မြန်မာနိုင်ငံကြီးဟာ တကယ်ပဲ စိုးရိမ်စရာတွေ ရှိနေပြီလား၊ သူတို့ပြောသလို ဒီလောက်ထိအောင်များ အကြပ်အတည်းတွေနှင့် ရင်ဆိုင်နေရပြီလား။ မေးစရာအချက်တွေက အများကြီးရှိနေခြင်းပါ။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနှင့် အမျိုးသားရေးကို မျက်ချည်မပြတ် တစ်စိုက် မတ်မတ် လေ့လာမထားရင် သူတို့ပြောသလို ပူပင်စရာတွေက အများကြီး ဖြစ်ကောင်းဖြစ်နေမယ်။ သူတို့ရေးသလို စိုးရိမ်စရာတွေက တစ်ပုံ တပင်ကြီး ရှိကောင်းရှိနေမယ်။ သို့သော်…။



ကမ္ဘာ့နိုင်ငံများရဲ့ အနေအထားများကို လေ့လာသုံးသပ် ကြည့်တဲ့အခါ နိုင်ငံတစ်နိုင်ငံရဲ့ အကျပ်အတည်းဆိုတာ နိုင်ငံတိုင်းမှာ ရှိနေခြင်းပါ။ မြန်မာစာကို ဖတ်နိုင်သူအတွက် မြန်မာနိုင်ငံရဲ့ အကြပ် အတည်းပေါင်းစုံကို သိမယ်။ တရုတ်စာကို ဖတ်တတ်သူအတွက် တရုတ်နိုင်ငံရဲ့ ပြဿနာအဖုံဖုံကို သိခွင့်ရမယ်။ ဒီလိုပါပဲ ထိုင်းစာကို သာ ဖတ်နိုင်သူတွေအတွက် ထိုင်းနိုင်ငံရဲ့ အခက်အခဲတွေ၊ ထိုင်းစာလို ရေးထားတဲ့ အိမ်နီးနိုင်ငံတွေရဲ့ အခက်အခဲတွေ ဒါတွေကို သိနိုင်မှာ ဖြစ်တယ်။ သို့သော် ဘာသာစကားမှ မဖတ်တတ်ဘူးဆိုရင်တော့ ဒီပြဿနာ တွေကို ဂဃနဏမသိနိုင်ဘဲ သူများပြောသမျှကို ယုံရပြီး ကောလ ဟာလရေစီးကြောင်းထဲ ရောက်သွားနိုင်ခြင်းပါ။

သက်ဆိုင်ရာနိုင်ငံရဲ့ ဘာသာစကားကိုဖြစ်စေ၊ အင်တာ နေရှင်နယ်လ်အသုံးဖြစ်တဲ့ အင်္ဂလိပ်လို ဘာသာစကားမျိုးကိုဖြစ်စေ မဖတ်ဘူး၊ မပြောဘူးဆိုရင် ကြောင်းကျိုးမခိုင်လုံတဲ့ နိုင်ငံတကာ သတင်းတွေဟာလည်း ကောလဟာလအသွင်တွေကို ဆောင်သွားတတ် တယ်။ ကောလဟာလတွေကြောင့် စိုးရိမ်စိတ်တွေဖြစ်မယ်။ အကြောက် တရားတွေ မွေးဖွားလာမယ်။ အကြောက်တရားတွေနဲ့ နေကြရတဲ့ ပြည်သူ၊ ပြည်သားများရဲ့ ဘဝတွေဟာ ဘယ်လမ်းက မှန်တယ်၊ ဘယ်လမ်းက မှားတယ်ဆိုတာ ဝေဖန်ပိုင်းခြား၍ မရနိုင်တော့ဘဲ အမှောင်အလင်းကို မီးမောင်းထိုးပြထားတဲ့ ဒီမိုကရေစီလမ်းကြီးပေါ်မှာ ခရီးကြမ်းကြီးအသွင် ကြောက်စိတ်တွေဝင်ပြီး ဖြတ်သန်းကြရတော့ တယ်။

ပြဿနာဆိုတာ ကြောက်စရာကောင်းတဲ့အရာမဟုတ်ပါ။ ရိုးရှင်းတဲ့စကားလုံးနှင့် ပြောရမယ်ဆိုရင် ပြဿနာဆိုတာ သဘော

www.burmeseclassic.com

www.burmeseclassic.com



တူညီမှုမရသေးတဲ့ အခြေအနေတစ်ရပ် သို့မဟုတ် အခက်အခဲတစ်မျိုးပါ။ ထိုအခက် အခဲမျိုးကို ဖြေရှင်းနိုင်ဖို့ ပြဿနာဆိုတဲ့အရာက အသိတရားများဝင်လာအောင် ဆောင်ရွက်ပေးနေခြင်း သဘောပါ။

ကမ္ဘာပေါ်မှာ ပြဿနာတွေ လုံးဝကင်းစင်နေပြီး စင်းလုံးချောပြေလည်နေတဲ့ နိုင်ငံမျိုးဆိုတာ လုံးဝမရှိပါ။ တစ်နိုင်ငံမှာတော့ ဆင်းရဲမွဲတေမှုလို စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ ပြဿနာတွေနှင့် ရောထွေးနေတဲ့၊ ပြဿနာရဲ့အစကို ဆွဲထုတ်လို့မရနိုင်အောင် ဖြစ်နေတဲ့ နိုင်ငံမျိုးတွေ ရှိနေသလို၊ နိုင်ငံရေးမှာလည်း တည်ငြိမ်၊ စီးပွားရေးမှာလည်း ကောင်းမွန်နေပေမဲ့ ဖြေရှင်းရန်ခက်တဲ့ ဒုစရိုက်မှုခင်းများ၊ လူမှုရေး ပြဿနာများ၊ လူတန်းစားပြဿနာများ၊ အကြမ်းဖက်ဒုစရိုက်များ၊ အုပ်ချုပ်ရေးပြဿနာများအထိ ပါဝင်နေပြီး၊ ထိုပြဿနာများကို မကျော်လွှားနိုင်ကြလို့ လက်နက်ကိုင်စွဲပြီး ပြည်တွင်းစစ်ဖြစ်နေတဲ့ နိုင်ငံမျိုးတွေကလည်း ဒုနှင့်ဒေး ရှိနေခြင်းပါ။

ဒီလိုအခြေအနေမျိုးတွေ ရှိနေတာကို သတိမမူနိုင်ကြတဲ့သူတွေက ဒီမိုကရေစီစနစ်ကြီးများ အောင်မြင်လာခဲ့ရင် ပြည်သူတွေရဲ့ဘဝတွေဟာ နတ်ဘုံနတ်နန်းကြီးတွေအသွင် ရှိနေလိမ့်မည်လို့ ထင်မြင်ယူဆသူတွေ ရှိနေသလို၊ ဒီမိုကရေစီစနစ်အောက်မှာ ငြိမ်းချမ်းရေးတွေတည်ဆောက်ပြီး ပြဿနာတွေ ကင်းကင်းရှင်းရှင်းနဲ့ ဒီမိုကရေစီစနစ်ရဲ့အနှစ်သာရကို ပြည့်ပြည့်ဝဝ ခံစားလိုသူတွေကလည်း ရှိနေခြင်းပါ။ ထိုအခြေအနေမျိုးကို စောင့်မျှော်နေသူတွေကလည်း များမှများ။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဟိုဇေးမြို့က ပါမောက္ခဆရာကြီးတစ်ယောက်နှင့် ထိုနိုင်ငံမှာကျင်းပတဲ့ "ထိုင်းနိုင်ငံ ဒီမိုကရေစီနှင့် အနာဂတ်မျှော်မှန်းချက်" ခေါင်းစဉ်နှင့် ကုလသမဂ္ဂအဆောက်အဦးမှာ ကျင်းပသွားတဲ့ကွန်ဖရင့်တစ်ခုမှာ အမှတ်မထင် တွေ့ခဲ့ရတယ်။ အဲဒီအခါတုံးကသူက ဆန်ဟိုဇေး စတိတ်ယူနီဗာစီတီ (San Jose State University) မှာ လက်ခ်ချာ (lecture) ပေးနေတဲ့ ပါမောက္ခဆရာတစ်ယောက်ဖြစ်တယ်။ နိုင်ငံရေးစာအုပ်တွေကိုလည်း ရေးသားနေသူဖြစ်တယ်။ သူ့နာမည်က မစ္စတာ လယ်ရီ ဂါစတွန် (Larry Gerston) ဖြစ်တယ်။ စာရေးသူ စာသင်ခဲ့ဖူးတဲ့ တက္ကသိုလ်ကြီးကပါမောက္ခဆရာကြီးဖြစ်နေလို့ တက္ကသိုလ်သံယောဇဉ်စိတ်နဲ့ ရင်းနှီးခဲ့ကြတယ်။ စာသင်ခဲ့ဖူးတဲ့ တက္ကသိုလ်က ဆရာကြီးတစ်ယောက်ဖြစ်မို့ အားလပ်ချိန်များမှာ စကားပြောဖြစ်ခဲ့ကြတယ်။ သူက နိုင်ငံရေး စာအုပ်များကို များများရေးထားသူဆိုတော့ အမေရိကန်နိုင်ငံရေးနှင့် အမေရိကန်ဒီမိုကရေစီရဲ့ အခြေအနေကို သိချင်လာလို့ စကားစပ်မိတာနဲ့ အမေရိကန်နိုင်ငံရဲ့ ဒီမိုကရေစီအရေးကို မေးမြန်းကြည့်မိခဲ့တယ်။



အမေရိကန်နိုင်ငံမှာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်ကို တစ်ကမ္ဘာလုံးနီးပါးက လေးစားနေကြတာဆိုတော့ ဘယ်လိုလဲ အမေရိကန်နိုင်ငံရဲ့ ဒီမိုကရေစီစနစ်ဟာ ဒီမိုကရေစီပန်းတိုင်ကို ရောက်နေပြီလို့ယူဆလို့ ရနိုင်မလားလို့ မေးကြည့်တော့ - "အရှင်ဘုရားတဲ့ ဒီမိုကရေစီစနစ်မျိုးဆိုတာ ပန်းတိုင်ကို ဘယ်တော့မှ မရောက်နိုင်တဲ့စနစ်မျိုးပါတဲ့၊ ဘာကြောင့်လည်းဆိုရင် လူတွေရဲ့ဆန္ဒက များတယ်။ ဒါဖြစ်ချင်တယ်။ ဟိုဟာ ဖြစ်ချင်တယ်။ ဒါဖြစ်သင့်တယ်။ ဟိုဟာဖြစ်သင့်တယ် စသည်ဖြင့် ပြည်သူတွေရဲ့ သဘောဆန္ဒတွေက များလွန်းနေတော့ ပန်းတိုင်ရောက်ဖို့ခက်တယ်" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတိုင်းမှာ ပြည်သူ့ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ဥပဒေတွေကို ပြင်ရမယ်။ လိုအပ်လာရင် ဖျက်သိမ်းရမယ်။ တချို့ဥပဒေများကိုမူ အမျိုးသားရေးအတွက် လိုအပ်လာရင် ပြင်တန်ပြင်၊ ဖြည့်စွက်တန်ဖြည့်စွက်၊ သို့မဟုတ် ဖျက်သိမ်းသင့်က ဖျက်သိမ်းပေးရမယ်။ ဒါတွေကို ပြုလုပ်နေရတော့ ပန်းတိုင်ဆိုတာ ရောက်ဖို့ သိပ်ခက်တယ်။ ဒါကြောင့် အမေရိကန်ရဲ့ ဒီမိုကရေစီစနစ်ဟာ ဂျပ်စ် ဘီဂင်နင်း (Just beginging) အစပျိုးအဆင့်သာ ရှိသေးတယ်လို့ ပြောသွားခဲ့တယ်။ အံ့အားသင့်မိတယ်။

သူကဆက်ပြောတယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုရင် ပြည်သူတွေရဲ့ သဘောဆန္ဒတွေက များလွန်းနေတော့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာပြီဆိုရင် များလွန်းလှတဲ့ ပြည်သူ့ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ဥပဒေတွေတွေကို ပြင်မယ်။ တစ်ချို့ကို ဖျက်မယ်။ လိုအပ်လာရင် အသစ်ရေးဆွဲမယ်။ ဒါတွေကို ပြုလုပ်နေရတော့ ပန်းတိုင်ဆိုတာကို ဘယ်တော့မှ မရောက်နိုင်ဘူး။ ဒါကြောင့် အမေရိကန်ရဲ့ ဒီမိုကရေစီ စနစ်ဟာလည်း ပန်းတိုင်ကို မရောက်နိုင်သေးတဲ့ ဒီမိုကရေစီစနစ်လို့ ပြောလို့ရပါတယ်တဲ့။

ပန်းတိုင်မရောက်နိုင်တဲ့စနစ်ကို ဘာပြုလို့ ကမ္ဘာလူထုတွေက တလေးတစား ကျင့်သုံးနေကြတာလဲလို့ မေးခဲ့ရင် - စနစ်တိုင်းမှာ အားနည်းချက်၊ အားသာချက်ဆိုတာရှိနေတယ်။ သို့သော် ပြည်သူ့ဆန္ဒနှင့် အနီးစပ်ဆုံး ကိုက်ညီတဲ့စနစ်တွေထဲမှာ ဒီမိုကရေစီစနစ်ဟာ အသင့်တော်ဆုံးလို့ ပြောနိုင်တယ်။ ဒီနေရာမှာ အိန္ဒိယနိုင်ငံ၌ ထင်ပေါ်ကျော်ကြားတဲ့ ဝန်ကြီးချုပ် နေရူးပြောသွားတဲ့စကားလေးကို အမှတ်ရ



မိခြင်းပါ။ "အုပ်ချုပ်ရေး စနစ်တွေထဲမှာ ကျုပ်ကတော့ ဒီမိုကရေစီစနစ်ကို အကြိုက်ဆုံးပဲ။ ဘာကြောင့်လဲဆိုရင် အကောင်းများလို့ပါ" တဲ့။

တကယ်တော့ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူတွေ မျှော်လင့်ထားတဲ့ ဆန္ဒတွေကို ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်တဲ့ စနစ်မျိုးမဟုတ်ဘဲ အမျိုးသားရေးအတွက် အကာအကွယ်ပေးနိုင်တဲ့စနစ်၊ ဥပဒေက ရပိုင်ခွင့်ရှိသူတို့အတွက် ရပိုင်ခွင့်များကို ရရှိနိုင်ဖို့ ကာကွယ်ပေးနိုင်တဲ့စနစ်၊ ပြည်သူ့ဆန္ဒတွေကို ဖေါ်ဆောင်ရာမှာ အများစု ပြည်သူ့သဘောထားဆန္ဒနှင့် ဆောင်ရွက်ရတဲ့ စနစ်မျိုးဖြစ်လို့ ပြဿနာကို နည်းပါးစေတယ်။ ပြည်သူ့ဆန္ဒကို ဖေါ်ဆောင်ပေးရာမှာ အားသာချက်များရှိနေတဲ့ စနစ်ဖြစ်တာကြောင့် ဒီနေ့ ဒီမိုကရေစီစနစ်ဟာ ပြည်သူတွေရဲ့ကြားမှာ ဆက်လက်ရှင်သန်နေဆဲဖြစ်တယ်။ ဆက်လက်ရှင်သန်နေဦးမှာ ဖြစ်တယ်။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံကြီးသား မပီသနိုင်သေးတဲ့ နိုင်ငံကြီးသားများ

လွန်ခဲ့သော တစ်ပတ်ခန့်က တီဗွီ MRTV 4 ချန်နယ်မှာ စာတမ်းတိုလေးတစ်ခုကို ဖတ်လိုက်ရတယ်။ "နိုင်ငံကြီးသားပီပီ ဘောလုံးပွဲကို လာရောက်အားပေးကြသော ပရိသတ်များသည် ယဉ်ယဉ်ကျေးကျေးဖြင့် လာရောက်အားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်" ဆိုတဲ့ စာတမ်းတိုလေးပါ။ စာကြောင်းလေးကတိုပေမဲ့ စဉ်းစားစရာအချက်တွေ များစွာပါဝင်နေတယ်။

"နိုင်ငံကြီးသားပီပီ" ဆိုတဲ့စကားလုံးလေးကို စာရေးသူ စိတ်ဝင်စားမိတယ်။ နိုင်ငံကြီးသားများဆိုတာ ယဉ်ကျေးကြသလား။ ယဉ်ကျေးမှုဆိုတာ နိုင်ငံနှင့်ဆိုင်သလား၊ လူမျိုးနှင့်ဆိုင်သလား၊ လူနှင့် ဆိုင်သလား၊ မှုနှင့်ဆိုင်သလား စဉ်းစားစရာတွေက တစ်လှေကြီးဖြစ် လာတယ်။

မြန်မာနိုင်ငံရဲ့သမိုင်းကို ပြန်လည်သုံးသပ်ကြည့်လျှင် ယဉ်ကျေးမှု နှင့်ပတ်သက်၍ သမိုင်းခိုင်လုံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်ဆိုတာ ကမ္ဘာ



က အသိအမှတ်ပြု လက်ခံလာခဲ့ပြီမို့ ဝမ်းသာမိတယ်။ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟံလင်း၊ ပုဂံ (အသိအမှတ်ပြုဆဲ) စတဲ့ ရှေးဟောင်းမြို့ များဟာ သမိုင်းယဉ်ကျေးမှု အမွေနှစ်များနှင့် ပြည့်ဝနေတဲ့အတွက် ကြောင့် ယူနက်စကို (UNESCO) (the United Nations Educational, Scientific and Cultural Organization) အဖွဲ့က လွန်ခဲ့တဲ့ သုံးလခန့်က ထိုဒေသများကို ဝါးလ်ဒ် ဟယ်ရီတေ့ချ် ဆိုက်တ် (World Heritage Site) ကမ္ဘာ့ ရှေးဟောင်းအမွေ နှစ်များ တည်ရှိတဲ့နေရာအဖြစ် အသိအမှတ်ပြုခဲ့တယ်။ ဤသို့သော အခြေအနေမျိုးကြောင့် မြန်မာတို့ရဲ့ ယဉ်ကျေးမှုအမွေနှစ်များသည် သူ့မူ၊ သူ့ဟန်၊ သူ့ဂုဏ်၊ သူ့အရှိန်နှင့် ဂုဏ်ပြုထိုက်ကြောင်း သမိုင်းက သက်သေထူပြနေခြင်းဖြစ်တယ်။

ရှေးဟောင်းမြို့များကို မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်လို့ ကမ္ဘာက အသိအမှတ် ပြုလာမှုနှင့်ပတ်သက်၍ ယဉ်ကျေးမှုဆိုတာ ဘယ်လိုဟာလဲ၊ သက်မဲ့ရုပ်ဖြစ်ကြွင်းများကိုပင် ယဉ်ကျေးမှုလို့ ခေါ် လေရော့သလားလို့ သံသယစိတ်ဝင်သူများလည်း ရှိကောင်းရှိလာ နိုင်တယ်။ ဒီလိုအခြေအနေများရှိနေခြင်းကြောင့် ယဉ်ကျေးမှုဆိုတာ ဘာလဲ။ ဘယ်လိုပြုမူနေထိုင်မှ ယဉ်ကျေးတယ်လို့ ဆိုနိုင်တာလဲ။ မေးစရာမေးခွန်းတွေက ရှိလာတယ်။

အနောက်တိုင်းသိအိုရီတွေမှာတော့ ယဉ်ကျေးမှုဆိုတဲ့စကားရဲ့ မူလဝေါဟာရမှာ civilization (စီဗီလိုက်ဇေးရှင်း) ဖြစ်တယ်။ စီဗီလိုက်ဇေးရှင်း (civilization) ကို အဓိပ္ပါယ်ဖွင့်ဆိုရာမှာ (လူ့အဖွဲ့ အစ တိုးတက်လာခြင်း၊ ယဉ်ကျေးလာခြင်း၊ ယဉ်ကျေးအောင်ဆောင် ရွက်ခြင်း)လို့ အဓိပ္ပါယ်ဖွင့်ဆိုထားတာကို တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုယဉ်ကျေးမှုဆိုတဲ့စကားကို ပါဠိစကားသုံးနှင့် ဖလှယ်၍ သုံးနှုန်းကြတဲ့အခါ ပါဠိစကားမှာ သဗ္ဘ (ယဉ်ကျေးသိမ်မွေ့သော၊ သို့မဟုတ် သူတော်ကောင်းတို့၏-ဥစ္စာ-အမှုအရာ) ဆိုတဲ့အသုံးအနှုန်း၊ ဝိနီတ (ဆုံးမအပ်ပြီးသော-သင်ပြအပ်ပြီးသော-ယဉ်ကျေးပြီးသော) ဆိုတဲ့အသုံးအနှုန်း၊ သုသီလ (ကောင်းသော သီလ ရှိသော) ဆိုတဲ့ အသုံးအနှုန်း စသည် စကားလုံးများကို သုံးနှုန်းထားတာကို တွေ့ရတယ်။

ဤသို့ဆိုလျှင် ယဉ်ကျေးမှုဆိုသောအရာသည် လူသားတို့ရဲ့ ဆန်းကြယ်သော စိတ်နေစိတ်ထား၊ စိတ်ကူးစိတ်သန်းများကြောင့် ဖြစ်ပေါ်လာသော ပန်းချီပန်းပု၊ ရုပ်ထုရုပ်ကြွင်း၊ ဘုရားပုထိုး၊ စေတီဝှကျောင်း၊ အဆောက်အဦးများသည် ယဉ်ကျေးမှု၏ အမွေအနှစ်များဟု မှတ်သားထားရမှာဖြစ်တယ်။

ထို့ကြောင့် ယူနက်စကိုအဖွဲ့က ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်၏ တည်ရာ (World Heritage Site) ဆိုတာ နေရာတစ်ခုဖြစ်တယ်လို့ အဓိပ္ပါယ်ဖွင့်ဆိုထားတယ်။ အဲဒီနေရာဟာ တောတစ်တောဖြစ်ချင်ဖြစ်မယ်။ တောင်တစ်တောင် ဖြစ်ချင်ဖြစ်မယ်။ ရေကန်တစ်ကန်ဖြစ်ချင်ဖြစ်မယ်။ ကျွန်းတစ်ကျွန်း ဖြစ်ချင်ဖြစ်မယ်။ သဲကန္တာရတစ်ခုဖြစ်ချင်ဖြစ်မယ်။ အထိမ်းအမှတ်ကျောက်တိုင်၊ ဂူ၊ ကျောင်းစသောအဆောက်အဦမျိုးလည်း ဖြစ်ချင်ဖြစ်မယ်၊ သို့မဟုတ် မြို့တစ်မြို့လည်းဖြစ်ချင်ဖြစ်မယ်။ လူသားတို့ရဲ့စိတ်ကူးစိတ်သန်းကြောင့် ဖြစ်ပေါ်လာသော အံ့ဖွယ်အခြေအနေများကို စာရင်းပြုစုထားတာကို တွေ့ရတယ်။

ထိုကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်တွေကို ထိမ်းသိမ်းထားခြင်းဖြင့် ရှေးခေတ်လူသားတို့၏ အံ့မခမ်း စိတ်ဓာတ်၊ ဥပမာ၊ တရုတ်ပြည်



က မဟာတံတိုင်းကြီး။ ရှေးခေတ်လူသားတို့၏ ပေးဆပ်ရဲတဲ့ နှလုံးသားခံစားချက်။ အိန္ဒိယနိုင်ငံက တာ့ဂျ်မဟာ အုဂ္ဂူကြီး။ ရှေးခေတ်လူသားတို့ရဲ့ ကြည်ညိုလေးစားတဲ့ သဒ္ဓါစေတနာ၊ ဥပမာ၊ ကမ္ဘောဒီးယားနိုင်ငံက အန်ကောဝပ် ဘုရားကျောင်းတော်ကြီး၊ ဒီလိုအံ့ဘွယ် ကမ္ဘာ့အမွေနှစ်များသည် ရှေးခေတ်လူသားတို့ရဲ့ အံ့သြဘနှုန်းရှိတဲ့ စိတ်ဓာတ်ကို နောင်းခေတ်လူသားများက အသိအမှတ်ပြု၍ ဂုဏ်ပြုသည့်အနေအထားဖြင့် စနစ်တကျ စောင့်ရှောက်ထားကြတာဖြစ်တယ်။

သို့သော် သက်မဲ့တွေ ဘယ်လောက်ပင် ကြီးကျယ်ခမ်းနားပြီး၊ ဘယ်လောက်ပင် အံ့သြဘွယ်ရာတွေနှင့် ပြည့်စုံနေပါစေ ""တောင်ကြီးဖဝါးအောက်"" ဆိုသလိုပဲ သက်ရှိလူသားတို့ရဲ့ စိတ်ဓာတ်ခွန်အားများကို မှီပြီး အံ့မခန်း ဖြစ်ရတာမို့ ယဉ်ကျေးမှုစိတ်ဓာတ်ဆိုတာ လူသားတို့ရဲ့ နှလုံးသားမှ ပေါက်ဖွားလာတဲ့ အခြေခံအသိတရား၊ အခြေခံအသိစိတ်ဓာတ်နှင့် အခြေခံအကျင့်သီလနှင့် ကိုယ်ကျင့်သိက္ခာတို့ကိုကိုယ်စားပြုနေတယ်ဆိုတာကို တွေ့ရှိနိုင်တယ်။ လူသားတို့ရဲ့စိတ်ဓာတ်များ ကောင်းမွန်းနေမှသာ၊ မွန်မြတ်နေမှသာ၊ အဆင့်ရှိရှိ နေတတ်ထိုင်တတ်ရှိမှသာ လူသားတို့ရဲ့ ယဉ်ကျေးမှုဆိုတာ ဤကမ္ဘာမှာ ဆက်လက်တည်ရှိနေမှာဖြစ်တယ်။

""နိုင်ငံကြီးသားပီပီ ယဉ်ကျေးစွာ အားပေးကြပါ"" လို့ ဘောပွဲမှာ မငြိမ်မသက်ဖြစ်မှာကို စိုးရိမ်နေကြတဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်များဟာ လောက်ဒ်စပီကာမှ မကြာခဏဆိုသလို အော်ပြောနေသံများကို တီဗွီမှတဆင့် ကြားနေရတယ်။ ထိုအတွက် နိုင်ငံကြီးသားဆိုတာဘာကိုရည်ညွှန်းနေပါလိမ့်။ စဉ်းစားမိပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးသူဆိုတာ နိုင်ငံနှင့်မသက်ဆိုင်ဘဲ ကိုယ်ပိုင်အသိတရားနှင့်သက်ဆိုင်တယ်။ ဘောလုံးပွဲမှာ မိမိအားပေးတဲ့အသင်းက ရှုံးခဲ့လျှင် ခဲနှင့်ပေါက်ချင်တာ၊ ဖိနပ်နှင့် ပစ်ချင်တာဟာ စိတ်ရဲ့ ခံစားချက်ဖြစ်စဉ်ပါ။ ဒီစိတ်ဖြစ်စဉ်ကို အသိတရားနှင့်ဖြစ်စေ၊ စည်းမျဉ်းစည်းကမ်းနှင့်ဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာနှင့်ဖြစ်စေ ထိန်းသိမ်းကြရမှာဖြစ်တယ်။ ထိုသို့မိမိကိုယ်ကို ထိန်းအုပ်နိုင်သူကို ယဉ်ကျေးသူလို့ ဒီနေရာမှာ အကြမ်းဖျင်းအားဖြင့် ဆိုနိုင်တယ်။

ဖြစ်ပေါ်လာတဲ့ စိတ်ဖြစ်စဉ်ကို မထိန်းသိမ်းဘဲ ကျူးကျော်ဝင်ရောက် နှောက်ယှက်လိုတဲ့ စိတ်ဓာတ်တွေ၊ ဖျက်ဆီးလိုစိတ်နှင့် ထိုင်ခုံတွေကို ဖြုတ်ပြီး၊ ရိုက်ချိုးပြီး ဒေါသစိတ်နှင့် ကွင်းထဲသို့ ပစ်ပေါက်တာတွေ၊ ဒီလိုပြုမူ သူများကို နိုင်ငံကြီးသား မပီသသူလို့ ဆိုလိုရင်းဖြစ်တယ်။ နိုင်ငံကြီးသားပဲဖြစ်ဖြစ်၊ နိုင်ငံလေးသားပဲဖြစ်ဖြစ်၊ ထိုရိုင်းပြတဲ့ အပြုအမူမျိုးကို ပြုမိခဲ့ရင် ဒီလူဟာ ယဉ်ကျေးမှု မရှိတဲ့ သူလို့ ပြောဆိုနိုင်ခြင်းပါ။

ယနေ့မြန်မာနိုင်ငံမှာ ယဉ်ကျေးမှုနှင့်ပတ်သက်၍ ပြင်စရာတွေ များစွာရှိနေတယ်။ ပြည်သူအများ သွားလာသောနေရာမျိုးတွေမှာ ကွမ်းဝါးတာ၊ ဆေးသောက်တာ၊ အရက်သောက်တာမျိုးတွေဟာ ကမ္ဘာကို ရင်ဘောင်တန်းလိုတဲ့ မြန်မာလူမျိုးတို့အတွက် လုပ်သင့်၊ လုပ်ထိုက်တာကို ဝေခွဲမရနိုင်သေးတဲ့ အခြေအနေမျိုးမှာ ရှိနေခြင်းပါ။ ကွမ်းဝါးထားသော ပါးစပ်သည် လူတစ်ယောက်ရဲ့ ဒစ်ဂနိတီ (dignity) ကိုယ်ပိုင် ဂုဏ်သိက္ခာကို ကျဆင်းစေတယ်အချက်၊ ကွမ်းစားထားခြင်းကြောင့် တည်ကြည်နေတဲ့မျက်နှာဟာ ရှိပြီးသား ကျက်သရေများကို ဆုတ်ယုတ်သွားစေတယ်ဆိုတဲ့အချက် စသည်များ ဖြစ်ပေါ်နေ



တာကြောင့် ကမ္ဘာ့အဆင့်အတန်းကို ရင်ဘောင်တန်းလိုတဲ့ ရွှေမြန်မာတို့အတွက် စဉ်းစားရမဲ့အချိန်ဖြစ်လာတယ်။

မြန်မာလူမျိုးတို့ရဲ့ အားနည်းချက်ကို ထောက်ပြနိုင်တဲ့ ရုပ်ရှင်တို့လို မီဒီယာများဖက်က အားပျော့နေ၍ အမျိုးသားရေးအတွက် အားမလို၊ အားမရ ဖြစ်ရပြန်တယ်။ ပြည်သူနှင့် အများဆုံး ထိတွေ့နိုင်သော ပြည်သူ့မီဒီယာများထဲမှာ ရုပ်ရှင်ဟာ ပြည်သူနှင့်အနီးစပ်ဆုံး မီဒီယာဖြစ်တယ်။ သို့သော် ရုပ်ရှင်ဇာတ်ကား အတော်များများဟာ ကလေးငယ်နှင့် လူငယ် လူရွယ်များအား ယဉ်ကျေးမှု အမွေအနှစ်များကို စနစ်တကျ မပေးနိုင်ကြဘဲ ဒေါသဖြစ်လာရင် ဟိုကန်ဒီကန်နှင့် ကိုယ်အမူအရာများ ရိုင်းပြတာ၊ ဒေါသကို မထိန်းနိုင်ဘဲ ထိုးကြိတ်ပြတာတွေ၊ လူသတ်ပြတာတွေကို မကြာခဏ တွေ့နေရတယ်။

လောဘစိတ်တွေ ဖြစ်လာရင် (အရှုးအမူးစိတ်တွေ ဝင်လာရင်) မိန်းမငယ်များအား ကိုယ်ဖြင့် ကာယိန္ဒြေကို နှောင့်ယှက် ဖျက်ဆီးတာ၊ နှုတ်ဖြင့် မယဉ်ကျေးတဲ့ အပြောအဆိုများကို ပြောဆိုတာ၊ မိန်းကလေးများကလည်း ကာယိန္ဒြေကို မထိန်းသိမ်းလိုကြပဲ ဣန္ဒြေမဲ့တဲ့ အပြုအမူ၊ အပြောအဆိုတွေကို ပြုမူပြတာ၊ အချိန်မဲ့၊ အခါမဲ့ အခါမျိုးတွေမှာ ညဉ့်ငှက်တွေလို သွားလာပြုမူနေတာမျိုးတွေဟာ မြန်မာ့ယဉ်ကျေးမှုကို ဖော်ညွှန်းပြဆိုတဲ့ အနုပညာမျိုးမဟုတ်တော့ပဲ မြန်မာ့ယဉ်ကျေးမှုကို လိုရာဆွဲသုံးထားတဲ့ လူ့အခွင့်ရေးဆိုတဲ့ ခေတ်သစ် ဒဿနသီအိုရီအောက်မှာ အားလုံးနီးနီး ကျရောက်နေတာကို တွေ့ရတယ်။ ဒီလိုပုံနဲ့သာဆိုရင် မြန်မာယဉ်ကျေးမှုသည် မိုးကြိုးပစ်လျှင်တဖြည်းဖြည်း အမှောင်များ လွှမ်းလာသကဲ့သို့ နိုင်ငံခြားယဉ်ကျေးမှု

www.burmeseclassic.com

www.burmeseclassic.com



များ အရှိန်အဟုန်နှင့် ဝင်လာလျှင် မြန်မာယဉ်ကျေးမှုများသည် တဖြည်းဖြည်း မှေးမှိန်ပြီး ပျောက်ကွယ်သွားမဲ့ အခြေအနေမျိုးမှာ ရှိနေခြင်းပါ။

ဒီတော့ ယဉ်ကျေးမှုဆိုတာကို ဗုဒ္ဓဘာသာရှုဒေါင့်ကနေ တင်ပြချင်တယ်။ ယဉ်ကျေးမှုရဲ့အစဟာ စိတ်ဓာတ်ဖြစ်တယ်။ စိတ်မယဉ်ကျေးရင် နှုတ်မယဉ်ကျေးနိုင်ဘူး။ ကိုယ်လည်းမယဉ်ကျေးနိုင်ဘူး။ စိတ်မယဉ်ကျေး၊ နှုတ်မယဉ်ကျေး၊ ကိုယ်မယဉ်ကျေးတဲ့ အမူအရာနှင့် သွားလာနေထိုင်သူကို ယဉ်ကျေးမှု မရှိသူလို့ ပြောဆိုရမှာဖြစ်တယ်။

လူငယ်၊ လူရွယ်၊ လူကြီးတွေ ကိုယ်ကျင့်သီလနှင့် ကိုယ်ကျင့်သိက္ခာများ၊ ဒီမြေ၊ ဒီရေ၊ ဒီလိုမျိုး၊ ဒီဘာသာ၊ ဒီသာသနာကို မြတ်နိုးတတ်တဲ့စိတ်ဓာတ်များ ပျောက်ဆုံးနေခဲ့မည်ဆိုလျှင် မြန်မာယဉ်ကျေးမှုကို ရှေးဟောင်းဗိသုကာနီးတို့ ပုဂံတို့ကလည်း ကိုယ်စားပြုနိုင်တော့မည် မဟုတ်ပါ။ သရေခေတ္တရာနှင့် ဟံသင်း မြို့ဟောင်းတို့ဆိုတာလည်း ယဉ်ကျေးမှုကို ဆက်လက်ဖေါ်ညွှန်းနိုင်တော့မည်မဟုတ်ပါ။

ထို့ကြောင့် နိုင်ငံကြီးသားလည်းပီသအောင်၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ယဉ်ကျေးမှုကို ကမ္ဘာ့လူသားများလည်း သိရှိလာအောင် စိန်ကို ရွှေနှင့်ကွပ်လျှင် စိန်ရဲ့ဂုဏ်ရောင်သည် ပိုမို၍ ထွန်းပြောင်လာသကဲ့သို့ မြန်မာ့ယဉ်ကျေးမှုကို ဗုဒ္ဓယဉ်ကျေးမှုများဖြင့် ထုံးမွမ်းနိုင်ကြမည်ဆိုလျှင် ကမ္ဘာကို ရင်ဘောင်တန်းလိုစိတ်ရှိသော ရွှေမြန်မာတို့အတွက် မြန်မာ့ယဉ်ကျေးမှုသည် ကမ္ဘာ့အလယ်မှာ ထူးခြားနေမည်သာဖြစ်တယ်။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## စည်းစောင့်သူနှင့် စည်းဖေါက်သူ
## မည်သူ့ကို ကြိုဆိုမည်နည်း

ယနေ့ကမ္ဘာမှာ လူတွေရဲ့ အတွေးအမြင်တွေ ဘယ်လောက်ဖေါက်ပြန်နေကြပြီဆိုတာ မသိရပေမဲ့ ရာသီဥတုတွေ၊ တောတောင်ရေမြေသဘာဝတွေကတော့ လူတွေရဲ့ ကျူးကျော်ဝင်ရောက် ဖျက်ဆီးမှုကြောင့် အတော်ကြီးကို ဖေါက်ပြန်ပြောင်းလဲနေပြီ။ မထင်မှတ်ပဲ ဖြစ်ပေါ်လာတဲ့ လေမုန်တိုင်းတွေ၊ မထင်မှတ်တဲ့ မိုးမုန်းတိုင်းတွေ၊ ထင်မထားပဲ ဖြစ်ပေါ်လာတဲ့ ငလျင်တွေ ကမ္ဘာအနှံ့မှာ ဖြစ်ပျက်လို့နေတယ်။

လေနှင့်တူတဲ့ လူတွေရဲ့စိတ်တွေ၊ မိုးနှင့်တူတဲ့ လူတွေရဲ့စိတ်တွေ၊ ငလျင်နှင့်တူတဲ့ လူတွေရဲ့စိတ်တွေ၊ ဒီစိတ်တွေကို တရားသဘောနှင့် မျှတအောင် လေ့ကျင့်မထားဘူးဆိုလျှင် လူ့လောကကြီးဟာ တစ်နေ့တစ်ခြား နိုင်ငံရေးပဋိပက္ခတွေ၊ လူမျိုးရေးပဋိပက္ခတွေ၊ ဘာသာရေး ပဋိပက္ခတွေနှင့် ပြဿနာတွေဟာ တစ်နေ့တစ်ခြား

www.burmeseclassic.com

www.burmeseclassic.com



ထွက်ထဲလာပြီး မကြာခင်မှာ ထိုနေရာ၊ ထိုဒေသတွေမှာ စစ်တလင်းကြီးတွေ ဖြစ်သွားနိုင်တယ်။

ပဋိပက္ခတွေရဲ့ မူလအကြောင်းရင်းတွေကို လေ့လာဆန်းစစ်ကြည့်တဲ့အခါ အစွန်းရောက်တဲ့ အတွေးအမြင်တွေ၊ အစွန်းထွက်တဲ့ အယူဝါဒတွေကြောင့် ဖြစ်ကြရတယ်ဆိုတာ သတိပြုမိတယ်။ ငြိမ်းချမ်းရေးရဲ့ အနှစ်သာရဟာ ပြဿနာကင်းခြင်း၊ ပဋိပက္ခမရှိခြင်းတို့ဖြစ်တယ်။ ဒီနေရာမှာ ငြိမ်းချမ်းရေးသရုပ်ကို ဖြစ်နိုင်သမျှ စဉ်းစားကြည့်တဲ့အခါ (၁) အမြင်ငြိမ်းချမ်းရေး၊ (၂) အသွင်ငြိမ်းချမ်းရေး၊ (၃) အတွင်းသန္တာန်ငြိမ်းချမ်းရေးရယ်လို့ ငြိမ်းချမ်းရေးသရုပ် သုံးမျိုးသုံးစားရှိနေကြောင်း တွေ့ရှိတယ်။

ဥပမာ၊ လူတစ်ယောက်ဟာ နိုင်ငံတစ်နိုင်ငံထဲကို ကိုယ်တိုင်ကိုယ်ကျ မရောက်ဖူးဘဲ အောက်ဆိုက်ဒါ (Outsider)အနေနှင့် အဝေးကနေ လှမ်းမျှော်ကြည့်ပြီး၊ ဖတ်ဖူးကာမျှ၊ မြင်ဖူးကာမျှရှိတဲ့ စာတွေ၊ ရုပ်ပုံတွေကို အခြေခံပြီး နိုင်ငံတစ်နိုင်ငံရဲ့ အခြေအနေကို မှန်းဆပြီး ဝေဖန်ပြောဆိုတတ်ကြတယ်။ ထိုလိုပုဂ္ဂိုလ်မျိုးတွေ ပြောတဲ့ စကားမျိုးဟာ အမှန်တရားကို ပြောနေခြင်းဖြစ်တယ်လို့ မဆိုနိုင်ခြင်းပါ။

ဥပမာ၊ ဇူလိုင်လ (၇-၇-၂၀၁၄) က ဗွီအိုအေမှာ သတင်းတစ်ပုဒ်တက်လာတယ်။ တိဗက် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဒလိုင်းလားမားက Dalai Lama သူ့ရဲ့ ၇၉ နှစ်မြောက် မွေးနေ့အခါသမယမှာ - "မြန်မာနိုင်ငံနဲ့ သီရိလင်္ကာနိုင်ငံတွေက ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ မွတ်ဆလင်ဘာသာဝင်တွေနဲ့ အကြမ်းဖက် တိုက်ခိုက်မှုတွေ ဖြစ်ပွားနေတာကို ရပ်တန့်ကြပါ"လို့ မေတ္တာရပ်ခံသွားတာကို



တွေ့ရတယ်။ ဒီနှစ်နိုင်ငံလုံးမှာ ဗုဒ္ဓဘာသာဝင်တွေက အများစု နေထိုင်ကြပြီး ဘာသာရေးကိုးကွယ်မှုအရ လူနည်းစုဖြစ်တဲ့ မွတ်ဆလင်တွေအပေါ် တိုက်ခိုက်နေကြတာမျိုးဟာ လက်ခံနိုင်စရာမရှိဘူးလို့ ဘုန်းတော်ကြီး ဒလိုင်လားမားက မိန့်ကြားခဲ့တဲ့အကြောင်း AFP သတင်းဌာနမှာ ရေးသားဖော်ပြထားတာကို တွေ့လိုက်ရတယ်။

တကယ်ဆိုလျှင် ဘုန်းတော်ကြီး ဒလိုင်းလားမားဟာ ကရုဏာတရားကို ရှေ့တန်းတင်ပြီး ပြောခြင်း မျိုးထက်ဉာဏ်ကို ရှေ့သွားပြု၍ ပြောခြင်းမျိုးဖြစ်သင့်တယ်။ အကယ်၍သာ ဘုန်းတော်ကြီး ဒလိုင်းလားမားသည် ကရုဏာရှင်တစ်ယောက်အနေနှင့် ကမ္ဘာကို သိစေလိုတယ်ဆိုရင် မကြာခဏဆိုသလို အကြမ်းဖက်မှုတွေကြောင့် ရာချီထောင်ချီသေနေတဲ့ အီရပ်နိုင်ငံလို၊ အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့လို နိုင်ငံများကိုလည်း ထည့်သွင်းပြောကြားသင့်တယ်။ မန္တလေးပဋိပက္ခမှာ လူပေါင်း (၂)ယောက် သေသွားရတဲ့ ဒီအရေးအခင်းကို ဟိုက်လိုက်လုပ်ပြနေတာမျိုးကိုတော့ သံသယဝင်မိတယ်။ လူနှစ်ဦးသာ သေဆုံးသွားခဲ့တဲ့ မန္တလေးမှာ ဖြစ်ပွားသွားတဲ့ လူမှုရေးပဋိပက္ခကို ကမ္ဘာသိအောင် ဟစ်အော်ပြချင်လို့လား၊ သို့မဟုတ် စိုးရိမ်မိလို့ ပြောနေတာလား၊ သို့မဟုတ် ကမ္ဘာ့လူသားများအလယ်မှာ မဟာကရုဏာရှင်ကြီးအသွင် ထင်ပေါ်ချင်၍ ပြောနေတာလား၊ သို့မဟုတ် အကြမ်းဖက်ဝါဒကို ရှင်သန်ကြီးထွားလာအောင် အားပေးလို၍ ပြောနေခြင်းမျိုးလားဆိုတာ စကားရဲ့နောက်ကွယ်မှာ ဘာတွေများ ဖြစ်နေပါလိမ့်လို့ သံသယစိတ်တွေဖြစ်မိတယ်။ ပြည်တွင်းမှာဖြစ်နေတဲ့ ပဋိပက္ခများဟာ ပြည်တွင်းမှာ နေတဲ့သူများကသာ ပိုမိုသိနိုင်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



တချို့ကြတော့လည်း အသွင်အပြင်ကို ကြည့်ပြီးတော့ ဒီနိုင်ငံကြီးဟာ မကြာခင်မှာပဲ စိုးရိမ်ပူပန်ရမဲ့ အခြေအနေမျိုးကို ရောက်တော့မှာပဲ၊ ဒီလိုလုပ်ရင်ဖြင့် ဒုက္ခတွေတော့ တွေ့ကြတော့မှာပဲဆိုတဲ့ စိုးရိမ်စိတ်နှင့် သို့မဟုတ် တစ်ဖက်ကို ချောက်လန့်ပြီး၊ တစ်ဖက်ကို ဝင်သာထွက်သာရှိအောင် တံခါးကို ဟ၊ ထားပေးလိုတဲ့ သဘောမျိုးနှင့် ပြောနေသူတွေလည်း ရှိနေပြန်တယ်။ ဒီလိုလူမျိုးများရဲ့စကားဟာ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို ဖန်တည်းပေးနိုင်မည်မဟုတ်ပါ။ အခန့်မသင့်ရင် သူတို့ရဲ့ ကောလဟာလသတင်းများသည် ကမ္ဘာကို ပိုမိုရှုပ်ထွေးသွားစေနိုင်ခြင်းပါ။

စစ်မှန်တဲ့ငြိမ်းချမ်းရေးမျိုးကို ရနိုင်ဖို့ဆိုရင် ထိုငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအားထုတ်နေသူများဟာ မိမိကိုယ်တိုင်က သမာသမတ်ကျတဲ့ လူ့ဂုဏ်သိက္ခာကို နားလည်းထားမှ၊ လူ့အခွင့်ရေးသဘောတရားနှင့် လူတစ်ယောက်မှာရှိသင့်တဲ့ စာရိတ္တသီလမျိုးကလည်း ရှိထားပါမှ စစ်မှန်တဲ့ ငြိမ်းချမ်းရေးဆိုတာ ဖြစ်လာနိုင်မှာပါ။ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ရနိုင်ဖို့ဆိုတာ အတွင်းအဇ္ဈတ္တသန္တာန်မှာဖြစ်တဲ့စိတ် မငြိမ်းချမ်းပဲ မရနိုင်ပါ။ ဒီနေ့ကမ္ဘာမှာ ဖြစ်နေသည်မှာ ငြိမ်းချမ်းရေးစကား ပြောနေသူများသာ၍ သူတို့၏အတွင်းသန္တာန်၌ (အတွင်းစိတ်များ၌) ဒေါသတရား၊ အာဃာတတရား၊ မာန်မာနတရား၊ အမုန်းတရားတွေနှင့် ပြည့်လျှမ်းနေလို့ပါ။ အတွင်းစိတ်ကို ငြိမ်းအေးအောင် မပြုနိုင်သရွေ့ မည်သို့ပင် ငြိမ်းချမ်းရေးစကားတွေကို ပြောနေပါစေ၊ မည်မျှပင် ငြိမ်းချမ်းရေးအလုပ်တွေကို လုပ်နေပါစေ ဘယ်လိုနည်းနဲ့မှ ဒီကမ္ဘာကြီး ငြိမ်းချမ်းနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အားလုံးစုပေါင်းပြီး အစွန်းရောက်နေတဲ့အယူဝါဒများကို ဝိုင်းဝန်းဖယ်ရှားပေးနိုင်ကြဖို့ပါ။



အယူဝါဒဆိုတာ ခုဆန်းကြယ်တယ်။ လူတစ်ယောက်ရဲ့စိတ်မှာ အမှားအမှန်ကို သုံးသပ်နိုင်တဲ့ ဉာဏ်မျိုး ရှိမထားဘူးဆိုလျှင် မှားခြင်း၊ မှန်ခြင်းကို လေ့လာသုံးသပ်ခြင်းထက် အပြောများ၊ အကြားများလာတဲ့ သတင်းစကားများကို ယုံကြည်လွယ်တတ်ကြတယ်။ ဥပမာ၊ မြတ်စွာဘုရား လက်ထက်တော်ကာလက ဒိဋ္ဌိဆရာကြီးတစ်ယောက်ဟာ အဟောအပြောစွမ်းရည်ရှိခဲ့တယ်။ သူပြောတာက - သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသူဟာ သံယောဇဉ် အနှောင်အဖွဲ့တို့ကို ဖယ်နိုင်ရမယ်။ သူတစ်ပါးအပေါ်မှာ ငြိတွယ်ထားတဲ့ သံယောဇဉ်၊ မိမိအပေါ်မှာ မိမိကိုယ်တိုင် ငြိတွယ်နေတဲ့သံယောဇဉ် ဒီသံယောဇဉ်မျိုးတွေကို ပယ်နိုင်အောင် ကြိုးစားရမှာ။ ကိုယ်ခန္ဓာကိုယ်လှပဖို့ အဝတ်ဝတ်နေခြင်းဟာ သံယောဇဉ်ကို ပိုမိုတိုးပွားစေတာဖြစ်လို့ သံသရာကို ပိုရှည်စေတယ်။ နောက်ပြီး အဝတ်တွေ ခန္ဓာကိုယ်ပေါ်မှာ ဝတ်ဆင်နေရတော့ အဝတ်တစ်ထည် ဖြစ်ဖို့အတွက် သတ္တဝါတွေ များစွာသေကြေ ပျက်စီးကြရတယ်။ ဒီတော့ ဒီသံသရာမှ လွတ်မြောက်လိုသူတိုင်းဟာ အဝတ်မဝတ်တဲ့အကျင့်ကို ကျင့်သုံးနိုင်မှ သံသရာမှ လွတ်မယ်။ သူ့အတွေးအခေါ် သူ့အယူအဆတွေဟာ အိန္ဒိယတစ်နိုင်ငံလုံးကို လွှမ်းမိုးနိုင်ခဲ့တယ်။ ထို့ကြောင့် အဝတ်မဝတ်တဲ့အကျင့်ကို ကျင့်သုံးတဲ့ ဂိုဏ်းကြီးဟာ ယနေ့အထိ အိန္ဒိယနိုင်ငံမှာ ဆက်လက်တည်ရှိနေဆဲဖြစ်တယ်။ ဒီလိုအဝတ်မဝတ်ပဲနေတဲ့ တက္ကတွန်းကြီးတွေကို ကိလေသာကင်းတဲ့ သူတော်စင်ရဟန္တာကြီးတွေလို့ ထင်နေသူတွေကလည်း များစွာ ရှိခဲ့တယ်။ ဆိုလိုချင်တာက စကားဆိုတာ ပြောပါများလာရင် (သို့မဟုတ်) ကြားပါများလာရင် ယုံကြည်သွားတတ်ကြကြောင်းကို ပြောကြားလိုခြင်းဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး အတွေးအခေါ် အယူအဆမျိုးဆိုတာ ကြားပါများလာရင် အစွန်းရောက်တဲ့စကား၊ အစွန်း မရောက်တဲ့စကားဆိုတာ ခွဲခြားမသိနိုင်တော့ဘဲ ယုံလွယ်မိတတ်ကြပြန်တယ်။ အီရတ်နိုင်ငံမှာ လက်ရှိအနေအထားအရ ဘာသာရေးကို ဗန်းပြပြီး နိုင်ငံရေးအမြတ်ထုတ်လိုသူတွေ၊ အစွန်းရောက်သူတွေကြောင့် အပြစ်မဲ့တဲ့ ပြည်သူတွေ များစွာသေကြေနေကြရပြီး စစ်တလင်းကြီးဖြစ်နေရတယ်။ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နိုင်ငံတို့လို နိုင်ငံမျိုးတွေမှာ ဘာသာရေးအစွန်းရောက်မှုတွေကြောင့် အပြစ်မဲ့သူ ပြည်သူတွေ ထောင်ချီ၊ သောင်းချီ၍ သေကြေပျက်စီးနေကြရတယ်။ ဒါတွေကို ကမ္ဘာ့လူသားတွေက လူ့အခွင့်ရေးသမားတွေက လူသားချင်းစာနာစိတ်ဖြင့် အစွန်းရောက်ဝါဒီတို့အား ငြိမ်းချမ်းရေးစကားကို တစ်လုံးတစ်ပါဒမျှ မပြောပဲ နှုတ်ဆိတ်နေနိုင်ကြတာဟာ ဘာကြောင့်လဲ။

လူသားတွေအတွက် လူသားတွေဖန်တီးတဲ့ ကြီးမားလှတဲ့ အန္တရာယ်တွေကျရောက်နေတဲ့ နိုင်ငံတွေအတွက် ကုလသမဂ္ဂဆိုတဲ့ အဖွဲ့အစည်းကြီးကကော လူ့အခွင့်ရေးများကို စောင့်ကြည့်နေပါတယ်ဆိုတဲ့ အဖွဲ့အစည်းများကပါ မပြောမဆိုနိုင်ကြပဲ နှုတ်ဆိတ်နေကြခြင်းဟာ ဘာကြောင့်လဲ။

သစ္စာတရားနှင့်ပတ်သက်၍ မြတ်ဗုဒ္ဓရဲ့ တရားဒေသနာများမှာတော့ ကမ္ဘာလောကကြီးဟာ ပျက်စီးချိန် တန့်လာလျှင် ရဟန်းရှင်လူတွေဟာ သစ္စာတရားတွေကို ဖေါက်လွဲဖေါက်ပြန် သုံးသပ်ဆင်ခြင်လာတတ်ကြတယ်။ ဥပမာ၊ ကိုယ်ကျင့်သိက္ခာဆိုတာ ကိုယ့်ကိုယ်ကိုပြန်လည်သုံးသပ်ပြီး ကျင့်သုံးရတဲ့တရားမျိုးဖြစ်တယ်။ သတ်ခြင်း၊ ခိုးခြင်း၊ သူများသားမယားများကို စော်ကား၊ ပြစ်မှားကျူးလွန်ခြင်းစတဲ့



ဒုစရိုက်အမှုတွေကို ကိုယ်ချင်းစာတရားနှင့် ကိုယ်တိုင် ရှောင်ကြဉ်ကြရမယ်၊ အပြစ်ကျူးလွန်နေသူတွေကိုလည်း ရှုပ်ချသင့်တယ်။ ဒီလို အပြုအမူတွေက လူ့ဘဝကို အစွန်းအထင်း၊ အငြိုးအတေးတွေကို ဖြစ်စေနိုင်တဲ့အတွက်ကြောင့် မသူတော်တရားတွေကို ကိုယ်တိုင်က အားမပေးမိအောင်၊ ကိုယ်တိုင်က မကျူးလွန်မိအောင် ရှောင်ကြဉ်သင့်တယ်။ ဒီလို ကျင့်စဉ်မျိုးတွေနှင့် ငြိမ်ချမ်းရေးကို အဖြေရှာသင့်တယ်။ ဒီလိုမှမဟုတ်ဘဲ တစ်ဖက်သတ်ကြီး ဟိုက်လိုက်လုပ်ပြီး ငြိမ်းချမ်းရေးစကားကို ပြောနေကြမယ်ဆိုလျှင် စစ်မှန်သော ငြိမ်းချမ်းရေးမျိုးကို ဘယ်သောခါမှ ရနိုင်မည် မဟုတ်ပါ။

ဖီလိုဆိုဖီရှုထောင့် (သို့မဟုတ်) ပညာရှင်များရှုထောင့်မှ ရပ်တည်၍ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ရှာတဲ့နည်းကလည်း မှတ်သားစရာပါ။ ဂရိ ဖီလိုဆိုဖာဆရာကြီး ဆိုကရိတီးက – "ကျွန်ုပ်တို့ကို သဘာဝတရားက အမှန်တရားတွေကို ရှာဖွေနိုင်ရန် မျက်စိနှစ်ဖက်၊ နားနှစ်ဖက်နှင့် ပါးစပ်တစ်ပေါက်ကို ပေးထားခဲ့တယ်။ အမှန်တရားကို ရှာဖွေနိုင်ဖို့ နှစ်ခုပါတဲ့ မျက်စိနှင့်နားကို အားကိုးပြီး နောက်ဆုံးထွက်သက်အထိ အမှန်တရားတွေကို ရှာဖွေသင့်တယ်" လို့ ဆိုမိန့်သွားတယ်။

ဒီနေ့ လူသားတွေနေတဲ့ ဒီကမ္ဘာကြီးမှာ ရဟန်းရှင်လူတွေဟာ အမှန်တရားကို စံထားပြီး ပြောဆိုခြင်း မရှိပဲ၊ လူ့အခွင့်ရေးစကားကို အလေးထားပြီး ပြောဆိုနေကြတယ်။ မိမိပြောလိုက်တဲ့ စကားဟာ လူသားတွေရဲ့ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ဘယ်လောက်နှစ်နာသွားစေနိုင်တယ်ဆိုတာ မစဉ်းစားကြဘူး။ ပြောချင်တဲ့စကားကို စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောချလိုက်ကြတယ်။ ဖြစ်ပေါ်လာမဲ့ အကျိုးဆက်ဟာ ငြိမ်းချမ်းရေးဖြစ်မလား၊ ပဋိပက္ခကို ဖြစ်စေနိုင်သလားဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားဖို့သင့်တယ်။ စိတ်ထဲမှာ ရှိတဲ့အတိုင်းသာ ပြောကြစတမ်း ဆိုလျှင် ရိုက်ပွဲတွေ၊ သတ်ပွဲတွေနှင့် လူသားတို့နေတဲ့ ကမ္ဘာကြီးဟာ မကြာခင်မှာပဲ မီးမီးဟုန်းဟုန်း တောက်သွားနိုင်တယ်။ ထို့ကြောင့် လူ့အခွင့်ရေးစကားပြောလိုသူတိုင်း အက်သစ်ခ် (Ethics) ရှိဖို့တော့ လိုအပ်တာပေါ့။

ဒီနေ့ကမ္ဘာမှာ တကယ်တမ်းလိုအပ်နေတဲ့အရာက အတွင်း ငြိမ်းချမ်းရေးပါ။ လူတွေရဲ့အတွင်းစိတ်တွေ ငြိမ်းချမ်းအောင် လေ့ကျင့် ပေးကြရမှာပါ။ ဒေါသနည်းအောင်၊ အမုန်းတရားတွေနည်းပါးအောင် အထင်မှား၊ အမြင်မှားမှုတွေ နည်းပါးအောင် ကိုယ်တိုင်လေ့ကျင့်ထား ကြရမှာပါ။ ထိုသို့မလုပ်နိုင်ပဲ လူနှစ်ယောက်ရန်ဖြစ်နေတာကို ရန်ငြိမ်း အောင် လူတစ်ယောက်ကိုသာ ဖမ်းချုပ်ထားခြင်းဟာ တစ်ဖက်သူအား ထိုးခွင့်သာအောင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် တူနေခြင်းပါ။ ထို့ကြောင့် မြန်မာနိုင်ငံတော်ကြီးကို စစ်မှန်တဲ့ ငြိမ်းချမ်းရေးမျိုးရအောင် ပြုလုပ်ပေးလိုကြတယ်ဆိုလျှင် ပြည်တွင်း၊ ပြည်ပ ပညာရေး အကူအညီ များပေးကြဖို့၊ အမှန်တကယ် ဥပဒေချိုးဖေါက်သူများကို ပြင်းထန်စွာ အရေးယူပေးကြဖို့၊ လူမျိုးရေးမုန်းတီးမှု၊ အစွန်းရောက်သော ဘာသာ တရားပုတ်ခတ်မှု၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုနှင့် ရန်ရှင်းကြမ်းတမ်းသည့် အသုံးအနှုန်းများကို လုံးဝရှောင်ကြဉ် ရေးသားပြောဆိုကြဖို့ တိုက်တွန်း လိုခြင်းပါ။

တိုင်းပြည်ကို ငြိမ်းချမ်းစေချင်၍ ငြိမ်းချမ်းရေးကို လိုလား သူများ၊ ငြိမ်းချမ်းရေးစကားပြောပြီး၊ ငြိမ်းချမ်းရေးလမ်းစဉ်ကို အားပေး သူများနှင့် စကားပြောရာ၌ သို့မဟုတ် စာပေရေးသားရာ၌ စာပေစည်း ကို လေးစားလိုက်နာ စောင့်စည်းသူများကို ကြိုဆိုပြီးရင်း ကြိုဆိုနေ လျက်ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## မြန်မာနိုင်ငံနှင့် ဆင်းရဲသားပြဿနာ

ယနေ့ မြန်မာနိုင်ငံ၌ အော်သံတွေ ဆူညံနေ၏။ "ဆင်းရဲသား ပပျောက်ရေး၊ အလုပ်လက်မဲ့ဦးရေ လျှော့ချရေး၊ ပညာရေး မြှင့်တင်ပေး ရေး၊ စသည်ဖြင့် ဒီအသံတွေက နေရာတိုင်းမှာလိုလို ကြားနေရ၏။ ဒါတွေ ဒီလိုဖြစ်နေရတာဟာ အစိုးရပေါ်လစီ ညံ့ဖျင်းလို့၊ ဝန်းထမ်းတွေ လာဘ်စားလို့၊ ခရိုနီတွေ စီးပွားရေး အမြတ်ထုတ်နေလို့ စသည်ဖြင့် တိုင်းပြည်ဆင်းရဲခြင်းကို အကြောင်းပြု၍ ဝေဖန်သံတွေကလည်း မစဲနိုင်အောင်ရှိနေ၏။

ပြည်သူတွေရဲ့ အော်သံများသည် မှန်သင့်သလောက် မှန်နေ သော်လည်း ကြောင်းကျိုးယုတ္တိ ခိုင်လုံသော အနေအထားမျိုးတော့ မဟုတ်ပါ။ ဆင်းရဲသား ပပျောက်နိုင်ရေး၊ အလုပ်လက်မဲ့ဦးရေ လျှော့ချ နိုင်ရေးဆိုတာ အစိုးရမှာချည်း တာဝန်ရှိသည်မဟုတ်ပါ။ အစိုးရနှင့် ပြည်သူ တိုင်းပြည်အတွက် အတူလက်တွဲ၍ အလုပ် မလုပ်နိုင်ကြ သရွေ့ ဘယ်အစိုးရတက်တက်၊ ဘယ်ပေါ်လစီကို ကျင့်သုံးကျင့်သုံး ဒီပြဿနာတွေက ဆက်လက် ရှိနေဦးမည်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်တိုင်းမှာ (အထူးသဖြင့် ဆင်းရဲတဲ့တိုင်းပြည်တိုင်းမှာ) ဆင်းရဲသားပြဿနာ၊ အလုပ်လက်မဲ့ ပြဿနာ၊ ကလေးအလုပ်သမား ပြဿနာ၊ တောင်းရမ်းစားသောက်သူများပြဿနာ ဒီလိုပြဿနာမျိုးတွေ များစွာ ရှိနေခြင်းပါ။ ဒီလိုနိုင်ငံမျိုးတွေမှာ အစိုးရပေါ်လစီ ညံ့ဖျင်း၍လော။ ပြည်သူတွေက တိုင်းပြည်ရဲ့အကျိုးစီးပွားအတွက် အတူပူးပေါင်း ပါဝင်မှုများ အားနည်းနေ၍လော။ မေးစရာတွေက များစွာရှိနေခြင်းပါ။

နိုင်ငံတစ်နိုင်ငံမှာ ဆင်းရဲသားတွေ ပပျောက်သွားအောင် ထမင်းရေချောင်းစီး အလှူကြီးတွေ၊ ပေးနေရုံမျှနှင့်လည်း ဆင်းရဲသားတွေ ပပျောက်သွားမည်မဟုတ်ပါ။ ပစ္စည်းရှိ လူတန်းစားများအပေါ်အခွန်တွေ တိုးမြှင့်ကောက်ခံနေရုံမျှနှင့်လည်း ဆင်းရဲသားတွေ ပပျောက်သွားဦးမည်မဟုတ်ပါ။ နိုင်ငံတော်အစိုးရက အလုပ်လက်မဲ့ ဦးရေနည်းပါးအောင် အလုပ်အကိုင်အခွင့်လမ်းတွေ ဖန်တီးပေးခြင်း၊ ဆင်းရဲသားများအား စနစ်တကျ ထောက်ပံ့ပေးခြင်း၊ စသည်များကို ပြုလုပ်ပေးရုံမျှနှင့်လည်း ဆင်းရဲသားတွေ ပပျောက်သွားဦးမည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် မိသားစုတစ်စု ဆင်းရဲနေရခြင်း၏ အကြောင်းရင်းများမှာ များစွာရှိနေခြင်းကြောင့် ဖြစ်တယ်။ အစိုးရပေါ်လစီ ညံ့ဖျင်း၍လည်း ဖြစ်နိုင်တယ်။ မိဘများ ဘဝအတွေးအခေါ် အမြော်အမြင်များ နည်းပါးနေခြင်း၊ အသုံးအဖြုန်းများနေခြင်း၊ သားသမီးများကလည်း မလိမ္မာခြင်း၊ မိသားစု၏ ရေးကုသိုလ်ကံများ ညံ့ဖျင်းခြင်းစသော အကြောင်းများသည်လည်း ဆင်းရဲခြင်းကို ဖြစ်စေနိုင်သော အကြောင်းများဖြစ်ကြတယ်။



အဖေက ကွမ်းစား၊ ဆေးလိပ်သောက်၊ အရက်သောက်၊ ဖဲရိုက်၊ အပျော်လိုက်၊ လူမှုရေးဖေါက်ပြန်၊ အမေက ချဲထိုး၊ ဖဲရိုက်၊ အသုံးအဖြုန်းကြမ်း၊ အလှအပလိုက်စားလွန်းနေမည်ဆိုလျှင် ထိုမိသားစုမျိုးသည် ဆင်းရဲတွင်းမှ ဘယ်သောအခါမှ လွတ်မြောက်နိုင်မည်မဟုတ်ပါ။ ထိုမိသားစုမှ ပေါက်ဖွားလာသော သားသမီး များသည်လည်း ပညာတတ်ဖို့အခွင့်လမ်းများ နည်းပါးနေမည်သာဖြစ်ပြီး ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ပြည်သူ၊ ပြည်သားများအား အသိဉာဏ်များတိုးပွားအောင် အသိတရားများကို တိုးပွားစေနိုင်သော သင်တန်းများကို နိုင်ငံတော်မှဖြစ်စေ၊ အသင်းအဖွဲ့များမှဖြစ်စေ အခမဲ့ပို့ချပေးခြင်း၊ ကိုယ်ကျင့်သီလများ ကောင်းမွန်းလာအောင် အားပေးတိုက်တွန်းများကို ပြုပေးသင့်ခြင်းပါ။

အချို့သောမိသားစုများ၌ မိဘနှစ်ပါးက သားသမီးများအတွက် ဘဝတစ်ခုလုံးကို မြှုပ်နှံ၍ မည်သို့ပင် ပေးဆပ်နေကြပါစေ။ သားသမီးများက မိဘများရဲ့ မေတ္တာ စေတနာတို့ကို တန်ဖိုးမထားပဲ ထင်ရာစိုင်းနေကြမည်ဆိုလျှင် ထိုမိသားစုအတွက် ဘဝတက်လမ်းဆိုတဲ့ အခွင့်အလမ်းများကို သားစဉ်မြေးဆက် မရနိုင်အောင် ရှိနေမည်ဖြစ်၏။ ဥပမာ၊ မိဘများက ကြိုးစား၍ ကျောင်းထားပေးသော်လည်း သားများကလည်း ကျောင်းပြေး ကွမ်းစား ဆေးသောက် အရက်သောက်သူများ၊ မူးယစ်ဆေးဝါးသုံးစွဲများနှင့် အပေါင်းအသင်းလုပ်ခြင်း၊ သမီးများကလည်း ကျောင်းစာ၌ စိတ်မဝင်စား ကျောင်းပြေး ရှော့ပင်းမောတွေ၌ လျှောက်လည်၊ သူငယ်ချင်းတွေဆီ အချိန်ရှိတိုင်း ဖုန်းဆက်စသည်များကို ပြုလုပ်နေကြမည်ဆိုလျှင် ဒီမိသားစုမျိုးသည် တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်နေနိုင်ခြင်းပါ။ ဒီအခြေအနေတွေကို မိဘများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘိုင်းသူ၊ ပြည်သားများက အတူပူးပေါင်း၍ အချိန်မီ မတားဆီးနိုင်ကြလျှင် ထိုမိသားစုများရဲ့ နောင်ရေးသည် ဘယ်လိုနည်းနဲ့မှ စိတ်အေးနိုင်းစရာ အကြောင်းမရှိပါ။

ဤသို့သောအခြေအနေများကြောင့် တိုင်းပြည်တွင်းမှာ ဆင်းရဲသားပပျောက်ရေးနှင့် အလုပ်လက်မဲ့ ဦးရေ လျှော့ချရေး ပြဿနာဟာ သေးသေးကွေးကွေး မဟုတ်ကြောင်း ပညာရှင်များ တွေးဆနိုင်ခြင်းပါ။ ထိုအခြေအနေများကို ကျော်လွှားနိုင်အောင် အစိုးရနှင့်ပြည်သူ အတူပူးပေါင်း၍ ဆောင်ရွက်ရမည့် အချိန်အခါမျိုးသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်း ပြည်သူ၊ ပြည်သားများအား အသိပေးလိုခြင်းပါ။

အမေရိကန်လို တိုးတက်ပြီး နိုင်ငံကြီးတွေမှာ ဆင်းရဲသားလူတန်းစားများ ရှိ မရှိ မေးခဲ့သော်၊ အဖြေကား များစွာရှိနေခြင်းပါ။ အလုပ်လက်မဲ့များ ရှိ မရှိ စိစစ်ခဲ့သော် များစွာတွေ့နိုင်ခြင်းပါ။ တောင်းရမ်းစားသောက်သူများ ရှိ မရှိ မေးလာခဲ့သော် လုံးဝကင်းနေပြီဟု မဆိုနိုင်သေးပါ။

သို့သော် အမေရိကန်ပြည်သူတို့သည် ခြေလက် အင်္ဂါပြည့်စုံလျက် တောင်းစားနေသူများကို မြင်လျှင် မသနား၍တော့မဟုတ် ပေးကမ်းချင်စိတ်မရှိကြပါ။ မြေအောက်ရထားဘူတာရုံများ၌ တခါတရံ တောင်စားနေသူများကို တွေ့ရခြင်းပါ။ ထိုတောင်းစားသူများသည် (တစ်ယောက် သို့မဟုတ်. နှစ်ယောက်၊ သုံးယောက်စသည်တို့သည်) ဂီတာတီးခြင်း၊ တယောထိုးခြင်း၊ သီချင်းဆိုခြင်း စသည်များကို ပြုလုပ်ကြ၍ ထိုသူများ၏ ဂီတနှင့် လုပ်အားကို သဘောကြ၍ ပိုက်ဆံများ ပေးကြသည်ကိုမူ မကြာမကြာ တွေ့နေရခြင်းပါ။ သို့သော်



ခြေလက်အင်္ဂါ သန်သန်မာမာ ရှိနေပါလျက်နှင့် အလုပ်မလုပ်လို၍ အချောင်တောင်းစားခြင်းမျိုးကိုမူ အမေရိကန်ပြည်သူတို့က အားမပေးလိုကြပါ။

ရံဖန်ရံခါ မီးပွိုင့်များရှိသော အချို့လမ်းဆုံများ၌ ဟုမ်းမ်လက်စ် (homeless) အိမ်မဲ့အိမ်မဲ့များသည်၊ (သို့မဟုတ်) ဂျောဘ်လက်စ် (jobless) အလုပ်လက်မဲ့များသည် "ဝီ နိဒ် အေ ဂျော့ဘ် (We need a job) ငါတို့ အလုပ်လုပ်လိုကြသည်။ အလုပ်များ ပေးကြပါ၊ဟူသော ဆိုင်ဘုတ်မျိုးကို ကိုင်ဆောင်လျက် မီးပွိုင့်စာတ်တိုင်များအနီး၌ ထိုင်နေသူများကိုလည်း တခါတရံ တွေ့ရတတ်သည်။ သို့သော် တွေ့ရခဲဘိ၏။

အမေရိကန်နိုင်ငံတွင် ကိုယ်လက်အင်္ဂါ ချို့တဲ့သူများ၊ ဆွံ့အနားမကြားသူများ၊ မျက်မမြင် ဒုက္ခိတများသည် အထူးကံကောင်းကြသူများဖြစ်ကြတယ်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်အစိုးရမှ အထူးအစီအစဉ်ဖြင့် စောင့်ရှောက်ထားသောကြောင့်ဖြစ်သည်။ ပြည်သူအများနှင့် ဆက်နွယ်ရသော အဆောက်အဦမှန်သမျှ ထိုဒုက္ခိတများအတွက် ဓာတ်လှေကားများ ထားရှိပေးရသည်။ ဥပမာ၊ စာသင်ကျောင်းများ၊ ရုံးများ၊ ဆေးရုံများကို ဆိုလိုသည်။ ပြည်သူအများသွားလာသော ရထားဘူတာရုံများ၊ ဘတ်စ်ကားဂိတ်များ၌လည်း ဓာတ်လှေခါးများ ထားရှိပေးရသည်။ ပြည်သူများစီးနင်းသော ဘတ်စ်ကားများ၌သည် ဒုက္ခိတများ စီးနင်းလိုက်ပါနိုင်ဖို့ (သူတို့၏ ဝှီးချဲများကို မတင်နိုင်ရန်) မ၊ တင် ဓာတ်လှေကားများ ပါရှိရသည်။ ဒါဟာ လူ့အခွင့်ရေးကို တန်းတူပေးထားခြင်း သဘောဖြစ်သည်။ ထို့ကြောင့် အမေရိကန်နိုင်ငံ၌ ဒုက္ခိတများ ဖြစ်ကြရသော လူများသည် ကံကောင်းသည်ဟု ဆိုရခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၌ ဆင်းရဲသားများ များစွာရှိနေခြင်းအတွက် မအံ့သြမိပါ။ ကိုယ်လက်အင်္ဂါတွေ ကောင်းမွန်ပါလျက်နှင့် တောင်းစားနေသူတွေ၊ မိဘများ သက်ရှိထင်ရှားရှိနေပါလျက် လမ်းဆုံလမ်းခွများ၌ တောင်းစားနေရသော ကလေးသူငယ်တွေ၊ နိုင်ငံတော်မှ ဒုက္ခိတတွေအတွက် (နိုင်ငံတော်က ဆင်းရဲနေသေး၍) စောင့်ရှောက်မှု အထူးအစီအစဉ်မရှိသေးသောကြောင့် လမ်းဆုံမီးပွိုင့်များ၌ တောင်းရမ်းစားသောက်နေရသော ဒုက္ခိတတွေ၊ ခွက်လက်ဆွဲ၍ တောင်းစားနေရသော ခိုကိုးရာမဲ့ ဖိုးအို၊ ဖွားအိုတွေ၊ ဒီမြင်ကွင်းတွေကို မကြာခဏဆိုသလို မြင်တွေ့နေရ၍ များစွာစိတ်မကောင်းဖြစ်မိတယ်။

ဤကဲ့သို့ တိုင်းပြည်တွင်းမှာ ဆိုးဆိုးရွားရွား မြင်ကွင်းတွေ မြင်နေရခြင်းအတွက် မည်သူ့ကို အပြစ်ဖို့၍၊ မည်သူ့ကို အပြစ်တင်မည်နည်း။ အဖြေကား မသဲကွဲပါ။ အစိုးရပေါ်လစီတစ်ခုတည်းကို ချည်း ဖောင်းပေး၍ အပြစ်တင်နေလို့ မရပါ။ တိုင်းပြည်တွင်းမှာ နေသူအားလုံးမှာ တာဝန်ရှိသည်ဟု ယူဆမိပါသည်။

နိုင်ငံတော်အစိုးရမှ အထူးစီမံကိန်းအနေနှင့် ဆင်းရဲသား ပပျောက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိနိုင်ရေးတို့အတွက် အလျှင်အမြန်ဆောင်ရွက်သင့်သောစီမံကိန်းမှာ ဆင်းရဲသားများ အလုပ်လုပ်ချင်လာအောင် ပညာပေးရမည်။ မြန်မာနိုင်ငံတွင် လယ်ယာကုန်းမြေများ ပေါများလှ၍ ရုံးများ၊ စက်ရုံများ၊ အလုပ်ရုံများအပြင် စိုက်ပျိုးရေးခွင်များ၌ အလုပ်လုပ်နိုင်ရန် အကျိုးခံစားခွင့်များ များများရရှိနိုင်ရန် (subsidize ပြုလုပ်လျက်) အစိုးရမှ အနစ်နာခံ၍ ပြုစုပျိုးထောင်ပေးသင့်သည်။ ထို့အပြင် မြန်မာနိုင်ငံ၌ မွေးဖွားသော ကျောင်းသား၊ ကျောင်းသူများအားလုံးအတွက် အထက်တန်းပညာအထိ မသင်မနေရ



ပညာရေးမျိုးနှင့် အခမဲ့ ပညာရေးမျိုးဖြစ်အောင် နိုင်ငံတော်မှ အလျှင်အမြန် ဆောင်ရွက်ပေးသင့်တယ်။

နိုင်ငံတော်ရဲ့ ပညာရေးဘက်ချက်ကို တိုးမြှင့်ပေးနိုင်ရန်နှင့် ဆင်းရဲသားဦးရေများ နည်းနိုင်သမျှ နည်းပါးသွားနိုင်စေရန် (၁) အခွန်များကို ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် လုပ်သားပြည်သူများထံမှ သတ်မှတ်ချက် စံနှုန်းအတိုင်း စနစ်တကျကောက်ယူခြင်း၊ (၂) အခွန်ကောက်ယူရာ၌ သတ်မှတ်ထားသော အခွန်အခများကို စနစ်တကျ ပေးသွင်းနိုင်ရန် အကျင့်ပျက်ချစား လာဘ်ပေး၊ လာဘ်ယူပြုနေသော ဝန်ထမ်းများကို အရေးယူ၍ ထိရောက်စွာ ပြစ်ဒဏ်ပေးခြင်း၊ (၃) တိုင်းပြည်တွင်းမှာရှိနေသော လုပ်သားပြည်သူများသည်လည်း မိမိတို့ သက်ဆိုင်ရာ လုပ်ငန်းများကို ကြိုးစား၍ လုပ်ကိုင်ခြင်း၊ သတ်မှတ်ချက်အတိုင်း အခွန်အခများကို စနစ်တကျ ပေးဆောင်ခြင်း (၄) မူးယစ်စေတတ်သော အသောက်အစားများ၊ လောင်းကစားများနှင့် အပျော်အပါးများကို မိသားစုဘဝ သာယာပျော်ရွှင်နိုင်ရေးအတွက် အသိတရားနှင့် ကြိုးစား၍ ဝေးဝေးက ရှောင်ရှားခြင်း၊ (၅) စာသင်ချိန်များတွင် ကျောင်းစာသင်ခန်းများ၏ အပြင်သို့ ရောက်ရှိနေသော ကျောင်းသား၊ ကျောင်းသူများကို တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ်များက စနစ်တကျ စစ်ဆေးခြင်း၊ မိဘများနှင့် ညှိနှိုင်းဆွေးနွေးခြင်းများကို ပြုလုပ်ခြင်း၊ တာဝန်မဲ့သော မိဘများကို အရေးယူခြင်း၊ လိုအပ်ပါက အပြစ်ပေးခြင်း၊ ဒဏ်တပ်ခြင်းမျိုးကို ပြုလုပ်ပေးရမည်။ ထိုကဲ့သို့ နိုင်ငံတော်မှ စေတနာထား၍ ပြုလုပ်ပေးခြင်းဖြင့် တိုင်းပြည်တွင်း၌ ဆင်းရဲသားဦးရေများ လျော့နည်းပါးသွားနိုင်ကြောင်း အကြံပြုလိုခြင်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခု တိုက်တွန်းလိုသောအချက်မှာ ကမ္ဘာ့နိုင်ငံအသီးသီး၌ အလုပ်သမားများ၏ လုပ်အားကို ကျေနပ်နှစ်သိမ့်မှု ဖြစ်သောအခါမျိုး၌ "တစ်ပ် (Tip) မန်းနီးပေးခြင်း" ဓလေ့များရှိသလို၊ အလှူရက်ရောသော မြန်မာနိုင်ငံလို နိုင်ငံ၌ အလုပ်သမားများ၊ အောက်ခြေလူတန်းစားများအား သူတို့၏ ရိုးသားသော လုပ်အား တန်ဖိုးကို အသိအမှတ်ပြုသည့်အနေအားဖြင့် တစ်ပ်မန်းနီးပေးခြင်းမျိုးကဲ့သို့ (တစ်ထောင်၊ နှစ်ထောင် စသည်မျိုး) "မေတ္တာဒါန၊ အသုံးအနှုန်းမျိုးဖြင့် တစ်ပ်မန်းနီးပေးခြင်းမျိုးကို မြန်မာတို့ရဲ့ ရိုးရာဓလေ့တစ်ခု အနေမျိုးဖြစ်လာအောင် နိုင်ငံတော်မှ (သို့မဟုတ်) စာပေနှင့် အနုပညာရှင်များမှ ဝိုင်းဝန်း၍ "မေတ္တာဒါန၊ အစီအစဉ်မျိုး ဖြစ်မြောက်အောင် လှုံ့ဆော်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ထို "မေတ္တာဒါန" ကို ပေးသူများကလည်း "မိအိုဖအိုများအား ကျေးဇူးပြုပေးနေသော သားသမီးလိမ္မာများအား ကံကောင်းခြင်းများနှင့် ပြည့်စုံပါစေ" ဟု စိတ်ထဲမှ ဆုမွန်များတောင်းလျက် "မေတ္တာဒါန" ကို ကြည်ကြည်ဖြူဖြူနှင့် ပေးသင့်ပါသည်။ ထိုသို့ပြုကြမည်ဆိုလျှင် ထို "မေတ္တာဒါန၊ ပေးခြင်းဓလေ့သည် မြန်မာတို့၏ ဓလေ့တစ်ခုဖြစ်လာမည်ဖြစ်သည်။ များမကြာမီမှာ မြန်မာပြည်ရောက် နိုင်ငံခြားသားများပါ စိတ်ဝင်စားလာနိုင်ပြီး၊ ဝင်ငွေနည်းသော အလုပ်သမားများအား စာနာစိတ်ဖြင့် "မေတ္တာဒါန" ပေးခြင်းမျိုးကို ပူးပေါင်းဆောင်ရွက်လာနိုင်ကြောင်း ယုံကြည်မိပါသည်။

ဆင်းရဲခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓနည်းကျအတိုင်း ပြောဆိုရသော် ပစ္စည်းဥစ္စာ ဆင်းရဲခြင်းထက် အသိဉာဏ်ပညာ ဆင်းရဲခြင်းမျိုးက ပိုမို၍ ဆိုးဝါးကြောင်း အသိတရားများ ရှိကြစေလိုခြင်းပါ။ ရှေးမြန်မာမင်းများနှင့် ပြည်သူများသည် ပစ္စည်းရှိသူက ပစ္စည်းမဲ့



လူတန်းစားများကို ကူညီတဲ့အနေနှင့် အစားအသောက် အသုံးအဆောင်များကို ထောက်ပံ့ပေးခဲ့ကြသလို၊ ပညာရှိ ရဟန်းရှင်လူများကလည်း ပညာမဲ့သူ ရဟန်းရှင်လူများကို ပညာများကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြတယ်။ အကယ်၍သာ ယနေ့မြန်မာ နိုင်ငံတော်သူ၊ နိုင်ငံတော်သားများသည် တိုင်းပြည်အား သတ်မှတ်အခွန်ပေးဆောင်၍ ပြည်သူ၊ ပြည်သားများအား တတ်နိုင်သမျှ စီးပွားရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်အောင် အကူညီများ ပေးကြမည်ဆိုလျှင် တစ်နေ့တခြား ဆင်းရဲသားဦးရေသည် နည်းပါးလာမည်ဖြစ်ပြီး၊ ရွှေသီးသော မြန်မာ့မြေကြီးပေါ်၌ နေထိုင်ကြသော မြန်မာ ပြည်သူ၊ ပြည်သားတို့၏ ဘဝကံကြမ္မာသည် တနေ့တခြား ကောင်းသည်ထက် ကောင်းလာမည်ဟု ယုံကြည်မိပါသည်။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## ဟင်းလင်းဖွင့်ထားတဲ့ မိုးကောင်းကင်ကြီးကို စုံမှိတ်ထားသော မျက်လုံးများဖြင့် ရှုကြည့်ခြင်း

မြန်မာနိုင်ငံရဲ့လက်ရှိအနေအထားနှင့် အကျပ်အတည်းများကို မြန်မာနိုင်ငံတွင်းမှာနေသူ ပြည်သူပြည်သားများက ပို၍ သိရှိနိုင်ကြလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ဤဆောင်းပါးကို ရေးဖြစ်ခဲ့တယ်။ မြန်မာနိုင်ငံကို သဘောထားရိုးရိုးဖြင့် သုံးသပ်ကြည့်မည်ဆိုလျှင် ပြဿနာတွေနဲ့ ရှုပ်ထွေးနေတာကို တွေ့ရလိမ့်မယ်။

သို့သော် ပြဿနာဆိုရာမှာ အီရတ်နိုင်ငံတို့လို၊ အစ္စရေးနိုင်ငံတို့လို၊ ပါလက်စတိုင်းနိုင်ငံတို့လို စစ်ပွဲတွေ ဖြစ်နေတဲ့ နိုင်ငံမျိုးတွေနှင့် နှိုင်းယှဉ်မတွေးစေချင်ပါ။ ထိုနိုင်ငံတွင်းမှာ နေကြရတဲ့ ပြည်သူပြည်သားတွေလို ပြင်းထန်တဲ့ တိုက်ပွဲတွေကြားမှာ ပြေးလွှားပုန်းရှောင်နေရတဲ့ အနေအထားမျိုးတွေနှင့်လည်း မြန်မာပြည်သူပြည်သားများကို နှိုင်းယှဉ်၍ မမြင်စေချင်ပါ။ မြန်မာပြည်သူတွေရဲ့အနေထားက လူ့အခွင့်ရေးကို လေးစားလိုက်နာမှုမရှိတဲ့၊ ဘာသာရေးလွတ်လပ်ခွင့်များမရှိတဲ့



နိုင်ငံများရဲ့ပယောဂဖြင့် မြန်မာနိုင်ငံဟာ လူ့အခွင့်ရေးများ၊ ဘာသာရေးလွတ်လပ်ခွင့်နည်းပါးသော နိုင်ငံအနေနှင့် ခြိမ်းခြောက်ခံနေရတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အနေအထားမျိုးသို့ ရောက်ရှိနေတာမို့ ပြဿနာတွေနဲ့ ရှုပ်ထွေးနေတယ်လို့ ပြောလိုရင်းပါ။

လွန်ခဲ့တဲ့ ဩဂုတ်လ ၉ ရက်နေ့က တော်ဝင်နှင်းဆီခန်းမမှာ "The open sky" ဆိုတဲ့ ရုပ်ရှင်ကားကို ကြည့်ရှုဖို့ ရောက်ရှိနေခဲ့တယ်။ ရောက်ရှိခဲ့တဲ့အကြောင်းကတော့ ထိုဇာတ်ကားကို ကြည့်ရှုပြီး ဝေဖန်မှုများ ပြုပေးနိုင်ရန် ထိုပွဲဖြစ်မြောက်အောင် ဆောင်ရွက်ပေးသူများထဲမှ တစ်ယောက်က ထိုပွဲကို တက်ရောက်ရန် စာရေးသူအား ဖိတ်ခဲ့ခြင်းပါ။ ထိုပွဲကျင်းပတဲ့နေ့ နံနက် (၈) နာရီခန့် နာရီပိုင်းအလိုမှာ ထိုပွဲကို တက်ရောက်ရန် သိခဲ့ရ၍ ထိုပွဲအတွက် ဘာပြင်ဆင်မှုမျိုးများမှ မလုပ်နိုင်တော့ဘဲ တက်ရောက်ခဲ့တယ်။

မိနစ် (၂၀) ခန့်ကြာတဲ့ ထိုမှတ်တမ်းတင် ရုပ်ရှင်ဇာတ်ကားကို မကြည့်ရှုမီ အနောင်ဇာ (announcer)မှ ဗီဒီယိုများ၊ ကင်မရာများ မရိုက်ကြဖို့ မေတ္တာရပ်ခံခဲ့တယ်။ မိနစ် (၂၀) ကြာကြည့်ပြီး၊ ထိုဇာတ်ကား ပြီးဆုံးတဲ့အခါ ခံစားမှုရသတစ်မျိုး ရင်ထဲမှာ ထင်ကျန်ရစ်ခဲ့တယ်။ ထိုဇာတ်ကားရဲ့ သင်းမ် (Theme) - ရည်ရွယ်ချက်က ဗုဒ္ဓဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအကြား ဖြစ်ပွားနေတဲ့ ပဋိပက္ခပြဿနာများကို ငြိမ်းအေးနိုင်စေရန် ရည်ရွယ်၍ အနုပညာဖန်တည်းမှုဖြင့် ရိုက်ကူးတင်ဆက်ထားတဲ့ ဇာတ်ကားတစ်ကားဖြစ်လို့ ရသတစ်မျိုးမျိုးကို ရရှိသလိုလိုတော့ ခံစားမိတယ်။

ထိုဇာတ်ကား၏ကျောရိုးက ငြိမ်းချမ်းရေးကို ဦးတည်ပုံဟန်ရှိပြီး အစ္စလာမ်ဘာသာဝင် အမျိုးသမီးကြီး တစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးတစ်ဦးတို့၏အကြား အချင်းချင်း နားလည်မှု၊ စောင့်ရှောက်မှု၊ အကူအညီပေးမှုများကို ထင်ဟပ်စေလျက် သူငယ်ချင်းနှစ်ယောက်တို့၏ အေးမြသော မေတ္တာတရားနှင့် ခိုင်မြဲသော သစ္စာတရားကို ဇာတ်အိမ်ဖွဲ့ထားတဲ့ ဇာတ်ကားတစ်ကားဖြစ်တယ်။ ထိုဇာတ်ကားမှာ အဓိက သရုပ်ဆောင်သူအဖြစ်၊ ဇာတ်ကြောင်းပြောသူအဖြစ် အစ္စလာမ်ဘာသာဝင် အမျိုးသမီးတစ်ဦးက သရုပ်ဆောင်ထားတယ်။ နောက် အစ္စလာမ်ဘာသာဝင် အမျိုးသမီးကြီးတစ်ဦးက ထိုဇာတ်ဆောင်၏ အဒေါ်နေရာမှာ ပါဝင်သရုပ်ဆောင်ထားတာကို တွေ့ရတယ်။

မြန်မာနိုင်ငံမှာ ပြသခွင့်မရှိသေးတဲ့ ထိုဇာတ်ကားကို ကြည့်ရှုပြီး စာရေးသူ၏ သဘောထားအမြင်ကို အကြောင်းအားလျော်စွာ တင်ပြခွင့်ရခဲ့တယ်။ ဒီဇာတ်ကားဟာ မေတ္တာတရားနှင့် ငြိမ်းချမ်းရေးကို ဦးတည်ပြီး ရိုက်ကူးပုံဖေါ်ထားတာမျိုးဖြစ်သော်လည်း ဘာသာရေးအသွင်ဆောင်တဲ့ ပဋိပက္ခများ မကြာခဏဖြစ်ပွားနေသော အချိန်အခါမျိုး ဖြစ်သဖြင့် ထိုဇာတ်ကားကို ပြသရန် အချိန်အခါမဟုတ်သောကြောင့် ပြသခွင့်မရရှိခဲ့သည်ဟု ထင်မြင်မိကြောင်း ပြောကြားခဲ့တယ်။ ဒီဇာတ်ကားဟာ ရုပ်ရှင်တို့ရဲ့သဘောသဘာဝအရ ဒေါက်ကယူမင်ထရီ (Ducumentary) ဖလင် အမျိုးအစားမျိုးဖြစ်၍ တင်ပြရာမှာ အားနည်းချက်အချို့ကို တွေ့ရှိရတယ်။ ဥပမာ၊ မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခ၏နောက်ခံသမိုင်းများကို ပြည်သူများ၊ မှန်မှန်ကန်ကန် သိရှိနိုင်အောင် သုတေသနပြု၍ တင်ပြနိုင်ဖို့ လိုတယ်။ ဤရုပ်ရှင်ကားမှာ သုတေသနပြုထားမှုအပိုင်း၌ အားနည်းနေတာကို တွေ့ရတယ်။ ဥပမာ၊ ဤဇာတ်ကားသည် မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့သောပဋိပက္ခ၏ နောက်ခံသမိုင်းကို အဓိကထား၍ ရိုက်ကူးထားသော ဇာတ်ကားဖြစ်



သော်လည်း မိတ္ထီလာမြို့နေရာအနှံ့ မီးဟုန်းဟုန်းတောက်ခဲ့ရသည့် အကြောင်း ရင်းကို တင်ပြရာ၌ ရွှေရောင်းသူ(အစ္စလာမ်ဘာသာဝင်)နှင့် ရွှေဝယ်သူ(ဗုဒ္ဓဘာသာဝင်)တို့၏ လူမှုရေး ပဋိပက္ခကို အခြေခံပြီး အငြင်းပွားခဲ့မှုကြောင့် မိတ္ထီလာမြို့ နေရာအနှံ့ မီးဟုန်းဟုန်းတောက်ခဲ့ရသည့်သဘောမျိုး သက်ရောက်အောင် ရိုက်ကူးထားတာသည်ကို တွေ့ရတယ်။

ဤဇာတ်ကားသည် သမိုင်းအချက်အလက်တို့ကို သုတေသနပြုပြီး စုံစုံလင်လင် တင်ပြနိုင်ခြင်းမရှိ၍ မိမိတို့လိုရာဘက်ကို သဘောသက်ဝင်အောင် ရိုက်ကူးတင်ပြထားတာမျိုးလို ဖြစ်နေတယ်။ အမှန်မှာမူ မိတ္ထီလာမြို့ကြီး မီးဟုန်းဟုန်းတောက်ခဲ့ရသည့် အဓိကအကြောင်းရင်းသည် ရွှေရောင်းသူ(အစ္စလာမ်ဘာသာဝင်)နှင့် ရွှေဝယ်သူ (ဗုဒ္ဓဘာသာဝင်)တို့၏ လူမှုရေးကိစ္စသည် အဓိကကျသော အကြောင်းအရင်း မဟုတ်ပါ။

ထိုပဋိပက္ခရဲ့ အဓိကအကြောင်းရင်းမှာ သာစည်မြို့နယ် ဟန်ဇာရွာမှ ကျောင်းသားကျောင်းသူများအတွက် စာအုပ်၊ ခဲတံများကို ဝယ်ယူရန် ဆိုင်ကယ်မောင်းနှင်သူနှင့်အတူ မိတ္ထီလာမြို့သို့ တက်လာသော ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီး ဦးသောဘိတအား အစ္စလာမ်ဘာသာဝင်တစ်ယောက်က ဓားနှင့် ဆိုင်ကယ်ပေါ်မှ ခုတ်ချခံခဲ့ရတဲ့အခါ ဦးသောဘိတက (အခြေအနေမကောင်း၍) ဆိုင်ကယ်မောင်းနှင်သူအား မောင်းထွက်ပြေးရန် တိုက်တွန်းခဲ့တယ်။ ထိုနေရာမှာ တစ်ပါးတည်းကျန်ခဲ့တဲ့ ဦးသောဘိတရဲ့ ခန္ဓာကိုယ်ကို သက်နှန်းဖြင့် ရစ်ပတ်၍ ဗလီကျောင်းပေါက်ဝသို့ တရွတ်ဆွဲသွားခဲ့ကြပြီး မီးရှို့သတ်ခဲ့တဲ့အမှုက အဓိကကျသော အကြောင်းအရင်းပါ။ ထိုမြင်ကွင်းကို မြင်ကြရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင်တို့ရဲ့ ပေါက်ကွဲဒေါသကြောင့် နှစ်ဖက်အုပ်စု ရိုက်ကြ၊ ပုတ်ကြ၊ သတ်ကြဖြတ်ကြရာမှ ဒေါသများကို မထိန်းနိုင်ကြတော့ပဲ သူ့အိမ်၊ ကိုယ့်အိမ်ဆိုသလို အပြန်အလှန် မီးတင်ရှို့ကြရာမှ မိတ္ထီလာ မြို့ကြီးဟာ ပြာပုံဘဝ ရောက်သွားခဲ့ရတယ်။

ဒီဇာတ်ကား၌ စဉ်းစားစရာဖြစ်လာခဲ့သည်မှာ ဒီအဓိက အကြောင်းကို ဖော်ပြထားခြင်းမရှိဘဲ ဒီဇာတ်ကားသည် မိမိတို့လိုရာဖက်ကို ဓောင်းပေးပြီး ရိုက်ကူးထားသောဇာတ်ကားမျိုးဖြစ်နေ၍ တစ်ဖက်လူ့အဖွဲ့အစည်းကို နစ်နာသွားစေနိုင်တဲ့ သဘောမျိုးကို သက်ရောက်သွားစေခဲ့ခြင်းပါ။

နောက်အကြောင်းတစ်ချက်က ဇာတ်ကြောင်းပြောသူသည် မူဆလင်ဘာသာဝင် အမျိုးသမီးတစ်ဦးဖြစ်ပြီး သူ့အဒေါ်၏ ကြောက်ရွံ့ ထိတ်လန့်စွာ နေရတဲ့အနေအထားမျိုးကို ထင်ဟပ်စေနိုင်ရန် အမိုးမရှိတဲ့ အိမ်မှာ နေရပြီး ဟင်းလင်းပွင့်နေတဲ့ကောင်းကင်ကြီးကို ကြည့်နိုင်တဲ့ မြင်ကွင်းကို တင်ပြထားခြင်းပါ။ ထိုမြင်ကွင်းကို ပုံဖော်ထားပြီး သူ့အဒေါ်ရဲ့အိမ်ကြီးဟာ အမိုးမရှိ ဖြစ်ခဲ့ရတဲ့ ဘာသာရေးအသွင်ဆောင်တဲ့ လူမျိုးရေး ပဋိပက္ခကြောင့် (အကျိုးဆက်အနေအားဖြင့်) ဖြစ်ပေါ်လာသော ဒုက္ခမျိုးစုံ၊ အကြပ်အတည်းမျိုးစုံ၊ အဖုံဖုံကို ပုံဖော်နိုင်ရန် ဤဇာတ်ကားကို ရိုက်ကူးထားခြင်းမျိုးဖြစ်၍ အစွန်းရောက် အစ္စလာမ် ဘာသာဝင်များ ဤဇာတ်ကားမျိုးကို ကြည့်ရှုခဲ့ကြမည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်တို့အပေါ် အထင်အမြင် လွဲမှားနိုင်စရာအကြောင်းများ ဖြစ်ပွားသွားနိုင်ခြင်းပါ။

တဖန် ပဋိပက္ခကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ အစ္စလာမ် ဘာသာဝင်များ၏ အကျပ်အတည်းများ၊ အခက်အခဲများကိုသာ ဓောင်း



ပေးဖော်ပြပြီး၊ ဗုဒ္ဓဘာသာဝင်တို့၏ အကျပ်အတည်းများ၊ အခက်အခဲများကို ဖေါ်ပြနိုင်ရန် သူငယ်ချင်းဇာတ်ကောင်ကို ထည့်သွင်း ရိုက်ကူး တင်ပြထားခြင်းမျိုးမရှိ၍ ဒီဇာတ်ကား၏ ရိုက်ကူးတင်ဆက်မှု အပိုင်းမှာ နှစ်ဖက်မျှတမှု (balance) မရှိသလို ဖြစ်နေကြောင်း တွေ့ရခြင်းပါ။

ထို့ကြောင့် ဤဇာတ်ကားသည် ဘာသာရေးပဋိပက္ခဆန်သော လူမျိုးရေးပဋိပက္ခတွေကို မေတ္တာတရားဖြင့် ငြိမ်းအေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရိုက်ကူးတင်ပြထားခြင်းမျိုးဖြစ်သော်လည်း အေးမြသော မေတ္တာတရားကို ပုံဖေါ်ရာ၌ အကန့်အသတ်များ ပါဝင်နေ၍ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးကို ဘာသာပေါင်းစုံ စုပေါင်း၍ ငြိမ်းချမ်းရေးတည်ဆောက်ဆဲ ယခုလို အချိန်အခါမျိုး၌ ဤဇာတ်ကားကို ပြသရန် အချိန်အခါမဟုတ်သေးကြောင်း ပြောကြားခဲ့တယ်။

စစ်မှန်သော မေတ္တာတရားဆိုသည်မှာ ကျယ်ပြန့်သော သမုဒ္ဒရာပြင်ကြီးနှင့်တူလှတယ်။ အကန့်အသတ် နယ်နိမိတ်မရှိတဲ့ မိုးကောင်းကင်ကြီးနှင့်လည်း တူလှတယ်။ ကျယ်ပြန့်ခြင်း၊ တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ လူသားတို့အား ခိုလှုံခွင့်ပေးထားခြင်းစတဲ့ ဂုဏ်ပုဒ်တွေနှင့် ပြော၍မကုန်နိုင်အောင် ရှိလှတယ်။ ထိုသို့သော ဂုဏ်ထူးဝိသေသများနှင့် ပြည့်ဝနေတဲ့ မိုးကောင်းကင်ကြီးနှင့်တူတဲ့ အေးမြတဲ့ မေတ္တာတရားကို ဖော်ညွှန်း ပြသလိုတဲ့ 'The Open sky' အမိုးမရှိတဲ့ကောင်းကင် ဇာတ်ကားသည် အေးမြတဲ့မေတ္တာတရားကို ဖေါ်ထုတ်ပြသနိုင်ရန် ဆက်လက်၍ ကြိုးစားရဦးမှာဖြစ်တယ်။ အကယ်၍သာ ထိုဇာတ်ကားသည် စစ်မှန်သောစေတနာနှင့် အေးမြသောမေတ္တာတရားကို ဖေါ်ထုတ်နိုင်ရန် အမှန်တကယ် ဆက်လက်၍ ကြိုးစားကြမည်ဆိုလျှင် အေးမြသောမေတ္တာရဲ့ အငြိမ်းဓာတ်သည် ရိုက်ကူးသူ

www.burmeseclassic.com

www.burmeseclassic.com



များက အရင်တွေ့ကြုံ ခံစားရမယ်ဆိုတာ ယုံကြည်ထားမိခြင်းပါ။ ဒီလိုသဘောမျိုးမဟုတ်ဘဲ ဟင်းလင်းဖွင့်ထားသော မိုးကောင်းကင်ကြီးကို စုံမှိတ်ထားသော မျက်လုံးများဖြင့် ဆက်လက်ရှုကြည့်နေကြမည်ဆိုလျှင်…။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## မြန်မာ့သမိုင်း စာမျက်နှာအချို့ကို ဗိုင်းရပ်စ်ပိုး အကိုက်ခံရခြင်း

တန်ဖိုးရှိတဲ့ သမိုင်းစာအုပ်တစ်အုပ်မှာ စာမျက်နှာအချို့ကို ချကိုက်ခံရတဲ့အခါ ထိုပျောက်ဆုံးသွားတဲ့ စာမျက်နှာမှာပါသွားတဲ့ သမိုင်းအချက်အလက်များကို နောင်ခေတ်စာဖတ်သူများက မည်သို့အစားထိုး၍ ဖတ်ကြမည်နည်း။ ချန်လှပ်၍ ဖတ်ကြမည်လော။ သို့မဟုတ် ထည့်သွင်း၍ ဖတ်ကြမည်လော။ အကယ်များ ထည့်သွင်း၍ ဖတ်ကြမည်ဆိုလျှင် ဘယ်အကြောင်းအရာ (သို့မဟုတ်) ဘယ်လိုထင်မြင်ယူဆချက်များကို ထည့်သွင်း၍ ဖတ်ကြမည်နည်း။ စဉ်းစားမိတယ်။

မြန်မာနိုင်ငံရဲ့ သမိုင်းခေတ်တစ်ခေတ်လို့ သတ်မှတ်ခေါ်ဆိုလို့ရနိုင်တဲ့ ၂၀၁၀-ခုနှစ်မှ ၂၀၁၅-ခုနှစ်သည် ဒီမိုကရေစီခေတ်ပြောင်းကာလလို့ သတ်မှတ်ပြောဆိုနိုင်တဲ့ ခေတ်တစ်ခေတ်ဖြစ်တယ်။ ဗေဒင်ဟော ဟောရရင် ထိုခေတ်များအတွင်းမှာ တိုင်းပြည်ကြီးသည် အကောင်းဘက်ကို ဦးတည်နေမယ်။ ပြည်သူတွေ ဆုံးမယ်။ ဆန္ဒတွေကို ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကြမယ်။ ပြုပြင်ပြောင်းလဲမှုတွေကို တောင်းဆိုကြမယ်။ တိုင်းပြည်ခေါင်းဆောင်တွေ အထင်အမြင်လွဲခံရမယ်။ စွပ်စွဲခံရမယ်။ နိုင်ငံတကာဆက်ဆံရေးတွေ ကောင်းမွန်လာမယ်။ စီးပွားရေးလုပ်ငန်းတွေ ပွင့်လင်းလာမယ်။ သို့သော် အစွန်းရောက်သမားများရဲ့ အားထုတ်မှုကြောင့် တိုင်းပြည်ကြီး ဘီးလူးခေါင်းစွပ် ခံရကိန်းရှိတယ် စတဲ့ အကြောင်းအရာများ ပါဝင်ကောင်း ပါဝင်ပေလိမ့်မယ်။ အကယ်၍သာ စာရေးသူသာ ဗေဒင်ဆရာတစ်ယောက်ဖြစ်ခဲ့မယ်ဆိုရင် ဗေဒင်ကိန်းခန်းကို ဒီလိုပဲ ဟောကိန်းထုတ်မယ်။ သို့သော် စာရေးသူအနေနှင့် ဗေဒင်ပညာရပ်ကို ကောင်းကောင်းကန်းကန်း မတတ်ကျွမ်းလေတော့…။

မျက်မှောက်ခေတ် နိုင်ငံတကာနိုင်ငံရေး အခြေအနေများကို သုံးသပ်ကြည့်မိတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေများအရ ဒီနှစ်မျိုးဟာ နိုင်ငံတကာသို့ ခရီးရက်ရှည် မသွားသင့်တဲ့ အချိန်အခါမျိုးလို့ ပြောဆိုနိုင်တယ်။ ဘာကြောင့်လဲဆိုရင် မမြင်နိုင်တဲ့ အန္တရာယ်တွေ၊ မမြင်နိုင်တဲ့အစွန်းရောက်မှုတွေကြောင့် နိုင်ငံတိုင်းလိုလို လုံခြုံရေးတွေကို နှစ်ဆတိုး၍ ချထားရတဲ့ အချိန်အခါဖြစ်တယ်။ ဒီအချိန်အခါမျိုးမှာ နိုင်ငံခေါင်းဆောင်တွေဟာ ကိုယ့်တာကို လုံခြုံအောင် စောင့်ရှောက်ကြရမှာဖြစ်တယ်။ လုံခြုံရေးတာကျိုးတဲ့နိုင်ငံများဟာ အထိနာဖို့ရှိတယ်။ အကျိုးတရားအနေနှင့် ကမ္ဘာလှည့်ခရီးသွားတွေ နဲပါးသွားမယ်။ စီးပွားရေးတွေ ကျဆင်းသွားမယ်။ ပြည်သူတွေ စိုးရိမ်စိတ်တွေ ပိုများလာမယ်။

မလေးရှားနိုင်ငံဟာ IS အစွန်းရောက်တွေကို ထောက်ခံအားပေးနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ ကမ္ဘာနိုင်ငံများက အထင်ရောက်နေတာကြောင့် မလေးရှားနိုင်ငံအစိုးရဟာ IS လို့ သံသယရှိသူ



များ၊ IS အဖွဲ့နှင့် ပူးပေါင်းပါဝင် ပတ်သက်နေသူများလို့ သံသယရှိသူများကို ရဲရဲရင့်ရင့် ဖမ်းဆီးမှုတွေ ပြုလုပ်နေတယ်။ အခုဆိုလျှင် သံသယရှိ၍ ဖမ်းဆီးခံရသူပေါင်း (၃၇)ယောက်ရှိပြီလို့ မလေးရှားအစိုးရမှ ထုတ်ပြန်ကြေညာထားတာကို ဖတ်ရှုရတယ်။ အခြေအနေနှင့် အချိန်အခါကို နားလည်တတ်သိတဲ့ အစိုးရမျိုးလို့ ဆိုနိုင်တယ်။

အခြေအနေနှင့် အချိန်အခါကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ဖို့ဆိုတာ လွယ်ကူလှတဲ့ကိစ္စမျိုးမဟုတ်ပါ။ ဘာသာတူချင်းမို့ အားပေးလေ့၊ အားပေးထရှိတဲ့ မလေးရှားနိုင်ငံအစိုးရဟာ ဒီနေရာမှာတော့ အစွန်းရောက်သူနှင့် အစွန်းမရောက်သူတို့အကြား ဆင်နွှဲနေတဲ့ ဘာသာရေးမဟုတ်တဲ့ ဘာသာရေးအစ်ရှုးလို့ အကြောင်းပြထားတဲ့ စစ်ပွဲကို ပါဝင်ပတ်သက်မှု မပြုလို၍ အဖြူနှင့်အမဲကို သဲကွဲစွာ ခွဲထုတ်ပြခဲ့တယ်။ ဒီဆောင်ရွက်မှုအတွက် တစ်ဖက်မှ ကျရောက်လာနိုင်တဲ့အန္တရာယ်ကို ရင်ဆိုင်ရမယ်ဆိုတာ သူတို့လည်း ကြိုတင်တွက်ဆထားပြီး ဖြစ်ပါလိမ့်မယ်။

နိုင်ငံရေး၊ အမျိုးသားရေး၊ ဘာသာရေးလို့ဆိုတဲ့ ဒီသုံးပွင့်ဆိုင်အရေးမှာ ဘာသာရေးထက် နိုင်ငံရေးနှင့် အမျိုးသားရေးဟာ နိုင်ငံနှင့်လူမျိုးအတွက် သာလွန်၍ အရေးကြီးကြောင်း ကမ္ဘာအား သိစေခြင်းဖြစ်တယ်။ လေဆိပ်များ၊ ဘူတာရုံများ၊ ကားဂိတ်များ၌ လုံခြုံရေးများကို ပိုမိုချထားခြင်းဟာ ကြောက်လွန်း၍မဟုတ်ဘဲ သတိဆိုတာ ပိုတယ်မရှိကြောင်းကို နိုင်ငံခေါင်းဆောင်များသည် တိုင်းပြည်နှင့်လူမျိုးကိုအပေါ်မှာ တာဝန်ယူ စိတ်ရှိမှုကို ထင်ရှားပြသခြင်းဖြစ်တယ်။

ပြည်သူ၊ ပြည်သားများကိုယ်တိုင်ကလည်း လူသူသွားလာများတဲ့နေရာ၊ လုံခြုံရေးအားနည်းတဲ့ နေရာမျိုးတွေမှာ သွားတဲ့လာတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ သတိဝီရိယနှင့် သွားလာနေထိုင်ဖို့တော့ လိုတယ်။ ဥပမာ၊ ကုန်တိုက်၊ ရှော့ပင်းမောလ်၊ ဘူတာရုံ၊ ကားဂိတ်၊ စသော နေရာမျိုးတွေပါ။ လွန်လွန်ကဲကဲ စိုးရိမ်စရာတော့မရှိပါ။ သတိနှင့်သွား၊ သတိနှင့် စားနိုင်ဖို့ကို ကြိုတင်သတိပြုနိုင်အောင်သာ ရေးသားခြင်းဖြစ်တယ်။ သို့သော် ယနေ့ခေတ်ရဲ့ အခြေအနေသည် အစွန်းရောက်များ၏ အန္တရာယ်က ကြီးမားလှတာကြောင့် တစ်စုံတစ်ခု ဖြစ်လာခဲ့မည်ဆိုလျှင်မူ သက်သာနိုင်စရာအကြောင်းတော့ ရှိနိုင်မည်မဟုတ်ပါ။

ထို့ကြောင့် မလွဲသာ၊ မရှောင်သာ၍ နိုင်ငံရပ်ခြားကို ခရီးသွားကြရမည်ဆိုလျှင် သတိဝီရိယနှင့် သွားလာကြဖို့ တိုက်တွန်းလိုခြင်းပါ။ အောက်တိုဘာလ (၂၂)ရက်နေ့မှ အောက်တိုဘာလ (၂၈)ရက်နေ့ထိ စာရေးသူ မလေးရှားနိုင်ငံ၊ ပီနန်မြို့မှာ ရောက်ရှိနေခဲ့တယ်။ အောက်တိုဘာလ (၂၆)ရက်နေ့က ပီနန်ကျွန်းရဲ့ တစ်ဖက်ကမ်းမှာရှိတဲ့ ဘတ်တာ့ဝက်သ်မြို့မှာ မြန်မာတစ်ယောက် လည်လှီးသတ်ဖြတ်ခံရတယ်ဆိုတဲ့ သတင်းတစ်ခု တက်လာတာကြောင့် မလေးရှားနိုင်ငံမှာ ရောက်နေတဲ့ ရွှေမြန်မာတို့အတွက် စိုးရိမ်မိတယ်။ စာရေးသူ အနေနှင့် ဒီလိုခရီးမျိုးကို မသွားလိုသော်လည်း မလွှဲသာ၊ မရှောင်သာ၍ သွားလာခဲ့ရတာကြောင့် ယခင်သွားလာနေကြ ခရီးစဉ်များလို မိမိနေထိုင်ရာဒေသမှ ဟိုဟိုဒီဒီ သွားလာလည်ပတ်ခြင်းကို အထူး ရှောင်ကြဉ်ခဲ့တယ်။

မြန်မာလူမျိုးများ ဒီနှစ်များအတွင်း ကံဆိုး၊ ကံကောင်းများ ရောထွေးနေတဲ့အချိန်အခါလို့ ဆိုနိုင်ခြင်းပါ။ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုများ ဘောလုံးစတဲ့ အားကစားများမှာ ကမ္ဘာ့အဆင့်မှီ ဖြစ်ခဲ့သလို၊ မြန်မာပြည်မှာ ဖြစ်ပွားခဲ့တဲ့ မောင်တောပဋိပက္ခနှင့် မိတ္ထီလာပဋိပက္ခများဟာ



ကမ္ဘာက ကြီးမားစွာ အထင်လွဲသွားစေတဲ့ သတင်းတွေဖြစ်ခဲ့တယ်။ အကျိုးဆက်အနေအားဖြင့် မြန်မာပြည်မှာ ဖြစ်ပွားခဲ့သော မောင်တောပဋိပက္ခနှင့် မိတ္ထီလာပဋိပက္ခများအပြီး မလေးရှားနိုင်ငံရောက် ရွှေမြန်မာများ လူစုကွဲသွားတဲ့အခါမျိုးတွေမှာ ရိုက်နှက်ခံရ၊ သတ်ဖြတ်ခံရတဲ့ အမှုပေါင်းကလည်း ရာကျော်ရှိနေပြီဖြစ်ကြောင်း ဝမ်းနည်းစွာ သိခဲ့ရတယ်။

နောက်ပြီး အစ္စလာမ်မစ်နိုင်ငံများ (အီရန်၊ ကူဝိတ်၊ ဂျော်ဒန်၊ ဆီးရီးယား၊ လက်ဘနွန် စသော နိုင်ငံများ) ၌၊ မြန်မာသင်္ဘောသားများအား ကမ်းဆင်းခွင့်ကို အထူးပိတ်ပင်ခံထားရကြောင်း၊ သတင်းများကို ဖတ်ရှုရတယ်။ အကြောင်းပြချက်က အစ္စလာမ်မစ် အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် အိုင်အက်စ် (IS) အဖွဲ့သားများသည် မြန်မာနိုင်ငံကို ဦးတည်တိုက်ခိုက်မှုပြုလုပ်ရန် ရည်ရွယ်ထားပြီးဖြစ်၍ မြန်မာသင်္ဘောသားများအား တိုက်ခိုက်မှုများ ပြုလုပ်နိုင်သည့် အန္တရာယ်ကို အထူးစိုးရိမ်ရ၍ နိုင်ငံခြားသင်္ဘောလိုင်းများမှ မြန်မာ သင်္ဘောသားများအား အစ္စလာမ်မစ်နိုင်ငံများသို့ သင်္ဘောဆိုက်ကပ်ပါက ကမ်းဆင်းခွင့် ပိတ်ပင်ထားကြောင်း မြန်မာသင်္ဘောသားများ အသိုင်းအဝိုင်းထံမှ ကြားသိရခြင်းပါ။

ထိုသို့ဖြစ်နေရခြင်း၏ သမိုင်းအကြောင်းရင်းကို ပြန်လည်စိစစ်ကြည့်တဲ့အခါ အမှားနှင့်အမှန်ကို သဲကွဲစွာ မတင်ပြနိုင်ခဲ့တဲ့ မြန်မာမီဒီယာများ၏ အားနည်းချက်နှင့် ဘာသာရေးအစွန်းရောက်သူများက သတင်းမီဒီယာများကို ပါးပါးနပ်နပ် အသုံးချလျက် ကမ္ဘာသို့ သတင်းတင်ပြရာ၌ လက်ဦးမှုများ ရယူနိုင်ခြင်းဆိုတဲ့ အားသာချက်များ ရှိနေခဲ့တာကြောင့် မြန်မာနိုင်ငံသည် အကြမ်းဖက်ဝါဒီတို့ စုဝေး

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရာ နိုင်ငံကြီးတစ်နိုင်ငံအဖြစ် ကမ္ဘာ့ပြည်သူများက အမြင်စောင်းခဲ့ကြတယ်။

ဥပမာ၊ မြန်မာနိုင်ငံမှာ မောင်တောပဋိပက္ခနှင့် မိတ္ထီလာပဋိပက္ခများအပြီး သုံးလလောက်အလွန်မှာ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးရှေ့မှာ ဘင်္ဂါလီများ ပိုစတာများကို ကိုင်ဆောင်လျက် ဆန္ဒပြခဲ့ကြတဲ့ ဖြစ်ရပ်ပါ။ "မြန်မာနိုင်ငံတွင်း လူမျိုးတုန်း သတ်ဖြတ်နေခြင်းကို ချက်ခြင်းရပ်ပေး၊ ချက်ခြင်းရပ်ပေး" ဆိုတဲ့ ကြွေးကြော်သံတွေ အိန္ဒိယနိုင်ငံမှာ ကျင်းပသွားတဲ့ ဗုဒ္ဓဘာသာညီလာခံကြီးမှာ အစ္စလာမ်ဘာသာရေး ခေါင်းဆောင်ကြီးတစ်ယောက် ဆွေးနွေးတင်ပြသွားတဲ့အချက်မှာ - "ကမ္ဘာကြီးဟာ မတရားဘူးတဲ့၊ ဘာကြောင့်လဲဆိုရင် အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာမှာ မွတ်စလင်များက ဗုံးခွဲတိုက်ခိုက်တာကို တစ်ကမ္ဘာလုံးက ကန့်ကွက် ရှုတ်ချခဲ့ကြတယ်။ မြန်မာနိုင်ငံမှာ မူစလင်ငါးသိန်းကျော်ကို သတ်ဖြတ်ခံရတဲ့ကိစ္စမှာတော့ ငြိမ်သက်နေကြတယ်လို့ စိတ်လှုပ်ရှားစွာဖြင့် စွပ်စွဲပြောဆိုသွားခဲ့တဲ့ အခြေအနေမျိုးတွေဟာ ကမ္ဘာလူသားများကို အထင်မှား၊ အမြင်မှားတွေကို ဖြစ်စေနိုင်ခဲ့တယ်ဆိုတာ ယုံမှားမရှိ နားလည်မိခြင်းပေါ့။

နောက်ပြီး မောင်တောမှာ အများစုက ဘင်္ဂါလီ၊ ရခိုင်နှုန်းက (၉၆) ရာခိုင်နှုန်း၊ အနည်းစုက ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးစု၊ ရာခိုင်နှုန်းက (၃) ရာခိုင်နှုန်း။ ဖြစ်ရပ်မှန်က အများစုက မြို့သိမ်းတိုက်ပွဲကို ဆင်နွှဲနိုင်ရန် အနည်းစုကို ဝိုင်းသတ်၊ သူ့အိမ်၊ ကိုယ့်အိမ်ကို မီးတင်ရှို့ကြတဲ့ လူမှုရေးပြဿနာကို ဘာသာရေး ပြဿနာအသွင်ဖြစ်အောင် ကမ္ဘာကို သိကြားစေမှု၊ အများစုကို အနည်းစုဖြစ်အောင်၊ အနည်းစုကို အများစု ဖြစ်အောင် ကမ္ဘာကို အထင်အမြင်လွဲမှားစေမှု၊ နောက်ပြီး



ဆက်တိုက်ဆိုသလို ဖြစ်ပွားသွားခဲ့တဲ့ မတ္ထီလာ အရေးအခင်းမှာ သံဃာတစ်ပါးကို ရက်ရက်စက်စက် သတ်ဖြတ်မှုကို ကမ္ဘာလူထု လုံးဝမသိရှိရအောင် ဖုန်းကွယ်နိုင်ကြပြီး၊ ရွှေရောင်းသူနှင့် ဝယ်သူတို့အကြားဖြစ်ပွားခဲ့တဲ့ ပြဿနာကို ရှေ့တန်းတင်ပြောဆိုခဲ့ကြ၍ လူမျိုးတုန်းသတ်ဖြတ်မှုကြီး ဒုတိယအကြိမ် ထပ်မံဖြစ်ပွားလာသယောင် ကမ္ဘာ့သတင်းဌာနများမှ လွှင့်ထုတ်ခဲ့မှုများကြောင့် မြန်မာဗုဒ္ဓဘာသာရဟန်းတော်များကို အထွဋ်တင်လျက် မြန်မာဗုဒ္ဓဘာသာဝင်များကို အကြမ်းဖက်ဝါဒီတို့အား အပ်နှင်းလေ့၊ အပ်နှင်းထရှိတဲ့ ဂျင်နိုဆိုက်ဒ် (Genocide) လူမျိုးတုန်းသတ်ဖြတ်မှုကြီးဖြင့် ကမ္ဘာ့အလယ်မှာ စွပ်စွဲပြောဆိုခံလိုက်ရတဲ့ကိစ္စ။ ဖြစ်မှုတွေထဲမှာ ကမ္ဘာလူထုက ခွင့်မလွှတ်နိုင်တဲ့ ကြီးလေးတဲ့ ပြစ်မှုကြီး။

ဒါကို မခံမရပ်နိုင်ဖြစ်ကြတဲ့ ဘာသာရေးအစွန်းရောက်များက (မွတ်စလင် အစွန်းရောက်ဝါဒီများက) မြန်မာနိုင်ငံကို ဂျီဟာဒ်ဒ် (Jihad) စစ်ပွဲ (မွတ်စလင် ဘာသာရေးစစ်ပွဲ) ဆင်နွှဲမယ်လို့ ကမ္ဘာကို ကျေညာခဲ့တယ်။ မြန်မာတို့ ကံကောင်းတယ်လို့ ဆိုရမှာဖြစ်တယ်။ အကယ်၍သာ ဘယ်သူဟာ အကြမ်းဖက်သူ၊ ဘယ်သူဟာ အပြစ်ကင်းသူလို့ ကမ္ဘာလူထုက သဲသဲကွဲကွဲ မသိခဲ့ဘူးဆိုလျှင် ယနေ့မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသည် လူမျိုးစု ပြဿနာများကြောင့် ဖြစ်ပေါ်လာတဲ့ ကမ္ဘာ့ဖိအားပေးမှုများအပြင်၊ ဘာသာရေးဖိနှိပ်မှုတွေကို ရပ်တန်းကရပ်ဖို့ တောင်းဆိုလာနိုင်တဲ့ ဖိအားပေးမှုတွေဖြင့် အကျဉ်းအကြပ်တွေနှင့် ရင်ဆိုင်နေရမှာဖြစ်တယ်။ သို့သော် ကမ္ဘာ့လူသားတွေ၊ အထူးသဖြင့် ကမ္ဘာ့ခေါင်းဆောင်တွေဟာ အမှန်တရားကို သိမြင်ကြပြီ။ ဘယ်သူတွေက အကြမ်းဖက်ဝါဒီတွေဆိုတာ သဲသဲကွဲကွဲ သိလာကြပြီဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖက်ဝါဒီများကို အကြွင်းအကျန်မရှိ ချေမှုန်းနိုင်ရန် နိုင်ငံပေါင်း (၃၀) ကျော် အတူပူးပေါင်း၍ စစ်မျက်နှာများဖွင့်လျက် အကြမ်းဖက်ဝါဒီများအား တိုက်ခိုက်နေကြပြီဖြစ်၍ ထိုနိုင်ငံများ၌ နေထိုင်ကြသော ပြည်သူပြည်သားများအတွက် စိတ်မကောင်းဖြစ်မိပါ၏။ သို့သော်…။

ဗုဒ္ဓဘာသာသာသာတရားမှာ ကိုယ်က သူများကို မကောင်းကြံခဲ့လျှင် ထိုမကောင်းမှုသည် ကိုယ့်ထံသို့ တစ်နေ့မဟုတ်၊ တစ်နေ့နေ့မှာ ပြန်လည်ရောက်ရှိလာတတ်ကြောင်းကို ဟောပြထားတဲ့ ဗုဒ္ဓရဲ့ ကမ္မနိယာမကို သတိပြုမိခြင်းပါ။ "ဓမ္မံ သရဏံ ဂစ္ဆာမိ" ပါဘုရား။

ဘာသာရေး အစွန်းရောက်သူတို့ရဲ့ အကြမ်းဖက်ဝါဒသည် ဒေါသကို အခြေခံ၍။ ငြိမ်းချမ်းရေးကို လိုလားလျက် အချင်းချင်း ချစ်ခင်ရင်းနှီးစွာ နေလိုသော မိတ်ကောင်းဝါဒသည် မေတ္တာကို အခြေခံထားသည် ဖြစ်သောကြောင့် "လူအချင်းချင်း၊ နှိပ်စက်ခြင်း (သတ်ဖြတ်ခြင်း)၊ ကင်းရှင်းကြပါစေ" ဆိုတဲ့ မေတ္တာတရားကို ပို့လွှတ်လျက် လူသားအချင်းချင်း ခွင့်လွှတ်နိုင်သော မေတ္တာစိတ်များကို မွေးမြူနိုင်ကြဖို့ပါ။

အကယ်၍သာ သမိုင်းဖြစ်ရပ်များ၌ ဗိုင်းရပ်စ်ပိုး အကိုက်ခံထားရသော သမိုင်းအကြောင်းအချက်အလက်များကို သမိုင်းဖြစ်ရပ်မှန်များနှင့် အချိန်မီ အစားမထိုးနိုင်ခဲ့လျှင် နောင်းခေတ်လူတို့ အဘယ်ကဲ့သို့ အစားထိုး၍ ဖတ်ကြမည်ကို မသိနိုင်၍ ဤဆောင်းပါးကို ရေးသားခြင်းဖြစ်တယ်။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## ပြင်ချင်ပေမဲ့ ပြင်မရနိုင်သေးတဲ့ မြန်မာနိုင်ငံပညာရေး

တိုင်းပြည်တစ်ပြည်မှာ စနစ်တစ်ခုကနေ စနစ်တစ်ခုဆီသို့ စနစ်တကျ အသွင်းကူးပြောင်းနိုင်ဖို့ဆိုတာ လွယ်ကူလှတဲ့အရာတော့ မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် အသွင်ကူးပြောင်းရေး ကာလမှာ လိုအပ်ချက်တွေက များပြားစွာရှိနေသလို အရေးတကြီး ပြုပြင်ပြောင်းလဲသင့်တဲ့အရာတွေကလည်း များစွာရှိနေခြင်းကြောင့်ဖြစ်တယ်။

တိုင်းပြည်တည်ငြိမ်ရေး၊ ဥပဒေစိုးမိုးရေး၊ စီးပွားကောင်းမွန်ရေး၊ ပြည်သူ၊ ပြည်သားများရဲ့ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ လူနေမှုဘဝများ တည်ငြိမ်အေးချမ်းရေးစတဲ့ အရေးတွေက များလွန်းနေတာကြောင့် တိုင်းပြည်ကို ဘယ်ကစ၍ ပြင်ရမည်ဆိုတာကိုပင် မသိနိုင်အောင် ဖြစ်နေခြင်းပါ။ သို့သော် ဒီအရေးတွေကို စနစ်တကျ ဖြေရှင်းနိုင်ဖို့ အရေးအကြီးဆုံးထဲက အရေးကြီးဆုံးနှင့် အမြန်ဆုံး ပြုပြင်ပြောင်းလဲသင့်တဲ့အချက်ဟာ ပညာရေးဖြစ်တယ်။ ပညာရေးဟာ အရေးကြီးသော အခန်းကဏ္ဍ၌ ပါဝင်နေလျှင် ထိုပညာရေးဝါဒကို အလျှင်အမြန် ပြုပြင်ပြောင်းလဲပေးဖို့ ဘယ်သူမှာ တာဝန်ရှိသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်တဲ့ပညာရေးစနစ်ကို တိုင်းပြည်အတွက် အလျင်အမြန် ပြဋ္ဌာန်းပေးဖို့ တာဝန်ဟာ နိုင်ငံတော်ရဲ့တာဝန်ဖြစ်တယ်။

ဤသို့ဆိုလျှင် တိုင်းပြည်ကြီး တည်ငြိမ်ပြီး အေးချမ်းနိုင်ဖို့၊ အေးချမ်းပြီး တိုးတက်နိုင်ဖို့၊ တိုးတက်ပြီး တိုင်းပြု၊ ပြည်ပြု လုပ်ငန်းများကို အင်နဲ့အားနဲ့ပြုလုပ်နိုင်ဖို့ ပညာရေးမူဝါဒများကို နိုင်ငံတော်က တိုင်းပြည်အတွက် မည်၍မည်မျှ ချမှတ်ထားပြီးပြီလဲ။ ပညာရေးကို ဗဟိုမဏ္ဍိုင်ပြုလျက် တိုင်းပြည်တစ်ပြည်ရဲ့ အခြေခံအုတ်မြစ်ကို မည်၍မည်မျှ ခိုင်မာအောင် ချထားပြီးပြီလဲ စသည်ဖြင့် မေးစရာ မေးခွန်းတွေကလည်း များလှတယ်။

၂၀၁၁-ခုနှစ်၊ နှစ်ဦးပိုင်းထဲက တိုင်းပြည်ကို အသွင်ကူးပြောင်းနိုင်ဖို့၊ ပြည်သူတွေကို ဆင်းရဲကျပ်တည်းသော ဘဝများထဲမှ လွန်မြောက်နိုင်ဖို့၊ နိုင်ငံတကာနှင့် ဝင်ဆန့်နိုင်ဖို့ စတဲ့ အရေးတွေနှင့် နိုင်ငံရဲ့အုပ်ချုပ်ရေးစနစ်ကို ဒီမိုကရေစီအသွင်နှင့် အုပ်ချုပ်ခဲ့တယ်။ ထိုကြောင့် တိုင်းပြည်ကြီး အထိုက်အလျောက် တိုးတက်နေတာကိုတော့ မြင်ရပါတယ်။ ဥပမာ၊ ပြည်သူအများစု မသစ်တသစ် (used car) ကားများကို ပြည်သူတွေ စီးလာနိုင်တာတွေ၊ လူတိုင်းနီးနီး တယ်လီဖုန်းတွေ ကိုင်လာနိုင်တာတွေ၊ ပုဂ္ဂလိကအထက်တန်းကျောင်းတွေ၊ ကောလိပ်၊ တက္ကသိုလ်ကျောင်းတွေ မြို့ကြီးပြကြီးတွေမှာ ဖွင့်လှစ်လာနိုင်တာတွေ၊ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ ကောလိပ်အချို့၊ တက္ကသိုလ်အချို့နှင့် နိုင်ငံခြားမှာရှိတဲ့ ကောလိပ်အချို့၊ တက္ကသိုလ်အချို့တို့ အယ်မ် အို ယူ (MOU - A memorandum of understanding) လက်မှတ်ရေးထိုးနိုင်တာတွေ၊ ဒီအထိ တိုးတက်ပြောင်းလဲရေး ဖြစ်စဉ်များကို တွေ့နေရတယ်။



အယ်မ် အို ယူ (MOU) လက်မှတ်ထိုးတယ်ဆိုတာ အကျိုးတူစီးပွားလုပ်ငန်းများ၊ သို့မဟုတ် အကျိုးတူ ပညာရေးဆိုင်ရာ လုပ်ငန်းများအတွက် တရားဝင် သဘောတူညီမှု ဖြစ်နိုင်စေရန် ကုမ္ပဏီအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ သို့မဟုတ် တက္ကသိုလ်ကျောင်းအချင်းချင်း အကူညီများ ပေးနိုင်ဖို့ အပြန်အလှန် သဘောတူစာချုပ်လွှာကို နှစ်ဖက်လက်မှတ်ရေးထိုးတာကို MOU ထိုးတယ်လို့ ပြောဆိုကြတယ်။

ဤကဲ့သို့သော အခြေအနေများကိုသာ ကွက်ကြည့်မယ်ဆိုလျှင် တိုင်းပြည်ကြီး တိုးတက်နေပြီလို့ ဆိုကောင်းဆိုနိုင်တယ်။ သို့သော် လူအနည်းစုသာ ခံစားနိုင်ခွင့်ရှိတဲ့ ဒီလိုအခြေအနေမျိုးလောက် ကိုသာ နိုင်ငံတော်အစိုးရမှ ပညာရေးမူဝါဒများကို စံနမူနာအဖြစ် ပြဋ္ဌာန်းထားတယ်ဆိုလျှင် ၁၃၀၀ ပြည့် ကျောင်းသားသပိတ် အရေးတော်ပုံမျိုး နောက်ထပ် တိုင်းပြည်တွင်းမှာ ပေါ်ပေါက်လာနိုင်၍ "ဉာဏ်ရှိယောက်ျား၊ မှားလတ်သောခါ၊ ဆေးလွန်နာကို၊ ဆရာနောက်ဆက်၊ အကုခက်၏" အဖြစ်မျိုးသို့ မရောက်ရလေအောင် သမိုင်းကြောင်းဖြစ်စဉ်များကို ပြန်လည်၍ သုံးသပ်ဆင်ခြင်နိုင်ကြဖို့ပါ။

ချမ်းသာသူများသာ တက်ရောက်နိုင်တဲ့ ပုဂ္ဂလိက အထက်တန်းကျောင်းများ၊ ကောလိပ်ကျောင်းများ၊ တက္ကသိုလ်ကျောင်းများသည် အီလိ(တ်) (Elite) လို့ ခေါ်နိုင်တဲ့ ငွေကြေးတတ်နိုင်သူများသာ တက်ရောက်နိုင်တဲ့ နိုင်ငံတကာနှင့် ဆက်စပ်ထားတဲ့ ပညာရေးစနစ်မျိုးဖြစ်နေပေမဲ့ လူတန်းစား ကွာဟနေမှုများကို ပိုမို၍ ဆိုးရွားသွားစေနိုင်တဲ့ စနစ်မမှန်တဲ့ ပညာရေးစနစ်မျိုး ဖြစ်သွားနိုင်တာကြောင့် ပြန်လည်စဉ်းစားဆင်ခြင်သင့်တယ်။ ပုဂ္ဂလိကအထက်တန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



များ၊ ပုဂ္ဂလိကကောလိပ်ကျောင်းများ ဖွင့်လှစ်ပေးလိုက်ခြင်းဟာ တိုင်းပြည်အတွက် ကောင်းပါတယ်။ သို့သော် အခြေခံလူတန်းစားများနှင့် ဆင်းရဲသားများ၏ ကလေးငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်သော ကျောင်းမျိုးမဟုတ်၍ တိုင်းပြည်တည်ငြိမ်တိုးတက်ရေးအတွက် မူဝါဒကောင်းမွန်သော ပညာရေးစနစ်မျိုးဖြင့် ဖွင့်လှစ်ပေးသော ကျောင်းမျိုးကိုလည်း ဆင်းရဲသား ကျောင်းသား၊ ကျောင်းသူများအတွက် ခေတ်စနစ်နှင့်ညီသော ကျောင်းမျိုးကိုလည်း နိုင်ငံတော်မှ ဖွင့်ပေးသင့်တယ်။

ပညာရေးမူဝါဒများနှင့်ပတ်သက်၍ အနာဂတ်မြန်မာနိုင်ငံတော်အတွက် အချက် (၃)ချက်ကို တောင်းဆိုခဲ့ဖူးတယ်။ အဲဒီအချက်တွေကတော့ - (၁) ဖရီး အက်ဂျူကေးရှင်း (Free Education) - အခမဲ့ ပညာရေး၊ (၂) နိုး ကျူရှင် (No Tution) - ကျူရှင်မလိုတဲ့ ပညာရေးနှင့် (၃) ကွန်ပါလစရီ အက်ဂျူကေးရှင်း (Compulsory Education) - မသင်မနေရ ပညာရေးတို့ဖြစ်တယ်။

အဲဒီသုံးမျိုးထဲမှ နံပါတ် (၁) ဖြစ်တဲ့ အခမဲ့ပညာရေးမူဝါဒကို ပြဋ္ဌာန်းပေးဖို့ တောင်းဆိုနေခဲ့ရာ ဆန္ဒတွေ့စ်ခုတော့ ပြည့်သွားပြီလို့ ဆိုရမယ်။ အဘယ်ကြောင့်ဆိုသော် ယခု ပညာသင်နှစ် (၂၀၁၅-၂၀၁၆-ခုနှစ်)တွင် အခမဲ့ပညာရေးစနစ်ကို အခြေခံပညာဆယ်တန်းအထိ နိုင်ငံတော်မှ ပြဋ္ဌာန်းပေးထားတာကို တွေ့ရတယ်။ ဒီအတွက် အတူးဝမ်းသာမိတယ်။ ပြည်သူ၊ ပြည်သားများကိုယ်စား၊ ကျောင်းသား၊ ကျောင်းသူများကိုယ်စား နိုင်ငံတော်အား ကျေးဇူးတင်နေမိတယ်။

သို့သော် ကျူရှင်မလိုတဲ့ ပညာရေးစနစ်မျိုးဖြစ်လာနိုင်ဖို့ နိုင်ငံတော်အစိုးရမှ (ယခုစာရေးနေတဲ့ အချိန်အထိ) ပညာရေးမူဝါဒများနှင့်



ပတ်သက်၍ ချမှတ်ပေးထားနိုင်ခဲ့သော ဘာမူ၊ ဘာစည်းကမ်းမှ မတွေ့ရသေးပါ။ ကျူရှင်မလိုသော ပညာရေးစနစ်ဆီသို့ ရောက်အောင် ဆောင်ရွက်ပေးလိုတယ်ဆိုလျှင် ပညာရေးမူဝါဒများကို ခေတ်စနစ်နှင့် ညီအောင် ချမှတ်ပေးရမှာဖြစ်တယ်။ ဥပမာ၊ ဆရာ၊ ဆရာမများ၏ လစာများကို သင့်တင့်လျှောက်ပတ်အောင် ထိန်းညှိပေးခြင်း၊ ဆရာ၊ ဆရာမများအား ခေတ်မီ သင်ကြားနည်းစနည်းများ (ဥပမာ စီစီအေ (CCA)လို့ခေါ်တဲ့ ကလေးဗဟိုပြုချဉ်းကပ်နည်းဖြစ်သော သင်ကြားနည်းစနစ်များ) နှင့် ရင်းနှီးကျွမ်းကျင်မှုရှိအောင် မွမ်းမံ (ထရိန်နင်) သင်တန်းများကို ဆိုက်တိုက်ပို့ချပေးခြင်း၊ စာသင်ကြားရာ၌ မေးဖြေပြုလုပ်၍ဖြစ်စေ၊ ပရိုဂျက်များကို အုပ်စုဖွဲ့လျက် ပြုလုပ်ခိုင်း၍ဖြစ်စေ သင်ကြားပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် စာကြည့်တိုက်များသို့ သွားရောက်၍ ဆရာ၊ ဆရာမများမပါဘဲ ပညာရပ်များကို ကိုယ်တိုင်လေ့လာ သင်ကြားနိုင်ပြီး လေ့လာသိရှိမှုများကို အတန်းရှေ့သို့ထွက်၍ ရှင်းလင်းပြောဆိုနိုင်ခြင်း ဤသို့စသည်ဖြင့် စီမံဆောင်ရွက်ပေးရမှာဖြစ်တယ်။

နိုင်ငံတော်အစိုးရမှ ပညာရေးမူဝါဒများကို ချမှတ်ပေးရာတွင် ကျောင်းနေရမည့်အရွယ်ဖြစ်သည့် ၁၈-နှစ်အရွယ်အထိ ကျောင်းဖွင့်ချိန်များ၌ ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းစာသင်ခန်းများအတွင်း၌သာ အတူတကွ ရှိနေရမှာဖြစ်တယ်။ ထိုသို့ဖြစ်အောင်လည်း နိုင်ငံတော်မှ တင်းကျပ်သော မူဝါဒများကို ဥပဒေပြု၍ ပြဋ္ဌာန်းပေးရမှာဖြစ်တယ်။ ပညာရေးမူဝါဒများကိုလည်း အကောင်အထည်ဖေါ်နိုင်အောင် ဆောင်ရွက်ပေးရမှာဖြစ်တယ်။ ဥပမာ၊ အချို့သော ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းပျက်ကွက်မှုများ နှစ်ခါ၊

www.burmeseclassic.com

www.burmeseclassic.com



သုံးခါရှိနေပြီ၍ ဆရာ၊ ဆရာမများမှ ကျောင်းသား၊ ကျောင်းသူမိဘများကို တိုင်ကြားစာပို့ခဲ့သော် မိမိတို့ရဲ့ သားသမီးများကို ကျောင်းသို့ပို့ဆောင်ပေးရမှာဖြစ်တယ်။ တိုင်စာပို့ပါလျက် ကျောင်းသား၊ ကျောင်းသူမိဘများမှ ကူညီဆောင်ရွက် ပေးခြင်းမရှိခဲ့သော် ထိုမိဘများအား ဒဏ်ငွေရိုက်ခြင်း၊ သို့မဟုတ် ပြစ်ဒဏ်ပေးသည့်အနေနှင့် ရက်တိုထောင်ဒဏ် ချမှတ်ခြင်းမျိုးကို ပြုလုပ်ပေးရမှာဖြစ်တယ်။ ထိုသို့ပြုလုပ်နိုင်ရန်လည်း ကျောင်းသား၊ မိဘများနှင့် ဆရာ၊ ဆရာမများကို ကြိုတင်၍ အသိပေးပြောကြားထားရမှာ ဖြစ်တယ်။

ထိုကဲ့သို့ ဥပဒေဖြင့် စနစ်တကျပြဋ္ဌာန်းပေးခဲ့မည်ဆိုလျှင် မြန်မာနိုင်ငံတွင် မကြာခဏဆိုသလို ပြဿနာများတက်နေသော ကလေးစစ်သားပြဿနာ၊ ကလေးအလုပ်သမားပြဿနာ၊ လမ်းတကာ၊ အိမ်တကာ လှည့်လည်၍ တောင်းရမ်းစားသောက်နေရသော ကလေးသူငယ်များပြဿနာ၊ ပညာရေးကဏ္ဍ၌ လူမျိုးကြီးဝါဒရှိသူတို့က လူမျိုးစုငယ်များအပေါ်၌ ပညာရေးနှင့်ပတ်သက်၍ နှိမ်ထားတယ်ဆိုတဲ့ လွဲမှားနေတဲ့ အထင်အမြင်များ စတဲ့ ဒီပြဿနာတွေအားလုံးဟာ (တစ်ချက်ခုတ် ဆယ်ချက်ပြတ် အသွင်မျိုးဖြင့်) ရှင်းလင်းသွားစေမှာဖြစ်တယ်။

ထိုကြောင့် မသင်မနေရ ပညာရေးစနစ်သည် ဆင်းရဲနွမ်းပါးသော ကျောင်းသားမိဘများအတွက် အရေးကြီးလှသလို၊ နိုင်ငံတော်အတွက်လည်း အရေးကြီးလှတယ်။ တိုင်းပြည်နှင့်လူမျိုး တိုးတက်နိုင်ဖို့ ပြည်နယ်နှင့်ပြည်မ အချိုးညီမျှစွာဖြစ်ပြီး နားလည်မှုများ၊ ချစ်ခင်သွေးစည်းမှုများကို ပိုမို၍ ရစေနိုင်မှာဖြစ်တယ်။ တိုင်းပြည်မှပေးသော အခြေခံပညာရေးကို လူတိုင်းနီးနီး (ရာခိုင်နှုန်း ပြည့်နီးနီး) ရစေနိုင်ဖို့



ကျူးရှင်မလိုတဲ့ပညာရေးနှင့် မသင်မနေရ ပညာရေးစနစ်ဆီသို့ အရောက်လှမ်းနိုင်ရန် တိုက်တွန်းအကြံပြုလိုက်ခြင်းဖြစ်တယ်။ သို့သော် ပညာရေးမူဝါဒများကို အမြန်ပြဋ္ဌာန်းပေးခြင်း၊ မပေးခြင်းဆိုတဲ့ အစ်ရှူးကမူ အစိုးရရဲ့စေတနာနှင့် ပြည်သူတို့ရဲ့ ကံကြမ္မာလို့ ဆိုရမှာဖြစ်တယ်။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## ပညာရေးပေါ်လစီ ပြောင်းလဲဖို့ ဘာတွေက အဟန့်အတားဖြစ်နေသနည်း

ယနေ့ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်သည် မရေရာတဲ့ လမ်းခုလပ်မှာပဲ တည်ရှိနေဆဲဖြစ်တယ်။ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းနိုင်ဖို့ ဒီမိုကရေစီအစိုးရတက်လာကတည်းက အားပေးတိုက်တွန်းခဲ့တာဖြစ်သော်လည်း ပညာရေးမူဝါဒများ ပြုပြင်ပြောင်းလဲနိုင်ရန် နှေးကွေးလွန်းနေ၍ ပြည်သူ၊ ပြည်သားများ အားမနရနိုင်အောင် ဖြစ်နေတယ်။ ပညာရေးမူဝါဒများ ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် ဘာတွေက အဟန့်အတားတွေ ဖြစ်နေသနည်း။ ဘယ်သူတွေက အဟန့်အတားတွေ ပြုလုပ်နေသနည်း။ ပြည်သူ၊ ပြည်သားတွေ မေးပေါင်းများလှတဲ့မေးခွန်းပါ။ အဖြေကား ဝေဝါးနေဆဲ။

ဒီမိုကရေစီခေတ်စနစ်နှင့်အညီ ပညာရေးမူဝါဒများကို အမြန်ဆုံး ပြုပြင်ပြောင်းလဲ ပေးစေလိုတဲ့သူတွေက ပြည်သူတွေ။ ပြောင်းလဲပေးနိုင်တဲ့ အစွမ်းရှိသူတွေက ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးကဏ္ဍမှာ အလုပ်လုပ်နေကြတဲ့ ပါဝါရှိသူတွေ။ ဒီတော့ ပညာရေးမူဝါဒများ ပြုပြင်ပြောင်းလဲရေးမှာ အမြီးအမောက် မတည့်နိုင်အောင် ဖြစ်နေတယ်။



ဒီမိုကရေစီစနစ်မှာ (သီအိုရီသဘောအရ) ပြည်သူတွေက ပါဝါရှိတယ်ဆိုပေမဲ့၊ လက်တွေ့ဘဝမှာ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် အရာခပ်သိမ်း ပါဝါမဲ့နေသူတွေဖြစ်တယ်။ ပညာရေးဆိုတာ တိုင်းပြည်ရဲ့အသဲနှလုံးလို့ အများကဆိုထားကြပေမဲ့ မြန်မာနိုင်ငံရေးရဲ့ ပညာရေးဟာ (ပညာရေးပြုပြင်ပြောင်လဲဖို့အတွက်) သံမဏိ အသဲနှလုံးလို မာကျောနေတဲ့သဘောမှာ ရှိနေတယ်။ အမှန်တကယ်မှာမူ ပညာရေးမူဝါဒတွေ အပြောင်းအလဲ မပြုလုပ်နိုင်ဘဲ ကြန့်ကြာလွန်းနေ၍ တကယ်တန်း နစ်နာနေသူတွေက ပြည်သူတွေ။ နောက်ပြီး ပြည်သူတွေချစ်တဲ့ ဒီတိုင်းပြည်ကြီး။

ယနေ့ ခေတ်သစ်ကမ္ဘာရဲ့ ပညာရေးမူဝါဒများသည် ကောင်းသည်ထက်ကောင်းအောင် သုတေသနများ ပြုလုပ်ထားကြပြီးဖြစ်၍ ပညာရေးနှင့်ပတ်သက်လာလျှင် အဖြေရှာဖို့ရာ မခက်ခဲသော အနေအထားမျိုးမှာ ရှိနေတယ်။ ပညာရေးမူဝါဒများ ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ အင်ဖောင်းမေးရှင်း (information) သတင်းအချက်အလက်များကို ရယူလိုလျှင် လွယ်လွယ်ကူကူနှင့်ပင် ရယူနိုင်ပါတယ်။ တိုးတက်ပြီး နိုင်ငံများမှာ ကျင့်သုံးနေသော ပညာရေးသုတေသနပြုချက်များကို ရယူပါလိုလျှင်လည်း ပညာရေးဆိုင်ရာ ဝက်ဘ်ဆိုက်များမှလည်းကောင်း၊ ပညာရေးဆိုင်ရာ သုတေသနစာတမ်းများမှလည်းကောင်း ရယူနိုင်တယ်။ အရေးကြီးတာက ရိုးသားဖြောင့်မတ်ဖို့ပါ။ မိမိနိုင်ငံအတွက် ဘယ်နိုင်ငံရဲ့ ပညာရေးမူဝါဒများကို နည်းယူကျင့်သုံး

www.burmeseclassic.com

www.burmeseclassic.com



လျှင် သင့်တော်မလဲ။ သို့မဟုတ် ဘယ်နိုင်ငံရဲ့ ပညာရေးမူဝါဒများကို နည်းမှီ၍ အသုံးပြုလျှင် ကျောင်းသား၊ ကျောင်းသူများအတွက် ပိုမို အကျိုးများနိုင်မလဲ။ ဒါတွေကို စဉ်းစားပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနှင့် ဆီလျော်နိုင်တဲ့ ပညာရေးမူဝါဒ များကို ခေတ်စနစ်နှင့်ညီတဲ့ ပြဋ္ဌာန်းပေး နိုင်ကြဖို့ပါ။

အခက်အခဲဆိုတာ နေရာတိုင်းမှာ ရှိနိုင်ခြင်းပါ။ သို့သော် နိုင်ငံနှင့် လူမျိုးအတွက် ပေးဆပ်လိုတဲ့စိတ်ထား၊ ပြုလုပ်ပေးလိုတဲ့ ထက်သန်တဲ့စေတနာ ဒီလိုစိတ်ဓာတ်တွေ ရှင်သန်နေပါမှ ပညာရေးမှာ ပြုပြင်ပြောင်းလဲပေးခြင်းဆိုတဲ့ အကျိုးရလာဒ်တွေ ရရှိလာနိုင်မှာ ဖြစ်တယ်။ သို့သော် ထိုသို့ပြောင်းလဲပေးရာ၌ လိုအပ်ချက်တွေကတော့ အနည်းနှင့်အများဆိုသလို ရှိနေနိုင်ခြင်းပါ။ ထို့ကြောင့် အမှားနည်း နိုင်သမျှ နည်းအောင် ဆွေးနွေးသင့်သူများနှင့် ဆွေးနွေးရမယ်။ ပူးပေါင်း သင့်သူများနှင့် ပူပေါင်းရမယ်။ အကြံဉာဏ် ယူသင့်သူများထံမှ ယူရ ပါမယ်။ "ကိုယ့်သမိုင်းကို ကိုယ်ရေးကြသည်"ဟူသော သီအိုရီ သဘောအရ ယခုအချိန်သည် ပညာရေး မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲ ရေး၌ တာဝန်ရှိသူများ ကိုယ့်သမိုင်းကို ကိုယ်ရေးသားနိုင်ရန် အကောင်းဆုံးသော အချိန်အခါမျိုးဖြစ်တယ်။

ယခုလက်ရှိ မြန်မာနိုင်ငံတော်ရဲ့ ပညာရေးစနစ်သည် "ဆုပ် လည်းစူး၊ စားလည်းရှူး"ဆိုတဲ့ အခြေအနေမျိုးသို့ ရောက်ရှိနေတယ်။ ဆိုလိုတာက မပြုပြင်ပဲ ဆက်လက်၍ ထားလို့လည်းမရ၊ ပြောင်းလဲ မယ် ဆိုပြန်တော့လည်း ဘယ်ပုံဘယ်နည်းဖြင့် ပြောင်းလဲနိုင်မယ် ဆိုတာက မရေရာသေး။ ဘာတွေကြောင့်များ ပညာရေးမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၌ ဒီလောက်ကြီးများ ကြန့်ကြာနေရသနည်း။



စာရေးသူ၏ သဘောဆန္ဒကို ပြောရမယ်ဆိုလျှင် ပညာရေး မူဝါဒများ ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် လွယ်ရာကစပြီး ပြုပြင်သင့် တယ်လို့ထင်တယ်။ အကုန်လုံး တပြိုင်နက်ထဲ ပြုပြင်လျှင် ခက်ခဲနိုင် တယ်။ မူဝါဒရေးရာအရရော၊ ပညာရှင်များအားလုံး သဘောတူနိုင်ဖို့ အနေအထားတစ်ခုအရရော မလွယ်ကူနိုင်ပါ။ အချို့သောကိစ္စမျိုး၌ ပြည်သူများ၏သဘောဆန္ဒကို လျှစ်လျူရှုလို၍တော့ မဟုတ်ပါ ပညာရှင်များသာ ဆောင်ရွက်သင့်တဲ့၊ ဆောင်ရွက်နိုင်တဲ့ကိစ္စမျိုးတွေ၌ ပညာရှင်များက တိုင်းပြည်နှင့်လူမျိုးအတွက် (စေတနာထားလျက်) စနစ်တကျ ဒီဘိတ်လုပ်၍ ထိုမှထွက်ပေါ်လာသော အကျိုးရလာဘ် များကို နိုင်ငံတော်ပညာရေးအဖွဲ့က ပြန်လည်သုံးသပ်၍ ပညာရေး မူဝါဒများကို အတည်ပြုပြဋ္ဌာန်းပေးသင့်ခြင်းပါ။ ဥပမာ၊ တိုင်းရင်းသား များအတွက် ဘာသာရပ်အားလုံးကို အမိဘာသာစကားဖြင့် ပြဋ္ဌာန်း ပေးသင့်၊ မသင့်။ သို့မဟုတ် သမိုင်းလိုဘာသာရပ်များ၊ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုလို ပညာရပ်မျိုးကိုသာ သက်ဆိုင်ရာ တိုင်းရင်းဘာသာဖြင့်သာ ပြဋ္ဌာန်းပေးသင့်၊ မပေးသင့် ပညာရှင်များ ဒီဘိတ်လုပ်နိုင်ကြဖို့ပါ။

စာရေးသူအတွေ့အကြုံအရတော့ နိုင်ငံတော်က ရုံးသုံး ဘာသာစကားဖြင့် ပြဋ္ဌာန်းထားသော ဘာသာစကားမျိုးကို မသင်ယူဘဲ ကိုယ်ပိုင်တိုင်းရင်းဘာသာ စကားကိုသာ သင်ယူနိုင်တဲ့ နိုင်ငံမျိုး စာရေးသူ ရောက်ဖူးသော နိုင်ငံများထဲတွင် ယနေ့အထိ မတွေ့ကြုံဖူး သေးပါ။

ပညာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲပေးရာ၌ အခြေခံက ကျ၍ ပြင်ဆင်လျှင် လွယ်ကူနိုင်ပြီး၊ အကျိုးများလည်း အလျှင်အမြန်

www.burmeseclassic.com

www.burmeseclassic.com



သက်ရောက်လာနိုင်ခြင်းပါ။ ဥပမာ၊ အခြေခံမူလတန်းမှစ၍ တဖြေးဖြေးချင်း ပြုပြင်လာတဲ့ နည်းစနစ်မျိုးပါ။ ဒီနည်းမှာ မူလတန်းရဲ့ ပညာရေးစနစ်ကို ပြင်ဆင်ပြီး၊ အကျိုးသက်ရောက်မှုများ ဖြစ်လာတဲ့အချိန်မှာ အလယ်တန်းကိုပြင်၊ ထိုနောက် အထက်တန်းကို ဆက်လက်ပြင်နိုင်ဖို့ပါ။

ပြင်တာတော့ ဟုတ်ပါပြီ။ ဘယ်မှာလဲ ပြဋ္ဌာန်းစာအုပ်တွေကို ရိုက်နှိပ်ဖို့ ဘတ်ချက်။ မေးသူများလည်း ရှိလာနိုင်ခြင်းပါ။ တကယ်တော့ ပြဋ္ဌာန်းစာအုပ်တွေကို ရိုက်နှိပ်ဖို့အတွက် ဘတ်ချက်က အလျှင်အမြန် မလိုအပ်သေးပါ။ အဘယ့်ကြောင့်ဆိုသော် ပညာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲသင့်သည်ဆိုရာ၌ ပြဋ္ဌာန်းစာအုပ်များကို ချက်ချင်းလက်ငင်း ပြုပြင်ပြောင်းလဲရန် မလိုသေးပဲ သင်ကြားနည်းစနစ်များကိုသာ စတင်၍ ပြုပြင် ပြောင်းလဲပေးနိုင်ရန် ပြည်သူများက တောင်းဆိုနေခြင်းပါ။ စနစ်တစ်ခု အချိုးကျလာတဲ့အခါမှသာ ပညာရှင်အဖွဲ့ဖွဲ့၍ ပြဋ္ဌာန်းစာအုပ်များကို ပြောင်းလဲပေးကြရမှာဖြစ်တယ်။

ဥပမာ၊ ခေတ်သစ်စာသင်ကြားနည်းစနစ်လို့ အများလက်ခံထားတဲ့ TCA နည်းနှင့် CCA နည်းကို စနစ်တကျဖြစ်အောင် သင်ကြားပေးနိုင်ပြီဆိုပါတော့ ထိုစနစ်နှင့်လျော်ညီတဲ့ ပြဋ္ဌာန်းစာအုပ်များကို ရေးဆွဲပြဋ္ဌာန်း ပေးကြရမှာပါ။ ထိုနည်းနှစ်နည်းရဲ့ အားနည်းချက်၊ အာသာချက်များကို နိုင်ငံတော်မှ ကြီးမှူးပြီး ပြုလုပ်ပေးတဲ့ ဒီဘိတ်မျိုး ရှိဖူးတယ်လို့ ယနေ့အထိ မကြားမိသေးပါ။

နိုင်ငံတော်အဆင့်၊ သို့မဟုတ် နိုင်ငံတကာအဆင့် ဒီဘိတ်လုပ်တဲ့အခါ နိုင်ငံတော်ပိုင် တီဗွီ မီဒီယာ ချန်နယ်လ်တစ်ခုကို အသုံးပြု၍ ပြည်သူများအား သိစေခြင်းပါ။ ဆိုလိုတာက မိမိတို့နေရပ်အသီးသီးကနေ ပြည်သူများ ရှုကြည့်နိုင်အောင် စီစဉ်ပေးနိုင်ဖို့ပါ။



ပညာရေး ပြုပြင်ပြောင်းလဲပေးရေးမှာ ထိုသို့သော အကြောင်းများ ရှိနေခြင်းကြောင့် ကျောင်းသားကိုင် ပြဋ္ဌာန်းစာအုပ်များကို ချက်ချင်းလက်ငင်းကြီး အသစ်ပြောင်းလဲရန် မလိုသေးပဲ၊ သင်ကြားစနစ်ကို ခိုင်လုံ ကောင်းမွန်လာတဲ့အခါမှ ပြဋ္ဌာန်းစာအုပ်များ ပြောင်းလဲပေးသင့်ကြောင်း စာရေးသူရဲ့ သဘောထားအမြင်ကို ရေးသားခြင်းဖြစ်တယ်။ ဆိုလိုတာက ကျက်မှတ်နည်းများကိုသာ ဆက်တိုက်ဆိုသလို အသုံးမပြုဘဲ ဆရာနှင့်တပည့်များအကြား အမေးအဖြေပြုလုပ်၍ သင်ခန်းစာများကို သင်ကြားပေးသော သင်ကြားနည်းစနစ်များ၊ ကျောင်းသားများအား ပရိုဂျက်လုပ်ခိုင်း၍ သင်ကြားပေးသော သင်ကြားနည်းစနစ်များ၊ အလုပ်ခွင်များ၊ အလုပ်ရုံများ၊ အလုပ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် သွားရောက်၍ သင်ကြားလေ့လာ ရသောနည်းစနစ်များ၊ ဒီလိုစနစ်များ အကောင်အထည်ပေါ်လာအောင် အထက်ဖော်ပြပါ ပညာရေးမူဝါဒများကို ဦးစွာပေးအစီအစဉ်ဖြင့် ဆရာ၊ ဆရာမများအား နိုင်ငံတော်မှ ပြဋ္ဌာန်းပေးရမှာဖြစ်တယ်။

စာအများဆုံးရသော ကျောင်းသားကျောင်းသူများကိုသာ အမှတ်ပြည့်ပေးသော ပညာရေးစနစ်မျိုး မဖြစ်ရအောင် ဘာသာရပ်၌ ကြောင်းကျိုးဝေဖန်၍ စဉ်းစားနိုင်စွမ်းရှိသူ (Critical thinking ရှိသူ)၊ တည်ထွင်နိုင်စွမ်းရှိသူ (Creative talent ရှိသူ)၊ ကျက်မှတ်နိုင်စွမ်းရှိသူ (Memory tatent ရှိသူ)၊ ဤကဲ့သို့သော ကျောင်းသား၊ ကျောင်းသူများကို အချိုးတကျ အမှတ်ပေးသောစနစ်မျိုးကို အသုံးပြုစေခြင်းဖြင့် ပြုပြင်ပြောင်းလဲရန် ခက်ခဲနေသော မြန်မာနိုင်ငံရဲ့ပညာရေးမူဝါဒများအတွက် ယခုမှ စတင်၍ ပြုပြင်ပေးခြင်းဖြင့် အကျိုး ရလဒ်ကောင်းများ ရရှိလာနိုင်လိမ့်မည်ဟု မျှော်လင့်မိခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ယခုလက်ရှိကျင့်သုံးနေသော ပညာရေးစနစ်သည် တိုင်းပြည်နှင့်လူမျိုးအတွက် နစ်နာနေရုံမျှမက၊ ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ဝမ်းနည်းဖွယ်ကောင်းနေခြင်းပါ။ စာရေးသူရောက်ဖူးသမျှသော နိုင်ငံများတွင် အထက်တန်းစာမေးပွဲကို (တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို) အကျအများဆုံးသောနိုင်ငံများထဲ၌ မြန်မာနိုင်ငံသည် ထိပ်ဆုံးမှ ပါဝင်နေသည်ကို တွေ့ရှိရခြင်းပါ။ မြန်မာနိုင်ငံ၏ ၂၀၁၃-၂၀၁၄-ခု၊ ပညာသင်နှစ်တွင် တစ်ပြည်လုံး တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများမှာ (၃၂) ရာခိုင်နှုန်းမျှသာ (၃၁.၆ ရာခိုင်နှုန်းသာ) ရှိခဲ့သည်ကို အမှတ်သတိများ ရနိုင်ကြဖို့ပါ။

"အစိုးရက စစ်ဆေးပေးခြင်းသည် (စာမေးပွဲများကို ပြုလုပ်ပေးခြင်းသည်) တစ်တိုင်းပြည်လုံးရှိ မျိုးဆက်သစ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဖြစ်ထွန်းမှုကို သိလို၍ စစ်ဆေးခြင်းသာဖြစ်ရမည်။ ဤအစိုးရစစ် စာမေးပွဲရလာဒ် တစ်ခုတည်းကို အခြေခံ၍ အတန်းတင်၊ အတန်းချ လုပ်ငန်းများအတွက် အသုံးမပြုသင့်၊ အတန်းတင်ခြင်း ချခြင်းကိစ္စအား နာရီပိုင်း၊ ရက်ပိုင်း (ဖြစ်နိုင်) အကဲဖြတ်စစ်ဆေးခြင်းဖြင့် ဆုံးဖြတ်၍ မသင့်၊ (ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် လက်တွေ့ ပညာရေးပြုပြင်ပြောင်းလဲမှုစာတမ်း၊ စာမျက်နှာ ၂၅) ဆိုတဲ့အဆိုကို လက်ခံအတည်ပြုမိခြင်းပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## ကောက်ကြောင်းပြန်လိုက်ထားသော မြန်မာနိုင်ငံပညာရေးစနစ်

ဧပြီလ ၁၈ ရက်နေ့က (၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက်) အခြေခံပညာအဆင့် Grade ၁ မှ Grade ၁၀ အထိ စာမေးပွဲအောင်စာရင်းများ သက်ဆိုင်ရာမှ ထုတ်ပြန်ခဲ့တယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချို့ကျောင်းများ၌ ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ထက်ဝက်နီးပါး ကျရှုံးခဲ့ပြီး၊ မန္တလေးတိုင်းဒေသကြီး အတွင်း၌လည်း အလားတူပင် ရှိခဲ့တယ်။ သတင်းများအရ ရန်ကုန်တိုင်းဒေသကြီးတွင် အဌမတန်း ဖြေဆိုအောင်မြင်သူ ၄၁ ရာခိုင်နှုန်းကျော် (၄၁.၃၂) ရှိခဲ့ပြီး၊ မန္တလေးတိုင်းဒေသကြီးတွင် အဌမတန်း ဖြေဆိုအောင်မြင်သူ ၄၀ ရာခိုင်နှုန်းကျော်သာ (၄၀.၈)ရှိခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့တယ်။

ဒီနှစ်အောင်စာရင်း ထုတ်ပြန်ထားပုံက ထူးခြားတယ်လို့ ဆိုနိုင်တယ်။ အောင်စာရင်းမှာ မပါဝင်တဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် သူတို့ကျရှုံးတဲ့ ဘာသာရပ်တွေကို ပြန်လည်ဖြေဆိုဖို့

www.burmeseclassic.com

www.burmeseclassic.com



စာရင်းနှင့်တကွ တစ်ပါတည်း ထုတ်ပြန်ကြေညာထားတာကို တွေ့ရတယ်။ စာမေးပွဲအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများ၏ မိဘများသည် အပျော်ကြီးပျော်နိုင်ကြသော်လည်း ကျရှုံးသော ကျောင်းသား၊ ကျောင်းသူတို့၏ မိဘများမှာတော့ စိတ်မကောင်းခြင်း များစွာ ဖြစ်ခဲ့ကြရတယ်။

စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲအောင်စာရင်းများကို အဆင့် Grade A Grade B Grade C နှင့် Grade D (ကျရှုံး) လို့ အဆင့်ဆင့်ခွဲထားပြီး Grade D အဆင့်ရှိသော ကျောင်းသား၊ ကျောင်းသူများကို ကျရှုံးဟု သတ်မှတ်ထားပြီး ပြန်ကုစားရမဲ့ ကျောင်းသား၊ ကျောင်းသူများအဖြစ် ဖေါ်ပြထားကို တွေ့ရတယ်။ (အမေရိကန်နိုင်ငံ ပညာရေးဆစ်စတမ် (Education System) မှာတော့ Grade D လို့ အအောင်ထားပြီး၊ Grade F ကို အကျထားတာကို တွေ့ရတယ်။) ကျရှုံးကျောင်းသား၊ ကျောင်းသူများသည် ဧပြီလ ၂၂ ရက်နေ့မှ ဧပြီလ ၂၉ ရက်နေ့အထိ သက်ဆိုင်ရာ ကျောင်းများအလိုက် ကုစားသင်ကြားမှုများကို ပြုလုပ်ပေးကြရမှာဖြစ်ပြီး မေလ ၁၄ ရက်မှ မေလ ၁၆ရက်နေ့အထိ ကျရှုံးဘာသာရပ်များကို တစ်နေ့လျှင် နှစ်ဘာသာနှုန်းဖြင့် ပြန်လည် ကုစားဖြေဆိုရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားထားတယ်လို့ သိရှိရတယ်။ ဒီစနစ်နှင့် ပတ်သက်၍ အားနည်းချက်များစွာ ရှိနေကြောင်းကိုလည်း ဝါရင့်ဆရာ၊ ဆရာမကြီးများရဲ့ ကွန်ပလိန်းတက်သံတွေကိုလည်း များစွာ ကြားသိနေရတယ်။

ယခုနှစ်၌ ၄တန်းနှင့် ၈တန်းအတွက် အသစ်ပြဌာန်းပေးလိုက်သော စာပေးပွဲစနစ်သည် စနစ်သစ်ဟု ဆိုရသော်လည်း စနစ်သစ်



မဟုတ်သော စနစ်တစ်ခု ဖြစ်နေတာကို တွေ့ရတယ်။ အဘယ့်ကြောင့် ဆိုသော် စနစ်ဟောင်းကို ကောက်ကြောင်းပြန်လိုက်ထားသော ပညာရေးမူဝါဒဆိုင်ရာ စနစ်တစ်ခုဖြစ်နေသောကြောင့် ဖြစ်တယ်။ ခွဲဗိုးပြောရသော် ဒီစနစ်ကို မဆလပါတီခေတ်က ကျင့်သုံးခဲ့ပြီးဖြစ်တယ်။ ဒီရှေးခေတ်ဟောင်း စာမေးပွဲစနစ်ဖြင့် ပညာရေးကို မြှင့်တင်ပေးခြင်းဆိုတဲ့ သီအိုရီသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အတွက်ရော၊ ဒီမိုကရေစီပညာရေးစနစ်နှင့်ပါ သဟာဇာတဖြစ်ဖို့ အတော်ခက်ခဲတဲ့ အနေအထားမျိုးမှာ ရှိနေတာကို တွေ့ရတယ်။ ထိုကြောင့် ဒီ (၄)တန်း၊ (၈)တန်းအတွက် အတန်းတင် စာမေးပွဲစနစ်နှင့်စပ်လျဉ်း၍ မေးစရာ မေးခွန်းတွေ၊ ဝေဖန်ဆွေးနွေးတင်ပြစရာတွေ များစွာရှိလာတယ်။

မူလတန်း၊ အလယ်တန်းများဖြစ်ကြတဲ့ (၄)တန်း (၈)တန်းများကို ပညာရေးအဆင့်အတန်းများ မြှင့်ပေးနိုင်ရန် ရည်ရွယ်၍ ရေရှည်၊ ရေတို အမြော်အမြင်မပါဘဲ စေတနာသက်သက်ဖြင့် ဒီအတန်းတင် စာမေးပွဲများကို မြို့နယ်စစ်၊ တိုင်းစစ်အဖြစ် ကျင့်သုံးလိုက်ခြင်းသည် မှားနေသော ပညာရေးမူဝါဒကို ကျားကန်ပေးလိုက်သလို ဖြစ်သွားခဲ့တယ်။ ဒီလို အမှားမကင်းတဲ့ လုပ်ရပ်မျိုးကို ပြုလုပ်လိုက်ကြတဲ့အတွက် ဆင်းရဲနွမ်းပါးသော ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဆင်းရဲသံသရာ ရှည်ကြာသွားစေဖို့ အကြောင်းတစ်ခု ဖြစ်သွားခဲ့ခြင်းပါ။

အကယ်၍သာ ပညာဝန်ကြီးနှင့် ပညာရေးဆိုင်ရာ အရှေ့ရှုယ်များသည် ညာတာစိတ်များ ရှိခဲ့မည်ဆိုလျှင် ကျောင်းသား၊ ကျောင်းသူများအတွက် များစွာမနစ်နာရအောင် မော်ဒရေးရှင်း (Mod-

www.burmeseclassic.com

www.burmeseclassic.com



eration) အလွန်အကျွံမဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်း ပြုလုပ်ပေးသင့်တယ်လို့ အထကကျောင်းအုပ်ဆရာမကြီး တစ်ယောက်က ထောက်ပြထားတယ်။ စိတ်ဝင်စားစရာပါ။ ဆရာမကြီး ပြောဆိုတင်ပြထားတာက "သူသာ သူတို့ဖြစ်ခဲ့မည်ဆိုလျှင် သူ့အနေနှင့် စာမေးပွဲ၌ တစ်ဘာသာ၊ သို့မဟုတ် နှစ်ဘာသာကျဆုံးသူများကို အောင်မှတ်ရအောင် ဆွဲတင်ပေးတာမျိုးကို ပြုလုပ်ပေးမှာဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် မှားယွင်းနေတဲ့ ပညာရေးစနစ်ကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေအတွက် ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ မိဘတွေကို စာနာမိလို့ ဖြစ်တယ်"တဲ့။

မှုမမှန်သောပညာရေးစနစ်ကြောင့် ကျောင်းသားအရေးအခင်းများ ဖြစ်ပေါ်လာခဲ့၍ နိုင်ငံခေါင်းဆောင်များသည် အခက်အခဲများကို ဖြေရှင်းပေးနေရသော ဒီလိုအချိန်အခါမျိုးမှာ ပညာရေးဝန်ကြီးနှင့် အထက်တန်းအရာရှိ လယ်ဗယ်များဖြစ်ကြသော ပညာရေးဝန်ထမ်းများသည် တိုင်းပြည်ခေါင်းဆောင်များ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများအပေါ်မှာ စာနာစိတ်များ ထားသင့်ခြင်းပါ။

ကျရှုံးကျောင်းသား၊ ကျောင်းသူများအတွက် ဒီလိုပြန်ကုစားသင်ကြားမှုအစီအစဉ်သည် ရှင်းမယောင်ယောင်နှင့် ပိုမိုရှုပ်ထွေးစေခြင်းပါ။ ရှုပ်ထွေးစေသောအချက်များမှာ - နံပါတ် (၁) ဒီပြန်ကုစားစနစ်ကို ကျောင်းစာသင်ချိန်များ နှစ်ဝက်ကျော်မှ ပြဋ္ဌာန်းပေးခြင်း၊ ငွေကြေးကျပ်တည်းသော ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အခက်အခဲများရှိခြင်း၊ ကျောင်းသား



ကျောင်းသူများ၏ ပညာသင်ယူချင်သည့် စိတ်ဓာတ်များကို ရိုက်ချိုးပေးလိုက်သလို ဖြစ်ခြင်းစသော အချက်များ ပါဝင်နေတာကို တွေ့ရတယ်။ [(၈)တန်းကဲ့သို့သော အောက်အတန်းငယ်များ၌ ၆၀%ခိုင်းနှုန်းကျရှုံးသော စာမေးပွဲမျိုး ဘယ်နိုင်ငံမျိုးမှာမှ မတွေ့ဖူးသေးပါ။]

ကျောင်းများ စဖွင့်စကတည်းက ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အချင်းများ ထူးချွန်လာအောင် (၈)တန်း၊ (၄)တန်း ဆရာ၊ ဆရာမများအား (သို့မဟုတ် အခြေခံ မူလတန်း၊ အလယ်တန်း ဆရာ၊ ဆရာများအား) အထူးသင်ကြားပေးသော ဆရာဖြစ်သင်တန်းများကို ခေတ်စနစ်နှင့်အညီ ဖွင့်လှစ်၍ သင်ကြား လေ့ကျင့်ပေးခြင်း၊ ထိုသင်ကြားနည်းအတိုင်း ကျောင်းသား၊ ကျောင်းသူများကို သင်ကြားရန် ညွှန်ကြားပေးခြင်း၊ ထို့နောက် ကျောင်းသား၊ ကျောင်းသူများ အရည်အချင်း ရှိ၊ မရှိ စစ်ဆေးနိုင်ရန် စာမေးပွဲကို ဦးစားပေးပြီး စစ်ဆေးခြင်းနည်းကို အသုံးပြုခြင်းမျိုးထက်၊ ကျောင်းသား၊ ကျောင်းသူများ အရည်အချင်း ရှိ၊ မရှိ စစ်ဆေးနိုင်ရန် အရည်အချင်းကို ဦးစားပေးသော စာမေးပွဲစစ်ဆေးနည်းများကို အသုံးပြုပေးရမှာ ဖြစ်တယ်။ ဥပမာ၊ အဆိုင်းမင့် (AQingmnet) တင်၍ (ထိုဘာသာရပ်အတွက် ကျွမ်းကျင်မှု ရှိ၊ မရှိ တန်းပေပါရေး၍) ဆရာ၊ ဆရာများအား တင်ပြ၍ အစစ်ဆေးခံခြင်း၊ အုပ်စုဖွဲ့၍ ဘာသာရပ်ကို အတူပူးပေါင်းလေ့လာပြီး၊ ထိုနောက် တစ်ဦးချင်း၏ သို့မဟုတ် တစ်အုပ်စုလုံး၏ အရည်အချင်းများကို စစ်ဆေးနိုင်ခြင်း၊ ဘာသာရပ်၌ တိုက်ရိုက် ရေးသား ဖေါ်ပြမထားသော်လည်း ထိုဘာသာရပ်နှင့် ဆက်စပ်နေသော အကြောင်းအရာများကို တင်ပြဆွေးနွေးလာလျှင် အမှတ်ပေး၍ စစ်ဆေးနိုင်ခြင်းစသည်မျိုးကို ပြုလုပ်ပေးရမှာဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမျိုး လုပ်မပေးဘဲ "ငါ့လှေငါထိုး ပဲခူးရောက်ရောက်" လုပ်နေခဲ့ကြမည်ဆိုလျှင်တော့ တိုင်းပြည်အတွက် အရေးပါလှသော စစ်သည်တော်များကို တိုက်ရည်ခိုက်ရည်များ ရှိလာအောင် ပွဲမဝင်ခင် ကြိုတင်၍ လေ့ကျင့်သင်ကြားပေးခြင်းမျိုးကို ပြုလုပ်မပေးဘဲ ရှေ့တန်းသို့ တိုက်ရိုက်ပို့လွှတ်လိုက်သည်နှင့် တူသွားနိုင်ခြင်းပါ။

အလေ့အကျင့် ကောင်းကောင်းမရရှိဘဲ ရှေ့တန်းရောက်မှ စစ်တိုက်ရသော စစ်သည်တော်များသည် စစ်တိုက်ရာ၌ ကြောက်ရွံ့မှုများ ရှိလာနိုင်ခြင်း၊ ယုံကြည်ချက်များ အားနည်းနိုင်ခြင်း၊ အပစ်အခတ် အတက်အဆုတ် မကျွမ်းကျင်ခြင်း စသောအကြောင်းများကြောင့် ထိုစစ်သည်၏ စိတ်ဓာတ်များ ကျဆင်းနိုင်ခြင်း စသော ဆိုးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ခြင်းပါ။

အလားတူပင် တိုင်းပြည်အတွက် အညွှန့်တလူလူ တက်နေသော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းများ စတင်ဖွင့်လှစ်ချိန်ကတည်းကစ၍ သင်ကြားနည်းစနစ် မှန်မှန်ကန်ကန်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျ လေ့ကျင့်ပေးခြင်းကို ပြုပေးရမှာဖြစ်သလို၊ ထိုစနစ်ကို လျှောလျှောလျူလျူ မြစ်နိုင်ရေးအတွက် ဆရာ၊ ဆရာမများကလည်း စနစ်တစ်ခုရဲ့ ရည်ရွယ်ချက်ကို နားလည်ထားအောင် သင်ကြားပေးထားရမှာဖြစ်တယ်။

ထိုကဲ့သို့ ပြုလုပ်မပေးနိုင်ခဲ့ကြဘူးဆိုလျှင် ထိုကျောင်းသား၊ ကျောင်းသူ အများစု၏ ပညာအရည်အချင်းများသည် အမြဲတန်း နိမ့်ကျနေမှာဖြစ်ပြီး ထိုဖိုင်နယ်စာမေးပွဲအတွက် ကြောက်ရွံ့ နေခြင်း၊ ဖြေဆိုဘာသာရပ်များ မကျွမ်းကျင်ခြင်း၊ စာမေးပွဲအတွက် စိတ်ဖိစီးမှု များ ကြီးထွားလာနိုင်ခြင်း စသောအကြောင်းများကြောင့် ထိုကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်များသည်လည်း ကျဆင်းသွားနိုင်ခြင်းပါ။ အကျိုးဆက်အနေအားဖြင့် ကျောင်းစာများကို သင်ကြားရန် မပျော်မွေ့တော့ခြင်း၊ ပညာသင်ကြားမှုကို ရပ်တန့်ပစ်လိုက်ခြင်း၊ ဦးတည်ချက်ကင်းမဲ့စွာဖြင့် ဟိုဟိုဒီဒီ လည်ပတ်သွားလာနေခြင်း၊ အရွယ်များက ဆယ်ကျော်သက်အရွယ်ရောက် ရှိနေပြီဖြစ်၍ မိဘဆရာ သမားများအား ကလန်ကဆန် ပြုလုပ်လာခြင်းစသော ဘေးထွက် ဆိုးကျိုးများကို တိုင်းပြည်နှင့်ကျောင်းသားမိဘများ ခံစားကြရမှာ ဖြစ်တယ်။ ဒီအစ်ရှုး (ပြဿနာ)အတွက် "အစွယ်လိုသူ မိဖုရား၊ အသွားစေသူ မင်းဧကရာဇ်၊ မြှားပစ်သူက ဘုရားကျွန်တော်မျိုးပါ" လုပ်နေရမည့်အချိန်မျိုး မဟုတ်တော့ပါ။



အမေရိကန်နိုင်ငံစသော တိုးတက်ပြီး နိုင်ငံများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေရမည့် အရွယ်များ (၁၈ နှစ်အရွယ် အထိ) ၌ ကျောင်းစာသင်ခန်းများထဲ၌ ကျောင်းသား၊ ကျောင်းသူများ ရှိနေသော စနစ်ကို ဦးစားပေးထားတာကို တွေ့ရတယ်။ အဘယ် ကြောင့်ဆိုသော် ကျောင်းသား၊ ကျောင်းသူ တစ်ထောင်ကို နိုင်ငံတော်မှ အကုန်အကျခံ၍ ပညာသင်ကြားပေးရသော ကုန်ကျသော အသုံးစရိတ် ထက် ပညာသင်ယူချိန်၌ ပညာမသင်ခဲ့ရ၍ မိုက်မဲဆိုးသွမ်းသွားသော လူငယ်တစ်ယောက်၏ မိုက်ပြစ်တွေအတွက် ဖာရ၊ ထေးရ၊ ကုစား ရသော အသုံးစရိတ်ကသည် ပိုမို၍ အကုန်အကျ များနိုင်သောကြောင့် ဖြစ်တယ်။ နိုင်ငံခေါင်းဆောင်များ၊ ပညာရေးဝန်ကြီးဌာနမှ ပညာရေး ဆိုင်ရာ အရာရှိကြီးများ ဒီအချက်ကို သတိပြုနိုင်ကြဖို့ပါ။ ခေတ်စနစ် အရ လိုအပ်လာသော ပညာရေးမျိုးဆိုတာ ကျောင်းသား၊ ကျောင်းသူ များ စာလည်းတော်ရမယ်။ ကျောင်းလည်း ပျော်ရမယ်။ ဒီစနစ်မျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ကျင့်သုံးရမှာဖြစ်တယ်။ သူတို့စနစ်က ရှင်းတယ်။ သို့သော် ဒီစနစ်မျိုးကို ပြုပြင်ပေးချင်တယ်ဆိုလျှင်တော့ အသိရှင်းဖို့ လိုအပ်တယ်။

လူငယ်များ၏အနာဂတ်အတွက် ကောင်းမွန်သော ပညာရေးမျိုးဆိုတာ ကျောင်းသင်ခန်းများထဲ၌သာ သင်ယူရသော ပညာရေးမျိုး မဟုတ်ဘဲ၊ ကျောင်းပြင်ပများ၌လည်း သင်ကြားနိုင်သော ပညာရေးမျိုးဖြစ်ခြင်း၊ ကျောင်းသင်ခန်းအတွင်း ပညာသင်ကြားရာ၌လည်း အုပ်စုဖွဲ့၍ သင်ယူခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ ကောက်ချက်ချနိုင်ခြင်း၊ သင်ခန်းစာအားလုံးကို အလွတ်ကျက်မှတ်ရသော စနစ်ကိုချည်း အသုံးမပြုဘဲ၊ ဆရာ၊ သို့မဟုတ် ဆရာမမှလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူ အချင်းချင်းမှလည်းကောင်း အမေးအဖြေများ ပြုလုပ်၍ သင်ကြားသောစနစ်ကို အသုံးပြုခြင်း၊ မိမိတို့အဖွဲ့မှ စာကြည့်တိုက်များသို့ သွားရောက်၍ လေ့လာသိရှိ ထားသော အချက်အလက်များ၊ သို့မဟုတ် ကွင်းဆင်း၍ လေ့လာထားခြင်းမှ ရရှိလာသော အချက်အလက်များ၊ အယူအဆများကို အတန်းရှေ့ထွက်၍ဖြစ်စေ၊ ကျောင်းသား၊ ကျောင်းသူများရှေ့၌ဖြစ်စေ ရဲရဲရင့်ရင့် တင်ပြနိုင်ခြင်းစသော ခေတ်မှီသင်ကြား နည်းစနစ်များ ပါဝင်အသုံးပြုနိုင်ခြင်းကို ဆိုလိုတယ်။

ဒီစနစ်မျိုးကို မြန်မာနိုင်ငံမှာ ကျင့်သုံးနိုင်ဖို့အတွက် အဖက်ဖက်မှ ဝိုင်းဝန်းပံ့ပိုးပေးကြဖို့ လိုအပ်တယ်။ အစိုးရပိုင်းကရော၊ ပညာရှင်ပိုင်းကရော၊ ကျောင်းဆရာ၊ ဆရာမပိုင်းကရော၊ ကျောင်းသား၊ မိဘများနှင့် ရပ်ကွက်ရှိ အသိုင်းအဝိုင်းကပါ ဝိုင်းဝန်းကူညီပံ့ပိုး ပေးကြရမှာဖြစ်တယ်။

ခေတ်မှီသင်ကြား နည်းစနစ်များသည် ကျောင်းသား၊ ကျောင်းသူများအား စာသင်ရာ၌ ပိုမိုပျော်ရွှင်စေခြင်း၊ ကျောင်းသား၊



ကျောင်းသူအချင်းချင်း ပိုမို၍ ခင်မင်ရင်းနှီးမှုများကို ရရှိစေနိုင်ခြင်း၊ အကြောင်းအရာတစ်ခုကို နားလည်ရာ၌ ပိုမို၍ သဘောဉာဏ်များ သက်ဝင်နိုင်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများ သင်ကြားထားသော စာပေ၏အနှစ်သာရများသည် ပွဲပြီးမီးသေ၊ သဘောမျိုးမသက်ရောက်ဘဲ လောင်းတန်း (Long terms) အနေနှင့် သေသည်အထိ စိတ်ထဲ၊ နှလုံးသားထဲ၊ အသိဉာဏ်ထဲ၌ စွဲထင်နေခြင်း အကျိုးကျေးဇူးများကို ရရှိနိုင်ကြမှာဖြစ်တယ်။

နောက်ပြီး ကျောင်းသား၊ ကျောင်းသူများသည် ငယ်ရွယ်စဉ်ဘဝများကပင် စကားပြော ကျွမ်းကျင်ခြင်း၊ အရေးအကြီးသော အချက်အလက်များကို အချင်းချင်း အပြန်အလှန် စနစ်တကျ ညှိနှိုင်းဆွေးနွေးနိုင်ခြင်း၊ ခေါင်းဆောင်စိတ်ဓာတ်များ ရှင်သန်နေခြင်းစသော အရည်အချင်း ကောင်းများနှင့် အကျိုးကျေးဇူးကောင်းများကိုလည်း ရရှိလာနိုင်မှာဖြစ်တယ်။ ထိုထက်ပို၍ အရေးကြီးသည်မှာ တိုင်းပြည်၏ဘဏ္ဍာတော်မှ ၂၀% ရာခိုင်နှုန်း အသုံးပြုရန် လျာထားသော ပညာရေးစီမံကိန်းကြီးသည်လည်း မလွဲမသွေ အောင်မြင်လာနိုင်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ပိုမို၍ အစီပွါယ်များ ရှိလာနိုင်မှာဖြစ်တယ်။ ဥယျာဉ်မှူးကောင်းတစ်ယောက်ရဲ့ လက်သည် ပန်းခူးဖို့အတွက် လုပ်ရှားနေခြင်းမျိုးမဟုတ်ဘဲ ပန်းပျိုးဖို့အတွက် လှုပ်ရှားနေခြင်းဖြစ်တယ်ဆိုတဲ့ အဆိုကို ယုံကြည်ထားမိတယ်။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## လမ်းစပျောက်နေတဲ့ ပညာရေး

ယနေ့မြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများနှင့်အတူ တန်းတူရည်တူ ဖြစ်လာနိုင်စေရန် အဖက်ဖက်မှ တက်စုံဖွင့်၍ ကြိုးစားနေချိန်မှာ။ မမျှော်လင့်ပဲ ရုတ်တရက်ဖြစ်ပေါ်လာတဲ့ ရခိုင်ပြည်နယ်အရေးအခင်း၊ လက်ပန်းတန်းတောင်အရေးအခင်း၊ ကချင်ပြည်နယ်အရေးအခင်းစတဲ့ အရေးအခင်းတွေ ဆက်တိုက်ဆိုသလို တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေတာကြောင့် တိုင်းပြည်တစ်ခုမှာ အရေးကြီးလှတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေမှာ မနှေးကွေးသင့်ပဲ နှေးကွေးနေတယ်လို့ ခံစားမိပါရဲ့။ ပြဿနာ အရပ်ရပ်ကို ဆင်ခြင်သုံးသပ်ကြည့်တဲ့အခါ လူမျိုးစုပြဿနာပဲဖြစ်ဖြစ်၊ လယ်ယာမြေပြဿနာပဲဖြစ်ဖြစ်၊ လူမှုရေးပြဿနာတွေပဲဖြစ်ဖြစ် အများစုပြဿနာက ပညာရေးနိမ့်ကျမှုကြောင့် ဖြစ်ပေါ်နေတဲ့ ပြဿနာတွေဆိုတာ လေ့လာသိရှိလာခြင်းပါ။



မြန်မာနိုင်ငံတော်ကြီးသည် သမိုင်းခေတ်များစွာကို ကျော်ဖြတ်ခဲ့ရ၍ နွမ်းနွမ်းနယ်နယ် ဖြစ်နေချိန်ဝယ်။ ဒီမိုကရေစီအလင်းတန်းကို တွေ့မြင်ကြရတဲ့ ပြည်သူ၊ ပြည်သားများဟာ ရှင်သန်ထမြောက်လာကြသူများပမာ အားသစ်၊ အင်သစ်တွေနှင့်အတူ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ ဘာသာ သာသနာအတွက် တိုးတက်အောင်ဆောင်ရွက်လိုတဲ့စိတ်ဓာတ်ခွန်အားတွေ တဖန်မွေးဖွားလာနိုင်ပြီဆိုတော့ နိုင်ငံတော်အတွက် ကြိုဆိုနေမိခြင်းပါ။

နိုင်ငံတော်တိုးတက်ကြီးပွားတာကို မြင်လိုသူတွေအတွက် ကြိုဆိုခြင်းဟာ ကောင်းမြတ်တဲ့ မင်္ဂလာ တစ်ပါးပါ။ နိုင်ငံသားတိုင်း အပြောင်းအလဲနှင့် တိုးတက်မှုကို ဆက်စပ်ကြည့်နိုင်ဖို့ သမိုင်းကို လေ့လာ သင်ကြားသင့်ခြင်းပါ။ တကယ်တော့ နိုင်ငံသားတိုင်း နိုင်ငံတော်ရဲ့ သမိုင်းစာမျက်နှာများကို ပြန်လှန်၍ ဖတ်ရှုလေ့လာကြည့်ရင် သမိုင်းနှင့်စပ်တဲ့ အကောင်းအဆိုး အကြောင်းအကျိုး အဖြစ်အပျက်တွေကို သင်ခန်းစာယူနိုင်ပြီး၊ သမိုင်းဟောင်းရဲ့ ဒဏ်ရာတွေကို သမိုင်းပြောင်းပြီး အစားထိုးနိုင်ခြင်းပါ။ သမိုင်းကိုဖတ်ပြီး နာကျည်းစိတ်တွေကို မွေးမြူနေကြမဲ့အစား သမိုင်းကို သင်ယူလေ့လာပြီး သမိုင်းက ပြောပြတဲ့ လူမျိုးရဲ့တန်ဖိုး၊ လူ့ယဉ်ကျေးမှုရဲ့ ဂုဏ်သိက္ခာ၊ သမိုင်းတစ်လျှောက်လုံး ပြည်သူ၊ ပြည်သားများ ညီညီညွတ်ညွတ် အတူယှဉ်တွဲ နေထိုင်ခြင်းဖြင့် ရနိုင်တဲ့ ငြိမ်းချမ်းရေးဂုဏ်ရည်များကို သိနိုင်ဖို့ပါ။ ပညာရေးတက္ကသိုလ် ပါမောက္ခဟောင်း ဦးထွန်းကြွယ်ကတော့ သမိုင်းနှင့်စပ်ပြီး သုံးသပ်တင်ပြထားခြင်းပါ။ နိုင်ငံသမိုင်းဟူသည် ပြည်သူ့အကြောင်း၊ ပြည်သူ့လှုပ်ရှားမှုအကြောင်း မှတ်တမ်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သကဲ့သို့ ပညာရေးသမိုင်းသည်လည်း ယင်းပြည်သူတို့၏ ပညာရေးလှုပ်ရှားမှု မှတ်တမ်းကြီးပင် ဖြစ်လေသည်။ စိတ်ဝင်စားစရာပါ။ သမိုင်းဆိုတာ မသိရင် လှည့်စားခံရတတ်ပြီး၊ သိထားရင်တော့ ယုံကြည်ချက်တွေ ခိုင်မြဲလာနိုင်ခြင်းပါ။

သမိုင်းနှင့်စပ်ပြီး နမူနာလေးတစ်ခုလောက်ကို ထုတ်ပြရရင် ဧရာဝတီသမိုင်းကို လေ့လာတဲ့အခါ မေခနှင့်မလိခ မြစ်နှစ်သွယ် ပေါင်းစည်းရာမှ ဧရာဝတီမြစ်ကြီးဆိုတာ ဖြစ်ပေါ်လာခြင်းပါ။ ထိုမြစ်ကြီးက တိုင်းပြည်ကို အကျိုးပြုနေလို့ ဧရာဝတီမြစ်ကြီးကို မြန်ပြည်သားတိုင်းက မြတ်နိုးနေခြင်းပါ။ အလားတူတဲ့ သမိုင်းတစ်ခုက မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းပါ။ မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းကို အခြေခံကျကျသိဖို့ သမိုင်းစာမျက်နှာများကို ပြန်လှန်ကြည့်ရှုတဲ့အခါ မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းဟာ ဗုဒ္ဓဘာသာနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အတူပေါင်းဆုံရာမှ မြန်မာနိုင်ငံပညာရေးသမိုင်းဆိုတာ ပီပြင်လာခြင်းပါ။

မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းကြောင်းကို ကောက်ကြောင်းပြန်၍ကောက်ပြရလျှင် မြန်မာသက္ကရာဇ် ၁၂၃၀-ခု၊ ခရစ်သက္ကရာဇ် ၁၈၆၈-ခုနှစ်ထိ မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသာရှိပြီး၊ လူကျောင်း (အစိုးရ စာသင်ကျောင်းမျိုး)ဆိုတာ တစ်ကျောင်းတလေမျှ မရှိသေးကြောင်းကို သမိုင်းစာမျက်နှာ၌ ရှာဖွေတွေ့ရှိခြင်းပါ။ မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီး အင်္ဂလိပ်လက်အောက် ကျရောက်ပြီး နောက်ပိုင်းမှာတော့ ခရစ်သက္ကရာဇ် ၁၈၇၃-ခုနှစ်တွင် ဘုန်းတော်ကြီး ကျောင်းအရေအတွက်ဟာ (၈၀၁) ကျောင်းရှိပြီး၊ လူကျောင်း (အစိုးရ စာသင်ကျောင်း)



အရေအတွက်မှာ (၁၁၂) ထိ တိုးပွားလာခြင်းပါ။ ထိုအစိုးရ စာသင်ကျောင်းများ (လူကျောင်းများ)၌ ဝိဇ္ဇာသိပ္ပံအပါအဝင် လောကီအတတ်ပညာများကိုပါ သင်ကြားခဲ့၍ အစိုးရစာသင်ကျောင်းများ၌ ကျောင်းသားဦးရေများ တနေ့တခြား တိုးပွားလာပြီး၊ ပါဠိစာပေ အခြေခံဖြစ်တဲ့ သုတိ (သဒ္ဒါကျမ်းအတတ်)၊ သမ္မုတိ (ဓမ္မသတ်ကျမ်းအတတ်)၊ သင်္ချာ (သင်္ချာအတတ်)၊ နီတိ (နီတိကျမ်း အတတ်)၊ တိကိစ္ဆာ (ဆေးအတတ်)၊ စတုဗေဒ (ဗေဒင်လေးပုံအတတ်)၊ ဆန္ဒသာ (ဆန်းကျမ်း အတတ်) စသည် တို့ကိုသာ သင်ကြားပေးသော ဘုန်းကြီးကျောင်းများ၌ တနေ့တခြား ကျောင်းသား ဦးရေများ နည်းပါးလာခြင်းကို သမိုင်းစာမျက်နှာများပေါ်၌ တွေ့ရှိရခြင်းပါ။ ထို့ကြောင့် ၁၈၉၂-ခုနှစ်တွင် ဘုန်းကြီးတော်ကြီးသင်၊ ပညာရေးကျောင်းများ (၄၆၁၉)ကျောင်းရှိခဲ့ရာမှ တဖြေးဖြေးယုတ်လျော့လာကာ ၁၉၃၃-၃၄ ခုနှစ်တွင် (၉၂၈) ကျောင်းမျှသာရှိတော့ကြောင်းကို တွေ့ရှိရခြင်းပါ။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ၁၉၅၂-ခုနှစ်တွင် နိုင်ငံတော်မှ ဘုန်းတော်ကြီးကျောင်း ပညာရေးစီမံကိန်းကို တဖန်အကောင်အထည်ဖော်ခဲ့ပြန်သည်။ ၁၉၅၂-ခုနှစ်မှ ၁၉၅၈-ခုနှစ်တွင်းမှတ်ပုံတင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း (၁၁၄၅)ရှိခဲ့ကြောင်း သိရခြင်းပါ။။ ၁၉၆၂-ခုနှစ် နောက်ပိုင်းတွင် လူထုပညာရေးဌာန (ပုဂ္ဂလိကကျောင်းများ) ကို ဖျက်သိမ်း၍ ဘကကျောင်းများအတွက်ကိုမူ ဘ-က ဌာနစိတ် ဟူ၍ ပေါ်ပေါက်လာခဲ့သည်။ သို့သော် ၁၉၇၂-ခုနှစ်တွင် ဘ-က ဌာနစိတ်ကို ဖျက်သိမ်းခံခဲ့ရခြင်းပါ။ ၁၉၉၃-ခုနှစ်တွင် ဘုန်းတော်ကြီးကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မူလတန်းအဆင့်၊ အလယ်တန်း အဆင့်မျှကိုသာ သတ်မှတ်ပြဋ္ဌာန်းပေးလျက် ဖွင့်လှစ်ပေးခဲ့ခြင်းပါ။ ဤသို့ဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (ဘကကျောင်း)များ၏ လောကဓံဒီလှိုင်းသည် ခေတ်စနစ်၏ရေစီးကြောင်းနှင့်အတူ နိမ့်တုံမြင့်တုံ ဖြစ်ခဲ့ရခြင်းပါ။

ရှေးခေတ်၊ ရှေးအခါက အစဉ်အလာကြီးမားခဲ့သော မြန်မာဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် မြန်မာရှင်ဘုရင်များ တိုင်းပြည်ကို စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့ကြတဲ့အချိန်မှစ၍၊ (အနော်ရထာမင်းလက်ထက်မှစ၍) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မူလတန်းကျောင်း၊၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းနှင့် တက္ကသိုလ်ကျောင်းများအသွင် တည်ရှိနေခဲ့ကြခြင်းပါ။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဟာ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အတွက် ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက် နိုင်ငံတော်ရဲ့ပညာရေးကဏ္ဍကို ဦးဆောင်နိုင်ခဲ့ကြခြင်းပါ။ အကျိုးဆက်အနေနှင့် ထိုသို့သော အခြေအနေတွေကြောင့် မြန်မာနိုင်ငံဆိုတာ ယနေ့ခေတ်အထိ ဆက်လက်တည်ရှိနေခဲ့ခြင်းပါ။ ဒါဟာ သမိုင်းက ပြောတဲ့ ဘုန်းကြီးကျောင်းများရဲ့ ပညာရေး သမိုင်းသက်သေများပါ။

မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အရေးပါမှုကို သမိုင်းပညာရှင်များ သိထားကြသော်လည်း ယနေ့မျက်မှောက်ခေတ်၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အခက်အခဲများကို သမိုင်းရှင်များ သိချင်မှသိနိုင်မှာပါ။ ပညာသင်ကြားရေးနှင့်ပတ်သက်၍ အစိုးရကျောင်းများနှင့် တန်းတူရည်တူ အခွင့်အရေးများ မရခဲ့ကြသောကြောင့် အခက်အခဲများစွာကို ကျော်ဖြတ်ရင်း



ယနေ့မျက်မှောက်ခေတ် အနေအထားနှင့် ရပ်တည်နိုင်အောင် ဘုန်းတော်ကြီးများအတော်ကို ရုန်းကန်နေရခြင်းပါ။

မြန်မာနိုင်ငံရယ်လို့ တည်ရှိဖြစ်ပေါ်လာခဲ့တဲ့အချိန်ကစပြီး သမိုင်းတစ်လျှောက်လုံး လူမျိုးကို ဦးဆောင်နိုင်ခဲ့တဲ့ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အရေးပါအရာရောက်မှုကို အင်္ဂလိပ်များပင် သိရှိခဲ့ခြင်းပါ။ အင်္ဂလိပ် အုပ်ချုပ်သည့်ခေတ်၌ မြန်မာနိုင်ငံတွင် ပထမဦးဆုံး မဟာဝန်ရှင်တော် မင်းကြီးဖြစ်လာခဲ့တဲ့ ဆာအာသာဖယ်ယာဟာ ခရစ်နှစ် ၁၈၆၆-ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၂၅-ခုနှစ်) တွင် ဘုန်းတော်ကြီးသင် ပညာရေးကို အခြေပြု၍ ပညာရေးစနစ်သစ်တစ်ခု တီထွင်ရန် ကြိုးပမ်းလာခဲ့သူပါ။ ပညာရေးစနစ် ပြုပြင်နိုင်ရေးအတွက် ဆာအာသာဖယ်ယာရဲ့ အကြောင်းပြချက်က - "မြန်မာနိုင်ငံမှာ ဘုန်းတော်ကြီးများ ဩဇာတိက္ကမ ကြီးမားနေခြင်းဟာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကြောင့် ဖြစ်နေခြင်းပါ။ ကလေးသူငယ်များဟာ ဘုန်းတော်ကြီးကျောင်းများ၌ အရေး၊ အဖတ်၊ အတွက် တတ်မြောက်ရုံသာမက ပါဠိစာပေဆိုင်ရာ အသိတရားများ၊ ဘုန်းတော်ကြီးများ၏ ဆုံးမဩဝါဒများ၊ သမိုင်းဆိုင်ရာ ဗဟုသုတများ၊ ကိုယ်ကျင့်သိက္ခာပိုင်း၌လည်း လိမ္မာယဉ်ကျေးမှုရှိခြင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစတဲ့ အကျိုးတရားတွေကို ဆာအာသာဖယ်ယာကိုယ်တိုင် တွေ့မြင်ခဲ့ခြင်းပါ။ သူတွေ့မြင်ခဲ့တဲ့အတိုင်း အိန္ဒိယပြည်ဘုရင်ခံချုပ်ထံသို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ နိုင်ငံနှင့်လူမျိုးအတွက် အရေးပါ အရာရောက်နေပုံကို သိရှိနိုင်ရန် အစီရင်ခံစာတစ်စောင်ကို တင်ပြခဲ့ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့သည် ဘုန်းကြီးကျောင်း ပညာရေးစနစ်ကို စနစ်တကျ လေ့လာပြီးနောက် အင်္ဂလိပ်အုပ်ချုပ်သော မြန်မာပြည်အောက်ပိုင်း ရန်ကုန်မြို့တွင် သိပ္ပံအတတ် ပညာအမျိုးမျိုးကို သင်ကြားနိုင်ရန် ၁၈၄၄-ခုနှစ်တွင် အစိုးရစာသင်ကျောင်းများကို စတင်တည်ထောင်ခဲ့ကြခြင်းပါ။ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာနှင့် သိပ္ပံဘာသာရပ်အမျိုးမျိုး အပြင် သက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရပ်များဖြစ်တဲ့ ဆေးသိပ္ပံအတတ်၊ ကြေးနန်းကြိုးအတတ်၊ တရားဥပဒေအတတ်၊ မြေတိုင်းအတတ်၊ စက်မှုလက်မှုအတတ်မျိုးကိုပါ အစိုးရကျောင်းများ၌ စုံလင်စွာ သင်ကြားပေးခဲ့ကြခြင်းပါ။ ခေတ်နှင့်လျော်ညီ၍ ခေတ်မီသော သိပ္ပံပညာရပ်များကို သင်ကြားပေးခဲ့တဲ့ အစိုးရစာသင်ကျောင်းများ၏ အရှိန်အဟုန်သည် တရှိန်ထိုး တိုးတက်လာပြီး မြန်မာသက္ကရာဇ် ၁၂၉၄-ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၃၂-ခုနှစ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (၉၂၈)ကျောင်းမျှသာရှိတော့ပြီး၊ အစိုးရစာသင်ကျောင်းများမှာ (၄၉၆၇)ကျောင်းထိ တိုးပွားလာခဲ့ခြင်းပါ။

ထိုကဲ့သို့ ဘုန်းတော်ကြီးကျောင်းများ၌ သင်ကြားပေးသော ပြဋ္ဌာန်းစာများနှင့် အစိုးရစာသင်ကျောင်းများ၌ သင်ကြားပေးသော ပြဋ္ဌာန်းစာများ ကွဲပြားခြားနားလှခြင်းကြောင့် အစိုးရအသိအမှတ်ပြု ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌လည်းကောင်း၊ အသိအမှတ်မပြုသော ဘုန်းတော်ကြီးကျောင်းများ၌လည်း ကောင်း ပညာသင်ယူသူ တပည့်ဦးရေမှာ တစ်နေ့တစ်ခြား ဆုတ်ယုတ်သွားခဲ့ခြင်းပါ။ ထိုကဲ့သို့ဖြစ်သွားရခြင်း၏ အဓိကအကြောင်းရင်းမှာ (၁) ဘုန်းတော်ကြီးကျောင်းများ၌ တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် အလုပ်အကိုင်များရဖို့ ခက်ခဲခြင်း၊



(၂) အင်္ဂလိပ်အစိုးရခေတ်၌ အင်္ဂလိပ်စာတတ်မှ လူရာဝင်လျက် ရာထူးရာခံများရရှိနိုင်ခြင်း၊ (၃)ဘုန်းတော်ကျောင်းများတွင် အစဉ်အလာအရ ဘာသာရေးဆိုင်ရာ ကျမ်းစာများနှင့် နီတိတို့ကိုသာ သင်ကြားပို့ချလျက် ထိုဘုန်းတော်ကြီးကျောင်းများ၌ ဝိဇ္ဇာသိပ္ပံနှင့်စပ်သော ခေတ်နှင့်လျော်ညီတဲ့ ဘာသာရပ်များကို သင်ယူခွင့်မရရှိခြင်း၊ စသောအကြောင်းများကြောင့်ဆိုတာ သိသာ ထင်ရှားနေခြင်းပါ။

ထို့ကြောင့် အစဉ်အလာရှိခဲ့သောဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့်စပ်လျဉ်း၍ သမိုင်း စာမျက်နှာများကို ပြန်လှန်ကြည့်ရှု လေ့လာသင့်ကြောင်း တိုက်တွန်းလိုခြင်းပါ။ ရှင်ဘုရင်များလက်ထက်၌ ဘုန်းတော်ကြီးများသည် ခေတ်နှင့်လျော်ညီတဲ့ (အဲဒီခေတ်၊ အဲဒီအခါကို ဆိုလိုသည်) ခေတ်ပညာများကို (သင်္ချာအတတ်၊ ဂဏန်းအတတ်၊ ပျို့ကဗျာ လင်္ကာရေးနည်းအတတ်၊ ဗေဒင်အတတ်၊ ယတြာအတတ်၊ ဆေးကျမ်းအတတ် စသည်များကို) သင်ကြားပေးနိုင်ခဲ့ကြ၍၊ ရပ်သူနယ်သား လူအများ၏ ဆရာဖြစ်ရုံသာမက မြို့ပြတို့၌လည်း မင်းညီမင်းသား မှူးမတ်သားတို့၏ ဆရာတော်များဖြစ်ကြသည်။ (ထို့ကြောင့်) မိမိတို့သည် (ခေတ်)အခါနှင့် လိုက်အောင် (ခေတ်နှင့်လိုက်လျောညီထွေရှိအောင်) ပညာရေးကို ပြုပြင်နိုင်ခဲ့ကြလျှင် ယခုအချိန်မှာလည်း တိုင်းသူပြည်သားတို့၏ ဆရာအဖြစ်၌ တည်နိုင်ဖွယ်ရှိ၏။ ယခုသော်ကား "ထိုကဲ့သို့ မပြုပြင်နိုင်ကြမှုကြောင့် ဆရာအဖြစ်မှပင် လျှော့ကျရုံမက တချို့ကျေးရွာကျောင်းများ၌ ဆွမ်းခံပေးမည့် ကလေးပင်မရှိတော့ပေ" ဟု တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ဘုန်းကြီးကျောင်း ပညာရေးနှင့်ပတ်သက်၍ အလေးအနက်ထားကာ ဆွေးနွေးတင်ပြသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့မျက်မှောက်ခေတ်၌ ဘုန်းကြီးကျောင်း ပညာရေးစနစ်ကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ဘုန်းကြီးကျောင်း ပညာရေးမှာ နှစ်မျိုးနှစ်စားရှိနေခြင်းကို တွေ့ရခြင်းပါ။ (၁) ဘုန်းကြီးကျောင်းပညာရေး (ပရိယတ္တိစာသင်တိုက်များ)၊ (၂) ဘုန်းတော်ကြီးသင် ပညာရေး (ဘက ဘုန်းတော်ကြီးကျောင်းများ) ဟူ၍ နှစ်မျိုးနှစ်စား တွေ့ရခြင်းပါ၊ ထိုနှစ်မျိုးမှာ နံပါတ်(၁)ဖြစ်တဲ့ ဘုန်းကြီးကျောင်း ပညာရေး၌ ခေတ်နှင့် လျော်ညီသော ဘာသန္တရ စာပေများ (သင်္ချာ၊ အင်္ဂလိပ်စာ၊ စသည်) ကို ထည့်သွင်းသင်ကြားနိုင်ခြင်း မရှိသေးသည်ကို တွေ့နေ ရခြင်းပါ။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပသာသနာရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ခေတ်ရဲ့နောက်မှာ များစွာ နောက်ကျကျန်နေခြင်းကို သတိမူသူတို့သာ သိနိုင်မည်ဖြစ်ခြင်းပါ။ ထိုဘုန်းကြီးကျောင်း ပညာရေးကို အစိုးရ အသိမှတ်ပြု အတန်းပညာအရည်အချင်းများနှင့် သတ်သတ်မှတ်မှတ် သတ်မှတ်ပေးထားနိုင်ခြင်းမျိုး မရှိ၍ အစိုးရ စာသင်ကျောင်းများ၏ ပညာရေးလယ်ဗယ်နှင့် အခါအားလျော်စွာ နှိုင်းချိန်ခံရသောအခါ ဓမ္မာစရိယ အရည်အချင်းသည် ရေးတတ်၊ ဖတ်တတ် အရည်အချင်းမျှသာ အသိမှတ်ပြုထားသည်ကို တွေ့ရှိရ၍ များစွာ ဝမ်းနည်းမိခြင်းပါ။

နံပါတ် (၂)ဖြစ်တဲ့ ဘုန်းတော်ကြီးကျောင်းသင် ပညာရေး ကျောင်းများမှာမူ ခေတ်နှင့်လျော်ညီသော မြန်မာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် သိပ္ပံဘာသာရပ်များကို သင်ကြားပေးနိုင်၍ ကျောင်းသားဦးရေများ အဆမတန် တိုးပွားနေခြင်းပါ။ သို့သော် အမျိုးဘာသာ သာသနာတော်အရေးကို လေးလေးနက်နက် တွေးဆဟန်မတူကြတဲ့ အစိုးရပိုင်းဆိုင်ရာ အကြီးအကဲများ၊ ပညာရှင်ကြီးများ၊ ပညာရေး



ဆိုင်ရာ လူကြီးများသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို မူလတန်းကျောင်းများမှ အလယ်တန်းကျောင်းများအဆင့်၊ အလယ်တန်းကျောင်းများမှ အထက်တန်းကျောင်းများအဆင့်သို့ တိုးမြှင့်ပေးနိုင်ဖို့ အရေး ဝန်လေးနေကြခြင်းမှာ နားမလည်နိုင်အောင် ဖြစ်မိခြင်းပါ။ ပညာတတ်နည်းပါးသောလူမျိုးနှင့် ပညာတတ်ရှားပါးသော တိုင်းပြည်အတွက် ရင်လေးနေမိခြင်းပါ။

ပညာမတတ်တော့ကော ဘာဖြစ်မှာလဲလို့ မေးနေသူတွေကလဲ မေးနေဆဲပါ။ ဒီမိုကရေစီစနစ်မှာ ရာထူးကောင်းကောင်းလိုချင်ရင် အရည်အချင်းကောင်းကောင်းရှိရမှာပါ။ အရည်ချင်းကောင်းဆိုတာ ခေတ်မီတဲ့ ပညာရေးစနစ်မျိုးနှင့် ခေတ်ပညာများကို သင်ယူခွင့်ရပြီး၊ ထိုပညာ (ဘွဲ့ဒီဂရီ)ဖြင့် အလုပ်ခွင်၌ ယုံကြည်ချက်အပြည့်ဖြင့် အလုပ်လုပ်ပြနိုင်ခြင်းပါ။ ထိုကဲ့သို့မဟုတ်ဘဲ မြန်မာလူမျိုးအများစုရဲ့ ပညာရေးအဆင့် အတန်းများဟာ လွန်စွာနိမ့်ကျနေမည်ဆိုလျှင် ဒီမိုကရေစီစနစ်အရ နိုင်ငံတကာနှင့်ယှဉ်တဲ့ လုပ်ငန်းကိုင်ငန်း အခွင့်လမ်းတွေ ပွင့်လန်းလာလို့ အလုပ်ခန့်ရာမှာ မြန်မာလူမျိုးများ (တိုင်းရင်းသားအားလုံး အပါအဝင်)ကို ဘယ်နေရာမှာ ဘယ်ရာထူးမျိုးနဲ့ ခန့်အပ်နိုင်ကြမလဲဆိုတာ ကြိုတင်စဉ်းစားနိုင်ကြဖို့ပါ။

ထို့ကြောင့် ဆင်းရဲသားနှင့် ဆင်းရဲနွမ်းပါးတဲ့ တိုင်းရင်းသား၊ တိုင်းရင်းသူတို့ရဲ့မှီခိုရာဖြစ်တဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဟာ သမိုင်းကောင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အစိုးရကျောင်းများ၏ စံချိန်စံနှုန်းများနှင့်အညီ (အားကစားကွင်းရှိခြင်း၊ ကျောင်းနှင့် ကျောင်းအဆောက်အဦးစာသင်ခန်းများ လုံလုံလောက်လောက်ရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



စာကြည့်တိုက်ရှိခြင်း၊ ကျောင်းထိုင် ဆရာတော်များ ပညာအရည်အချင်းများ ပြည့်မီခြင်း-စသည်များ) ရှိနေခဲ့လျှင် ဘုန်းတော်ကြီးသင် မူလတန်း ကျောင်းများကို အလယ်တန်းကျောင်းများအဆင့်သို့၊ အလယ်တန်းကျောင်းများကို အထက်တန်းကျောင်းများ အဆင့်သို့ တိုးမြှင့်ပေးကြပါရန် တိုက်တွန်းလိုခြင်းပါ။ ပညာတတ်လူမျိုးက တိုင်းပြည်ကို ကြီးပွားချမ်းသာအောင် ဆောင်ရွက်နိုင်သလို၊ သဒ္ဓါတရားရှိပြီး ပညာနှင့်ဥစ္စာပြည့်စုံနေသူမျိုးကသာ သာသနာနှင့် လူမျိုးကို စောင့်ရှောက်နိုင်မည်ဆိုတာ ယုံကြည်ထားမိလို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ပါစေ။

## အရှက်ပေါ် အရိုးဖုံးထားတဲ့ မြန်မာနိုင်ငံရဲ့ အမျိုးသားပညာရေး

လွန်ခဲ့တဲ့ တစ်လလောက်က ရွှေဘိုမြို့ရဲ့ အရှေ့တောင်ထောင့် အရပ်မှာရှိတဲ့ (ကမ္ဘာ့အမွေအနှစ် စာရင်းဝင်တစ်ခုဖြစ်တဲ့) ဟန်လင်း ပျူမြို့ဟောင်းကို ရောက်ခဲ့တယ်။ ဟိုဟိုဒီဒီ ကြည့်ရှုရင်း မြန်မာလို့ ခေါ်တဲ့ လူမျိုးတစ်မျိုး ဖြစ်ပေါ်လာနိုင်ဖို့ အခြေခံအကြောင်းတစ်ရပ် ဖြစ်တဲ့ ဟန်လင်း ပျူမြို့ဟောင်းမှာ နေထိုင်သွားခဲ့ကြတဲ့ ပျူလူမျိုးတို့ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းအရိုးစုတွေ၊ ပျူလူမျိုးတွေ ဆောက်လုပ်နေထိုင်သွားကြတဲ့ ရှေးဟောင်း အဆောက်အဦ အကြွင်းအကျန်နေရာတွေနှင့် ပျူမြို့ရဲ့ မြို့ရိုးဂိတ်ပေါက်တွေကိုပါ တွေ့ရှိရ၍ စိတ်ဝင်စားမိတယ်။

သမိုင်းအထောက်အထားများအရ ထိုမှတစ်ဆင့် ပျူလူမျိုးများသည် ရေကြည်ရာ မြက်နုရာဖြစ်တဲ့ ဗိသနိုး၊ သရေခေတ္တရာ စသော အောက်ပြည်၊ အောက်ရွာရှိ အရပ်ဒေသများဆီသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြပြီး ထိုအရပ်ဒေသတွေမှာ ပျူမြို့များကို တည်ထောင်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ပြန့်တယ်။ ပျူလူမျိုး၊ ပျူမြို့ဟောင်း၊ ပျူယဉ်ကျေးမှုတို့သည် ရှေးခေတ်လူသားတို့၏ အုံ့မခန်း အမွေအနှစ်များကို နှောင်းခေတ်လူသားတို့အတွက် ထားခဲ့နိုင်တာကြောင့် ၂၀၁၅-ခုနှစ်မှာ ထိုပျူမြို့ဟောင်းသုံးနေရာကို (ကမ္ဘာ့အမွေအနှစ်) နေရာများအဖြစ် ကမ္ဘာက အသိအမှတ်ပြုခဲ့တယ်။

သမိုင်းအထောက်အထားများကို လေ့လာကြည့်ရှုရင်း မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းများကို ပြန်လည်သုံးသပ်လေ့လာကြည့်မိတယ်။ အခြေနေနှင့် အချိန်အခါတို့သည် လူမျိုးတစ်မျိုးရဲ့ အခြေအနေများကို ပြောင်းလဲသွားနိုင်သလို၊ နိုင်ငံတစ်နိုင်ရဲ့ အခြေအနေများကိုလည်း ပြောင်းလဲသွားစေနိုင်ကြောင်း လေ့လာသိရှိရတယ်။ တစ်ချိန်က ကြက်ပျံမကျ စည်ကားခဲ့သော ပျူလူမျိုးများနေထိုင်ရာ ဟန်လင်းမြို့ကြီးသည် ယခုအခါ ရွာအသွင်၊ နိဂုံးအသွင်ဖြင့်သာ ထင်ကျန်ရစ်ခဲ့ပြီး မြင်ရသည်မှာ လွမ်းမောဖွယ် ရသတစ်ခုလို ခံစားရသလို ခံစားမိတယ်။

မြန်မာလူမျိုးတို့အတွက် ဘူမိနက်သန်မှန်လှတဲ့ ထိုမြို့ဟောင်းနေရာသည် ရွှေဘိုမြို့ရဲ့ အရှေ့တောင်ထောင့်အရပ်မှာ တည်ရှိပြီး၊ ထိုဒေသမှ အစပျိုးခဲ့သော ပျူလူမျိုးတို့သည် ဗိဿနိုး၊ သရေခေတ္တရာစသော မြို့ကြီးများကိုပါ တည်ထောင်နိုင်ကြလျက် ပျူလူမျိုး၊ ပျူတိုင်းပြည်၊ ပျူယဉ်ကျေးမှုများရဲ့ အမွေအနှစ်များကို နှောင်းခေတ်လူတို့အတွက် ထားခဲ့နိုင်ကြတယ်။ သို့ရာတွင် ပျူလူမျိုးတွေ ဘယ်ရောက်ကုန်ကြသနည်း။ မေးစရာ မေးခွန်းတွေ ဖြစ်လာတယ်။

လူမျိုးဆိုသည်မှာ သို့မဟုတ် နိုင်ငံဆိုသည်မှာ ကိုးကွယ်မှုဘာသာတရားများ ပြောင်းလဲသွားတဲ့ အခါမျိုးတွေမှာဖြစ်စေ၊ ယဉ်ကျေးမှု



တစ်ခုခုက ယဉ်ကျေးမှုတစ်ခုခုကို လွှမ်းမိုးသွားတဲ့အခါမျိုးတွေမှာဖြစ်စေ၊ အမျိုးသားရေး သွေးစည်းညီညွတ်မှုများ ပျက်ပြယ်သွားတဲ့အခါမျိုးတွေမှာဖြစ်စေ၊ စစ်ရှုံး၍ နိုင်ငံတစ်နိုင်ငံရဲ့ လက်အောက်သို့ ကျရောက်သွားရတဲ့ အခါမျိုးတွေမှာဖြစ်စေ လူမျိုးဆိုသည်မှာ သို့မဟုတ် နိုင်ငံဆိုသည်မှာ ကွယ်ပျောက်သွားတတ်သည်မှာ ဓမ္မတာတစ်ခုလို့ ဆိုရမှာဖြစ်တယ်။

သမိုင်းကြောင်းအရ နောင်တစ်ချိန်တွင် ပုဂံလို့ အမည်တွင်လာမဲ့ ထိုဒေသတစ်ဝိုက်မှာ ကိုးကွယ်မှု ဘာသာတရားများ (မဟာယာနဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ) ထွန်းကားလာခဲ့တယ်။ ထိုဘာသာများ၏ ဘာသာ ယဉ်ကျေးမှုများ ထွန်းကားလာတဲ့အခါ ပျူလူမျိုးတို့ရဲ့ ဘာသာတရားနှင့် ယဉ်ကျေးမှုများသည် တစ်ဖြေးဖြေး မှေးမှိန်ပျောက်ကွယ်ခဲ့ရတယ်။

ထိုနောက် ပုဂံဒေသမှာ ရှင်အရဟံနှင့် အနော်ရထာမင်းတို့၏ ကြီးမားတဲ့လုံးလ၊ ကြီးမားတဲ့မေတ္တာ စေတနာတို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်ဟာ နေအသွင်၊ လအသွင် ထွန်းကားလာခဲ့တယ်။ ပျူလူမျိုးများရဲ့ ဘာသာတရားနှင့် ပျူယဉ်ကျေးမှုများ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်သွားခဲ့ရသော်လည်း မြန်မာလူမျိုးဆိုသည်မှာ ပျူလူမျိုးမှ ပေါက်ဖွားဆင်းသက်လာသော လူမျိုးဖြစ်၍ ပျူ လူမျိုးတို့အတွက် ဖြေမယ်ဆိုရင်လည်း ဖြေသာစရာအကြောင်းတစ်ခုဖြစ်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းစာမျက်နှာသစ်များကို ဖေါ်ထုတ်နိုင်တဲ့ မြန်မာလူမျိုးတို့အတွက်လည်း ဘိုးဘေးဘီဘင်များသည် ပျူလူမျိုးများဖြစ်ခဲ့ကြကြောင်း သိခဲ့ရ၍ ဝမ်းသာနိုင်စရာအကြောင်းများပင် ဖြစ်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်ရှိသော လူမျိုးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံကို ကိုယ်စားပြုနိုင်၍ လူမျိုးစွမ်းရည်ရှိမှ နိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းခြေရာများကို ပြန်လည်၍ ကောက်ကြောင်းပြန် လိုက်ကြည့်မည်ဆိုလျှင် ပုဂံကို အမှုးပြုလျက် (မြန်မာလူမျိုးတို့အတွက် သမိုင်းမှာ အရေးပါလှတဲ့) ပင်းယ စစ်ကိုင်း အင်းဝ ညောင်ရမ်း ကုန်းဘောင်မင်းဆက်တို့ကို တွေ့တယ်။ သမိုင်းများကို စနစ်တကျ လေ့လာကြည့်ရှုလျှင် လူမျိုးတစ်မျိုးရဲ့ စွမ်းရည်သည် မည်၍မည်မျှ အရေးပါကြောင်း သိသာထင်ရှားလှတယ်။ အနော်ရထာ စွမ်း၍ ပုဂံမြို့ကို အခြေတည်လျက် မြန်မာနိုင်ငံကြီး၏ နယ်နိမိတ် အဝန်းအဝိုင်း ဧရိယာများကို ကြီးမားအောင် ဆောင်ရွက်နိုင်ခဲ့တယ်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျစွမ်း၍ တတိယ မြန်မာနိုင်ငံတော်ကြီးရဲ့ နယ်နိမိတ်အဝန်းအဝိုင်း ဧရိယာများကို ကြီးမားအောင် တတိယမြန်မာနိုင်ငံတော်ကြီးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့တယ်။ အရှေ့ကို လားသော် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်နိမိတ်အထိ၊ အရှေ့မြောက်နှင့် မြောက်အရပ်သို့လားသော် တရုတ်ပြည်ကြီးအထိ၊ အနောက်သို့လားသော် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလာဒေ့ရှ်နိုင်ငံတို့အထိ မြန်မာနိုင်ငံရဲ့နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်နိုင်ခဲ့တယ်။

ထိုကုန်းဘောင်မင်းဆက်၏ နေပြည်တော်ကို ရတနာသိင်္ခ, ရန်ကြီးအောင်, ကုန်းဘောင်, ရွှေဘို, မုဆိုးဘိုလို့ မြို့ရဲ့အမည်ကို အမည် ငါးမျိုးဖြင့် အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြပြီး အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ရွှေဘိုမြို့မှာ နန်းစိုက်ပြီး မြန်မာလူမျိုး၊ မြန်မာဘာသာ၊ မြန်မာယဉ်ကျေးမှုများကို ပြန်လည်မြှင့်တင်လျက် မြန်မာနိုင်ငံရဲ့ သမိုင်းစာမျက်နှာသစ်များကို ဖွင့်လှစ်နိုင်ခဲ့တယ်။ လူမျိုးစွမ်းမှ



ထိုလူမျိုးသည် နိုင်ငံကို ဦးဆောင်နိုင်ကြောင်း သမိုင်းအထောက်အထားကို တစ်စိတ်တစ်ပိုင်းမျှ တင်ပြခြင်းသာဖြစ်တယ်။

နောက်တစ်ခု သမိုင်းကြောင်းအရ အံ့ဩမိသည်မှာ - ရွှေဘိုဒေသမှ ပျူလူမျိုးအနေနှင့် အစပျိုးခဲ့သော ပျူမင်းဆက်သည် ထိုရွှေဘိုဒေသမှပင်စတင်ခဲ့ပြီး ထိုဒေသ၌ပင် မြန်မာလူမျိုးအသွင်နှင့် ပြန်လည်ရှင်သန်နိုင်ခဲ့၍ ထိုဒေသသည် မြန်မာလူမျိုးတို့အတွက် ဘူမိနက်သန်မှန်လှသော နေရာတစ်ခုဟုပင် ဆိုရမှာဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်းသည်လည်း မြန်မာနိုင်ငံအတွက် လူစွမ်းကောင်းတစ်ယောက်လို့ ဆိုနိုင်တယ်။ သူငယ်စဉ်က အခြေခံပညာရေးဖြစ်တဲ့ အမျိုးသားပညာရေးကို ဘုန်းကြီးကျောင်းမှာပဲ သင်ယူခဲ့တယ်။ ဗိုလ်ချုပ်သည် မြန်မာလူမျိုးတစ်ယောက်ဖြစ်ခဲ့၍ မြန်မာနိုင်ငံအတွက် အသက်ကို အပ်နှင်း၍ နိုင်ငံတိုးတက်ဖို့ စွမ်းနိုင်သမျှ ဆောင်ရွက်ခဲ့မှုကြောင့် မြန်မာဆိုတဲ့နိုင်ငံကြီးမှာ မြန်မာလူမျိုးတို့သည် နိုင်ငံရဲ့ကိုယ်စားပြုလူမျိုးအဖြစ် သမိုင်းစာမျက်နှာပေါ်မှာ ထင်ကျန်ရစ်ခဲ့တယ်။

လူမျိုးစွမ်းမှ ထိုလူမျိုးသည် တိုင်းပြည်နှင့်လူမျိုးကို ကိုယ်စားပြုနိုင်မှာဖြစ်၍ လူမျိုးစွမ်းဖို့ အမျိုးသား ပညာရေးအတွက် စစ်မှန်သော ငြိမ်းချမ်းသော အဖြေရှာနည်းများဖြင့် အဖြေရှာနိုင်ကြဖို့ မြန်မာပြည်ဖွား ရဟန်း ရှင်လူများ အစဉ်ထာဝရ သတိတရားများ ရှိထားကြဖို့လိုတယ်။ သတိတရားများ ရှိထားကြမှသာလျှင် ဒီလူမျိုးနှင့် ဒီတိုင်းပြည်သည် အမြဲတမ်းသွေးစည်းနေမှာဖြစ်တယ်လို့ စဉ်းစားမိလို့ ဒီဆောင်းပါးကို ရေးသားခြင်းခြင်းပါ။

အကယ်၍သာ အခြားလူမျိုးကစွမ်း၍ တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်နိုင်တဲ့ စွမ်းရည်များ ရှိနေမည်ဆိုလျှင်လည်း ထိုလူမျိုးသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုတိုင်းပြည်ကို ကိုယ်စားပြုအုပ်ချုပ်သွားနိုင်၍ ထိုနိုင်ငံသည် ထိုလူမျိုးရဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်သွားနိုင်ခြင်းပါ။

အိမ်နီးနားချင်း နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံကို သက်သေအဖြစ် ရှုကြည့်နိုင်ခြင်းပါ။ မလေးလူမျိုးများ ယုံကြည်ထားသည်မှာ မလေးလူမျိုးများသည် မလေးရှားနိုင်ငံကို ကိုယ်စားပြုထားသော လူမျိုးဖြစ်ပြီး၊ မလေးလူမျိုးများသည် ဘူမိပုတြ (နိုင်ငံသားအစစ်၊ နိုင်ငံရဲ့ သားသမီးရတနာများ) ဖြစ်ကြ၍ နိုင်ငံရဲ့ ရပိုင်ခွင့်အခွင့်အရေးမှန်သမျှ ဘူမိပုတြတို့က ထိုက်ထိုက်တန်တန် ရရှိခံစားခွင့်ရှိရမယ်။ ဥပမာ၊ နိုင်ငံတွင်းမှာ ဆောက်လုပ်သော အိုးအိမ်တိုက်တာများကို ရောင်းဝယ်မှုပြုရာမှာ မူလနိုင်ငံသားများဖြစ်ကြ၍ နိုင်ငံသားအခွင့်အရေး အတွက် အိုးအိမ်တိုက်တာ ကွန်ဒိုများကို ဝယ်ယူရာ၌ အိမ်ရဲ့တန်ဖိုးကို ၁၀%ရာခိုင်နှုန်းမှ ၁၅%ရာခိုင်နှုန်းအထိ ဈေးကို လျှော့ချ၍ ထိုနိုင်ငံသားများအား အထူးလျှော့ဈေးဖြင့် ရောင်းချပေးရကြောင်း မှတ်သားသိရှိရတယ်။ မြန်မာနိုင်ငံမှာ မူလနိုင်ငံသားများသည် ထိုကဲ့သို့သော နိုင်ငံသားအခွင့်အရေးများကို ရကြပါ၏လော။

မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းများကို နောက်ကြောင်းပြန်၍ ကောက်ကြောင်းပြန်လိုက်နေခြင်းမှာ- မြန်မာနိုင်ငံရဲ့အမျိုးသားပညာရေးကို ဆွေးနွေးချင်၍ ပြန်လည်တင်ပြနေခြင်းဖြစ်တယ်။ မြန်မာဆိုတဲ့ လူမျိုး အကြောင်းကို ပြန်ပြောင်းပြောချင်လျှင် ပုဂံသမိုင်းက စ၍ ပြောရမည်ဖြစ်တယ်။ ပုဂံခေတ်က အမျိုးသား ပညာရေးဆိုတာ ဘုန်းကြီးကျောင်းပညာရေးပဲဖြစ်တယ်။ မြန်မာလူမျိုးတွေ စာတတ်အောင် အရှင်အရဟံရဲ့ ဩဝါဒတော်ကို ခံယူပြီး အနော်ရထာမင်းကြီးက အမျိုးသားပညာရေးကို မြှင့်တင်ခဲ့တယ်။



စာသင်ရာဌာနသည် ဘုန်းတော်ကြီးကျောင်းများဖြစ်ခဲ့၍ ဘုန်းတော်ကြီးကျောင်းများသည် မူလတန်း ကျောင်းဆိုလည်းဟုတ်၊ အလယ်တန်းကျောင်းဆိုလည်းဟုတ်၊ အထက်တန်းကျောင်းဆိုလည်းဟုတ်၊ နောက်ဆုံး အဆင့်မြင့်ပညာများကို သင်ယူရာဌာနဖြစ်တဲ့ တက္ကသိုလ်ဆိုသည်မှာလည်း ထိုဘုန်းတော်ကြီးကျောင်းများပင်ဖြစ်ခဲ့တယ်။ ထိုဘုန်းတော်ကြီးကျောင်းများသည် သူ့ခေတ်၊ သူ့အခါလိုက် ထွန်းကားခဲ့တဲ့ အဋ္ဌာရသ ပညာရပ်များ (တစ်ဆဲ့ရှစ်ရပ်သောပညာရပ်များ)ကို သင်ကြားပေးခဲ့တယ်။ ထိုအဋ္ဌာရသပညာရပ်များတွင် သချာ် အတတ်၊ ဗေဒင်အတတ်၊ ဆေးကျမ်းအတတ်၊ ပန်းချီ၊ ပန်းပုအတတ်နှင့် မြင်းစီး ဆင်းစီး အတတ်များပါ ပါဝင်ကြောင်း သိရှိရတယ်။ ထိုခေတ် ထိုအခါက ဘုန်းတော်ကြီးကျောင်းများမှာ သင်ကြားပေးတဲ့ အမျိုးသား ပညာရေးကြောင့် မြန်မာလူမျိုးများ ပညာတတ်ခဲ့ကြတယ်။ အိမ်နီးနားခြင်း နိုင်ငံတွေအကြားဝယ် လူမျိုးဂုဏ်၊ ဇာတိဂုဏ်များ ထယ်ဝါခဲ့ကြတယ်။

ကုန်းဘောင်မင်းဆက်ရဲ့ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ သီပေါမင်းသည်ပင် အမျိုးသားပညာရေးကို ဘုန်းကြီးကျောင်းများမှ သင်ယူခဲ့တယ်။ ထိုခေတ်ထိုအခါက သိပ္ပံပညာရပ်နှင့်စပ်သော လောကဓာတ်ပညာရပ်များ ကမ္ဘာအရပ်ရပ်၌ ထွန်းကားနေခဲ့ပြီဖြစ်တာကြောင့် သိပ္ပံပညာရပ်များကို ဘုန်းတော်ကြီးကျောင်းများ၌ သင်ကြားပေးနိုင်ခြင်းမရှိတာကြောင့် ထိုသိပ္ပံပညာရပ်များကို သင်ယူနိုင်ရန် အချို့သောမင်းညီမင်းသားများနှင့် စာပေထူးချွန်သော လူငယ်များကို အနောက်တိုင်း နိုင်ငံများသို့ စေလွှတ်၍ သိပ္ပံပညာများကို သင်ယူစေခဲ့ကြတယ်။ သိပ္ပံပညာရပ်များ၌ ဘုန်းတော်ကြီးကျောင်းများ၊ သို့မဟုတ် ထိုခေတ်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါက အထက်တန်း စာပေများကို သင်ကြားပေးသော (ယခုခေတ် တက္ကသိုလ်ကြီးများနှင့် အလားတူသော) ဘုန်းတော်ကြီးကျောင်းများသည် အင်္ဂလိပ်စာနှင့် သိပ္ပံဘာသာရပ်များကို ဘုန်းတော်ကြီးတော်ကျောင်းများ၌ သင်ကြားပေးရန် ဆန္ဒနည်းခဲ့ကြ၍ ခေတ်ပညာစွမ်းရည်နည်းပါးသွားခဲ့သော မြန်မာလူမျိုး (တိုင်းရင်းသားလူမျိုးများလည်းပါဝင်သည်) နှင့် မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝသို့ ရောက်ရှိသွားခဲ့ရတယ်။

ဤသင်ခန်းစာများကို လေ့လာသုံးသပ်ကြည့်တဲ့အခါ ပုဂံခေတ်မှ စတင်ခဲ့ ဘုန်းတော်ကြီးကျောင်းများ၌ သင်ကြားခဲ့သော အမျိုးသားပညာရေးသည် အရကျက်မှတ်ရသည့်စနစ်ကို အထူးလေးပေးထားသော စနစ်ဖြစ်၍ ခေတ်ကာလအလိုက် တိုးတက်ပြောင်းလဲလာသော ပညာရေးစနစ်ကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲလိုတယ်ဆိုလျှင် အရာရာတိုင်းကို အလွတ်ကျက်မှတ်ရသောနည်းကို ဖြေလျှော့သင့်သလောက် ဖြေလျှော့ရပေတော့မည်။ မျက်မှောက်ခေတ်နှင့် အံဝင်ခွင်ကျမရှိလှတော့၍ ပြင်သင့်တာပြင်၊ ထားသင့်တာထား၊ ပြောင်းသင့်တာပြောင်း ဒါမျိုးကို ပြုလုပ်ပေးနိုင်မှသာလျှင် ခေတ်လူငယ်တို့အတွက် ခေတ်ကာလအလိုက် ဖြစ်ပေါ်လာသော ပညာရပ်များကို သင်ယူနိုင်ဖို့ အချိန်တွေရရှိလာမှာဖြစ်တယ်။

ယနေ့မျက်မှောက်ခေတ်ကာလသည် ကျောင်းသင်ခန်းစာတစ်ခုတည်းကိုသာ ကျောင်းသားများအား သင်ကြားနေရုံမျှဖြင့် ကမ္ဘာကို ရင်ဆောင်တန်းနိုင်သော အခွင့်အလမ်းများ ရရှိနိုင်ကြမည်မဟုတ်ပါ။ ကျောင်းပြင်ပ၌ သင်ကြားသင့်သော ပညာရပ်များလည်းများစွာရှိလာခြင်းပါ။ ဥပမာ၊ ကွန်ပျူတာသင်တန်းများ၊ IT ပညာရပ်ဆိုင်ရာ သင်တန်းများ၊ အနုပညာနှင့်ဆိုင်သော သင်တန်းများ၊ ဘောလုံးကန်ခြင်း၊ ဘော်လီဘော ကစားခြင်းစသော အားကစားပညာရပ်များစသည်တို့ဖြစ်တယ်။



သာသနာပြုလုပ်ငန်းများဖြစ်တဲ့ ကျောင်းထိုင်ခြင်း၊ ပရဟိတကျောင်းများကို ဖွင့်လှစ်ခြင်းစသည့် သာသနာပြုလုပ်ငန်းများကို ပြုလုပ်နေကြသော သာသနာပြုရဟန်းတော်များအတွက် သာသနာပြုလုပ်ငန်းများကို ပြုလုပ်ရာ၌ အထောက်အကူဖြစ်စေနိုင်တဲ့ သင်္ချာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်စသော စာပေများကို မသင်ခဲ့ရ၍ မိမိတို့ကျောင်းထိုင်ရာ ရပ်ရွာဒေများ၌ ကလေးများကို ပညာသင်ကြားပေးလိုသော်လည်း အင်္ဂလိပ်စာ သင်္ချာ ဘာသာရပ်များကို မသင်ခဲ့ရ၍ အခက်အခဲများစွာနှင့် ကြုံတွေ့ကြရတယ်။ ခေတ်ကာလ၏ တောင်းဆိုချက်အရ ခေတ်မှာမွေးဖွားလာသော ကျောင်းသား၊ ကိုရင်တို့အား သင်္ချာ၊ အင်္ဂလိပ်စာ စသောဘာသာရပ်များကို သင်ကြားပေးနိုင်စွမ်းမရှိကြသော တောကျောင်းပျော် ဆရာတော်၊ သံဃာတော်တို့၏ ကျောင်းများ၌ ကျောင်းသား ကိုရင်များ တစ်ဖြေးဖြေး ဆိတ်သုဉ်းသွားခြင်း၊ ဆွမ်းချိုင့်ဆွဲ ကျောင်းသားများပင် ရှားပါးသွားခြင်းများကို တွေ့ရှိရ၍ သာသနာတော်အတွက် စိတ်မကောင်းဖြစ်မိတယ်။ သို့သော်...။

အမျိုးသားပညာရေးအတွက် ပြုပြင်ပြောင်းလဲပေးဖို့ လိုအပ်နေတဲ့ အကြောင်းရင်းတစ်ခုမှာ ဘာသာရပ်တိုင်း၌ အလွတ်ကျက်မှတ်သောနည်းကို အသုံးပြုနေသောကြောင့်ဖြစ်တယ်။ ခေတ်မီနည်းစနစ်များနှင့် အစားထိုးပြုပြင်ပြောင်းလဲရန် ဆန္ဒနည်းနေကြသော အချို့သော ဆရာကြီး၊ ဆရာမကြီးများသည် (ကမ္ဘာ့ပညာရေးကို ရင်ဘောင်တန်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖို့) အမျိုးသားပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် အားထုတ်ကြသည့်အခါတိုင်း "အရိုးပေါ် အရွက်ဖုံး" မှာကို စိုးရိမ်မိကြောင်း ထပ်တလဲလဲ ပြောကြားလျက် မူမပြောင်းရေး၊ လူမပြောင်းရေးသီအိုရီကို ဆုပ်ကိုင်ထားကြသည်ကို တွေ့ရှိရတယ်။ ရဟန်းတော်များအတွက် စာမေးပွဲစနစ်များကို ပြုပြင်ပြောင်းလဲရန် ဆွေးနွေးကြတဲ့အခါတိုင်း မှာလည်း အလားတူပင် ရှိနေဆဲဖြစ်နေတာကြောင့် အချိန်အခါတစ်ခု အထိ စောင့်ရမည့်အနေအထားမျိုးမှာ ရှိနေဆဲဖြစ်တယ်။

အမျိုးသားပညာရေးအတွက် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ "အရိုးပေါ် အရွက်ဖုံး" မှာကို စိုးရိမ်နေသူများလည်း ရှိနေသလို၊ "အရွက်ပေါ် အမြဲတမ်း အရိုးဖုံး" နေမှာကို စိုးရိမ်မကင်း ဖြစ်နေသူတွေလည်း များစွာရှိနေတယ်။ ကျောင်းသား၊ ကျောင်းသူများ က အမျိုးသားပညာရေးစနစ်ကို ပြုပြင်ပေးရန် လိုအပ်နေလို့ တောင်း ဆိုတယ်။ ရဟန်းသံဃာတော်များကလည်း ပါဠိပထမပြန်ပညာရေး စနစ်များ ပြုပြင်ပြောင်းလဲပေးရန် တောင်းဆိုလိုကြတယ်။ သို့သော် (တိုင်းပြည်ကို ငဲ့ညှာ၍) ယခုအချိန်အထိ လမ်းပေါ်တက်၍ တောင်း ဆိုခြင်း အမှုကိုမူ ပြုရန်ဝန်လေးနေကြဆဲပါ။ ဘာပဲဖြစ်ဖြစ် ပညာရေး မူဝါဒများ ပြောင်းပေးဖို့တော့ အမှန်တကယ် လိုအပ်နေပါပြီ။ "အရိုးပေါ် အရွက်ဖုံး" နေတဲ့ ပြဿနာ၊ "အရွက်ပေါ်မှာ အရိုးဖုံး" နေတဲ့ ပြဿနာ ဒီပြဿနာနှစ်ခုကို မည်သို့ညှိနှိုင်း၍ မည်သို့ ကိုင်တွယ် ဖြေရှင်းပေးမယ်ဆိုတာကို ရဟန်းရှင်လူ ပြည်သူအများက စိတ်ရှည် ရှည်ထား၍ စောင့်စားနေကြမည်ဆိုတာ ယုံကြည်လျက်ရှိနေခြင်းပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## အခမဲ့ပညာရေးစနစ်နှင့် လူထုအော်သံ

စာရေးသူ အမေရိကန်နိုင်ငံမှာ ရောက်နေခိုက် မြန်မာနိုင်ငံ ပညာရေးစနစ်ကို ခေတ်စနစ်နှင့် အညီ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြမယ်ဆိုတဲ့ သတင်းစကားများ ထွက် ပေါ်လာတာကြောင့် ဝမ်းသာမိတယ်။ သို့သော် အခမဲ့ပညာရေးနှင့် စပ်လျဉ်း၍ လူထုအော်သံတွေကလည်း နားမဆံ့အောင် ကြားလာရ ပြန်တယ်။

ပညာရေးမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ အခြေခံအထက်တန်းပညာအထိ (၁၀ တန်းအထိ) အခမဲ့ပညာရေးစနစ် ကို ကျင့်သုံးနေပြီဆိုတဲ့ သတင်းစကားသည် ပူလောင်နေတဲ့ရင်ကို အေးမြစေတာ အမှန်ပါ။ ဘာကြောင့်လဲဆိုရင် ဒီစနစ်မျိုးကို ကျင့်သုံး နိုင်အောင် လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက စတင်ပြီး ဆောင်းပါး တွေလည်း ရေးနေခဲ့တယ်။ ပညာရေးမူဝါဒများ ပြုပြင် ပြောင်းလဲရေး ဆိုင်ရာ ဆွေးနွေးပွဲတွေ၊ ဆီမီနာတွေမှာလည်း အခွင့်အခါသင့်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ပြောဆို ဆွေးနွေးခဲ့တယ်။ မိမိရဲ့မျှော်လင့်ချက်ကို အများပြည်သူများကိုပါ သိရှိနိုင်စေရန် "ပန်းမသိနိုင်တဲ့ကြိုး" စသော ပညာရေးဆိုင်ရာ ဆောင်းပါးများကိုလည်း အခွင့်အခါသင့်တိုင်း ရေးနေခဲ့တယ်။

ဆောင်းပါးရေးသားခြင်းအပြင် ပညာရေးဆိုင်ရာ မူဝါဒများကို စနစ်တကျ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် အရေးကြီးသော အချက်သုံးချက်ကို အထူးစဉ်းစားပေးနိုင်ရန် ဆက်တိုက်ဆိုသလို ရေးသားခြင်း၊ ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့တယ်။ အဲဒီအချက်သုံးချက်က - (၁) ဖရီး အက်ဒျူကေးရှင်း (Free Education) - အခမဲ့ ပညာရေးမျိုးဖြစ်ခြင်း။ ဆိုလိုတာက နိုင်ငံတော်အစိုးရမှ အခြေခံအထက်တန်းပညာရေးအထိ အခမဲ့ပညာရေးမျိုးဖြစ်အောင် မဖြစ်မနေ ဆောင်ရွက်ပေးရန် ဖြစ်တယ်။ (၂) နိုး ကျူရှင် (No Tution) - ကျူရှင်မလိုတဲ့ ပညာရေးမျိုးဖြစ်ခြင်း။ နိုင်ငံတော်အစိုးရမှ ပညာရေးမူဝါဒများကို ချမှတ်ပေးရာ၌ သင်ကြားနည်းစနစ်များကို ခေတ်စနစ်နှင့်ညီအောင် ပြုပြင် ပြောင်းလဲပေးခြင်း၊ ဆရာ၊ ဆရာမများ၏ လစာများကို ထိန်းညှိပေးခြင်း၊ ကျူရှင်မလိုသော ပညာရေးစနစ်ဆီသို့ မရောက်၊ ရောက်အောင် အစဉ်မပြတ်ဆောင်ရွက်ပေးခြင်း၊ စာကြည့်တိုက်များသို့ သွားရောက်၍ ဆရာမပါဘဲ ပညာရပ်များကို ကိုယ်တိုင်လေ့လာသင်ကြားနိုင်ခြင်း စသည်များကို စီမံဆောင်ပေးရန် တို့ဖြစ်တယ်။

နံပါတ်(၃)အချက်ကတော့ ကွန်ပါလ်စရီ အက်ဒျူကေးရှင်း (Compulsory Education) - မသင်မနေရ ပညာရေးမျိုးဖြစ်ခြင်း။ နိုင်ငံတော်အစိုးရမှ ပညာရေးမူဝါဒများကို ချမှတ်ပေးရာ၌ ကျောင်းသား၊ ကျောင်းသူတိုင်း ကျောင်းနေရမည့်အရွယ်များတွင်



(၁၆-နှစ်၊ သို့မဟုတ် ၁၈-နှစ်အရွယ်အထိ) ကျောင်းစာသင်ခန်းများထဲ၌ အတူတကွ ရှိနေခြင်းဖြင့် ကလေးစစ်သားပြဿနာ၊ ကလေးအလုပ် သမားပြဿနာ၊ လမ်းတကာ၊ အိမ်တကာ လှည့်လည်၍ တောင်းရမ်း စားသောက်နေရသော ကလေးသူငယ်များပြဿနာ စတဲ့ ဒီပြဿနာတွေအားလုံး (တစ်ချက်ခုတ် ဆယ်ချက်ပြတ် အသွင်မျိုးဖြင့်) ရှင်းလင်းသွားစေချင်၍ မသင်မနေရ ပညာရေးမျိုးဖြစ်အောင် နိုင်ငံတော်အစိုးရကို တောင်းဆိုနေခြင်းဖြစ်တယ်။

ကံအားလျော်စွာပင် အဲဒီအချက်သုံးချက်ထဲက အချက်တစ်ချက်ဖြစ်တဲ့ အခမဲ့ပညာရေးမူဝါဒကို အခြေခံပညာဆယ်တန်းအထိ ယခုနှစ် (၂၀၁၅-၂၀၁၆-ခုနှစ်) ပညာသင်နှစ်တွင် နိုင်ငံတော်မှ ချမှတ်ပေးနိုင်ခဲ့ပြီဖြစ်၍ ပြည်သူ၊ ပြည်သားများကိုယ်စား နိုင်ငံတော်အား ကျေးဇူးတင်နေမိတယ်။

သမိုင်းမှတ်တမ်းများအရ သိရသည်မှာ - မဆလ၊ နဝတ၊ နအဖ စစ်အုပ်ချုပ်ရေး သက်တမ်း တစ်လျှောက်လုံး အခမဲ့ပညာရေးကို အခြေခံပညာ မူလတန်းအထိသာ တိုင်းပြည်မှ သင်ကြားပေးနိုင်ခဲ့တယ်။ လွန်ခဲ့သော ပညာသင်နှစ်မှစ၍ (၂၀၁၄-၂၀၁၅-ခုနှစ်မှစ၍) နိုင်ငံတော်အစိုးရမှ အခြေခံပညာ အလယ်တန်းအထိ အခမဲ့ပညာရေးစနစ်ကို တိုးမြှင့်ပေးနိုင်ခဲ့တယ်။ တဖန် ယခုနှစ် ပညာသင်နှစ်တွင် (၂၀၁၅-၂၀၁၆-ခုနှစ်တွင်) နိုင်ငံတော်အစိုးရမှ အခမဲ့ပညာရေးစနစ်ကို အခြေခံပညာ အထက်တန်းအထိ တိုးမြှင့်ပေးနိုင်ခဲ့ပြန်တယ်။ ဒီအတွက် အတိုင်းမသိ ဝမ်းသာပီတိတွေ ဖြစ်မိတယ်။

သို့သော် နိုင်ငံတော်၏ အခမဲ့ပညာရေးမူဝါဒသည် နိုင်ငံတော်အတွက် ခေတ်မီတိုးတက်အောင် ပြုပြင်ပေးနိုင်သော ပညာရေး

www.burmeseclassic.com

www.burmeseclassic.com



မျိုး မဟုတ်နိုင်သေး၍ လိုအပ်ချက်များ များစွာရှိနေတာကို တွေ့မြင်နေရပြန်တယ်။ ထို့အတွက် နိုင်ငံတော်အစိုးရနှင့် ပညာရေးမူဝါဒများကို ရေးဆွဲရန် တာဝန်ရှိနေကြသော ပုဂ္ဂိုလ်များအားလုံးကို သတိပေးလိုခြင်းပါ။

ပညာရေးမူဝါဒများကို ရေးဆွဲရာ၌ အသိတရားနှင့် အသိပညာကို ရှေ့သွားပြုလျက် စေတနာနှင့် ပညာရေးမူဝါဒများကို ရေးဆွဲနိုင်ကြဖို့ပါ။ ထိုကဲ့သို့ အနေအထားမျိုးနှင့် ရေးဆွဲရန် ဆန္ဒများရှိနေခဲ့ကြပါလျှင် အထက်၌ ဖော်ပြခဲ့သော အချက်သုံးချက်မှ နောက်နှစ်ချက်ကိုလည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်တယ်လို့ ထင်မြင်မိတယ်။ အဲဒီအချက်များကတော့ ကျူရှင်မလိုတဲ့ ပညာရေးမျိုးနှင့် မသင်မနေရ ပညာရေးမျိုး (ဆယ်တန်းအထိ) ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်တယ်။

ဒီနေရာမှာ ပြည်သူအများ (ယေဘုယျသဘောအားဖြင့်) အတိအကျ မသိနိုင်သေးတဲ့ အချက်တစ်ခုမှာ မသင်မနေရ ပညာရေးစနစ်ဖြစ်တယ်။ သိသလိုလိုနှင့် မသိနိုင်အောင် ဖြစ်နေကြခြင်းပါ။ ဥပမာ၊ မသင်မနေရ ပညာရေးမျိုးဖြစ်အောင် ပြုလုပ်ပေးဖို့ ဆိုတာက အစိုးရမှာချည်း တာဝန်ရှိနေသည် မဟုတ်ပါ။ ပြည်သူများဖက်ကလည်း ပူးပေါင်းဆောင်ရွက်ပါမှ ဖြစ်နိုင်တဲ့ အရာမျိုးဖြစ်နေခြင်းပါ။ ဆိုလိုတာက ထိုမသင်မနေရ ပညာရေးစနစ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အစိုးရနှင့်ပြည်သူ အတူပူးပေါင်း ဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မှာဖြစ်တယ်။

လောက၌ ဖြစ်နေတတ်သည်မှာ - (တိုင်းပြည်နှင့်လူမျိုး အကျိုးများဖို့အတွက်) တစ်ဖက်၏ လိုအပ်ချက်ကိုသာ လက်ညှိုးထိုး



တတ်ပြီး၊ ကိုယ်ကိုယ်ကို ဘယ်သောအခါမှ လက်ညှိုးမထိုးလိုတဲ့ လူမျိုး၊ ကိုယ့်ကိုယ်ကိုသာ လက်ညှိုးထိုးတတ်ပြီး၊ အခြားတစ်ဖက်၏ လိုအပ်ချက်ကို လက်ညှိုးထိုးရန် ဝန်လေးနေတဲ့လူမျိုး၊ ဒီလိုလူမျိုးတွေ တိုင်းပြည်အတွင်းမှာ များစွာရှိနေသေးသမျှကာလပတ်လုံး ထိုတိုင်းပြည် ထိုလူမျိုးတို့အတွက် ပြည်သူတို့ လိုချင်သော ပန်းတိုင်းဆိုသည်မှာ နီးမလိုလိုနှင့် ဝေးနေဦးမည်သာဖြစ်တယ်။ တိုင်းပြည်နှင့် လူမျိုး၊ လူမျိုးနှင့်ဆန္ဒ တစ်ထပ်တည်းကျနိုင်ဖို့ဆိုတာ လူမျိုးအပေါ်မှာသာ မူတည်နေပြီး၊ တိုင်းပြည်အပေါ်မှာ မူတည်နေတာမဟုတ်ကြောင်း သိနိုင်ကြဖို့လိုတယ်။

ဥပမာ၊ မသင်မနေရ ပညာရေးမျိုးဖြစ်နိုင်ဖို့ နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းပေးထားလိုက်သည် ဆိုပါတော့။ ထိုဥပဒေ၌ ပြဋ္ဌာန်းထားသည်မှာ - ကျောင်းအုပ် သို့မဟုတ် ကျောင်းဆရာ၊ဆရာမများထံမှ ခွင့်စာမယူဘဲ (၃)ကြိမ်ထက်အလွန် ကျောင်းပျက်ကွက်သော ကျောင်းသား၊ ကျောင်းသူများ၏ မိဘများ (သို့မဟုတ်) အုပ်ထိန်းသူများသို့ သက်ဆိုင်ရာ ဆရာ၊ ဆရာမများက ထိုကျောင်းပျက်ကွက်နေသော ကျောင်းသားမိဘများသို့၊ သို့မဟုတ် အုပ်ထိန်းသူများသို့ တိုင်ကြားစာ၊ သို့မဟုတ် အကြောင်းကြားစာများ ပေးပို့ခဲ့လျှင် ကျောင်းသားမိဘများ၊ သို့မဟုတ် အုပ်ထိန်းသူများသည် ကျောင်းတက်ရန် ပျက်ကွက်နေသော ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသို့ ပို့ဆောင်၍ သက်ဆိုင်ရာ ဆရာ၊ ဆရာမများထံသို့ အပ်နှံပေးရမည်။ ထိုကဲ့သို့ တာဝန်သိသိ ပြုလုပ်ပေးရန် မိဘများ၊ သို့မဟုတ် အုပ်ထိန်းသူများမှ ပြုလုပ်ပေးရန် တာဝန်များ ပျက်ကွက်ခဲ့သော် ထိုပျက်ကွက်သူအား ဒဏ်ငွေသုံးသိန်း (သို့မဟုတ်) ထောင်ဒဏ်သုံးလ

www.burmeseclassic.com

www.burmeseclassic.com



ကျခံရမည်ဖြစ်သော ဥပဒေမျိုးကို နိုင်ငံတော်အစိုးရမှ ပြတ်ပြတ်သားသား ပြဋ္ဌာန်းပေးထားရန်ဖြစ်တယ်။

ကျောင်းသား၊ ကျောင်းသူများ၏ပညာရေးကို အလေးထားသော အားဖြင့် ထိုကဲ့သို့သော ဥပဒေ မျိုးကို နိုင်ငံတော်မှ ပြဋ္ဌာန်းပေးခဲ့ကြမည်ဆိုလျှင် ကျောင်းသား၊ ကျောင်းသူများအတွက် မသင်မနေရ ပညာရေးစနစ်သည် မုချမသွေ အောင်မြင်နိုင်မှာဖြစ်တယ်။ ။

ထိုကဲ့သို့ မလုပ်နိုင်ခဲ့လျှင် တိုင်းပြည်နှင့်လူငယ်၊ လူငယ်နှင့် ပညာရေး အစေးကပ်ဖို့ အဝေးကြီးမှာ ရှိနေသေးတယ်လို့ ဆိုရမှာဖြစ်တယ်။ စစ်တပ်အင်အားရှိမှ တိုင်းပြည်အင်အားရှိတယ် ဆိုတဲ့ သီအိုရီကို မငြင်းနိုင်သလို၊ လူငယ်တွေ ပညာတတ်မှ တိုင်းပြည်အင်အားရှိမယ် ဆိုတဲ့ သီအိုရီကိုလည်း မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။ လူငယ်များရဲ့ အနာဂတ်ကောင်းမွန်ဖို့ အဓိကအကြောင်းရင်းမှာ ကောင်းမွန်သော ပညာရေးစနစ်ဖြစ်တယ်။ ပညာရေးစနစ် ကောင်းမွန်နေခဲ့ပါလျှင် ''ပညာရဲရင့် ပွဲလယ်တင့်'' ''ပညာရွှေအိုး လူမခိုး'' ''ပညာမြင့်မှ လူမျိုးတင့်သည်'' ဆိုတဲ့ အဆိုများရဲ့အဓိပ္ပါယ်များကို အထူးပြု၍ ပြောနေစရာပင် လိုမည်မထင်တော့ပါ။

ထို့ကြောင့် လူငယ်များ ကျောင်းပျော်နိုင်ဖို့နှင့် ကျောင်းစာတွေမှာ ပျော်ရွှင်နိုင်ဖို့ ဘာတွေ လိုအပ်နေသနည်း။ ဉာဏ်မီသမျှ သုံးသပ်တင်ပြရသော် - နံပါတ် (၁) ကျောင်းမှန်မှန်တက် စာမခက်သော ပညာရေးမျိုးဖြစ်ရမည်။ နံပါတ်(၂) ပညာသင်ကြားရာ၌ ပျော်စရာကောင်းသော ပညာရေးမျိုးဖြစ်ရမည်။ နံပါတ် (၃) လူငယ်များရဲ့ အနာဂတ်ကို အာမခံချက်ပေးနိုင်သော ပညာရေးမျိုးဖြစ်ရမည်။ နံပါတ် (၄) နိုင်ငံတကာရှိ ကျောင်းသား၊ ကျောင်းသူများနှင့် တန်းတူရည်တူ



ဆက်ဆံနိုင်သော အရည်အချင်းရှိသော ပညာရေးမျိုးဖြစ်ရမည်။ အနည်းဆုံး ဒီလေးချက်နှင့် ပြည့်စုံနိုင်ဖို့တော့ လိုအပ်တယ်လို့ ထင်မြင်ယူဆမိခြင်းပါ။

နံပါတ် (၁) အချက်နှင့် စပ်လျဉ်း၍ စိစစ်ပြလိုတယ်။ ကျောင်းမှန်မှန် တက်နိုင်ဖို့အတွက်၊ သို့မဟုတ် ကျောင်းပျော်ပျော်တက်နိုင်ဖို့အတွက် ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းစာများကို သင်ကြားရာ၌ ကြောက်စိတ်များလည်း ကင်းရမယ်၊ ပျော်ရွှင်စိတ်လည်း ရှိရမယ်။ နံပါတ် (၂) အချက်က ကျောင်းစာတွေမှာ ပျော်ရွှင်နိုင်ဖို့ဆိုတာ ကျက်မှတ်မှ စာတတ်နိုင်သည်ဆိုသော ရှေးရိုးစွဲ အယူအဆများကို လျှော့ချ၍ ကျောင်းသား၊ ကျောင်းသူများ သင်ကြားရသော ဘာသာရပ် များ၌ ပျော်ရွှင်စွာဖြင့် အပြန်အလှန် အမေးအဖြေလုပ်၍ သင်ကြားခြင်း၊ ဆန်းသစ်သော အတွေးအခေါ်များနှင့် အရာရာတိုင်းကို ကိုယ်တိုင်ကြံဆနိုင်အောင် သင်ကြားပေးခြင်း၊ အုပ်စုဖွဲ့၍ ပညာရပ်များကို လေ့လာခြင်း၊ ဆည်းပူးခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ စာကြည့်တိုက်များသို့ သွားရောက်၍ အချက်အလက် ဒေတာများကို စုပေါင်းရှာဖွေခြင်း၊ ကွင်းဆင်းလေ့လာခြင်း စသည်တို့ကို ပြုလုပ်ပေးရမှာ ဖြစ်တယ်။

နံပါတ် (၃)အချက်က လူငယ်များသည် သူတို့တတ်မြောက်ထားသော ပညာရပ်များဖြင့် ပြည်တွင်း၊ ပြည်ပရှိ အစိုးရအလုပ်အကိုင်များ၊ ကုမ္ပဏီနှင့်ဆက်နွယ်နေသောလုပ်ငန်းများ၊ NGO နှင့် ဆက်စပ်နေသော အလုပ်အကိုင် အခွင့်အလန်းများကို လုပ်ကိုင်နိုင်စွမ်းရှိသော လူငယ်များအဖြစ်နဲ့ သူတို့ရဲ့ အနာဂတ်ကို အာမခံချက် ပေးနိုင်သော ပညာရေးမျိုးဖြစ်ရမယ်။ နံပါတ် (၄) အချက်က နိုင်ငံတကာရှိ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား၊ ကျောင်းသူများနှင့် အခါအားလျော်စွာ တွေ့ဆုံကြရတဲ့ အခါမျိုးတွေမှာ - ဥပမာ၊ နိုင်ငံတကာအဆင့်ရှိ ပညာရေး နှီးနှော ဖလှယ်ပွဲများ၊ အားကစားပွဲများနှင့် လေ့လာရေး ခရီးများသို့ တက်ရောက်ခွင့်ရကြသော အခါမျိုး၌ ချစ်ကြည်ရင်းနှီးစွာ စကားပြောနိုင်ခြင်း၊ ဆွေးနွေးနိုင်ခြင်း၊ လူငယ်လူရွယ်အချင်းချင်း အတွေ့အကြုံများကို ဖလှယ်၍ ခေါင်းဆောင်မှုပေးနိုင်ခြင်း၊ လေ့လာဆည်းပူးထားသော ပညာရပ်များနှင့် ကိုယ်ပိုင်စွမ်းရည်များကို ထုတ်ဖော်ပြသနိုင်ခြင်း၊ ထိုအတွက် အင်္ဂလိပ်ဘာသာစကား စသော ဘာသာရပ်များကို ကျွမ်းကျင်စွာ တတ်မြောက်အောင် သင်ကြားပေးထားခြင်း စသော ပညာရေးမျိုး ဖြစ်ရမယ်။

သို့သော် ပညာရေးမူဝါဒများ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ အသိတရားနှင့် စေတနာမပါဘဲ ပညာရေးမူဝါဒများကို ပြောင်းလဲတယ်ရှိရုံမျှသာ ပြောင်းလဲထားခဲ့သော် ကျောင်းသား၊ ကျောင်းသူများအတွက် အကျိုးမဖြစ်ထွန်းနိုင်သော ပညာရေးစနစ်မျိုး ထပ်မံဖြစ်သွားနိုင်ပြီး၊ ပြင်းထန်စူးရှသော ပြည်သူတွေရဲ့အသံသည် စေတနာနှင့်မတန်သော အနေအထားမျိုးသို့ ရောက်သွားနိုင်ခြင်းပါ။

ထို့ကြောင့် ပညာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲပေးရာ၌ အားမတန်၍ မာန်လျှော့တဲ့ အနေအထားမျိုးနှင့် ပညာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲပေးရခြင်း မဟုတ်ဘဲ၊ ကျောင်းသား၊ ကျောင်းသူများ အပေါ်၌ထားတဲ့ ကောင်းမြတ်တဲ့စေတနာ၊ တိုင်းပြည်နှင့် လူငယ်များရဲ့ အနာဂတ်ကို ကြိုတင်မှန်းဆသိမြင်နိုင်တဲ့ အသိတရားများအပြင်၊ အခါအခွင့်သင့်၍ ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံချင်းယှဉ်ရသော်၊ ပညာချင်းယှဉ်ရသော် ဘယ်လိုအနေအထားမျိုးနှင့်ယှဉ်ယှဉ် မနိမ့်ကျ



စေလိုတဲ့ စေတနာမျိုးနှင့် ဆောင်ရွက်ပေးနိုင်ကြဖို့ပါ။ တိုင်းပြည်နှင့် လူမျိုးအတွက် ကျုရှင်မလိုတဲ့ ပညာရေးမျိုးနှင့် မသင်မနေရ ပညာရေးမျိုး ဖြစ်နိုင်အောင် လိုအပ်ချက်များကို ဖြည့်စွက်၊ လိုအပ်သည်များကို ပြင်ဆင်ပေးခြင်းဖြင့် အာမခံချက်ရှိသော ကျောင်းသား၊ ကျောင်းသူတို့၏ အနာဂတ်ဘဝလေးများသည် ဖူးပွင့်စပန်းနယ်၊ တိမ်စင်ကင်းသောလနယ် ရှိနိုင်လိမ့်မည်ဟု စာနာစိတ်နှင့် တင်ပြလိုက်ခြင်းပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## ကျားသေကို အသက်သွင်းနေတဲ့ မြန်မာနိုင်ငံပညာရေးစနစ်

လူမျိုးကြီးပွားစေချင်ရင် ပညာရေးကိုမြှင့်တင်ရမယ်။

တိုင်းပြည်ကို တိုးတက်စေချင်ရင် ပညာရေးကိုမြှင့်တင်ရမယ်။

ကမ္ဘာကို ရင်ဘောင်တန်းစေချင်ရင် ပညာရေးကိုမြှင့်တင်ရမယ်။

အထက်ဖော်ပြပါ သီအိုရီများကို လူတိုင်းနီးနီး ကြားဖူးကြမှာပါ။ သို့သော် ယနေ့ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကို ဆန်းစစ်လေ့လာကြည့်ရင် စိတ်အေးနိုင်စရာ အကြောင်းမရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ တကာနှင့် ရင်ဘောင်တန်းနိုင်အောင် အဆင့်မီတဲ့ ပညာရေးပေါ်လစီများကို နိုင်ငံတော်မှ ပြဋ္ဌာန်းသတ်မှတ် ပေးရာတွင် ခေတ်နှင့်လျော်ညီသော ပညာရေးစနစ်များ ရှင်သန်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးရမည့်အစား၊ ရှင်သန်မှုမရှိနိုင်တော့သော ပညာရေးသင်ရိုးညွှန်းတန်းဟောင်းများကို ပြန်လည်ဘောင်ခတ်၍



အသစ်တဖန် ပြဋ္ဌာန်းပေးထားတဲ့ ပညာရေးပေါ်လစီများ ပေါ်ထွက်လာခြင်းကြောင့်ဖြစ်တယ်။ အနာဂတ်လူငယ်များအတွက် ပညာရေးနှင့်ပတ်သက်၍ ကံကောင်းနိုင်စရာ အကြောင်းမရှိသေးပါ။

ခေတ်နှင့် လူငယ်၊ လူငယ်နှင့် နိုင်ငံရေး၊ နိုင်ငံရေးနှင့် တိုင်းပြည်၊ တိုင်းပြည်နှင့် လူမျိုး၊ အချိုးအစား မညီမမျှ ဖြစ်နေသမျှ ကာလပတ်လုံး ထိုနိုင်ငံ၏ (အများစုသော ပြည်သူလုထု၏၊) လူနေမှုဘဝများသည် နိမ့်ကျနေမည်သာဖြစ်၏။ ယခုအခါ မြန်မာနိုင်ငံ၏ လူနေမှုအဆင့်အတန်းသည် (အများစုမှာ) အနိမ့်မှာ ရှိနေသလား၊ အမြင့်မှာ ရှိနေသလားဆိုတာ ကိုယ်ပိုင်အသိတရားဖြင့် သုံးသပ်ဆင်ခြင်နိုင်ကြဖို့ပါ။

တိုင်းပြည်ရဲ့အနေအထားကို အားမနာတမ်းပြောရလျှင် မြန်မာနိုင်ငံသားတို့ရဲ့ လူနေမှုစံနှုန်းသည် နိုင်ငံတကာရဲ့ လူနေမှုစံနှုန်းထက် (အများစုဟာ) များစွာနိမ့်ကျနေတာကို တွေ့ရတယ်။ သို့သော် ဖြစ်ပျက်နေသော အရာအားလုံးအတွက် နိုင်ငံရေးပေါ်လစီ တစ်ခုတည်းကိုချည်း အပြစ်တင်နေ၍ မရပါ။ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၌ ပြည်သူ၊ ပြည်သားများလည်း ကြောင်းကျိုးချင့်ချိန်၍ အသိတရားနှင့် သတ္တိရှိရှိပါဝင်ခြင်း၊ စွမ်းရည်နှင့် ဗျူဟာ အချိုးညီမျှအောင်ပြု၍ ပူးပေါင်းဆောင်ရွက်ခြင်းများကို ပြုလုပ်သင့်တဲ့အချိန်အခါမျိုးဖြစ်တယ်။

အမြင်ကတတ်၍ အပြစ်တွေချည်းပြော၊ နားကျည်းနေတဲ့ နှလုံးသားဖြင့် ရင်ခုံသံအတိုင်း တုန့်ပြန်၊ ကြွက်မနိုင်တော့ ကျည်မီးနှင့်ရှို့၊ နိုင်ငံတကာရဲ့ မီဒီယာခွန်အားကိုယူ၊ ဘယ်သူမှားမှား ကိုယ်မမှားတဲ့ အနေအထားမျိုးနှင့် ဘာပဲဖြစ်ဖြစ် တိုင်းပြည်ဆင်းရဲတာ အစိုးရပေါ်လစီကြောင့်၊ ပညာတတ်တွေ နည်းပါးသွားတာ အစိုးရ ပေါ်လစီကြောင့်၊

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးတွေ မတိုးတက်တာ အစိုးရပေါ်လစီကြောင့်၊ ပြည်သူတွေထဲမှာ အမှုသမားတွေ များပြားလာတာဟာ အစိုးရပေါ်လစီကြောင့်၊ မိန်းကလေးတွေ မလုံတလုံ ဝတ်စားဆင်ယဉ်မှုတွေ များလာတာဟာ အစိုးရပေါ်လစီကြောင့်၊ ဘာပဲဖြစ်ဖြစ် အစိုးရပေါ်လစီကိုချည်း ပစ်မှတ်ထား၍ ပြောဆိုရေးသား နေကြတာကို တွေ့ရတယ်။ မဟုတ်ဘူးလားလို့မေးရင် မငြင်းလိုပါ။ သို့သော်···။

အများပြောစကားကို စံထား၍ အများပြောတိုင်း ဟုတ်မှန်ပါတယ်လို့ ဝန်ခံပြောဆိုရခြင်းမျိုးထက် တရားသဘောကို စံထား၍ ပြောဆိုရခြင်းမျိုးက ပို၍ အဓိပ္ပါယ်ရှိနိုင်တယ်လို့ ထင်မြင်ယူဆမိခြင်းပါ။ အဘိဓမ္မာသီအိုရီမှာ ပြဆိုထားတာက **"အကျိုးတရားတစ်ခုဖြစ်ပေါ်လာခြင်းသည် အကြောင်းတရား တစ်ခုတည်းကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ၊ အကြောင်းတရားများ ပေါင်းဆုံပါမှ အကျိုးတရားဆိုတာ ဖြစ်ပေါ်လာနိုင်တယ်"** ဆိုတဲ့ သီအိုရီကို လေ့လာဆန်းစစ်နိုင်ကြဖို့ပါ။

ထိုအကြောင်းတရားတွေထဲမှာလည်း နီးသောအကြောင်း၊ ဝေးသောအကြောင်းဆိုပြီး သီအိုရီက ရှင်းလင်းထားတာကို တွေ့ရတယ်။ ဒီနေရာမှာ တိုင်းပြည်ဆင်းရဲရခြင်း၏ နီးသောအကြောင်းမှာ အစိုးရပေါ်လစီကြောင့် ဖြစ်နိုင်သော်လည်း ဝေးသောအကြောင်း (သို့မဟုတ်) ထင်သာမြင်သာမရှိတဲ့အကြောင်းတရားများကလည်း ရှိနေခြင်းပါ။ ထိုအကြောင်းတရားတွေကတော့ တိုင်းပြည်ရဲ့ ပညာရေးအဆင့်အတန်းများ နိမ့်ကျနေခြင်း၊ ပြည်သူတွေရဲ့နိုင်ငံရေး အသိစိတ်များ အားနည်းနေခြင်း၊ ကိုယ်ပိုင်အသိဖြင့် စီးပွားရေးမလုပ်တတ်ခြင်း၊



ပူးပေါင်းဆောင်ရွက်ခြင်းထက် တစ်ကိုယ်ကောင်းစိတ်ဓာတ်များ မွေးမြူထားခြင်း၊ ကိုယ်ပိုင်အရည်အချင်းများကို အားမကိုးပဲ ပေါင်းစား၊ ဖားစား၊ မြှောက်စား၊ လိမ်စားခြင်းမျိုးတွေ၊ လာဘ်စားခြင်း (စပွန်စာကိုလက်ခံ၍ အပြစ်မကင်းသော ခွါစားခြင်း)မျိုးတွေလည်း ပါဝင်နေခြင်းပါ။ ဒီအကြောင်းတရားများဟာလည်း တိုင်းပြည်ဆင်းရဲခြင်း၏ အကြောင်းတရားများဖြစ်တယ်လို့ ထင်မြင်ယူဆမိတယ်။

အဘယ်ကြောင့်ဆိုသော် ဥပမာ၊ နိုင်ငံရေးသီအိုရီအရ **"လာဘ်ပေး၊ လာဘ်ယူရှိသော နိုင်ငံမျိုး၌ လုပ်ချင်တာကို အကုန်လုပ်လို့ ရတယ်"** ဆိုတဲ့အဆိုဟာ မှန်သင့်သလောက် မှန်နေခြင်းပါ။ ဒီသီအိုရီနှင့် စံထားပြောဆိုရသော် မြန်မာနိုင်ငံ၌ လာဘ်ပေး၊ လာဘ်ယူမှုတွေ တကယ်ပင် ကင်းရှင်းနေပြီးလော။ အကယ်၍ လာဘ်ပေးလာဘ်ယူမှုကိစ္စများ တကယ်ပင် ပပျောက်လိုသော် ယူသူကိုလည်းပြင်းပြင်းထန်ထန် အရေးယူ၍ ပေးသူကိုလည်း ပြင်းပြင်းထန်ထန် အရေးယူသင့်တဲ့ အချိန်အခါမျိုးဖြစ်နေတယ်။ လာဘ်မရမှုကြောင့် လတ်တလော ဖြစ်ပေါ်လာနိုင်သော စားဝတ်နေရေးအတွက် ဖာနိုင်ထေးနိုင်အောင် (ပညာပေး၍) လခများကို တိုးမြှင့်ပေးသင့်တဲ့ အချိန်အခါမျိုးလည်း ဖြစ်နေတယ်။

ထိုသို့ပေးနိုင်ရန်အတွက် တိုင်းပြည်ရဲ့အခွန်ဘဏ္ဍာများကို တိုးပွားစေနိုင်သော မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ ထွက်ရှိနေသော တိုင်းပြည်ရဲ့ သယံဇာတများကို တိုင်းကျိုး၊ ပြည်ကျိုးအတွက် ပြည်နယ်နှင့် တိုင်းရှိ ပြည်သူ၊ ပြည်သူများသည် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် အမှန်တကယ်ပင် ပူးပေါင်း၍ ပြုလုပ်ပေးကြရမည့်အချိန်အခါဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်ဆင်းရဲခြင်းအတွက် အချင်းချင်း အပြစ်ပြောနေကြမည့်အစား လာဘ်ပေး၊ လာဘ်ယူမှု ပြုနေသူများ၊ လာဘ်မယူသော်လည်း တစ်နည်းနည်းဖြင့် ရယူနေသူများ ဆက်လက်ရှင်သန်နေမှုများကို ပပျောက်သွားရအောင် ပူးပေါင်းဆောင်ရွက်၍ ဆင်းရဲမွဲတေသောဘဝများနှင့် နေခဲ့ကြရသော ရာစုနှစ်များစွာကို ကျော်လွှားနိုင်ဖို့ အနစ်နာခံ၍ ပေးဆပ်နေကြရမှာဖြစ်တယ်။ ထိုသို့မပြုလုပ်နိုင်ပဲ လာဘ်ပေး လာဘ်ယူမှုအား ဆက်လက်ရှင်သန်ခွင့်ရအောင် ကာကွယ်ပေးနေကြမည်ဆိုလျှင် တိုင်းပြည်ကို ဆင်းရဲတွင်းထဲသို့ ကျရောက်နိုင်ဖို့ ကိုယ်တိုင်က တွန်းအားပေးနေသူများ ဖြစ်နေတတ်ခြင်းပါ။

ခေတ်နှင့်လျော်ညီသော ပညာရေးမူဝါဒများအတွက် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များ နှေးကွေးနေခြင်းသည် မြန်မာနိုင်ငံအတွက် ကံဆိုးခြင်း၏ အကြောင်းတစ်ရပ်ဖြစ်နေတယ်။ ပညာရေးနယ်ပယ်မှာ လာဘ်ပေး၊ လာဘ်ယူ ပြုနေသူကပြု၊ လာဘ်မရသူက လာဘ်မရ၍ နည်းအမျိုးမျိုးနှင့်နှိပ်စက်၊ ဒီအတွက် ခါးစည်းခံနေရသူများက ကျောင်းသား၊ ကျောင်းသူများဖြစ်တယ်။ ဖြစ်စဉ်များက ဝမ်းနည်းစရာပါ။ ရန်ကုန်တိုင်း၌ ၂၀၁၂ခု -၂၀၁၃ခုပညာသင်နှစ်၌ အပြင်ဖြေကိုးတန်းကျောင်းသား၊ ကျောင်းသူများသည် စာဖြေဌာနအချို့၌ ဖြေဆိုသူ အားလုံး အောင်မြင်သူမရှိတဲ့ မြို့နယ်များပင် ရှိနေကြောင်း လေ့လာစုံစမ်းသိရှိရတယ်။ (ပညာရေးမှူးများ နစ်နာနိုင်၍ မြို့နယ်များ၏ အမည်ကို ချန်လှပ်ထားခဲ့ခြင်းပါ) ထိုကျောင်းသား၊ ကျောင်းသူများရဲ့ အနာဂတ်ဘဝလေးများကို စာနာမိခြင်းပါ။

နောက်တစ်ခုက မြန်မာပြည်သူ၊ ပြည်သားအများစုသည် စာသင်လျက် စာမတတ်။ ပညာသင်လျက် ပညာမတတ် ဖြစ်နေတယ်။



စာသင်ပါလျက် ဘာကြောင့်စာမတတ် ဖြစ်နေရသနည်း။ ပညာသင်လျက် ဘာကြောင့် ပညာမတတ် ဖြစ်နေရသနည်း။ အဖြေကား ဝေဝါးနေဆဲပါ။ နီးသောအကြောင်းတစ်ခုကတော့ သင်ကြားနည်းစနစ်မမှန်ကန်သောကြောင့် ဖြစ်နိုင်ခြင်းပါ။ ဤသို့ဆိုလျှင် သင်ကြားနည်းစနစ် မမှန်မကန်ဖြစ် နေတာကို နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနက မသိခဲ့လေသလော။ သို့မဟုတ် သိလျက်နှင့် လျစ်လျူရှုနေသလော။ ဒီအဖြေကလည်း ဝေဝါးနေဆဲပါ။

ထိုထိုသောအကြောင်းများကြောင့် နောက်ထပ်မေးခွန်းတစ်ခု မေးလာနိုင်ခြင်းပါ။ တစ်စုံတစ်ယောက်သောသူက ပြည်သူတွေ စာမတတ်တော့ကော ဘာဖြစ်မှာမို့လဲ။ စာမတတ်လဲ ထမင်းတော့မငတ်ပါဘူး၊ ဒီထက်ပို၍လည်း ဆင်းရဲမသွားနိုင်ပါဘူး။ သူ့အမေးနဲ့သူတော့ ဟုတ်နေခြင်းပါ။ အဖြေကား ထမင်းတော့ မငတ်နိုင်ပါ။ ဒါထက်ပို၍လည်း မဆင်းရဲနိုင်ပါ။ သို့သော်…။ ပညာရေးမူဝါဒများကို စနစ်တကျ မပြုပြင်နိုင်ကြလျှင်တော့ လူမျိုးရဲ့ လူနေမှုအဆင့်အတန်းများသည် ဒါထက်ပို၍ အောက်ကျသွားနိုင်ပြီး၊ တိုင်းပြည်ကြီးလည်း ဒါထက်ပို၍ နောက်ကျသွားနိုင်ခြင်းပါ။ လူနည်းစု ချမ်းသာနေရုံမျှဖြင့် လူအများစုပေါင်းမှ ဖြစ်ပေါ်လာတဲ့ လူမျိုးကို ကိုယ်စားမပြုနိုင်ကြောင်း ပညာရှင်များ သတိမူနိုင်ကြဖို့ပါ။

အကယ်၍များ နိုင်ငံတော်အစိုးရမှ ပညာရေးမူဝါဒများ ပြုပြင်နိုင်ရန်အတွက် ပညာရေးစနစ်ဟောင်းကြီးကို ဘောင်တပ်ပေးရုံနှင့်၊ (ခေတ်စကားအရ ပြောရမည်ဆိုရမည်ဆိုလျှင်) ရှိုင်းပေးလိုက်ရုံနှင့် ထိုမရှင်သန်နိုင်တော့သော ပညာရေးမူဝါဒကြီးကို ဖွတ်အတွင်းကြီး အသက်သွင်းပေးလိုက်မည်ဆိုလျှင် **ကျားသေကို အသက်သွင်းပေး**

www.burmeseclassic.com

www.burmeseclassic.com



**လိုက်သလို** တိုင်းပြည်ကြီးလည်း နစ်နာမယ်။ လူမျိုးတွေလည်း ဂုဏ်ငယ်မယ်။ ထိုထိုသို့သော အကြောင်းများကြောင့် တိုင်းပြည်ကြီးလည်း မနစ်နာရအောင်၊ လူမျိုးတွေလည်း ဂုဏ်မငယ်ရအောင် ပညာရေး ပေါ်လစီများကို ဝိုင်းဝန်းပြုပြင်နိုင်ကြဖို့ တိုက်တွန်းလိုခြင်းပါ။

အရေးကြီးလှသော ဒီအစ်ရှူးအတွက် ဝိုင်းဝန်း၍ ပြုလုပ်မပေးနိုင်ကြလျှင် ကျားသေကို အသက်သွင်းမိခဲ့၍ သေခြင်းသို့ ရောက်သွားခဲ့ရသူရဲ့ ဖြစ်အင်နမူနာကို စံထားပြီး ပညာရေးနှင့်ပတ်သက်ပြီး ဆင်ခြင်စဉ်းစားနိုင်ကြဖို့ပါ။ ပညာရေးပေါ်လစီများ ရှင်သန်နိုင်ရေးအတွက် စနစ်ဟောင်းက ပြဋ္ဌာန်းပေးခဲ့သော ရှင်သန်မှုမရှိနိုင်တော့သော ပညာရေးမူဝါဒများကို (ဥပမာ၊ လေးတန်းကို မြို့နယ်စစ်၊ ရှစ်တန်းကို ခရိုင်စစ်စသည် ပြုလုပ်ခဲ့သော ပညာရေးမူဝါဒများကို) ပြန်လည်အသက်သွင်းပေးကြမည်ဆိုလျှင် လူမျိုးတွေလည်း ဒုက္ခရောက်၊ တိုင်းပြည်ကြီးလည်း နောက်တန်းရောက်သွားနိုင်တာမို့ **မပြုခင် ပြင်ရတာထက်၊ ပြုပြီးလျှင် ပြင်ဖို့ ပို၍ခက်ခဲနိုင်တာမို့** စဉ်းစဉ်းစားစားလုပ်နိုင်ကြဖို့ပါ။

သို့သော် တစ်ဖက်ကိုလည်း စာနာကြည့်မိပါတယ်။ ပညာရေးမူဝါဒများနှင့်ပတ်သက်၍ ပြဿနာ အစ်ရှူးက ရှုပ်ထွေးလှတယ်။ အမြင်တွေက မျိုးစုံနေတယ်။ တချို့သော ကျောင်းသားများကလည်း ကောင်းမွန်တဲ့ ပညာရေးမူဝါဒမျိုးဆိုတာ ကျောင်းသားသမဂ္ဂတွေ ဖွဲ့နိုင်ရမယ်။ တက္ကသိုလ်တိုင်း တက္ကသိုလ်တိုင်း လွတ်လပ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်မှုမျိုးတွေ ရရှိရမယ်။ ပညာရေးသင်ရိုးညွှန်းတမ်းများကို ကိုယ်ပိုင်ဟန်နှင့် ရေးဆွဲ နိုင်ရမယ်။ ပညာရေးကို ဗဟိုက ချုပ်ကိုင်



တာမျိုး မဖြစ်သင့်ဘူး စသည့် မျှော်လင့်ချက်မျိုးတွေ ရှိနေပုံရတယ်။ မှန်သင့်သလောက်မှန်ပါတယ်။ သို့သော် အားလုံး အမှန်ကြီးမဟုတ်ပါ။

ပညာရေးပေါ်လစီသဘောအရ ကိုယ့်တက္ကသိုလ်မှာ ကိုယ့်ရဲ့ ပညာရေးဆိုင်ရာ အကယ်ဒမစ် (Academic) ပညာရေးဘုတ်အဖွဲ့က ပြဋ္ဌာန်းစာအုပ်များကို ပြဋ္ဌာန်းနိုင်တယ်။ သို့သော် အခြားတက္ကသိုလ်များနှင့် ပညာရေးအဆင့်အတန်းများ မနိမ့်ကျစေရအောင် လေ့လာရမယ်။ သုတေသနပြုရမယ်။ အဲဒီကျောင်းတွေကို အချိန်မရွေးစစ်ဆေးနိုင်တဲ့ ပညာရေးကော်မတီအဖွဲ့အစည်းဆိုတာ ရှိရမယ်။ ဒါမှသာလျှင် တစ်နိုင်ငံလုံးရှိ တက္ကသိုလ်များ၊ (သို့မဟုတ်) အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများဟာ တစ်ကျောင်းနှင့် တစ်ကျောင်း လယ်ဗယ်များ သိပ်ကွာခြားမှုမရှိစေပဲ ထိန်းညှိပေးနိုင်မှာ ဖြစ်တယ်။

၂၀၁၂-ခုနှစ်က အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့မှာရှိတဲ့ စီးတီးကောလိပ် (SF City College)မှာ ပညာရေးလယ်ဗယ်များ (ပညာရေးအဆင့်အတန်းများ) အလွန်နိမ့်ကျနေ၍ စီးတီး ကောလိပ် ပညာရေးဘုတ်အဖွဲ့က အခြားကောလိပ်များနှင့် အဆင့်မီအောင် ပညာရေးသင်ရိုးညွှန်းတမ်းများကို ပြန်လည်မပြုပြင်နိုင်လျှင် SF စီးတီးကောလိပ်ကျောင်းကို ပိတ်ပစ်ရမည်ဖြစ်ကြောင်း အမိန့်စာထွက်ခဲ့တယ်။ ထိုအမိန့်စာကြောင့် ထိုကောလိပ်ရှိ ပညာရေးဘုတ်အဖွဲ့ အလုပ်တွေ ရှုပ်သွားခဲ့တယ်။ အခုတော့ သက်ဆိုင်ရာမှ ပညာရေးလယ်ဗယ်ကို မြှင့်တင်နိုင်ခဲ့၍ ဆက်လက်ဖွင့်နေကြောင်း ကြားသိရ၍ ဝမ်းသာမိတယ်။

နောက်ပြီး တက္ကသိုလ်ကျောင်းများမှာ ဆန္ဒထုတ်ဖော်တဲ့ကိစ္စ။ ထိုကိစ္စဟာ ခေတ်စနစ်နှင့် ညီတယ်လို့ ဆိုနိုင်တယ်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်တစ်ခုမှာ ဆန္ဒပြဖို့အတွက် စည်းမျဉ်းစည်းကမ်းကို အရင်လေ့လာသင့်တယ်။ တက္ကသိုလ်တိုင်းမှာ သူ့စည်း ကိုယ့်စည်းဆိုတာရှိတယ်။ ကျောင်းသားတွေဖက်မှာလည်း စည်းရှိသလို၊ ကျောင်းဖက်မှာလည်း စည်းရှိတယ်။ တချို့စည်းက ဒီတက္ကသိုလ်နှင့်သာ သက်ဆိုင်ပြီး၊ အခြားတက္ကသိုလ်များနှင့် မသက်ဆိုင်တာမျိုးတွေလည်းရှိတယ်။ ဥပမာ၊ အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဟိုဆေးတက္ကသိုလ်မှာ ကျောင်းတက်ခဲ့စဉ်က ဆန္ဒပြတဲ့ကျောင်းသားတွေနှင့်ဆုံခဲ့ဖူးတယ်။ သူတို့ပြုနိုင်တဲ့ ဘောင်စည်းထဲကနေ ဆန္ဒပြခဲ့တာကြောင့်ပြဿနာမရှိပဲ ငြိမ်းငြိမ်းချမ်းချမ်းပဲ ပြီးဆုံးသွားခဲ့တယ်။

တက္ကသိုလ်တစ်ခုမှာ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းထားခြင်းဟာ ထိုတက္ကသိုလ်၌ ကျောင်းတက်နေကြသော ကျောင်းသား၊ ကျောင်းသူများ၏ အခွင့်အရေးများ ဆုံးရှုံးနစ်နာနေခဲ့လျှင် ထိုနစ်နာမှုများကိုဆန္ဒထုတ်ဖော်၍ ပြောကြားနိုင်အောင် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ကခွင့်ပြုထားသော ထိုတက္ကသိုလ်နှင့် ဆိုင်သော ကျောင်းသားအဖွဲ့အစည်းဖြစ်တယ်။ ထိုအဖွဲ့အစည်းကို အသုံးချ၍ အမေရိကန်တစ်နိုင်ငံလုံးရှိတက္ကသိုလ်ကျောင်းများသို့သွား၍ လှည့်လည်ရမ်းကားနေ၍မရပါ။

တက္ကသိုလ်၌ ဖွဲ့စည်းထားသော အဖွဲ့အစည်းဟာ (ဥပမာကျောင်းသားသမဂ္ဂ အဖွဲ့အစည်းဟာ) ထိုတက္ကသိုလ်၌ တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများ နစ်နာနေခဲ့လျှင် (ဥပမာ၊ ကျူရှင်ခများ အဆမတန်မြင့်တက်လာခြင်း၊ ကျောင်းသား၊ ကျောင်းသူများ လိင်ပိုင်ဆိုင်ရာ ခွဲခြားဆက်ဆံခံနေရခြင်း စသည်များကြောင့်) ကျောင်းတွင်း၌ ဆန္ဒပြလိုလျှင် တက္ကသိုလ်အုပ်ချုပ်ရေးဌာနမှ ခွင့်ပြုချက်ကို ဦးစွာပထမ ရယူ၍ ဆန္ဒပြရသည်ကို ကြုံခဲ့ဖူးခြင်းပါ။ ဒီမိုကရေစီ



နိုင်ငံဆိုတိုင်း ခွင့်ပြုချက်မယူပဲ စည်းမဲ့ကမ်းမဲ့ ဆန္ဒပြ၍ မရနိုင်ကြောင်းကို လေ့လာသိရှိခဲ့ရတယ်။

ပြောကြားလိုတာက တက္ကသိုလ်ကျောင်းသားဆိုတာ တက္ကသိုလ်ကျောင်းများ၌ ပညာသင်ခွင့် မရသူများထက် ပို၍အမြော်အမြင်ကျယ်သင့်တယ်။ ဖြစ်ပေါ်နေသော ကားရင့် အစ်ရှူးများ (Current IQues) အတွက် သမိုင်းအချက်အလက်များနှင့် နှိုင်းယှဉ်တင်ပြနိုင်အောင် စာကြည့်တိုက်များသို့သွား၍ဖြစ်စေ၊ အင်တာနက်စာမျက်နှာများကို လှန်လှော၍ဖြစ်စေ စနစ်တကျ သုတေသနပြုနိုင်သူဖြစ်သင့်တယ်။ ထိုသို့မလုပ်နိုင်လျှင် ဇာတ်တော်ထဲ၌ ယုန်သူငယ်တစ်ကောင်က "မြေပြိုပြီ ပြေးကြ ပြေးကြ" ဆိုတဲ့စကားသံကိုနားယောင်၍ တောတိရစ္ဆာန်တွေ ဘာမသိ၊ ညာမသိနှင့် ထိုယုန်ပြေးရာအရပ်သို့ ဦးတည်ရာမရှိပဲ ပြေးနေခဲ့ကြ၍ ဒုက္ခရောက် ခဲ့ကြရသည့်ဇာတ်တော်ကို အမှတ်ရစေချင်တယ်။ တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားဆိုတာ တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားလို ပြုမူနေထိုင်တတ်ရတယ်။ စဉ်းစားနိုင်ကြဖို့ပါ။

အနှစ်ချုပ်၍ တင်ပြလိုသည်မှာ ပညာရေးမူဝါဒများကိုပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ ကျားသေကို အသက်သွင်းခဲ့ရင်အသက်သွင်းပေးသူသာ နစ်နာနိုင်သော်လည်း တိုင်းပြည်ကို ခေတ်နှင့်မလျော်ညီသော ပညာရေးမူဝါဒများနှင့် အသက်သွင်းပေးခဲ့လျှင်တစ်တိုင်းပြည်လုံးနစ်နာနိုင်၍ ပညာရေးမူဝါဒများကို ခေတ်စနစ်နှင့်ညီအောင် ပြင်ဆင်ပေးသင့်တယ်။ မြန်မာနိုင်ငံ၌ ပညာရေးနိမ့်ကျနေသည်မှာ ကျောင်းသား၊ ကျောင်းသူများ ညံ့ဖျင်း၍လည်းမဟုတ်၊ ကျောင်းဆရာ၊ ဆရာမများ စာမသင်တတ်၍လည်းမဟုတ်၊ နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



တော်အစိုးရမှ စိတ်စေတနာများ ခေါင်းပါးနေ၍လည်းမဟုတ်၊ တကယ့်အကြောင်းတရားက ကျောင်းသား၊ ဆရာ၊ မိဘ၊ ပညာရေးပေါ်လစီ၊ ဒီလေးပွင့်ဆိုင်အရေးမှာ အချိုးအစားမညီမျှဖြစ်နေ၍ ဒီလိုဖြစ်နေရတယ်လို့ ထင်မြင်ယူဆမိခြင်းပါ။

ထိုကြောင့် ပညာရေးမူဝါဒများ အလျှင်အမြန် အကောင်အထည် ဖော်နိုင်အောင် ပြည်သူ၊ ပြည်သားများ အားလုံး ပြောင်းလဲရေးဖြစ်စဉ်အတွက် စုပေါင်းပါဝင်နိုင်ကြဖို့လိုတယ်။ အထူးသဖြင့် တိုင်းပြည်တွင်းမှာ ရှိနေကြသော အက်ဂျူကေးရှင်း ပေါ်လစီ (Education Policy) များကို စနစ်တကျ ရေးဆွဲနိုင်သော ပညာရှင်များ၊ ပညာရေးဆိုင်ရာ သုတေသနပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်းဆိုင်ရာ တာဝန်ရှိသူများ၊ အတူပူးပေါင်း၍ ခေတ်စနစ်နှင့် လျော်ညီသော၊ ကမ္ဘာကို အတိုင်းအတာတစ်ခုအထိ ရင်ဘောင် တန်းနိုင်သော ပညာရေးမူဝါဒများကို ပြဋ္ဌာန်းပေးနိုင်ကြမည်ဆိုလျှင်။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

## ပညာရေးနှင့် စာကြည့်တိုက်များ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန်နှင့် ပညာရေးမူဝါဒများကို စနစ်တကျ ချမှတ်နိုင်ရန် အကြံပြုစာများ၊ ပညာရေးဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းစသည်များကို ရပ်ကွက်ရှင်လူများထံမှ ပညာရေး ဝန်ကြီးဌာနသို့ ပေးပို့သောစာများ ထောင်သောင်းမက ရှိနေပေလိမ့်မည်ဟု မျှော်လင့်မိတယ်။ သို့သော် ခေတ်နှင့် လျော်ညီသော ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန် စာကြည့်တိုက်များ၏အခန်းကဏ္ဍသည် မည်၍မည်မျှအရေးပါကြောင်း တင်ပြဆွေးနွေးသော အကြံပြုစာများ အဘယ်မျှလောက် ပါဝင်နိုင်သည်ကို သိလိုစိတ်များ ဖြစ်မိတယ်။

မြန်မာနိုင်ငံ ပညာရေးစနစ်ကို ခေတ်နှင့်လျော်ညီသော ပညာရေးစနစ်အသွင်သို့ ကူးပြောင်းကြတော့မည်ဆိုလျှင် စာကြည့်တိုက်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန် မေ့ထား၍ မဖြစ်နိုင်ပါ။ ပညာရေးဝန်ကြီးဌာသို့ ပေးပို့လာသော အကြံပြုစာများထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် မည်၍မည်မျှ အရေးကြီးကြောင်းကို ထည့်သွင်းစဉ်းစားပေးသူဦးရေ အလွန်ကို နည်းပါးလိမ့်မည်ဆိုတာ ယုံကြည်ထားမိတယ်။ အဘယ့်ကြောင့်ဆိုသော် ပညာသင်ယူရာ၌ စာကြည့်တိုက်ကို လုံးဝအသုံးမပြုဘဲ ဘွဲ့ရသွားသော ကျောင်းသူ၊ ကျောင်းသားတွေ များစွာရှိနေသလို၊ ကျောင်းသား၊ ကျောင်းသူများသည် စာကြည့်တိုက်နှင့် ကင်းကွာခဲ့သော အချိန်ကာလများသည်လည်း ဆယ်စုနှစ်ပေါင်းများစွာကို ကျော်လွန်ခဲ့သောကြောင့် ဖြစ်တယ်။

စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် ဆယ်စုနှစ်ပေါင်းများစွာ အပယ်ခံဘဝများနှင့် ဖြတ်ကျော်ခဲ့ရ၍ ပညာရေးလောက၌ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ ဂုဏ်သိက္ခာသည် မထယ်မဝယ် ဖြစ်ခဲ့ကြရတယ်။ သို့သော် စာကြည့်တိုက်မှူးများသည် မိမိတို့မြတ်နိုးသော စာကြည့်တိုက်များ ဆက်လက်ရှင်သန် ရပ်တည်နိုင်အောင်၊ ပညာရေးလောကမှ လုံးဝပျောက်ကွယ်မသွားရအောင် ကြိုးစားခဲ့ကြတယ်။ ထိုကြောင့် ကံအားလျော်စွာ စာကြည့်တိုက်ဆိုတဲ့ ဝေါဟာရသည် မြန်မာပညာရေးလောက၌မှ ယနေ့အထိ မကွယ်မပျောက်သေးဘဲ ဆက်လက်တည်ရှိနေဆဲဖြစ်တယ်။ ဒီအတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်မိတယ်။

လောကဓံဆိုတာ လူတွေမှာသာ တွေ့ကြုံခံစားရတာမျိုး မဟုတ်ဘဲ လူနှင့်စပ်တဲ့ ရုပ်ဝတ္ထုပစ္စည်း များမှာလည်း တွေ့ကြုံရတတ်တဲ့ သဘောသဘာဝကို သတိပြုမိတယ်။ ကျောင်းသား၊ ကျောင်းသူများ၊ သို့မဟုတ် ပြည်သူ၊ ပြည်သားများသည် ဘဝအတွက် ပညာရပ်များကို ဆည်းပူးကြရာတွင် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူ၊ ပြည်သားများ သင်ယူနိုင်သော ဘာသာရပ်များနှင့် အသိဉာဏ်ဗဟုသုတများကို စာကြည့်တိုက်များမှ ထက်ဝက်ကျော် သင်ယူနိုင်ကြောင်း ပညာရှင်တစ်ယောက်ရဲ့ သီအိုရီကို သဘောကျမိတယ်။



အမှန်တကယ်လေ့လာပါမူ စာကြည့်တိုက်တစ်တိုက်ရဲ့ အနေအထားသည် ဆရာတစ်ယောက်နှင့်လည်း တူတယ်။ မိဘနှင့်လည်း တူတယ်။ မိတ်ဆွေရဲ့အကျိုးစီးပွါးကို လိုလားတဲ့ မိတ်ဆွေသူငယ်ချင်းကောင်း တစ်ယောက်နှင့်လည်း တူတယ်။ အဘယ်ကြောင့်ဆိုသော် ဘဝတက်လမ်းနှင့် သက်ဆိုင်သော ဘာသာရပ်များကို လေ့လာလိုသော် စာကြည့်တိုက်သို့သွား၍ လေ့လာနိုင်သလို၊ ဘဝလုံခြုံရေးနှင့် စပ်သော သင်ခန်းစာများကို လေ့လာလိုလျှင်လည်း စာကြည့်တိုက်ကို သွားပြီး လေ့လာနိုင်တယ်။ လောကဓံ၏ အထောင်းအထုဒဏ်ကို ခံနိုင်ရည်ရှိအောင် အားပေးတိုက်တွန်းနိုင်သော မိတ်ဆွေကောင်းကို ရှာလိုလျှင်လည်း ဒီစာကြည့်တိုက်ကိုပဲ ညွှန်းရပေလိမ့်မယ်။

ဤ၍ ဤမျှ အရေးပါလျက် တန်ဖိုးကြီးမားလှသော စာကြည့်တိုက်များကို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများသည် နှစ်ပေါင်းများစွာ အသုံးမပြုဘဲ လျစ်လျူရှု၍ ပစ်ထားကြခြင်းအတွက် များစွာ အံ့အားသင့်မိတယ်။ တိုင်းပြည်နှင့်လူမျိုးအတွက်လည်း များစွာ စိတ်မကောင်းဖြစ်မိတယ်။ ထိုအစ်ရှုးအတွက် အကြောင်းရင်းကို သိရှိနိုင်ရန် လေ့လာကြည့်တဲ့အခါ ယခုလက်ရှိပြဋ္ဌာန်းထားသော ပညာရေးစနစ်ကြောင့်လား။ စာကြည့်တိုက်များ၌ လိုအပ်သော ဒေတာများ၊ လိုအပ်သော ကွန်ပျူတာများကို ကျောင်းသား၊ ကျောင်းသူများအတွက် စနစ်တကျ စီစဉ်ပေးမထား၍လား။ ပညာရပ်များကို လေ့လာဆည်းပူးရာ၌ စာကြည့်တိုက်များ၏ အရေးပါသော အခန်းကဏ္ဍကို

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ မသိရှိကြ၍လား။ သို့မဟုတ် မသိကျိုးကျွံပြုနေကြ၍လား။ တိကျတဲ့အဖြေကို မရနိုင်ဘဲ မေးစရာမေးခွန်းတွေသာ ပိုမိုများပြားလာတယ်။

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်မှာရှိတဲ့ ငါးကျမ်းပြန်ကျောင်းတိုက်၌ မေတ္တာနန္ဒ သာသနာ့ ကောလိပ် ကျောင်းကို ဖွင့်လှစ်နိုင်ရန် အခြေပျိုးအနေနှင့် စာကြည့်တိုက်အသုံးပြုနည်းသင်တန်းကို ဝါရင့် စာကြည့်တိုက်မှူး ဆရာမကြီးများ လာရောက်ဖွင့်လှစ်ပေးခဲ့တယ်။ စာကြည့်တိုက်များရဲ့ အနေအထား၊ စာကြည့်တိုက်များရဲ့ အခန်းကဏ္ဍ၊ စာကြည့်တိုက်များ၌ စာအုပ်စာပေများကို စနစ်တကျ သိမ်းဆည်းနည်း၊ ထားသိုနည်း၊ စာကြည့်တိုက်အသုံးပြုနည်းအပါအဝင် ကွန်ပျူတာ အသုံးပြုနည်း၊ စာကြည့်တိုက်ရှိ စာအုပ်များနှင့် ကွန်ပျူတာများမှ တစ်ဆင့် စာပေဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ၊ သိပ္ပံဆိုင်ရာ၊ ဘာသာရေး ဆိုင်ရာ၊ နိုင်ငံရေး ဆိုင်ရာတို့ကို လေ့လာနည်း၊ အင်တာနက်လိုင်း များနှင့် ဆက်စပ်နေသော ဝက်ဗ်ဆိုက်များ (web sight) မှတစ်ဆင့် မိမိလိုရာကို လေ့လာနည်းများ၊ သုတေသနပြုနည်းစသည်များကို သင်ကြားပို့ချပေးခဲ့တယ်။ စိတ်ဝင်စားစရာ ကောင်းပြီး၊ အသိဉာဏ် ဗဟုသုတများလည်း များစွာရရှိခဲ့တယ်။

ပြည်သူ၊ ပြည်သားတွေထံသို့၊ ဆရာ၊ ဆရာမတွေထံသို့၊ ကျောင်းသား၊ ကျောင်းသူတွေထံသို့၊ စာကြည့်တိုက်ပညာရပ်နှင့် ဆိုင်သော ဝန်ကြီးဌာနများသို့ စာကြည့်တိုက်နှင့်စပ်လျဉ်းသော အသိတရားများကို ရောက်ရှိသွားအောင်၊ စာကြည့်တိုက်အသုံးပြုခြင်းရဲ့ တန်ဖိုးကို လက်ခံပြီး အကောင်အထည်ဖော်ပေးနိုင်အောင် ဘယ်လို ပြောလို့၊ ဘယ်လိုများ လုပ်ပေးနိုင်မလဲဆိုတာကိုလည်း အခါခါ စဉ်းစားနေမိတယ်။



စာကြည့်တိုက်သင်တန်းကို ပို့ချစဉ်အခါက စာကြည့်တိုက် အသုံးပြုနည်း သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၅ ယောက် တက်ရောက်ခဲ့တယ်။ ထိုတက်ရောက်သူများကို သင်တန်းပြဆရာမ များက ဖုန်းကိုင်နိုင်သူ ဘယ်နှစ်ယောက်ရှိသလဲဆိုတာ သိချင်၍ မေးမြန်းကြည့်တော့ သင်တန်းတက်ရောက်သူအားလုံး ဖုန်းရှိသူတွေ ချည်း ဖြစ်တယ်။ ထိုဖုန်းများမှတစ်ဆင့်၊ သို့မဟုတ် အင်တာနက်၊ ဝပ်ဗ်ဆိုက်များမှတစ်ဆင့် အင်တာနက်လိုင်းများကို အသုံးပြု၍ ပညာရေးဆိုင်ရာ အချက်အလက်များကို၊ ဒေတာများကို ရယူအသုံး ပြုနိုင်သူ၊ အသုံးပြုနည်းကိုသိသူ ဘယ်နှစ်ယောက်ရှိသလဲလို့ မေးမြန်း ကြည့်တဲ့အခါ အသုံးပြုနိုင်သူ၊ အသုံးပြုတတ်သူက လေးဦးမျှသာ ရှိကြောင်း သိရတယ်။

ထိုလေးယောက်ထဲမှာ ဂူးဂယ်လ် ဆာ့ချ် (google seach) (ဂူးဂယ် ဝက်ဘ်ဆိုက်နှင့် အချက်အလက်များကို ရှာဖွေခြင်း)၊ ဂူးဂယ်လ် စကောလား ဆာ့ချ် (google scholar search) (ဂူးဂယ် စကောလား ဝက်ဘ်ဆိုက်နှင့် အချက်အလက်များကို ရှာဖွေခြင်း)၊ နှင့် ဖေ့စ်ဘုတ်ခ် ဆာ့ချ် (facebook seach) ဖေစ်ဘုတ်ခ်ဖြင့် အချက်အလက်တို့ကို စနစ်တကျ ရှာဖွေတတ်သူကို မေးမြန်းကြည့် တဲ့အခါ ဂဃနဏ ရှာနိုင်သူက အတော်ကို နည်းပါးနေသေးတာကို တွေ့ရတယ်။

အဲဒီမှာ ကွန်ကလူးရှင်း (နိဂုံးကောက်ချက်တစ်ခု)ကို လေ့လာ ခွင့်ရခဲ့တယ်။ "နောက်ကျသူတို့ရဲ့ အားသာချက်" ဆိုတဲ့အတိုင်း အဆင့်မြင့်သော တက်ကနော်လောဂျီ (နည်းပညာဆိုင်ရာ) ပစ္စည်းများ ကို သုံးခွင့်ရခြင်းပင် ဖြစ်တယ်။ သို့သော် ထိုပစ္စည်းများပါဝင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



တက်ကနော်လော်ဂျီ နည်းပညာများကို စတက်ဘိုင်စတက် တစ်ဆင့်ပြီး တစ်ဆင့် သင်ယူရန် မကျော်ဖြတ်ခဲ့ရ၍ အဆင့်မြင့် နည်းပညာများကို စနစ်တကျ အသုံးမပြုတတ်ဘဲ ဖြစ်ခဲ့ကြရတယ်။ (e-mail) လေးပို့တတ်ရုံမျှ၊ ဖေ့စ်ဘုတ် (Facebook)မှာ ဓာတ်ပုံလေးများ၊ မိမိရေးလိုရာ စာကြောင်းလေးများကို ရေးတင်တတ်ရုံမျှ၊ ဖေ့စ်ဘုတ်မှာ တက်လာတဲ့ သတင်းတွေကို အမှားအမှန် မခွဲခြားနိုင်ဘဲ ဖတ်တတ်ရုံမျှ ဗိုက်ဗာ (viber)ကို သုံး၍ ဓာတ်ပုံပို့ခြင်း၊ သတင်းပို့ခြင်း၊ စာရေး၊ စာဖတ်ခြင်းများကိုသာ (အများစုမှာ) အသုံးပြုနိုင်ကြတာကို တွေ့ရတယ်။

ဂူဂယ်နှင့် ဂူဂယ် စကောလား ဝက်ဘ်ဆိုက်များကို သုံး၍ ပညာရေးအတွက် လိုအပ်သောဒေတာများကို ကိုယ်တိုင်ရယူနိုင်ခြင်း၊ ကိုယ်တိုင်သုတေသနပြုလုပ်နိုင်ခြင်းစသော တန်ဖိုးရှိသော အချက်အလက်များကို မစုစောင်းနိုင်ပဲ တန်ဖိုးရှိသော အချိန်များကို အကျိုးရှိရှိ အသုံးမချတတ် ဖြစ်နေကြတယ်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာများ၏ အခြေအနေများသည် ဒေါ်လာကို ထောင်သောင်းချီ၍ ရနိုင်သော အခွင့်အရေးများကို မိမိကိုယ်တိုင် ရနိုင်သူဖြစ်ပါလျက် တန်ဖိုးအနည်းဆုံး တစ်ဒေါ်လာ၏ အစိတ်အပိုင်းများဖြစ်တဲ့ ဝမ်းကွာတား (one quarter) တူးကွာတား (two quarter) (တစ်မတ်၊ ငါးမူး)မျှလောက်သာ ရရှိနေကြသော အဆင့်မျှလောက်နှင့်သာ ကျေနပ်နေကြရ၍ ပြည်သူ၊ ပြည်သားတို့အတွက် အားမလို၊ အားမရ ဖြစ်မိတယ်။

ထို့ကြောင့် မြန်မာနိုင်ငံပညာရေးအတွက် ပညာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲနိုင်ရန် ဆွေးနွေးမှုများကို ထပ်မံပြုလုပ်ကြ



တဲ့အခါ ခေတ်နှင့်လျော်ညီသော ပညာရေးမူပါဒများအပြင် စာကြည့်တိုက်ကို ကောင်းစွာအသုံးပြုနိုင်သော ပညာရေးဆိုင်ရာ မူဝါဒရေးရာများကိုပါ ထည့်သွင်း၍ စဉ်းစားပေးစေလိုကြောင်း ပြောကြားလိုခြင်းပါ။ ဆရာနှင့်တူသော စာကြည့်တိုက်၊ မိဘနှင့်တူသောစာကြည့်တိုက်၊ သူငယ်ချင်းကောင်းနှင့်တူသော စာကြည့်တိုက်၏ အရည်အသွေးများကိုပါ မြှင့်တင်ပေးနိုင်ကြဖို့ တိုက်တွန်းလိုခြင်းပါ။

စာကြည့်တိုက်တစ်ခု၏ အရည်အသွေးဆိုသည်မှာ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ဝန်ထမ်းများ အလုံအလောက်ရှိခြင်း၊ ကွန်ပျူတာများကို လူကြီးများမှအစ ကလေးများအထိ အသုံးပြုနိုင်ရန် ဂိမ်းများ၊ ကာတွန်းဓာတ်လမ်းများ၊ သင်္ချာဘာသာ၊ အင်္ဂလိပ်ဘာသာရပ်များကို ကွန်ပျူတာများနှင့် သင်ယူနိုင်ရန် ပရိုဂရမ်များ၊ ဆော့ဖ်ဝယ်များကို ထည့်သွင်းပေးထားခြင်း၊ အင်တာနက်လိုင်းများ၊ ဝက်ဗ်ဆိုက်များကို လိုင်းကောင်းကောင်းများရအောင် စီမံပေးထားခြင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ သုတေသန ဘာသာရပ်များအတွက် အွန်လိုင်းများမှတဆင့် သုတေသနစာတန်းများကို လွယ်လင့်တကူ အသုံးပြုလုပ်နိုင်ရန် ဖန်းတီးပေးထားခြင်းစသည်ဖြင့် စာကြည့်တိုက်တစ်တိုက်၏ အရည်အသွေးများကို မြှင့်တင်ပေးထားရမှာ ဖြစ်တယ်။

ဤကဲ့သို့ စာကြည့်တိုက်အရည်အသွေးများကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ထားပေးနိုင်ခြင်းဖြင့် ခေတ်နှင့်လျော်ညီသော ပညာရေးစနစ်ကိုလည်း မြှင့်တင်ပေးရာရောက်တယ်။ အကယ်၍သာ ကျောင်းသား၊ ကျောင်းသူများ သွားချင်သောနေရာများထဲတွင် စာကြည့်တိုက်များသည် တစ်ခုအပါအဝင် ဖြစ်ခဲ့မည်ဆိုလျှင်၊ စာကြည့်

www.burmeseclassic.com

www.burmeseclassic.com



တိုက်မှူးများ၊ စာကြည့်တိုက်တာဝန်ကို ဆောင်ရွက်နေကြသော ဝန်ထမ်းများသည်လည်း ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို စာကြည့်တိုက်များသို့ အလည်လာရန် မျှော်လင့်နေသူ ဖြစ်ကြပါလိမ့်မယ်။ ဤသို့ဆိုလျှင် ထိုအခြေအနေမျိုးသို့ ရောက်ရှိသွားသောအခါ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်သည် ကမ္ဘာ့တန်းဝင် ပညာရေးစနစ်မျိုးဖြစ်လာနိုင်ပြီး တိုင်းပြည်နှင့်လူမျိုးသည်လည်း ကမ္ဘာကို ရင်ဘောင်တန်းနိုင်သော နိုင်ငံနှင့် လူမျိုး ဖြစ်လာနိုင်မှာ ဖြစ်တယ်။

လူမျိုးညံ့ခြင်း၊ တော်ခြင်းသည် မွေးရာပါ ဗီဇမျိုးစေ့မျိုး မဟုတ်သလို၊ တိုင်းပြည်တိုးတက်ခြင်း၊ ဆုတ် ယုတ်ခြင်းသည်လည်း ကွန်ပျူတာများ၌ ဖေါ်မက်ချထားသောအရာမျိုး မဟုတ်ပါ။ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဆိုတာ ကိန်းဂဏန်းချထားသော အရာမျိုးလည်း မဟုတ်ပါ။ တိုင်းပြည်တစ်ပြည်၏ တိုးတက်မှုအခြေအနေသည် တိုင်းပြည်ရဲ့ သယံဇာတ၊ လူမျိုးရဲ့ ကြိုးစားအားထုတ်မှု၊ ကျင့်သုံးနေသော နိုင်ငံရေးပေါ်လစီ၊ ပညာရေးပေါ်လစီများနှင့် များစွာ သက်ဆိုင်နေ၍ တိုင်းပြည်နှင့် လူမျိုးကြီးပွားစေနိုင်ဖို့ မြန်မာတွေ ဘာတွေ လုပ်ပေးဖို့ လိုအပ်နေသေးသနည်းဟု စဉ်းစားတွေးတောရင်း။ ချမ်းသာစွာ အပ်စက်နိုင်ကြပါစေ။

## ပညာရေးနှင့်ဆိုင်တဲ့ သမိုင်းစာမျက်နှာများကို ပြန်လှန်၍သုံးသပ်ခြင်း

မြန်မာနိုင်ငံတော်ကြီးသည် သမိုင်းခေတ်များစွာကို ကျော်ဖြတ်ခဲ့ရ၍ နွမ်းနွမ်းနယ်နယ် ဖြစ်နေချိန်ဝယ်။ ဒီမိုကရေစီအလင်းတန်းကို တွေ့မြင်ကြရတဲ့ ပြည်သူ၊ ပြည်သားများဟာ ရှင်သန်ထမြောက်လာကြသူများပမာ အားသစ်၊ အင်သစ်တွေနှင့်အတူ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ ဘာသာ သာသနာအတွက် တိုးတက်အောင် ဆောင်ရွက်လိုတဲ့ စိတ်ဓာတ်ခွန်အားတွေ တဖန်မွေးဖွားလာနိုင်ပြီဆိုတော့ နိုင်ငံတော်အတွက် ကြိုဆိုနေမိခြင်းပါ။

နိုင်ငံတော်တိုးတက်ကြီးပွားတာကို မြင်လိုသူတွေအတွက် ကြိုဆိုခြင်းဟာ ကောင်းမြတ်တဲ့ မင်္ဂလာတစ်ပါးပါ။ နိုင်ငံသားတိုင်း အပြောင်းအလဲနှင့် တိုးတက်မှုကို ဆက်စပ်ကြည့်နိုင်ဖို့ သမိုင်းကို လေ့လာသင်ကြားသင့်ခြင်းပါ။ တကယ်တော့ နိုင်ငံသားတိုင်း နိုင်ငံတော်ရဲ့ သမိုင်းစာမျက်နှာများကို ပြန်လှန်၍ ဖတ်ရှုလေ့လာကြည့်ရင် သမိုင်းနှင့်စပ်တဲ့ အကောင်းအဆိုး အကြောင်းအကျိုး အဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို သင်ခန်းစာယူနိုင်ပြီး၊ သမိုင်းဟောင်းရဲ့ ဒဏ်ရာတွေကို သမိုင်းပြောင်းပြီး အစားထိုးနိုင်ခြင်းပါ။ သမိုင်းကိုဖတ်ပြီး နာကျည်းစိတ်တွေကို မွေးမြူနေကြမဲ့အစား သမိုင်းကို သင်ယူလေ့လာပြီး သမိုင်းက ပြောပြတဲ့ လူမျိုးရဲ့တန်ဖိုး၊ လူ့ယဉ်ကျေးမှုရဲ့ ဂုဏ်သိက္ခာ၊ သမိုင်းတစ်လျှောက်လုံး ပြည်သူ၊ ပြည်သားများ ညီညီညွတ်ညွတ် အတူယှဉ်တွဲနေထိုင်ခြင်းဖြင့် ရနိုင်တဲ့ ငြိမ်းချမ်းရေးဂုဏ်ရည်များကို သိနိုင်ဖို့ပါ။ ပညာရေးတက္ကသိုလ် ပါမောက္ခဟောင်း ဦးထွန်းကြွယ်ကတော့ သမိုင်းနှင့်စပ်ပြီး သုံးသပ်တင်ပြထားခြင်းပါ။ "နိုင်ငံသမိုင်းဟူသည် ပြည်သူ့အကြောင်း၊ ပြည်သူလှုပ်ရှားမှုအကြောင်း မှတ်တမ်းကြီးဖြစ်သကဲ့သို့ ပညာရေးသမိုင်းသည်လည်း ယင်းပြည်သူတို့၏ ပညာရေးလှုပ်ရှားမှု မှတ်တမ်းကြီးပင် ဖြစ်လေသည်။"[၁] စိတ်ဝင်စားစရာပါ။ သမိုင်းဆိုတာ မသိရင် လှည့်စားခံရတတ်ပြီး၊ သိထားရင်တော့ ယုံကြည်ချက်တွေ ခိုင်မြဲလာနိုင်ခြင်းပါ။

သမိုင်းနှင့်စပ်ပြီး နမူနာလေးတစ်ခုလောက်ကို ထုတ်ပြရရင် ဧရာဝတီသမိုင်းကို လေ့လာတဲ့အခါ မေခနှင့်မလိခ မြစ်နှစ်သွယ်ပေါင်းစည်းရာမှ ဧရာဝတီမြစ်ကြီးဆိုတာ ဖြစ်ပေါ်လာခြင်းပါ။ ထိုမြစ်ကြီးက တိုင်းပြည်ကို အကျိုးပြုနေလို့ ဧရာဝတီမြစ်ကြီးကို မြန်ပြည်သားတိုင်းက မြတ်နိုးနေခြင်းပါ။ အလားတူတဲ့ သမိုင်းတစ်ခုက မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းပါ။ မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းကို အခြေခံကျကျ သိဖို့ သမိုင်းစာမျက်နှာများကို ပြန်လှန်ကြည့်ရှုတဲ့အခါ မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းဟာ ဗုဒ္ဓဘာသာနှင့် ဘုန်းတော်ကြီးသင် ပညာရေး

[၁]။ သန်းထွတ်၊ ဦး။ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေး သမိုင်း (ဒုတိယအကြိမ်)၊ ရာပြည့်စာအုပ်တိုက်၊ ရန်ကုန်မြို့၊ ၂၀၁၁-ခု၊ နှာ ၁၉။



ကျောင်းများ အတူပေါင်းဆုံရာမှ မြန်မာနိုင်ငံပညာရေးသမိုင်းဆိုတာ ပီပြင်လာခြင်းပါ။

မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းကြောင်းကို ကောက်ကြောင်းပြန်၍ကောက်ပြရလျှင် မြန်မာသက္ကရာဇ် ၁၂၃၀-ခု၊ ခရစ်သက္ကရာဇ် ၁၈၆၈-ခုနှစ်ထိ မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသာရှိပြီး၊ လူကျောင်း (အစိုးရ စာသင်ကျောင်းမျိုး)ဆိုတာ တစ်ကျောင်းတလေမျှ မရှိသေးကြောင်းကို သမိုင်းစာမျက်နှာ၌ ရှာဖွေတွေ့ရှိခြင်းပါ။[၂] မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီး အင်္ဂလိပ်လက်အောက် ကျရောက်ပြီး နောက်ပိုင်းမှာတော့ ခရစ်သက္ကရာဇ် ၁၈၇၃-ခုနှစ်တွင် ဘုန်းတော်ကြီးကျောင်းအရေအတွက်ဟာ (၈၀၁) ကျောင်းရှိပြီး၊ လူကျောင်း (အစိုးရ စာသင်ကျောင်း) အရေအတွက်မှာ (၁၁၂) ထိ တိုးပွားလာခြင်းပါ။ ထိုအစိုးရ စာသင်ကျောင်းများ (လူကျောင်းများ)၌ ဝိဇ္ဇာသိပ္ပံအပါအဝင် လောကီအတတ်ပညာများကိုပါ သင်ကြားခဲ့၍ အစိုးရစာသင်ကျောင်းများ၌ ကျောင်းသား ဦးရေများ တနေ့တခြား တိုးပွားလာပြီး၊ ပါဠိစာပေ အခြေခံဖြစ်တဲ့ သုတ (သဒ္ဒါကျမ်းအတတ်)၊ သမ္မုတိ (ဓမ္မသတ်ကျမ်းအတတ်)၊ သင်္ချာ (သင်္ချာအတတ်)၊ နီတိ (နီတိကျမ်း အတတ်)၊ တိကိစ္ဆာ (ဆေးအတတ်)၊ စတုဗေဒ (ဗေဒင်လေးပုံအတတ်)၊ ဆန္ဒသာ (ဆန်းကျမ်းအတတ်) စသည်တို့ကိုသာ သင်ကြားပေးသော ဘုန်းကြီးကျောင်းများ၌ တနေ့တခြား ကျောင်းသား ဦးရေများ နည်းပါးလာခြင်းကို သမိုင်းစာမျက်နှာများပေါ်၌ တွေ့ရှိရခြင်းပါ။ ထိုကြောင့် ၁၈၉၂-ခုနှစ်တွင် ဘုန်းကြီး

[၂]။ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း (ဒုတိယအကြိမ်)၊ နှာ ၁၈၇။

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးသင် ပညာရေးကျောင်းများ (၄၆၁၉)ကျောင်းရှိခဲ့ရာမှ တဖြေးဖြေး ယုတ်လျော့လာကာ ၁၉၃၃-၃၄ ခုနှစ်တွင် (၉၂၈) ကျောင်းမျှသာရှိတော့ကြောင်းကို တွေ့ရှိရခြင်းပါ။[၃]

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ၁၉၅၂-ခုနှစ်တွင် နိုင်ငံတော်မှ ဘုန်းတော်ကြီးကျောင်း ပညာရေးစီမံကိန်းကို တဖန် အကောင်အထည်ဖော်ခဲ့ပြန်သည်။ ၁၉၅၂-ခုနှစ်မှ ၁၉၅၈-ခုနှစ်တွင်း မှတ်ပုံတင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း (၅၅၄၅) ရှိခဲ့ကြောင်း သိရခြင်းပါ။[၄] ၁၉၆၂-ခုနှစ် နောက်ပိုင်းတွင် လူထုပညာရေးဌာန (ပုဂ္ဂလိကကျောင်းများ) ကို ဖျက်သိမ်း၍ ဘကကျောင်းများ အတွက်ကိုမူ ဘ-က ဌာနစိတ် ဟူ၍ ပေါ်ပေါက်လာခဲ့သည်။ သို့သော် ၁၉၇၂-ခုနှစ်တွင် ဘ-က ဌာနစိတ်ကို ဖျက်သိမ်းခံခဲ့ရခြင်းပါ။ ၁၉၉၃ -ခုနှစ်တွင် ဘုန်းတော်ကြီးကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ သို့သော် မူလတန်းအဆင့်၊ အလယ်တန်း အဆင့်မျှကိုသာ သတ်မှတ် ပြဋ္ဌာန်းပေးလျက် ဖွင့်လှစ်ပေးခဲ့ခြင်းပါ။[၅] ဤသို့ဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (ဘကကျောင်း)များ၏ လောကဓံဒီလှိုင်းသည် ခေတ်စနစ်၏ရေစီးကြောင်းနှင့်အတူ နိမ့်တုံ့မြင့်တုံ့ ဖြစ်ခဲ့ရခြင်းပါ။

ရှေးခေတ်၊ ရှေးအခါက အစဥ်အလာကြီးမားခဲ့သော မြန်မာ

၃။ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း (ဒုတိယအကြိမ်)၊ နှာ ၂၀၂။

၄။ အောင်သိန်းညွန့်၊ ဦး၊ မြန်မာနိုင်ငံ၊ အခြေခံပညာရေးကဏ္ဍတွင် အရေးပါသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အဆင့်မြှင့်တင်ခြင်းစာတမ်း၊ ၂၀၁၂-ခု။ နှာ ၅။

၅။ မြန်မာနိုင်ငံ၊ အခြေခံပညာရေးကဏ္ဍတွင် အရေးပါသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အဆင့်မြှင့်တင်ခြင်း စာတမ်း၊ နှာ ၆။



ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် မြန်မာရှင်ဘုရင်များ တိုင်းပြည်ကို စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့ကြတဲ့ အချိန်မှစ၍၊ (အနော်ရထာမင်းလက်ထက်မှစ၍) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းနှင့် တက္ကသိုလ်ကျောင်းများအသွင် တည်ရှိနေခဲ့ကြခြင်းပါ။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဟာ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အတွက် ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက် နိုင်ငံတော်ရဲ့ပညာရေးကဏ္ဍကို ဦးဆောင်နိုင်ခဲ့ကြခြင်းပါ။ အကျိုးဆက် အနေနှင့် ထိုသို့သော အခြေအနေတွေကြောင့် မြန်မာနိုင်ငံဆိုတာ ယနေ့ခေတ်အထိ ဆက်လက်တည်ရှိနေခဲ့ခြင်းပါ။ ဒါဟာ သမိုင်းက ပြောတဲ့ ဘုန်းကြီးကျောင်းများရဲ့ ပညာရေး သမိုင်းသက်သေများပါ။

မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အရေးပါမှုကို သမိုင်းပညာရှင်များ သိထားကြသော်လည်း ယနေ့ မျက်မှောက်ခေတ်၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အခက်အခဲများကို သမိုင်းရှင်များ သိချင်မှသိနိုင်မှာပါ။ ပညာသင်ကြားရေးနှင့်ပတ်သက်၍ အစိုးရကျောင်းများနှင့် တန်းတူရည်တူ အခွင့်အရေးများ မရခဲ့ကြသောကြောင့် အခက်အခဲများစွာကို ကျော်ဖြတ်ရင်း ယနေ့မျက်မှောက်ခေတ် အနေအထားနှင့် ရပ်တည်နိုင်အောင် ဘုန်းတော်ကြီးများအတော်ကို ရုန်းကန်နေရခြင်းပါ။

မြန်မာနိုင်ငံရယ်လို့ တည်ရှိဖြစ်ပေါ်လာခဲ့တဲ့အချိန်ကစပြီး သမိုင်းတစ်လျှောက်လုံး လူမျိုးကို ဦးဆောင်နိုင်ခဲ့တဲ့ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အရေးပါ အရာရောက်မှုကို အင်္ဂလိပ်များပင် သိရှိခဲ့ခြင်းပါ။ အင်္ဂလိပ်အုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



သည့်ခေတ်၌ မြန်မာနိုင်ငံတွင် ပထမဦးဆုံး မဟာဝန်ရှင်တော်မင်းကြီး ဖြစ်လာခဲ့တဲ့ ဆာအာသာဖယ်ယာဟာ ခရစ်နှစ် ၁၈၆၆-ခုနှစ် (မြန်မာ သက္ကရာဇ် ၁၂၂၅-ခုနှစ်) တွင် ဘုန်းတော်ကြီးသင် ပညာရေးကို အခြေပြု၍ ပညာရေးစနစ်သစ်တစ်ခု တီထွင်ရန် ကြိုးပမ်းလာခဲ့သူပါ။ ပညာရေးစနစ် ပြုပြင်နိုင်ရေးအတွက် ဆာအာသာဖယ်ယာရဲ့ အကြောင်း ပြချက်က - "မြန်မာနိုင်ငံမှာ ဘုန်းတော်ကြီးများ ဩဇာတိက္ကမ ကြီးမားနေခြင်းဟာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကြောင့် ဖြစ်နေခြင်းပါ။ ကလေးသူငယ်များဟာ ဘုန်းတော်ကြီးကျောင်းများ၌ အရေး၊ အဖတ်၊ အတွက် တတ်မြောက်ရုံ သာမက ပါဠိစာပေဆိုင်ရာ အသိတရားများ၊ ဘုန်းတော်ကြီးများ၏ ဆုံးမဩဝါဒများ၊ သမိုင်း ဆိုင်ရာ ဗဟုသုတများ၊ ကိုယ်ကျင့်သိက္ခာပိုင်း၌လည်း လိမ္မာယဉ်ကျေးမှု ရှိခြင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစတဲ့ အကျိုးတရားတွေကို ဆာအာသာဖယ်ယာကိုယ်တိုင် တွေ့မြင်ခဲ့ခြင်းပါ။ သူတွေ့မြင်ခဲ့တဲ့အတိုင်း အိန္ဒိယပြည် ဘုရင်ခံချုပ်ထံသို့ ဘုန်းတော်ကြီး သင် ပညာရေးကျောင်းများ နိုင်ငံနှင့်လူမျိုးအတွက် အရေးပါ အရာ ရောက်နေပုံကို သိရှိနိုင်ရန် အစီရင်ခံစာတစ်စောင်ကို တင်ပြခဲ့ခြင်းပါ။[၆]

အင်္ဂလိပ်တို့သည် ဘုန်းကြီးကျောင်း ပညာရေးစနစ်ကို စနစ် တကျ လေ့လာပြီးနောက် အင်္ဂလိပ် အုပ်ချုပ်သော မြန်မာပြည်အောက် ပိုင်း ရန်ကုန်မြို့တွင် သိပ္ပံအတတ် ပညာအမျိုးမျိုးကို သင်ကြားနိုင်ရန် ၁၈၄၄-ခုနှစ်တွင် အစိုးရစာသင်ကျောင်းများကို စတင်တည်ထောင်ခဲ့ ကြခြင်းပါ။ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာနှင့် သိပ္ပံဘာသာရပ်အမျိုးမျိုးအပြင်

၆။ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း (ဒုတိယအကြိမ်)၊ နှာ ၁၇၂။



သက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရပ်များဖြစ်တဲ့ ဆေးသိပ္ပံအတတ်၊ ကြေးနန်း ကြိုးအတတ်၊ တရားဥပဒေအတတ်၊ မြေတိုင်းအတတ်၊ စက်မှုလက်မှုအတတ်မျိုးကိုပါ အစိုးရကျောင်းများ၌ စုံလင်စွာ သင်ကြား ပေးခဲ့ကြခြင်းပါ။ ခေတ်နှင့်လျော်ညီ၍ ခေတ်မီသော သိပ္ပံပညာရပ်များ ကို သင်ကြားပေးခဲ့တဲ့ အစိုးရစာသင်ကျောင်းများ၏ အရှိန်အဟုန်သည် တရှိန်ထိုး တိုးတက်လာပြီး မြန်မာသက္ကရာဇ် ၁၂၉၄-ခုနှစ်၊ ခရစ် သက္ကရာဇ် ၁၉၃၂-ခုနှစ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (၉၂၈)ကျောင်းမျှသာ ရှိတော့ပြီး၊ အစိုးရစာသင်ကျောင်းများမှာ (၄၉၆၇)ကျောင်းထိ တိုးပွားလာခဲ့ခြင်းပါ။[၇]

ထိုကဲ့သို့ ဘုန်းတော်ကြီးကျောင်းများ၌ သင်ကြားပေးသော ပြဋ္ဌာန်းစာများနှင့် အစိုးရစာသင်ကျောင်းများ၌ သင်ကြားပေးသော ပြဋ္ဌာန်းစာများ ကွဲပြားခြားနားလှခြင်းကြောင့် အစိုးရအသိအမှတ်ပြု ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌လည်းကောင်း၊ အသိ အမှတ်မပြုသော ဘုန်းတော်ကြီးကျောင်းများ၌လည်းကောင်း ပညာ သင်ယူသူ တပည့်ဦးရေမှာ တစ်နေ့တစ်ခြား ဆုတ်ယုတ်သွားခဲ့ခြင်းပါ။ ထိုကဲ့သို့ ဖြစ်သွားရခြင်း၏ အဓိကအကြောင်းရင်းမှာ (၁) ဘုန်းတော် ကြီးကျောင်းများ၌ တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် အလုပ်အကိုင်များရဖို့ ခက်ခဲခြင်း၊ (၂) အင်္ဂလိပ် အစိုးရခေတ်၌ အင်္ဂလိပ်စာတတ်မှ လူရာဝင်လျက် ရာထူးရာခံများ ရရှိနိုင်ခြင်း၊ (၃)ဘုန်းတော်ကျောင်းများတွင် အစဉ်အလာအရ ဘာသာရေးဆိုင်ရာ ကျမ်းစာများနှင့် နီတိတို့ကိုသာ သင်ကြားပို့ချလျှက်

၇။ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း (ဒုတိယအကြိမ်)၊ နှာ ၁၇၇။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘုန်တော်ကြီးကျောင်းများ၌ ဝိဇ္ဇာသိပ္ပံနှင့်စပ်သော ခေတ်နှင့် လျော်ညီတဲ့ ဘာသာရပ်များကို သင်ယူခွင့်မရရှိခြင်း၊ စသောအကြောင်းများကြောင့်ဆိုတာ သိသာထင်ရှားနေခြင်းပါ။[၈]

ထို့ကြောင့် အစဉ်အလာရှိခဲ့သောဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့်စပ်လျဉ်း၍ သမိုင်း စာမျက်နှာများကို ပြန်လှန်ကြည့်ရှုလေ့လာသင့်ကြောင်း တိုက်တွန်းလိုခြင်းပါ။ ရှင်ဘုရင်များလက်ထက်၌ ဘုန်းတော်ကြီးများသည် ခေတ်နှင့်လျော်ညီတဲ့ (အဲဒီခေတ်၊ အဲဒီအခါကို ဆိုလိုသည်) ခေတ်ပညာများကို (သင်္ချာအတတ်၊ ဂဏန်းအတတ်၊ ပျို့ကဗျာ လင်္ကာရေးနည်းအတတ်၊ ဗေဒင်အတတ်၊ ယတြာအတတ်၊ ဆေးကျမ်းအတတ် စသည်များကို) သင်ကြားပေးနိုင်ခဲ့ကြ၍ ""ရပ်သူနယ်သား လူအများ၏ ဆရာဖြစ်ရုံသာမက မြို့ပြတို့၌လည်း မင်းညီမင်းသား မှူးမတ်သားတို့၏ ဆရာတော်များဖြစ်ကြသည်။ (ထို့ကြောင့်) မိမိတို့သည် (ခေတ်)အခါနှင့် လိုက်အောင် (ခေတ်နှင့် လိုက်လျောညီထွေရှိအောင်) ပညာရေးကို ပြုပြင်နိုင်ခဲ့ကြလျှင် ယခုအချိန်မှာလည်း တိုင်းသူပြည်သားတို့၏ ဆရာအဖြစ်၌ တည်နိုင်ဖွယ်ရှိ၏။ ယခုသော်ကား ထိုကဲ့သို့ မပြုပြင်နိုင်ကြမှုကြောင့် ဆရာအဖြစ်မှပင် လျှော့ကျရုံမက တချို့ကျေးရွာကျောင်းများ၌ ဆွမ်းခံပေးမည့် ကလေးပင်မရှိတော့ပေ"" ဟု တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ဘုန်းကြီးကျောင်း.ပညာရေးနှင့်ပတ်သက်၍ အလေးအနက်ထားကာ ဆွေးနွေးတင်ပြသွားခဲ့သည်။[၉]

---

၈။ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း (ဒုတိယ အကြိမ်)။ နှာ ၁၈၈။

၉။ ဇနကာဘိဝံသ၊ အရှင်။ ကိုယ့်ကျင့်အဘိဓမ္မာ (ပဉ္စမအကြိမ်)။ မဟာဂန္ဓာရုံစာပေ၊ အမရပူရမြို့၊ ၂၀၀၂။ နှာ ၁၃၇။



ယနေ့မျက်မှောက်ခေတ်၌ ဘုန်းကြီးကျောင်း ပညာရေးစနစ်ကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ဘုန်းကြီးကျောင်း ပညာရေးမှာ နှစ်မျိုးနှစ်စားရှိနေခြင်းကို တွေ့ရခြင်းပါ။ (၁) ဘုန်းကြီးကျောင်း ပညာရေး (ပရိယတ္တိ စာသင်တိုက်များ)၊ (၂) ဘုန်းတော်ကြီးသင် ပညာရေး (ဘက ဘုန်းတော်ကြီးကျောင်းများ) ဟူ၍ နှစ်မျိုးနှစ်စား တွေ့ရခြင်းပါ၊ ထိုနှစ်မျိုးမှာ နံပါတ်(၁)ဖြစ်တဲ့ ဘုန်းကြီးကျောင်း ပညာရေး၌ ခေတ်နှင့်လျော်ညီသော ဘာသန္တရ စာပေများ (သင်္ချာ၊ အင်္ဂလိပ်စာ၊ စသည်) ကို ထည့်သွင်းသင်ကြားနိုင်ခြင်း မရှိသေးသည်ကို တွေ့နေရခြင်းပါ။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပသာသနာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ခေတ်ရဲ့နောက်မှာ များစွာနောက်ကျကျန်နေခြင်းကို သတိမူသူတို့သာ သိနိုင်မည်ဖြစ်ခြင်းပါ။ ထိုဘုန်းကြီးကျောင်း ပညာရေးကို အစိုးရ အသိမှတ်ပြု အတန်းပညာအရည်အချင်းများနှင့် သတ်သတ်မှတ်မှတ် သတ်မှတ်ပေးထားနိုင်ခြင်းမျိုး မရှိ၍ အစိုးရစာသင်ကျောင်းများ၏ ပညာရေးလယ်ဗယ်နှင့် အခါအားလျော်စွာ နှိုင်းချိန်ခံရသောအခါ ဓမ္မာစရိယ အရည်အချင်းသည် ရေးတတ်၊ ဖတ်တတ် အရည်အချင်းမျှသာ အသိမှတ်ပြုထားသည်ကို တွေ့ရှိရ၍ များစွာ ဝမ်းနည်းမိခြင်းပါ။

နံပါတ် (၂)ဖြစ်တဲ့ ဘုန်းတော်ကြီးကျောင်းသင် ပညာရေးကျောင်းများမှာမူ ခေတ်နှင့်လျော်ညီသော မြန်မာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် သိပ္ပံဘာသာရပ်များကို သင်ကြားပေးနိုင်၍ ကျောင်းသားဦးရေများ အဆမတန် တိုးပွားနေခြင်းပါ။ သို့သော် အမျိုးဘာသာ သာသနာတော်အရေးကို လေးလေးနက်နက် တွေးဆဟန်မတူကြတဲ့ အစိုးရဆိုင်ရာ အကြီးအကဲများ၊ ပညာရှင်ကြီးများ၊ ပညာရေးဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



လူကြီးများသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို မူလတန်းကျောင်းများမှ အလယ်တန်းကျောင်းများအဆင့်၊ အလယ်တန်းကျောင်းများမှ အထက်တန်းကျောင်းများအဆင့်သို့ တိုးမြှင်ပေးနိုင်ဖို့ အရေး ဝန်လေးနေကြခြင်းမှာ နားမလည်နိုင်အောင် ဖြစ်မိခြင်းပါ။ ပညာတတ်နည်းပါးသောလူမျိုးနှင့် ပညာတတ်ရှားပါးသော တိုင်းပြည်အတွက် ရင်လေးနေမိခြင်းပါ။

ပညာမတတ်တော့ကော ဘာဖြစ်မှာလဲလို့ မေးနေသူတွေကလဲ မေးနေဆဲပါ။ ဒီမိုကရေစီစနစ်မှာ ရာထူးကောင်းကောင်းလိုချင်ရင် အရည်အချင်းကောင်းကောင်းရှိရမှာပါ။ အရည်ချင်းကောင်းဆိုတာ ခေတ်မီတဲ့ ပညာရေးစနစ်မျိုးနှင့် ခေတ်ပညာများကို သင်ယူခွင့်ရပြီး၊ ထိုပညာ (ဘွဲ့ဒီဂရီ)ဖြင့် အလုပ်ခွင်၌ ယုံကြည်ချက်အပြည့်ဖြင့် အလုပ်လုပ်ပြနိုင်ခြင်းပါ။ ထိုကဲ့သို့မဟုတ်ဘဲ မြန်မာလူမျိုးအများစုရဲ့ ပညာရေးအဆင့်အတန်းများဟာ လွန်စွာနိမ့်ကျနေမည်ဆိုလျှင် ဒီမိုကရေစီစနစ်အရ နိုင်ငံတကာနှင့်ယှဉ်တဲ့ လုပ်ငန်းကိုင်ငန်း အခွင့်လမ်းတွေ ပွင့်လန်းလာလို့ အလုပ်ခန့်ရာမှာ မြန်မာလူမျိုးများ (တိုင်းရင်းသားအားလုံးအပါအဝင်)ကို ဘယ်နေရာမှာ ဘယ်ရာထူးမျိုးနဲ့ ခန့်အပ်နိုင်ကြမလဲဆိုတာ ကြိုတင်စဉ်းစားနိုင်ကြဖို့ပါ။

ထို့ကြောင့် ဆင်းရဲသားနှင့် ဆင်းရဲနွမ်းပါးတဲ့ တိုင်းရင်းသား၊ တိုင်းရင်းသူတို့ရဲ့မှီခိုရာဖြစ်တဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဟာ သမိုင်းကောင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အစိုးရကျောင်းများ၏ စံချိန်စံနှုန်းများနှင့်အညီ (အားကစားကွင်းရှိခြင်း၊ ကျောင်းနှင့် ကျောင်းအဆောက်အဦးစာသင်ခန်းများ လုံလုံလောက်လောက်ရှိခြင်း၊ စာကြည့်



တိုက်ရှိခြင်း၊ ကျောင်းထိုင် ဆရာတော်များ ပညာအရည်အချင်းများ ပြည့်မီခြင်း-စသည်များ) ရှိနေခဲ့လျှင် ဘုန်းတော်ကြီးသင် မူလတန်းကျောင်းများကို အလယ်တန်းကျောင်းများအဆင့်သို့၊ အလယ်တန်းကျောင်းများကို အထက်တန်းကျောင်းများ အဆင့်သို့ တိုးမြှင့်ပေးကြပါရန် တိုက်တွန်းလိုခြင်းပါ။ ပညာတတ်လူမျိုးက တိုင်းပြည်ကို ကြီးပွားချမ်းသာအောင် ဆောင်ရွက်နိုင်သလို၊ သဒ္ဓါတရားရှိပြီး ပညာနှင့် ဥစ္စာပြည့်စုံနေသူမျိုးကသာ သာသနာနှင့် လူမျိုးကို စောင့်ရှောက်နိုင်မည်ဆိုတာ ယုံကြည်ထားမိလို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## အနာဂတ်မြန်မာနိုင်ငံ ပညာရေးကို လေ့လာသုံးသပ်ခြင်း

ယနေ့ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသော ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ အမျိုးသားရေး၊ ပညာရေးစသော ပြဿနာများကို နံပါတ်စဉ် ထိုး၍ ဖော်ပြရမည်ဆိုလျှင် နံပါတ်စဉ်များသည် ရာထောင်ချည်၍ ရှိနေနိုင်ခြင်းပါ။ သို့သော် ပြဿနာတိုင်းသည် ပြဿနာမဟုတ်ပါ။ တချို့ပြဿနာများသည် အတွေးအမြင်ခြင်းမတူ၍ ပြဿနာလို့ ယူဆ ထားတာမျိုးတွေ ရှိနေသလို၊ သုံးသပ်ပုံခြင်းမတူညီသောကြောင့် ပြဿနာရယ်လို့ ယူဆထားတဲ့ အရာတွေကလည်း ဒုနှင့်ဒေးပါ။

ဥပမာ၊ ပညာရေးမူစနစ်များ ပြုပြင်ပြောင်းလဲနိုင်ဖို့ ဆန္ဒထုတ် ဖော်နိုင်ရန် ကျောင်းသားအားလုံး လမ်းမပေါ် ထွက်မလာတာကို ပြဿနာတစ်ရပ်လို့ ယူဆနေသူများရှိနေသလို၊ ကျောင်းသားအချို့ လမ်းမပေါ်ထွက်၍ ဆန္ဒပြတောင်းဆိုနေတာကိုပင် ပြဿနာတစ်ခုလို့ ယူဆနေသူများလည်း ရှိနေခြင်းပါ။ ပြဿနာဆိုတာ ဘာလဲ။ သိဖို့



လိုအပ်လာတယ်။ စာရေးသူနားလည်ထားသော ပြဿနာဆိုတာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား သဘောတူညီမှုမရနိုင်သေးသော အခြေအနေများကို ပြဿနာလို့ နားလည်ထားမိခြင်းပါ။

သို့သော် တချို့ပြဿနာများသည် သေးငယ်သော်လည်း အချိန်မီညှိနှိုင်းနိုင်မှု မရှိခဲ့လျှင်၊ အချိန်မီ တားဆီးနိုင်မှုမရှိခဲ့လျှင် "ပျားတစ်စက်ကြောင့် ပြည်ပျက်" ရသောကိန်း ဆိုက်ရောက်သွားနိုင် ခြင်းပါ။ ဥပမာ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် မူးယစ်ဆေးဝါး ကိစ္စ၊ ပြည်သူ၊ ပြည်သားများနှင့် မူယစ်ဆေးဝါးပြဿနာ၊ ဆင်းရဲ မွဲတေမှုပြဿနာစတဲ့ ပြဿနာများကို အချိန်မီ တားဆီးနိုင်မှုမရှိခဲ့လျှင် ထိုသူများ၏ ဘဝများသည် "ရေမျောကမ်းတင်" ဘဝမျိုးသို့ ရောက်ရှိ သွားနိုင်ပြီး လုံးဝလည်း ပျက်စီးသွားနိုင်ခြင်းပါ။ ဘဝထဲ၌နေသော ဘဝသမားများအတွက် ဘဝဆိုတာ ပုံဖော်ပြဖို့ခက်ခဲသလို၊ ပိုင်ဆိုင် ထားသောဘဝများကို အလေးအနက် မထားတတ်လျှင်လည်း "လေလွင့် လိပ်ပြာနှယ်" ထိုသူများ၏ ဘဝများသည် မရေမရာ ဖြစ်သွားနိုင်ခြင်း ပါ။ ထိုကဲ့သို့သောပုဂ္ဂိုလ်များ မြန်မာပြည် တစ်နံတစ်လျားမှာ များစွာ ရှိနေခြင်းပါ။

မြန်မာပြည်သူတို့၏စိတ်ထဲ၌ နိုင်ငံရေးနှင့် အမျိုးသားရေးများ အတွက် အသိတရားတွေ ရောထွေးနေခြင်းပါ။ အကယ်၍သာ ပါတီ နိုင်ငံရေးကို နိုင်ငံရေးဟု အမည်တပ်ပြခဲ့မည်ဆိုလျှင် အမျိုးသားရေးကို အဓိကထားသော နိုင်ငံရေးသည် အမျိုးသားနိုင်ငံရေးလို့ အမည် တပ်ပြနိုင်ခြင်းပါ။ ထို့ကြောင့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ ရဟန်း တော်များနှင့် အမျိုးသားရေး၊ ဤအရေးနှစ်ရေးအတွက် သဲကွဲစွာ

www.burmeseclassic.com

www.burmeseclassic.com



သိထားကြမည်ဆိုလျှင် ရဟန်းတော်များ မြန်မာ့နိုင်ငံအရေး၌ ပါဝင်နေရခြင်းမှာ ပါတီနိုင်ငံရေးအတွက် အကြောင်းမခံဘဲ အမျိုးသားနိုင်ငံရေးအတွက်ကြောင့်သာ ပါဝင်နေရခြင်းဖြစ်တယ်လို့ ပြည်သူများနားလည်သိထားနိုင်ကြဖို့ပါ။

ယနေ့ ပြည်သူအများကြားမှာ ပညာရေးဆိုင်ရာ ဥပဒေပြင်ဆင်ရေးကိစ္စနှင့်ပတ်သက်၍ ပြဿနာတွေ ဖြစ်ရှိနေခြင်းပါ။ အစိုးရပေါ်လစီနှင့် ပြည်သူများ၏စိတ်ဆန္ဒများ သဘောထားချင်း မတူနိုင်ကြ၍ စစ်ကြောင်းတွေဖွင့်လျက် ရန်ကုန်မြို့သို့ ဝင်ရောက်နိုင်ရန် ကျောင်းသားများ (ရဟန်းသံဃာအချို့လည်းပါဝင်) ချီတက်ခဲ့တဲ့ဖြစ်ရပ်များ၊ ပညာရေးပေါ်လစီနှင့် ဆက်စပ်နေသော နိုင်ငံရေးပြဿနာများ၊ ရှမ်းပြည်မြောက်ပိုင်း၊ လောက်ကိုင် နယ်စပ်မှာ ဖြစ်ပွားနေတဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာတဲ့ စစ်ရေးစစ်ရာ ပြဿနာများ၊ ဒီပြဿနာတွေဟာ ယခုရက်ပိုင်းအတွင်း ရှေ့တန်းကို ရောက်နေခဲ့တယ်။

ထိုပြဿနာများကို အကြောင်းပြုပြီး တစ်ဖက်ကလည်း စာမေးပွဲဖြေဆိုရန် နီးကပ်လာနေပြီဖြစ်တဲ့ ကျောင်းသားမိဘများ၏ စိုးရိမ်စိတ်၊ တစ်ဖက်ကလည်း စာမေးပွဲဖြေဆိုရန် နီးကပ်လာနေမှုကို အကြောင်းပြု၍ ပညာရေးအတွက် ပြင်သင့်၊ ပြင်ထိုက်သော ဥပဒေများကို အချိန်မီပြင်ဆင်နိုင်ရန် နိုင်ငံတော်ကို မပြင် ပြင်တဲ့နည်းနှင့် တောင်းဆိုလိုတဲ့ ပြင်းထန်သော စိတ်ဆန္ဒ၊ ဤစိတ်များကို ဗဟိုပြုလျက် မလျှော့သော ခွဲလုံ့လဖြင့် အရတောင်းဆိုနေသော ကျောင်းသားများနှင့် ပယောဂမကင်းသော ပယောဂသမားတို့ရဲ့ လှုပ်ရှားမှုများကြောင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ အတော်ကြီးကို လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့တယ်။



"စာမေးပွဲ ဖြေဆိုရက်များကို ထပ်မံကြေညာပါမည်" ဟူသော သတင်းများ တက်လာမှာကို ကြောက်ရွံ့စိတ်များဖြစ်နေတဲ့ ကျောင်းသားမိဘများ၊ စိုးရိမ်စိတ်များနှင့် စိတ်တွေလှုပ်ရှားနေတဲ့ မြန်မာပြည်သူများ၊ ထိုပြည်သူ၊ ပြည်သားတို့၏ ယောက်ယက်ခတ်နေသော နှလုံးခုန်သံများကို ကြားနေရတဲ့ သံဃာတော်များ စသည်တို့ဟာ မြန်မာနိုင်ငံရဲ့ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးကိစ္စ၌ အစိုးရနှင့် ကျောင်းသား၊ ကျောင်းသူတို့အကြား ထိပ်တိုက်တွေ့ရမည့် အခြေအနေများကြောင့် အစိုးရနှင့် ပြည်သူ၊ ပြည်သားများသည် ပူပန်စိတ်များ ဖြစ်ပေါ်နေခဲ့သလို၊ ရဟန်းတော်များသည်လည်း တိုင်းပြည်အတွင်း မတည်မငြိမ်ဖြစ်သွားမှာကို အထူးစိုးရိမ်ခဲ့ကြတယ်။

ထို့ကြောင့် သီတဂူဆရာတော်ကြီးက အစိုးရနှင့် ပြည်သူတို့အား ညီညွတ်မှုရှိကြရန် ကြားဝင်ရောက်၍ သြဝါဒသဝဏ်လွှာကို ပေးပို့ခဲ့တယ်။ အစိုးရနှင့်ကျောင်းသားများ နှစ်ဦးနှစ်ဖက် လက်ခံခဲ့ကြ၍ များစွာ အကျိုးရှိခဲ့တယ်။ မဘသ ငြိမ်းချမ်းရေးအဖွဲ့ကြီးကလည်း မေတ္တာရေးရှုလျက် အစိုးရနှင့်ပြည်သူတို့ ညီညီညွတ်ညွတ် ရှိကြဖို့ တိုက်တွန်းခဲ့တယ်။ ရဟန်းသံဃာတော်များ၏မေတ္တာစေတနာ၊ နိုင်ငံတော် အစိုးရ၏ မေတ္တာစေတနာ၊ ပညာရေးပြုပြင်ပြောင်းလဲသူတို့၏ မေတ္တာစေတနာ၊ မိဘပြည်သူများ၏ မေတ္တာစေတနာကို နားလည်ခဲ့ကြသော ကျောင်းသားခေါင်းဆောင်များနှင့် အစိုးရတို့သည် ညှိနှိုင်းဆွေးနွေးရန် သဘောတူညီမှု ရရှိခဲ့ကြတယ်။ ထိုနောက် သပိတ်စခန်းများကို ရုတ်သိမ်းပေးခဲ့ကြ၍ မြန်မာနိုင်ငံတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများအတွက် အပူလုံးများ ပြေလျော့သွားစေခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပြဿနာများ ဖြေလျှော့သွားပြီဖြစ်သော်လည်း အစွန်းထွက်နေသော တောင်းဆိုမှုများ ပါဝင်လာခြင်းပါ။ ဤအချက်သည် ကျောင်းသားများတောင်းဆိုသော အချက် (၁၁)ချက်ထဲမှာ မပါဝင်ဘဲ ဥပဒေပြင်ဆင်ရေးအဖွဲ့မှ ရေးဆွဲထားသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)၌ ပါဝင်လာခြင်းပါ။ ထိုဥပဒေမူကြမ်းသည် ပြဿနာများကို ပိုမိုရှုပ်ထွေးလာနိုင်သည်ဟု ထင်မြင်ယူဆမိခြင်းပါ။

မူလက အမျိုးသားပညာရေးဥပဒေ၌ ကျောင်းအမျိုးအစား (၉)မျိုး [(က)မှ (ဈ)အထိ]သာ ဖော်ပြထားသော်လည်း ယခု အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၌ (ည)အခြားဘာသာရေး အဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ-ဟု ဆိုပြီး (ပုဒ်မခွဲ (ည)ကို အသစ်ဖြည့်စွက်ထားသည်ကို တွေ့ရ၍ အံ့သြသွားမိခြင်းပါ။ [အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအခန်း (၆) ကျောင်း အမျိုးအစားကို သတ်မှတ်ပြဋ္ဌာန်းရာ၌ ဖော်ပြထားသည်။] အမှန်ဆိုလျှင် ထိုကျောင်းမျိုးသည် ပုဒ်မခွဲ ထပ်တိုးစရာ မလိုဘဲ၊ (ဆ) အထူးကျောင်းများ အနက်တွင်ဖြစ်စေ၊ သို့မဟုတ် (ဈ) ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနတို့က သတ်မှတ်ပေးသောကျောင်းစာရင်းတို့၌ဖြစ်စေ အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွဲ့စည်းထားသော ကျောင်းများကို ထည့်သွင်း၍ ဖော်ပြနိုင်ပါလျက် ပုဒ်မခွဲတစ်ခု (ည) ကိုတိုး၍ အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်ထားခြင်းမှာ များစွာပင် သံသယစိတ်များကို ဖြစ်ပေါ်လာစေခြင်းပါ။

ထို့ကြောင့် လေးနက်စွာတွေးကြည့်မည်ဆိုလျှင် ဤအရေးသည် ကျောင်းသားများတောင်းဆိုသော အချက် (၁၁)ချက်၌လည်း



မပါဝင်၊ ပုဒ်မခွဲ (ည) ကို တိုး၍ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း၌ ကျောင်းသားမဟုတ်သူတို့က ကျောင်းသားများကို ကိုယ်စားပြုထားသယောင် တောင်းဆိုထားကြခြင်းကြောင့် ကျောင်းသားများတောင်းဆိုထားသည့် ပြဋ္ဌာန်းပေးရန် ဖြစ်နိုင်ခြေရှိနေပြီဖြစ်သော ဥပဒေကြမ်း (မူကြမ်း) များသည်ပင် အခြေအနေတစ်မျိုးကို ပြောင်းလဲသွားနိုင်ခြင်းပါ။ အမျိုးသားရေးစိတ်ရှိသော ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများနှင့် ရဟန်းသံဃာတော်များ သိရှိနိုင်စေရန် အကျဉ်းချုပ်၍ တင်ပြခြင်းသာဖြစ်တယ်။

အခြားမိမိ မမြင်နိုင်သော လျှို့ဝှက်ချက်များ၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများလည်း ရှိကောင်းရှိနေနိုင်ခြင်းပါ။ "မီးလောင်ရာလေပင့်" တောမီးလောင် တောကြောင်လက်ခမောင်းခတ်၊ ကမ္ဘာမီးလောင် သားကောင်ချနင်း၊ အဖြစ်မျိုးနှင့် မကြုံရအောင် အမျိုးသားပညာရေးဥပဒေကို အစိုးရရဲ့ တင်းကြပ်သော မူဝါဒများမှလည်း လွတ်မြောက်အောင်၊ အခြားသူများရဲ့ ပယောဂများလည်း လွှမ်းမိုးမခံရအောင် ပြည်သူချစ်သောကျောင်းသားများသည် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ မထမ်းရွက်နိုင်ဘဲ၊ အမျိုးသားညီညွတ်ရေးများကို ပျက်ပြားအောင် ဆောင်ရွက်သူများ စာရင်း၌ မပါဝင်မိစေဖို့ အမြော်အမြင် ကြီးမားစွာဖြင့် ဆောင်ရွက်နိုင်ကြဖို့ပါ။

တိုင်းပြည်တိုးတက်နိုင်ရန် အမျိုးသားပညာရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသလို၊ တိုင်းပြည်တည်ငြိမ်ဖို့နှင့် တိုင်းပြည်ဂုဏ်သိက္ခာထည်ဖို့အတွက် အမျိုးသားပညာရေးသည် အရေးကြီးအခန်းကဏ္ဍ၌ ပါဝင်နေသည်ကို ရဟန်းရှင်လူ ပြည်သူအများ သိရှိထားနိုင်ကြဖို့ပါ။ ဒီအမျိုးသားပညာရေးဥပဒေနှင့်

www.burmeseclassic.com

www.burmeseclassic.com



စပ်လျဉ်း၍ ''သူ့မြေမှာ သူ့ဂုဏ်ထည်နေပါလျက်'' ကိုယ့်မြေမှာ သူ့ဂုဏ်ထည်ချင်တာက ဘာကြောင့်များလဲ စောသခင်ရယ်....၊ ဆိုတဲ့ကဗျာလေးကို အမှတ်မထင် သတိရမိတယ်။

ပုဂံခေတ်က ပညာရေးကို ပြန်လည်သုံးသပ်ကြည့်လျှင် မြန်မာ့ယဉ်ကျေးမှုနှင့် ဘာသာယဉ်ကျေးမှုကို အခြေခံထားတဲ့ မြန်မာ့ပညာရေးစနစ်ကို တွေ့ရှိနိုင်မှာဖြစ်တယ်။ ကုန်းဘောင်ခေတ်က ပညာရေးကို ပြန်လည်သုံးသပ်လျှင်လည်း မြန်မာ့ယဉ်ကျေးမှုနှင့် ဘာသာယဉ်ကျေးမှုကို အခြေခံထားတဲ့ မြန်မာ့ပညာရေးစနစ်ကို တွေ့ရှိနိုင်မှာဖြစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်က ပညာရေးကို ပြန်လည်သုံးသပ်လျှင်လည်း မြန်မာ့ယဉ်ကျေးမှုနှင့် ဘာသာယဉ်ကျေးမှုကို အခြေခံထားတဲ့ မြန်မာ့ပညာရေးစနစ်ကို တွေ့ရှိနိုင်မှာဖြစ်တယ်။ ဗိုလ်ချုပ်သတ္တိရှိတာဟာ တိုင်းပြည်အတွက် ပေးဆပ်ရဲတဲ့သတ္တိရှိလို့ပါ။ ဗိုလ်ချုပ် အမျိုးသားရေးစိတ်ရှိတာဟာ မြန်မာ့ယဉ်ကျေးမှုနှင့် ဘာသာယဉ်ကျေးမှုကို အခြေခံထားတဲ့ မြန်မာ့ပညာရေးစနစ်ကို စနစ်တကျသင်ယူခဲ့လို့ပါ။ ဗိုလ်ချုပ် တိုင်းပြည်ကို ရန်သူလက်တွင်းမှ ကယ်တင်နိုင်ခြင်းဟာ မြန်မာ့ယဉ်ကျေးမှု၊ ဘာသာယဉ်ကျေးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံထားကြောင့် တစ်မျိုးသားလုံးကို ဘေးမသီ၊ ရန်မခစေလို့တဲ့ မွန်မြတ်တဲ့ စိတ်ထားတွေ ရှိနေခဲ့လို့ပါ။

ဗိုလ်ချုပ်ငယ်စဉ်က ကျောင်းသားတစ်ယောက်ဖြစ်တယ်။ အမြော်အမြင်ကျယ်တဲ့ ကျောင်းသားတစ်ယောက်ဖြစ်လို့ စာကို ကြိုးစားသင်ယူခဲ့တယ်။ စာကို ကြိုးစားသင်ယူခဲ့လို့ တိုင်းရေးပြည်ရာတို့၌ ရှေ့တန်းကို ရောက်ခဲ့တယ်။ ကျောင်းသားတွေရဲ့အနာဂတ်ကောင်းမွန်ဖို့ဟာ ပညာရေးစနစ်ကောင်းမွန်ပြီး၊ ကိုယ်တိုင်ကလည်း



ကြိုးစားသင်ယူဖို့ လိုတယ်။ စာကို ကြိုးစားသင်ရမဲ့အချိန်မျိုးမှာ အချိန်ရဲ့တန်ဖိုး၊ အခွင့်အရေးများရဲ့ တန်ဖိုးများကို ကျောင်းသား၊ ကျောင်းသူများ နားမလည်ခဲ့ကြဖူးဆိုလျှင် တိုင်းပြည်လည်းနစ်နာ၊ ကိုယ်ပိုင် အောင်မြင်မှုများလည်း ကျရှုံးနိုင်တာဖြစ်လို့ ကတိရှိခြင်း၊ သစ္စာရှိခြင်း၊ အမြော်အမြင်ရှိခြင်းတို့ဟာ ကျောင်းသားတို့ ဂုဏ်နှင့်သိက္ခာကို ဆက်လက်ထိန်းသိမ်းနိုင်မှာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူတို့ လျှောက်လှမ်းသော ပညာရေးလမ်းသည် အန္တရာယ်များကင်းရှင်းလျက် လူနေမှုဘဝမြင့်မားသော ပန်းတိုင်များဆီသို့ လျှောက်လှမ်းစေလိုသော စေတနာအရင်းခံဖြင့်...။

www.burmeseclassic.com

www.burmeseclassic.com

## မပြောင်းလဲနိုင်သေးတဲ့ ပညာရေးမူဝါဒများ

"ပညာရေးသည် နိုင်ငံ၏အသက်၊ ပညာရေးနလံထူမှ တိုင်းပြည်နလံထူမယ်"ဟု အများပြည်တို့ ထပ်တလဲလဲ ပြောဆိုနေချိန် ဝယ်။ မြန်မာနိုင်ငံ၏ ပညာရေးဝန်ကြီးဌာနအောက်ရှိ ပညာရေး မြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီသည် လက်ရှိကျင့်သုံးပနေသည့် ပညာရေးစနစ်ကို မူသစ်တစ်ခုဖြင့် အစားထိုး ပြုပြင်ပြောင်းလဲရန် စီစဉ်လျက်ရှိနေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ ထိုသတင်းမှာ စတုတ္ထတန်းနှင့် အဋ္ဌမတန်း အတန်းတင်စာမေးပွဲစနစ်ကို မြို့နယ်နှင့် တိုင်းဒေသကြီးအဆင့်ဖြင့် မြှင့်တင်ကျင်းပသွားရန် စီစဉ်နေတယ်ဆိုတဲ့ သတင်းပါ။ ထိုသတင်းအတိုင်း ပညာရေးမူစနစ်ကို စနစ်သစ်မူအဖြစ် ပြဋ္ဌာန်းပေးခဲ့မည်ဆိုလျှင် အမှားတစ်ခုကို ထပ်မံပြုလုပ်လိုက်သလို ဖြစ်သွားနိုင်ခြင်းပါ။

ပညာရေးမူဝါဒများနှင့် ပတ်သက်၍ အမှားများစွာရှိခဲ့သော မြန်မာနိုင်ငံရဲ့ပညာရေးစနစ်အတွက် သမိုင်းအထောက်အထားများကို



အကိုးအကားယူ၍ ပြန်လည်သုံးသပ်သင့်သည်ဟု ထင်မြင်မိသည်။ ဉာဏ်မီသမျှ ပြန်လည်သုံးသပ်ပြရသော် ယခုလက်ရှိပြဋ္ဌာန်းထားသော အခြေခံပညာရေးစနစ်သည် ခေတ်နှင့်ရင်ဘောင် တန်းနိုင်သော အရည်အချင်းများ အားနည်းနေခြင်း။ အချိန်နှင့်တပြေးညီ အလျှင်အမြန် ပြုပြင်ပြောင်းလဲ ပေးသင့်ပါလျက် ပြုပြင်ပြောင်းလဲပေးရန် နှေးကွေးနေခြင်း၊ နှစ်ပေါင်းခြောက်ဆယ်နီးနီး ကျင့်သုံးသွားခဲ့သော ပညာရေးမူဝါဒများရဲ့ အားနည်းချက်၊ အားသာချက်များကို စနစ်တကျ ပြန်လည်မသုံးသပ်နိုင်ခြင်း စသော အကြောင်းများကြောင့် မပြောင်းလဲနိုင်သေးသော ပညာရေးမူဝါများအတွက် များစွာစိတ်ပျက်မိခြင်းပါ။

မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းကို ပြန်လည် ချုံ့သုံးသပ်ကြည့်လျှင် မှားယွင်းစွာ ကျင့်သုံးခဲ့သော ပညာရေးစနစ်ကြောင့် တိုင်းပြည်၏ပညာရေးသည် အဖတ်ဆယ်လို့ မရနိုင်လောက်အောင် ပျက်စီးသွားခဲ့ရသည်။ ဒီအခြေအနေများကိုလည်း သမိုင်းက ဆက်လက် ပြောနေဆဲပါ။ ဒီနေရာ၌ ပညာရေးသမိုင်းကြောင်းကို ပြန်လည်သုံးသပ်ပြနေရခြင်းမှာ ပညာရေးနှင့်ပတ်သက်၍ အမှားကျူးလွန်ခဲ့သူများကို အပြစ်တင်ရန်မဟုတ်ပါ။ သမိုင်းသစ်၌ ထိုအမှားမျိုးကို နောက်ထပ်မကျူးလွန်မိဖို့ သမိုင်းသင်ခန်းစာများကို တင်ပြခြင်းသာ ဖြစ်တယ်။

မြန်မာနိုင်ငံတွင် ၁၉၆၂-ခုနှစ်များ နောက်ပိုင်း၌ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်နှင့်အညီ ပညာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲခဲ့၍ တိုင်းပြည်လည်း ဆင်းရဲ၊ လူမျိုးလည်းနိမ့်ကျ၊ ကောင်းမွန်တဲ့ ပညာရေးစနစ်များလည်း ပျောက်ကွယ်သွားခဲ့ရတယ်။ အများစုသော ပြည်သူတွေရဲ့ ဘဝအဆင့်အတန်းများလည်း အရှေ့တောင်

www.burmeseclassic.com

www.burmeseclassic.com



အာရှနိုင်ငံများတွင် အမြင့်ဆုံး အခြေအနေမှ အနိမ့်ဆုံးအခြေအနေသို့ ကျဆင်းသွားခဲ့ရတယ်။ ဒီလိုဖြစ်သွားရခြင်းဟာ ဘယ်သူကြောင့်လဲ။ မေးခွန်းထုတ်စရာပါ။ အဖြေက မှားယွင်းတဲ့ ပညာရေးမူဝါဒများကြောင့် ဖြစ်ရတာပါလို့ တိုတိုကျဉ်းကျဉ်းပဲ ဖြေဆိုလိုခြင်းပါ။

စနစ်ဆိုတာ တစ်ဦးတစ်ယောက်တည်းနှင့် လုပ်၍မရပါ။ ဘယ်လိုပဲ အာဏာရှင်အလိုကျ ပြုပေးရပါတယ်ပြောပြော ထိုသူတစ်ယောက်တည်းနှင့် ပညာရေးမူဝါဒများကို ပြောင်းလဲချင်တိုင်း ပြောင်းလဲ၍မရပါ။ အလိုတော်ရိတွေ၊ ဘုန်းတော်ကြောင့် သင့်မြတ်လှကြောင်းပါ-ဆိုသူတွေ၊ သူတို့နှင့်ပတ်သက်တာမှန်သမျှ မပြောချင်တော့၍ နှုတ်ပိတ်နေသူတွေ၊ တိုင်းပြည်အပေါ်မှာ သစ္စာစောင့်စည်းမှုနှင့် စေတနာထားမှုများ အားနည်းသူတွေ၊ ဒီလိုလူတွေ မရှိပဲနဲ့ ဘယ်လိုနည်းနှင့်မှ ပြုပြင်ပြောင်းလဲ၍ မရနိုင်ပါ။

ပညာရေးဆိုတာ တိုင်းပြည်အတွက် အရေးကြီးတဲ့ သော့ကြီးတစ်ချောင်းပါ။ ထိုကြောင့် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးရာမှာ မြန်လွန်းလျှင်လည်း လွဲချော်နိုင်သလို၊ နှေးလွန်းပြန်လျှင်လည်း ကြန့်ကြာသွားနိုင်ခြင်းပါ။ ယခုအခါ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်အသွင်ကို ကူးပြောင်းလာခဲ့တာ သုံးနှစ်သက်တမ်း ရှိခဲ့ပြီဖြစ်သော်လည်း အခြေခံပညာရေးအတွက် ထူးခြားတဲ့ ပြုပြင်ပြောင်းလဲမှုမျိုးကို မတွေ့ရသေးပါ။ ပညာရေးမူဝါဒများ ပြုပြင်ပြောင်းလဲရန် နှေးကွေးလွန်းနေသည့်အတွက် ဘေးထွက်ဆိုးကျိုးတွေ များစွာဖြစ်ပေါ်နေခြင်းပါ။

ဥပမာ၊ ပညာရေးစနစ်နှင့်ပတ်သက်၍ စဉ်းစားစရာတွေ အများကြီး ရှိလာနိုင်ခြင်းပါ။ တိုင်းပြည်မှာ ပြဋ္ဌာန်းပေးထားတဲ့



ပညာရေးစနစ် ညံ့ဖျင်းနေရခြင်းဟာ ပညာရေးမူဝါဒကြောင့်လော၊ သင်ကြားပေးနေတဲ့ ဆရာ ဆရာမများရဲ့ အရည်အချင်းများ ညံ့ဖျင်းနေ၍လော၊ ပညာသင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူများရဲ့ အခြေခံ ပညာရေးအဆင့်အတန်းက အားနည်းလွန်းနေ၍လော။ အဖြေထုတ်ရန် ခက်ခဲနေတဲ့ အနေအထားမျိုးမှာ ရှိနေဆဲပါ။ ဘေးထွက်ဆိုးကျိုးအနေနှင့် သင်ကြားပေးနေရသော ဆရာ၊ ဆရာမများနှင့် ပညာသင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် အချိန်တွေကုန်သလောက် လူတွေပင်ပန်းသလောက် ခရီးမရောက်နိုင်ပဲ ပညာတတ်မြောက်မှု အပိုင်းမှာလည်း ရာခိုင်နှုန်း အလွန်နည်းပါးနေခြင်းဆိုတဲ့ ဘေးတွက်ဆိုးကျိုးများနှင့် ရင်ဆိုင်နေကြရခြင်းပါ။

ထိုကြောင့် နိုင်ငံတော်၌ အချိန်သင့်၊ အခါသင့် ပြုပြင်ပြောင်းလဲပေးရမဲ့ အရေးများထဲတွင် ပညာရေးကို ရှေ့တန်းမှာထား၍ စဉ်းစားပေးရမဲ့ အရေးဆိုတာ နိုင်ငံခေါင်းဆောင်များ သတိမူနိုင်ကြဖို့ပါ။ ပညာရေးစနစ်ကို မြှင့်တင်ပေးနိုင်ရန် ပညာရေးမူဝါဒများအတွက် ပြည်သူ၊ ပြည်သားများမှ ဝိုင်းဝန်းစဉ်းစားပေးကြရာဝယ်။ ကျောင်းသား၊ ကျောင်းသူများရဲ့ ပညာအရည်အချင်းများ တိုးတက်ကောင်းမွန်လာနိုင်စေရန် TCA စနစ် (ဆရာဗဟိုပြု သင်ကြားနည်းစနစ်)၊ CCA စနစ် (ကျောင်းသား ဗဟိုပြု သင်ကြားနည်းစနစ်) များကို ဆွေးနွေးတင်ပြလာကြခြင်းပါ။

တိုင်းပြည်အတွက် ပညာရေးမူဝါဒများကို စနစ်တကျ ပြဋ္ဌာန်းပေးနိုင်ခြင်းမရှိပဲ CCA စနစ်ကို ချက်ချင်းကြီးဆိုသလို ပြုပြင်ပြောင်းလဲဖို့ မဖြစ်နိုင်သေးပါ။ CCA စနစ်ကို ချက်ချင်းကြီးဆိုသလို ပြဋ္ဌာန်းပေးလိုက်မည်ဆိုလျှင် အမှားတစ်ခုကို ထပ်မံပြုလုပ်လိုက်သလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားနိုင်ခြင်းပါ။ စနစ်တိုင်းမှာ အားနည်းချက်၊ အားသာချက်များ ရှိနေခြင်းပါ။ CCA စနစ်မှာလည်း အားနည်းချက်၊ အားသာချက်တွေ ရှိနေသလို၊ TCA စနစ်မှာလည်း အားနည်းချက်တွေ၊ အားသာချက်တွေ ရှိနေခြင်းပါ။ ပညာရေးစနစ်ဟောင်းများ၌ TCA စနစ်ကို ကျင့်သုံးခဲ့ခြင်းကြောင်း ကျောင်းသားများရဲ့ ပညာအရည်အသွေးများ နိမ့်ကျသွားရတယ်လို့ ထင်မြင်ယူဆသူတွေလည်း ရှိနေခြင်းပါ။

တကယ်တော့ TCA စနစ်ကြောင့်မဟုတ်ပဲ အာဏာရှင်စနစ်ရဲ့မူအရ ဆွေးနွေးမခံပဲ ထင်ရာစိုင်းခဲ့တဲ့ ပညာရေးမူဝါဒများကြောင့် ကျောင်းသားများ၏ ပညာအရည်အချင်းများ ကျဆုံးသွားရခြင်းပါ။ ထိုထိုသို့သော အခြေအနေများကြောင့် ဆရာ၊ ဆရာမများရဲ့ သင်ကြားရေး စွမ်းရည်ဖြစ်တဲ့ ပညာအရည်အချင်းကို ဦးစွာပထမ မြှင့်တင်ပေးနိုင်ခြင်းမရှိပဲ ကျောင်းသားဗဟိုပြု CCA စနစ်ကို တိုက်ရိုက်ကြီးဆိုသလို ပြုပြင်ပြောင်းလဲပေးလိုက်မည်ဆိုလျှင် ကျောင်းသားများရဲ့ ပညာအရည်အချင်းများ မြင့်မားလာဖို့အတွက် အထောက်အကူများစွာ ပေးနိုင်ကြဦးမည်မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် အမေရိကန်နိုင်ငံ၏ ပညာရေးစနစ်၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆရာ ဖြစ်လိုသော ပုဂ္ဂိုလ်များသည် (၁) ဘွဲ့ရပြီးသူဖြစ်ရမည်။ (၂) ဆရာဖြစ်သင်တန်းကို (၂)နှစ် တက်ရောက်ပြီး၊ စာသင်ကြားခွင့်ပါမစ် (certificate) လက်မှတ် ရရှိသူ ဖြစ်ရမည်။ ထိုကဲ့သို့သော အရည်အချင်းပြည့်ဆရာများကိုသာ ကျောင်းဆရာ၊ ဆရာမများ ခန့်အပ်ထား၍ အမေရိကန်ရဲ့ ပညာရေးစနစ်သည် ကမ္ဘာ့တန်းဝင် ပညာရေးစနစ်ဖြစ်နေခြင်းဖြစ်တယ်။ ထို့အပြင် ထိုနိုင်ငံရဲ့ ပညာရေးစနစ်သည် ကျေးလက်တောရွာများမှာနေ၍



ပညာကို သင်ကြားကြရသည်ပဲဖြစ်စေ၊ မြို့ကြီးပြကြီးများမှာနေ၍ ပညာကို သင်ကြားခွင့်ရသည်ပဲဖြစ်စေ ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အချင်းများသည် ထူးထူးခြားခြားကြီး ကွာခြားနေခြင်း မျိုးမရှိပဲ တန်းတူရည်တူ ရှိနေသည်ကို တွေ့ရှိနိုင်ပေသည်။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများရဲ့ ပညာအရည်အချင်းများ မြင့်မားနိုင်ဖို့အတွက် ဆရာ၊ ဆရာမများ၏ ပညာအရည်အချင်းများ မြင့်မားနိုင်ဖို့က ပို၍အရေးကြီးကြောင်း တင်ပြလိုခြင်းပါ။ ဆရာ၊ ဆရာမများ၏ ပညာအရည်အချင်းဟုဆိုရာတွင် မြန်မာနိုင်ငံ၌ ပညာအရည်အချင်းပြည့်မီ ဆရာ၊ ဆရာမများစွာ ရှိနေခြင်းကို ငြင်းဆိုရန် မရှိပါ။ သို့သော် အများစုသော ဆရာ၊ ဆရာများမှာ အရည်အချင်း မပြည့်မီခြင်း၊ ပညာရေးအတွက် ကိုယ်တိုင်က လေ့လာအားထုတ်မှု နည်းပါးနေခြင်း၊ စေတနာထက် အကျိုးတရားကို မျှော်ကိုးနေတတ်ခြင်း စသော အကြောင်းတရားများကြောင့် နိုင်ငံရဲ့ပညာရေးစနစ်သည် တစ်နည်းအားဖြင့် အားနည်းနေခြင်းလည်း ဖြစ်နိုင်ပါသည်။

အခြေခံပညာရေးစနစ်ကို မြှင့်တင်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် စတုတ္ထတန်းနှင့် အဋ္ဌမတန်း အတန်းတင်စာမေးပွဲစနစ်ကို မြို့နယ်နှင့် တိုင်းဒေသကြီးအဆင့်ဖြင့် မြှင့်တင်ကျင်းပသွားရန် စီစဉ်မပေးမီ ကျေးလက်တောရွာများ၌ ယခုလက်ရှိ ပညာသင်ကြားပေးလျက်ရှိကြသော ဘွဲ့ရ၊ ဘွဲ့မရ ဆရာ၊ ဆရာမများ၏ ပညာရေးအဆင့်အတန်းများ သတ်မှတ်စံနှုန်း မီ၊ မမီ ဦးစွာပထမ စစ်ဆေးကြည့်သင့်သည်။ စစ်ဆေး ကြည့်မည်ဆိုလျှင် "လေးတန်းနှင့်ပြိုင် ဘယ်သူနိုင်" ဆိုတဲ့ အဖြေကို သိနိုင်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ရှိတဲ့ပညာရေးစနစ်မျိုးဆိုတာ အရာရာတိုင်းကို အလွတ်မကျက်မှတ်ပဲ သင်ကြားပေးနိုင်ခြင်း၊ ဆရာပေးလိုက်သည့် သင်ခန်းများကို ကိုယ်တိုင်ပြုလုပ်နိုင်ခြင်း (ကျူရှင်မလိုခြင်း)၊ ပညာသင်ကြားနည်းစနစ်၌ မေးဖြေပြုလုပ်၍ သင်ကြားပေးခြင်း၊ အုပ်စုဖွဲ့၍ သင်ကြားပေးခြင်း၊ ပရိုဂျက်များကို အုပ်စုအလိုက်ပြုလုပ်စေ၍ အတန်းရှေ့သို့ထွက်၍ အခြားကျောင်းသားများအား နားလည်သဘောပေါက်အောင် ဆွေးနွေးတင်ပြနိုင်ခြင်း၊ ဘာသာရပ်အတွက် လိုအပ်လာလျှင် ကွင်းဆင်း၍ ကိုယ်တိုင် လေ့လာသင်ကြားရခြင်း၊ သင်္ချာဘာသာရပ်တို့လို၊ သိပ္ပံဘာသာရပ်တို့လို ဘာသာရပ်များ၌ သင်ခန်းစာတစ်ခုမှ ရှေ့သင်ခန်းစာတစ်ခုသို့ ကူးပြောင်းတိုင်း ကျောင်းသား၊ ကျောင်းသူများ ထိုသင်ခန်းစာ၌ နားလည်မှု ရှိ၊ မရှိ သိရှိနိုင်ရန် ဆရာ၊ ဆရာမများမှ ကွစ်ဇ် (Quiz) မေးခွန်းမျိုး (၅-၁၀ မှတ်တန် မေးခွန်းမျိုး) ကို မေး၍ စစ်ဆေးခြင်း စသည် စနစ်များပါဝင်သော ပညာရေးမျိုးကို အဆင့်ရှိတဲ့ ပညာရေးစနစ်မျိုးဟု ပြောကြားလိုခြင်းပါ။

အဟောင်းကို ပြင်၍ အသစ်ကို တည်ဆောက်ခြင်း အလုပ်ဆိုတာ ဆောက်လုပ်ဝန်ကြီးဌာနမှ ပြုလုပ်ရမည့် အလုပ်မျိုးဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ပြုလုပ်ရမည့် အလုပ်မျိုးမဟုတ်ပါ။ ပညာရေးဝန်ကြီးဌာနမှ စီမံကွပ်ကဲ၍ ပြုလုပ်ရမည့် အလုပ်မျိုးဆိုတာ ပညာရေးမူဝါဒဆိုင်ရာ စနစ်ဟောင်းများသည် ခေတ်နှင့်မလျော်ညီတော့ခြင်း၊ ဘေးထွက်ဆိုးကျိုးများက များပြားနေခြင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးများ ညံ့ဖျင်းနေခြင်း၊ သင်ကြားပေးသူ၊ သင်ယူသူ နှစ်ဖက်လုံး၌ စိတ်ဓာတ်ခွန်အားများ ကျဆုံးခြင်း၊ အလွတ်ကျက်မှတ်ရသောစနစ်ဖြစ်၍ အချိန်တိုင်း၌ စာအုပ်နှင့် မျက်နှာ မခွာရ



သောကြောင့် ကိုယ်လက်လှုပ်ရှားချိန်မရှိခြင်း၊ ထိုကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးများ အားနည်းစေခြင်း စသော ဘေးထွက် ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျ သိနိုင်ကြဖို့ပါ။

ထိုကဲ့သို့ ဘေးထွက်ဆိုးကျိုးများရှိနေသော ပညာရေးစနစ်ကို ရှေ့နောက်ပြောင်း၍ (ဥပမာ၊ ၁၉၇၀-ခုနှစ်က ပညာရေးစနစ်ကို ဖျက်သိမ်းပြီး၊ ၁၉၈၀-ခုနှစ်ပညာရေးစနစ်နှင့် အစားထိုး၊ တဖန် ၁၉၉၀-ခုနှစ်၌ ၁၉၈၀-ခုနှစ် ပညာစနစ်ကို ဖျက်သိမ်း၊ ၁၉၇၀-ခုနှစ် ပညာရေးစနစ်နှင့်အစားပြန်ထိုး၊ ပြောင်းလို့ မပြီးနိုင်အောင်ရှိနေတဲ့ ပညာရေးစနစ်မျိုးကို ဆိုလိုပါသည်။) ပြောင်းလဲနေရုံမျှဖြင့်တော့ အဆင့်အတန်းရှိသော ပညာရေးစနစ်မျိုးဖြစ်မလာနိုင်ခြင်းကို စေတနာဖြင့် တိုင်းပြည်အတွက် တင်ပြပေးခြင်းပါ။ မှုဆိုတာ ကြိုက်ရင်ယူ၊ မကြိုက်ရင် ပယ်နိုင်ဖို့ပါ။ သို့သော် စနစ်တစ်ခုကို ယူခြင်း၊ မယူခြင်းဆိုတာ ပညာနှင့်သာ ဆုံးဖြတ်ရမဲ့အလုပ်မျိုးဖြစ်တယ်ဆိုတာ ပညာရေးဌာနမှ အကြီးအကဲများ၊ ဝန်ထမ်းများ သိရှိနိုင်ကြဖို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

**ဒေါက်တာမွေ့ဝိယ (ITBMU)**

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာနန္ဒ သာသနာ့ ကောလိပ်

***Mettānnada Sāsana College***
***Ngar Kyan Pyan Kyaung***
***Thingankyun, Yangon***

မေတ္တာနန္ဒ သာသနာ့ ကောလိပ်ကို ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆုတ် (၁၁)ရက်၊ တနင်္ဂနွေနေ့၊ (၁၂·၇·၂၀၁၅)တွင် ငါးကျမ်းပြန်ကျောင်းတိုက်၌ စတင်ဖွင့်လှစ်ခဲ့ဖြစ်သည်။

မေတ္တာနန္ဒ သာသနာ့ ကောလိပ်ကို ခေတ်သမိုင်း၏ တောင်းဆိုချက်အရ ဖွင့်လှစ်ရန် အကြောင်းတစ်ခုဖြစ်ခဲ့သည်။ ယနေ့ခေတ်ရဟန်းငယ်များသည် ပြည်တွင်း၊ ပြည်ပ သာသနာပြု လုပ်ငန်းများကို အချိန်နှင့်တန်၍ ဆောင်ရွက်ကြရာတွင် အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်များအပြင် မရှိမဖြစ်လိုအပ်သော အခြေခံ ကွန်ပျူတာဘာသာရပ်များပါ အားနည်းနေ၍ မိမိတို့ ကျောင်းရိပ်သို့ ရောက်ရှိလာကြသော ကျောင်း



သားငယ်၊ ကိုရင်ငယ်များအား သူတို့လိုချင်၊ တတ်မြောက်ချင်သော အင်္ဂလိပ်စာ၊ သင်္ချာနှင့် ကွန်ပျူတာ ဘာသာရပ်များကို မွေစာပေနှင့် တွဲဖက်၍ သင်ကြား မပေးနိုင်ကြသောကြောင့် တောကျောင်းများ၌ ကျောင်းသား၊ ကိုရင်များ မရှိသလောက်ဖြစ်အောင် ရှားပါးနေခဲ့ပြီ။

အင်္ဂလိပ်စာ၊ သင်္ချာနှင့် ကွန်ပျူတာ စသော လောကီစာပေများကိုပါ မွေစာပေနှင့် အတူတွဲဖက်၍ သင်ကြားမပေးနိုင်ကြသော တောကျောင်းပျော် ရဟန်းသံဃာတော်တို့၏ ဘဝများသည် ကျောင်းသား၊ ကိုရင်များ ရှားပါးနေ၍ ကိုယ့်ဆွမ်းကိုယ်ခံ၊ ကိုယ့်ဆွမ်းချိုင့်ကို ကိုယ်တိုင်ဆွဲ၍ ဆွမ်းစားနေရသည့် အနေအထားမျိုးသို့ ရောက်ရှိနေကြပြီ။ ကိုယ်တိုင်က စာပေတတ်မြောက်ထားသူဖြစ်ပါလျက်နှင့် ကိုယ်တိုင်က ကျောင်းသားငယ်၊ ကိုရင်ငယ်များကို မွေစာပေဆိုင်ရာ ပညာရပ်များကို သင်ကြားပေးနိုင်သူဖြစ်ပါလျက်နှင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့်



www.burmeseclassic.com

www.burmeseclassic.com





ကွန်ပျူတာ စသော ဘာသာရပ်များကိုပါ တွဲဖက်၍ သင်မပေးနိုင်ကြသောကြောင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် အကျိုးဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းနိုင်ဘဲ ရှိနေခြင်း၊ အောင်မြင်သင့်သလောက် မအောင်မြင်နိုင်ဘဲ ရှိနေခြင်း စသော ဘေးထွက်ဆိုးကျိုးများနှင့် ရင်ဆိုင်နေကြရသည်။

ရှေးခေတ်အခါများက တောကျောင်း၊ မြို့ကျောင်းများ၌ ကျောင်းထိုင်တော်မူခဲ့ကြသော ဆရာတော်၊ သံဃာတော်များသည် ဘာသန္တရစာပေများကိုလည်း တတ်ကျွမ်းပြီး၊ ဂဏန်းအတတ်၊ သင်္ချာအတတ်စသော ဘာသာရပ်များကိုပါ တတ်ကျွမ်းကြ၍ ဘုန်းတော်ကြီးကျောင်းများသည် နိုင်ငံသူ၊ နိုင်ငံသားတို့၏ မှီခိုအားထားရာ ပညာသင်ကျောင်းများဖြစ်ခဲ့ကြသည်။

ထိုရှေးထုံးအစဉ်အလာကို ပြန်လည်၍ အကောင်အထည်ဖော်



ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မေတ္တာနန္ဒ သာသနာ့ ကောလိပ်ကျောင်းကို ဓမ္မာစရိယလယ်ဗယ် (**Dhammacariya level**) ရှိ ရဟန်းတော်များအတွက် အထူးဖွင့်လှစ်ပေးပြီး ပြည်တွင်း၊ ပြည်ပ သာသနာပြုလုပ်ငန်းများ၌လည်း အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ခေတ်စနစ်နှင့်လျော်ညီသော ဘာသာရပ်များကို သင်ကြားပေးနိုင်ရန် ဤကောလိပ်ကျောင်းကို ဖွင့်လှစ်သည်။

ဤကောလိပ်သည် ဆရာဖြစ်သင် ကောလိပ်ကျောင်းမျိုးဖြစ်၍ ခေတ်ကာလအရ လိုအပ်ချက်များရှိနေသော အင်္ဂလိပ်စာ၊ သင်္ချာ၊ ကွန်ပျူတာစသော ဘာသာရပ်များအပြင် ခေါင်းဆောင်သင်တန်းများ (**leadership skill**)၊ ဗုဒ္ဓနည်းကျ စီမံခန့်ခွဲမှု သင်တန်းများ (**management skill**) အပြင် စာပေရေးသားခြင်းဆိုင်ရာ ပညာရပ်များ၊ စဉ်းစားတွေးခေါ်ခြင်းဆိုင်ရာ ဘာသာရပ်များ၊ သတင်း၊ မီဒီယာ



မေတ္တာနန္ဒ စာကြည့်တိုက်

www.burmeseclassic.com

www.burmeseclassic.com





မေတ္တာနန္ဒ ကွန်ပျူတာခန်း

များနှင့် ဆက်နွယ်ဘာသာရပ်များကိုပါ ထည့်သွင်း သင်ကြားပေးမည် ဖြစ်သည်။ အနာဂတ် သာသနာတော်အတွက် မျိုးဆက်သစ် ကျောင်းသား၊ ကိုရင်များကို စုဆောင်းပေးနိုင်ရန် ရည်ရွယ်၍ တောကျောင်းပျော် ရဟန်းတော်၊ သံဃာတော်တို့အား အင်္ဂလိပ်စာ၊ သင်္ချာနှင့် ကွန်ပျူတာ စသော ဘာသာရပ်များကို အထူးပြု သင်ကြားပေးခြင်းဖြင့် တိုင်းပြည်နှင့် လူမျိုး၊ ဘာသာနှင့် သာသနာကို တစ်နည်းတစ်လမ်းဖြင့် စောင့်ရှောက်ချီးမြှောက်ပေးရာ ရောက်နိုင်သည်ဟု ယုံကြည်ယူဆသည်။

## ဤကောလိပ်၏ ရည်ရွယ်ချက်

၁။ ပြည်တွင်း၊ ပြည်ပ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိနေသော အင်္ဂလိပ်စာ၊ သင်္ချာ၊ အဘိဓမ္မာနှင့် ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းယဉ်ကျေးမှုစသော ဘာသာရပ်များကိုပါ သင်ကြားပေးရန်။

၂။ သင်ကြားပေးသော ပညာရပ်များကို အမှီသဟဲပြု၍ သာသနာပြုတာဝန်များကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန်။

၃။ ကောင်းမြတ်သော ဗုဒ္ဓဘာသာ အစဉ်အလာကောင်းများကို ထိန်းသိမ်း၍ ငြိမ်းချမ်းတည်ငြိမ်သော လူ့အဖွဲ့အစည်းများနှင့် လူနေမှုဘဝများကိုပါ ဓမ္မနည်းလမ်းဖြင့် ခေါင်းဆောင်မှုများပေးနိုင်ရန်။

၄။ အင်္ဂလိပ်ဘာသာစကား၊ အသုံးချ အဘိဓမ္မာ သဘောတရားများအပြင် ကွန်ပျူတာအသုံးပြုနည်းများကိုပါ တတ်မြောက်၍ သာသနာရေး ကိစ္စများကို ဆောင်ရွက်ရာ၌ လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်။

၅။ သာသနာ့ဝန်ဆောင် လောင်းလျာများနှင့် မျိုးဆက်သစ်များကို စုစည်းပေးနိုင်၍ ခေတ်နှင့်လျော်ညီသော ပညာရေးကို ကျောင်းသားငယ်၊ ကိုရင်ငယ်တို့အား ဦးဆောင်မှုပြုလျက် သင်ကြားပေးနိုင်ရန် - အထူးရည်ရွယ်၍ အခမဲ့ သင်ကြားပေးမည်ဖြစ်ပါသည်။

[ **မှတ်ချက်။** တက်ရောက်သင်ကြားလိုကြသော ရဟန်းတော်များသည် ကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ ဖုန်းနံပါတ် - ၀၉၄၀၀၅၂၈၇၈၁၊ ၀၉၇၃၁၅၉၈၅၂ သို့ဖြစ်စေ ဆက်သွယ် စုံစမ်းနိုင်ပါသည်။ ]

www.burmeseclassic.com

www.burmeseclassic.com



# ဆက်သွယ်ရန်လိပ်စာ

မေတ္တာနန္ဒ သာသနာ့ ကောလိပ်
၁၆/၃ ရပ်ကွက်၊ ငါးကျွမ်းပြန်ကျောင်းလမ်း၊
သဃ်န်းကျွန်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၉၅၁ ၅၇၁၃၁၂၊ ၀၉၇၉၂၇၅၁၉၆၉၊
၅၆၂၄၄၁၊ ၀၉၄၀၀၄၂၈၇၈၁
Email:mettanandasasanacollege@gmail.com

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးများကို ရိုးရှင်းသော စေတနာနှင့် ရေးခဲ့သော်လည်း ရိုးရှင်းသောအတွေးများသည် အချို့သော စာဖတ်သူများအတွက် ရှုပ်ထွေးကောင်း ရှုပ်ထွေးနေနိုင်တယ်။ အဘယ့်ကြောင့်ဆိုသော် ယနေ့ မျက်မှောက်ခေတ် မိမိတို့နေထိုင်ရာ လူ့ပတ်ဝန်းကျင်သည် တိုင်းရေး၊ ပြည်ရေး၊ ဘာသာရေး၊ အမျိုးသားရေးတွေနှင့် ရှုပ်ထွေးနေသော အချိန်အခါဖြစ်၍ ရှုပ်ထွေးနေသောစိတ်များဖြင့် ဤစာအုပ်ကို ဖတ်ရှုခဲ့မည် ဆိုလျှင် စာဖတ်သူ၏စိတ်တွေသည် ရှုပ်ထွေးနေသော ပတ်ဝန်းကျင်နှင့်အတူ ရှုပ်ထွေးသွားနိုင်ခြင်းပါ။

# မှတစ်ပါးအခြားမရှိ နှင့်

## အမျိုးသားရေးဆောင်းပါးများ

ဒေါက်တာအရှင်ဓမ္မပိယ (ITBMU)

www.burmeseclassic.com